

# စာဖတ်သူများ

## ဦးရွှေအောင်

မဟာဝိဇ္ဇာ(သက္ကတ)၊ ဝင့်သကာ သိရောမဏိ

ဒုတိယအကြိမ်

စာဖတ်ရာ၌ အဆင့်များ ရှိ၏။

အဆင့်အတိုင်း ဖတ်ပါမှ

မှန်ကန်သော အနက်ကို သိ၏။

အဆင့်အတိုင်း မဖတ်ဘဲ ကျော်၍ ဖတ်ပါက

အန္တရာယ် ရှိလေ၏။

ထိုအန္တရာယ်ကား ပစ္စုပ္ပန် တမလွန်

နှစ်ဘဝလုံးအတွက် ကြီးမား၏။

# ဦးရွှေအောင် [ ၁၉၂၈–၁၉၉၄ ]

ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာတွင် အဖ ဦးစု၊ အမိ ဒေါ်အုန်းရှင် တို့က ၁၉၂၈ ခု နွန်လ ၇ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးရွှေအောင် ဖြစ်သည်။

ဖလေးရွာ အလယ်တန်းကျောင်း(၁၉၃၅)၊ ပဲခူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် (၁၉၄၆)၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးကြယ်ကျောင်း (၁၉၄၈)၊ သက်ကြီးတက္ကသိုလ် (၁၉၆၀)၊ အိန္ဒိယပြည် ဘုံဘေတက္ကသိုလ် (၁၉၇၁) တို့တွင် ပညာသင်ခဲ့သည်။ စေတီယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ (ဝဋ္ဋသကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) [၁၉၅၃]၊ တက္ကသိုလ်ဝင်တန်း (၁၉၅၆)၊ သက်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (၁၉၆၅)၊ ဘုံဘေတက္ကသိုလ် မှ မဟာဝိဇ္ဇာဘွဲ့ (သက္ကတ)နှင့် သဒ္ဓမ္မဇောတိကဓဇ (သာသနာပြုဘွဲ့) [ ၁၉၉၂ ] တို့ကို ရရှိခဲ့သည်။

၁၉၄၁ တွင် ရှင်သာမဏေ ဝတ်သည်။ ၁၉၄၈ တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၉၆၀ တွင် လူဝတ်လဲသည်။ ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ ဝန်ထမ်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၌ လက်ထောက် အယ်ဒီတာ၊ အုပ်ချုပ်ရေးအရာရှိ(၁)၊ သာသနာရေးဦးစီးဌာန၌ တွဲဖက်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ တွင် အငြိမ်းစားယူသည်။

ထင်ရှားသော စာအုပ်များမှာ **ရသစာပေ၏ ရသ၊ ဗုဒ္ဓ – လောကသား တို့၏ အနိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်၊ အမြင်များ ပြောင်းလဲ ခြင်းနှင့် အတွေးအမြင် စာစုများ၊ ဘဝအကျဉ်းသား၊ ဗုဒ္ဓ သို့မဟုတ် အနိုင်းမဲ့၊ ကုသိုလ်နှင့် အကုသိုလ်၊ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၊ စာဖတ် သူများ၊ ချမ်းသာကို ရှာဖွေခြင်း၊ ဘဝအမြင်သစ်၊ ထေရဝါဒ အုတ်မြစ်၊ ဓမ္မပဒ** တို့ ဖြစ်ကြသည်။

၁၉၉၄ ခု ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**၂၀၀၁ – ၂၀၀၂ ထုတ်**
**ရာပြည့်စာအုပ်များ**

၁၄၈။ ဦးရွှေအောင်၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း
၁၄၉။ မြင့်သန်း၏ ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ [ ဘဝ၊ ဝတ္ထုတိုနှင့် အပိုင်းအစများ ]
၁၅၀။ ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်
၁၅၁။ မြသန်းတင့်၏ လွမ်းမောဖွယ် ကမ္ဘာဇ
၁၅၂။ မောင်သိန်းအောင်(နိုင်ငံခြားငွေ)၏ ဟာစ်တလာ၏ အမှာခံလက်ရုံး ဒေါက်တာ ဂိုးဘဲလ်
၁၅၃။ မောင်ရဲနိုင်၏ ဆည်းဆာ (The Age of Discretion by Simone de Beauvoir)
၁၅၄။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၁၅၅။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း
၁၅၆။ မောင်ထင်၏ ဂါလီဗာ၏ ခရီးစဉ်
၁၅၇။ ရွှေဥဒေါင်း၏ ကိုယ်ရံတော်
၁၅၈။ ကြည်အေး၏ အိပ်မက်နှင်းမြူ ဝတ္ထုတိုစု
၁၅၉။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ
၁၆၀။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်
၁၆၁။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်
၁၆၂။ မောင်ခင်မင် (ဓနုဖြူ) ၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၆၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ
၁၆၄။ ဂါဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ
၁၆၅။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၆။ တက်တိုး၏ ကျွန်တော့်အတွေးအခေါ် မှတ်စုများ
၁၆၇။ ကိုကို၏ ခေါင်းလောင်းသံ (For Whom The Bell Tolls by Hemingway)
၁၆၈။ ဇော်ဂျီ၊ မင်းသုဝဏ်၏ ခရီးသည်
၁၆၉။ စိုးမြိုင်၏ မရဏတောင်ကြား (The Valley of Fear by Sir Arthur Conan Doyle)
၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိမ့်ဆရ ဝတ္ထုတိုများ
၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ
၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဗရင်
၁၇၃။ ပါရဂူ၏ ဓမ္မစကား
၁၇၄။ မောင်ရဲနိုင်၏ အဲလ်ဘတ်ရှိုက်ဇာ
၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်–တည်းဖြတ်)

**၂၀၀၂ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ**

၁၇၈။ နန္ဒ၏ သံနှင့်သွေး
၁၇၉။ မောင်မိုးသူ၏ စိတ္တဇ
၁၈၀။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၁၈၁။ တင်မောင်မြင့်၏ မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း
၁၈၂။ မောင်ထွန်းသူ၏ လူမည်းပညာရေး သုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်

ရာပြည့်စာအုပ် ၁၇၆

# စာဖတ်သူများ


ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)

ဝင့်သကာနှင့် သိရောမဏိ



ရာပြည့်စာအုပ်တိုက်

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ စက်တင်ဘာ၊ ၂၀၀၂ ]

စာမူခွင့်ပြုချက်အမှတ် [ ၄၂၈/၂၀၀၁ (၇) ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၅၉/၂၀၀၁ (၁၀) ]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် -(၁၉၉၆) ပါရမီစာပေ

ဒုတိယအကြိမ် -(၁၉၉၇) ပါရမီစာပေ

တတိယအကြိမ် -(၂၀၀၂) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၁၀၀၀]

❑

**မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ**

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်

အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်

ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ

အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း

ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**စာအုပ်ချုပ်**

ကိုမြင့်နှင့် ညီဝင်းမြင့်

❑

**မျက်နှာဖုံး ပန်းချီ**

Doorway and carved pediment and pilasters, Shwe-in-bin monastery, Mandalay ကို Graphic Mg Thein Win and Y. P. Group ဒီဇိုင်းဖွဲ့စည်းသည်။

❑

**တန်ဖိုး**

[illegible] ကျပ်

သုတေသနစာကြည့်တိုက်

# မာတိကာ


– ဘာသာရေးစာပေများကို လေ့လာခြင်း ၁၁

၁။ **စာဖတ်သူများ ၁** ၄၁

စာကို နောက်ကလိုက်၍ ဖတ်သူများ၊

စာကို ရင်ပေါင်တန်း၍ ဖတ်သူများ၊

စာကို ရှေ့ကကြို၍ ဖတ်သူများ

၂။ **စာဖတ်သူများ ၂** ၅၀

ရုပ်ပိုင်းတန်ဖိုး–စိတ်ပိုင်းတန်ဖိုး–မြင့်မြတ်မှုတန်ဖိုး

၃။ **စာဖတ်သူများ ၃** ၅၇

ချစ်တတ်သောစိတ် ရှိမှ ချစ်၍ ရနိုင်မည်။

၄။ **စာဖတ်သူများ ၄** ၆၅

ဗုဒ္ဓစာပေ၏ ဘာဝတ္ထုကို သိသော အခါမှသာ

ပါရမီကုသိုလ်၏ သဘောကို နားလည်၏။

၅။ **စာဖတ်သူများ ၅** ၇၄

“ဘဝ”ကောင်း ဖြစ်လိုလျှင် ဥပါဒါန်ကောင်း ဖြစ်ဖို့လို၏။

၆။ **စာဖတ်သူများ ၆** ၈၄

စာဖတ်ပရိသတ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နိုင်ရန်

၇။ **စာဖတ်သူများ ၇** ၉၃

လောကချမ်းသာဟူသည် မဖောက်မပြန်

တကယ်တမ်း မှန်ကန်သော သစ္စာမဟုတ်။

၈။ **စာဖတ်သူများ ၈** ၁၀၅
တစ်မျိုးတည်း မြင်အောင် ရှုနိုင်လျှင်
"မဂ်"သို့ ဝင်သည်ချည်းသာ ဖြစ်၏။
၉။ **စာဖတ်သူများ ၉** ၁၂၀
လောက၌ သစ္စာသည် မုသားကို အောင်နိုင်မြဲ ဖြစ်၏။
ဤစာဖတ်နည်းအရ စာပေကို ဖတ်ပါက
စာပေအသိထက် ပိုမိုမြင့်မားသော အသိကိုပါ ရပြီး
လောကတစ်ခုလုံးအတွက် အကျိုးရပါလိမ့်မည်။
၁၀။ **စာဖတ်သူများ ၁၀** ၁၃၈
ပိဋကတ်စာပေသည် လောကီအကျိုး၊ လောကုတ္တရာအကျိုး
နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော စာပေဖြစ်သဖြင့် နက်ရှိုင်း၏။
၁၁။ **စာဖတ်သူများ ၁၁** ၁၄၈
စာဖတ်ခြင်းဟူသည် စာဖတ်သူ၏ ဘဝ၌ မြင့်မားသော
အကျင့်အပြောင်းကို ဖြစ်ပေါ်စေနိုင်သော "အသိဉာဏ်"ကို
ရရှိမှသာလျှင် မှန်ကန်သော စာဖတ်ခြင်း မည်၏။
၁၂။ **စာဖတ်သူများ ၁၂** ၁၅၉
မြန်မာနိုင်ငံတော်၏ ကိုယ်ပိုင်ဒဿနစာပေ
ပြန်လည်ထူထောင်ရေး
၁၃။ **စာဖတ်သူများ ၁၃** ၁၇၁
တရားသိနှင့် မတရားသိသည် စာပေအမျိုးအစားပေါ်၌လည်း တည်၏။
စာဖတ်သူများ၏ နှလုံးသွင်းနှင့် ပဋိဘာန်အပေါ်၌လည်း တည်၏။
၁၄။ **စာဖတ်သူများ ၁၄** ၁၈၁
ကိုယ်တိုင် လေ့လာသူများက သက်သေခံလိမ့်မည်ဟု
ယုံကြည်အပ်ပါ၏။
၁၅။ **စာဖတ်သူများ ၁၅** ၁၈၉
ယနေ့ မြန်မာနိုင်ငံသား ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည်
မိမိတို့အတွက် ပွင့်တော်မူလာသော မြတ်စွာဘုရားကို
ပြန်လည်သနားသောအားဖြင့် ဖြစ်စေ၊ ကျေးဇူးတင်သောအားဖြင့်
ဖြစ်စေ၊ အားနာသောအားဖြင့် ဖြစ်စေ၊ ကျေးဇူးဆပ်သောအားဖြင့်
ဖြစ်စေ မြတ်စွာဘုရား ပင်ပန်းခံရကျိုးနပ်အောင်၊ အနစ်နာခံရကျိုး
နပ်အောင် မြတ်စွာဘုရား လိုလားတော်မူသည့်အတိုင်း
ကုသိုလ်ကံ(လုပ်ငန်း)ကို လုပ်အပ်ပါ၏။

၁၆။ **စာဖတ်သူများ ၁၆** ၁၉၆
မရှိမပငို့ပဒါဟူသည် အနှစ်သာရအားဖြင့် အစွန်းကိုလည်း လွန်ရ၏။
သို့ရာတွင် ယင်း၌ အစွန်းသည် အသွင်အားဖြင့်လည်း ပါရ၏။
၁၇။ **စာဖတ်သူများ ၁၇** ၂၀၃
ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿက သမ္မာဒိဋ္ဌိသည်
သာသနာပနှင့် သာသနာတွင်းဟူ၍ နှစ်မျိုးရှိ၏။
သာသနာပ အယူက အတ္တအပေါ် အခြေခံ၏။
သာသနာတွင်း အယူက အနတ္တအပေါ် အခြေခံ၏။
၁၈။ **စာဖတ်သူများ ၁၈** ၂၁၀
စာဖတ်သူများသည် စာများကိုဖတ်တိုင်း အဝိဇ္ဇာ၏ လှည့်ကွက်ကို
မြင်အောင် ကြိုးပမ်းအပ်၏။ စာက ကောင်းတိုင်း စာရေးဆရာက
ကိုယ်ကျင့်တရား ကောင်းချင်မှ ကောင်း၏။ တရားကို ဟောတိုင်း
တရားရှိသူ ဟုတ်ချင်မှ ဟုတ်၏။
၁၉။ **စာဖတ်သူများ ၁၉** ၂၁၇
စာဖတ်သူများသည် စာကို ဖတ်ကြရာ၌
ယထာဘူတကျသော အသိကိုမှ မရပါလျှင်
စာဖတ်ခြင်းဖြင့် ဘာအကျိုး ရှိပါတော့မည်နည်း။
၂၀။ **စာဖတ်သူများ ၂၀** ၂၂၆
စာက မကွဲပြားသော်လည်း စာဖတ်နည်း ကွဲပြားသည်နှင့်အမျှ
စာ၏အဓိပ္ပာယ် သိနည်းလည်း ကွဲပြား၏။
၂၁။ **စာဖတ်သူများ ၂၁** ၂၃၄
အသံထွက်သော စာများ၏ အနက်အဓိပ္ပာယ်ထက်
အသံမထွက်သော စာများ၏ အနက်အဓိပ္ပာယ်က
ပို၍လည်း စိတ်ဝင်စားဖွယ် ကောင်း၏။ ပို၍လည်း သစ္စာနှင့်ယှဉ်၏။
ပို၍လည်း အလိမ္မာကို စာဖတ်သူများအား ပေးနိုင်၏။
၂၂။ **စာဖတ်သူများ ၂၂** ၂၄၁
စာဖတ်သူများသည် မိမိဘဝကို သိရန်အတွက် လောကီနည်း
အားဖြင့်လည်း သိ၍ရ၏။ လောကုတ္တရာနည်း အားဖြင့်လည်း
သိ၍ရ၏။ စာဖတ်ခြင်းသည် မိမိ၏ဘဝ၊ မိမိ၏ ခန္ဓာကိုယ်ကို
မိမိက သိအောင်ဖတ်ခြင်း ဖြစ်၏။

၂၃။ **စာဖတ်သူများ ၂၃** ၂၄၉
ကြောင်းကျိုးဆက်နွယ်မှုအရ လောက၌ တကယ်တမ်း ဖြစ်နိုင်သော အကြောင်းအရာများကို ရေးသားထားသော စာများသာ အရည်အသွေး ဖြစ်၏။
ထို့ကြောင့် စာများ ဖတ်ရှုရာတွင် ကန္တိဂုဏ်၏ သဘောကို လည်းကောင်း၊ မဓုရတာဂုဏ်၏ သဘောကို လည်းကောင်း နားလည်အောင် အားထုတ်ရ၏။ မြင်အောင် ကြည့်ရ၏။

၂၄။ **စာဖတ်သူများ ၂၄** ၂၅၇
လောကတွင် ဖန်ဆင်းရှင်ဟူ၍ မရှိဘဲ အကြောင်းနှင့်အကျိုး ဖြစ်စဉ်သာ ရှိသည်ဟူ၍ သက်ဝင်ယုံကြည်လာမည် ဖြစ်၏။
ဤသို့ သက်ဝင်ယုံကြည်လာခြင်းသည် နည်းသော အကျိုးတရား မဟုတ်၊ အလွန်မြတ်နိုးအပ်သော အကျိုးတရား ဖြစ်၏။

၂၅။ **စာဖတ်သူများ ၂၅** ၂၆၄
စာကို ပိဋကတ်တော်လာ စာဖတ်နည်းများဖြင့် ဖတ်ဖို့လိုပါ၏။
ထို့ကြောင့် ရှေးဆရာမြတ်များသည်
ပိဋကတ်စာပေကို သင်ကြားပေးသောအခါ ကျမ်းတက်နည်းကို အရေးတကြီး ထား၍ သင်ကြားပေးခြင်း ဖြစ်၏။

## ဘာသာရေး စာပေများကို လေ့လာခြင်း

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သော နိုင်ငံ ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာသည်လည်း မြန်မာနိုင်ငံသို့ ရောက်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏ ရေခံ မြေခံ ကိုးကွယ်မှုဆိုင်ရာ ဘာသာတရား ဖြစ်၏။ သို့ရာတွင် "ထေရဝါဒ ဗုဒ္ဓဘာသာ၌ သက်ဝင် ယုံကြည်ကြပါသည်"ဆိုသော ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများ အနေဖြင့် မိမိတို့ ကိုးကွယ်ယုံကြည်သော ထေရဝါဒ ဗုဒ္ဓဘာသာကို ပြည့်ပြည့်စုံစုံ သိနားလည်ထားအောင် လေ့လာသူများမှာ အနည်းစုသာ ဖြစ်သည်။ အများစုမှာမူ မိရိုးဖလာ သဘောအရလောက်သာ လေ့လာသူများ ဖြစ်ကြ၏။

ယခုအခါ မိရိုးဖလာ သဘောအရလောက်သာ လေ့လာသူများထဲက ထေရဝါဒ ဗုဒ္ဓဘာသာကို မိရိုးဖလာသိ အဆင့်ထက် လွန်အောင် လေ့လာလိုသူများ တစ်နေ့ထက်တစ်နေ့ ပို၍ ပို၍ များပြားလာသည်ကို တွေ့ရ၏။ သို့ရာတွင် မည်သို့ စတင်လေ့လာရမှန်း မသိသဖြင့် မိမိတို့ စိတ်ကူးရသလို လေ့လာရာမှ ဂိုဏ်းဆရာများ၏ သာဝကများ အဖြစ်သို့ ရောက်သွားသူများလည်း ရှိကြ၏။ အချို့မှာမူ ဗုဒ္ဓဘာသာ၏ အပြစ်ကို ရှာလေ့ရှိကြသော ဘာသာမဲ့ ဆရာကြီးများ၏ သာဝကများ အဖြစ်သို့ ရောက်သွားသူများလည်း ရှိကြ၏။ အချို့ကား ထေရဝါဒ ဗုဒ္ဓဘာသာကို ယနေ့ ခေတ်စားနေသော ဝါဒအမျိုးမျိုးနှင့် ညှိနှိုင်းပြီး ပြန်လည် ပြင်ဆင်လိုကြသော ပြန်လည်ပြင်ဆင်ရေး ဆရာကြီးများ၏ သာဝကများအဖြစ်သို့ ရောက်သွားသူများလည်း ရှိကြ၏။ နောက်တစ်မျိုးကား မိမိတို့ စတင်လေ့လာစဉ်က စနစ်တကျ လေ့လာခြင်းမျိုး မဟုတ်ခဲ့သဖြင့် မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလို ခြုံငုံမသုံးသပ်နိုင်ဘဲ မိမိတို့ သိရှိလိုက်သည့် အချက်အလက်ကိုသာ အသေဆုပ်ကိုင်ပြီး "မိမိသည်သာ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်သည်" ဟု အခြောက်တိုက် အထင်မှားနေသော အတုဗုဒ္ဓဘာသာဝင် ဖြစ်၏။

အမှန်အားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာ၏ နောက်ဆုံးပန်းတိုင်ကား ဒုစရိုက်ကင်းသော ပုဂ္ဂိုလ်၊ ဒုစရိုက်ကင်းသော လောကကို ဖန်တီးရန် ဖြစ်၏။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာကို မိရိုးဖလာသိ အဆင့်ထက်လွန်အောင် လေ့လာလိုပါက ယင်း၏ နောက်ဆုံးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လေ့လာမှသာ မှန်ကန်သော လေ့လာနည်း ဖြစ်၏။ ထိုလေ့လာနည်းဖြင့် လေ့လာမှသာ ထေရဝါဒ ဗုဒ္ဓဘာသာကို မိရိုးဖလာသိထက် လွန်အောင် လေ့လာရာ ရောက်၏။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာကို မိရိုးဖလာသိထက် လွန်အောင် လေ့လာလိုသူများအတွက် လေ့လာနည်း မမှားစေရန် အကြံပြုသည့်အနေဖြင့် လေ့လာသင့်သော စာအုပ်များကို လက်လှမ်းမီသမျှ တင်ပြခြင်း ဖြစ်၏။ ထိုသို့ တင်ပြထားသော စာအုပ်များကို လေ့လာရာတွင် ဗုဒ္ဓဘာသာ လေ့လာနည်းအတိုင်း ပထမ "ဖတ်"ရမည်၊ ဒုတိယ "မှတ်"ရမည်၊ တတိယ "ဆောင်" ရမည် ဟူသည်မှာ ဘဝလမ်းညွှန်အဖြစ် ဆောင်ခြင်း ဖြစ်၏။ ထိုသို့ ဆောင်နိုင်မှ ကျင့်သုံးနိုင်မည်။ ကျင့်သုံးနိုင်မှ ဗုဒ္ဓဘာသာနှင့် အညီ နေနိုင်မည်။ ထိုသို့ နေနိုင်မှသာ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ပေမည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ခြင်း ဟူသည်မှာ မိမိ၏ သန္တာန်၌ ဒုစရိုက်တရားများ ဖြစ်ပေါ်လာခြင်း မရှိရလေအောင်၊ မိမိပတ်ဝန်းကျင် လောက၌လည်း ဒုစရိုက်တရားများ ဖြစ်ပေါ်လာခြင်း မရှိရလေအောင် ထိန်းသိမ်းစောင့်ရှောက်တတ်သူ ဖြစ်ခြင်းပင် ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ တောင့်တသော နိဗ္ဗာန်၏ အနက်မှာလည်း လောကဝေါဟာရအားဖြင့် ဆိုရလျှင် ဒုစရိုက်တရားများ အချင်းခပ်သိမ်း ကင်းခြင်းပင် ဖြစ်၏။ ထို့ကြောင့် မိမိသန္တာန်၌ရော ပတ်ဝန်းကျင် လောက၌ပါ ဒုစရိုက်တရားများ ကင်းအောင် အားထုတ်တတ်လာခြင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း၏ အကျိုးကျေးဇူး ဖြစ်၏။ ဤသည်များမှာ စာပေများကို ဖတ်ရှုလေ့လာရာ၌ ဘာသာယဉ်ကျေးမှု အခြေခံအနေဖြင့် ကြိုတင်ခံယူထားရမည့် "ပရိကမ်"များ ဖြစ်၏။

## ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ယင်း ပရိကမ်များအရ စာပေများကို ဖတ်ရှုလေ့လာလျှင် မော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက် အရှင်ကုမာရ၏ "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံး နေထိုင်နည်း" စာအုပ်ကို ဖတ်ရှုမိရန် လို၏။ ထိုစာအုပ်တွင် ဗုဒ္ဓအလိုတော်ကျအတိုင်း ကျင့်သုံးလိုက်နာ နေထိုင်ရန် "အနှစ်"သဘောလည်း ပါ၏။ "အကာ"သဘောလည်း ပါ၏။ "အခွံ"သဘောလည်း ပါ၏။ သစ်ပင်တစ်ပင်၌ "အနှစ်"လည်း ရှိရ၏။ အနှစ်ချည်း သက်သက် ရှိ၍ မရကောင်းသဖြင့် "အကာ" ရှိရပြန်၏။

အကာနှင့် မလုံလောက်သဖြင့် "အခွဲ"ရှိရပြန်၏။ အနှစ်၊ အကာ၊ အခွဲ ဤသုံးမျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး ခွဲ၍ မရလောက်အောင် အချင်းချင်း ကျေးဇူးပြု၏။ ဆရာတော်၏ စာအုပ်၌ ဤသဘောသုံးမျိုးကို တွေ့ရ၏။ အမျိုးသမီးများ အင်္ကျီပါး ဝတ်ပြီး ဘုန်းတော်ကြီးကျောင်း သွားခြင်းနှင့် ပတ်သက်၍ စာအုပ်၌-

"ဒကာမလေး ဝတ်လာတဲ့ အင်္ကျီက မလုံမလဲသဘောမျိုး သက်ရောက်နေတယ်။ ဒီလို မလုံမလဲ ဝတ်၊ စား၊ သွားလာနေတဲ့ မာတုဂါမတွေကို တွေ့ရတဲ့အခါ ရဟန်းများမှာ တဏှာ၊ ရာဂ ဖြစ်ပေါ်လာတတ်တယ်။"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏။ ရဟန်းတော်များသည် ဣန္ဒြေကို ထိန်းသိမ်းစောင့်ရှောက် နေရသည့်အပြင် "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ"ဟူသည်နှင့် အညီ အဏုမြူမျှလောက်ပင် ဖြစ်စေကာမူ အပြစ်ဟူသမျှတို့၌ ဘေးဟူသမျှ ရှုနေရသော သီလဝန္တ ပုဂ္ဂိုလ်များ ဖြစ်သဖြင့် အမျိုးသမီးများသည် ဘုန်းတော်ကြီးများကျောင်းသို့ သွားသောအခါ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ သတိပြုဖွယ်ဖြစ်သည်။ အရေအတွက် ဟူသမျှသည် တစ်မှ စသည်ချည်း ဖြစ်သကဲ့သို့ ကိလေသာ၊ အကုသိုလ်၊ ဒုစရိုက်သည် သမုဒယသစ္စာထိုက်သော တဏှာ၊ ရာဂကို အခြေခံသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မိမိ၏ သန္တာန်၌လည်း ကိလေသာ မဖြစ်ရလေအောင်၊ သူတစ်ပါး သန္တာန်၌လည်း ကိလေသာ မဖြစ်ရလေအောင် ထိန်းသိမ်းရန် တာဝန်ရှိ၏။

ဗုဒ္ဓဘာသာဝင် ဖြစ်သည် ဆိုကတည်းက ရတနာသုံးပါးနှင့် ဆက်ဆံရမည် ဖြစ်ရာ ရတနာသုံးပါးအား ဦးချမှုနှင့် ပတ်သက်၍-

"ဒူးနှစ်ဖက်ရယ်, လက်နှစ်ဖက်ရယ်, နဖူးရယ် ဒီငါးမျိုးလုံးကို မြေမှာ၊ ဒါမှမဟုတ် ကြမ်းမှာ တည်နေစေရမယ်။ ဦးခေါင်းမြေထိ၊ ပြားပြားပိမျှ၊ အတိဂါရဝ၊ ရှိသေခလျက်၊ တုပ်ကွကျစ်လျစ်၊ မြတ်ရှင်ချစ်အား၊ ပုဆစ်နှစ်ဖက်၊ စုံလက်ပြိုင်ပူး၊ နဖူးထိပ်စ၊ ဦးနှိမ်ချပြီး၊ ပဉ္စပတိဋ္ဌိ၊ ငါးလီမယွင်း၊ တည်ညွတ်ခြင်းဖြင့်၊ အချင်းခပ်သိမ်း၊ ညွတ်ညွတ်တိမ်းမှ . . . (မဃဒေဝ ပုဒ်ရေ-၁၈)"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏။ အသေးအဖွဲ့ဟူ၍ မမှတ်အပ်၊ "အစကောင်းမှ အနှောင်းသေချာ"ဟူသော စကားပုံအတိုင်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာ၌ အစ၏ ကောင်းခြင်းနှင့် ပြည့်စုံမှ အဆုံး၏ ကောင်းခြင်းကို ရနိုင်၏။ အုတ်မြစ်ခိုင်ပါမှ အပေါ်ထပ် ခိုင်ပေလိမ့်မည်။ ထို့အပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရဟန်းသံဃာတော်များအား ဆွမ်းများ ဆက်ကပ်ကြရာ၊ ဆွမ်းကပ်မှုနှင့် ပတ်သက်၍ စာအုပ်၌-

"ဒီလိုဟာတွေကိုလည်း မင်းတို့လူတွေ နားလည်ထားသင့်တယ်။ လူ ဝိနည်း မသင်ကောင်းဘူးလို့ သူများက ပြောတိုင်း ယောင်တောင်တောင် မလုပ်ကြနဲ့။ လူတွေက ဝိနည်းနဲ့ ပတ်သက်တာတွေကို နားလည်ထားမှ သံဃာတော်များ အတွက် ဆောင်ရွက်ပေးတဲ့ အခါမှာ လွယ်ကူချောမော မှာပေါ့ . . ."

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ ရဟန်းသံဃာတော်များသည် ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေသဖွယ် ဖြစ်၏။ မြေဩဇာကောင်းမှ သီးနှံကောင်းမည် ဖြစ်သဖြင့် မြေဩဇာကောင်းသည့်သဘော သက်ရောက်အောင် ရဟန်းတော်များ အာပတ်မသင့်ဘဲ သီလစင်ကြယ်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် လူဒါယကာများ အနေဖြင့် သိသင့်သိထိုက်သော ဝိနည်းသိက္ခာပုဒ်များကို အလျဉ်းသင့်သလို ဖော်ပြထားရာ အလွယ်တကူ သိနိုင်သဖြင့် အကျိုးများးလှ၏။

ဘာသာရေးလောက၌ ကထိန်သည် အရေးကြီး၏။ ကထိန်ခင်းတတ်မှ ကထိန်မြောက်ပြီး သံဃာနှင့်ဒကာ နှစ်ဦးနှစ်ဖက် အကျိုးများ၏။ သို့မဟုတ်က နှစ်ဦးနှစ်ဖက်လုံး ဆုံးရှုံး၏။ ထို့ကြောင့် ကထိန်ခင်းမှုနှင့် စပ်လျဉ်း၍ စာအုပ်၌–

"ကထိန်အလှူ မဖြစ်ရင် ကထိန်ခင်းမှုကို အကြောင်းပြုပြီး ရသင့်တဲ့ အာနိသင်များကို သံဃာတော်များလည်း မရနိုင်တော့ဘူး၊ မင်းတို့ ဒကာတွေလည်း မရနိုင်တော့ဘူးပေါ့။ နှစ်ဦး နှစ်ဖက်လုံး ဆုံးရှုံးရတော့တယ်။ အဲသည်လို ဆုံးရှုံးရုံတင် မကသေးဘူး။ သံဃာတော်များက ကထိန် အာနိသင် ရတယ် ထင်ပြီး ကထိန် အာနိသင်ကြောင့် လွတ်လပ်ခွင့် ရနေတဲ့ သိက္ခာပုဒ်တွေကို လွန်ကျူးမိရင် အချောင် အာပတ်သင့်နေ ဦးမယ်။ ဒီတော့ နားမလည်၊ ပါးမလည်နဲ့ လှူဒါန်းတဲ့ ကထိန်ဟာ 'ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်ကြောင့် လေး' ဆိုသလို ဖြစ်နေတယ်ဆိုတာ သတိပြုရလိမ့်မယ်။"

ဟူ၍ ဖော်ပြထားရာ များးစွာ မှတ်သားဖွယ် ကောင်း၏။ ငွေကုန် ခွန်အားစိုက်ထုတ်ပြီး လှူဒါန်းလိုက်သော ကထိန်အလှူကြီးသည် ကထိန်မမြောက်ပါဘဲလျက် ကထိန်မြောက်သည်ဟု ရိုးရိုးသားသား ယုံကြည်မိပါက မိစ္ဆာဒိဋ္ဌိသဘော သက်ရောက်၍ တမလွန်အတွက် နစ်နာလှ၏။

တစ်ခါက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၏။ ဝါကျွတ်လျှင် အဂ္ဂသာဝကနှစ်ပါးကို ချန်ထားခဲ့ပြီး ဒက္ခိဏာဂီရိသို့ ကြွသွားတော်မူရန် ပြင်ဆင်တော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်း၊ အနာထပိဏ် သူဌေး၊ ဝိသာခါကျောင်းအမနှင့် အခြား ဆိုင်ရာ ဒကာများက မကြွပါရန်

မြတ်စွာဘုရားအား လျှောက်ထားကြ၏။ သို့ရာတွင် မည်သူ၏ လျှောက်ထားချက်ကိုမှ လက်ခံတော်မမူဘဲ မြတ်စွာဘုရားသည် ကြွသွားတော်မူ၏။ ထိုအခါ အနာထပိဏ် သူဌေးသည် စိတ်မချမ်းမသာဖြစ်ပြီး မှိုင်လျက်နေလေရာ သူဌေးကြီး၏ ကျွန်မ ပုဏ္ဏာသည် သူဌေးကြီးထံမှ အကျိုးအကြောင်းကို သိလျှင် မြတ်စွာဘုရား နောက်သို့ အလျင်အမြန် လိုက်၏။ မြတ်စွာဘုရားကို မီသောအခါ ရှိသေစွာ ရှိခိုးဝပ်ချပြီး သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်လိုပါသဖြင့် ပြန်ကြွတော်မူပါရန် ကျွန်မ ပုဏ္ဏာက လျှောက်ထားလျှင် မြတ်စွာဘုရားသည် ပြန်ကြွတော်မူ၏။ ဤအကြောင်းကို မာတိကမာတာနှင့် စပ်၍ ဖော်ပြထားရာ များစွာ ကြည်ညိုဖွယ် ကောင်းလှ၏။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အဇပါလ သတ္တာဟ၌ စံနေတော်မူစဉ်ကပင် "ရိုသေကျိုးနွံမှု မရှိဘဲ နေရခြင်းသည် ဆင်းရဲ၏။ ထို့ကြောင့် ငါသည် မိမိကိုယ်တိုင် ထိုးထွင်း၍ သိထားသော တရားတော်ကို အလေးအမြတ်ပြု၍ နေအံ့"ဟု ဆုံးဖြတ်တော်မူပြီး ထိုအချိန်မှစ၍ ပရိနိဗ္ဗာန်ပြုသည့် ကာလတိုင်အောင် ဓမ္မကို အလေးအမြတ်ပြု၍ နေတော်မူ၏။ ယနေ့ ဝေါဟာရ လူကို ခင်၍ မှုကိုပြင်ခြင်း မရှိဘဲ မှုအတိုင်းသာ ကျင့်သုံးခြင်း ဖြစ်ကြောင်း ဤနေရာ၌ အခိုင်အမာ တွေ့ရ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်လိုပါက ပုဂ္ဂိုလ်ထက် ဓမ္မကို အလေးအမြတ်ထားရန် လိုသည်။ ဤသဘောကို စာအုပ်၌ ဖော်ပြထားရာ များစွာ မှတ်သားထိုက် လိုက်နာထိုက်၏။

သာသနာပြုရာတွင် ဆရာနှင့်ဒကာ တစ်ဦးအပေါ်တစ်ဦး မှီပြီး သာသနာပြုကြရာ၌ ဆရာက ဒကာကို ဟောပြောဆုံးမ၊ မိမိကိုယ်တိုင်လည်း ပရိယတ်နှင့် ပဋိပတ်ကို ကျင့်ကြံအားထုတ်၊ ဒကာများကလည်း ပစ္စည်းလေးပါးဖြင့် ထောက်ပံ့၊ ဤသည်မှာ အစဉ်အလာ ရှိပြီးဖြစ်သော သာသနာပြုနည်း ဖြစ်၏။ သို့ရာတွင် နှစ်ဦးနှစ်ဖက်လုံးက ထိုထက်ပို၍ ဆောင်ရွက်ပါမှ ဘုရားအလိုတော်ကျ သာသနာပြုရာ ရောက်၏။ သာသနာပြုနည်းနှင့် စပ်လျဉ်း၍ စာအုပ်၌-

"ဒါယကာ ဒါယိကာမတွေကလည်း ဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ကို တွေ့ရတဲ့အခါ ငါနဲ့ မဆိုင်ဘူး ဆိုပြီး ငြိမ်မနေသင့်ဘူး"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ ဒါယကာများဘက်က အရေးယူသည့် အနေဖြင့် ရဟန်း သာမဏေများ ကြွလာသောအခါ ထိုင်ရာမှ ထ မပေးခြင်း၊ ရှိမခိုးခြင်း၊ လှူဖွယ်ဝတ္ထုများကို မလှူခြင်း စသည်တို့ ပြုလုပ်နိုင်ကြ၏။ ရဟန်းတော်များ ဘက်က သပိတ်မှောက်ကံ ပြုနိုင်ကြ၏။ ဆရာရော၊ ဒကာရော မိမိတို့ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ပြီး သာသနာပြုမှသာ ထိရောက်သော သာသနာပြုနည်း ဖြစ်၏။ ထို့ကြောင့် သာသနာတော် အဓွန့်ရှည် တည်ပါစေခြင်း အကျိုးငှာ

ဆောင်ရွက်ကြရာတွင် ထိရောက်သော ဆောင်ရွက်နည်းအရ ဆောင်ရွက်နိုင်ရန် မှတ်သားထိုက်၏။ လိုက်နာထိုက်၏။ ကျင့်သုံးထိုက်၏။

လောကီ လောကုတ္တရာ ကြီးပွားရေးနှင့် ပတ်သက်၍ ဓာတက ပါဠိတော်လာ ကြီးပွားနည်း ခြောက်မျိုးနှင့် ပတ်သက်၍ စာအုပ်၌-

"ကျန်းမာခြင်း၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ခြင်း၊ ပညာရှိတို့၏ ဩဝါဒ အတိုင်း လိုက်နာခြင်း၊ ဆိုင်ရာဗဟုသုတ ရှိခြင်း၊ တရားနှင့်အညီ ကျင့်သုံး ဆောင်ရွက်ခြင်း၊ မဆုတ်မနစ်သော လုံ့လ ဝီရိယရှိခြင်း-"

ဟူ၍ ဖော်ပြထားရာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် လိုက်နာကျင့်သုံးထိုက်သော ကြီးပွားနည်းများ ဖြစ်ကြောင်း တွေ့ရ၏။ အမှန်အားဖြင့် လောကီအကျိုးသာမက လောကုတ္တရာ အကျိုးထိအောင် ပေးစွမ်းနိုင်သော ကြီးပွားနည်းများ ဖြစ်သဖြင့် ကြိုးစား၍ လိုက်နာအပ်၏။

မြတ်စွာဘုရား၏ သာသနာတော်ကို နှစ်ပေါင်းငါးထောင်မက အစွန့် ရှည်စွာ တည်ရှိနိုင်စေရန် ဗုဒ္ဓဘာသာဝင်တိုင်း၌ ဆန္ဒရှိ၏။ ဆန္ဒရှိပါက ထိုဆန္ဒ အတိုင်း မြတ်စွာဘုရား၏ သာသနာတော် အစွန့်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာ ဗုဒ္ဓဘာသာဝင်တိုင်း အားထုတ်ရမည် ဖြစ်၏။ ထိုသို့ အားထုတ်ရာတွင် အရေး အကြီးဆုံးမှာ သာသနာတော်၌ ပေါ်ပေါက်လာသော ဘေးရန်များကို နှိမ်နင်းရန် ဖြစ်သည်။ သာသနာတော်၏ ဘေးရန်များနှင့် ပတ်သက်၍ စာအုပ်၌ အင်္ဂုတ္တိုရ် ပါဠိတော်လာ သာသနာတော်၏ ဘေးရန်များကို ဤသို့ ဖော်ပြထားကြောင်း တွေ့ရ၏။ ထို့အပြင် ဘေးရန် ကာကွယ်ရေးနှင့် ပတ်သက်၍လည်း ဖော်ပြထား ၏။

"ရဟန်းတို့၊ ဒီဘေးရန်ငါးမျိုးဟာ ငါဘုရားလက်ထက်မှာတော့ မဖြစ် သေးဘူး။ နောင်တစ်ချိန်မှာ ဖြစ်ပေါ်လာလိမ့်မယ်။ သင်တို့ဟာ အဲဒီ ဘေးရန်တွေကို သိထားသင့်တယ်။ သိနားလည်ပြီးနောက် အဲဒီဘေးရန် တွေကို ပယ်နိုင်အောင် ကြိုးစားရမယ်။ ဘေးရန်ငါးမျိုးအနက် ရှေ့ရန် သုံးမျိုးက ကုလဒူသန အနေသန မိစ္ဆာဇီဝကြောင့် ဖြစ်ပြီး၊ နောက်နှစ်မျိုး က သံသဂ္ဂကြောင့် ဖြစ်တယ်..."

ဟူ၍ ဖော်ပြထား၏။ ကုလဒူသန ဟူသည်မှာ သဒ္ဓါတရားအစစ်ကို ဖျက်ဆီးပြီး သဒ္ဓါတရား အတုနှင့် အစားထိုးခြင်း ဖြစ်သည်။ အနေသန ဟူသည်မှာ မတော် မတရား နည်းဖြင့် ပစ္စည်းများကို ရှာဖွေခြင်း ဖြစ်၏။ မိစ္ဆာဇီဝ ဟူသည်မှာ မကောင်း သော အသက်မွေးခြင်း ဖြစ်၏။ သံသဂ္ဂ ဟူသည်မှာ မရောနှောသင့်သူများနှင့် ရောနှောခြင်း ဖြစ်၏။ သာသနာတော်၏ ဤဘေးရန်များကို ဆရာရော ဒကာပါ

သတိကြီးစွာထား၍ တိုက်ဖျက်နိုင်မှ မြတ်စွာဘုရား၏ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့နိုင်မည် ဖြစ်၏။

လူ့လောကကို စောင့်ရှောက်ရန် လူတိုင်းမှာ တာဝန်ရှိ၏။ လူ့ပြည် ဖြစ်သဖြင့် သမ္မာဒေဝနတ်တို့ထက် ပို၍ တာဝန်ရှိသည်။ တာဝန်ရှိလျက် တာဝန် ရှိမှန်း မသိလျှင် အဝိဇ္ဇာဖြစ်၏။ တာဝန်ရှိမှန်း သိပါမှ ဝိဇ္ဇာဖြစ်၏။ မိမိ၏ တာဝန် ဖြစ်ပါလျက် သူတစ်ပါးအပေါ် ပုံချပါက မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ လူ့လောက၌ ငြိမ်းချမ်းမှု ရှိရေးအတွက် ဆောင်ရွက်ရန် လူတိုင်း၏တာဝန် ဖြစ်၏။ ထိုသို့ တာဝန်သတ်မှတ် ရာတွင် မူလတာဝန်နှင့် ဆင့်ပွားတာဝန် ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဆင့်ပွား တာဝန်နှင့် ပတ်သက်၍ စာအုပ်၌–

"အဲဒီအချိန်မှာ ကာကဏ္ဍပုတ္တားရဲ့သား အရှင်ယသက ဝဇ္ဇီတိုင်းမှာ ဒေသစာရီ လှည့်လည်နေပါတယ်။ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝေသာလီမြို့မှာ ဝတ္ထုဆယ်မျိုးကို ကြေညာကျင့်သုံးနေကြတယ် ဆိုတာ ကိုလည်း သတင်းစကား ကြားရပါတယ်။ ဘုရားရှင် သာသနာ ပျက်စီး နေတာကို ကြားလျက်သားနဲ့ ကြောင့်ကြမဲ့နေတာဟာ မသင့်လျော် လှဘူး၊ အခုပဲ အဓမ္မဝါဒီ ပုဂ္ဂိုလ်တွေကို နှိပ်ကွပ်ပြီး အမှန်တရား ထင်ရှား အောင် လုပ်မှ တော်မယ်။ အဲဒီလို စဉ်းစားပြီး ဝေသာလီမြို့သို့ ထွက်လာ ခဲ့ပါတယ်..."

ဟူ၍ ဖော်ပြထား၏။ အရှင်ယသသည် လူသားဖြစ်၏။ ထို့ကြောင့် လူ့လောက ငြိမ်းချမ်းသာယာရေးအတွက် ဆောင်ရွက်ရန် မူလတာဝန် ရှိ၏။ ထို့အပြင် အရှင် ယသသည် ရဟန်းဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော် ပျက်စီး နေသည်ကို ပြုပြင်ရန် ဆင့်ပွားတာဝန် ရှိသည်။ ဤသို့လျှင် အရှင်ယသသည် မိမိ၌ တာဝန်ရှိကြောင်းကို သိပြီး ထိုတာဝန်အရ ဆောင်ရွက်ရန် အားထုတ်ခဲ့၏။ အရှင်ယသ၏ အားထုတ်မှုကြောင့်ပင် ဒုတိယသင်္ဂါယနာ တင်နိုင်ခြင်း ဖြစ်၏။ ဤကမ္ဘာ၌ တာဝန်သိ ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်သည် ကြည်ညိုဖွယ်၊ မှတ်သား ဖွယ်၊ အတုယူဖွယ် ဖြစ်သဖြင့် ရွှေစာလုံးဖြင့် သွန်းထားသကဲ့သို့ ဖြစ်ပါ၏။

အလှူဒါန ပြုကြရာ၌ ယနေ့ခေတ်တွင် ငွေကို လှူဒါန်းတတ်ကြ၏။ ငွေကို လှူရာတွင် အပ်အောင်လှူပါက အပ်၏။ အပ်အောင် မလှူတတ်ပါက မအပ်။ ထို့ကြောင့် ငွေကို လှူဒါန်းရာ၌ အပ်အောင် လှူဒါန်းနည်းနှင့် ပတ်သက်၍ စာအုပ်၌–

"'အရှင်ဘုရား၊ တပည့်တော်ထံမှ တစ်ရာတန် အပ်စပ်တဲ့ ပစ္စည်း လေးပါးကို အလှူခံတော်မူပါ။ ကပ္ပိယသော်လည်း ညွှန်းတော်မူပါ။ လုံခြုံရာအရပ်ကိုသော်လည်း ညွှန်ပြတော်မူပါ' အဲသည်လို လျှောက်ထား

က ငွေကို လှူရာ မရောက်၊ ပစ္စည်းလေးပါးကို လှူရာပဲ ရောက်ပါတယ်။ ဒီတော့ အလှူခံရဟန်းက 'ဒီနေရာ လုံခြုံတယ်' လို့ ညွှန်ပြရင် အဲဒီနေရာမှာ ထားခဲ့နိုင်ပါတယ်။ ဒါမှမဟုတ် 'ဒီပုဂ္ဂိုလ်ဟာ ဘုန်းကြီးရဲ့ ကပ္ပိယပါ' လို့ ညွှန်ပြရင်လည်း အဲဒီပုဂ္ဂိုလ်ရဲ့ လက်ထဲမှာ အပ်နှံထားခဲ့နိုင်ပါတယ်"

ဟူ၍ ဖော်ပြထားရာ လွယ်လွယ်ကလေးနှင့် သာသနာတော်ကို စောင့်ရှောက်သောနည်း ဖြစ်၍ များစွာ မှတ်သားထိုက်၊ လိုက်နာကျင့်သုံးထိုက်ပါ၏။

ယခုခေတ်တွင် စာပေပရိယတ်ကိုလည်း ဖတ်ကြ၏။ အကျင့်ပဋိပတ်ကိုလည်း ကျင့်ကြ၏။ အကျင့်ပဋိယတ်နှင့် ပတ်သက်၍ မြတ်စွာဘုရားက ဗောဓိမင်းသားအား ဟောကြားတော်မူပုံကို စာအုပ်၌–

"(၁) ယုံကြည်မှုသဒ္ဓါရှိခြင်း၊

(၂) ကျန်းမာရေးကောင်းခြင်း၊

(၃) ဟန်ဆောင်လှည့်ပတ်မှု မရှိခြင်း၊

(၄) မပျင်းမရိ လုံ့လရှိခြင်း၊

(၅) ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း၊

ဤငါးပါးနှင့် ပြည့်စုံလျှင် နံနက်ချိန်မှာ ဆုံးမပါက ညနေချိန်မှာ တရားထူးကို ရပါလိမ့်မယ်၊ ဒါမှမဟုတ် အလွန်ဆုံး ခုနစ်နှစ်ကြာအောင် ကျင့်လို့ရှိရင် အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မည်"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏။ ထို့ကြောင့် တရားအားထုတ်သော ယောဂီများသည် ဥဒယဗ္ဗယဉာဏ်ကို ရပါက တရားထူးရရန် အလွန်သေချာပြီဖြစ်ကြောင်း ယုံကြည်အပ်၏။ ဓမ္မပဒ ပါဠိတော်၌လည်း ဥဒယဗ္ဗယဉာဏ် မရဘဲ အနှစ်တစ်ရာ အသက်ရှည်ရသည်ထက် ဥဒယဗ္ဗယဉာဏ် ရပြီး တစ်ရက် အသက်ရှည်ရသည်က မြတ်ကြောင်း လာရှိ၏။ ထို့ကြောင့် ဥဒယဗ္ဗယဉာဏ် ရအောင် (သို့မဟုတ်) ဖြစ်,ပျက်ကို မြင်အောင် အားထုတ်ရာ၏။

ယနေ့ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ လောက၌ မင်္ဂလာအမျိုးမျိုးကို မိမိတို့ စွမ်းအားအလိုက် လုပ်ကြသည်ကို တွေ့ရ၏။ ထိုသို့ လုပ်ကြရာတွင် ဗုဒ္ဓပိဋကတ်တော်များ၌ လာရှိသော မင်္ဂလာများလည်း ပါ၏။ ဗြာဟ္မဏကျမ်းစာများ၌ လာရှိသော မင်္ဂလာများလည်း ပါ၏။ အမှန်အားဖြင့် မြန်မာနိုင်ငံ၌ ဗြာဟ္မဏယဉ်ကျေးမှုများသည် များစွာ လွှမ်းမိုးခဲ့၏။ ဗြာဟ္မဏယဉ်ကျေးမှုသည် နန်းတော်သို့ ရှေးဦးစွာ ရောက်လာပြီး၊ နောက်မှ တဲကုပ်အထိ ဆင်းလာဟန် ရှိ၏။ ဤစာအုပ်၌ ဗုဒ္ဓပိဋကတ်တော်လာ မင်္ဂလာများနှင့် ယင်းတို့ကို ဆောင်ရွက်နည်းများကို ဖော်ပြ

ထားရာ၊ ဗုဒ္ဓဘာသာ မင်္ဂလာနှင့် ဗြာဟ္မဏဘာသာ မင်္ဂလာတို့ကို ခွဲခြား၍ သိနိုင်သည်။

ထို့အပြင် ရတနာသုံးပါးနှင့် စပ်လျဉ်း၍ လိုက်ပို့ပုံ၊ ကြိုဆိုပုံတို့ကိုလည်း ပိဋကတ်လာအတိုင်း ဖော်ပြထား၏။ ရာဇဂြိုဟ်မှ ဝေသာလီသို့ မြတ်စွာဘုရားနှင့်တကွ ရဟန်း သံဃာတော်များ ကြွတော်မူရာတွင် ဗိမ္ဗိသာရမင်းကြီးက သူ၏နိုင်ငံ နယ်နိမိတ် အဆုံးအထိ လိုက်ပို့၍၊ လိစ္ဆဝီမင်းတို့က သူတို့၏နိုင်ငံ နယ်နိမိတ်အစပ်မှ လာရောက် ကြိုဆိုကြ၏။ ဗြာဟ္မဏယဉ်ကျေးမှု ရောယှက်ခြင်းမရှိဘဲ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ ပြုလုပ်သော အခမ်းအနားသည် မည်မျှလောက် ရိုးစင်း၍ မည်မျှလောက် အနှစ်သာရ ပါရှိသည်ကို ဤစာအုပ်၌ ဖော်ပြထားရာ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဖတ်လည်း ဖတ်ထိုက်၏။ မှတ်လည်း မှတ်ထိုက်၏။ ဆောင်လည်း ဆောင်ထိုက်၏။

လူတို့သည် တစ်နေ့တွင် သေကြရ၏။ သေသောအခါ အသုဘ အခမ်းအနားကို စွမ်းအားရှိသလောက် လုပ်ကြရ၏။ ထိုသို့ လုပ်ရာတွင် ပိဋကတ်တော်နှင့် အညီ လုပ်ပါက ကွယ်လွန်သွားသူရော ကျန်ရစ်သူများပါ အကျိုးကြီးမားစွာ ရနိုင်ပါကြောင်းကို ဤစာအုပ်၌ ဖော်ပြထား၏။ သို့မဟုတ်ပါက ငွေလည်းကုန်၊ လူလည်းပန်းသဖြင့် ရသင့်သလောက် အကျိုးတရားများကို မရရှိဘဲ ရှိမည် ဖြစ်၏။ ထို့အပြင် အမှားကို အမှန်ထင်တတ်သည့် မိစ္ဆာဒိဋ္ဌိအမြင်လည်း ကိန်းအောင်းလာတတ်၏။ မိစ္ဆာဒိဋ္ဌိအမြင် ကိန်းအောင်းလာပါက ဘဝတွင် များစွာ နစ်နာလေ၏။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် အမည်ခံယူသူများ များစွာရှိ၏။ သို့သော် ရှိပါသော်လည်း ဗုဒ္ဓအလိုတော်ကျအတိုင်း သူတို့သည် ရတနာသုံးပါးနှင့်လည်း မဆက်ဆံတတ်၊ ဗုဒ္ဓအလိုတော်ကျအတိုင်း လူအချင်းချင်းလည်း မဆက်ဆံတတ်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် ရတောင့်ရခဲလှသော၊ ကြုံတောင့်ကြုံခဲလှသော မြတ်စွာဘုရား၏ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်ပေလိမ့်မည်။ သို့ဖြစ်လေရာ ရတနာသုံးပါး၌ ကြည်ညိုတတ်ရုံသာမက ကျေးဇူးလည်း တင်တတ်သော ဗုဒ္ဓဘာသာဝင် သူတော်စင်စစ် ဖြစ်လိုပါက ဤစာအုပ်ကို မလွဲမသွေ ဖတ်ထိုက်ပါ၏။ ဖတ်ပြီး မှတ်လည်း မှတ်ထိုက်ပါ၏။ မှတ်ပြီး ဆောင်လည်း ဆောင်ထိုက်ပါ၏။ ဒါယကာများ သာမက ရဟန်းသံဃာတော်များပါ မိမိတို့၏ ကဏ္ဍာကို မြင့်သည်ထက် မြင့်အောင် ဆောင်ရွက်လိုပါက ဤစာအုပ်ကို ဖတ်ပါရန်၊ မှတ်ပါရန်၊ ဆောင်ထားပါရန် တိုက်တွန်းပါ၏။ ဤစာအုပ်ကို တကယ်တမ်း ဖတ်မိသောအခါ စာဖတ်သူများသည် မဖတ်မီကထက် မည်မျှ အသိ "ဝိဇ္ဇာ" နှင့်

အကျင့်"စရဏ"တို့ မြင့်မားလာသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်တွက်ချက်နိုင်ပေလိမ့်မည်။ အမှန်အားဖြင့် ဤစာအုပ်သည် အသိ "ဝိဇ္ဇာ"နှင့် အကျင့် "စရဏ"တို့ကို စာဖတ်သူများအား ခေတ္တ ငှားရမ်းသောစာအုပ် မဟုတ်၊ အပိုင်ပေးသော စာအုပ် ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများသည် စာအုပ်က ပေးသည့်အတိုင်း အသိ"ဝိဇ္ဇာ"နှင့် အကျင့်"စရဏ"တို့ကို မိမိရရ ပိုင်ပိုင်နိုင်နိုင် ယူနိုင်အောင် ကြိုးပမ်းအပ်ပါ၏။

## ရတနာ့ဂုဏ်ရည်

နောက်တစ်အုပ်မှာ ဆရာတော် အရှင်ဇနကာဘိဝံသ၏ "ရတနာ့ဂုဏ်ရည်" စာအုပ်ဖြစ်၏။ ဤစာအုပ်သည်လည်း ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အလွန်လေ့လာသင့်သော စာအုပ်ဖြစ်၏။ "ရတနာ့ဂုဏ်ရည်" ဆိုသည့်အတိုင်း ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို နားလည်အောင် ရှင်းလင်းဖော်ပြထားသည့် စာအုပ်ဖြစ်၏။ ဤဂုဏ်တော်များကို လေ့လာခြင်းအားဖြင့် ရတနာသုံးပါး၌ ကြည်ညိုတတ်လာရုံမက ကျေးဇူးလည်း တင်တတ်လာမည် ဖြစ်၏။ အမှန်အားဖြင့် ဗုဒ္ဓဘာသာဝင်ပုထုဇဉ်တို့အား သံသရာ၌ ကျင်လည်နေရစဉ် ကာလအတွင်း ဒုဂ္ဂတိဘဝသို့ မကျရောက်စေဘဲ သုဂတိ ဘဝများ၌သာ ကျင်လည်စေပြီး တစ်နေ့တွင် သန္တိသုခနိုင်ငံတော်သို့ လျင်မြန်စွာ ရောက်နိုင်ရေးအတွက် လက်ရှိဘဝ၌ မှန်ကန်စွာ နေတတ်ထိုင်တတ်ရန် ရတနာသုံးပါးတို့က သွန်သင်ပြသပေးလေ၏။ ထို့ကြောင့် ရတနာသုံးပါးဟူသည် ကြည်ညိုရန်အတွက် သာမက ကျေးဇူးတင်ရန်အတွက်လည်း ဖြစ်၏ ဟု ဆိုခြင်း ဖြစ်ပါ၏။

ယနေ့ကမ္ဘာကိုကြည့်လျှင် ဒဿနစာပေ ခိုင်ခိုင်မာမာရှိသော နိုင်ငံများသည် တည်တည်ငြိမ်ငြိမ်ရှိပြီး၊ ဒဿနစာပေ ခိုင်ခိုင်မာမာ မရှိသော နိုင်ငံများသည် မတည်မငြိမ် ဖြစ်နေကြသည်ကို တွေ့ရ၏။ ဒဿနစာပေဟု ဆိုရာ၌ ဒဿနစာပေတိုင်းသည်လည်း မြင့်မြတ်ကြသည် မဟုတ်။ များသောအားဖြင့် ဘက်လိုက်သည့်သဘော ရှိကြ၏။ အချို့သော ဒဿနစာပေက အရင်းရှင်ဘက်သို့ လိုက်၏။ အချို့သော ဒဿနစာပေက အရင်းမဲ့ဘက်သို့ လိုက်၏။ အချို့သော စာပေက အာဏာရှိရာဘက်သို့ လိုက်၍ အချို့သော ဒဿနစာပေက အာဏာမဲ့ဘက်သို့ လိုက်၏။ ထို့ကြောင့် ခိုင်မာသော ဒဿနစာပေရှိသော နိုင်ငံများသည် တည်တည်ငြိမ်ငြိမ် ရှိကြသည် ဆိုသော်လည်း မြင့်မြတ်သော တည်ငြိမ်ခြင်း ဟုတ်ချင်မှ ဟုတ်မည်။ အပြင်ပန်းအနေဖြင့် တည်ငြိမ်သော အသွင်ကို ဆောင်သော်လည်း အတွင်းပိုင်း အနေဖြင့်မူ တည်ငြိမ်သော အနှစ်သာရ ရှိချင်မှ ရှိ၏။ အသွင်သဏ္ဌာန်

ပိုင်းရော အနှစ်သာရပိုင်းပါ တည်ငြိမ်မှုရှိခြင်း၊ မရှိခြင်းသည် ဒဿနစာပေအပေါ်၌ တည်လေ၏။ မြင့်မြတ်သော ဒဿနစာပေဖြစ်လျှင် အသွင်သဏ္ဌာန်ပိုင်းရော အနှစ်သာရပိုင်းပါ နှစ်ပိုင်းလုံး တည်တည်ငြိမ်ငြိမ် ရှိ၏။ မြင့်မြတ်သော ဒဿနစာပေ မဖြစ်လျှင် အသွင်သဏ္ဌာန်အားဖြင့်သာ ငြိမ်သက်၏။ အနှစ်သာရ အားဖြင့်မူကား မငြိမ်သက်ပါချေ။

## ကိုယ်ပိုင် ဒဿနစာပေ

မြန်မာနိုင်ငံကား ကိုယ်ပိုင် ခိုင်မာသော ဒဿနစာပေ ရှိ၏။ ယင်း ဒဿနစာပေသည် မြန်မာနိုင်ငံ၌ ရေခံ မြေခံ ဒဿနစာပေအဖြစ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်းရာနှင့် ထောင်နှင့် ချီ၍ ရှိခဲ့ပါပြီ။ ထိုဒဿနစာပေကို ပြုစုတော်မူသော ပုဂ္ဂိုလ်မှာ ဘက်မလိုက်တတ်သော၊ ကိလေသာ အညစ်အကြေးဟူသမျှ အားလုံးကို အမြစ်ပြတ် ပယ်သတ်တော်မူပြီးသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်တော်မူ၏။ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿန စာပေ ဟူသည်ကား ပိဋကတ်စာပေများ ဖြစ်ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒဿန စာပေသည် ဘက်မလိုက်၊ အားလုံးအပေါ်၌ မျှတ၏။ ဘက်မလိုက်၍ မျှတသဖြင့်လည်း မြင့်မြတ်၏။

ဤစာအုပ်၌ ဒဿနစာပေကို ထူထောင်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များကိုလည်း ဖော်ပြထား၏။ ဒဿနစာပေ ဖြစ်တော်မူသော ပိဋကတ်တော် တည်းဟူသော ဓမ္မ၏ ဂုဏ်ကျေးဇူးတော်များကိုလည်း ဖော်ပြထား၏။ ဒဿန စာပေကို လေ့လာသူများ၌ အခြေခံအားဖြင့် ရှိရမည့် အရည်အချင်းများကိုလည်း ဖော်ပြထား၏။ ယင်းပုဂ္ဂိုလ်များကို ဥပါသကာနှင့် ဥပါသိကာမဟူ၍ ခေါ်၏။ ယနေ့ မြန်မာဝေါဟာရဖြင့် ဆိုရလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်များပင် ဖြစ်၏။ ထို့အပြင် မြတ်စွာဘုရား၏ ဒဿနစာပေကို ကျွမ်းကျင်စွာ တတ်မြောက်တော်မူပြီးသော ရဟန်း သံဃာတော်များ၏ ဂုဏ်ကျေးဇူးတော်များကိုလည်း ဖော်ပြထား၏။ အရပ်သုံး ဝေါဟာရဖြင့် ဆိုရလျှင် ဤစာအုပ်သည် ဘုရား, တရား, သံဃာနှင့် ဒါယကာ, ဒါယိကာမတို့၏ ဆိုင်ရာဆိုင်ရာ အရည်အသွေးများကို ပေါ်လွင်စွာ ဖော်ပြထားပါ၏။ အကယ်၍သာ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များသည် မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်ဒဿန စာပေဖြစ်သော ပိဋကတ်တော်များကို ကျွမ်းကျင်စွာ တတ်မြောက်၍၊ ထိုဒဿနစာပေ၏ အဆိုအမိန့်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးမည်ဆိုပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အခြားမည်သည့်နိုင်ငံနှင့်မျှ မတူဘဲ ထူးထူးခြားခြား တည်ငြိမ်မည်။ ထူးထူးခြားခြား အေးချမ်းမည်။ ထိုသို့ ထူးထူးခြားခြား တည်ငြိမ်ခြင်း၊ ထူးထူးခြားခြား အေးချမ်းခြင်း

သည် အသွင်သဏ္ဍာန်ပိုင်းရော အနှစ်သာရပိုင်းပါ နှစ်ပိုင်းလုံး၌ တကယ်တမ်း အစစ်အမှန် တည်ငြိမ်ခြင်းနှင့် အေးချမ်းခြင်းတို့ ဖြစ်ပါ၏။

## ဗုဒ္ဓဒဿနစာပေကို လေ့လာရန် နည်းစနစ်

ဗုဒ္ဓဒဿနစာပေကို လေ့လာရာ၌မူ အခြားသော ဒဿနစာပေများကို လေ့လာရာ၌ ကဲ့သို့ လေ့လာ၍မရ။ ဤသည်မှာ ဗုဒ္ဓဒဿနစာပေ လေ့လာနည်း၏ ထူးခြားသော ဝိသေသလက္ခဏာ ဖြစ်၏။ ဗုဒ္ဓဒဿနစာပေကို လေ့လာမည်ဆိုလျှင် စင်ကြယ်မှု "ဝိသုဒ္ဓိ" အစဉ်ဖြင့်သာ လေ့လာရ၏။ ထိုကဲ့သို့ လေ့လာမှလည်း စာပေ၏အနက်ကို မဖောက်မပြန် မှန်ကန်စွာ သိနိုင်၏။ သို့မဟုတ်ပါက မြွေကို ခါးလယ်က ဖမ်းသောအခါ မြွေက မိမိကို ပြန်၍ကိုက်သဖြင့် ကွယ်လွန်ရသကဲ့သို့ မိမိ သင်ယူသော ဗုဒ္ဓဒဿန စာပေက စင်ကြယ်မှု ဝိသုဒ္ဓိအစဉ်ဖြင့် မသင်ယူမိသောကြောင့် သင်ယူလေ့လာသူ မိမိအား ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝ၌ အကျိုးမဲ့ကို ဖြစ်စေတတ်ပါ၏။ ဤကဲ့သို့သော သင်ယူ လေ့လာနည်းကို မြွေဖမ်းဥပမာ "အလဂဒ္ဒူပမာ"သင်ယူ လေ့လာနည်းဟူ၍ ကျမ်းဂန်များ၌ ဆိုလေ၏။ ထို့ကြောင့် ဗုဒ္ဓဒဿနစာပေ လေ့လာနည်းသည် အခြားသော ဒဿနစာပေ လေ့လာနည်း များနှင့် မတူဘဲ ထူးခြားသော၊ ဝိသေသလက္ခဏာရှိသော စာပေ လေ့လာနည်း ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ ဗုဒ္ဓ ဒေသနာတော်အရ "မြင့်မြတ်မှု" ဟူသည် ကျောင်း, ကန်, ဘုရား, တရားဒေသနာ စသော "သက်မဲ့ဝတ္ထု"များ၌ မတည်ဘဲ၊ သက်ဆိုင်သူ သက်ရှိပုဂ္ဂိုလ်များ၏ နှလုံးသွင်း "မနသိကာရ"၌သာ တည်၏။

ဤစာအုပ်၌ ဗုဒ္ဓဒဿနစာပေကို ပြုစု တည်ထောင်တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ ဂုဏ်တော်များကို ဖော်ပြရာ၌ အထူး အလေး အနက် ထား၍ မှတ်သားသင့်သောအချက်မှာ မြတ်စွာဘုရားသည် လူသားမိဘ နှစ်ပါးမှ ဓမ္မတာအတိုင်း မွေးဖွားပြီး၊ ကိုယ်တိုင်အိမ်ထောင်ပြု၍ သားတော် တစ်ယောက်ကို မွေးဖွားခဲ့သူ လူသားစင်စစ် ဖြစ်ခြင်းပင်တည်း။ ထိုလူသား၏ စွမ်းပကားသည် သုံးဆယ့်တစ်ဘုံ၌ အတုမဲ့ ဖြစ်ခဲ့၏။ ဗြဟ္မာလည်း တု၍မရ၊ နတ်လည်း တု၍မရ။ အခြား မည်သည့်ပုဂ္ဂိုလ်မှ တု၍ မရနိုင်သော စွမ်းပကားကို ပိုင်ဆိုင်သူ ဖြစ်ခဲ့၏။ ထို့ကြောင့် လူသည် အနန္တ စကြဝဠာတွင် စွမ်းပကား အကြီးမားဆုံးသော သက်ရှိတစ်မျိုး ဖြစ်သည်ဟု အလေးအနက် ခံယူထိုက်၏။ အကြွင်းမဲ့ ယုံကြည်ထိုက်၏။ ဗြဟ္မာလည်း မှူစရာမဟုတ်၊ ဗြဟ္မာထက်လည်း သာ၏။ နတ်လည်း မှူစရာမဟုတ်၊ နတ်ထက်လည်း သာ၏။ အခြား ဂြိုဟ်သား များလည်း မှူစရာမဟုတ်၊ အခြား ဂြိုဟ်သားများထက်လည်း သာ၏။ ဤသို့သော

စွမ်းပကားကို ရရှိအောင် ဗြဟ္မာလည်း မစွမ်းနိုင်၊ နတ်လည်း မစွမ်းနိုင်၊ အခြား မည်သည့် ဂြိုဟ်သားမျှ မစွမ်းနိုင်။ "လူ"သာ စွမ်းနိုင်လေ၏။ ထို့ကြောင့် လူသည် သုံးဆယ့်တစ်ဘုံတွင် လေးစားစရာ၊ တန်ဖိုးထားစရာ အကောင်းဆုံးသော သက်ရှိ တစ်မျိုး ဖြစ်ပါ၏။

သို့ရာတွင် ထိုကဲ့သို့သော စွမ်းပကားမျိုးကို "လူ"သာလျှင် ရနိုင်သည် မှန်၏။ ထိုသို့ ရနိုင်သော်လည်း အကြောင်းမဲ့ရနိုင်သည် မဟုတ်၊ လူဖြစ်ရုံမျှနှင့်လည်း ရနိုင်သည် မဟုတ်။ ပါရမီပြည့်အောင် ဖြည့်မှ ရနိုင်၏။ ပါရမီ ပြည့်သောအခါ ပစ္စေကဗုဒ္ဓါလည်း ဖြစ်နိုင်၏။ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်လည်း ဖြစ်နိုင်၏။

လောကမျက်မြင်အရ ပတ္တမြားနှင့် ချက်ကျောက်သည် စွမ်းပကားအရ လည်းကောင်း၊ တန်ဖိုးအရ လည်းကောင်း မတူ။ သို့ရာတွင် မူရင်းဓာတ်သား "အဋ္ဌကလာပ်ရုပ်"အနေဖြင့်မူ တူ၏။ ထို့ကြောင့် ရုပ်ဝတ္ထုတစ်ခုသည် သာမန် အခြေအနေ တစ်ရပ်မှ ပတ္တမြားအဖြစ်သို့ ရောက်အောင် နှစ်ပေါင်းမည်မျှ အချိန်ယူ ရသည်ကို ဘူမိဗေဒ ပညာရှင်များသာ သိနိုင်လိမ့်မည် ထင်ပါ၏။ ထိုသဘော အတိုင်းပင် လူသည် သာမန်အဆင့်မှ ဘုရားရှင်အဆင့်သို့ ရောက်ရအောင် ဗျာဒိတ် တော် ရပြီးနောက် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အချိန်ယူ၏။ ထိုကာလအတွင်း ပါရမီဆယ်ပါးတို့ကို ကျင့်ရ၏၊ ဖြည့်ရ၏။ ပါရမီများ ပြည့်လေ သောအခါ အနန္တ စွမ်းပကားကို ပိုင်ဆိုင်တော်မူသော ဘုရားရှင်အဖြစ်သို့ ရောက် တော်မူ၏။

ထို့ကြောင့် လူသည် ဆည်းပူးသင့်သော ကောင်းမှုအရည်အချင်းများကို ပြည့်စုံအောင် ဆည်းပူးပြီးပါက သာမညလူသား အဆင့်မှ အနန္တ စွမ်းပကားကို ပိုင်ဆိုင်တော်မူသော ဝိသေသ ဘုရားရှင်အဆင့်သို့ ရောက်နိုင်တော်မူ၏။ ဤစာအုပ် ၌ လူသားစင်စစ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ အကြောင်းကို ဖော်ပြထားရာ၊ ယင်းကို လေ့လာပါက လူတစ်ယောက်အနေဖြင့် မိမိ၏ဘဝကို မိမိမြတ်နိုးတတ်လာ သော၊ မိမိ၏ပတ်ဝန်းကျင်ကို လေးစားတတ်လာသော၊ လောကအပေါ် ကရုဏာ ထားတတ်လာသော၊ အားလုံးအတွက် အနစ်နာခံတတ်လာသော စိတ်နေစိတ်ထား သည် ဗုဒ္ဓဘာသာ၌ ပို၍ သက်ဝင် ယုံကြည်လာလေလေ ပို၍ ရင့်ကျက်လေလေ ဖြစ်ကြောင်း တွေ့ရသည်။ စိတ်နေစိတ်ထား ရင့်ကျက်လာသည်နှင့်အမျှ ရုပ်ခန္ဓာ သည်လည်း ပို၍ မြင့်မြတ်ပြီး ပို၍ ထူးခြားလာသည်ကို တွေ့ရ၏။ မြတ်စွာဘုရား သည် ဘုရားအဖြစ်သို့ မရောက်မီ အလောင်းတော်ဘဝ၌ ရှိစဉ်ကပင် သူ၏ဆံတော် သည် လည်းကောင်း၊ သူ၏ ဝတ်လဲတော်သည် လည်းကောင်း တာဝတိံသာ၌ "စူဠာမဏိ" စေတီ၊ ဗြဟ္မာ့ပြည်၌ "ဒုဿ"စေတီတည်၍ နတ်ဗြဟ္မာတို့ ကိုးကွယ်

ခြင်း ခံရလောက်အောင် မြင့်မြတ်၍ ထူးခြားပါ၏။ ဘုရားဖြစ်ကော်မူပြီးနောက် ရုပ်ခန္ဓာအစုသည်ကား မည်မျှမြင့်မြတ်၍ မည်မျှထူးခြားမည်ကို မကြံအပ် မကြံစည်ကောင်းသော "အစိန္တေယျ"အဖြစ်သာ နားလည်အပ်၏။ နာမ်ခန္ဓာအစုကား မုချမသွေ "အစိန္တေယျ"ပေတည်း။

မြန်မာနိုင်ငံ၌ ပိဋကတ်တော်များကို ကိုယ်ပိုင် ဒဿနစာပေအဖြစ် အားလုံး လက်ခံကြ၏။ မည်သူမျှ အငြင်းမပွားကြ။ သို့ရာတွင် ထိုဒဿနစာပေကို လေ့လာနည်း စနစ်နှင့် ပတ်သက်၍မူ အငြင်းပွားကြ၏။ အငြင်းပွားရာတွင် ခေတ်လေ့လာနည်းနှင့် ရှေးလေ့လာနည်း ဟူ၍ လေ့လာနည်း နှစ်မျိုးအရ အငြင်းပွားခြင်း ဖြစ်၏။ ဤစာအုပ်တွင် ရှေးလေ့လာနည်းကို အလေးအနက်ထား၍ ဖော်ပြထား၏။ ရှေးလေ့လာနည်းအရ ပိဋကတ်တော်ကို လေ့လာသောအခါ ကိုယ်ကျင့်သိက္ခာ စင်ကြယ်မှု-သီလဝိသုဒ္ဓိကို အခြေခံပြီးမှသာ လေ့လာရ၏။ သို့မှသာ ပိဋကတ်တော် အနက်မှန်ကို သိ၏။ သို့မဟုတ်ပါက အနက်မှားကို သိ၏။ အနက်မှားကို သိသော လေ့လာနည်းကို "မြွေဖမ်းဥပမာ" လေ့လာနည်းဟူ၍ ကျမ်းဂန်များ၌ သတ်မှတ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဒဿနစာပေအဖြစ် မှတ်ယူနိုင်သော ပိဋကတ်တော်ကို တရားဒေသနာအဖြစ် နာယူသောအခါ တရားနာပရိသတ်သည် တရားမနာယူမီ ရှေးဦးစွာ ကိုယ်ကျင့်သိက္ခာ စင်ကြယ်မှ မိမိတို့ နာကြားသော တရားဒေသနာ၏ အနက်မှန်ကို သိ၏။ ဤသည်မှာ ရှေးခေတ် လေ့လာနည်းအရ ဗုဒ္ဓဒေသနာတော်ကို လေ့လာခြင်း ဖြစ်၏။

ယနေ့ မြန်မာနိုင်ငံတွင်မူ ပိဋကတ်တော်များကို ခေတ်လေ့လာနည်းအရ လေ့လာသူများသည် အစဉ်သတ်မှတ်ချက်အတိုင်း ကိုယ်ကျင့်သိက္ခာစင်ကြယ်မှု-သီလ ဝိသုဒ္ဓိကို အခြေမခံဘဲ အခြားဒဿနစာပေများကို လေ့လာသကဲ့သို့ လေ့လာကြလေရာ၊ မိမိတို့ လေ့လာနေသော ဗုဒ္ဓဒဿနစာပေ၏ အနက်မှန်ကို မသိသဖြင့် အရသာကို မတွေ့ဘဲ ရှိလေ၏။ ထိုအခါ ဗုဒ္ဓဒဿနစာပေ၏ အပြစ်ကို တွေ့လေတော့၏။ အမှန်အားဖြင့် ယင်းအပြစ်ကား ဗုဒ္ဓဒဿနစာပေ၏ အပြစ်မဟုတ်၊ လေ့လာနည်း မမှန်ဘဲ လေ့လာသူ၏ အပြစ်သာ ဖြစ်၏။ နေ့ခင်းကြောင်တောင် တိုင်ကိုဝင်တိုက်လျှင် တိုင်၏ အပြစ်လား၊ တိုက်သူ၏ အပြစ်လား။ စာဖတ်သူ မည်သို့ ဆုံးဖြတ်မည်နည်း။

မိမိ၏အပြစ်ကို ဖုံးကွယ်ပြီး ဗုဒ္ဓဒဿနစာပေအပေါ်၌ အပြစ်ပုံချကာ ဗုဒ္ဓဒဿနစာပေကို ပစ်ပယ်ကြသူများသည် ကွန်မြူနစ်ဒဿနစာပေ၊ ဆိုရှယ်လစ်ဒဿန စာပေ၊ အရင်းရှင်ဒဿနစာပေ စသော နိုင်ငံခြားဖြစ် ဒဿနစာပေများကို လေ့လာကြ၏။ မြန်မာနိုင်ငံ၏ ရေခံ မြေခံဖြစ်သော ဗုဒ္ဓဒဿနစာပေထက် ပို၍

တန်ဖိုးထားကြ၏။ အရင်းကျကျ သုံးသပ်ကြည့်လျှင် ဗုဒ္ဓဒဿနစာပေကို တည်ထောင်သူကား ကိလေသာ ဟူ၍ မြူမှုန်မျှ မရှိသဖြင့် ဘက်မလိုက်သူ မြတ်စွာဘုရားဖြစ်၏။ အခြား နိုင်ငံခြားဖြစ် ဒဿနစာပေများကို တည်ထောင်သူများကား ကိလေသာ ရှိသဖြင့် ဘက်လိုက်ပုထုဇဉ်များ ဖြစ်ကြ၏။ သို့ဖြစ်လျှင် ဗုဒ္ဓဒဿနစာပေက ဤလောကဌ် ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်မည်လား၊ နိုင်ငံခြားဖြစ် ဒဿနစာပေများကပဲ ဤလောက ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်မည်လား။ စာဖတ်သူ မည်သို့ ဆုံးဖြတ်မည်နည်း။

ကျွန်တော်တို့သည် မြန်မာ့မြေ၌ နေ၍ မြန်မာ့ရေကို သောက်ကာ မြန်မာ့လေဖြင့် အသက်ရှင် ကြီးပြင်းလာသူများ ဖြစ်၏။ မြန်မာနိုင်ငံ၌လည်း အလွန်ခိုင်မာသော ကိုယ်ပိုင်ဒဿနစာပေများ ရှိပြီးဖြစ်၏။ သို့ဖြစ်လျှင် ကိုယ်ပိုင်ဒဿနစာပေကိုပင် အစဉ်အလာ သင်ယူနည်းအတိုင်း အနက်မှန်ကို မသိလျှင် သိအောင်ကြိုးစား၍ သင်ယူပြီး ဤမြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာအောင် ထူထောင်မည်လား၊ နိုင်ငံခြားဖြစ် ဒဿနစာပေများကိုပင် ခေတ်လေ့လာနည်းအတိုင်း လေ့လာသင်ယူပြီး ဤမြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာအောင် ထူထောင်မည်လား။ စာဖတ်သူ မည်သို့ ဆုံးဖြတ်မည်နည်း။

ယနေ့ကမ္ဘာ၌ စက်မှုထွန်းကားသဖြင့် "လ" ကိုပင် သွားနိုင်သော နိုင်ငံကြီးများ ရှိပါ၏။ ထိုနိုင်ငံကြီးများ၌ ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ အလွန်ပြည့်စုံကြွယ်ဝမှုများလည်း ရှိပါ၏။ သို့ရာတွင် ထိုနိုင်ငံကြီးများ၌ နေထိုင်သူများသည် အလွန်ပြည့်စုံကြွယ်ဝသော ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများ၏ အလယ်၌ ရုပ်တည်နေထိုင်ရင်း မိမိတို့အနေဖြင့် "မျက်မှောက်ကမ္ဘာကို ဖျက်ဆီးရန်အတွက် အဏုမြူဗုံး ထုတ်လုပ်ရန် စက်ရုံသို့ သွားမည်လား၊ သို့မဟုတ် မျက်မှောက်ကမ္ဘာကို ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ရန်အတွက် လောဘ၊ ဒေါသနှင့် မာန်မာနများကို နှိပ်ကွပ်ရန် ဓမ္မရိပ်သာသို့ သွားမည်လား" ဟူသော မေးခွန်းများကို ဖြေဆိုရန် ဦးခေါင်းပူအောင် စဉ်းစားလျက်ရှိကြသည် ဟူ၍ သိရပါ၏။ ထိုသို့ စဉ်းစားနေကြရခြင်းမှာ သူတို့၏ ဒဿနစာပေ၌ အခြေခံအားဖြင့် လောဘ၊ ဒေါသနှင့် မာန်မာနများကို ဖျက်ဆီးနိုင်သော ကျင့်စဉ်များနှင့် သဘောတရားများ မပါရှိသောကြောင့် တွေဝေနေခြင်းမျိုးသာ ဖြစ်တန်ရာ၏။ ထိုသို့ တွေဝေနေခြင်းမှာလည်း ကာမဂုဏ်ဟူသမျှသည် မာရ်နတ်၏ "ပထမတပ်မကြီး"ဖြစ်သည် ဟူသော အဆုံးအမကို မရသောကြောင့် ဖြစ်တန်ရာ၏။ ထိုသို့ အဆုံးအမကို မရလျှင် ရုပ်ဝတ္ထုများ ကြွယ်ဝလေလေ လောဘ၊ ဒေါသနှင့် မာန်မာနများ ပွားများလေလေ ဖြစ်၏။ လောဘ၊ ဒေါသနှင့် မာန်မာန ပွားများလေလေ လောကဌ် ငြိမ်းချမ်းသာယာမှု

ဝေးလေလေ ဖြစ်၏။ ဤနိယာမကို သူတို့သည် အဘယ်သို့လျှင် သိနိုင်မည်နည်း။ ဤနိယာမကို မသိဘဲ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ထုတ်လုပ်ခြင်းအားဖြင့် မျက်မှောက်ကမ္ဘာကို ငြိမ်းချမ်းသာယာအောင် မည်သို့ ဆောင်ရွက်နိုင်ပေလိမ့်မည်နည်း။ လောင်နေသော မီးကို ငြိမ်းသတ်ရန် ဓာတ်ဆီကို များသည်ထက် များအောင် လောင်းထည့်နေသော မီးငြိမ်းသတ်နည်းမျိုးသာ ဖြစ်ပေလိမ့်မည်။

ဆရာတော် အရှင်ဇနကာဘိဝံသသည် ပိဋကတ်တော်များ၌ အလွန်ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တော်မူသော ဆရာတော်ဖြစ်၏။ ဆရာတော်သည် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿနစာပေဖြစ်သော ပိဋကတ်တော်များကို အခြေခံကျကျ နားလည်စေနိုင်ရန် ဤ"ရတနာ့ဂုဏ်ရည်"စာအုပ်ကို ပြုစုတင်ပြထားခြင်းဖြစ်ရာ၊ ဆရာတော် မျှော်မှန်းသည့်အတိုင်း ဤစာအုပ်သည် ဗုဒ္ဓစာပေနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အသိပညာ၊ ကျင့်သင့်ကျင့်ထိုက်သော ပညာများကို လိုလေသေးမရှိ ပေးစွမ်းနိုင်ကြောင်း တွေ့ရ၏။ သို့ဖြစ်၍ ဤလောက၌ ငြိမ်းချမ်းသာယာမှုရှိအောင် ဆောင်ရွက်လိုသူများသည် ဤစာအုပ်၏ လမ်းညွှန်ချက်အတိုင်း မိမိတို့၏ ကိုယ်ပိုင်ဒဿနစာပေများနှင့် နိုင်ငံခြားဖြစ် ဒဿနစာပေများ၏ ခြားနားချက်ကို ကောင်းစွာ သဘောပေါက်လာမည် ဖြစ်ပါ၏။ ဤစာအုပ်၏ ဆိုလိုရင်းကို အကျဉ်းဆုံး တင်ပြရလျှင် ပိဋကတ်တော် တည်းဟူသော ကိုယ်ပိုင်ဒဿနစာပေ၌ မြတ်စွာဘုရား၏ ရည်ရွယ်ရင်း အနက်အဆင့်သည် အဆင့်အားဖြင့် အမျိုးမျိုးရှိသော်လည်း အမျိုးအစားအားဖြင့် တစ်မျိုးတည်း ဖြစ်၏။ ဤသဘောကို နားလည်အောင် ဥပမာဖြင့် ဆိုရလျှင် ကျွန်တော်တို့သည် ငွေစက္ကူများကို မြင်ဖူးကြ၏။ သုံးလည်း သုံးဖူးကြ၏။ ငွေစက္ကူများသည် တန်ဖိုးအဆင့်အားဖြင့် တစ်ကျပ်တန်၊ တစ်ဆယ်တန် စသည်ဖြင့် အမျိုးမျိုး ရှိ၏။ သို့ရာတွင် အမျိုးအစားအားဖြင့် "ငွေစက္ကူ"ဟူ၍ တစ်မျိုးတည်းသာ ရှိ၏။ ငွေစက္ကူတွင် ပန်းဘက်လည်း ပါ၏။ ခေါင်းဘက်လည်း ပါ၏။ ထို့ကြောင့် ပန်းနှင့်ခေါင်း နှစ်ဖက်စုံမှ ငွေစက္ကူသည် စစ်မှန်သော ငွေစက္ကူ ဖြစ်၏။ သုံး၍လည်း ရ၏။ သို့မဟုတ်ပါက သုံး၍မရသော ငွေစက္ကူအတုသာ ဖြစ်၏။ ဤသဘောအတိုင်းပင် ပဋိဝေဓသည် စက္ကူသားနှင့် တူ၏။ ပရိယတ္တိသည် ပန်းဘက်နှင့်တူလျှင် ပဋိပတ္တိသည် ခေါင်းဘက်နှင့် တူ၏။ ထို့ကြောင့် ပရိယတ္တိနှင့် ပဋိပတ္တိ နှစ်ဖက်ပါမှ ပဋိဝေဓသည် စစ်မှန်သော ဗုဒ္ဓဒဿန ဖြစ်၏။ သုံး၍လည်း ရ၏။ သို့မဟုတ်ပါက သုံး၍မရသော ဒဿနသာ ဖြစ်ပေလိမ့်မည်။ အကယ်၍ စစ်မှန်သော ဒဿနဖြစ်ရိုးမှန်လျှင် ပရိယတ္တိလည်း ပါရ၏။ ပရိယတ္တိဟူသည် သဘောတရား-ဝိဇ္ဇာပိုင်း ဖြစ်၏။ ထို့အပြင် ပဋိပတ္တိလည်း ပါရ၏။ ပဋိပတ္တိ

ဟူသည် လက်တွေ့-စရဏပိုင်း ဖြစ်၏။ ပဋိဝေဓလည်း ပါဝင်၏။ ပဋိဝေဓ ဟူသည် ပရိယတ္တိနှင့် ပဋိပတ္တိဆုံရာ ရည်ရွယ်ရင်း အနက်ဖြစ်၏။ ယင်းအနက်ကို နိဗ္ဗာန် ဟူ၍ အကြမ်းဖျင်း သတ်မှတ်၏။ ငွေစက္ကူသည် တစ်ကျပ်တန်၊ တစ်ဆယ်တန် စသည်အားဖြင့် အမျိုးမျိုးရှိသလို နိဗ္ဗာန် ခေါ် ပဋိဝေဓသည်လည်း တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ အားဖြင့် အမျိုးမျိုးရှိ၏။ အရပ်သုံး ဝေါဟာရအားဖြင့် နိဗ္ဗာန် ဟူသည် လောဘကို ပယ်သတ်ခြင်း ဖြစ်၏။ လောဘကို ပယ်သတ်ရာတွင် တစ်ကျပ်တန် သဘောဖြင့်လည်း သက်ရောက်နိုင်၏။ တစ်ဆယ်တန် သဘောဖြင့်လည်း သက်ရောက်နိုင်၏။ ထို့ကြောင့် နိဗ္ဗာန်ဟူသည် အဆင့်တန်ဖိုးအားဖြင့် အမျိုးမျိုးဖြစ်သော်လည်း လောဘကို ပယ်သတ်ခြင်းအားဖြင့် မူတစ်မျိုးတည်း၊ တစ်သဘောတည်း ရှိ၏။ ယင်းကို ဝိမုတ္တိရသ ဟူ၍လည်း ဆိုကြသေး၏။

## ဝိမုတ္တိရသ

ဆရာတော်သည် "ရတနာ့ဂုဏ်ရည်" စာအုပ်၌ ပဋိဝေဓ၊ သို့မဟုတ် နိဗ္ဗာန်၊ သို့မဟုတ် ဝိမုတ္တိရသ ခေါ်သော တစ်မျိုးတည်းသော အနက်ကို စာဖတ်သူများ နားလည်အောင် ရှင်းပြထား၏။ ယင်းအနက်ကို နားလည်လျှင်၊ နားလည်သည့် အတိုင်း လိုက်နာကျင့်သုံးလျှင် မျက်မှောက်ကမ္ဘာ၌ ငြိမ်းချမ်းသာယာမှုကို မလွဲမသွေ ဆောင်ရွက်နိုင်မည် ဖြစ်၏။ ဤနေရာ၌ လောဘကိုပယ်သတ်ခြင်း ဟူသည် အလုပ်မလုပ်ဘဲ ပျင်းရိခြင်းကို ဆိုလိုသည် မဟုတ်၊ နဖူးက ချွေး ခြေမသို့ ကျသည်အထိ ကြိုးစားပမ်းစား လုပ်ကိုင်ပြီး ရရှိလာသည့် အကျိုးအမြတ်ကိုမူ မိမိအတွက် အသုံးပြုရန် လောဘရမ္မက်ဖြင့် တပ်မက်ခြင်း မပြုဘဲ လောက၏ ကောင်းကျိုးအတွက် အသုံးပြုရန် ရက်ရက်ရောရော စွန့်လွှတ်ခြင်းကိုသာ ဆိုလိုခြင်း ဖြစ်၏။ ယင်းသဘောကို ပေါ်လွင်စေရန် ပါရမီတော်များကို ဖော်ပြရာ၌ ဒါနပါရမီကို ရှေးဦးစွာ ဖော်ပြခြင်း ဖြစ်၏။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓ၏ အလိုတော်ကျအတိုင်း လိုက်နာကျင့်သုံး၍ မျက်မှောက်ကမ္ဘာ၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဤ"ရတနာ့ဂုဏ်ရည်"စာအုပ်ကို လက်မလွှတ်တမ်း ဖတ်ရှုလေ့လာသင့်ပါသည်။

## ကိုယ်ကျင့်အဘိဓမ္မာ

ဆရာတော် အရှင်ဇနကာဘိဝံသ၏ "ကိုယ်ကျင့်အဘိဓမ္မာ"စာအုပ်သည် အမည်နှင့် လိုက်လျောစွာပင် စာဖတ်ပရိသတ်၏ သန္တာန်၌ ကိုယ်ကျင့်သိက္ခာကို တည်ဆောက်ပေးရန် အားထုတ်ထားသော စာအုပ် ဖြစ်၏။ ကိုယ်ကျင့်သိက္ခာသည် မည်မျှ

လောက် အရေးကြီးသည်ဟု စာဖတ်သူ ထင်ပါသနည်း။ မြတ်စွာဘုရား၏ ဂုဏ်တော်များအနက် အရဟံဂုဏ်တော်ကို စဉ်းစားလိုက်လျှင် ကိုယ်ကျင့်သိက္ခာ၏ ကဏ္ဍသည် ပြက်ပြက်ထင်ထင် ပေါ်လာမည် ဖြစ်၏။

အရဟံ၏ အနက်ကို အမျိုးမျိုး ဆိုကြသော်လည်း နောက်ဆုံး လိုရင်း အနက်မှာ နှစ်မျိုးသာ ဖြစ်၏။ ပထမတစ်မျိုးမှာ သူတော်ကောင်း စစ်စစ်ဖြစ်ခြင်း ဟူ၍ ဖြစ်၏။ ဒုတိယတစ်မျိုးမှာ လူ, နတ်, ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ပူဇော်အထူးကို ခံထိုက်ခြင်း ဟူ၍ဖြစ်၏။ ထို အနက်နှစ်မျိုးအနက် သူတော်ကောင်း ဖြစ်ခြင်း ဟူသည် မိမိသန္တာန်၌ ကိလေသာ အကုသိုလ်, ဒုစရိုက်ဟူ၍ မြူမှုန်မျှ မရှိခြင်းဖြစ်၏။ ထိုအခါ သူတော်ကောင်း စစ်စစ် ဖြစ်လေ၏။ သစ္စာလေးပါး တွင်လည်း သမုဒယသစ္စာခေါ် လောဘကို ပယ်သတ်နိုင်ရေးသည် ပဓာနဖြစ်၏။ လောဘကို ပယ်သတ်နိုင်ရန် ကျန်သစ္စာများက အထောက်အကူ ပြုရ၏။ လောဘ ကို အကြွင်းမဲ့ ပယ်သတ်နိုင်သည်နှင့် တစ်ပြိုင်နက် သူတော်ကောင်းစစ်စစ် ဖြစ်၏။ သူတော်ကောင်းစစ်စစ်ကို အရိယာဟူ၍ ခေါ်၏။ မိမိသန္တာန်၌ ကိလေသာ အကုသိုလ်ဒုစရိုက်များ ချုပ်ငြိမ်းသွားသည်နှင့်အမျှ အသိဉာဏ်သည် ထက်မြက် လာရ၏။ ထို့ကြောင့် မှန်ကန်သော အသိဉာဏ်သည် ကိုယ်ကျင့်သိက္ခာ ကောင်းမှု အပေါ်၌ တည်၏။ မြတ်စွာဘုရားနှင့် ပတ်သက်လာလျှင် အသိဉာဏ်ပိုင်း ဆိုင်ရာ သမ္မာသမ္ဗုဒ္ဓဂုဏ်သည် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အရဟံဂုဏ်ပေါ်၌ တည်၏။ အရဟံဂုဏ်တော်အရ သူတော်ကောင်း၊ အတုမဲ့သူတော်ကောင်း ဖြစ်သည်နှင့် တစ်ပြိုင်နက် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံး၏ ပူဇော်အထူးကို ခံထိုက်သည်မှာ အငြင်းပွားစရာ ပြဿနာ မဟုတ်တော့၊ အလိုအလျောက် လက်ခံပြီးသား ဂုဏ်ပင် ဖြစ်၏။

ကိုယ်ကျင့်သိက္ခာလည်း ကောင်း၏၊ အသိဉာဏ်နှင့်လည်း ပြည့်စုံ၏ ဟူ၍ ဆိုလျှင် ထိုပုဂ္ဂိုလ်မျိုးသည် မည်သည့်လုပ်ငန်းမျိုးကိုမဆို ထိုက်ထိုက်တန်တန် အကောင်အထည် ဖော်နိုင်သည်သာ ဖြစ်၏။ ထိုအခါ ထိုပုဂ္ဂိုလ်မျိုးကို ဘုန်းကံ ကြီးမားသူ ဟူ၍ ဆိုရ၏။ ထို့ကြောင့် ဘုန်းကံကြီးမားမှုသည် ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှုနှင့် အသိဉာဏ်ပြည့်စုံမှု အပေါ်၌ တည်၏။ မြတ်စွာဘုရားနှင့် ပတ်သက်လာလျှင် ဘဂဝါဂုဏ်သည် အရဟံဂုဏ်နှင့် သမ္မာသမ္ဗုဒ္ဓဂုဏ် အပေါ်၌ တည်၏။ ဘဂဝါ ဟူသည်မှာ ဘုန်းကံရှိခြင်း ဖြစ်၏။ ဘုန်းကံရှိခြင်း ဟူသည်မှာ မည်သည့်လုပ်ငန်းမျိုးကိုမဆို ထိုက်ထိုက်တန်တန် အကောင်အထည် ဖော်နိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျမ်းစာများ၏ ပဏာမအနေဖြင့် "နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟူ၍ ပုဂ္ဂိုလ်တစ်ယောက်၌ အဓိက

အကျဆုံးဖြစ်သော ဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ် ဟူသော ဂုဏ်တော် သုံးပါးကို ဖော်ပြခြင်း ဖြစ်၏။ ဂုဏ်တော်သုံးပါးတို့တွင် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အရဟံဂုဏ်တော်သည် အခြေခံ အကျဆုံး ဖြစ်၏။

ကိုယ်ကျင့်သိက္ခာ မြင့်မားလာလျှင် အသိဉာဏ်လည်း ထက်မြက်လာမည်။ ဘုန်းကံလည်း ကြီးလာမည်။ ဤသည်များမှာ မလွဲမသွေ ဖြစ်ပေါ်လာမည့် ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ကြသည်။ ဆရာတော်ကလည်း ကိုယ်ကျင့်သိက္ခာ မြင့်မား လာသူများ၏ သန္တာန်၌ ဖြစ်ပေါ်လာတတ်သော စိတ်နေစိတ်ထားနှင့် ပတ်သက်၍ "ကိုယ်ကျင့်အဘိဓမ္မာ"စာအုပ်၌ မိမိကိုယ်ကို စံပြပြု၍ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"ကိုယ်တည်းတစ်ယောက်၊ ဆင်းရဲရောက်လို့၊ ကိုယ့်နောက်အများ၊
ချမ်းသာပွားမူ၊ တစ်ပါးဖြစ်ထွေ၊ ဆင်းရဲစေတော့ . . ."

လူ့ဘဝဟူသည် ရခဲသောဘဝ ဖြစ်၏။ ထို့ကြောင့် ဒုလ္လဘဟု ကျမ်းဂန် များ၌ ဆိုခြင်း ဖြစ်၏။ နတ်ဘဝ၊ ဗြဟ္မာဘဝကို ရခဲ၏ဟု မဆို၊ ဒုလ္လဘဟု မဆို။ ထို့ကြောင့် လူသည် နတ်များ၊ ဗြဟ္မာများလို မိမိအတွက် တစ်ဦးကောင်း တစ်ယောက်ကောင်း အနေဖြင့် စည်းစိမ်ခံစားရန် လူဖြစ်လာခြင်း မဟုတ်။ လောက၏ကောင်းကျိုးကို ဆောင်ရွက်ရန် လူဖြစ်လာခြင်း ဖြစ်၏။ ဤအမြင်မျိုးကို လူတိုင်း မြင်သည် မဟုတ်။ ကိုယ်ကျင့်သိက္ခာ မြင့်မားသူများသာ မြင်နိုင်ကြ၏။ မိမိ၏ ကာယိကဒုက္ခ အပေါ်၌ နောက်လိုက်ငယ်သား လက်အောက်ခံများ၏ ကာယိကသုခနှင့် စေတသိကသုခများကို တည်ဆောက်ပေးရာတွင် ကိုယ်ကျင့် သိက္ခာ ယုတ်နိမ့်သူများ မခံစားထိုက်သော ရသကို ကိုယ်ကျင့်သိက္ခာ မြင့်မားသူ များသာ ခံစားထိုက်၍ ခံစားနိုင်ကြ၏။ ဤရသမျိုးကို ခံစားတတ်အောင် ဆရာတော် က ဤစာအုပ်ဖြင့် ကြိုးပမ်းထားကြောင်း တွေ့ရ၏။

ဆရာတော်သည် လူတိုင်း စိတ်နေစိတ်ထား မြင့်မြတ်စေချင်၏။ စိတ်နေ စိတ်ထား မြင့်မြတ်မှုလည်း မနုဿတ္တဘာဝေါ ဒုလ္လဘောနှင့် ညီမည် ဖြစ်၏။ စိတ်နေစိတ်ထား မြင့်မြတ်အောင် ပြုပြင်၍ ရ၏။ စိတ်နေစိတ်ထား ပြုပြင်ရေးနှင့် ပတ်သက်၍ ဆရာတော်က–

"မိမိ၏စိတ်ထားကို ကောင်းအောင်ပြုပြင်ဖို့ရာ အကြောင်းများစွာ ရှိ၏။ မိမိ စိတ်ထား မကောင်းသေးသော အချက်၊ ယုတ်မာနေသော အချက် များကို မိမိသာ အသိဆုံး ဖြစ်၏။ ထိုကဲ့သို့ စိတ်ယုတ်မာ ရှိနေသူသည် လောကီဂုဏ်အတွက် အထက်တန်း ရောက်နေသော်လည်း စိတ်အနေ အထား အားဖြင့် အောက်တန်းစားပင် ဖြစ်သေး၏။"

ဟူ၍ ဖော်ပြထား၏။ ရာထူး ဂုဏ်သိန် စည်းစိမ်မြင့်မားခြင်းက တစ်မျိုး၊ စိတ်နေ စိတ်ထား နိမ့်ကျယုတ်မာခြင်းက တစ်မျိုး ဟူ၍ နှစ်မျိုး ရှိနိုင်ကြောင်းကို ဆရာတော်က ညွှန်ပြထားရာ များစွာ သတိပြုပြီး မိမိကိုယ်ကို ပြုပြင်သင့်၏။

ကျေးဇူးကန်းခြင်းသည် စိတ်ထားယုတ်မာသူတို့၏ အမူအကျင့် ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် မက္ခ ဟုဆို၏။ အဘိဓမ္မာသဘာဝအရ စဉ်းစားလျှင် အမြင်မှားမှု မိစ္ဆာဒိဋ္ဌိအုပ်စု၌ ပါဝင်၏။ မိစ္ဆာဒိဋ္ဌိတွင်လည်း အကြောင်းတရားကို ပယ်သော "အကြိယဒိဋ္ဌိ"အုပ်စု၌ ပါဝင်၏။ အကြောင်းတရားကို ပယ်ခြင်းသည် ကျေးဇူးကန်းခြင်းပင် ဖြစ်၏။ ကျေးဇူးကန်းသည်နှင့် တစ်ပြိုင်နက် လူယုတ်မာ ဖြစ်တော့၏။ ကျေးဇူးကို သိတတ်မှ သူတော်ကောင်း ဖြစ်မည်။ သူတော်ကောင်း ဖြစ်မှ သံသရာ၌ ကျင်လည်ရစဉ် နှလုံးသွင်းမှန်ပြီး လောကခံကို ခံနိုင်ကာ ပါရမီများကို ဖြည့်ကျင့်နိုင်မည်။ ပါရမီများကို ဖြည့်ကျင့်ခြင်း၌ "ရသ"ကို တွေ့အောင် ရှာနိုင်ခြင်းသည် လူဖြစ်ရခြင်း၏ မွန်မြတ်သော အကျိုးဖြစ်၏။

## ကျေးဇူးရှင်မှန်း သိအောင် အားထုတ်ပါ

ကျွန်တော်တို့သည် လူ့ဘဝ၌ နေနိုင်ခြင်းသည် အကြောင်းမဲ့ မဟုတ်။ ထိုကဲ့သို့ နေနိုင်အောင် ကျေးဇူးပြုတတ်သော ကျေးဇူးရှင်များကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ထိုကျေးဇူးရှင်များကို ကျေးဇူးရှင်မှန်းသိအောင် ပထမ အားထုတ်ရ၏။ ထိုနောက် အခြေအနေ ပေးသလို ကျေးဇူးဆပ်ရ၏။ ကျေးဇူးရှင်များတွင် မိဘ, ဘိုး, ဘွား တို့သည် ပထမ ကျေးဇူးရှင်များ ဖြစ်ကြ၏။ ကျွန်တော်တို့သည် သူတို့ကြောင့် လူဖြစ်လာရခြင်း ဖြစ်၏။ ထို့ကြောင့် သူတို့ကို ပိတုယည ဟုခေါ်၏။ ပိတုယည ဟူသည်မှာ ကျေးဇူးဆပ်အပ်သော မိဘများဟူ၍ အနက်ရှိ၏။ မြန်မာနိုင်ငံတွင် တကောင်းအဘိရာဇာမှစ၍ တိုင်းရင်းသား အစဉ်အဆက် အားလုံးတို့သည်လည်း ကျေးဇူးရှင်များပင် ဖြစ်ကြ၏။

ထိုအထဲတွင် ဘုရင်များလည်း ပါ၏။ မှူးမတ်များလည်း ပါ၏။ နိုင်ငံရေး သမားများလည်း ပါ၏။ စစ်ဘက် နယ်ဘက် ဝန်ထမ်းများလည်း ပါ၏။ ရဟန်း သံဃာတော်များလည်း ပါ၏။ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသား ဟူ၍ ရှိနေခြင်းမှာ သူတို့ကြောင့် ဖြစ်၏။ ထို့ကြောင့် သူတို့ကို နရယည ဟု ခေါ်၏။ နရယည ဟူသည်မှာ ကျေးဇူးဆပ်အပ်သော လူများဟူ၍ အနက်ရှိ၏။

တော တောင် ရေ မြေနှင့် သဘာဝပေါက်ပင်များ၊ စိုက်ပျိုးပင်များသည်လည်း ကျေးဇူးရှင်များပင် ဖြစ်၏။ ယင်းအုပ်စုတွင် တိရစ္ဆာန်များလည်း ပါဝင်၏။ ယင်းတို့ကို ဘူတယည ဟုခေါ်၏။ ဘူတယည ဟူသည်မှာ ကျေးဇူးဆပ်အပ်သော၊ ထင်ရှားသော သက်ရှိသက်မဲ့ ဝတ္ထုများဟူ၍ အနက်ရှိ၏။

မြန်မာနိုင်ငံကို စောင့်ရှောက်ကြသော နတ်ဒေဝါများသည်လည်း ကျေးဇူးရှင်များပင် ဖြစ်၏။ ယင်းတို့ကို ဒေဝယည ဟုခေါ်၏။ ရတနာသုံးပါးသည်လည်း ကျေးဇူးရှင်များပင် ဖြစ်၏။ ယင်းကို ဗြဟ္မယည ဟုခေါ်၏။ ဗြဟ္မယည ဟူသည်မှာ ကျေးဇူးဆပ်အပ်သော "မကောင်းမှုကို ပယ်ဖျောက်ပေးသူများ" ဟူ၍ အနက်ရှိ၏။ ဤကျေးဇူးရှင် ငါးမျိုးတို့တွင် ဘူတယညနှင့် ပတ်သက်၍ ဆရာတော်က–

> "အကြင်သစ်ပင်၏ အရိပ်၌ ထိုင်နေ အိပ်နေအံ့၊ ထိုသစ်ပင်၏ အခက်ကို မချိုးပါနှင့်။ အရိပ်နေနေ အခက်ချိုးချိုး၊ မိတ်ဆွေပြစ်မှားသော ထိုလူမျိုးဟာ လူယုတ်မာဖြစ်သည်။..."

ဟု ဆို၏။ ဆရာတော်က မြန်မာနိုင်ငံသားများ အားလုံးသည် ရတောင့်ရခဲလာသော မြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာကျင့်သုံး၍ ကျေးဇူးသိတတ်သူ၊ စိတ်နေစိတ်ထား မြင့်မြတ်သူများ ဖြစ်စေချင်လွန်းသဖြင့် ဤကျမ်းစာကို ရေးခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါ၏။

မြတ်စွာဘုရား ပွင့်တော်မူသော အခါမှသာ ကုသိုလ်နှင့် အကုသိုလ်တို့ကို သိရ၏။ ကုသိုလ်နှင့် အကုသိုလ်ကို သိပါမှလည်း အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပြုနိုင်၏။ ထိုအခါမှသာ တစ်ဘဝထက် တစ်ဘဝ မြင့်မားပြီး မိမိကိုယ်တိုင် အမြိုက် နိဗ္ဗာန်ကို ရနိုင်၏။ သူတစ်ပါးကိုလည်း ရစေနိုင်၏။ သို့မဟုတ်ပါက သံသရာ၌ ထက်အောက် စုန် ဆန် မျောချင်သလို မမျောဘဲ တစ်ဘဝထက် တစ်ဘဝ မြင့်သည်ထက် မြင့်လိုပါက ဤကျမ်းစာ၌ ဆရာတော် ညွှန်ပြထားသည့်အတိုင်း မိမိတို့၏ စိတ်နေစိတ်ထားကို မြင့်မြတ်အောင် အားထုတ်အပ်၏။ မိမိတို့၏ စိတ်နေစိတ်ထားကို မြင့်မြတ်အောင် အားထုတ်ဖို့ရန်အတွက် ဤလူ့ပြည်၌ လူလာဖြစ်ရခြင်း ဖြစ်၏။

ဤသဘောကို ပြက်ပြက်ထင်ထင် မြင်သာအောင် ဆရာတော်သည် ဤကျမ်းစာအုပ်၌ အကုသိုလ်စေတသိက်များနှင့် ကုသိုလ်စေတသိက်များကို ရှင်းလင်းစွာ ဖော်ပြထား၏။ ပို၍နားလည်စေရန် ဝတ္ထုဇာတ်လမ်းများကိုလည်း ထုတ်ပြ၍ ရှင်းလင်းတင်ပြထား၏။ လူ့ဘဝ၏ တန်ဖိုးကို တကယ်တမ်း နားလည်လိုသူများသည် ဤစာအုပ်ကို ဖတ်၍၊ ဤစာအုပ်ပါ သွန်သင်ချက်များအတိုင်း လိုက်နာ၍ ကျင့်ကြံအားထုတ်အပ်၏။ သို့မှသာ လူဖြစ်ရကျိုး နပ်ပေလိမ့်မည်။

## ပညာနှင့် ဗဟုသုတ

"တရားဂုဏ်တော်များတွင် 'အကာလိကော' အခါမလင့် အကျိုးကို ပေးတတ်၏ ဟု ပါရှိရာ အခါမလင့် အကျိုးကိုပေးခြင်း ဟူသည် အသိဉာဏ်တစ်ခုကို ရလိုက်

သည်နှင့် တစ်ပြိုင်နက် မိမိ၏သန္တာန်၌ ဆိုင်ရာ ကိလေသာ ဒုစရိုက်များကို ပယ်ရှားခြင်းပင် ဖြစ်သည်"ဟု မိုးကုတ်ဆရာတော်ကြီးက မိန့်၏။ အကယ်၍ ထိုကဲ့သို့ ကိလေသာ ဒုစရိုက်များကို ပယ်ရှားခြင်း မပြုနိုင်ပါက ထိုအသိဉာဏ်သည် စစ်မှန်သော ပညာ မဟုတ်၊ ဗဟုသုတသာ ဖြစ်၏။ ပညာဉာဏ်စစ်စစ် ဖြစ်ပါက "အကာလိကော" ဟူသော တရားဂုဏ်တော်အရ ကိလေသာဒုစရိုက်များကို သိသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ပယ်နိုင်၏။ ဗဟုသုတ ဖြစ်ပါက ကိလေသာ ဒုစရိုက်များကို သိသည်နှင့် တစ်ပြိုင်နက် ချက်ချင်း တိုးပွားစေနိုင်၏။ ထို့ကြောင့် ပါရာဇိက ကဏ္ဍပါဠိတော်လာ သိက္ခာပုဒ်ပညတ်ရန် ရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား တောင်းပန်ခန်း၌ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား ဗဟုသုတများခြင်းသည် ကိလေသာဒုစရိုက် ပွားစီးခြင်း၏ အကြောင်းဖြစ်သည်ဟု ဟောတော်မူခြင်း ဖြစ်၏။ သို့ဖြစ်၍ ပညာနှင့် ဗဟုသုတတို့၏ ခြားနားခြင်းကို သိအောင် အားထုတ်အပ်၏။ ထို့အပြင် ဗဟုသုတထဲမှ ပညာကို ရအောင်ယူနိုင်ရန် ဤကျမ်းစာကို ကြိုးစားပမ်းစား လေ့လာသင့်ပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါ၏။

## အနာဂတ် သာသနာရေး

နောက် ဖတ်သင့်သော စာအုပ်တစ်အုပ်မှာ ဆရာတော် အရှင်ဇနကာဘိဝံသ၏ "အနာဂတ်သာသနာရေး" ကျမ်းစာတစ်အုပ် ဖြစ်၏။ ထိုစာအုပ်ကို လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်လောက်က ဖတ်ဖူး၏။ ထိုစဉ်ကလည်း စာအုပ်၏ အရသာကို ခံစားနိုင်ခဲ့၏။ မြန်မာနိုင်ငံရှိ လူ, ရှင်, ရဟန်း အားလုံးတို့သည် စာအုပ်ပါ ဆရာတော်၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြပါလျှင် မည်မျှကောင်းလေမည်နည်းဟု စိတ်ဆန္ဒ ဖြစ်ခဲ့ဖူး၏။ အကယ်၍သာ ဆရာတော်၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြပါလျှင် မြန်မာနိုင်ငံသည် ကမ္ဘာ၌ ထိုက်ထိုက်တန်တန် နေရာကို ရနိုင်သည်ဟု ယုံကြည်ခဲ့၏။

ယခု ဒုတိယအကြိမ် ဤစာအုပ်ကို ဖတ်မိပြန်၏။ ယခုအကြိမ်၌ကား "စာဖတ်ဝါ" ပိုရင့်လာသည် အားလျော်စွာ ဆရာတော်၏ စေတနာကို ပို၍ မြင်လာ၏။ ဆရာတော်၏ အယူကိုလည်း ပို၍ နှစ်ခြိုက်လာ၏။ စာအုပ်၏ အရသာကိုလည်း ပို၍ ခံစားနိုင်လာ၏။ တစ်ခုသော ကာလတွင် မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ခုလုံးကပါ ဆရာတော် ဆန္ဒရှိသလို ထေရဝါဒ ဗုဒ္ဓဘာသာ၏ သွန်သင်ချက်များအတိုင်း ပစ္စုပ္ပန်နှင့် တမလွန် အကျိုးစီးပွားအတွက် လောကရေးနှင့် ဓမ္မရေး နှစ်မျိုးလုံး၌ ထေရဝါဒ ဗုဒ္ဓဘာသာကို အသုံးချလာလိမ့်မည်ဟု ပို၍ ပို၍ ခိုင်မာစွာ ယုံကြည်လာမိ၏။

လူ့သမိုင်းတစ်လျှောက် ပေါ်ပေါက်လာခဲ့သော ကမ္ဘာ့ခေါင်းဆောင် အမည်ခံသူများသည် ကျယ်ပြန့်သော စိတ်ထားရှိပါက ဦးစားပေး အစီအစဉ်အရ မိမိ၏ အကျိုးစီးပွား၊ မိမိအမျိုးသားတို့၏ အကျိုးစီးပွားနှင့် ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့၏ အကျိုးစီးပွားကို လည်းကောင်း၊ ထို့ထက်ကျဉ်းမြောင်းသော စိတ်ထားရှိပါက မိမိ၏ အကျိုးစီးပွားနှင့် မိမိအမျိုးသားတို့၏ အကျိုးစီးပွားကို လည်းကောင်း၊ အကျဉ်းမြောင်းဆုံး စိတ်ထားရှိပါက မိမိ၏ အကျိုးစီးပွားကို လည်းကောင်း စွမ်းစွမ်းတမံ ဆောင်ရွက်ကြကြောင်း တွေ့ရ၏။ သို့ရာတွင် ထိုသို့ ဆောင်ရွက်ရာ၌ "ငါ"ကို ဗဟိုပြု၍ ဆောင်ရွက်ကြသည်ချည်း ဖြစ်၏။ "ငါ"ကို ဗဟိုပြုလျှင် ပြိုင်ဘက်ကိုနှိမ်သည့် သဘောသည် အလိုအလျောက် ပါ၏။ လက်ရှိ အနေအထားအရ မိမိအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသော တစ်ချိန်က ကျေးဇူးရှင်တို့၏ ကျေးဇူးကို အထိုက်အလျောက် ထိမ်မြုံသည့် သဘောလည်း ပါ၏။ ထိုသို့မှ မဆောင်ရွက်လျှင်လည်း ပြိုင်ဘက်တို့၏ စွမ်းရည်က မိမိကို လွှမ်းမိုးသွားနိုင်၏။ မိမိအပေါ် ကျေးဇူးများခဲ့သော ကျေးဇူးရှင်တို့၏ ကျေးဇူး များကလည်း မိမိကို သေးသိမ်သွားစေနိုင်၏။ ဤသို့ ဖြစ်လာရခြင်းကို သူသည် သည်းမခံနိုင်။ ဤသဘောမှာ လုပ်ငန်းတစ်ခုကို လုပ်ရာ၌ "ငါ"ကို ဗဟိုပြု၍ ဆောင်ရွက်ကြသူတိုင်း၏ သန္တာန်၌ မလွဲမသွေ ကိန်းအောင်းတတ်၏။ ထိုတွင် "ငါ"ကို ဗဟိုပြုသည့် သဘောကို "ထမ္ဘ"ဟု ဆို၏။ "ထမ္ဘ"ဟူသည်မှာ "တိုင်" ဖြစ်၏။ မိမိကိုယ်ကို ကျောက်တိုင်လို ကိုယ်တိုင်ကလည်း၊ မှတ်ယူသူများကိုလည်း မှတ်ယူစေလိုသော သဘောဖြစ်၏။ အားလုံး၏ အထင်ကြီးမှုကို ခံယူလိုခြင်းတည်း။ ပြိုင်ခြင်းကို "ပဠာသ"ဟု ဆို၏။ အနက်အရင်းမှာ စစ်တိုက်ခြင်း ဖြစ်၏။ ကိုယ်တိုင် လည်း ယူ၊ သူများကိုလည်း ကျေးဇူးကန်းခြင်းကို "မက္ခ"ဟုဆို၏။ ဤသဘော သုံးမျိုးသည် အကုသိုလ်ချည်း ဖြစ်၏။ မိမိကိုယ်ကို ကျောက်တိုင်လို ယူဆလိုသူ တိုင်း၌ ဤသဘောသုံးမျိုးသည် ပါဝင်တတ်၏။ မည်သည့် ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဤသဘောသုံးမျိုးဖြင့် ဦးစားပေး အစီအစဉ်အရ မိမိ၏ အကျိုးစီးပွားကို ဖြစ်စေ၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ဖြစ်စေ၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့၏ အကျိုးစီးပွားကို ဖြစ်စေ ဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းစွာ ဆောင်ရွက်၍ မရနိုင်ကြောင်း ကမ္ဘာ့သမိုင်းက သက်သေခံ၏။

• ထေရဝါဒ ဗုဒ္ဓဘာသာကား ထိုသဘောနှင့် ပြောင်းပြန်ဖြစ်၏။ မည်သည့် လုပ်ငန်းကို ဆောင်ရွက် ဆောင်ရွက်၊ "ငါ"ကို အခြေမခံဘဲ၊ "ငါ"ကို ဗဟိုမပြုဘဲ ဆောင်ရွက်နိုင်ရန် ကြိုးစား၏။ ထိုသို့ ကြိုးစားဆောင်ရွက်ရာ၌ ကမ္ဘာသူ ကမ္ဘာသား တို့၏ အကျိုးသည် ပထမ၊ မိမိအမျိုးသားတို့၏ အကျိုးသည် ဒုတိယ၊ မိမိအကျိုး

သည် တတိယဖြစ်၏။ တတိယဖြစ်သော်လည်း ယင်းတတိယသည် ပထမ၌လည်း ပါဝင်၏။ ဒုတိယ၌လည်း ပါဝင်၏။ တတိယ၌ကား လုံးလုံးပါဝင်၏။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာအမြင်ဖြင့် ဆောင်ရွက်ခြင်းသည် အပြည့်စုံဆုံး ဖြစ်၏။

အခြားဝါဒများကား ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုကို အဓိက ထား၏။ ယင်းသဘောကို သိပ္ပံအဓိကဟု ဆိုနိုင်၏။ သိပ္ပံအဓိကသည် အပြင်ပိုင်း ပြည့်စုံမှုကို ဖန်တီးရန် တတ်နိုင်၏။ ထို့ကြောင့် ကိုယ်ချမ်းသာမှု "ကာယိကသုခ"သည် ပြဋ္ဌာန်း၏။ ဤလောက၌ လူဖြစ်ရခြင်းသည် ကိုယ်ချမ်းသာရုံနှင့် မပြီးသေး၊ စိတ်ချမ်းသာမှု "စေတသိက သုခ" ရှိဖို့လည်း လိုသေး၏။ စိတ်ချမ်းသာမှုရှိဖို့ ဟူသည်မှာလည်း လောဘ, ဒေါသ, မာန်မာနများ ဦးစီးနေသမျှ ကာလပတ်လုံး မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၊ အမြဲတမ်း ပူလောင်နေမည်သာ ဖြစ်၏။ ထို့ကြောင့် တကယ်တမ်း စိတ်ချမ်းသာလိုပါက အလောဘ, အဒေါသ, အမောဟများ ဦးစီးဖို့ လို၏။ ဗြဟ္မစိုရ်တရားများ ပြဋ္ဌာန်းဖို့ လို၏။ ထိုသို့ ဖြစ်လာစေရန် ဗုဒ္ဓအဘိဓမ္မာ အဓိကဖြင့် ဆောင်ရွက်မှ ဖြစ်လာမည် ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာ အဓိကဖြင့် ဆောင်ရွက်မှလည်း မှန်ကန်သော စိတ်ချမ်းသာမှုကို ရနိုင်၏။ မှန်ကန်သော စိတ်ချမ်းသာမှုကို ရပါမှလည်း "လူ" ဖြစ်ရကျိုး နပ်၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ အဓိကသည် အတွင်းပိုင်း ကိုယ်ကျင့်သိက္ခာ၏ ပြည့်စုံမှုကို ဖန်တီးနိုင်သည်ဟု ဆိုရ၏။ ဤသည်မှာ သိပ္ပံအဓိကနှင့် ဗုဒ္ဓအဘိဓမ္မာ အဓိကတို့၏ ခြားနားမှု ဖြစ်၏။

မည်သည့်လုပ်ငန်းပဲဖြစ်ဖြစ် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ ဆရာတော်က လူများကိုလည်း ပါစေချင်၏။ ရဟန်းတော်များကိုလည်း ပါစေချင်၏။ လူများသည် လုပ်ငန်းကို အကောင်အထည်ဖော်ရာ၌ တိုက်ရိုက်တာဝန်ယူရသဖြင့် လူများမပါလျှင်လည်း မဖြစ်။ ရဟန်းများကား လုပ်ငန်းကို အကောင်အထည် ဖော်ရာ၌ တိုက်ရိုက် မပါဝင်ရသော်လည်း တိုက်ရိုက်ပါဝင်သူ လူအများ၏ ကိုယ်ကျင့်သိက္ခာပိုင်းကို တာဝန်ယူရသဖြင့် ရဟန်းများ မပါလျှင်လည်း မဖြစ်။

ဤစာအုပ် တစ်နေရာ၌–

"လွတ်လပ်ပြီးသော မြန်မာပြည်ကို ကမ္ဘာပေါ်တွင် လူချင်းတူအောင် မြှင့်တင်ရာ၌ တိုင်းပြည်ခေါင်းဆောင် လူဝတ်ကြောင်များချည်း ပြုပြင်နေရုံမျှဖြင့် မြန်ဆန်လှမည် မဟုတ်။ ရဟန်းတော်များကလည်း မိမိတို့ စွမ်းနိုင်ရာဘက်က တိုင်းသူပြည်သားများကို ပြုပြင်ပေးသင့်ကြ၏။"

ဟု ဖော်ပြထားရာ ရဟန်းသံဃာတော်များ စွမ်းနိုင်ရာအပိုင်း ဟူသည်မှာ ကိုယ်ကျင့်သိက္ခာ တည်ဆောက်မှုအပိုင်း ဖြစ်၏။ ကိုယ်ကျင့်သိက္ခာ တည်ဆောက်မှုအပိုင်းတွင် တာဝန်ယူနိုင်လောက်အောင် ရဟန်းတော်များ ကိုယ်တိုင်ကလည်း အသိ–ဝိဇ္ဇာနှင့်

အကျင့်-စရဏ ပြည့်စုံမှလည်း ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် "ပုညက္ခေတ္တ အနုတ္တရ" ဂုဏ်နှင့်လည်း ပြည့်စုံမည်။ ထိုဂုဏ်ပြည့်စုံမှလည်း မြန်မာနိုင်ငံသည် အကျိုးပေးထက်သန်သော ကုသိုလ်ကံများ၏ အာနုဘော်ကြောင့် ကမ္ဘာတွင် စိတ်ပိုင်းဆိုင်ရာအရ လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအရ လည်းကောင်း အထက်တန်းကျသော နိုင်ငံတစ်နိုင်ငံ အဖြစ်သို့ ရောက်လာမည်။ ဤသို့ ဆရာတော်က မျှော်လင့်၏။

ရဟန်းတော်များ အထက်တန်းပညာ တတ်မြောက်ရေးနှင့် ပတ်သက်၍ ဆရာတော်က ဤစာအုပ်၌-

(၁) ကျောင်းတိုက်အုပ်ချုပ်၍ ဆရာလုပ်နည်း၊
(၂) ကျမ်းစာရေးသား၍ ပြင်ဆင်နည်း၊
(၃) တရားဟောနည်းနှင့် ဩဝါဒပေးနည်း၊
(၄) သက္ကတကျမ်းစာများ၊
(၅) ဟိန္ဒီ၊ အင်္ဂလိပ် စသော ခေတ်အလိုက် သိထိုက်သော ဘာသာများတည်း။

ဟူ၍ ဖော်ပြထား၏။

ထို့အပြင် စာအုပ်တစ်နေရာ၌-

"ဒီပဲရင်းဆရာတော်ကြီး ပေးတော်မူသော ဩဝါဒတစ်ရပ်မှာ 'ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်' ဟု ဖြစ်သည်။ မိန့်တော်မူလိုရင်းမှာ 'စာတွေ အရကျက်မှတ်ပြီး စာမေးပွဲအောင်သဖြင့် **စာတတ်** ဟု ဆိုရသော်လည်း စာ၌ပါသော အကြောင်းအရာ အကျင့်သိက္ခာကို ခန္ဓာကိုယ်၌ တည်ရှိအောင် တတ်ထားဖို့ အရေးကြီးသည်။ စာမှာသာတတ်၍ ခန္ဓာကိုယ်၌ မတတ်လျှင် **ငါစာတတ်သည်** ဟု အထင်ရှိကာ တဏှာဖြင့် သာယာ၍ မာနဖြင့် တက်ကြွလျက် အမှားဒိဋ္ဌိဟူသော ဂါဟတရား ဤသုံးပါးတို့၏ ကိုက်စားဝါးမျိုခြင်း ခံရတတ်သည်' ဟု မိန့်တော်မူလိုပါသည်။"

ဟူ၍ ဖော်ပြထား၏။

ဆရာတော်သည် ရဟန်းသံဃာတော်များကို စာလည်း တတ်စေလို၏။ အကျင့်လည်း ကောင်းစေလို၏။ သို့မှသာ ကိုယ်ကျင့်သိက္ခာဘက်၌ လူများကို ဦးဆောင်နိုင်မည် ဖြစ်၏။ လူများကို ဦးဆောင်နိုင်မှလည်း မြန်မာနိုင်ငံသည် အေးချမ်းသာယာသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည် ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ လူတို့၏ သန္တာန်၌ ကုသိုလ်တရား ပွားများနေလျှင် ထိုနိုင်ငံသည် ပူလောင်ခြင်း

မရှိ၊ အေးချမ်းသာယာ၏။ လူတို့၏ သန္တာန်၌ အကုသိုလ်တရား ပွားများနေလျှင် ထိုနိုင်ငံသည် အေးချမ်းသာယာမှု မရှိ၊ ပူလောင်နေ၏။ ဤသည်မှာ ကုသိုလ်နှင့် အကုသိုလ်တို့၏ အကျိုးပေးဖြစ်၏။ ဤအကျိုးပေးကို ရှောင်လွှဲ၍ မရချေ။

ဗုဒ္ဓဘာသာသည် လောကီကြီးပွားရေးနှင့် ပတ်သက်၍ အနှောင့်အယှက် ဖြစ်သည်ဟု ပြောတတ်ကြရာ၊ ထိုပြောဆိုမှုနှင့် ပတ်သက်၍ ဆရာတော်က စာအုပ် တစ်နေရာ၌-

"ရာဇဂြိုဟ်မြို့လယ် ဝေဠုဝန်တိုက်တော်၌ ဘုရားရှင် သီတင်းသုံးတော် မူလေ့ ရှိပါသည်။ သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းသည်လည်း အုပ်ချုပ်နေပါသည်။ ထိုမင်းလက်ထက်မှာပင် ဥပုသ်နေ့ စသော နေ့ကြီး ရက်ကြီးများ၌ သား ငါးတို့ကို မသတ်ရဟု ကြွေးကြော်ရသောကြောင့် အခြားရက်များဝယ် သား ငါးတို့ကို သတ်နေကြသည်ဟု သိသာပါ သည်။ ထိုမင်းလက်ထက်၌ပင် တံကျင်လျှို၍ သတ်ရသော ကိစ္စကို ကာကဝလ္လိယဇာတ်၌ တွေ့ရသည်။ ဝေသာလီပြည်၌ သီဟစစ်သူကြီး သည် သောတာပန် ဖြစ်နေပါလျက် စစ်တပ်၏ သေနာပတိ ဖြစ်နေပါ သည်။ ဤအချက်များကို ထောက်ထား၍ ဘာသာရေး သာသနာရေး သည် လောကီအရေး၌ အနှောင့်အယှက် မပေးဟု သိစေလိုပါသည်။"

ဟု ဖော်ပြထားရာ လောကီရေးနှင့် ဘာသာရေးတို့ အကြား၌ နှလုံးသွင်း "မနသိကာရ" တံတိုင်းရှိကြောင်း သိမြင်နိုင်ပါသည်။

ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ သို့ဖြစ်လျှင် 'ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ဘယ်လောက်ထိ သိသလဲ' ဟု မေးလျှင် ထိုမေးခွန်းသည် အတော် ဖြေရခက်သော မေးခွန်းဖြစ်၏။ ထိုမေးခွန်းကို လွယ်လွယ်လည်း ဖြေနိုင်၏။ လွယ်လွယ်ဖြေရာတွင်လည်း တစ်ဦးနှင့် တစ်ဦး ဖြေပုံချင်း မတူ။ ခက်ခက်ဖြေရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ဖြေပုံချင်း မတူ။ ထိုသို့ မတူချင်းမှာ တစ်ဦးနှင့်တစ်ဦး အသိချင်း မတူ သောကြောင့် ဖြစ်၏။ အာရုံကို ဒွါရဖြင့် ယူပုံချင်း တူပါလျက် အသိချင်း ဘာကြောင့် မတူကြပါသနည်း။

ဗုဒ္ဓအဘိဓမ္မာအရ အသိဟူသည် ဓာတ်၏အမည် ဖြစ်၏။ ဓာ ဟူသည်မှာ လည်း ကံပင်ဖြစ်၏။ သို့ဖြစ်လျှင် ဥပါဒါနပစ္စယာဘဝေါ ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အသိ ဟူသမျှသည် ဥပါဒါန်ကြောင့် ဖြစ်ရကား ဥပါဒါန် မတူသမျှ အသိလည်း မတူနိုင်ချေ။ ဤနေရာ၌ ဘဝဟူသည် ကမ္မဘဝ ဖြစ်၏။

ကမ္မဘဝ ဟူသည်မှာလည်း ကံဖြစ်၏။ ကံ ဟူသည်မှာလည်း စေဖြစ်၏။ စေ ဟူသည်မှာ အသိပင် ဖြစ်၏။

ဥပါဒါန်လေးမျိုး ရှိ၏။ တစ်မျိုးမှာ ပတ်ဝန်းကျင်ဖြစ်၏။ ယင်းကို ကာမ ဟု ဆို၏။ ကာမ ဟူသည်မှာလည်း အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ ဖြစ်၏။ ထို့ကြောင့် ထိုငါးမျိုးအပေါင်းကို ပတ်ဝန်းကျင်ဟု ဆိုရ၏။ ထို့ကြောင့် အသိသည် ပတ်ဝန်းကျင်ကို လိုက်၍ ကွဲပြား၏။ တံငါပတ်ဝန်းကျင်၌ မွေးဖွားလျှင် တံငါလို သိ၏။ ကျောင်းဆရာ ပတ်ဝန်းကျင်၌ မွေးဖွားလျှင် ကျောင်းဆရာလို သိ၏။ နောက်တစ်မျိုးမှာ ပတ်ဝန်းကျင်၏ အမြင်ဖြစ်၏။ ယင်းကို ဒိဋ္ဌိဟူ၍ ဆိုရ၏။ ထို့ကြောင့် ပတ်ဝန်းကျင် အမြင်ကို လိုက်၍လည်း အသိသည် ကွဲပြား၏။

နောက်တစ်မျိုးမှာ ပတ်ဝန်းကျင်၏ ဓလေ့စရိုက် ဖြစ်၏။ ယင်းကို သီလဗ္ဗတ ဟူ၍ ဆိုရ၏။ ထို့ကြောင့် ပတ်ဝန်းကျင် ဓလေ့စရိုက်ကို လိုက်၍လည်း အသိသည် ကွဲပြား၏။ နောက်တစ်မျိုးမှာ သံသရာ၌ ကျင်လည်ရစဉ် ဘဝအဆက်ဆက်၌ ထုံလာသော သတ္တဝါတို့၏ မွေးရာပါ အယူဝါဒ ဖြစ်၏။ ယင်းကို အတ္တဝါဒ ဟူ၍ ဆိုရ၏။ အကောင်းဘက်မှ ကြည့်လျှင် ပါရမီ ဟူ၍လည်း ဆိုရ၏။ ထို့ကြောင့် အသိသည် မွေးရာပါ အထုံဝါသနာ သို့မဟုတ် ပါရမီကြောင့် လည်း ကွဲပြား၏။

သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး ဥပါဒါန်ချင်း မတူကြလေသောကြောင့် အသိချင်းလည်း မတူဘဲ ရှိရ၏။ အသိမတူသဖြင့် အဖြေလည်း မတူဘဲ ရှိ၏။ သို့ရာတွင် ပုဂ္ဂလာဓိဋ္ဌာန်အရ အသိချင်း ကွဲပြားစေကာမူ ဓမ္မာဓိဋ္ဌာန်အရ အသိချင်း တူနိုင်သမျှ တူအောင် လုပ်ရာ၌ ဥပါဒါန်ချင်း တူအောင် ရှေးဦးစွာ လုပ်အပ်၏။ ဥပါဒါန်ချင်း တူအောင် လုပ်ရန် ဟူသည်မှာ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အခြေခံအားဖြင့် အသိချင်း တူအောင် ဤစာအုပ်လေးအုပ်ကို ဖတ်ရှုလေ့လာရန် ဖြစ်၏။ ဤစာအုပ်လေးအုပ်ကို ဖတ်ရှုလေ့လာပါက ရတနာသုံးပါး အကြောင်းကို လည်းကောင်း၊ သိတင်း သီလ ဆောက်တည်ပုံကို လည်းကောင်း၊ သရဏဂုံ ဆောက်တည်ပုံကို လည်းကောင်း၊ ဒါန, သီလ, ဘာဝနာ ကျင့်သုံးပုံကို လည်းကောင်း၊ ဆွမ်းကပ်ခြင်း၊ ရှင်ပြုခြင်း၊ ကထိန်ခင်းခြင်း၊ ရဟန်းခံခြင်း၊ ကျောင်းဆောက်ခြင်း၊ စေတီတည်ခြင်း မှစ၍ လက်ထပ်ထိမ်းမြားခြင်း တိုင်အောင် ဗုဒ္ဓဘာသာဆိုင်ရာ အခမ်းအနား ကျင်းပပုံများကို လည်းကောင်း ခြေခြေမြစ်မြစ် သိလာမည် ဖြစ်၏။ အမှန်အားဖြင့်လည်း မိမိကိုးကွယ်နေသော ဘာသာတရားအကြောင်းကို ခြေခြေမြစ်မြစ် သိဖို့လည်း လိုအပ်ပါ၏။ သို့မှသာ ဗုဒ္ဓဘာသာဝင်

တစ်ယောက်အဖြစ်ဖြင့် အမည်ခံယူရန် ထိုက်မည် ဖြစ်ပါ၏။ သို့မဟုတ်ပါက ယောင်ဝါးဝါး ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေဖြင့်သာ ဘဝ ဇာတ်သိမ်းရပေလိမ့်မည်။

စာပေကို လှေလှောဖတ်ရှုရာတွင် မှန်ကန်သော စာဖတ်နည်း ရှိ၏။ မှန်ကန်သော စာဖတ်နည်းအတိုင်း ဖတ်ပါမှ မှန်ကန်သော အနက်ကို သိ၏။ မှန်ကန်သော စာဖတ်နည်းကို ပါဠိဝေါဟာရအားဖြင့် "သောပါနာရောဟန"ဟု ခေါ်၏။ "သောပါနာရောဟန"ဟူသည် စောင်းတန်းလှေကားအတိုင်း တက်ခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ စောင်းတန်းလှေကားကို တက်သောအခါ လှေကားထစ်များကို တစ်ထစ်ပြီးမှ တစ်ထစ် နင်း၍ တက်ရ၏။ လှေကား၏ အောက်ထစ်များကို မနင်းဘဲ ထိပ်ဆုံးလှေကားထစ်ကို နင်း၍တက်ရန် မတက်ကောင်း။ အကယ်၍ တက်ရန် ကြိုးမှမ်းလျှင်လည်း အန္တရာယ်နှင့် တွေ့ရန်သာ ရှိ၏။ ထို့နည်းတူ စာဖတ်ရာ၌လည်း အဆင့်များ ရှိ၏။ အဆင့်အတိုင်း ဖတ်ပါမှ မှန်ကန်သော အနက်ကို သိ၏။ အဆင့်အတိုင်း မဖတ်ဘဲ ထိပ်ဆုံးအဆင့်ကို ကျော်၍ ဖတ်ပါက အန္တရာယ်ရှိလေ၏။ ထိုအန္တရာယ်ကား ပစ္စုပ္ပန်၊ တမလွန် နှစ်ဘဝလုံး အတွက် ကြီးမား၏။

ပဋိသန္ဓေ နေရသော သတ္တဝါတိုင်းတွင် ဘဝ၌ လောဘဖြင့် စသည်ချည်းဖြစ်၏။ ယင်းလောဘကို "ဘဝနိကန္တိက"လောဘဟု ခေါ်၏။ "ဘဝနိကန္တိက" လောဘဟူသည် ဘဝကို တပ်မက်သော လောဘဖြစ်၏။ လူသည်လည်း သတ္တဝါပင် ဖြစ်ရာ မိမိတို့၏ ဘဝကို စ ရာ၌ ဘဝကို တပ်မက်သော လောဘဖြင့်ပင် စ ရ၏။ ထိုလောဘသည် အလွန်လှည့်ပတ်၏။ မာယာများ၏။ လောကီရေးရာ ကိစ္စများ၌ မဆိုထားနှင့်၊ လောကုတ္တရာရေးရာ ကိစ္စများ၌ပင် မာယာများ၏။ လှည့်ပတ်တတ်၏။ တရားအားထုတ်သောအခါ "ဥဒယဗ္ဗယ"ဉာဏ် ရောက်လျှင်ပင် မာယာများသော၊ လှည့်ပတ်တတ်သော "နိကန္တိ"နှင့် တွေ့ရတတ်၏။ မိမိ၏ သန္တာန်၌ မဖြစ်ဖူးသော ကိုယ်ရောင်ကိုယ်ဝါများ ထွက်တတ်၏။ နှစ်သက်မှု-ပီတိ၊ ငြိမ်းအေးမှု-ပဿဒ္ဓိ၊ ယုံကြည်မှု-သဒ္ဓါ၊ မြင့်တင်မှု-ဝီရိယ၊ ချမ်းသာမှု-သုခ၊ ထက်မြက်သော-ဉာဏ်၊ အာရုံတိုင်းကို မလွတ်တမ်း ယူနိုင်သော သတိ၊ ဖြစ် ပျက်ကို ပြက်ပြက်ထင်ထင် ရှုနိုင်ပြီး ရှုချင်သည့် အခါလည်း အလွယ်တကူ ရှုနိုင်သည့် ဥပေက္ခာတို့သည် ထူးထူးခြားခြား ဖြစ်ပေါ်ကြ၏။ ထိုအခါ တရားအားထုတ်သူသည် မိမိ "မဂ်"ရပြီဟု ထင်လာတတ်၏။ တရားအားထုတ်မှု၌ မွေ့လျော်လာ၏။ "မဂ်" မဟုတ်ပါဘဲလျက် "မဂ်"ဟု ထင်မှားအောင် လှည့်စားတတ်သော "နိကန္တိ"မာယာသည် ဤမျှလောက်အထိ စွမ်းပါ၏။ မိမိကို "နိကန္တိ"

မှန်း မသိရလေအောင်၊ မိမိကို မမြင်ရလေအောင်လည်း တတ်နိုင်ပါ၏။ မြတ်စွာဘုရား ကိုယ်တော်တိုင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက်မှသာ "ဂဟကာရက ဒိဋ္ဌောသိ" ဟော့... နိကန္တိ၊ ငါ သင့်ကို မြင်အပ်ပြီ ဟူ၍ ဘုရားဖြစ်ပြီးမှသာ မပုန်းနိုင်တော့ဘဲ ပိုင်ပိုင်နိုင်နိုင် အမြင်ခံရလာသည်အထိ ပုန်းကွယ်နိုင်စွမ်းလည်း ရှိပါ၏။

ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်နည်းမှန်အရ အဆင့်အတိုင်း မဖတ်ဘဲ အဆင့်ကို ကျော်၍ ဖတ်လေသောအခါ ဤ "နိကန္တိ"နှင့် တွေ့လေတော့၏။ ထိုအခါ ဒီပဲရင်းဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော ဂါဟ သုံးကောင်၏ ကိုက်မျိုဝါးစားခြင်းကို ခံရလေတော့၏။ ဂါဟ ဟူသည် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲလမ်းအပ်သော အတ္တတည်း။

မြတ်စွာဘုရား၏ ပိဋကတ်တော်များသည် အစ၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ အစ၏ကောင်းခြင်း ဟူသည် သီလတည်း။ အလယ်၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ အလယ်၏ကောင်းခြင်း ဟူသည် သမာဓိတည်း။ အဆုံး၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ အဆုံး၏ကောင်းခြင်း ဟူသည် ပညာတည်း။ ဤ အစ, အလယ်, အဆုံး သုံးပါးကိုပင် စာပေလေ့လာနည်း၏ အဆင့်များ ဟူ၍လည်း ခေါ်၏။ ထို့ကြောင့် စာဖတ်သူများအား တိုက်တွန်းပါ၏။ ဗုဒ္ဓစာပေများကို လေ့လာတော့မည်ဆိုလျှင် "နိကန္တိ"နှင့် မတွေ့ရလေအောင် ဤစာအုပ်လေးအုပ်ကို စ၍ ဖတ်သင့်ပါ၏။ ဤစာအုပ်လေးအုပ်တွင် ပထမအဆင့်, သီလ၊ ဒုတိယအဆင့်, သမာဓိ၊ တတိယအဆင့်, ပညာတို့လည်း ပါဝင်ကြ၏။ ထို့ကြောင့် ဤစာအုပ်လေးအုပ်ကို ဖတ်ထားပါက စာဖတ်သူများ၌ သီလ, သမာဓိ, ပညာတို့သည် အထိုက်အလျောက် ခိုင်မာလာပြီး၊ အခြေခံအုတ်မြစ် ရှိနေမည် ဖြစ်ပါကြောင်း လေ့လာ၍ တင်ပြအပ်ပါ၏။

ရွှေအောင်

## စာဖတ်သူများ ၁

*စာကို နောက်ကလိုက်၍ ဖတ်သူများ၊*
*စာကို ရင်ပေါင်တန်း၍ ဖတ်သူများ၊*
*စာကို ရှေ့ကကြို၍ ဖတ်သူများ*

စာတတ်သူများသည် စာပေကို ဖတ်ကြသည်။ စာပေဖတ်သောအခါ အကြောင်းအရာ အလိုက် ဆိုင်ရာ အသိဉာဏ်ကို ရသည်။ ထို့ကြောင့် စာပေကို အသိဉာဏ်ရစေသော ပစ္စည်းကိရိယာအဖြစ် သတ်မှတ်သည်။ ယင်းကို ဒဿန ဝေါဟာရဖြင့် သဒ္ဒပမာဏ ဟု ခေါ်သည်။

စာပေသည် အမျိုးအစားအားဖြင့် သဒ္ဒါပြဋ္ဌာန်းသော သဒ္ဒပဓာနစာပေ၊ အနက်ပြဋ္ဌာန်းသော အတ္ထပဓာနစာပေ၊ သဒ္ဒါ–အနက် နှစ်ပါးစုံပြဋ္ဌာန်းသော သဒ္ဒတ္ထပဓာနစာပေ ဟူ၍ သုံးမျိုးရှိသည်။

သဒ္ဒါပြဋ္ဌာန်းသော သဒ္ဒပဓာနစာပေ ဟူသည်မှာ အနက်တူ အခြားဝေါဟာရများဖြင့် လဲလှယ်၍ မရကောင်းသော စာပေမျိုးဖြစ်သည်။ ယင်းစာပေမျိုးတွင် ပါဠိ ပိဋကတ်တော်လာ ကမ္မဝါစာများ ပါဝင်သည်။ ကမ္မဝါစာများကို ရှိရင်း ပါဠိ ဝေါဟာရ အတိုင်း ရွတ်ဖတ်ရသည်။ အခြားအနက်တူ ဝေါဟာရများဖြင့် အလဲအလှယ်ပြုလုပ်၍ မဖတ်ရ။ အခြားဘာသာတစ်မျိုးမျိုးသို့ ပြန်ဆို၍လည်း မဖတ်ရ။ မူလရှိရင်း ပါဠိ ဝေါဟာရအတိုင်း မဖတ်ဘဲ အခြား တစ်နည်းနည်းဖြင့် ပြောင်းလဲ၍ ဖတ်လျှင် ကမ္မဝါစာ ပျက်၍ ကံမမြောက်ပေ။ ကမ္မဝါစာ၏ ရည်ရွယ်ချက်မှာ ကံမြောက်ရေးပင် ဖြစ်သည်။ ဗျဉ္ဇနဗုဒ္ဓိခေါ် ရွတ်ဖတ်နည်း မှန်ကန်စွာ အသံထွက်၍ ရွတ်ဖတ်မှသာ ကံမြောက်မည် ဖြစ်၏။ ထို့ကြောင့် ကမ္မဝါစာကို သဒ္ဒါပြဋ္ဌာန်းသော စာပေအမျိုးအစား၌ ထည့်သွင်း ရေတွက်ခြင်း ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

အနက်ပြဋ္ဌာန်းသော အတ္ထပဓာနစာပေ ဟူသည်မှာ အနက်တူ အခြား ဝေါဟာရများဖြင့် လဲလှယ်၍ ရကောင်းသော စာပေမျိုး ဖြစ်သည်။ ယင်းစာပေမျိုး တွင် ပါဠိကမ္မဝါစာ စာပေများနှင့် ကဗျာစာပေများမှတစ်ပါး အခြားစာပေများ အားလုံး ပါဝင်သည်။ ထိုစာပေများ၏ ရည်ရွယ်ချက်မှာ သဒ္ဒါထက် အနက်ကို ပို၍ သိစေလိုရင်း ဖြစ်သည်။ ဥပမာအနေဖြင့် ဖော်ပြရလျှင် အနော်ရထာမင်းတရား အကြောင်းကို ဖော်ပြသော သမိုင်းစာပေသည် အနော်ရထာမင်းတရား၏ နန်းဆက် နှင့် အုပ်ချုပ်ပုံ ပါဝင်သော သမိုင်းကြောင်းကို သိရုံသာ ရည်ရွယ်ပြီး သဒ္ဒါဝါကျ များဖြင့် ဖော်ပြလိုရင်း မဟုတ်။ လူတိုင်းလူတိုင်း အနော်ရထာချည်း ဖြစ်သွားစေရန် ရည်ရွယ်ပြီး သဒ္ဒါ ဝါကျများဖြင့် ဖော်ပြလိုရင်း ဖြစ်သည်။ ထိုရည်ရွယ်ချက် ပြည့်မြောက်လျှင် အနော်ရထာ မင်းတရားအကြောင်းကို ဖတ်သူအားလုံးသည် အနော်ရထာချည်း ဖြစ်သွားပေမည်။ ထိုအခါ အနော်ရထာသည် ခေတ်အားလုံးမှာ ရှိနေမည်။ နေရာ အားလုံးမှာ ရှိနေမည်။ ကာလကန့်သတ်ချက်ကိုလည်း ကျော်လွှန် မည်။ ဒေသကန့်သတ်ချက်ကိုလည်း ကျော်လွှန်မည်။ ဝတ္ထုစာပေ၊ ဆောင်းပါး စာပေ စသော အခြားစာပေများသည်လည်း အလားတူပင် ဖြစ်သည်။ ထို့ကြောင့် ထိုစာပေမျိုးကို အနက်ပြဋ္ဌာန်းသော စာပေအမျိုးအစား၌ ထည့်သွင်း ရေတွက်ခြင်း ဖြစ်သည်။

သဒ္ဒါ–အနက် နှစ်ပါးစုံပြဋ္ဌာန်းသော သဒ္ဒတ္ထပဓာနစာပေ ဟူသည်မှာ အနက်လည်းတူ၊ ကာရန်လည်းတူသော အခြား ဝေါဟာရများဖြင့် လဲလှယ်၍ မရကောင်းသော စာပေမျိုး ဖြစ်သည်။ ယင်းစာပေမျိုးတွင် ကဗျာစာပေ ပါဝင် ပါသည်။ ကဗျာစာပေတွင် မူလရှိရင်း သဒ္ဒါကို အခြားအနက်နှင့် ကာရန်တူ သဒ္ဒါများဖြင့် လဲလှယ်၍ မရကောင်းပေ။ ကဗျာကောင်းတွင် သဒ္ဒါ၏ သတ္တိအား လည်း ပြဋ္ဌာန်းသည်။ အနက်၏ သတ္တိအားလည်း ပြဋ္ဌာန်းသည်။ သဒ္ဒါ၏ သတ္တိ အားကို အဘိဓာ, လက္ခဏာ, ဗျဉ္ဇနာ ဟူ၍ ခေါ်ပြီး၊ အနက်၏ သတ္တိအားကို ဝါစ္စ, လက္ချ, ဗျင်္ဂျ ဟု ခေါ်ကြသည်။ ထိုအား နှစ်မျိုးလုံး အပြိုင်ပြဋ္ဌာန်းသည်။ ကဗျာစာပေ၏ ရည်ရွယ်ချက်မှာ ရသကို ခံစားစေပြီး အတ္ထ, ကာမ, ဓမ္မ, မောက္ခ ဟူသော လူသားတို့၏ မျှော်မှန်းချက် လေးရပ်ကို ရရှိစေရန် ဖြစ်သည်။ ထို့ကြောင့် ကဗျာစာပေကို သဒ္ဒါ–အနက် နှစ်ပါးစုံ ပြဋ္ဌာန်းသော စာပေမျိုး၌ ထည့်သွင်း ရေတွက်ခြင်းပင် ဖြစ်သည်။

စာတတ်သူများ ဖတ်လေ့ ဖတ်ထရှိသော စာပေများသည် အနက်ပြဋ္ဌာန်း သော စာပေနှင့် သဒ္ဒါ–အနက် နှစ်ပါးစုံပြဋ္ဌာန်းသော စာပေအမျိုးအစားဝင်များ ဖြစ်ဖို့ များပါသည်။ အနက်ပြဋ္ဌာန်းမှု ပါဝင်သော စာပေများနှင့် ပတ်သက်လျှင်

အနက်၏ သဘောကို အထိုက်အလျောက် နားလည်ဖို့ လိုပါသည်။ အနက်၏ သဘောကို အလွှာအဆင့် အနေဖြင့် ဖော်ပြကြပါသည်။ အကြောင်းအရာ တစ်ခု၏ အနက်တွင် "ဝါစ္စ" အလွှာ၊ "လက္ခ"အလွှာနှင့် "ဗျင်္ဂ"အလွှာ ဟူ၍ အလွှာ သုံးဆင့် ရှိပါသည်။

"ဝါစ္စ"အလွှာအဆင့်သည် ပထမအနက် ဖြစ်ပါသည်။ ပုံသဏ္ဌာန်ပိုင်းနှင့် ဆိုင်ပါသည်။ သမ္မုတိသစ္စာ သဘောမျိုး ဖြစ်သည်။ ယင်းအပိုင်းတွင် အကြောင်း အရာ၏ အနက်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု၊ ဒြပ်၊ သဏ္ဌာန် အနေဖြင့် စာဖတ်သူ၏ အသိတွင် ထင်ပါသည်။ ဤနေရာ၌ အသိဆိုသည်မှာ "သညာ ဉာဏ်" ဖြင့် သိသော အသိမျိုး ဖြစ်ပါသည်။ စာဖတ်များလေလေ "သညာဉာဏ်" သိ များလေလေ ဖြစ်ပါသည်။ "သညာဉာဏ်"သိ များလျှင် များသလို အကြောင်း အရာ၏ အနက်သည် ပုံသဏ္ဌာန်ပိုင်း အနေဖြင့် ပို၍ပို၍ ထင်ရှားပါသည်။ ပကတိ မျက်စိဖြင့် မြင်ရသလို "သညာဉာဏ်"မျက်စိတွင် ထင်ထင်ရှားရှား ပေါ်ပါသည်။ ထို့ကြောင့် စာဖတ်သူများသည် မိမိ ဖတ်သော အကြောင်းအရာ၏ ပထမအနက်ကို ပကတိမျက်စိဖြင့် မြင်ရသလို၊ "သညာဉာဏ်"မျက်စိဖြင့် မြင်ရအောင် စာဖတ်များဖို့ လိုပါသည်။ လေ့ကျင့်ဖို့ လိုပါသည်။ အတွေ့အကြုံရှိဖို့ လိုပါသည်။ "သညာဉာဏ်" ကြီးမားလျှင် ကြီးမားသလို အကြောင်းအရာ၏ ပထမအနက်သည် ပုံသဏ္ဌာန်ပိုင်း အနေဖြင့် ပို၍ ပို၍ ပီပြင်လာမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ပီပြင်လာအောင် ဆိုင်ရာ ဝေါဟာရများက "အဘိဓာ"သတ္တိဖြင့် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

"လက္ခ"အလွှာအဆင့်သည် ဒုတိယအနက် ဖြစ်ပါသည်။ သဘော တရားပိုင်းနှင့် ဆိုင်ပါသည်။

ပရမတ္ထသစ္စာ သဘောမျိုး ဖြစ်ပါသည်။ စာဖတ်သူများသည် အကြောင်း အရာ၏ အနက်ကို ပုံသဏ္ဌာန်ပိုင်းအနေဖြင့် သိရရုံမျှဖြင့် မကျေနပ်သေးဘဲ သဘော တရားပိုင်းအထိ ထွင်းဖောက်၍ သိအောင် ကြိုးစားရန် လိုပါသည်။ ပထမအနက်ကို ကျော်၍ ဒုတိယအနက်ကို မြင်အောင် ကြည့်တတ်ရန် ဖြစ်ပါသည်။ ဒုတိယအဆင့် အနက် လက္ခအလွှာ သဘောတရားပိုင်းတွင် အကြောင်းအရာ၏ အနက်သည် ပရမတ္ထတရားများ ဖြစ်ပါသည်။ သဘောတရားဟူသည် ပရမတ္ထတရားပင် ဖြစ်ပါ သည်။ သဘောတရားကို မြင်လျှင် ပရမတ္ထတရားကို မြင်ပါသည်။ ထို့ကြောင့်ပင် ဒုတိယ အနက်ပိုင်းကို ပရမတ္ထသစ္စာ သဘောဟု မှတ်ယူနိုင်ပါသည်။ အကြောင်း အရာ၏ ဒုတိယအနက်ကို သဘောတရားပိုင်းအနေဖြင့် မြင်သောအခါ မူလ စာရေးသူ၏ စေတနာကို မြင်လာပါသည်။ နှလုံးသွင်းကို ခြုံမိငုံမိလာပါသည်။ ရည်ရွယ်ချက်ကို သဘောပေါက်လာပါသည်။ ထိုကဲ့သို့ သိရန်မြင်ရန် "သမာဓိ

ဉာဏ်"ဖြင့် သိသော အသိမျိုး၊ အမြင်မျိုး လိုလာပါသည်။ ပထမအနက်သည် "သညာဉာဏ်"သိ၏ အာရုံ ဖြစ်သော်လည်း၊ ဒုတိယအနက်သည် "သမာဓိဉာဏ်" သိ၏ အာရုံ ဖြစ်လာပါသည်။ ပထမအနက်သည် ပုံသဏ္ဍာန်အနေဖြင့် သက်မဲ့သဖွယ် ဖြစ်သော်လည်း၊ ဒုတိယအနက်သည် သဘောတရားအနေဖြင့် သက်ရှိသဖွယ် ဖြစ်လာပါသည်။ သက်ရှိသဖွယ် ဖြစ်လာမှသာ လောက၏ အစီးအပွားကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ထို့ကြောင့် စာဖတ်သူများသည် "သမာဓိဉာဏ်" သိဖြင့် အကြောင်းအရာ၏ ဒုတိယအနက်ကို သိနိုင်ရန် တည်ကြည်ဖို့ လိုပါသည်။ သမာဓိရှိဖို့ လိုပါသည်။ ဘက်မလိုက်ဖို့ လိုပါသည်။ "သမာဓိဉာဏ်"သိ ထက်မြက်သောအခါ အကြောင်းအရာ၏ ဒုတိယအနက်သည် သဘောတရားပိုင်းအနေဖြင့် "သမာဓိဉာဏ်"တွင် ပီပီပြင်ပြင် ပေါ်လာမည်ဖြစ်ပါသည်။ ထိုအခါ ပကတိမျက်စိဖြင့် မြင်ရသလို "သမာဓိဉာဏ်"မျက်စိဖြင့် မြင်လာမည် ဖြစ်ပါသည်။ ထိုကဲ့သို့ မြင်လာအောင် ဆိုင်ရာ ဝေါဟာရများက လက္ခဏာသတ္တိဖြင့် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ဗျဂ်္ဂအလွှာအဆင့်သည် တတိယအနက် ဖြစ်ပါသည်။ အနတ္တပိုင်းနှင့် ဆိုင်ပါသည်။ အရိယသစ္စာ သဘောမျိုးဟုဆိုသော် နားလည်နိုင်ဖွယ် ရှိပါသည်။ စာဖတ်သူများသည် အကြောင်းအရာ၏ အနက်ကို သဘောတရားပိုင်းအနေဖြင့် သိရရုံမျှနှင့် မကျေနပ်သေးဘဲ အနတ္တပိုင်းအထိ ထွင်းဖောက်၍ သိအောင် ကြိုးစားရန် လိုအပ်ပါသည်။ ဒုတိယအနက်ကို ကျော်၍ တတိယအနက်ကို မြင်အောင် ကြည့်တတ်ရန် ဖြစ်ပါသည်။ တတိယအနက်သည် အနတ္တဖြစ်ပါသည်။ အနတ္တဟူသည် တရားကိုယ်အားဖြင့် တဏှာ, မာန, ဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်။ သဘောအားဖြင့် မိမိ အလိုအတိုင်း ဖြစ်စေနိုင်မှု မရှိခြင်း ဖြစ်ပါသည်။

စာဖတ်သူများသည် အကြောင်းအရာ၏ ဒုတိယအနက်ဖြစ်သော သဘောတရားပိုင်းကို သိသောအခါ၊ စာရေးဆရာ၏ စေတနာကို မြင်သောအခါ၊ စာရေးသူ၏ နှလုံးသွင်းကို ခြိမ့်မိငုံမိသောအခါ၊ စာရေးဆရာ၏ ရည်ရွယ်ချက်ကို သဘောပေါက်သောအခါ လောက၏ အစီးအပွားအတွက် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အနတ္တကို အခြေမခံပါက တဏှာ အတ္တအနေဖြင့် မိမိအတွက် စီးပွားဥစ္စာများကို တပ်မက်လာမည်။ ရာထူးဂုဏ်သိန်များ၌ နစ်မျောသွားမည်။ အလေးအမြတ် ခံရမှု၌ သာယာလာမည်။ အကျော်အစော ရရှိမှု၌ ကျေနပ်လာမည်။ "မာန အတ္တ"အနေဖြင့်လည်း အလားတူပင် စီးပွားဥစ္စာ၊ ရာထူးဂုဏ်သိန်၊ အလေးအမြတ် ခံရမှု၊ အကျော်အစော ရရှိမှုတို့၌ တပ်မက်ရုံသာမက ထောင်လွှားလာမည်။ "ဒိဋ္ဌိအတ္တ" အနေဖြင့်လည်း တပ်မက်မှုအပေါ်

အခိုင်အမာပြုမှုကို ထပ်ဆောင်းလာမည်။ ထို့ကြောင့် စာဖတ်သူများသည် အကြောင်းအရာ၏ သဘောတရားပိုင်းကို သိရုံမျှနှင့် ကျေနပ်မနေသေးဘဲ၊ သဘောတရားအတိုင်း လိုက်နာ ဆောင်ရွက်ရုံမျှနှင့် ကျေနပ်မနေသေးဘဲ အနတ္တပိုင်းကိုပါ သိဖို့လိုပါသည်။ အနတ္တအပေါ် အခြေခံ၍ ဆောင်ရွက်ဖို့ လိုပါသည်။ ထိုအခါမှသာ မိမိ ဆောင်ရွက်မှု၏ အောင်မြင်မှု၊ ကျဆုံးမှုတို့၌ တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော အတ္တ သုံးမျိုးတို့၏ ထိုးနှက်မှု အပေါ် ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။ လောကဓံ၏ စွမ်းအားကို တုန်လှုပ်မှု နည်းပါးစွာဖြင့် ခံနိုင်မည် ဖြစ်ပါသည်။

အကြောင်းအရာ၏ တတိယအနက်ဖြစ်သော အနတ္တကို သိရေးမှာလည်း လွတ်ကူသည် မဟုတ်။ ဗုဒ္ဓဒေသနာတော်ကို သဘောပေါက်အောင် နာယူမှသာ၊ လက်တွေ့ကျကျ ကျင့်သုံးမှသာ သိလာမည် ဖြစ်ပါသည်။ ထိုသို့ သိသော အသိကို "ပညာဉာဏ်"ဖြင့် သိသော အသိဟု ဆိုသည်။ ဤနေရာ၌ အနတ္တသိ ဆိုသည်မှာ "မျက်မှောက်ပြုသိ"မျိုး မဟုတ်ဘဲ "ဆင်ခြင်သိ"မျိုးကို ဆိုပါသည်။ "ဆင်ခြင်သိ" မျိုး အားကောင်းလျှင် သူ့အတိုင်းအတာနှင့်သူ အနတ္တကို သိနိုင်ပါသည်။ အနတ္တကို သိနိုင်အောင်လည်း အကြောင်းအရာပါ ဆိုင်ရာ ဝေါဟာရများက "ဗျဉ္ဇနာ" သတ္တိဖြင့် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ဆင်ခြင်သိမျိုးဖြင့်ပင် လောက၏ အစီးအပွား ကို ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ဆောင်ရွက်သောအခါ တဏှာ, မာန, ဒိဋ္ဌိ အသွင်ဖြင့် ပေါ်လာသော အတ္တကို အားနည်းနိုင်သမျှ နည်းအောင်၊ ခေါင်းပါးနိုင်သမျှ ခေါင်းပါးအောင် တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်မည် ဖြစ်သည်။ အတ္တကို ပယ်နိုင်သည်နှင့်အမျှ လောက၏ အစီးအပွားသည်လည်း တိုးပွားလာမည် ဖြစ်သည်။ ထို့ကြောင့် လောကရေးရာ၌ ဆောင်ရွက်သည်ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ ဆောင်ရွက်သည် ဖြစ်စေ တဏှာ, မာန, ဒိဋ္ဌိ အသွင်ဖြင့် ပေါ်လာသော အတ္တကို ပယ်သတ်နိုင်ရေးအတွက် အကြောင်းအရာ၏ တတိယအနက် ဖြစ်သော အနတ္တကို "ပညာဉာဏ်သိ"ဖြင့် သိအောင် အားထုတ်အပ်၏။ လေ့ကျင့်အပ်၏။ အတ္တကို တဒင်္ဂပဟာန်ဖြင့် ပယ်လျှင်လည်း ပယ်သလောက် လောက၏ အစီးအပွား ဖွံ့ဖြိုး ၏။ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်လျှင်လည်း ပယ်သလောက် လောက၏ အစီးအပွား ဖွံ့ဖြိုး၏။ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လျှင်လည်း ပယ်သလောက် လောက၏ အစီးအပွား ဖွံ့ဖြိုး၏။ ဆိုလိုသည်မှာ လောက၏ အစီးအပွားအတွက် ဆောင်ရွက် လေတိုင်း "အနတ္တသိ"ကို အခြေခံ၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။ အရာရာတိုင်းကို "အနတ္တသိ"အခြေခံဖြင့် ချဉ်းကပ်အပ်ပါသည်။ အတ္တတည်း ဟူသော တပ်မက်မှု "တဏှာ"၊ မောက်မာမှု "မာန"၊ အစွန်းရောက်မှု "ဒိဋ္ဌိ"တို့ကို ပယ်သတ်ရန် မသင့်ဟု အဘယ်မည်သော ပုဂ္ဂိုလ်က ငြင်းလေမည်နည်း။

စာတတ်သူများ ဖတ်ကြသော အကြောင်းအရာတစ်ခု၏ အနက်တွင် အသွင်သဏ္ဌာန်၊ သဘောတရားနှင့် အနတ္တ ဟူ၍ သုံးဆင့်ရှိကြောင်း၊ အသွင်သဏ္ဌာန်ကို “သညာဉာဏ်”ဖြင့် သိနိုင်ကြောင်း၊ သဘောတရားကို “သမာဓိဉာဏ်” ဖြင့် သိနိုင်ကြောင်း၊ အနတ္တကို “ပညာဉာဏ်”ဖြင့် သိနိုင်ကြောင်း၊ အရာရာတိုင်းကို “အနတ္တသိ” အခြေခံဖြင့်သာ လုပ်သင့်ကြောင်း၊ အနတ္တ၏ ဆန့်ကျင်ဘက် အတ္တဟူသည် တဏှာ, မာန, ဒိဋ္ဌိတို့ပင် ဖြစ်ကြောင်း၊ တဏှာ, မာန, ဒိဋ္ဌိအသွင်ဖြင့် ပေါ်လာသော အတ္တကို ပယ်သတ်နိုင်သည်နှင့်အမျှ လောက၏ အစီးအပွား ဖွံ့ဖြိုးကြောင်း၊ ထို့ကြောင့် အကြောင်းအရာ၏ တတိယအနက် ဖြစ်သော “အနတ္တ”ကို သိနိုင်သော “ပညာဉာဏ်” ဖြစ်ပေါ်အောင် ဗုဒ္ဓဒေသနာတော်ကို နာယူ၍ လက်တွေ့ကျကျ ကျင့်သုံးသင့်ကြောင်း ဆိုခဲ့ပါသည်။ ဆိုခဲ့သည့်အတိုင်း “အနတ္တသိ” ပညာဉာဏ် ဖြစ်ပေါ်ရေးအတွက် စာပေတွင် သဒ္ဒါစွမ်းအားနှင့် အနက်စွမ်းအားများ ရှိကြသည်။

စွမ်းအားရှိသော စာပေတွင် ရှောင်မှု “ဝါရိတ္တ”နှင့် ဆောင်မှု “စာရိတ္တ” တို့ကို သဒ္ဒါစွမ်းအားနှင့် အနက်စွမ်းအားတို့ဖြင့် တစ်ပြိုင်နက်တည်း ဖော်ပြရမည်။ ထိုကဲ့သို့ ဖော်ပြမှသာ စွမ်းအားရှိသော စာပေမည်ပါသည်။ စွမ်းအားရှိသော စာပေကို ဖတ်ရသောအခါ လောက၏ အစီးအပွားအနေဖြင့် လူသားတို့၏ မျှော်မှန်းချက်လေးရပ်ဖြစ်သော အတ္ထ, ကာမ, ဓမ္မ, မောက္ခတို့အတွက် ဆောင်ရွက်လာမည် ဖြစ်ပါသည်။

“အတ္ထ”ဆိုသည်မှာ စီးပွားဥစ္စာ ဖြစ်သည်။ စီးပွားဥစ္စာသည် ဒြပ်ရှိလည်း ရှိသည်။ ဒြပ်မဲ့လည်း ရှိသည်။ ဒြပ်ရှိဆိုသည်မှာ ငွေကြေးခနှင့် တိုက်တာ အိမ်ခြေ စသည်တို့ ဖြစ်သည်။ ဒြပ်မဲ့ဆိုသည်မှာ ရာထူးဂုဏ်ထူးများ၊ လုပ်ပိုင်ခွင့်များ၊ အလေးအမြတ်ပြု ခံရမှုများ၊ ကျော်စောမှုများ စသည်တို့ ဖြစ်သည်။ ယင်းတို့အတွက် ဆောင်ရွက်ရာတွင် ကုသိုလ်တိုးပွားခြင်းနှင့် အကုသိုလ်ကို ပယ်ရှားခြင်း သဘောနှစ်မျိုးလုံး တစ်ပြိုင်နက် ပါဝင်ရမည်။ ကုသိုလ်တိုးပွားခြင်းဟူသည် ရရှိသော စီးပွားဥစ္စာများကို ကိုးကွယ်ရန် ရှာဖွေခြင်း မဟုတ်ဘဲ၊ လောကအတွက် အသုံးချရန် ရှာဖွေခြင်းဖြင့် လောကအပေါ်၌ ဗြဟ္မစိုရ်တရားကို ပွားများခြင်း ဖြစ်သည်။ အကုသိုလ်ကို ပယ်ရှားခြင်းဟူသည် ယင်းသို့ ဆောင်ရွက်ရာ၌ တဏှာ, မာန, ဒိဋ္ဌိအသွင်ဖြင့် ရှိသော အတ္တကို နှိမ်နင်းခြင်း ဖြစ်သည်။ ဤသို့သော အနက်ကို စာပေ၌ မြင်တတ်အောင် ကြည့်ရမည်။ “အနတ္တ”သိဖြင့် ကြည့်ပါက မြင်နိုင်ပါသည်။

“ကာမ”ဆိုသည်မှာ မြတ်နိုးခြင်း ဖြစ်သည်။ စီးပွားဥစ္စာကို ရရှိရာ၌

ဒြပ်ရှိပဲ ဖြစ်ဖြစ်၊ ဒြပ်မဲ့ပဲ ဖြစ်ဖြစ် မြတ်နိုးနိုင်သော စီးပွားဥစ္စာကိုသာ ရလိုသည်။ အဝတ်အစား ဆိုလျှင်လည်း မြတ်နိုးနိုင်သော အဝတ်အစားကိုသာ ရလိုသည်။ အသုံးအဆောင် ဆိုလျှင်လည်း မြတ်နိုးနိုင်သော အသုံးအဆောင်ကိုသာ ရလိုသည်။ အိမ်ထောင်ဖက် ဆိုလျှင်လည်း မြတ်နိုးနိုင်သော အိမ်ထောင်ဖက်ကိုသာ ရလိုသည်။ ထိုသို့ ရယူရာတွင် "အတ္ထ" နည်းတူ ကုသိုလ်တိုးပွားခြင်းနှင့် အကုသိုလ်ကို ဖယ်ရှားခြင်း သဘော နှစ်မျိုးလုံး တစ်ပြိုင်နက် ပါဝင်ရမည်။ ကုသိုလ်တိုးပွားခြင်း ဟူသည် မိမိသုံးစွဲဖို့အတွက် မြတ်နိုးခြင်း မဟုတ်ဘဲ၊ လောကအတွက် အသုံးပြုရာ၌ မိမိမြတ်နိုးသော ဒြပ်ရှိ ဒြပ်မဲ့ ပစ္စည်းကို အရင်းအနှီးပြုလို၍ ဖြစ်သည်။ အဆုံးစွန် အားဖြင့် မိမိမြတ်နိုးသော အိမ်ထောင်ဖက်ကိုပင် ဖြစ်စေ မိမိအတွက် မဟုတ်ဘဲ လောကအတွက် မြတ်နိုးထိုက်သော သားရတနာ၊ သမီးရတနာများကို မွေးဖွား ပေးစေခြင်းငှာ ရယူလိုခြင်း ဖြစ်သည်။ အကုသိုလ်ကို ပယ်ရှားခြင်း ဟူသည် အထက်ပါအတိုင်း တဏှာ, မာန, ဒိဋ္ဌိတို့ကို နှိမ်နင်းခြင်း ဖြစ်သည်။ ဤသို့သော အနက်ကို စာပေ၌ "အနတ္တ"သိဖြင့် ကြည့်ပါက မြင်နိုင်သည်။

"ဓမ္မ"ဟူသည် တရားနှင့် လျော်ခြင်းဖြစ်သည်။ မြတ်နိုးနိုင်သော စီးပွား ဥစ္စာကို ရယူရာ၌ တရားနှင့်လျော်သော ရယူခြင်းမျိုးကိုသာ မျှော်မှန်းသည်။ ဤလောက၌ တရားဓမ္မကိုသာ လွှမ်းမိုးစေချင်သည်။ တရားဓမ္မတွင်လည်း ကုသိုလ် တိုးပွားခြင်းနှင့် အကုသိုလ်ကို ပယ်ရှားခြင်း သဘောနှစ်မျိုး ပါဝင်သည်ပင် ဖြစ် သည်။ ကုလ္လူပမ သုတ္တန်၌ တရားဓမ္မများကို "ဖောင်"ကဲ့သို့ သဘောထားသင့် ကြောင်း၊ ဖောင်ကို ကိုးကွယ်ရန် မဟုတ်ဘဲ ကူးမြောက်ရန်အတွက်သာ ခိုင်ခံ့အောင် လုပ်သကဲ့သို့ တရားဓမ္မများကိုလည်း အတ္ထမှ လွတ်မြောက်ရေးအတွက် ခိုင်ခံ့အောင် ပွားများရမည် ဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားထားသည်။ ထို့ကြောင့် တရားနှင့်လျော်သော မြတ်နိုးမှု၌ပင် တဏှာ, မာန, ဒိဋ္ဌိတို့ ပါဝင်တတ်သဖြင့်၊ ယင်းတို့ကို ဖယ်ရှားနိုင်ရေးအတွက် စာပေ၌ အနတ္တအနက်ကို မြင်အောင်ကြည့်ရန် လိုပါသည်။

"မောက္ခ"ဟူသည် လွတ်မြောက်မှုပင် ဖြစ်သည်။ တရားနှင့် လျော်ညီ သော ဆောင်ရွက်မှုမျိုး၌ပင် အနတ္တကို အခြေခံပါက အတ္တ၏ ဖမ်းဆီးချုပ်နှောင် ခြင်းကို ခံရတတ်သည်။ အတ္တ၏ ဖမ်းဆီးချုပ်နှောင်ခြင်း ဆိုသည်မှာ "ငါသိသည်၊ ငါလုပ်သည်" စသည်ဖြင့် ငါ၊ ငါ ဟူသော "ကာရက"သဘော၊ "ဝေဒက" သဘော ပါဝင်ခြင်း ဖြစ်သည်။ ယင်းသို့ "ငါ"သဘော ပါဝင်နေသမျှ ကာလ ပတ်လုံး လွတ်မြောက်မှုကို မရရှိနိုင်ပေ။ သိခြင်းမျှ၊ လုပ်ခြင်းမျှ မဟုတ်တော့ဘဲ ယင်းကို "ငါ"တည်းဟူသော "ကာရက"က ဝန်းရံ၍ ချုပ်နှောင်ထားသောကြောင့်

ဖြစ်သည်။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ အသွင်ဖြင့် ရှိသော "အတ္တ"မှ တကယ် တမ်း လွတ်မြောက်လိုပါလျှင် စာပေ၌ အနတ္တအနက်ကို မြင်အောင်ကြည့်၍ မြင်သည့်အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

စာဖတ်ရာ၌ စာပိုဒ်တစ်ပိုဒ်တည်းကိုပင် အတူဖတ်ကြရသော ပုဂ္ဂိုလ်များ အချင်းချင်း အနက်ကောက်ယူမှု၌ ငြင်းခုံရသည့်အခါများ ရှိတတ်ပါသည်။ ထိုသို့ ငြင်းခုံရခြင်းမှာ "အနက်"အပေါ် ရပ်တည်ချက်ချင်း မတူသောကြောင့် ဖြစ်ပါသည်။ အချို့က သဒ္ဒါ၏ "အဘိဓာ"သတ္တိနှင့် အနက်၏ "ဝါစ္စ"သတ္တိများဖြင့် ပြသော "ပုံသဏ္ဍာန်ပိုင်း"ဆိုင်ရာ အနက်ပေါ် ရပ်တည်၍ ငြင်းခုံကြခြင်း ဖြစ်ပါသည်။ အချို့က သဒ္ဒါ၏ "လက္ခဏာ"သတ္တိနှင့် အနက်၏ "လက္ချ"သတ္တိများဖြင့် ပြသော "သဘောတရားပိုင်း"ဆိုင်ရာ အနက်အပေါ် ရပ်တည်၍ ငြင်းခုံကြခြင်း ဖြစ်ပါ သည်။ အချို့က သဒ္ဒါ၏"ဗျဉ္ဇနာ"သတ္တိနှင့် အနက်၏ "ဗျင်္ဂျ"သတ္တိများဖြင့် ပြသော "အနတ္တပိုင်း" ဆိုင်ရာ အနက်အပေါ် ရပ်တည်၍ ငြင်းခုံကြခြင်း ဖြစ်ပါ သည်။ စာဖတ်သူများ အချင်းချင်း အနက်အပေါ် ရပ်တည်ချက်ချင်း မတူပါက အမြင်ချင်း မတူနိုင်သဖြင့် ထာဝစဉ် ငြင်းခုံမှုများ ရှိနေမည် ဖြစ်ပါသည်။ ငြင်းခုံ ခြင်းသည် မငြိမ်းချမ်းသော သဘောကို ဆောင်ပါသည်။ မငြင်းခုံခြင်းသည်သာ ငြိမ်းချမ်းသော သဘောကို ဆောင်ပါသည်။ ထို့ကြောင့် အချင်းချင်း မငြင်းခုံရ လေအောင် အနက်အပေါ် ရပ်တည်ချက်ချင်း တူရန် ကြိုးပမ်းရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ စာဖတ်သူများကို အမျိုးအစား ခွဲလိုက်လျှင် ***စာကို နောက်က လိုက်၍ ဖတ်သူ၊ စာကို ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့ကကြို၍ ဖတ်သူ*** ဟူ၍ သုံးမျိုးခွဲနိုင်ကြောင်း တွေ့ရပါသည်။ စာကို ဖတ်သောအခါ စာ၏ သဒ္ဒါနက် ကိုသာ သိပြီး သဒ္ဒါနက်အတိုင်း ခံယူကျင့်သုံးသော စာဖတ်သူများကို "စာကို နောက်က လိုက်၍ ဖတ်သူများ" အမျိုးအစား၌ ထည့်သွင်းပါသည်။ စာ၏ သဒ္ဒါ နက်ကို ဖောက်ထွင်း၍ စာရေးသူ၏ စေတနာ၊ စာရေးသူ၏ ရည်ရွယ်ချက်၊ စာရေးသူ၏ နှလုံးသွင်းကို သိပြီး ယင်းအတိုင်း ခံယူကျင့်သုံးသော စာဖတ်သူများကို "စာကို ရင်ပေါင်တန်း၍ ဖတ်သူများ"အမျိုးအစား၌ ထည့်သွင်းပါသည်။ စာရေး သူ၏ စေတနာ၊ စာရေးသူ၏ ရည်ရွယ်ချက်၊ စာရေးသူ၏ နှလုံးသွင်းကို ထွင်း ဖောက်၍ စာ၏ အနတ္တအနက် တိုင်အောင် သိပြီး ယင်းအတိုင်း ခံယူကျင့်သုံးသော စာဖတ်သူများကို "စာကို ရှေ့က ကြို၍ ဖတ်သူများ" အမျိုးအစား၌ ထည့်သွင်းပါ၏။

စာကို နောက်က လိုက်၍ ဖတ်သူများနှင့် စာကို ရင်ပေါင်တန်း၍ ဖတ်သူ များသည်လည်း လောက၏ အစီးအပွားအတွက် သူ့နည်းသူ့ဟန်ဖြင့် ဆောင်ရွက် ကြသူများ ဖြစ်ကြသည်။ မှန်ပါ၏။ သို့ရာတွင် ယင်းသို့ ဆောင်ရွက်ကြရင်း၊

ဆောင်ရွက်ကြရင်း ဆောင်ရွက်ကြသူများ၏ သန္တာန်၌ တပ်မက်မှုများ၊ မောက်မာမှုများ၊ ငါတကော ကောမှုများ ပွား၍ ပွား၍ လာတတ်ပါသည်။ ထို့ကြောင့် ယင်းတို့ကို တတ်နိုင်သမျှ ပယ်သတ်နိုင်ရန် အလို့ငှာ စာကို ဖတ်သောအခါ စာ၏ အနတ္တအနက်တိုင် သိဖို့ လိုအပ်ပါသည်။ အမှန်အားဖြင့် "အားလုံးသော ဓမ္မ"တို့သည် အနတ္တချည်းသာတည်း ဟု ဟောထားပါလျက် ယင်းအတိုင်း မသိဘဲ ကျော်၍ ကျော်၍ သိနေကြသဖြင့် ယင်းတို့၏ သန္တာန်၌ ထိုကဲ့သို့သော တဏှာအတ္တ၊ မာနအတ္တ၊ ဒိဋ္ဌိအတ္တများ ပွား၍ ပွား၍ လာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း စာ၏ အနတ္တအနက်တိုင်အောင် သိမှသာ ဆောင်ရွက်ကြသူများ၏ သန္တာန်၌ တပ်မက်မှု များ၊ မောက်မာမှုများ၊ ငါတကော ကောမှုများ တည်းဟူသော အတ္တသည် ပွား၍ ပွား၍ မလာဘဲ ပါး၍ ပါး၍ သွားမည် ဖြစ်သည်။ ထိုအခါ အရင်းရှင်စာပေကို ဖတ်သည် ဖြစ်စေ၊ ဆိုရှယ်လစ် စာပေကို ဖတ်သည် ဖြစ်စေ မည်သည့်စာပေကိုပင် ဖတ်ဖတ် "စာကို ရှေ့က ကြို၍ ဖတ်သူများ"အတွက် ဆရာဇီဝကက ဆေးဖက်မဝင်သော သစ်ပင်ကို ရှာ၍ မတွေ့သကဲ့သို့ လောကအတွက် အသုံးမဝင်သော စာပေကို ရှာ၍ တွေ့ရန် ခဲယဉ်းမည် ဖြစ်ပါသည်။ သို့ဖြစ်၍ လောက၏ အစီးအပွားအတွက် ဆောင်ရွက်ကြသော စာဖတ်သူများ အနေဖြင့် မိမိတို့၏"အနက်"အပေါ် ရပ်တည်ချက်ကို ခွဲခြားသိနိုင် စေရန် ရည်သန်၍ စာဖတ်သူများ အကြောင်းကို တင်ပြခြင်း ဖြစ်ပါသည်။

# စာဖတ်သူများ ၂

*ရုပ်ပိုင်းတန်ဖိုး–စိတ်ပိုင်းတန်ဖိုး–မြင့်မြတ်မှုတန်ဖိုး*

၁၃၄၉ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ထုတ် သာသနာ့ရောင်ခြည် အတွဲ–၈၊ အမှတ်–၂ "စာဖတ်သူများ" ဆောင်းပါးအရ စာဖတ်သူများသည် ***စာကို နောက်က လိုက်၍ ဖတ်သူများ၊ စာကို ရင်ပေါင်တန်း၍ ဖတ်သူများ၊ စာကို ရှေ့က ကြို၍ ဖတ်သူများ*** ဟူ၍ သုံးမျိုးရှိသည်။

စာကို နောက်က လိုက်၍ ဖတ်သူများသည် စာဖတ်သောအခါ စာပေ၏ သဒ္ဒါနက် (အဘိဓာ)ကိုသာ သိသည်။ အကြောင်းအရာ၏ အသွင်သဏ္ဌာန် (ဝါစ္စ)ကိုသာ သိသည်။ ထိုထက်ပို၍ မသိ။ စာပေ၏ အဓိပ္ပာယ်နက် (လက္ခဏာ)ကို မသိ။ အကြောင်းအရာ၏ သဘောတရား (လက္ခ)ကို မသိ။ ထိုသို့ မသိလျှင် စာရေးဆရာ၏ ဆိုလိုရင်း အာဘော်နှင့် စာရေးဆရာ၏ စေတနာကို မသိဘဲ ရှိတတ်၏။ ထိုအခါ စာကို နောက်က လိုက်၍ ဖတ်သူသည် စာပေကို အကိုးအကား ပြု၍ လုပ်ငန်းကို ဆောင်ရွက်သောအခါ များစွာ အကျပ်အတည်း ကြုံရတတ်သည်။ တိုက်ရိုက် အကိုးအကား မတွေ့ရသောအခါ လုပ်ငန်းဆောင်ရွက်မှု နယ်နိမိတ်သည် များစွာ ကျဉ်းမြောင်းသွားလေသည်။

စာရေးဆရာ၏ ဆိုလိုရင်းအာဘော်နှင့် စာရေးဆရာ၏ စေတနာကို သိသောသူများက စာပေအကိုးအကားဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြသော အခါ စာပေကို နောက်က လိုက်၍ ဖတ်သူသည် သူသိသော စာပေ၏ သဒ္ဒါနက်၊ အကြောင်းအရာ၏ ပုံသဏ္ဌာန် အကိုးအကားဖြင့် အခုအခံ ပြု၍ ကန့်ကွက်တတ် သည်။ ငြင်းခုံတတ်သည်။ ထို့ပြင် သူ့ကိုယ်သူ စာပေပါ ပြဋ္ဌာန်းချက်များအတိုင်း တိတိကျကျ ဆောင်ရွက်တတ်သူ ဟူ၍ ဂုဏ်ယူတတ်သည်။ ထိုကဲ့သို့ ဖြစ်ခြင်းမှာ တစ်ခုတည်းသော စာပေကို အတူတကွ ဖတ်ကြသူများချည်း ဖြစ်ပါလျက် စာပေ၏ အနက်ကို သိရာ၌ အချင်းချင်း ရပ်တည်ချက် မတူသောကြောင့် ဖြစ်သည်။

စာပေကို နောက်က လိုက်၍ ဖတ်သူသည် သူသိသော စာပေ၏ သဒ္ဒါ နက် အကြောင်းအရာ၏ ပုံသဏ္ဌာန်ကို တရားသေ စွဲကိုင်ကာ လုပ်ငန်းဆောင်ရွက် သောအခါ အစွဲအလမ်း ကြီးတတ်သည်။ ကြီးသော အစွဲအလမ်းကို စွန့်လည်း စွန့်နိုင်ခဲသည်။ အစွဲအလမ်းကြီးသူကို "အာဓာနဂ္ဂါဟီ" ဟူ၍လည်းကောင်း၊

ကြီးသော အစွဲအလမ်းကို စွန့်နိုင်ခဲ့သူကို "ဒုပ္ပဋိနိဿဂ္ဂီ" ဟူ၍လည်းကောင်း ကျမ်းဂန်များ၌ သုံးစွဲသည်။

မိမိအယူဝါဒနှင့် ပတ်သက်၍ အစွဲအလမ်းကြီးမှုနှင့် စွန့်လွှတ်ရန် ခက်ခဲမှုသည် အတ္တကို အခြေခံ၍ ဖြစ်ပေါ်ခြင်း ဖြစ်သည်။ အတ္တသည် တဏှာ, မာန, ဒိဋ္ဌိဟူ၍ သုံးမျိုးရှိရာ၊ တဏှာအတ္တကို အခြေခံ၍လည်း စွဲလမ်းမှုနှင့် စွန့်လွှတ်ရန် ခက်ခဲမှု ဖြစ်တတ်သည်။ မာနအတ္တကို အခြေခံ၍လည်း စွဲလမ်းမှုနှင့် စွန့်လွှတ်ရန် ခက်ခဲမှု ဖြစ်တတ်သည်။ ဒိဋ္ဌိအတ္တကို အခြေခံ၍လည်း စွဲလမ်းမှုနှင့် စွန့်လွှတ်ရန် ခက်ခဲမှု ဖြစ်တတ်သည်။

တဏှာအတ္တဟူသည် ရလိုမှုကို အခိုင်အမာ အနှစ်သာရပြု၍ မိမိအလိုအတိုင်း ဖြစ်စေရန် အားထုတ်ခြင်း ဖြစ်သည်။ မာနအတ္တဟူသည် ထောင်လွှားမှုကို အခိုင်အမာ အနှစ်သာရပြု၍ မိမိအလိုအတိုင်း ဖြစ်စေရန် အားထုတ်ခြင်း ဖြစ်သည်။ ဒိဋ္ဌိအတ္တ ဟူသည် အမြင်မှားမှုကို အခိုင်အမာ အနှစ်သာရပြု၍ မိမိအလိုအတိုင်း ဖြစ်စေရန် အားထုတ်ခြင်း ဖြစ်သည်။

စာကို နောက်က လိုက်၍ ဖတ်သူ၏ စာပေသိသည် "သညာဉာဏ်သိ" အဆင့်မျှသာ ဖြစ်၍၊ လောက၏ အစီးအပွားအတွက် ဆောင်ရွက်ရာတွင် အတ္တကို အခိုင်အမာ အနှစ်သာရပြု၍ ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် အကျိုး များသင့်သလောက် အကျိုးများမှု မရှိ။ ထို့ကြောင့် လောက၏ အစီးအပွားအတွက် ဆောင်ရွက်ရာတွင် အကျိုးများသင့်သလောက် အကျိုးများစေရန် အစွဲအလမ်းကြီးသူ "အာစာနဂ္ဂါဟီ" လည်း မဖြစ်စေရန် လိုအပ်သည်။ ကြီးသော အစွဲအလမ်းကို စွန့်နိုင်ခဲသူ "ဒုပ္ပဋိနိဿဂ္ဂီ" လည်း မဖြစ်စေရန် လိုအပ်သည်။

အစွဲအလမ်းကြီးမှုနှင့် ကြီးသော အစွဲအလမ်းကို စွန့်နိုင်ခဲမှုတို့ ပါးလွှာသွားစေရန် အရာရာတိုင်းကို အမြင်မှန် "သမ္မာဒိဋ္ဌိ" ဖြင့် ရှုမြင်ရန် လိုအပ်သည်။ အရာရာတိုင်းကို အမြင်မှန် "သမ္မာဒိဋ္ဌိ"ဖြင့် ရှုမြင်သောအခါ ကြောင်းကျိုးဆက်နွယ်မှု အနက်(ဗျဉ္ဇနာ)နှင့် အနတ္တသဘော (ဇျင်)ကို သိမြင်လာသည်။ တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော အတ္တသည် အထိုက်အလျောက် နည်းပါးသွားသည်။ အတ္တ နည်းသည်နှင့်အမျှ အစွဲအလမ်း ကြီးမှုနှင့် ကြီးသော အစွဲအလမ်းကို စွန့်နိုင်ခဲမှုလည်း နည်းပါးသွားသည်။ ထိုအခါမှသာ လောက၏ အစီးအပွားအတွက် ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှု တိုးပွားလာပေလိမ့်မည်။ ထို့ကြောင့် စာပေအကိုးအကားဖြင့် လုပ်ငန်းဆောင်ရွက်ကြသူများသည် စာပေ၏ သဒ္ဒါနက်ထက် ပို၍သိရန် အားထုတ်အပ်ပါသည်။ အကြောင်းအရာ၏ အသွင်သဏ္ဌာန်ထက် ပို၍သိရန် အားထုတ်အပ်ပါသည်။

စာပေကို ရင်ပေါင်တန်း၍ ဖတ်သူများသည် စာဖတ်သောအခါ စာပေ၏ သဒ္ဒါနက်ကို ကျော်၍ အဓိပ္ပာယ်နက်ကို သိသည်။ အကြောင်းအရာ၏ အသွင်သဏ္ဌာန်ကို ကျော်၍ သဘောတရားကို သိသည်။ ထိုအခါ စာကို ရင်ပေါင်တန်း၍ ဖတ်သူသည် စာရေးဆရာ၏ ဆိုလိုရင်းကိုလည်း သိသည်။ စာရေးဆရာ၏ စေတနာကိုလည်း သိသည်။ ထိုသို့ သိလျှင် စာပေကို အကိုးအကားပြု၍ လုပ်ငန်းကို ဆောင်ရွက်ရာ၌ အကျဉ်းအကျပ် ကြုံရမှု နည်းပါးသွားသည်။ စာပေကို ကိုးကားသော အခါလည်း တိုက်ရိုက်သဒ္ဒါနက်ကို မကိုးကားတော့ဘဲ အဓိပ္ပာယ်နက်ကိုသာ ကိုးကားသဖြင့် လုပ်ငန်းဆောင်ရွက်မှု နယ်နိမိတ်သည် အထိုက်အလျောက် ကျယ်ပြန့်လာသည်။ ထိုအခါ စာပေ၏ သဒ္ဒါနက်၊ အကြောင်းအရာ၏ အသွင်သဏ္ဌာန်ကို တရားသေစွဲကိုင်မှု မပြုတော့ဘဲ လုပ်ငန်းကို ဆောင်ရွက်လာတတ်သည်။ သို့ရာတွင် စာပေ၏ ကြောင်းကျိုး ဆက်နွယ်မှုအနက်၊ အကြောင်းအရာ၏ အနတ္တသဘောကို သိသော သူများနှင့်မှု စာပေ အကိုးအကားဖြင့် လုပ်ငန်းဆောင်ရွက်ရာ၌ အထိုက်အလျောက် ငြင်းခုံမှု ရှိတတ်သေးသည်။

စာပေကို ရင်ပေါင်တန်း၍ ဖတ်သူ၏ စာပေသိသည် "သမာဓိဉာဏ်သိ" အဆင့်မျှသာဖြစ်၍ မိမိသိသော အသိဉာဏ်ဖြင့် လုပ်ငန်းဆောင်ရွက်သောအခါ အစွဲအလမ်း ကြီးမှုလည်း ရှိတတ်သေးသည်။ ကြီးသော အစွဲအလမ်းကို စွန့်လွှတ်ရန် ခဲယဉ်းမှုလည်း ရှိတတ်သေးသည်။ ထိုကဲ့သို့ အစွဲအလမ်းကြီးမှုနှင့် ကြီးသော အစွဲအလမ်းကို စွန့်လွှတ်ရန် ခဲယဉ်းမှုသည် အနတ္တသဘောကို အခြေခံ၍ မဆောင်ရွက်ဘဲ အတ္တကို အခြေခံ၍ ဆောင်ရွက်ခြင်းကြောင့် ဖြစ်သည်။ အတ္တကို အခြေခံ၍ ဆောင်ရွက်သောအခါ မိမိ ဆောင်ရွက်သော လုပ်ငန်းဟူသမျှ၌ မိမိ အလိုအတိုင်း ဖြစ်စေလိုသောသဘော ရှိလာသည်။ မိမိအလိုအတိုင်း မဖြစ်ပေါ်ပါကလည်း စိတ်နှလုံး မသာယာမှု ဖြစ်တတ်သည်။ လုပ်ဖော်ကိုင်ဖက်များ အပေါ်၌ သူ့ကြောင့်၊ ငါ့ကြောင့် ဟူ၍ အပြစ် ပုံချတတ်သည်။

မိမိ ဆောင်ရွက်သော လုပ်ငန်း၌ အောင်မြင်မှု ရရှိလာပါက မိမိကိုယ်ကို အထင်ကြီးမှု ဖြစ်ပေါ်တတ်သည်။ မိမိကိုယ်ကို အထင်ကြီးမှုသည် ကျမ်းဂန်ဝေါဟာရ အရ "အဓိမာန"ပင် ဖြစ်သည်။ "အဓိမာန"ဟူသည် မိမိ၌ မရှိဘဲလျက် ရှိသည်ဟူသော အမြင်မှားမှု၊ မဟုတ်ဘဲလျက် ဟုတ်သည်ဟူသော အမြင်မှားမှု ဖြစ်သည်။ ထိုအမြင်မှားမှုသည် တဏှာအတ္တကို အခြေခံ၍လည်း ဖြစ်တတ်သည်။ မာနအတ္တကို အခြေခံ၍လည်း ဖြစ်တတ်သည်။ ဒိဋ္ဌိအတ္တကို အခြေခံ၍လည်း ဖြစ်တတ်သည်။ ထိုကဲ့သို့ ဖြစ်တတ်ခြင်းသည် စာကို ရင်ပေါင်တန်း၍ ဖတ်သူ၏ သမာဓိဉာဏ်သိဖြင့် အတ္တကို အခြေခံသော အဓိမာနခေါ် အမြင်မှားမှုကို မပယ်ဖျောက်နိုင်ခြင်းကြောင့် ဖြစ်သည်။

လောကဌ် ရှိရှိသမျှ၊ ဖြစ်ဖြစ်သမျှသည် အကြောင်းတရား၏ ပေါင်းဆုံမှု ကြောင့် ဖြစ်ပေါ်လာရသည်ချည်း ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ဖန်ဆင်းမှုအရ ဖြစ်စေ၊ အလိုဆန္ဒအရ ဖြစ်စေ ဖြစ်ပေါ်လာကြခြင်း မဟုတ်။ သူ့သဘော သူဆောင် ၍ ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ အကြောင်းတရားများတွင် "ကာလ"သဘော လည်း ပါသည်။ "ဒေသ"သဘောလည်း ပါသည်။ "ပယောဂ"သဘောလည်း ပါသည်။ "ဥပဓိ" သဘောလည်း ပါသည်။ ပယောဂဟူသည် အရာဝတ္ထုများ၏ အချင်းချင်း ဆန့်ကျင်မှု "ပဋိယောဂ"နှင့် လိုက်လျောမှု "အနုယောဂ"ဖြစ်သည်။ ဥပဓိဟူသည် အရာဝတ္ထုများ၏ ကိုယ်ထည်ဖြစ်သည်။ အကြောင်းတရားများ ပျက်စီးသောအခါ ယင်းအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော အကျိုး တရားသည်လည်း ပျက်စီးသည်ပင် ဖြစ်သည်။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်း၍ အသစ်အသစ်တို့ ဖြစ်ပေါ်ရာဌ် အဟောင်းနှင့်အသစ်တို့ အချင်းချင်း မတူညီကြ ခြင်းသည် သူ့သဘောသူ ဆောင်ခြင်း ကွဲပြားကြသောကြောင့် မတူညီကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ ရှေးနှင့်နောက်၊ သို့မဟုတ် အဟောင်းနှင့်အသစ် အချင်းချင်း မတူညီကြသော သက်ရှိသက်မဲ့ ဟူသမျှကို အနှစ်သာရ မရှိခြင်း၊ အလိုအတိုင်း ဖြစ်စေနိုင်မှု မရှိခြင်းသဘော အနတ္တဟု ကျမ်းဂန်များဌ် သုံးစွဲခြင်း ဖြစ်သည်။

လောကဌ် သက်ရှိသက်မဲ့ ဟူသမျှသည် တစ်ခုတည်း မဟုတ်၊ အရာဝတ္ထု အများ၏ အစုအပေါင်းသာ ဖြစ်သည်။ ထိုအရာဝတ္ထုများသည် ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့အရ အချင်းချင်း စုပေါင်းသောအခါ ရောနှောသော စုပေါင်းမှု "သံယောဂသမ္ဗန္ဓ"နှင့် တစ်သားတည်း စုပေါင်းမှု "သမဝါယသမ္ဗန္ဓ"ဟူ၍ စုပေါင်း မှု နှစ်မျိုးဖြင့် စုပေါင်းကြခြင်း ဖြစ်သည်။ ထိုစုပေါင်းမှု နှစ်မျိုးတွင် "ရောနှောသော စုပေါင်းမှု"က ဦးစွာဖြစ်၍ "တစ်သားတည်း စုပေါင်းမှု"က နောက်မှ ဖြစ်သည်။ တစ်ပြိုင်နက်တည်း ဖြစ်သည်လည်း ရှိသည်။ သက်ရှိအနေဖြင့် ပြောရလျှင် သတ္တဝါ တိုင်းဌ် ခန္ဓာငါးပါးရှိသည်။ ထိုခန္ဓာငါးပါးသည် မူလက သက်မဲ့ "နိဇ္ဇီဝ"ဖြစ်သော် လည်း ယင်းတို့ကို "တစ်သားတည်း စုပေါင်းမှု" ဖြင့် စုပေါင်းလိုက်သောအခါ "အသက်" သဘော ဝင်လာမှုကြောင့် ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ဖြစ်လာသည်။ ယင်းကိုပင် "အတ္တ" ဟူ၍လည်း ခေါ်သည်။ အမှန်အားဖြင့် "အသက်"သို့မဟုတ် "အတ္တ"သည် ခန္ဓာငါးပါးတို့တွင် မူလရှိသော အရှိတရား မဟုတ်၊ ခန္ဓာငါးပါး တို့၏ တစ်သားတည်း စုပေါင်းမှုကြောင့် ဖြစ်ပေါ်လာသော နောက်တိုးတရား ဖြစ်သည်။ ထို့ကြောင့် ယင်း "အသက်" သို့မဟုတ် "အတ္တ"ကို မူလက မရှိဘဲ နောက်မှ ဖြစ်ပေါ်လာသော အဖြစ်တရားဖြစ်ခြင်းကြောင့် အခိုင်အမာ အနှစ်သာရ မရှိ ဟူ၍လည်း ဆိုရသည်။ အလိုအတိုင်း မဖြစ်စေနိုင် ဟူ၍လည်း ဆိုရသည်။

သက်မဲ့အနေဖြင့် ပြောရလျှင် အားလုံးသော အရာဝတ္ထုတို့၏ အခြေခံရုပ်အနေဖြင့် အဋ္ဌကလာပ်ရုပ် ၈ ခုသာ ရှိသည်။ ယင်းတို့သည် ကာလ, ဒေသ, ပယောဂ, ဥပမိတို့အရ အချင်းချင်း တစ်သားတည်း စုပေါင်းမှုဖြင့် စုပေါင်းလိုက်သောအခါ "အားသစ်"တစ်မျိုး ဝင်လာသည်။ ယင်း"အားသစ်"တစ်မျိုးကြောင့် သက်မဲ့ ရုပ်လောကသည် ရှင်သန်သော အခြေအနေသို့ ရောက်လာသည်။ ထိုအခါ မူလ အခြေခံ ရုပ်ချင်း တူပါလျက် အမျိုးအစားများ အချင်းချင်း ကွဲပြားသွားကြခြင်း ဖြစ်သည်။

စုပေါင်းမှုသည် တစ်သားတည်း စုပေါင်းမှုအဆင့်မှ ရောနှော စုပေါင်းမှု အဆင့်သို့ ကျဆင်းသွားသောအခါ သက်ရှိ သတ္တဝါများသည်လည်း သက်မဲ့ဖြစ်၍ "သေ"သည်ဟု ဆိုရသည်။ သက်မဲ့ အရာဝတ္ထုများသည်လည်း ရှင်သန်မှု ကင်းမဲ့ သွား၍ "သေ" သည်ဟုပင် ဆိုရသည်။ ထို့ကြောင့် အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းရာ၌ "အသက်" သို့မဟုတ် "အားသစ်"တစ်မျိုး ချုပ်ငြိမ်းခြင်း ဖြစ်၍ အသစ်အသစ်တို့ ဖြစ်ပေါ်လာရာ၌ "အသက်" သို့မဟုတ် "အားသစ်"တစ်မျိုး ဝင်လာခြင်း ဖြစ်သည်။ ရေသည် အောက်စီဂျင်နှင့် ဟိုက်ဒြိုဂျင်ဓာတ်တို့ တစ်သား တည်း စုပေါင်းရာမှ ဖြစ်ပေါ်လာသော အားသစ်တစ်မျိုး ဖြစ်သည်။ ယင်း အားသစ် ဖြစ်သော ရေသဘောသည် မူလ အောက်စီဂျင်၌လည်း မရှိ၊ မူလ ဟိုက်ဒြိုဂျင်၌ လည်း မရှိ။ မူလ အရှိတရား မဟုတ်ဘဲလျက် အသစ်ဖြစ်ပေါ်လာသော အဖြစ် တရားသာ ဖြစ်လေသည်။ အားလုံးသော သက်ရှိ သက်မဲ့ အရာဝတ္ထုတို့၏ မူလ အရှိတရားနှင့် အဖြစ်တရားတို့သည် ရေဖြစ်စဉ်နှင့် အလားတူပင် ဖြစ်သည်။

ပဋ္ဌာန်းဒေသနာတော်၌ ပစ္စည်းအုပ်စုတို့နှင့် ပစ္စယုပ္ပန်အုပ်စုတို့ အချင်း ချင်း တစ်သားတည်း စုပေါင်းမှုဖြင့် စုပေါင်းကြလေသောကြောင့် ရှေးဓမ္မနှင့် နောက်ဓမ္မတို့ အချင်းချင်း မတူညီကြောင်းကို "ပစ္စယသတ္တိ"ဖြင့် ပြသည်။ ယင်းသို့ အရှိန်နှင့် အဖြစ်တို့၏ နောက်တိုး အားသစ် သတ္တိကြောင့် ရှေ့နောက်မတူဘဲ ထာဝစဉ် ပြုပြင် ပြောင်းလဲနေသော သဘောကို အနတ္တ ဟူ၍လည်းကောင်း၊ သူ့သဘောကို သူဆောင်ခြင်း ဟူ၍လည်းကောင်း၊ အလိုအတိုင်း မဖြစ်စေနိုင်ခြင်း ဟူ၍လည်းကောင်း ဆိုရ၏။

အတ္တသည် သက္ကတဝေါဟာရ "အာတ္မာန်"မှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်သည်။ အာတ္မာန်သည် "အတ်"ဓာတ်နှင့် "မနိဏ်"ပစ္စည်းတို့ဖြင့် ဖွဲ့စည်းထားသော ပုဒ်ဖြစ်သည်။ အနက်အားဖြင့် လှုပ်ရှားတတ်သော သဘော၊ ရရှိလာအောင် ဆောင်ရွက်တတ်သော သဘောဖြစ်သည်။ ပါဠိဝေါဟာရအားဖြင့် "အတ်"ဓာတ်နှင့် "တ"ပစ္စည်းဖြင့် ဖွဲ့စည်းထားသောပုဒ် ဖြစ်သည်။ အနက်အားဖြင့်

အာဟာရကို မှီဝဲတတ်သော သဘော ဖြစ်သည်။ သို့ဖြစ်၍ ယင်းအတ္တကို သက်ရှိဝတ္ထုများ၌ "အသက်" ဟု ခေါ်ဆိုပြီး၊ သက်မဲ့ ဝတ္ထုများ၌မူ "အားသစ်"ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ယင်း အတ္တသည် မူလက အရှိတရား မဟုတ်ဘဲ တစ်သားတည်း စုပေါင်းမှုကြောင့် ဖြစ်ပေါ်လာသော အဖြစ်တရား ဖြစ်၍ မခိုင်မာခြင်းသဘော၊ အနှစ်သာရ မရှိခြင်းသဘော၊ အလိုအတိုင်း မဖြစ်စေနိုင်ခြင်းသဘောဖြစ်စေကာမူ အလွန် စွမ်းအားကောင်းသော အားသစ်တစ်ရပ် ဖြစ်သည်။ အတ္တသည် သက်ရှိသတ္တဝါများ၌ အသက်အနေဖြင့် ရှိပါက "ဘာဝ မုခ" (အရှိမျက်နှာစာ) သဘောအရ အစမထင်သော သံသရာတွင် တစ်ဘဝမှ တစ်ဘဝသို့ လှုပ်ရှားကျင်လည်ရသည်။ "အဘာဝမုခ" (မရှိမျက်နှာစာ) သဘောအရ လောကကို လွန်မြောက်၍ နိဗ္ဗာန်သို့ ရောက်ရသည်။ သက်မဲ့ ဝတ္ထုများ၌မူ ယင်းအားသစ်ကို ဗုဒ္ဓဘာသာကျမ်းဂန်များ၌ အထူးဆိုခြင်း မရှိ။ ဗြာဟ္မဏကျမ်းဂန်များ၌မူ "အတ္တ" ဟူ၍ပင် ဆိုသည်။

ထို့ကြောင့် စာကို ရင်ပေါင်တန်း၍ ဖတ်သူများသည် စာဖတ်သောအခါ စာပေ၏ အဓိပ္ပာယ်အနက်၊ အကြောင်းတရား၏ သဘောတရား၊ စာရေးဆရာ၏ စေတနာကို သိ၍ လောက၏ အစီးအပွားအတွက် ဆောင်ရွက်သော်လည်း စာပေ၏ ကြောင်းကျိုးဆက်နွယ်မှုအနက် (ဗျဥ္ဇနာ)၊ အကြောင်းအရာ၏ အနတ္တသဘော (ဗျဂ်ျ) ကို မသိသောကြောင့် အတ္တ၏ အနှောင်အဖွဲ့မှ မလွတ်ကင်းသေးသဖြင့် မအောင်မြင်လျှင် စိတ်နှလုံး သာယာခြင်း၊ အပြစ်ပုံချခြင်းတို့ ဖြစ်ပေါ်ပြီး အောင်မြင်လျှင်လည်း မိမိကိုယ်ကို မိမိ လူတော်ဟု အထင်မှားခြင်း "အဓိမာန"တို့ ဖြစ်တတ်၏။ ထို့ကြောင့် ဤအဆင့်တွင်လည်း အကျိုးရသင့်သလောက် ရအောင် ဆောင်ရွက်နိုင်စွမ်း မရှိ ဟူ၍ပင် ဆိုရ၏။

စာကို ရှေ့က ကြို၍ ဖတ်သူများသည် စာဖတ်သောအခါ စာပေ၏ သဒ္ဒါနက်၊ အကြောင်းအရာ၏ အသွင်သဏ္ဌာန်၊ စာပေ၏ အဓိပ္ပာယ်နက်၊ အကြောင်းအရာ၏ သဘောတရား၊ စာရေးဆရာ၏ ဆိုလိုရင်း၊ စာရေးဆရာ၏ စေတနာကို သိရုံသာမက ထိုထက် ကျော်လွန်၍ စာပေ၏ ကြောင်းကျိုးဆက်နွယ်မှု အနက်၊ အကြောင်းအရာ၏ အနတ္တသဘောတို့ကိုပါ သိလေသည်။ ထိုသို့ သိခြင်းမှာ စာပေကို ဖတ်သောအခါ စာပေ၏ အနက်ကို "ပညာဉာဏ်သိ"ဖြင့် သိသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ စာကို ရှေ့က ကြို၍ ဖတ်သူများသည် စာပေ အကိုးအကားဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မအောင်မြင်လျှင်လည်း စိတ်ဓာတ်ကျဆင်းမှု မကြီးမား၊ အကြောင်းတရားတို့ စုပေါင်းရာ၌ အားသစ်တစ်ရပ် ထွက်ပေါ်လာအောင် တစ်သားတည်း စုပေါင်းမှုဖြင့် မစုပေါင်းနိုင်သည့် သဘောကို တရားခံ

အဖြစ် သဘောပေါက်၏။ အောင်မြင်လျှင်လည်း ထောင်လွှားဂုဏ်ယူမှု မကြီးမား၊ အကြောင်းတရားတို့၏ တစ်သားတည်း စုပေါင်းကြရာမှ ထွက်ပေါ်လာသော "အားသစ်" သဘောကို နားလည်၏။ ထို့ပြင် စာကို နောက်ကလိုက်၍ ဖတ်သူများနှင့် စာကို ရင်ပေါင်တန်း၍ ဖတ်သူများ၏ အနက်အပေါ် ရပ်တည်ချက်ကို သိပြီးဖြစ်သဖြင့် ထိုပုဂ္ဂိုလ်များနှင့် အငြင်းပွားမှုလည်း မကြီးမား၊ နားလည်သဘောပေါက်အောင် ရှင်းပြ၍ ညှိနှိုင်းနိုင်စွမ်း ရှိ၏။ အနတ္တသဘောကို သိလာသည်နှင့်အမျှ အစွဲအလမ်းကြီးမှုနှင့် ကြီးသော အစွဲအလမ်းကို စွန့်လွှတ်နိုင်ခဲမှုတို့သည်လည်း ကင်းပသွားကြမည် ဖြစ်၏။ လုပ်ငန်းဆောင်ရွက်မှု နယ်နိမိတ်သည်လည်း များစွာပို၍ ကျယ်ပြန့်လာ၏။

အတ္တဟူသည် သစ္စာဉာဏ်များဖြင့် မပယ်နိုင်သေးသမျှ ကာလပတ်လုံးပုထုဇဉ်တို့၏ သန္တာန်၌ ရှိနေမည်ဖြစ်ရာ စာကို ရှေ့က ကြို၍ ဖတ်သူများသည်လည်း ပုထုဇဉ် သဘာဝအားဖြင့် အတ္တရှိနေမည် ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဒေသနာတော်အရ အတ္တသည် မူလ အရှိတရား မဟုတ်ဘဲ ခန္ဓာငါးပါး ပရမတ်တရားတို့၏ တစ်သားတည်း စုပေါင်းမှုကြောင့် နောက်မှ ဖြစ်လာသော အဖြစ်တရားဖြစ်၍ ယင်းအတ္တကို အခိုင်အမာ ဟူ၍လည်း မယူဆ၊ အနှစ်သာရ ဟူ၍လည်း လက်မခံ၊ အလိုအတိုင်း ဖြစ်စေနိုင်သော သဘော ဟူ၍လည်း မသတ်မှတ်၊ ပျက်တတ်သော သဘော ဟူ၍သာ လက်ခံ၏။ အတ္တဟူသော ဝေါဟာရကို သဒ္ဒါနက်နှင့် အဓိပ္ပာယ်နက် အားဖြင့် "အတ္တ"ဟူ၍ ပြန်ဆိုရသော်လည်း ကြောင်းကျိုးဆက်နွှယ်မှု အနက်အားဖြင့် "အနတ္တ"ဟူ၍ပင် ပြန်ဆိုရ၏။ ထို့ကြောင့် အတ္တကို ပန်းတိုင်အဖြစ်အသုံးမပြုဘဲ "ဖောင်" အဖြစ်သာ အသုံးပြုလေသည်။ ဗြာဟ္မဏဝါဒီတို့ကမူ အတ္တကို မူလအရှိတရား၊ မပျက်တတ်သော သဘောအဖြစ် လက်ခံသောကြောင့် ယင်းအတ္တကို "ဖောင်"အဖြစ် အသုံးမပြုဘဲ ပန်းတိုင်အဖြစ်သာ အသုံးပြုလေသည်။

တန်ဖိုးအနေအားဖြင့် ဆိုရလျှင် စာကို နောက်က လိုက်၍ ဖတ်သူများ၏ လုပ်ငန်းအောင်မြင်မှုကို ရုပ်ပိုင်းတန်ဖိုး(Material value)ဖြင့် တန်ဖိုးဖြတ်ကြသည်။ စာကို ရင်ပေါင်တန်း၍ ဖတ်သူများ၏ လုပ်ငန်းအောင်မြင်မှုကို စိတ်ပိုင်းတန်ဖိုး (Mental value)ဖြင့် တန်ဖိုးဖြတ်ကြသည်။ စာကို ရှေ့က ကြို၍ ဖတ်သူများ၏ လုပ်ငန်းအောင်မြင်မှုကို မြင့်မြတ်မှုတန်ဖိုး (Spiritual value)ဖြင့် တန်ဖိုးဖြတ်ကြသည်။

ထို့ကြောင့် စာပေ အကိုးအကားဖြင့် လောက၏ အစီးအပွားအတွက် လုပ်ငန်းဆောင်ရွက်ကြသူများသည် မိမိတို့၏ အနက်ပေါ် ရပ်တည်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှု၏ တန်ဖိုးကို မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခွဲခြားဆုံးဖြတ်နိုင်စေရန် ရည်ရွယ်၍ စာဖတ်သူများ သုံးမျိုးအကြောင်းကို တင်ပြခြင်း ဖြစ်ပါသည်။

# စာဖတ်သူများ ၃

*ချစ်တတ်သောစိတ် ရှိမှ ချစ်၍ ရနိုင်မည်။*

စာဖတ်သူများ ၁ နှင့် ၂ တွင် စာဖတ်သူများသည် အဆင့်အားဖြင့် ***စာကို နောက်က လိုက်၍ ဖတ်သူ၊ စာကို ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့က ကြို၍ ဖတ်သူ*** ဟူ၍ သုံးမျိုးရှိကြောင်း တင်ပြခဲ့သည်။ ထို့အပြင် အနက်နှင့် ပတ်သက်၍ အနက်သည် အလင်္ကာရ ဝေါဟာရအားဖြင့် ဝါစ္စတ္ထ, လက္ချတ္ထ, ဗျင်္ဂျတ္ထ ဟူ၍ လည်းကောင်း၊ ပါဠိစာပေ ဝေါဟာရအားဖြင့် သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ, ဘာဝတ္ထ ဟူ၍ လည်းကောင်း၊ မြန်မာစာပေ ဝေါဟာရအားဖြင့် အသွင်သဏ္ဍာန်အနက်, သဘောတရား အနက်, ကြောင်းကျိုးဆက်နွယ်မှုအနက် ဟူ၍လည်းကောင်း အဆင့်အားဖြင့် သုံးမျိုးရှိကြောင်း တင်ပြခဲ့သည်။ ဤနေရာ၌ သဒ္ဒါအနက်တို့နှင့် စပ်လျဉ်း၍ ထပ်မံ တင်ပြမည် ဖြစ်သည်။

ဗြာဟ္မဏဝါဒအရ အနက်သည် အမျိုးမျိုးနှင့် အများဖြစ်သည်ဟု ဆိုကြသော်လည်း နောက်ဆုံး အစစ်အမှန်အားဖြင့် တစ်ခုတည်းသာ ဖြစ်သည်။ ယင်းတစ်ခုတည်းကား "ဗြဟ္မာ"ဖြစ်သည်။ ဗြဟ္မာဟူသည် "အတ္တ"ပင် ဖြစ်သည်။ ဝေဒဝါကျများ အားလုံးသည် တစ်ခုတည်းသော အနက်ဖြစ်သည့် "အတ္တ"ကိုသာ ဘာဝတ္ထအားဖြင့် ဟောသည်။ ထို့ကြောင့် အနက်သည် အစစ်အမှန်အားဖြင့် "တစ်ခု" တည်းသာ ဖြစ်သည်။ အထင်အားဖြင့်သာ အမျိုးမျိုးနှင့် အများဖြစ်သည်။

မြတ်စွာဘုရား၏ ဒေသနာတော်အရမူ အနက်သည် နောက်ဆုံးအဆင့်အားဖြင့် တစ်ခုတည်းပင် ဖြစ်သည်။ ယင်းတစ်ခုတည်းကို ဗြာဟ္မဏဝါဒနှင့် ဆန့်ကျင်ဘက်အားဖြင့် "အနတ္တ"ဟူ၍ ဆိုသည်။ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ဖြင့်လည်း ယင်းတစ်ခုတည်းသော အနက် "အနတ္တ"ကိုပင် ပြသည်။ ထို့ကြောင့် ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒတို့သည် အနက်နှင့် စပ်လျဉ်း၍ နောက်ဆုံးအဆင့်အရ အရေအတွက်အားဖြင့် တစ်ခုတည်းကို လက်ခံကြခြင်း တူသော်လည်း၊

အရကောက်အားဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်ကြသည်။ ဗြာဟ္မဏဝါဒ၌ အနက်ကို နောက်ဆုံးအဆင့်အားဖြင့် “အတ္တ” ဟု ဆိုသည်။ ဗုဒ္ဓဝါဒက “အနတ္တ”ဟု ဆိုသည်။

အသိဟူသည် “အဟုတ်နှင့် မဟုတ်”တို့၏ ဆက်စပ်မှုကို သိခြင်း ဖြစ်သည်။ ယင်းကို ဒဿနဝေါဟာရအားဖြင့် “အပေါဟ”ဟူ၍ ခေါ်သည်။ အပေါဟသည် (အပ+ဉိဟ်+ဃဏ်)ဟူ၍ အပ– ရှေးရှိသော၊ ဉိဟ်–ဓာတ်၊ ဃဏ်–ပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်ဖြစ်သည်။ သဒ္ဒါအနက်အားဖြင့် “မဟုတ်”ကို ရှောင်၍ “အဟုတ်”ကို ဆောင်ခြင်း ဖြစ်သည်။ ယင်းကိုပင် သိခြင်းဟူ၍ ဆိုသည်။ သို့ဖြစ်လျှင် အသိဉာဏ် ဖြစ်ရေးအတွက် အာရုံပိုင်းတွင် သိစရာ အရာဝတ္ထု နှစ်ခု အနည်းဆုံး လိုအပ်သည်။ ထို့ကြောင့် အစစ်အမှန်ဖြစ်သော အနက်သည် ဗုဒ္ဓဝါဒ အရ အဟုတ်ပိုင်းအနေဖြင့် “အနတ္တ”ဟူ၍ တစ်ခုတည်း ဖြစ်သော်လည်း၊ “မဟုတ်” ပိုင်း အနေဖြင့် သက်ရှိသက်မဲ့ တည်းဟူသော အနက်များစွာ ရှိသည်။ သို့မှသာ“အဟုတ်“နှင့် “မဟုတ်”တို့၏ ဆက်စပ်မှုကို သိသော အသိဉာဏ် ဖြစ်နိုင်ပေမည်။ “မဟုတ်”ကို ရှောင်၍ “အဟုတ်”ကို ဆောင်နိုင်ပေမည်။ ထိုအခါ ရှောင်အပ်သော အနက်များသည် အမှန်ဟု ထင်ရသော်လည်း တကယ်မမှန်သော အနက်များဖြစ်၍၊ ဆောင်အပ်သော အနက်သည်သာ တကယ်မှန်သော အနက်ဖြစ် သည်ဟု သဘောပေါက်လာမည် ဖြစ်သည်။ တကယ်မမှန်သော အနက်များသည် လူ၊ ခွေး၊ မြင်း၊ ဆင်၊ သစ်ပင်၊ တော၊ တောင် စသည်အားဖြင့် အသချေ ဖြစ်လေ သည်။ တကယ်မှန်သော အနက်ကား “အနတ္တ”အနေဖြင့် တစ်ခုတည်းသာတည်း။ ထို့ကြောင့်ပင် “သဗ္ဗေ ဓမ္မာ အနတ္တာ”ဟူ၍ ဒေသနာတော်၌ အနှစ်ချုပ် ဟော ထားခြင်း ဖြစ်သည်။

တကယ်မှန်အနက် “အနတ္တ”သည် အရေအတွက်အားဖြင့် တစ်ခုတည်း ဖြစ်သော်လည်း နယ်နိမိတ်အားဖြင့် အပိုင်းအခြား မရှိ။ ယင်း၌ အနက်အားလုံး အကျုံးဝင်၏။ အထင်မှန်အနက်များသည် အရေအတွက်အားဖြင့် အသချေ ဖြစ်သော်လည်း နယ်နိမိတ်အားဖြင့် အပိုင်းအခြား ရှိ၏။ ယင်း၌ အနက်များသည် ဓာတ်အလိုက်၊ ဒြပ်အလိုက်သာ အကျုံးဝင်၏။ အားလုံး အကျုံးမဝင်။ ပိဋကတ် စာပေများဖြင့် တကယ်မှန် အနက် အနတ္တကို သိစေရန် ဟောကြား၏။ ထိုသို့ ဟောကြားရာတွင် ဟောကြားနည်း နှစ်မျိုးကို အသုံးပြု၏။ ထိုဟောကြားနည်း နှစ်မျိုးအနက် ပထမ ဟောကြားနည်းကို ဒဿနဝေါဟာရဖြင့် “ဝိဓိ”ဟု ခေါ်၍၊ ဒုတိယ ဟောကြားနည်းကို “အတ္တဝါဒ”ဟု ခေါ်သည်။

“ဝိဓိ”ဟူသည် “ဤဟာကို မလုပ်နှင့်၊ ထိုဟာကိုလုပ်”ဟူ၍ ညွှန်ကြား

ခြင်း ဖြစ်သည်။ "ဤဟာကို မလုပ်နှင့်"ဟူသည် တားမြစ်ခြင်းအပေါ် အခြေခံခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် "ရှောင်ခြင်း" သဘောကို ဖော်ပြသည်။ "ထိုဟာကို လုပ်"ဟူသည် တိုက်တွန်းခြင်းအပေါ် အခြေခံခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် "ဆောင်ခြင်း" သဘောကို ဖော်ပြသည်။ ထို့ကြောင့် "ဝိဓိ"တွင် ရှောင်ခြင်းနှင့် ဆောင်ခြင်းသဘော နှစ်မျိုးလုံး ပါဝင်သည်။ သဘောနှစ်မျိုးလုံး ပါဝင်ရာတွင် ခွဲခွာ၍မရဘဲ တစ်ဆက်တည်း ပါဝင်ခြင်းမျိုး ဖြစ်သည်။ ဥပမာအားဖြင့် "အကုသိုလ်ကို မလုပ်ရ"ဟူသော တားမြစ်ချက်တွင် "ကုသိုလ်ကို လုပ်ရမည်"ဟူသော တိုက်တွန်းချက်သည်လည်း သဘောအားဖြင့် အလိုအလျောက် ပါဝင်သည်။ ထို့ကြောင့် တားမြစ်ခြင်းနှင့် တိုက်တွန်းခြင်း၊ သို့မဟုတ် "ရှောင်ခြင်း"နှင့် "ဆောင်ခြင်း"တို့သည် ဒင်္ဂါးပြား၏ ပန်းဘက်နှင့် ခေါင်းဘက်သဖွယ် ဝိဓိ၏ မျက်နှာပြင် နှစ်ဖက် ဖြစ်ကြသည်။ ပန်းဘက်နှင့်ခေါင်းဘက် နှစ်မျိုးလုံးအနက် တစ်ဖက်ဖက်သာ ပါသော ဒင်္ဂါးပြားသည် ဒင်္ဂါးပြားကောင်း မဖြစ်သကဲ့သို့ "ရှောင်ခြင်း" နှင့် "ဆောင်ခြင်း"နှစ်မျိုးတို့အနက် တစ်မျိုးမျိုးသာ ပါသော ဝိဓိသည်လည်း ဝိဓိကောင်း မဟုတ်ချေ။

အချို့သော ဝိဓိများတွင် တားမြစ်ချက် အရေးကြီးပါက တားမြစ်ချက်ကို တိုက်ရိုက်ဖော်ပြပြီး တိုက်တွန်းချက်ကို သွယ်ဝိုက်၍ ဖော်ပြသည်။ တိုက်တွန်းချက် အရေးကြီးပါက တိုက်တွန်းချက်ကို တိုက်ရိုက်ဖော်ပြပြီး တားမြစ်ချက်ကို သွယ်ဝိုက်၍ ဖော်ပြသည်။ တစ်ဖက်ဖက်ကို တိုက်ရိုက်ဖော်ပြလျှင် ကျန်တစ်ဖက်ကိုလည်း သဘောအားဖြင့် ဖော်ပြပြီးဖြစ်၍ မလွဲသာ မရှောင်သာ လိုက်နာ ဆောင်ရွက်ရသည်။ သို့မှသာ ဝိဓိ၏ ပြည့်စုံသော ဘက်နှစ်ဖက်ကို ဖော်ဆောင်ရာ ရောက်သည်။ သို့မဟုတ်ပါက ဒင်္ဂါးပြားပျက်ကဲ့သို့ ဝိဓိပျက် ဖြစ်သွားပေလိမ့်မည်။

ဒုတိယ ဟောကြားနည်းအရ အတ္ထဝါဒဟူသည် ဝိဓိကို ပံ့ပိုးပေးသော နည်း ဖြစ်သည်။ စာပေတွင် ဝိဓိအရ "ဤဟာကို မလုပ်နှင့်၊ ထိုဟာကို လုပ်" ဟူသော ညွှန်ကြားချက် သက်သက်ကိုသာ ဖော်ပြသည်မဟုတ်။ "အတ္ထဝါဒ"အရ ဇာတ်လမ်းများလည်း ပါသည်။ အကြောင်းအရာများလည်း ပါသည်။ ဇာတ်လမ်းများ ပါလျှင် ဇာတ်လမ်းဆိုင်ရာ အနက်များလည်း ပါမည်ပင် ဖြစ်သည်။ သို့ရာတွင် ယင်းအနက်များကို ပါဠိစာပေ ဝေါဟာရအားဖြင့် သဒ္ဒတ္ထအားဖြင့် ဖြစ်စေ၊ အဓိပ္ပာယတ္ထအားဖြင့် ဖြစ်စေ တကယ်မှန်အနက် "အနတ္တ"သဘောရောက်အောင် တိုက်ရိုက်ယူ၍ မရ။ ဘာဝတ္ထအားဖြင့်သာ ရသည်။ အလင်္ကာရ ဝေါဟာရအားဖြင့်လည်း ဝါစ္စတ္ထအားဖြင့် ဖြစ်စေ၊ လက္ချတ္ထ အားဖြင့်ဖြစ်စေ တကယ်မှန်အနက် "အနတ္တ" သဘောရအောင် တိုက်ရိုက် ယူ၍ မရ။ ဗျင်္ဂျတ္ထအားဖြင့်သာ ရသည်။

မြန်မာစာပေ ဝေါဟာရအားဖြင့်လည်း အသွင်သဏ္ဌာန် အနက်အားဖြင့် ဖြစ်စေ၊ သဘောတရား အနက်အားဖြင့် ဖြစ်စေ တကယ်မှန်အနက် "အနတ္တ" သဘော ရအောင် တိုက်ရိုက်ယူ၍မရ၊ ကြောင်းကျိုးဆက်နွှယ်မှု အနက်အားဖြင့်သာ ရသည်။

သို့ဖြစ်၍ တကယ်မှန်အနက် "အနတ္တ"ကို ဖော်ပြနိုင်သော အနက်များမှာ ပါဠိစာပေ ဝေါဟာရအားဖြင့် ဘာဝတ္ထ၊ အလင်္ကာရ ဝေါဟာရအားဖြင့် ဗျင်္ဂျတ္ထ၊ မြန်မာစာပေ ဝေါဟာရအားဖြင့် ကြောင်းကျိုးဆက်နွှယ်မှု အနက်တို့သာ ဖြစ်သည်။ ထို့ကြောင့် "အတ္တဝါဒ"အရ ဇာတ်လမ်းနှင့် အကြောင်းအရာပါ အနက်များတွင် သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထ၊ သို့မဟုတ် ဝါစ္စတ္ထနှင့် လက္ချတ္ထ၊ သို့မဟုတ် အသွင် သဏ္ဌာန် အနက်နှင့် သဘောတရား အနက်တို့သည် တကယ်မှန်အနက် "အနတ္တ" ကို ပေါ်အောင် ဝိဓိကို သွယ်ဝိုက်၍ ကူညီပံ့ပိုးပေးကြသည်။ ဘာဝတ္ထ၊ သို့မဟုတ် ဗျင်္ဂျတ္ထ၊ သို့မဟုတ် ကြောင်းကျိုးဆက်နွှယ်မှု အနက်တို့သည်သာ တကယ်မှန်အနက် "အနတ္တ"ကို ပေါ်အောင် ဝိဓိအရ တိုက်ရိုက်ဖော်ကြသည်။ ထို့ကြောင့် "အတ္တဝါဒ" အရ ဖော်ပြသော ဇာတ်လမ်းဆိုင်ရာ အနက်များ၊ အကြောင်းအရာဆိုင်ရာ အနက် များသည် ဝါစ္စတ္ထနှင့် လက္ချတ္ထ သို့မဟုတ် သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထ၊ သို့မဟုတ် အသွင်သဏ္ဌာန်အနက်နှင့် သဘောတရားအနက် တို့ပင်ဖြစ်စေကာမူ တကယ်မှန် အနက် "အနတ္တ"ကို ပေါ်အောင် ဝိဓိကိုလျော့်နည်း (စာရိတ္တ)အရ ဖြစ်စေ၊ ဆန့်ကျင်နည်း (ဝါရိတ္တ)အရ ဖြစ်စေ တစ်နည်းနည်းဖြင့် သွယ်ဝိုက်၍ ပံ့ပိုးပေးကြ သည်ပင် ဖြစ်သည်။ သို့ဖြင့်၍ ယင်းအနက်များသည်လည်း လူတို့၏ အသိဉာဏ် အတွက် "မဟုတ်"ပိုင်းအနေဖြင့် ကျေးဇူးများပါ၏။ ဗျင်္ဂျတ္ထ၊ သို့မဟုတ် ဘာဝတ္ထ၊ သို့မဟုတ် ကြောင်းကျိုးဆက်နွှယ်မှု အနက်ဖြစ်ပါက အထူး ဆိုဖွယ်ရာပင် မရှိ၊ "အဟုတ်"ပိုင်း အနေဖြင့် များစွာ ကျေးဇူးများ၏။

ရသစာပေတွင် "ပါနကရသန္ယာယ"ဟူသော ဝေါဟာရတစ်ခု ရှိ၏။ ယင်းဝေါဟာရ၏ သဒ္ဒါနက်မှာ စာပေကို ဖတ်ရှုလေ့လာရာတွင် "ဖျော်ရည် အရသာ" နည်းကို အသုံးပြုရမည်ဟူ၍ ဖြစ်သည်။ ယင်းနည်းအရ ရှင်းလင်းရလျှင် "ဖျော်ရည်အရသာ" နည်းထက် "ဟင်းအရသာ"နည်းက ပို၍ နားလည်ဖွယ် ရှိ၏။ ဟင်းချက်ရာတွင် ငရုတ်သီးလည်း ပါ၏။ ဆားလည်း ပါ၏။ ဆီလည်း ပါ၏။ နနွင်းလည်း ပါ၏။ သားငါးလည်း ပါ၏။ အခြား ဆိုင်ရာ ပစ္စည်းများလည်း ပါ၏။ ယင်းပစ္စည်းများကို စုပေါင်း၍ ဟင်းကောင်းဖြစ်အောင် ချက်တတ်သူက ချက်လိုက်သောအခါ "ဟင်း" ဖြစ်လာသည်။ ဟင်းဖြစ်လာသောအခါ ဟင်း၏ အရသာသည် တစ်ခုတည်း ဖြစ်၏။ အမျိုးမျိုး မဖြစ်။ တစ်ခုတည်း ဖြစ်မှလည်း "ဟင်းကောင်း"မည်၏။ ယင်းကိုပင် စာပေ ဝေါဟာရဖြင့် "ဧကရသ"ဟူ၍

ခေါ်၏။ ဟင်းအဖြစ် မရောက်မီက ပါဝင်သော ပစ္စည်း အသီးသီး၏ အရသာများသည် သီးခြားစီ ဖြစ်ကြ၏။ ဆားကလည်း ငန်၏။ အသားကလည်း ညှီ၏။ အခြား ပစ္စည်းများ၏ အရသာများသည်လည်း အလားတူပင် ဖြစ်၏။ နှစ်သက်ဖွယ် မရှိ။ သို့ရာတွင် ဟင်းကောင်းအဖြစ်သို့ ရောက်သွားပါက "ဟင်းအမည်" ပစ္စည်းများသည် ဟင်းမဖြစ်မီ မိမိတို့၏ မူလရှိရင်းစွဲ အရသာကို ပယ်စွန့်၍ တစ်ခုတည်းသော ဟင်းကောင်းအရသာ အဖြစ်၌ တစ်ပေါင်းတည်း တည်ကြ၏။ ဆားအရသာလည်း စူးစူးဝါးဝါး သီးခြားမထွက်၊ သား ငါး အရသာသည်လည်း စူးစူးဝါးဝါး သီးခြားမထွက်၊ အားလုံး တစ်ခုတည်း ဖြစ်လာ၏။ အမျိုးမျိုး မဖြစ်တော့ချေ။

ထို့နည်းအတူပင် စာပေသဘော၌လည်း နောက်ဆုံး တကယ်မှန်အနက် "အနတ္တ"ကို တစ်ခုတည်းအနေဖြင့် မြင်အောင် လေ့လာအပ်၏။ အတ္ထဝါဒအရ ဖော်ပြရာတွင် ဇာတ်လမ်း၌လည်း သဒ္ဒါအနေဖြင့် ဝါကျပေါင်းများစွာ ပါ၏။ အနက်အနေဖြင့် အနက်ပေါင်း များစွာ ပါ၏။ အကြောင်းအရာ၌လည်း သဒ္ဒါအနေဖြင့် ဝါကျပေါင်း များစွာ ပါ၏။ အနက်အနေဖြင့် အနက်ပေါင်း များစွာ ပါ၏။ သို့ရာတွင် ယင်းတို့ကို စာတစ်ပုဒ်အဖြစ်ဖြင့် ပေါင်းစပ်လိုက်သောအခါ သဒ္ဒါအနေဖြင့်လည်း တစ်ခုတည်း၊ အနက်အနေဖြင့်လည်း တစ်ခုတည်း ဖြစ်သွားရလေသည်။ ယင်းတစ်ခုတည်းကား "အနတ္တ"သာ ဖြစ်၏။ ထိုကဲ့သို့ တစ်ခုတည်း ဖြစ်အောင် ပေါင်းနိုင်ခြင်းကို "သမဝါယ သမ္ဗန္ဓ" နည်းအရ ပေါင်းခြင်းဟု ခေါ်သည်။

ထို့ကြောင့် အစိတ်နှင့် အပေါင်း သဘောတရားအရ စာတစ်ပုဒ်တွင် အစိတ် အစိတ်အနေဖြင့် ပါဝင်သော ဇာတ်လမ်းများ၊ အကြောင်းအရာများ၊ ဝါကျများနှင့် ယင်းတို့၏ အနက်များကို ဟင်းမဖြစ်မီ အခိုက်အတန့်၌ရှိသော "ဟင်းအမည်" အသီးသီးကဲ့သို့ သဘောထားရ၏။ စာတစ်ပုဒ်လုံးကိုမူ "ဟင်း"ကဲ့သို့ သဘောထားရ၏။ ဟင်းကောင်းဖြစ်အောင် ချက်တတ်သူက ဟင်းအမည်များကို စုပေါင်း၍ ဟင်းကောင်းအရသာ ပေါ်အောင် ချက်သောအခါ ဟင်းကောင်းအရသာ တစ်ခုတည်း ပေါ်သကဲ့သို့ စာကောင်းဖြစ်အောင် တင်ပြတတ်သူက ဇာတ်လမ်းများ၊ အကြောင်းအရာများ၊ ဝါကျများ၊ အနက်များကို စုပေါင်း၍ စာကောင်းအရသာ ပေါ်အောင် ပြုစုသောအခါ စာကောင်းအရသာသည် ပေါ်လာ၏။ ယင်းအရသာကား အနတ္တအနက်ပင်တည်း။ ထို့ကြောင့် အစိတ်နှင့် အပေါင်း နှစ်မျိုးတွင် အစိတ်ကို အပဓာန၊ အပေါင်းကို ပဓာနပြု၍ စာပေကို လေ့လာအပ်၏။ သို့မဟုတ်ဘဲ ပြောင်းပြန်ပြု၍ စာပေကို လေ့လာပါက စာပေ၏ မူရင်းအနက် အနတ္တသည် ပျောက်ကွယ်သွားပေလိမ့်မည်။ အနတ္တ အနက် ပျောက်ကွယ်သွားလျှင် ဗုဒ္ဓဘာသာ

ဝင် အဖြစ် မြတ်စွာဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ရကျိုးနပ်မည် မဟုတ်ချေ။

စာကို ဖတ်သောအခါ စာကို ရှေ့က ကြို၍ ဖတ်သူများသည် သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထကို ကျော်၍ ဘာဝတ္ထတိုင်အောင် သိရန် ကြိုးစားရ၏။ ဝါစ္စတ္ထနှင့် လက္ခဏတ္ထကို ကျော်၍ ဗျဂ်ျတ္ထတိုင်အောင် သိရန် ကြိုးစားရ၏။ အသွင်သဏ္ဍာန် အနက်နှင့် သဘောတရား အနက်ကို ကျော်၍ ကြောင်းကျိုးဆက်နွယ်မှု အနက် တိုင်အောင် သိရန် ကြိုးစားရ၏။ ထိုအခါမှသာ အနတ္တအနက်ကို နားလည်နိုင် လေသည်။ အနတ္တအနက်ကို နားလည်လျှင် ဗုဒ္ဓဘာသာဝင်အဖြစ် မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံကြိုက်ရကျိုးနပ်၏။

အနတ္တအနက်ကို နားလည်သော စာဖတ်သူများ ဖြစ်ရေးမှာလည်း လွယ်ကူသည် မဟုတ်။ "လူ"ဟူသည် ခန္ဓဒေသနာအရ ခန္ဓာငါးပါးတို့၏ "ဓိဝ" သဘော ပါသော အစုအဝေး ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အာယတန ခြောက်ပါးတို့၏ "ဓိဝ"သဘော ပါသော အစုအဝေး ဖြစ်၏။ အာယတန ခြောက်ပါးကို ဒွါရ ခြောက်ပါး ဟူ၍လည်း ဆို၏။ အာယတနခြောက်ပါးတို့ကို နာမ်ရုပ်ပေါ်၌ တည်ဆောက်၏။ နာမ်ရုပ်ကို ပဋိသန္ဓေဝိညာဏ် သင်္ခါရ (ကံ)ပေါ်၌ တည်ဆောက်၏။ သင်္ခါရ (ကံ)ကို အဝိဇ္ဇာပေါ်၌ တည်ဆောက်၏။ ထို့ကြောင့် "လူ"ဟူသည် အခြေခံ အကျဆုံးအားဖြင့် "အဝိဇ္ဇာ နုသယ"ပေါ်၌ တည်ဆောက် ထားသော အဝိဇ္ဇာနုသယ၏ ရုပ်တု ဖြစ်လေသည်။ ယင်းကိုပင် "အဝိဇ္ဇာမုတ္တိမာ" ဟူ၍ ဆို၏။ နံ့သာဖြူရုပ်တုသည် အခါခပ်သိမ်း နံ့သာဖြူနံ့ မွှေးသကဲ့သို့ အဝိဇ္ဇာ ရုပ်တု ဖြစ်သော လူသည် မိမိ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ အခါ ခပ်သိမ်း အဝိဇ္ဇာသဘော ပါလေသည်။ သို့ရာတွင် ယင်းအဝိဇ္ဇာကား မပယ်နိုင်သော တရား မဟုတ်။ စူးဝင်နေသော အပ်ကို အပ်ဖြင့်ပင် ထွင်ရသကဲ့သို့ စူးဝင်နေသော အဝိဇ္ဇာကို အဝိဇ္ဇာနုသယ အခြေခံသော ဉာဏ် (သင်္ခါရ)ဖြင့်ပင် ထွင်နိုင်၏။ ပယ်နိုင်၏။

အမှန်အားဖြင့် လူသည် အာရုံတရားများကို တိုက်ရိုက်မသိရဘဲ အာယ တန ခြောက်ပါး၊ သို့မဟုတ် ဒွါရခြောက်ပါးတို့မှ တစ်ဆင့် သိရ၏။ အာယတန ခြောက်ပါးတို့သည် ဆိုင်ရာ အကြောင်းတရားများအလိုက် အထက်အနံ့ ရှိကြ၏။ အာယတန ခြောက်ပါး သို့မဟုတ် ဒွါရ ခြောက်ပါးတို့တွင် မနောဒွါရသည် အရေးအကြီးဆုံး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မနောဒွါရသည် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့နှင့် အရတူ ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မနောဒွါရ ထက်လျှင် ယင်းမှတစ်ဆင့် ထင်လာသော အာရုံကို ထက်ထက်သိမည်။ မနောဒွါရ

နှံ့လျှင် ယင်းမှတစ်ဆင့် ထင်လာသော အာရုံကို နှံ့နှံ့သိမည်။ မနောဒွါရ အထက် အနှံ့ ဆိုသည်မှာ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ်အားဖြင့် ပဋိသန္ဓေစိတ်များ၏ ဟိတ် ယှဉ်မှုကို ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် အဟိတ်နှင့်ဒွိဟိတ် မနောဒွါရမှ တစ်ဆင့် သိရသော အာရုံများနှင့် ပတ်သက်၍ မည်သည့်အနက်က "အမှား"၊ မည်သည့် အနက်က "အမှန်"ဟူ၍ ခွဲခြားသိရန် ခက်၏။ ထို့ထက်ပို၍ "အနတ္တ" သဘော ပါအောင် သိရေးမှာ ခက်၏။

ထို့ပြင် "သိစိတ်"သည်လည်း ထင်လာသော အာရုံကို ထင်လာသည့် အတိုင်း သိသည် မဟုတ်။ ပတ်ဝန်းကျင်၏ ဓလေ့များအလိုက် နှလုံးသွင်းများ၊ စရိုက်များ၊ ဉာဉ်များ၊ ဝါသနာများ အရသာ သိခြင်း ဖြစ်သည်။ မျက်မှန်စိမ်း တပ်ထားသော မြင်းသည် ကောက်ရိုးကို မြက်စိမ်းအဖြစ် သိသကဲ့သို့ပင် လူသည် လည်း မိမိ၏ ဒွါရ ခြောက်ပါး၌ ထင်လာသော အာရုံကို မိမိ၏ နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ ဝါသနာတို့အလိုက် အတူပင် အမျိုးမျိုး ခြယ်၍ သိ၏။ ယထာဘူတ အတိုင်း မသိ။ ထို့ကြောင့် "အနတ္တ" အနက် ပေါ်အောင် သိရေးကို မဆိုထားနှင့်၊ ယထာဘူတကျအောင်ပင် သိရန် များစွာခက်၏။

သို့ရာတွင် လွယ်ကူသော နည်းသည် ရှိ၏။ ယင်းနည်းကား မိမိ သိသော အနက် မှန် မမှန်ကို "နိဗ္ဗာန်"နှင့် မှတ်ကျောက်တင်သောနည်း ဖြစ်၏။ နိဗ္ဗာန်သည် သဒ္ဒါနက်အားဖြင့် တဏှာလောဘမှ လွတ်မြောက်ခြင်း ဖြစ်၏။ ဤမှတ်ကျောက် တင်နည်းအရ မိမိ သိသော အနက်သည် ဝိဓိအရ ဖြစ်စေ၊ အတ္တဝါဒအရ ဖြစ်စေ ဖော်ပြထားသော အနက်ပင် ဖြစ်လင့်ကစား မိမိ၏ သန္တာန်၌ လောဘကို ပါးအောင် ဆောင်ရွက်နိုင်စွမ်းရှိလျှင် ယင်းအနက်သည် နိဗ္ဗာန်သို့ ဦးတည်သဖြင့် မှန်၏။ သို့မဟုတ်က မမှန်။ လောဘ နည်းနည်းပါးလျှင် နည်းနည်းမှန်၏။ များများပါးလျှင် များများ မှန်၏။ အကြွင်းမဲ့ ပယ်ပြီးလျှင်ကား အမှန်ဆုံး အရိယသစ္စာတည်း။ ဤသို့လျှင် မှတ်ကျောက်တင်နိုင်၏။

လောဘပါးခြင်းဟူသည် ဘာမျှမလိုချင်၍ ဘာမျှမလုပ်ခြင်း မဟုတ်။ ဘာမျှ မလုပ်ခြင်းဖြင့် လောဘကို မပါးစေနိုင်။ အမှန်အားဖြင့် "လောဘ"၏ ဆန့်ကျင်ဘက် "အလောဘ"ဖြင့်သာ ပါးအောင် လုပ်နိုင်သည်။ သတ်နိုင်သည်။ လောဘသည် မိမိအတွက် သိမ်းပိုက်ခြင်းဖြစ်လျှင် ယင်း၏ ဆန့်ကျင်ဘက်အားဖြင့် အလောဘသည် လောကအတွက် အာမိသဒါနအားဖြင့် ဖြစ်စေ၊ ဓမ္မဒါနအားဖြင့် ဖြစ်စေ ပေးစွန့်ခြင်း ဖြစ်သည်။ ပေးစွန့်ရန် မိမိ၌ အာမိသ၊ သို့မဟုတ် ဓမ္မကို ရှိပြီးဖြစ်အောင် လုပ်ရ၏။ မိမိ ၌ ရှိပြီးဖြစ်မှသာ ပေးစွန့်နိုင်မည် ဖြစ်၏။ အလောဘ ဖြစ်ဖို့အတွက် အဒေါသလည်း လို၏။ အဒေါသဟူသည် မေတ္တာဖြစ်၏။ မေတ္တာ

ရှိလျှင် ပေးစွန့်ရန် လွယ်၏။ လောက အပေါ် မေတ္တာရှိရန် ဆိုသည်မှာလည်း မိမိ၏ သန္တာန်၌ မေတ္တာတရား ကိန်းနေအောင် လုပ်ထားဖို့ လို၏။ ချစ်တတ်သော စိတ်ရှိမှ ချစ်၍ ရနိုင်မည် ဖြစ်၏။ အလောဘနှင့် အဒေါသ ဖြစ်ရုံမျှနှင့်လည်း မပြီးသေး၊ အမောဟ ရှိဖို့လည်း လိုအပ်၏။ အမောဟ ရှိမှသာ အာမိသနှင့် ဓမ္မကို စင်ကြယ်အောင် လုပ်၍ရ၏။ မေတ္တာကို တဏှာမစွက်အောင် ထိန်းနိုင်၏။ ဤသို့ ဆောင်ရွက်မှသာ လောဘကို ပါးအောင် လုပ်နိုင်သည်။ လောဘ ပါးလျှင် ကျန်သော ကိလေသာများသည်လည်း ပါးမည် ဖြစ်သည်။ ထိုအခါမှသာ အနက်မှန်ကို သိသည် မည်၏။

ထို့ကြောင့် စာဖတ်သောအခါ မိမိ သိသော အနက် မှန် မမှန်၊ ဘာဝတ္ထ ရောက်, မရောက်၊ အနတ္တသဘော ပါ မပါကို လောဘ ပါး မပါးဖြင့် စိစစ်၍ စာပေကို ဖတ်ရှုလေ့လာသော ဗုဒ္ဓဘာသာဝင် စာဖတ်သူများ ဖြစ်ပေါ်နိုင်စေရန် ရည်စူး၍ တင်ပြခြင်း ဖြစ်ပါသည်။

# စာဖတ်သူများ ၄

*ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သိသော အခါမှသာ*
*ပါရမီကုသိုလ်၏ သဘောကို နားလည်၏။*

စာဖတ်သူများ ၃ ၌ စာပေ၏ အနက်သည် သဒ္ဒါအနက်၊ အဓိပ္ပာယ်နက်၊ ပန်းတိုင်နက် ဟူ၍ သုံးမျိုး၊ သုံးဆင့်ရှိကြောင်း၊ ထိုသုံးမျိုး သုံးဆင့်တို့နှင့် စပ်လျဉ်း၍ "သိမှုကို" လိုက်ပြီး စာဖတ်သူများသည်လည်း အဆင့်အတန်းအားဖြင့် စာကို နောက်က လိုက်၍ ဖတ်သူ၊ စာကို ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့က ကြို၍ ဖတ်သူ ဟူ၍ သုံးမျိုး သုံးစား ကွဲပြားကြောင်း တင်ပြခဲ့၏။

ဤနေရာ၌ အနက် သုံးမျိုး သိမှုနှင့် စပ်လျဉ်း၍ ဆရာများ၏ သင်ကြားပြသပုံ စာပေသင်ကြားနည်းစနစ်ကို တင်ပြမည် ဖြစ်ပါသည်။ ဆရာများ ဆိုရာ၌ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများကို ဆိုခြင်း ဖြစ်သည်။ ရှေးခေတ် ဘုန်းတော်ကြီး ကျောင်းများသည် စာပေ၏အနက် သုံးမျိုးသုံးစားတို့တွင် နောက်ဆုံးအဆင့်ဖြစ်သော "ပန်းတိုင်အနက်"ကို အလေးအနက်ထား၍ သင်ကြားကြ၏။ နောက်ဆုံး ပန်းတိုင်အနက်ကို ပါဠိဘာသာဖြင့် ဘာဝတ္ထဟု ခေါ်သည်။

"အလိမ္မာ စာမှာရှိ"ဟူသည်နှင့်အညီ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် မိမိတို့၏ တပည့်များကို ဤလောက၌ လိမ္မာယဉ်ကျေးစွာ နေထိုင်သွားလာတတ်အောင် သင်ကြားပေးကြ၏။ ထိုသို့ သင်ကြားပေးရာတွင် အဓိကအားဖြင့် သက်ရှိ သက်မဲ့ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာ၌ နှလုံးသွင်းမှန်အောင်၊ စေတနာထားတတ်အောင် သင်ကြားပေးခြင်း ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ မှန်သော နှလုံးသွင်းဟူသည် ကုသိုလ်၏ အကြောင်းရင်း ဖြစ်၏။ စေတနာဟူသည် "ကံ"ဖြစ်၏။ ယင်း "ကံ"သည် ပစ္စုပ္ပန် တမလွန်အကျိုး၊ လောကီ လောကုတ္တရာ အကျိုးတို့ကို ပေး၏။ "စေတနာကို ကံဟူ၍ ငါဘုရား ဟောကြားတော်မူ၏"ဟု လာရှိသည့်အတိုင်း ကောင်းမွန်သော "ကမ္မပထ" မြောက် စေတနာကို မိမိတို့ တပည့်များ၏ အဇ္ဈတ္တသန္တာန်၌ အစဉ် ကိန်းအောင်းနေအောင် သင်ကြားပေးခြင်း ဖြစ်သည်။

ဗုဒ္ဓဒေသနာတော်အရ "ဘာဝတ္ထ"ဆိုသည်မှာ အချုပ်အားဖြင့် အနတ္တ ဖြစ်သည်။ အနတ္တ ဆိုသည်မှာလည်း အတ္တ၏ ဆန့်ကျင်ဘက်အနေဖြင့် အတ္တမှ ကင်းစင်ခြင်း၊ အတ္တမှ လွတ်မြောက်ခြင်း၊ အတ္တကို ပယ်စွန့်ခြင်း ဖြစ်၏။ အတ္တ ဆိုသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲယူခြင်း ဖြစ်၏။ တဏှာဖြင့် စွဲယူလျှင် တဏှာအတ္တ ဖြစ်၏။ မာနဖြင့် စွဲယူလျှင် မာနအတ္တ ဖြစ်၏။ ဒိဋ္ဌိဖြင့် စွဲယူလျှင် ဒိဋ္ဌိအတ္တ ဖြစ်၏။ တဏှာဖြင့် စွဲယူသောအခါ အရာရာတိုင်းကို "ငါ့အတွက်၊ ငါ့ဉစ္စာ" ဟူ၍ မြင်၏။ မာနဖြင့် စွဲယူသောအခါ"ငါမှ တတ်သည်၊ ငါမှ သိသည်၊ ငါမှ နားလည်သည်"ဟူ၍ အရာရာတိုင်းအပေါ် ငါဟု မြင်၏။ ဒိဋ္ဌိဖြင့် စွဲယူသော အခါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဟူသော ပညတ်များကို တကယ်အရှိ၊ တကယ် အခိုင်အမာအနေဖြင့် မြင်၏။ အတ္တသည် အဝိဇ္ဇာ၏ ဝန်ထမ်း ဖြစ်၏။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲယူခြင်းသည် အဝိဇ္ဇာ၏ ညွှန်ကြားချက်အရ ဖြစ်၏။ အဝိဇ္ဇာက မညွှန်ကြားလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲယူရန် အတ္တဟူ၍ မရှိတော့ ချေ။ ထိုအခါ အတ္တမှ ကင်းစင်ခြင်း၊ အတ္တမှ လွတ်မြောက်ခြင်း၊ အတ္တကို ပယ်စွန့် ခြင်း အနတ္တသည် ထင်ရှားဖြစ်ပေါ်လာ၏။ ယင်းကိုပင် အမည်တစ်မျိုးဖြင့် တဏှာမှ ထွက်မြောက်ခြင်း နိဗ္ဗာန် ဟူ၍လည်းကောင်း၊ ကိလေသာမှ လွတ်မြောက်ခြင်း ဝိမုတ္တိ ဟူ၍လည်းကောင်း ဆို၏။

ဗုဒ္ဓစာပေများသည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟူ၍ အရေအတွက်အားဖြင့် များပြား၏။ ထိုသို့ များခြင်း သည် သဒ္ဒတ္ထအားဖြင့် များခြင်း၊ အဓိပ္ပာယတ္ထအားဖြင့် များခြင်းသာ ဖြစ်၏။ ဘာဝတ္ထ အားဖြင့်မူ မများဘဲ တစ်ခုတည်း ရှိ၏။ ယင်းတစ်ခုတည်းသည် "ဝိမုတ္တိ"၊ သို့မဟုတ် "နိဗ္ဗာန်"၊ သို့မဟုတ် "အနတ္တ"ဖြစ်သည်။ ဤနေရာ၌ နိဗ္ဗာန်ဟူသည် အတ္တမှ လွတ်မြောက်လျှင် လွတ်မြောက်သလောက် ငြိမ်းအေးချမ်းမြေ့ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ "အများကို သိလျှင် လူမိုက်၊ တစ်ခုတည်းကို သိမှ လူလိမ္မာ" ဟူ၍ ဆိုရိုးရှိသည်။ ထို့ကြောင့် တစ်ခုကို သိသော လူလိမ္မာ ဖြစ်စေရန် ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် မိမိတို့၏ တပည့်များကို စာပေ သင်ကြားပေး သောအခါ ဘာဝတ္ထကို အလေးအနက်ထား၍ သင်ကြားပေးခြင်း ဖြစ်သည်။

အသိသည် စာပေသိ (ပရိယတ္တိသိ)နှင့် အကျင့်သိ (ပဋိပတ္တိသိ)ဟူ၍ နှစ်မျိုး ရှိရာ၊ စာပေသိဖြင့် ဘာဝတ္ထကို သိအောင် သင်ကြားပေးရန် လွယ်ကူသည် မဟုတ်။ စာသင်ကျောင်းများ၌ ပထမတန်း၊ ဒုတိယတန်း စသည်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် သင်ကြားပေးရသကဲ့သို့ ဘာဝတ္ထကို သိအောင် သင်ကြားပေးရာ၌လည်း ထိုနည်းအတူ အဆင့်ရှိသည်။ ယင်းအဆင့်များကို စင်ကြယ်ခြင်း (ဝိသုဒ္ဓိ)ဟု

ခေါ်၏။ ထို့ကြောင့် ဘာဝတ္ထုကို စာပေသိဖြင့် သိအောင် သင်ကြားပေးရာ၌ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် ဝိသုဒ္ဓိအစဉ်ဖြင့် သင်ကြားပေးကြ၏။

ရှင်နာဂသိန်နှင့် ရှင်မဟာဗုဒ္ဓဃောသ အလောင်းအလျာ သူငယ်တို့အား ဗုဒ္ဓစာပေကို သင်ကြားပေးရာတွင် ရှေးဦးစွာ သာသနာ့ဘောင်သို့ ဝင်ရောက်စေပြီးမှ သင်ကြားပေးကြောင်း တွေ့ရှိရ၏။ ထိုကဲ့သို့ သာသနာ့ဘောင်သို့ ဝင်ရောက်စေခြင်းသည် ဗုဒ္ဓစာပေ၏ အနက်များကို ဝိသုဒ္ဓိအစဉ်ဖြင့် ဘာဝတ္ထုတိုင်အောင် သိစေလို၍ ဖြစ်သည်။ သို့မဟုတ်ပါက ဘာဝတ္ထုကို မသိဘဲ သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထ၌သာ လမ်းဆုံးသွားမည် ဖြစ်သည်။ ဗုဒ္ဓစာပေ၏ ရည်ရွယ်ရင်း အနက်သည် ဘာဝတ္ထု ဖြစ်သည်။ ဘာဝတ္ထုသည် ဗုဒ္ဓစာပေ၏ ပန်းတိုင်အနက် ဖြစ်၏။

ရှေးခေတ် ဣန္ဒြေထက်သူများအား ဗုဒ္ဓစာပေ သင်ကြားပေးရာ၌ အခြေခံ အနေဖြင့် ဝိသုဒ္ဓိကို တည်ဆောက်စေရာတွင် လွယ်ကူ၏။ သို့ဖြစ်၍လည်း ရှေးခေတ် တွင် စာတတ်များခြင်း ဖြစ်၏။ နှောင်းခေတ်တွင်မူ ဣန္ဒြေနုံ့သူများ ပေါ်များလာ သောအခါ ဗုဒ္ဓစာပေ သင်ကြားပေးရာ၌ အခြေခံအနေဖြင့် ဝိသုဒ္ဓိကို တည်ဆောက် စေရာတွင် အခက်အခဲ ရှိလာ၏။ သို့ဖြစ်၍ စာတတ်လည်း နည်းလာ၏။ ဤနေရာ ၌ စာတတ်ခြင်း ဟူသည် ဘာဝတ္ထုတိုင်အောင် သိခြင်းကို ဆိုလိုသည်။ စာပေ တစ်ရပ်၏ အနက်များကို သိရာတွင် ဘာဝတ္ထုတိုင်အောင် မသိဘဲ သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထတွင်သာ လမ်းဆုံးသွားပါက ထိုစာပေပညာရှင်များသည် ဟင်းအမည် များကို ဟင်းဖြစ်အောင်ချက်၍ ဟင်း၏ အရသာကို မခံစားဘဲ ဟင်းမဖြစ်မီ ဟင်းတွင် ပါဝင်သော အသား ငါး ငရုတ် ကြက်သွန် စသည့် ဟင်းအမည်များကို တစ်ခုစီ တစ်ခုစီ အရသာခံပြီး အသားက ညှီသည်၊ ငရုတ်က စပ်သည်၊ ကြက်သွန် က မွှန်သည် စသည်ဖြင့် ဟင်းအပေါ် အပြစ်တင် ဝေဖန်သကဲ့သို့ အဆိုပါ စာပေ၏ အစိတ်အပိုင်းများအပေါ် “ရှေ့နောက် မညီညွတ်၊ မပြည့်စုံ၊ ပဒေသရာဇ် စနစ်” စသည်ဖြင့် အပြစ်တင် ဝေဖန်တတ်၏။ ထိုကဲ့သို့ ဝေဖန်ခြင်းသည် မှန်ကန်သော ဝေဖန်ခြင်း မဟုတ်။ သို့ရာတွင် ထိုကဲ့သို့သော ဝေဖန်ခြင်းမျိုးကို အဟုတ်ကြီး ထင်မှတ်တတ်သူများလည်း ရှိကြလေသေး၏။ ထို့ကြောင့် စာပေတစ်ရပ်ကို လေ့လာသောအခါ ယင်းစာပေ၏ နောက်ဆုံး ပန်းတိုင်အနက် ဘာဝတ္ထုကို သိအောင် လေ့လာပြီးမှသာ စိစစ်ဝေဖန်အပ်၏။ သို့မဟုတ်ပါက ဝေဖန်မှုနှင့် ပတ်သက်၍ အမှားအယွင်း ရှိတတ်သည်။

ရှေးခေတ် ဣန္ဒြေထက်သူများအတွက် စာပေ၏ အဆုံးအမ တစ်ရပ်ကို ရရှိလာသောအခါ ဆုံးမသူ ပုဂ္ဂိုလ်သည် ထိုအဆုံးအမ၌ သက်ဝင် လှုပ်ရှားနေ ကြောင်း၊ သို့ဖြစ်၍ ထိုအဆုံးအမသည် သက်ရှိဖြစ်ကြောင်းကို အဆုံးအမ ခံရသူက

မြင်၏။ သိ၏။ ထို့ကြောင့် ထိုအဆုံးအမသည် "အား"ပါသော အဆုံးအမ ဖြစ်၏။ နှောင်းခေတ်၌မူ ထိုထို စာသင်သားများသည် မိမိတို့၏ သန္တာန်၌ သဒ္ဓါ, ဝီရိယ, သတိ,သမာဓိ, ပညာ တည်းဟူသော ဣန္ဒြေစာတ်ခံများ နုံ့မှုကြောင့် အဆုံးအမ၌ ဆုံးမသူ သက်ရှိထင်ရှား ရှိနေသည်ကို မြင်အောင် မကြည့်တတ်ဘဲ ရှိ၏။ ထိုအခါ အဆုံးအမသည် သက်မဲ့သဖွယ် ဖြစ်ပြီး "အား"မပါတော့ချေ။ အသက်မဝင်သဖြင့် "အား"မပါပါက အဆုံးအမသည်လည်း အလိမ္မာ စာမှာရှိ သဘောကို ထိရောက်အောင် မဆောင်ရွက်နိုင်တော့။ ထို့ကြောင့် ဣန္ဒြေနုံ့သူများအတွက် သက်ဝင်လှုပ်ရှားပြီး "အား"ပါသော စာပေတစ်မျိုးကို ထူထောင်လာရ၏။ ထိုစာပေသည် "ရသ"စာပေ ဖြစ်၏။

ရသာစာပေတွင် "ရသ"သည် အသက်ဖြစ်၏။ အသက်ရှိလျှင် သက်ရှိသဘောကို ဆောင်သဖြင့် "အား"ဝင်၏။ "အား"ဝင်လျှင် ထိရောက်စွာ လှုပ်ရှားနိုင်၏။ ထိုအခါ ရသသည် သက်ရှိမမွတာအတိုင်း မိမိ၏အားဖြင့် မိမိ၏ ပရိသတ်ကို ဆိုဆုံးမလေ၏။ ထိုသဘောကို မြင်သော ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် အလင်္ကာရကျမ်းများကို ပြုစု၍ ရသသဘောကို ဖော်ထုတ်ကြ၏။ ရသသဘောဖြင့် မိမိတပည့်များကို "မကောင်းတာ မလုပ်ရန်၊ ကောင်းတာ လုပ်ရန်၊ စိတ်ကို ဖြူစင်အောင် ထားရန်" ဆိုဆုံးမကြ၏။ ဗုဒ္ဓ ဒေသနာတော်အရ မကောင်းတာတို့ မလုပ်ခြင်းသည် သီလဝိသုဒ္ဓိ ဖြစ်၏။ ကောင်းတာကို လုပ်ခြင်းသည် စိတ္တဝိသုဒ္ဓိ ဖြစ်၏။ စိတ်ကို ဖြူစင်အောင် ထားခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။ ဤသို့လျှင် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများသည် ဝိသုဒ္ဓိအစဉ်ဖြင့် ဗုဒ္ဓစာပေ၏ ဘာဝတ္တကို သင်ကြားကြ၏။

ရသစာပေတွင် သဒ္ဒါနှင့် အနက်သာ ပါသည်။ သဒ္ဒါနှင့် အနက်သည်လည်း လောကအမြင်ဖြင့် သက်မဲ့ပင် ဖြစ်၏။ သို့ပါလျက် ရသစာပေတွင် "အသက်" သည် ဝင်ရောက်လျက် ရှိ၏။ အသက်ဝင်လာလျှင် ရသစာပေသည် သက်ရှိဖြစ်လာ၏။ သက်ရှိ ဖြစ်လာလျှင် အားဝင်၏။ အားဝင်လျှင် ထိရောက်စွာ လှုပ်ရှားနိုင်၏။ ထိုအခါ ရသစာပေသည် မိမိ၏ အားဖြင့် မိမိ၏ ပရိသတ်ကို ပြောနိုင် ဆိုနိုင် ဆုံးမနိုင်၏။ သို့ဖြစ်၍ ရသစာပေတွင် ပါဝင်သော သဒ္ဒါကား ရိုးရိုးသက်မဲ့ သဒ္ဒါမဟုတ်၊ သက်ရှိ သဒ္ဒါဖြစ်၏။ ရသစာပေတွင် ပါဝင်သော အနက်ကား ရိုးရိုးသက်မဲ့အနက် မဟုတ်၊ သက်ရှိအနက် ဖြစ်၏။ ထို့ကြောင့် ရသဟူသည် လောကအမြင်အရ သက်မဲ့ဖြစ်သော်လည်း လောကလွန် အမြင်အရ သက်ရှိဖြစ်၏။ ထို့ကြောင့် ရသစာပေကို လောကလွန် (အလောကိက)ဟူ၍ ရသစာပေပညာရှင်များက ဆိုခြင်း ဖြစ်၏။

သင့်လျော်သော အလင်းနှင့် အမှောင်တွင် သင့်လျော်သော အရပ်နေရာ၌ သင့်လျော်သော အတိုအရှည် ပမာဏရှိသော ကြိုးတစ်ချောင်းကို သင့်လျော်သော အကွာအဝေးမှနေ၍ မြင်ရလျှင် ထိုကြိုးသည် မြွေဖြစ်သွား၏။ သက်မဲ့ဖြစ်သော ကြိုးဘဝမှသည် သက်ရှိဖြစ်သော မြွေဘဝသို့ ကူးပြောင်းသွား၏။ ထိုသို့ ကူးပြောင်းသွားခြင်းသည် "အမှန်"ကူးပြောင်းသွားခြင်း မဟုတ်၊ မြင်ရသူအတွက် "အထင်" ကူးပြောင်းသွားခြင်းသာ ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ကြိုးကို မြွေဟု ထင်မှတ်သွားခြင်း ဖြစ်၏။ သို့ရာတွင် အထင်ကို အထင်ဟု မသိ၊ အမှန်ဟုသာ သိ၏။ ဤသဘောကို ရသစာပေပညာရှင်များက "အဓျာသ"ဟု ခေါ်၏။ အဓျာသ (အဓိ+အာသ)၏ အနက်သည် သက်ရှိဖြစ်သော မြွေက သက်မဲ့ဖြစ်သော ကြိုးအပေါ်၌ လွှမ်းခြုံသွားခြင်း၊ တစ်နည်းအားဖြင့် ကြိုးနှင့်မြွေ တစ်သားတည်း ဖြစ်သွားခြင်းဟူ၍ ဖြစ်၏။ ဤနည်းဖြင့် သက်မဲ့သည် သက်ရှိဖြစ်သွားရ၏။ ရသစာပေ၌ အသက်ဝင်လာခြင်းကို နားလည်ရန် ဤဥပမာဖြင့် ရှင်းပြကြ၏။ ဤနေရာ၌ သတိပြုရန် ရှိသည်မှာ "သင့်လျော်သော" ဟူသော ဝိသေသန ဖြစ်၏။

ရသစာပေ၌ အသက်ဝင်လာခြင်းသည် ကြိုး၌ အသက်ဝင်လာခြင်းနှင့် သဘောအားဖြင့် တူသော်လည်း အဆင့်အားဖြင့် မတူချေ။ ကြိုး၌ အသက်ဝင်လာခြင်းသည် ပထမအဆင့် အနေဖြင့် တစ်ဆင့်သာ ရှိ၏။ တစ်ဆင့်ဖြင့် ပြီးပြည့်စုံ၏။ ရသစာပေ၌ အသက်ဝင်လာခြင်းကား နှစ်ဆင့်သာရှိ၏။ ပထမဆင့်တွင် ရသစာပေပါ အကြောင်းအရာများ၊ အနက်များသည် သက်မဲ့ဖြစ်သော "ပန်း"ပင် ဖြစ်စေကာမူ ကြိုး၌ အသက်ဝင်သကဲ့သို့ "ပန်း"၌လည်း အသက်ဝင်လာရ၏။ "ပန်း"သည် သက်ရှိ သတ္တဝါတစ်မျိုး ဖြစ်ကာ မိမိဘာသာစကားဖြင့် ပြောတတ်၏။ ဆိုတတ်၏။ လှုပ်ရှားတတ်၏။ ခံစားတတ်၏။ ဤသည်မှာ ပထမဆင့် အသက်ဝင်ခြင်း ဖြစ်၏။ ဒုတိယဆင့်တွင် ရသစာပေဖတ်သူ ကိုယ်တိုင်က "ပန်း"သတ္တဝါ ဖြစ်သွား၏။ "ပန်း" သတ္တဝါနှင့် ရသစာပေ ဖတ်ရှုသူသည် တစ်သားတည်း ဖြစ်သွား၏။ ထိုသို့ ဖြစ်သွားခြင်းကို ကိုယ်တိုင် မျက်မှောက်ပြုခြင်း "ကာယသက္ခီ"ဟု ခေါ်၏။ ကာယသက္ခီဟူသည် ရသပင် ဖြစ်၏။ "ပန်း"အဖွဲ့၌ သက်မဲ့ပန်း အဆင့်သည် မုချတ္ထ (သဒ္ဒတ္ထ)ဖြစ်၏။ သက်ရှိပန်း သတ္တဝါအဆင့်သည် လက္ခတ္ထ (အဓိပ္ပာယတ္ထ) ဖြစ်၏။ စာဖတ်သူကိုယ်တိုင် "ပန်း" သတ္တဝါ ဖြစ်သွားသောအဆင့်သည် ဗျင်္ဂျတ္ထ (ဘာဝတ္ထ)ဖြစ်၏။ ရသစာပေ၌ ဤသို့ အဆင့်ဆင့် အသက်ဝင်လာခြင်းသည် အထက်၌ ဖော်ပြခဲ့သော "သင့်လျော်သော" ဟူသော ဝိသေသနအရ စာပြုသူက မိမိ၏ "ပန်း" အသက်ဝင်လာအောင် လိုအပ်သော အခြေအနေ အရပ်ရပ်တို့ကို ဖန်ဆင်းနိုင်သော အနုပညာဖြင့် ဖန်ဆင်း၍ အသက်ဝင်လာခြင်း ဖြစ်၏။

ရသစာပေပါ ပဓာနဇာတ်ဆောင်နှင့် စာဖတ်သူတို့ တစ်သားတည်း ဖြစ်သွားခြင်းသည် လောကသဘောအရ မဖြစ်နိုင်သော်လည်း လောကလွန် သဘောအရ ဖြစ်နိုင်သောကြောင့် ယင်းကို လောကလွန် (အလောကိတ)ဟူ၍ ခေါ်ခြင်း ဖြစ်၏။ ဤနေရာ၌ ပဓာနဇာတ်ဆောင်ဆိုသည်မှာ "ပန်း"အဖွဲ့၌ "ပန်း"ပင်ဖြစ်၏။ ကိုယ်တိုင် မျက်မှောက် ပြုခြင်း "ကာယသက္ခိ"၊ သို့မဟုတ် "ရသ"သည် လောကလွန်သဘော ဖြစ်သောကြောင့် လောကလွန်သဘော၏ ဓမ္မတာအတိုင်း မိမိ အခြားမဲ့၌ ပြန်လည်ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ)သဘောကို မလွဲမသွေ ဖြစ်စေ၏။

ရသစာပေ ဖတ်သူသည် မိမိကိုယ်တိုင် မျက်မှောက်ပြုခဲ့ရသော ရသကို ပြန်လည် ဆင်ခြင်သောအခါ စာပေအဖွဲ့၌ ဇာတ်ဆောင်များ၏ မကောင်းသော သဘောများကိုလည်း တွေ့ရ၏။ ကောင်းသော သဘောကိုလည်း တွေ့ရ၏။ ဇာတ်ဆောင်များ၏ ကောင်း မကောင်း သဘောကို တွေ့ရခြင်းသည် တစ်ဆင့်ခြား ဖြင့် တွေ့ရခြင်း မဟုတ်၊ စာနာစိတ်ဖြင့် တွေ့ရခြင်း မဟုတ်။ ယင်းတို့ကို ကျော်လွန် သော မိမိ၏ ကိုယ်တွေ့အနေဖြင့် တွေ့ရခြင်း ဖြစ်၏။ ထို့ကြောင့် ထိုအသိ၊ ထို အတွေ့သည် အလွန်အားရှိ သော အသိနှင့်အတွေ့ ဖြစ်၏။ ထိုအသိ၊ ထိုအတွေ့မှ မကောင်းသော သဘောကို ရှောင်ခြင်းနှင့် ကောင်းသော သဘောကို ဆောင်ခြင်း စေတနာသည် ဖြစ်ပေါ်လာ၏။ မကောင်းသော သဘောကို ရှောင်ခြင်းသည် သီလဝိသုဒ္ဓိ ဖြစ်၏။ ကောင်းသော သဘောကို ဆောင်ခြင်းသည် စိတ္တဝိသုဒ္ဓိ ဖြစ်၏။ ဤသို့လျှင် ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် မိမိတို့၏ တပည့် များအား ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သိမြင်စေရေးအတွက် လိုအပ်သော၊ အခြေခံ အကျဆုံးဖြစ်သော သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိကို လိုက်နာ ကျင့်သုံးနိုင်စေရန် ရသစာပေဖြင့် သင်ကြားပေးတော်မူကြ၏။ ရသစာပေသည် နှောင်းခေတ် စာသင် သားများ၏ သန္တာန်၌ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိကို ထူထောင်ပေးရာတွင် အလွန် ထိရောက်သော စာပေ ဖြစ်၏။ ထို့ကြောင့် ယနေ့တိုင်အောင်ပင် ဘုန်းတော်ကြီး ကျောင်း စာပေသင်ကြားနည်းစနစ် အဖြစ်ဖြင့် ရသစာပေကို သင်ကြားပေးရန် ပြဋ္ဌာန်းထားခြင်းဖြစ်၏။

ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သိစေရေးအတွက် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိကို ရသစာပေဖြင့် ထူထောင်ပေးရုံမျှနှင့် မလုံလောက်သေး။ ယင်းဝိသုဒ္ဓိနှစ်ပါးသည် အခြေခံမျှသာ ဖြစ်၏။ ထို့ကြောင့် မိမိတပည့်များ၏ သန္တာန်၌ နောက်ထပ် ဝိသုဒ္ဓိများကို ထူထောင်ပေးနိုင်ရန် "ဉာဏ်ကောက်နည်း"ခေါ် ပညတ်နှင့် ပရမတ် ခွဲနည်း တစ်မျိုးကို သင်ကြားပေးပြန်၏။ ပညတ်နှင့်ပရမတ် ကွဲသောအခါ ရုပ်နှင့်

နာမ် ကွဲ၏။ ရုပ်နှင့် နာမ် ကွဲသောအခါ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရ၏။ ယင်းဉာဏ်ကို ရလျှင် အမြင် စင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။ ထို့ကြောင့် စာပေတစ်ရပ်၏ ပုဒ်တစ်ပုဒ်ကို တွေ့တိုင်း ဝိဂြိုဟ်ဆို၍ အရကောက်ကာ သဒ္ဒတ္ထကို ရှာခြင်း၊ အဓိပ္ပာယတ္ထကို ရှာခြင်းတို့ဖြင့် ပညတ်နှင့်ပရမတ်၊ ရုပ်နှင့်နာမ်တို့ကို ခွဲခြားပြ၏။ ခွဲခြားသိစေ၏။ ထိုသို့ ခွဲခြားနိုင်ရန် "ဉာသ်ကောက်နည်း"ကို သင်ကြားပေးခြင်း ဖြစ်၏။ အမှန်အားဖြင့် "ဉာသ်ကောက်နည်း" သည် နာမ်နှင့်ရုပ်ကို ပိုင်းခြားသိနိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ် သို့မဟုတ် ဒိဋ္ဌိဝိသုဒ္ဓိကို ထူထောင်ပေးရာတွင် အလွန်ထိရောက်သော ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများ၏ စာပေသင်ကြားနည်း စနစ်ဖြစ်၏။ ထိုစနစ် မပျောက်ပျက်စေရန် ယနေ့တိုင်အောင်ပင် ဘုန်းတော်ကြီး ကျောင်းများ၌ ယင်းစနစ်အတိုင်း ဆက်လက် သင်ကြားဆဲ ဖြစ်၏။

ထို့နောက် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်စေရန် လို၏။ ယင်း ဝိသုဒ္ဓိ ဖြစ်စေရေး အတွက် ကြောင်းကျိုးဆက်နွယ်မှုကို သိသော ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ရဖို့ လို၏။ ထိုဉာဏ်ကို ရစေရန် ရှေးခေတ် ဘုန်းတော်ကြီးကျောင်း စာပေသင်ကြားရေး စနစ်၌ ပဋ္ဌာန်းနည်း၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ထုတ်နည်း၊ နေတ္တိနည်းတို့ကို ထည့်သွင်း သင်ကြားပေးခြင်း ဖြစ်၏။ စောဒနာနှင့် သောဓနာနည်းတို့သည်ကား ဗုဒ္ဓစာပေ၌ သာမက ရှေးခေတ် ဗြာဟ္မဏစာပေတို့၌လည်း ရှိ၏။ ထို့ကြောင့် ထိုနည်းသည် ရှေးခေတ် မဇ္ဈိမဒေသသုံး ကျမ်းစာသင်ကြားနည်း ဖြစ်၏။ ကျမ်းစာသင်ကြားရာတွင် အဆိုအမိန့် တစ်ရပ်ကို တွေ့ရ၏။ ယင်းကို "ဝိသယ"ဟု ခေါ်၏။ "ဝိသယ"အပေါ် ယုံမှားဖွယ်ရာ အချက်အလက်များကို တွေ့၏။ ယင်းကို "သံသယ"ဟု ခေါ်၏။ "သံသယ" အပေါ် ခိုင်လုံသော အထောက်အထားတို့ဖြင့် ဖော်ပြပါ အဆိုအမိန့် မမှန်ကန်ကြောင်း စောဒကပုဂ္ဂိုလ်က ငြင်းဆို၏။ ယင်းကို "ပုဗ္ဗပက္ခ"ဟု ခေါ်၏။ တစ်ဖန် စောဒကပုဂ္ဂိုလ်၏ ငြင်းဆိုချက်များ မမှန်ကန်ကြောင်းကို ခိုင်လုံသော အထောက်အထားတို့ဖြင့် ပြန်လည် ဖြေရှင်း၏။ ယင်းကို "ဥတ္တရပက္ခ"ဟု ခေါ်၏။ နောက်ဆုံး၌ ဖော်ပြပါ အဆိုအမိန့် မှန်ကန်ကြောင်း ဆုံးဖြတ်၏။ ယင်းကို "နိဏ္ဏယ"ဟု ခေါ်၏။

ဤအင်္ဂါငါးပါး ပါဝင်သော ကျမ်းစာသင်ကြားနည်းကို ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများ၌ အစဉ်အလာ စာပေသင်ကြားနည်း တစ်ရပ်အဖြစ်ဖြင့် လက်ခံ၍ ယနေ့တိုင်အောင် ကျင့်သုံးကြ၏။ အမှန်အားဖြင့် မဇ္ဈိမဒေသသုံး ကျမ်းစာသင်ကြားနည်းသည် စာသင်သားတို့၏ သဒ္ဓါတရားကို တည်ဆောက်ပေးခြင်းအားဖြင့် ဣန္ဒြေတို့ကို ထက်စေ၏။

ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် မိမိတို့၏ တပည့်များကို

ဗုဒ္ဓဒေသနာတော်နှင့် ကြုံကြိုက်ခိုက် လူတော်လူကောင်းများ ဖြစ်စေလို၏။ ဤနေရာ၌ လူတော်လူကောင်း ဆိုသည်မှာ စူဠသောတာပန်ကို ဆိုခြင်းဖြစ်၏။ စူဠသောတာပန် ဖြစ်ရန် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရရန်လို၏။ ဉာဏ်ဟူသည် မှန်ကန်သော အကျင့် "စရဏ"အပေါ်၌ တည်ဆောက်မှသာ ဉာဏ်အမည်ကို ရကောင်းသောကြောင့်၊ အကျင့်ပိုင်းဖြစ်သော သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့ကို ရှေးဦးစွာ ရသစာပေဖြင့် တည်ဆောက်ခိုင်းခြင်း ဖြစ်၏။ ဤသို့လျှင် ဝိသုဒ္ဓိလေးပါးနှင့် ပြည့်စုံသော စူဠသောတာပန်အဆင့်ကို မိမိ၏ တပည့်များ ရောက်ရှိနိုင်စေရေးအတွက် ဘုန်းတော်ကြီး အဆက်ဆက်တို့သည် ပရိယတ္တိသိဖြင့် ထူထောင်ပေးကြ၏။ မဟာသောတာပန် အဆင့်ကိုမူ ပဋိပတ္တိသိဖြင့် ရောက်ရှိနိုင်စေရေးအတွက် ရှေးခေတ် ဘုန်းတော်ကြီးကျောင်း စာပေသင်ကြားနည်းစနစ်ဖြင့် အခြေခံပေးကြ၏။ ဗုဒ္ဓစာပေကို သင်ကြားရာတွင် သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထတွင်သာ လမ်းမဆုံးစေဘဲ ဘာဝတ္ထကို ပေါ်အောင် ဖော်ကြ၏။

ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သိသောအခါမှသာ ပါရမီကုသိုလ်၏ သဘောကို နားလည်၏။ တန်ဖိုးထား၏။ မြတ်နိုး၏။ သို့မဟုတ်ပါက လူနတ်ချမ်းသာတို့၌သာ တန်ဖိုးထားတတ်သော သာမန်ကုသိုလ်၏ သဘောကို နားလည်၍ မြတ်နိုးခြင်း၌ လမ်းဆုံးသွားပေလိမ့်မည်။ ပါရမီကုသိုလ်ဟူသည် မြတ်သောပုဂ္ဂိုလ်တို့၏ ကုသိုလ်ဖြစ်၏။ မြတ်သောပုဂ္ဂိုလ်တို့သည် ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။ အသက်၌ပင် တပ်မက်ခြင်းကို စွန့်လွှတ်၏။ အရာရာတိုင်း၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။ အမှန်အားဖြင့် ဘဝဟူသည် ကြွေးယူခြင်း ဖြစ်၏။ ထပ်၍ထပ်၍ ဘဝဖြစ်ခြင်းသည် ထပ်၍ထပ်၍ ကြွေးယူခြင်း ဖြစ်၏။ ထို့ကြောင့် "ထပ်၍ထပ်၍ ကြွေးယူခြင်းသည် ဘဝကို တည်ဆောက်ရာတွင် သာမန်ကုသိုလ်နှင့် တူ၏။ ကြွေးဆပ်ခြင်းဖြင့် မိမိ၏ ဥစ္စာပစ္စည်းများကို စွန့်လွှတ်ခြင်းသည် ဘဝမှ လွတ်မြောက်ရေးအတွက် ပါရမီကုသိုလ်နှင့် တူ၏။" သာမန်အမြင်အားဖြင့် သာမန်ကုသိုလ်သည် ရခြင်းဖြစ်၍ "အပေါင်း"သဘော ရှိ၏။ ပါရမီကုသိုလ်သည် စွန့်လွှတ်ခြင်း ဖြစ်၍ "အနုတ်" သဘော ဖြစ်၏။ သို့ရာတွင် "သင်္ချာနည်း"အရ "သာမန်ကုသိုလ်သည် ရသည် ဆိုသော်လည်း ကြွေးတင်ခြင်းဖြစ်၍ အနုတ်အစစ် ဖြစ်၏။ ပါရမီကုသိုလ်သည် စွန့်လွှတ်သည် ဆိုသော်လည်း ပေးဆပ်ခြင်း ဖြစ်၍ အပေါင်းအစစ် ဖြစ်၏။" သို့ဖြစ်၍ "စွန့်လွှတ်ခြင်း နိဗ္ဗာန်သည် အနုတ်အသွင် ရှိသော်လည်း အပေါင်းအစစ် ဖြစ်၏။" ယင်းသည်ပင် ဗုဒ္ဓစာပေ၏ ပန်းတိုင်အနက် ဘာဝတ္ထ ဖြစ်၏။

ဤလောက၌ လုပ်သင့်သည်ကို မလုပ်ခြင်းသည်လည်း အစွန်းတစ်ပါး

ဖြစ်၏။ ယင်းအစွန်းသည် တည်ဆဲ အခြေအနေကို ဆက်လက်တည်တံ့စေလိုသော ကြောင့် သဿတဒိဋ္ဌိအုပ်စု၌ ဝင်၏။ မလုပ်သင့်သည်ကို လုပ်ခြင်းသည်လည်း အစွန်းတစ်ပါးပင် ဖြစ်၏။ ယင်းအစွန်းသည် တည်ဆဲအခြေအနေကို ပျက်စေလို သောကြောင့် ဥစ္ဆေဒဒိဋ္ဌိအုပ်စု၌ ဝင်၏။ ထိုအစွန်းနှစ်ပါးမှ လွတ်ရန် ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သမ္မာဒိဋ္ဌိဖြင့် သိဖို့လို၏။ ဘာဝတ္ထကိုသိမှ အစွန်းနှစ်ပါး လွတ်မည်။ အစွန်းနှစ်ပါးလွတ်မှ မဇ္ဈိမပဋိပဒါ (အလယ်လမ်းစဉ်)သို့ ရောက်မည် ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓစာပေ၏ ဘာဝတ္ထကို သိသူ၊ စာကို ရှေ့က ကြို၍ ဖတ်သူ ဖြစ်လိုပါက ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများ၏ စာပေသင်ကြားနည်းစနစ်၏ ရည်ရွယ်ချက်ကို သိပြီး ယင်းရည်ရွယ်ချက်အတိုင်း ပုံဖော်သူဖြစ်ရန် လိုအပ်၏။ ထိုသို့ ပုံဖော်ရာတွင် ပါရမီကုသိုလ်ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို နည်းနည်း စွန့်လွှတ်နိုင်ပါက နည်းနည်း နိဗ္ဗာန်ချမ်းသာကို ရ၏။ များများ စွန့်လွှတ်နိုင်ပါက များများ နိဗ္ဗာန်ချမ်းသာကို ရ၏။ အပြည့်အစုံ စွန့်လွှတ်နိုင်ပါက အပြည့်အစုံ နိဗ္ဗာန်ချမ်းသာကို ရ၏။ အမှန်အားဖြင့် နိဗ္ဗာန်ဟူသည် ဘုံဗိမာန်သဘောမျိုး မဟုတ်ဘဲ အနုတ်အသွင်ရှိပြီး အပေါင်းစစ်စစ်ဖြစ်သော စွန့်လွှတ်ခြင်း ပင်တည်း။

## စာဖတ်သူများ ၅

*"ဘဝ"ကောင်း ဖြစ်လိုလျှင် ဥပါဒါန်ကောင်း ဖြစ်ဖို့ လို၏။*

စာဖတ်သူများ ၄ ၌ စာပေတစ်ရပ်၏ အနက်သည် သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ၊ ဘာဝတ္ထ အားဖြင့် သုံးဆင့်ရှိကြောင်း၊ ထို သုံးဆင့်နှင့် စပ်လျဉ်းပြီး "သိမှု"ကို လိုက်၍ စာဖတ်သူများသည်လည်း အဆင့်အတန်းအားဖြင့် စာကို နောက်ကလိုက်၍ ဖတ်သူ၊ စာကို ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့ကကြို၍ ဖတ်သူ ဟူ၍ သုံးမျိုး ကွဲပြား ကြောင်း၊ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများသည် အနက်အားဖြင့်လည်း ဘာဝတ္ထတိုင်အောင် သိနိုင်စေရန်၊ စာဖတ်စွမ်းရည်အားဖြင့်လည်း သာမန်စာကို ရှေ့ကကြို၍ ဖတ်သူအဆင့်မှ စူဋသောတာပန် အဆင့်အထိ ရောက်နိုင်စေရန် အလင်္ကာနည်း၊ ပဋ္ဌာန်းနည်း၊ နေတ္တိနည်း တို့ဖြင့် လည်းကောင်း၊ ဉာသ်ကောက် နည်း၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ထုတ်နည်း၊ စုဒ်, စောဒနာနည်း တို့ဖြင့် လည်းကောင်း စာဖတ်သူများ၏ သန္တာန်၌ ဝိသုဒ္ဓိ လေးပါးကို အခြေခံ၍ သင်ကြားပေးကြောင်း၊ ထိုကဲ့သို့ သင်ကြားပေးခြင်းအားဖြင့် "အကြောင်းတရား ကြောင့်သာ အကျိုးတရား ဖြစ်ပေါ်လာရသည်"ဟူသော အသိဉာဏ်ကို ရရှိပြီးဖြစ်၍ ကင်္ခါဝိတရဏာဝိသုဒ္ဓိ အဆင့်သို့ ရောက်ပြီးဖြစ်သောကြောင့် စာကို ရှေ့ကကြို၍ ဖတ်သူသည် စူဋသောတာပန် အဆင့်အထိ ရောက်သွားရကြောင်း၊ စူဋ သောတာ ပန် အဆင့်အထိ ရောက်သွားရခြင်းသည် ရှေးခေတ်ဘုန်းတော်ကြီးကျောင်း စာပေ သင်ကြားနည်းအရ သင်ကြားမှသာ ဖြစ်နိုင်ကြောင်း၊ အခြား စာပေသင်ကြားနည်း အရ သင်ကြားပါလျှင် စူဋသောတာပန် အဆင့်အထိ မရောက်နိုင်ဘဲ သာမန်စာကို ရှေ့က ကြို၍ဖတ်သူ အဆင့်၌သာ ရပ်တန့်သွားမည် ဖြစ်ကြောင်း တင်ပြခဲ့၏။

ဤနေရာ၌ စာဖတ်သူများ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ တင်ပြမည် ဖြစ်ပါသည်။ စာတစ်ပုဒ်တည်းပင် ဖြစ်ပါလျက် ယင်းစာ၏အနက်ကို သိရာ၌မူ

စာဖတ်သူများ၏ အရည်အချင်း ကွဲပြားမှုအလိုက် အချင်းချင်း ကွဲပြားကြ၏။ ယင်းသို့ ကွဲပြားခြင်းသည် အရည်အချင်း ကွဲပြားသောကြောင့် ဖြစ်၏။ အရည်အချင်း ကွဲပြားခြင်းသည် အမြင်ကွဲပြားသောကြောင့် ဖြစ်၏။ အမြင်ကွဲပြားခြင်းသည် ဗုဒ္ဓဒေသနာတော် အရ နှလုံးသွင်း (အဓိမုတ္တိ)၊ ယင်းမှ စရိုက်၊ ယင်းမှ ဉာဉ်၊ ယင်းမှ ဝါသနာ၊ ယင်းမှ အနုသယတို့ အဆင့်ဆင့် ကွဲပြားခြင်းကြောင့် ဖြစ်၏။ စာပေပညာရှင်များက "အမြင်" ကို သုံးဆင့်ခွဲကြ၏။ ယင်းသုံးဆင့်ကို ဒဿနဝေါဟာရအားဖြင့် ဂြုတဒွငို (ရှုရတဒွရိတ် ရှုတိ)၊ အနုမိတဒွငို၊ သာချာတ်ကွတဒွငို (ဆာချာတ် ကရိတဒရိတ် ရှုတိ)ဟူ၍ ခေါ်၏။ ဤအမြင်များ ကွဲပြားမှုအလိုက် စာပေ၏ အနက်များကို သိကြခြင်း ဖြစ်၏။ ဂြုတဒွငိုဖြင့်လည်း စာပေ၏ အနက်ကို မြင်၏။ အနုမိတဒွငိုဖြင့်လည်း စာပေ၏အနက်ကို မြင်၏။ သာချာတ်ကွတဒွငိုဖြင့်လည်း စာပေ၏ အနက်ကို မြင်၏။

ဂြုတဒွငိုဟူသည် မျက်ဝါးထင်ထင် တွေ့ကြုံရသော အရာဝတ္ထုများ၊ အကြောင်းအရာများ၊ အချက်အလက်များကို မိမိ တွေ့ကြုံရသော အသွင်သဏ္ဌာန်အတိုင်းသာ မြင်နိုင်သော အမြင်မျိုး ဖြစ်၏။ ယင်းအမြင်ဖြင့် အကြောင်းအကျိုးဆင်ခြင်လျှင်လည်း မျက်ဝါးထင်ထင် တွေ့ကြုံရသော အရာဝတ္ထုများ၊ အကြောင်းအရာများ၊ အချက်အလက်များကို ယင်းတို့၏ ဘောင်အတွင်း၌သာ ဆင်ခြင်နိုင်၏။ ဆက်စပ်နိုင်၏။ ယင်းတို့မှာ ဘောင်ကိုကျော်၍ မမြင်နိုင်။ ယင်းတို့၏ နယ်နိမိတ်ကိုကျော်၍ မဆင်ခြင်နိုင်။

ပုထုဇဉ်တို့၏ အသိအမြင် ဟူသည် လွတ်လတ်လပ်လပ် သိသော အသိအမြင် မဟုတ်။ မိမိတို့၏ နှလုံးသွင်း၊ မိမိတို့၏ စရိုက်၊ မိမိတို့၏ ဉာဉ်၊ မိမိတို့၏ ဝါသနာ၊ မိမိတို့၏ အနုသယ အရ သိသော အသိအမြင်မျိုးသာ ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့အတွက် အမှားအမှန်ဟူသည် နှလုံးသွင်းတူ၊ စရိုက်တူ၊ ဉာဉ်တူ၊ ဝါသနာတူ၊ အနုသယတူ ပုဂ္ဂိုလ်တို့ အတွင်း၌သာ အမှားနှင့်အမှန် ဖြစ်၏။ နှလုံးသွင်းတူ၊ စရိုက်တူ၊ ဉာဉ်တူ၊ ဝါသနာတူ၊ အနုသယတူ ပုဂ္ဂိုလ်တို့ အတွင်း၌ "အမှန်"အဖြစ် လက်ခံထားသော "အယူ"တစ်ခုသည် နှလုံးသွင်းကွဲ၊ စရိုက်ကွဲ၊ ဉာဉ်ကွဲ၊ ဝါသနာကွဲ၊ အနုသယကွဲ ပုဂ္ဂိုလ်တို့ အတွင်း၌ "အမှန်" မဟုတ်တော့။ "အမှား"ဟူသည်လည်း ထိုနည်းအတိုင်း ပင် ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဥပ္ပါဒါနပစ္စယာ၊ ဘဝေါ၊ ဥပါဒါန်ကြောင့် "ဘဝ"ဖြစ်၏ ဟူ၍ လာရှိ၏။ ဤ၌ "ဘဝ"ဟူသည် အကြောင်း (ကမ္မ) နှင့် အကျိုး (ဥပပတ္တိ)တို့၏ ဖွဲ့စည်းမှု ဖြစ်၏။ ဘဝ၌ အတွေးအမြင်သည် ပါဝင်၏။ သို့ပါဝင်သော်လည်း ဘဝကို အတွေး (သက်ပ္ပ)နှင့် အမြင်(ဒိဋ္ဌိ)တို့က ဦးဆောင်၏။

အတွေးနှင့်အမြင်တို့သည် ကိုယ်ကျင့်တရား ကောင်းမွန်မှု (သီလ)နှင့် စိတ်ထား တည်ကြည်မှု (သမာဓိ)တို့ အပေါ်၌ အခြေခံပါက မှန်သောအတွေး (သမ္မာသင်္ကပ္ပ) နှင့် မှန်သောအမြင် (သမ္မာဒိဋ္ဌိ) တို့ ဖြစ်ပေလိမ့်မည်။ သို့မဟုတ်ပါက မှားသော အတွေး (မိစ္ဆာသင်္ကပ္ပ)နှင့် မှားသော အမြင် (မိစ္ဆာဒိဋ္ဌိ)တို့သာ ဖြစ်ပေလိမ့်မည်။

ဥပါဒါန်ကို စွဲလမ်းခြင်း ဟူ၍ ဆို၏။ ယင်းသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ တည်းဟူသော ပတ်ဝန်းကျင် (ကာမ)၊ ပတ်ဝန်းကျင်၏ အမြင် (ဒိဋ္ဌိ)၊ ပတ်ဝန်းကျင်၏ ဓလေ့ (သီလဗ္ဗတ)၊ ပတ်ဝန်းကျင်၏ အယူဝါဒ (အတ္တဝါဒ)အားဖြင့် လေးမျိုး ပြား၏။ ယင်း လေးမျိုးတို့၏ လွှမ်းမိုးမှုအရ အတွေး နှင့် အမြင်သည် ဖြစ်ပေါ်ရ၏။

လယ်သမားပတ်ဝန်းကျင်၌ ကြီးပြင်းလာသူသည် နေ့စဉ် လယ်သမား များကို မြင်ရ၏။ ယင်းတို့၏အမြင်၊ ယင်းတို့၏ဓလေ့၊ ယင်းတို့၏ အယူအဆများ ကိုလည်း နေ့စဉ် မြင်ရ၏။ တွေ့ရ၏။ ဤသို့ နေ့စဉ် မြင်တွေ့နေခြင်းကိုပင် နှလုံးသွင်းဟု ခေါ်၏။ မြင်တွေ့ရဖန် များလာသောအခါ စရိုက်အဆင့်သို့ ရောက် ၏။ စရိုက်အဆင့်မှ ဉာဉ်၊ ဉာဉ်အဆင့်မှ ဝါသနာ၊ ဝါသနာအဆင့်မှ အနုသယသို့ အစဉ်တစိုက် ရင့်ကျက်သွား၏။ ထို့ကြောင့် လယ်သမားတို့၏ ပတ်ဝန်းကျင်၌ ကြီးပြင်းရသူသည် ပြဿနာ တစ်ရပ်၏အဖြေကို ရှာရာ၌ လယ်သမား နှလုံးသွင်း၊ လယ်သမားအမြင်၊ လယ်သမား ဓလေ့၊ လယ်သမားဝါဒအတိုင်း တွေးမြင်၍ အဖြေကို ရှာ၏။

အခြား ပတ်ဝန်းကျင်များလည်း အလားတူပင် ဥပါဒါန်အဖြစ် စွဲလမ်း ရာမှ နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ ဝါသနာ၊ အနုသယ တိုင်အောင် အဆင့်ဆင့် ရင့်ကျက်၍ ဘဝကို တည်ဆောက်၏။ အတွေးအမြင်၏ အုတ်မြစ်အဖြစ်ဖြင့် အခြေခံ၏။ ဤနည်းအားဖြင့် ဥပါဒါန်သည် ဘဝကို ဖြစ်စေ၏။ အတွေးအမြင် သည် ဘဝကို ဦးဆောင်၏။ ဘဝသည် အတွေးအမြင်က ခင်းပေးသော လမ်း အတိုင်း လျှောက်၏။ လမ်းမှန်ဖြစ်လျှင်လည်း လမ်းမှန်အတိုင်း လျှောက်ရ၏။ လမ်းမှားဖြစ်လျှင်လည်း လမ်းမှားအတိုင်း လျှောက်ရ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘဝခရီးသည်များ ဖြစ်ကြ၏။ သမိုင်းသည် အတွေးနှင့်အမြင်က ခင်းပေးသော လမ်းပေါ်၌ လျှောက်နေကြသော ဘဝခရီးသည်တို့၏ ခရီးသွား မှတ်တမ်းမျှသာ ဖြစ်ပါ၏။

ဘဝအတွက် အတွေးအမြင်သည် အရေးကြီး၏။ အတွေးအမြင်သည် ဥပါဒါန် တည်းဟူသော ပတ်ဝန်းကျင်၊ ပတ်ဝန်းကျင်၏ အမြင်၊ ပတ်ဝန်းကျင်၏ ဓလေ့၊ ပတ်ဝန်းကျင်၏ အယူဝါဒတို့ အပေါ်၌ အခြေခံ၏။ သို့ဖြစ်၍ စာတစ်ပုဒ်

တည်းပင် ဖြစ်ပါလျက် ယင်းကို လေ့လာကြသော စာဖတ်သူများ၏ အကြား၌ တစ်ယောက်နှင့်တစ်ယောက် အနက်သိခြင်း ကွဲပြားကြသည်မှာ စာဖတ်သူများ ဖြတ်သန်းခဲ့ရသော ဥပါဒါန်တို့ အချင်းချင်း မတူညီသောကြောင့် ဖြစ်၏။ စာဖတ်သူများသည် မိမိတို့ ဖတ်သော စာ၏ အနက်ကို မိမိတို့ ဥပါဒါန်အလိုက်သာ သိကြ၏။

ဥပါဒါန်သည် ပတ်ဝန်းကျင်၊ အမြင်၊ ဝေလ့၊ အယူဝါဒဟူ၍ လေးမျိုး ကွဲပြားရာ၊ ယင်းလေးမျိုးသည် တိုက်ရိုက်နှင့် သွယ်ဝိုက်ဟူ၍ နှစ်မျိုးရှိ၏။ သွယ်ဝိုက်တွင် တစ်ဆင့်ခံ၊ နှစ်ဆင့်ခံ၊ သုံးဆင့်ခံ စသည်အားဖြင့် အမျိုးအစား ပါဝင်၏။ ဤနေရာ၌ ဂြူတဒွင်ဟူသည် တိုက်ရိုက် ဥပါဒါန်အပေါ် အမြင်ဖြစ်၏။ သူများ မြင်ပြီးသားအပေါ် ထပ်ဆင့်၍ ဘာသာပြန်ပြီး မြင်သောအမြင် မဟုတ်။ သို့ဖြစ်၍ ဂြူတဒွင်ကို ပစ္စက္ခအမြင် ဟူ၍လည်း ဆိုရ၏။

ပစ္စက္ခ အမြင်သည် ကျဉ်းမြောင်း၏။ ကမ္ဘာ၏ သက်တမ်းနှင့်စာလျှင် လူတစ်ယောက်၏ သက်တမ်းသည် စက္ကန့်ပိုင်းမျှပင် မရှိ။ ကမ္ဘာ၏ အကျယ်အဝန်းနှင့် စာလျှင် လူတစ်ယောက်၏ ပတ်ဝန်းကျင်သည် ဝစ္စပေါက်မျှသာ ဖြစ်၏။ ထို့ကြောင့် လူတစ်ယောက်အနေဖြင့် သူ၏ တစ်သက်တာ ကာလအတွင်း သူ သိသော ပစ္စက္ခသိ၊ သူမြင်သော ပစ္စက္ခအမြင်သည် ကျန်ကမ္ဘာ၏ သက်တမ်းကာလ အတွင်း ကျန်ကမ္ဘာ၏ အသိနှင့်စာလျှင် သုညထက်ပိုသည် ဆိုရုံမျှ ဖြစ်၏။ ထို့ကြောင့် ဂြူတဒွင်ဖြင့် မြင်သော စာပေ၏ အနက်အမြင်၊ စာပေ၏ အနက်အသိသည် များစွာ ကျဉ်းမြောင်းပါ၏။ သို့ဖြစ်၍ ကျန်ကမ္ဘာ၏ သက်တမ်းကာလအတွင်း ကျန်ကမ္ဘာ၏ အသိအမြင်များကို စာဖတ်သူများ သိနိုင်ရေးအတွက် စာဖတ်သူများ တွင် အနုမိတဒွင်အမြင် ရှိဖို့ လိုအပ်ပါ၏။

အနုမိတဒွင်ဟူသည် သွယ်ဝိုက်ဥပါဒါန်အပေါ် အမြင်ဖြစ်၏။ ထို့ကြောင့် ယင်းအမြင်ကို အနုမာနအမြင်ဟု ဆိုအပ်၏။ ဤနေရာ၌ အနုမာနအမြင်တွင် ပစ္စက္ခ အမြင်မှတစ်ပါး ကျန်အမြင်များ အားလုံး ပါဝင်၏။ သို့ဖြစ်၍ အနုမာန အမြင်အရ ကိုယ်တွေ့သိနှင့် စာတွေ့သိ နှစ်မျိုးလုံးကို ယူရ၏။ အမှန်အားဖြင့် စာပေတစ်ရပ်ကို လေ့လာသောအခါ ပစ္စက္ခအမြင်နှင့် အနုမာနအမြင် နှစ်ရပ်လုံးရှိဖို့ လို၏။

ဒဿနဆရာတို့၏ အဆိုအရ အသိဟူသည် "အဟုတ်"နှင့် "မဟုတ်" တို့၏ အဆက်အစပ်ကို မြင်ခြင်းဖြစ်၏။ ထို့ကြောင့် "အဟုတ်" နှင့် "မဟုတ်"တွင် တစ်ခုသည် ပုဗ္ဗပက္ခဖြစ်၍ အခြားတစ်ခုသည် ဥတ္တရပက္ခ ဖြစ်၏။ ပုဗ္ဗပက္ခနှင့် ဥတ္တရပက္ခ နှစ်ပါးစုံမှ အသိ (နိဂ္ဂုဏ)သည် ဖြစ်ပေါ်ရ၏။ ဤသဘောကို ရှေးခေတ်

ဘုန်းတော်ကြီးကျောင်း အစဉ်အလာ စာသင်နည်းအဖြစ်ဖြင့် "စာဖတ်သူများ ၄" ၌ ဖော်ပြခဲ့၏။

"ချို၏" ဟူ၍ ဆိုရာ၌ "အချဉ်"သည် ပုဗ္ဗပက္ခဖြစ်၏။ "အချဉ်" မဟုတ်သည့် သဘောသည် ဥတ္တရပက္ခ ဖြစ်၏။ ယင်းနှစ်မျိုးတို့၏ ဆက်စပ်မှုအရ "အချို" သဘောကို သိလာရ၏။ အရပ်သုံးစကားဖြင့် ဆိုရလျှင် "အချို"ဟူ၍ ဆိုရာ၌ "အချဉ်" ကို နောက်ခံထား၍ ဆိုခြင်း ဖြစ်၏။ သို့ရာတွင် "အချဉ်"ကိုကား တိုက်ရိုက်ဖော်ထုတ်၍ မဆို။ သို့ မဆိုသော်လည်း သဘောအရ "အချဉ်"သည် ပုဗ္ဗပက္ခအနေဖြင့် ပါဝင်၏။ "ချမ်းသာ၏"ဟူ၍ ဆိုရာ၌လည်း "ဆင်းရဲခြင်း"သည် အလားတူပင် ပုဗ္ဗပက္ခအနေဖြင့် ပါဝင်၏။ ဤသို့လျှင် အသိဟူသည် "အဟုတ်" နှင့် "မဟုတ်"တို့တွင် တစ်ခုကို ပုဗ္ဗပက္ခ၊ အခြားတစ်ခုကို ဥတ္တရပက္ခ ထား၍ ယင်းတို့၏ အဆက်အစပ်ကို မြင်ခြင်း ဖြစ်၏။

ဂျပန်ပညာရှိ Dr. Daiset T. Suzuki က "တောင်ကို သိဖို့ဆိုလျှင် ပထမဦးစွာ တောင် မဟုတ်တာကို သိဖို့လိုပါတယ်၊ နောက်မှ တောင်ကို သိရမှာ ဖြစ်ပါတယ်။ အဲဒီလို သိမှလည်း အဲဒီအသိဟာ တကယ်အမှန်သိ ဖြစ်ပါတယ်။ သိမှုနှင့် စပ်လျဉ်းပြီး ဒါဟာ ဇင်ဝါဒရဲ့ သင်ကြားချက် ဖြစ်ပါတယ်"ဟူ၍ သူ မကွယ်လွန်မီ ၂ ရက်အလို၌ A flower does not talk အမည်ရှိ စာအုပ်၏ နိဒါန်း၌ ရေးသွားခဲ့ကြောင်း ဖတ်ဖူးပါ၏။ ဤအဆိုသည်လည်း "အဟုတ်" နှင့် "မဟုတ်"တို့၏ အဆက်အစပ်ကို မြင်သော အမြင်သည်သာ "အမှန်သိ"ဖြစ်၏ ဟူသော အဆိုနှင့် အလားတူပင် ဖြစ်၏။

စာပေတစ်ရပ်၏ အနက်မှန်ကို သိရေးအတွက် ပုဗ္ဗပက္ခနှင့် ဥတ္တရာ ပက္ခကို ကြိုတင်သိထားဖို့ လို၏။ ယခုကာလတွင် ယင်းကို Comparative Study ဟူ၍ သုံးကြ၏။ လောကအတွေ့အကြုံအရလည်း ဤသဘောသည် ထင်ရှား၏။ ရထားစီးသွားသောအခါ အပြင်ကို မကြည့်ပါက ရထားသွားနေသည်ဟု မသိ၊ ရပ်နေသည်ဟုသာ သိ၏။ အပြင်ကို ကြည့်မှသာ ရထားသွားနေကြောင်း သိရ၏။ ထို့ကြောင့် ပုဗ္ဗပက္ခ မရှိပါက မှန်ကန်သော အသိကို မရနိုင်ကြောင်း ပေါ်လွင်၏။

သို့ဖြစ်လေရာ အသိမှန် ဖြစ်ပေါ်ရေးအတွက် ပုဗ္ဗပက္ခသည် အမှန်ပင် လိုအပ်၏။ သို့ရာတွင် ယင်းပုဗ္ဗပက္ခသည် တိုက်ရိုက်ဥပါဒါန်နှင့် သွယ်ဝိုက်ဥပါဒါန် ဟူ၍ နှစ်မျိုး ရှိ၏။ ဤနေရာ၌ ဥပါဒါန်ဟူသည် (၁) ပတ်ဝန်းကျင်၊ (၂) ပတ်ဝန်း ကျင်၏ အမြင်၊ (၃) ပတ်ဝန်းကျင်၏ ဓလေ့၊ (၄) ပတ်ဝန်းကျင်၏ အယူအားဖြင့် လေးမျိုးလုံးဖြစ်၏။ တိုက်ရိုက်ဥပါဒါန်သည် ကိုယ်တွေ့ဖြစ်၏။ သွယ်ဝိုက်ဥပါဒါန် သည် ကိုယ်တွေ့နှင့် စာတွေ့ နှစ်မျိုးလုံး ဖြစ်၏။ ထို့ကြောင့် သွယ်ဝိုက်ဥပါဒါန်သည်

တိုက်ရိုက်ဥပါဒါန်ထက် ပို၍ အရာကျယ်၏။ ပို၍ အရာကျယ်သဖြင့် ပို၍ ပြည့်စုံ၏။

ဆောင်းပါးတစ်ပုဒ် ဖတ်ဖူး၏။ ဆောင်းပါးတွင် အမျိုးသားစာပေဆု ရွေးချယ်မှုနှင့် စပ်လျဉ်း၍ စာရေးဆရာကြီး ဧယျနှင့် အခြား စာရေးဆရာ တစ်ယောက်တို့ ဝတ္ထုရှည်စာမူ ရွေးချယ်မှုအပေါ် ဆွေးနွေးခြင်းကို ဖော်ပြထား၏။ ဆရာကြီးဧယျက အမျိုးသားစာပေဆု ရွေးချယ်ရေး သုခမိန်အဖွဲ့ဝင် ဖြစ်၏။ ထိုနှစ် ရွေးချယ်လိုက်သော ဝတ္ထုရှည်မှာ ဇာတ်လမ်းဇာတ်ကွက်နှင့် အချိတ်အဆက်တို့ ရိုးစင်းကြောင်း၊ အခြားဝတ္ထုရှည် တစ်အုပ်မှာ အရွေးချယ်ခံရသော ဝတ္ထုရှည်ထက် ပို၍ကောင်းကြောင်း၊ အခြား စာရေးဆရာက တင်ပြ၏။ ဆရာကြီးဧယျက အရွေးချယ်ခံရသော ဝတ္ထုရှည်၏ အကြောင်းအရာများနှင့် အချက်အလက်များသည် ကိုယ်တိုင်မြင် အကြောင်းအရာများနှင့် အချက်အလက်များ ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာဆန်ပြီး မြန်မာပီသကြောင်း၊ အခြားဝတ္ထုရှည်၏ အကြောင်းအရာများနှင့် အချက်အလက်များသည် ကိုယ်တိုင်မြင် မဟုတ်ဘဲ တစ်ဆင့်ခံ အမြင်များကို မြန်မာလို ဆင်မြန်းပေးထားသော အကြောင်းအရာများနှင့် အချက်အလက်များ ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားဆန်ကြောင်း၊ ထို့ကြောင့် မြန်မာဝတ္ထုအနေဖြင့် မရွေးချယ်ခြင်း ဖြစ်ကြောင်း ရှင်းပြလေ၏။

ဤနေရာ၌ ဆရာကြီးနှစ်ယောက်တို့ အမြင်ချင်း မတူ၊ အခြား စာရေးဆရာက သူ၏ မျက်မှောက်ရှိ မျက်ဝါးထင်ထင် တွေ့မြင်ရသော ဝတ္ထုရှည်များ၏အကြောင်းအရာများ၊ အချက်အလက်များ၊ ဇာတ်လမ်း ဇာတ်ကွက်များ၊ အရေးအသားများကို ပစ္စက္ခ ဘောင်အတွင်း၌ တိုက်ရိုက်ပါသည့်အတိုင်းသာ မြင်၏။ ဆင်ခြင်၏။ အကြောင်းအကျိုး ဆက်စပ်၏။ ထို့နောက် ဆုံးဖြတ်၏။ ဆရာကြီးဧယျကမူ ထိုပစ္စက္ခဘောင်ကို ကျော်၍ အနုမာနဘောင်အတွင်းရှိ တိုက်ရိုက် မပါသော အကြောင်းအရာများ၊ အချက်အလက်များ၊ ဇာတ်လမ်း ဇာတ်ကွက်များ၊ အရေးအသားများကိုပါ မြင်၏။ ဆင်ခြင်၏။ အကြောင်းအကျိုး ဆက်စပ်၏။ ထို့နောက် ဆုံးဖြတ်၏။ ထို့ကြောင့် အခြား စာရေးဆရာ၏ အမြင်ကို "ဒိဋ္ဌတဒွင်္ဂိ" ဟူ၍ ဆိုရ၏။ ဆရာကြီးဧယျ၏ အမြင်ကို "အနုမိတ ဒွင်္ဂိ"ဟူ၍ ဆိုရ၏။ ဒိဋ္ဌတဒွင်္ဂိသည် ဖော်ပြထားသည်ကိုသာ မြင်၏။ ထိုထက်ကျော်၍ မမြင်။ ထို့ကြောင့် မပြည့်စုံ။ အနုမိတဒွင်္ဂိသည် မဖော်ပြထားသည်ကိုပါ မြင်၏။ ထို့ကြောင့် ပို၍ ပြည့်စုံ၏။ ထိုသို့ ဖြစ်ရခြင်းသည် ပုဗ္ဗပက္ခအဖြစ် နောက်ခံထားစရာ ဥပါဒါန်တို့၏ နယ်နိမိတ် အကျဉ်းအကျယ် ခြားနားသောကြောင့် ဖြစ်၏။

စာတစ်ပုဒ်ကို ဖတ်ရာ၌ နောက်ခံ ပုဗ္ဗပက္ခ ပို၍ကျယ်သော ပါမောက္ခ

တစ်ဦး၏ အသိအမြင်နှင့် နောက်ခံ ပုဗ္ဗပက္ခ ပို၍ကျဉ်းသော ကျောင်းသားတစ်ဦး၏ အသိအမြင်တို့ အချင်းချင်း မတူညီကြသည်မှာ ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဖြစ်ပါ၏။

ဆွေးနွေးပွဲတစ်ခုတွင် ပါဠိဘာသာတတ်မြောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးရာ၌ ပါဠိ–အင်္ဂလိပ် အဘိဓာန်တွင် ပါဠိပုဒ်တစ်ပုဒ်၏ ရင်းမြစ်ကို ဖော်ပြသောအခါ ဆိုင်ရာ မိသားစုဘာသာများ ဖြစ်သော ဝေဒ၊ သက္ကတ၊ အဝေဿ၊ ဂရိ(ခ်)၊ လက်တင်၊ ဂျာမန် စသည်တို့ဖြင့် နှိုင်းယှဉ်၍ ဖော်ပြကြကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၌ ပါဠိဘာသာကို ကမ္ဘာ့အဆင့်မီ တတ်မြောက်စေလိုပါလျှင် သက္ကတနှင့် ပြာကရိတ်ကို အခြေခံ ဘာသာရပ်များအဖြစ် သင်ပေးသင့်ကြောင်း၊ ထိုသို့သင်လျှင် သက္ကတနှင့် ပြာကရိတ်တို့မှာ ရှေးဟောင်းဘာသာများ ဖြစ်၍ ခက်ကြောင်း၊ အဖွင့်နိဿယ လိုကြောင်း၊ အဖွင့်နိဿယအဖြစ် အင်္ဂလိပ်နှင့် ဟိန္ဒီဘာသာတို့ ရှိကြောင်း၊ သို့ရာတွင် သက္ကတနှင့် ပြာကရိတ်စာအုပ်တိုင်းအတွက် အင်္ဂလိပ်နိဿယ မရှိသော်လည်း ဟိန္ဒီနိဿယ ရှိကြောင်း၊ သို့ဖြစ်၍ ဟိန္ဒီဘာသာကိုလည်း သင်ပေးသင့်ကြောင်း တစ်ဦးက တင်ပြဆွေးနွေးရာ၊ ပါဠိ–အင်္ဂလိပ် အဘိဓာန်တွင် ပါဠိပုဒ်တစ်ပုဒ်၏ ရင်းမြစ်ကို ဖော်ပြရာ၌ ဝေဒ၊ သက္ကတ၊ အဝေဿ၊ ဂရိ(ခ်)၊ လက်တင်၊ ဂျာမနီ စသည်တို့ဖြင့် နှိုင်းယှဉ်၍ ဖော်ပြထားသော်လည်း ဟိန္ဒီဘာသာဖြင့် ဖော်ပြထားသည်ကို မတွေ့ရကြောင်းဖြင့် ကန့်ကွက်ကြ၏။

မျက်စိဖြင့် အပ်ကျမပ်ကျ မြင်မှသာ မြင်သည့်အတိုင်း သိတတ်သော "ဂြုတဒွဋ္ဌိ"အမြင်ဖြင့် ကြည့်လျှင် ဤအတိုင်းသာ မြင်ပေလိမ့်မည်။ သို့ရာတွင် "အနုမိတဒွဋ္ဌိ" ဖြင့် ကြည့်ပါက ပါဠိ–အင်္ဂလိပ် အဘိဓာန်တွင် ပါဠိပုဒ်တစ်ပုဒ်၏ နောက်ကွယ်ရှိ ဆိုင်ရာ ဝေဒ၊ သက္ကတ၊ အဝေဿ၊ ဂရိ (ခ်)၊ လက်တင်၊ ဂျာမန်ပုဒ် စသည်တို့ကို ယင်းဘာသာရပ်များ၌ လေ့လာဖူးသူများက အနုမိတဒွဋ္ဌိဖြင့် မြင်သကဲ့သို့ ဟိန္ဒီဘာသာကို တိုက်ရိုက် ဖော်ပြမထားသော်လည်း ပါဠိစာပေအတွက် မြန်မာဘာသာသည် အဖွင့်နိဿယအဖြစ် အထောက်အပံ့ ပြုသလို ဝေဒ၊ သက္ကတ၊ ပြာကရိတ် စာပေများအတွက် ဟိန္ဒီဘာသာသည် အဖွင့်နိဿယအဖြစ် အထောက်အပံ့ ပြုပြီး၊ ပုဒ်များ ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ပါဠိစာပေ အတွက်ပါ သွယ်ဝိုက်၍ အထောက်အပံ့ပြုကြောင်း သိမြင်ပေလိမ့်မည်။ ပါဠိစာပေ၏ ပုဗ္ဗပက္ခအဖြစ် ဆောင်ရွက်ကြောင်း ဟိန္ဒီဘာသာကို လေ့လာဖူးပါက အနုမိတဒွဋ္ဌိဖြင့် မြင်လိမ့်မည်။

အဋ္ဌသာလိနီ အဋ္ဌကထာတွင် ဝိစိကိစ္ဆာပုဒ် ရုပ်ပြီးမှု နှင့်စပ်လျဉ်း၍ "ကိတ်" ဓာတ်တစ်လုံးဖြင့် ရုပ်ပြီးပုံကို လည်းကောင်း၊ "စိ" ဓာတ်နှင့် "ကိစ္ဆ" ဓာတ်ပေါင်း ဓာတ်နှစ်လုံးဖြင့် ရုပ်ပြီးပုံကို လည်းကောင်း ဖော်ပြထားသည်ကို

တွေ့ရ၏။ ထို့ကြောင့် ဂြုတဒ္ဒဋ္ဌိ အမြင်ဖြင့် ကြည့်လျှင် ဝိစိကိစ္ဆာပုဒ်သည် ဓာတ်တစ်လုံးဖြင့်လည်း ပြီး၏။ ဓာတ်နှစ်လုံးဖြင့်လည်း ပြီး၏ ဟူ၍ ဤမျှလောက်ကိုသာ တွေ့ရ၏။ ထိုထက်ပို၍ မတွေ့။ သို့ရာတွင် အနုမိတဒ္ဒဋ္ဌိ အမြင်ဖြင့် ကြည့်ပါကဘိ၊ စိ ၈ ရာစုတွင် ပုဒ်တစ်ပုဒ်သည် ဓာတ်တစ်လုံးဖြင့်သာ ပြီးရမည်ဟူ၍ ဆိုသော "ဂါရ်ဂျဂိုဏ်း"နှင့် ဓာတ်တစ်လုံး ဖြစ်ဖြစ်၊ နှစ်လုံးဖြစ်ဖြစ် အနက်အားလျော်စွာ သင့်လျော်သလို ပြီးနိုင်သည် ဟူ၍ ဆိုသော "သာကဋာယနဂိုဏ်း"တို့၏ အဆိုအမိန့်များကို အဋ္ဌကထာဆရာ ပုဗ္ဗပက္ခ ပြုထားကြောင်း တွေ့ရ၏။ ထို့ကြောင့် အဋ္ဌကထာဆရာသည် ဝေဒစာပေများကို တကယ်ပင် ကျယ်ကျယ်ပြန့်ပြန့်နှင့် နှံ့နှံ့စပ်စပ် တတ်မြောက်ထားသူ ဝေဒပါရဂူဖြစ်ကြောင်း ပေါ်လွင်သည့်အပြင် စာဖတ်သူများ အနေဖြင့်လည်း တိုက်ရိုက် ဖော်ပြထားသော ပါဠိပုဒ် ဝိစိကိစ္ဆာ အဖွင့်၏ နောက်ကွယ်ရှိ တိုက်ရိုက်ဖော်ပြမထားသော ဝေဒသက္ကတဆိုင်ရာ သဒ္ဒါဆရာတို့၏ အဆိုအမိန့်များကို အနုမိတဒ္ဒဋ္ဌိဖြင့် မြင်ရလေ၏။ သို့ရာတွင် စာပေတစ်ရပ်၏ ဘာဝတ္ထကို သိရေးအတွက် သာချာတ်ကွတဒ္ဒဋ္ဌိလည်း လိုအပ်ပါ၏။

သာချာတ်ကွတဒ္ဒဋ္ဌိဟူသည် စာဖတ်သူများက မိမိတို့ ဖတ်နေသော စာပေ၌ ယင်း၏ စာရေးဆရာကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရသည့် အမြင်ဖြစ်၏။ ယင်းအမြင်ဖြင့် ကြည့်လျှင် စာရေးဆရာ၏ အရည်အသွေး၊ စာရေးဆရာ၏ စေတနာ၊ စာရေးဆရာ၏ လှုပ်ရှားမှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရ၏။ အဘိဓမ္မာ ဝတာရဆရာ၏ အဆိုကိုယူ၍ သုံးရလျှင် မျက်စိဖွင့်၍ ကြည့်သောအခါ မြင်ရသလိုပင် မြင်ရပါ၏။ ထိုသို့ မြင်နိုင်ရေးအတွက် မိမိကိုယ်ကို မိမိ ပထမဦးစွာ ကြိုတင်မြင်ထားဖို့လည်း လိုအပ်၏။

သို့ရာတွင် ထိုအမြင်မျိုးဖြင့် ကြည့်တတ်ရန်ကား မလွယ်။ ကိုယ်ကျင့်သိက္ခာ ကောင်းဖို့ လို၏။ စိတ်ထားတည်ကြည်ဖို့ လို၏။ ကိုယ်ကျင့်သိက္ခာ ကောင်းသူအား စိတ်ထားတည်ကြည်မှုသည် ဖြစ်၏။ စိတ်ထားတည်ကြည်သူအား ယထာဘူတ အမြင်သည် ဖြစ်၏။ သို့မဟုတ်ပါက ဂြုတဒ္ဒဋ္ဌိနှင့် အနုမိတဒ္ဒဋ္ဌိတို့၌သာ လမ်းဆုံးပေလိမ့်မည်။ ကိုယ်ကျင့်သိက္ခာ (သီလ)နှင့် စိတ်ထားတည်ကြည်မှု (သမာဓိ) မပါသော ပညာသည် မိမိအတွက် လည်းကောင်း၊ လောကအတွက် လည်းကောင်း အကျိုးမပြုသည့်အပြင် အန္တရာယ်ပင် ပြုတတ်ကြောင်း အလင်္ကာဒ္ဒုပမ သုတ်၌ လာရှိ၏။ သို့ဖြစ်၍ မိမိအတွက်နှင့် လောကအတွက် အကျိုးပြုတတ်သော ကိုယ်ကျင့်သိက္ခာ (သီလ)နှင့် စိတ်ထား တည်ကြည်မှု (သမာဓိ)တို့ အပေါ်၌ တည်ဆောက်သော သာချာတ်ကွတဒ္ဒဋ္ဌိကို လိုအပ်ခြင်း ဖြစ်ပါ၏။

ကိုယ်ကျင့်သိက္ခာ (သီလ)နှင့် စိတ်ထားတည်ကြည်မှု (သမာဓိ)တို့ အမှန်

တကယ် ရှိလာပါက ဗဟိဒ္ဓအာရုံများကို မဆိုထားနှင့်၊ မိမိကိုယ်ကိုပင် ပြန်၍ မြင်ရ၏။ မိမိမျက်စိ၊ မိမိနောက်စေ့၊ မိမိနှလုံးသား၊ မိမိစိတ်၊ မိမိအတ္တ တို့ကိုပင် ပြန်၍ မြင်ရ၏။ ဤအမြင်မျိုးကို ယထာဘူတအမြင် ဟူ၍ ခေါ်၏။

ယထာဘူတ အမြင်အရ ခံစားမှုသုခ(ဝေဒယိတသုခ)၌ သုခဟု မမြင်၊ ဖြစ် ပျက် ဒုက္ခ (သင်္ခါရဒုက္ခ)အနေဖြင့် ဒုက္ခဟု မြင်၏။ တစ်ဖန် ဖြစ်ပျက်ဒုက္ခ (သင်္ခါရ ဒုက္ခ)မှ ငြိမ်းချမ်းမှုသုခ (သန္တိသုခ)ကို မြင်၏။ ဒဿနဆရာတို့၏ အဆိုအရဆိုလျှင် "မဟုတ်" နှင့် "အဟုတ်"တို့၏ အဆက်အစပ်အရ "အဟုတ်"မှ "မဟုတ်"၊ တစ်ဖန် "မဟုတ်"မှ "အဟုတ်" သို့ ကြောင်လိမ်လှေကားသဖွယ် မြင့်တက်၍ သိသွားခြင်းမျိုး ဖြစ်၏။ ဤအသိမျိုး၊ အမြင်မျိုးဖြင့် ကြည့်တတ်မှသာ လောကနှင့် စပ်လျဉ်း၍ ဒုက္ခ၌ သုခ၊ အကျည်းတန်၌ အလှ၊ မမြဲ၌ အမြဲကို မှန်ကန်စွာ မြင်တတ်ပေလိမ့်မည်။ သို့မဟုတ်ပါက သုခ၌ ဒုက္ခ၊ အလှ၌ အကျည်းတန်၊ အမြဲ၌ မမြဲကို ပြောင်းပြန်ပြု၍ မှားယွင်းစွာ မြင်ပေလိမ့်မည်။

စာဖတ်သူများတွင် လိုအပ်သော အရည်အချင်းနှင့် စပ်လျဉ်း၍ အမြင်သုံးဆင့်ကို ဖော်ပြခဲ့ပါ၏။ ယင်းအမြင်များသည်လည်း သူချည်း ရှိကြသည် မဟုတ်။ ဥပါဒါန်များက တည်ဆောက်ပေးလိုက်သော နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ ဝါသနာ၊ အနုသယတို့အပေါ် အခြေခံကြ၏။ ယင်း နှလုံးသွင်း၊ စရိုက် စသည်တို့သည် မသိစိတ်များအနေဖြင့် သိစိတ်များအပေါ် လွှမ်းမိုးကြ၏။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် အနေ အထားဖြင့် ဖြစ်ပေါ်နေကြသော သိစိတ်များအပေါ် နောက်ကွယ်မှ ကြိုးကိုင်ကြ၏။ ညွှန်ကြားပေးကြ၏။ ထို့ကြောင့် သိစိတ်များသည် ယင်းတို့၏ ညွှန်ကြားခံများ အနေဖြင့် ယင်းတို့၏ ညွှန်ကြားအတိုင်း လိုက်၍ သိကြ၏။

သို့ဖြစ်၍ မူလအကြောင်းအရင်းဖြစ်သော ဥပါဒါန်တို့ကို မိမိတို့ လိုချင်သော ပုံစံအတိုင်းဖြစ်အောင် အသုံးချအပ်၏။ ဂွတဒ္ဒငိုအတွက် ကိုယ်တွေ့ ဖြစ်အောင် အသုံးချ၍၊ အနုမိတဒ္ဒငိုအတွက် ကိုယ်တွေ့နှင့်စာတွေ့ နှစ်ရပ်ဖြစ်အောင် အသုံးချပြီး၊ သာချာတ်ကွာတဒ္ဒငိုအတွက် မိမိသန္တာန်၌ ကိုယ်ကျင့်သိက္ခာနှင့် စိတ်ထားတည်ကြည်မှု သမာဓိတို့ကို ပွားများအောင် အားထုတ်အပ်ပါ၏။

ဥပါဒါနပစ္စယာ ဘဝေါ အရ ဥပါဒါန်တို့က "ဘဝ"ကို တည်ဆောက် သည် ဖြစ်ရာ "ဘဝ"ကောင်း ဖြစ်လိုလျှင် ဥပါဒါန်ကောင်း ဖြစ်ဖို့ လို၏။ သူတော် ကောင်း ပတ်ဝန်းကျင်၌ ကြီးပြင်းလျှင် သူတော်ကောင်း အတွေးအမြင်ဖြင့် စာပေ၏ အနက်များကို သိမြင်၍ သူတော်ကောင်းဘဝကို တည်ဆောက်နိုင်ပေလိမ့်မည်။ သူယုတ်မာ ပတ်ဝန်းကျင်၌ ကြီးပြင်းလျှင် သူယုတ်မာ အတွေးအမြင်ဖြင့် စာပေ၏ အနက်များကို သိမြင်၍ သူယုတ်မာဘဝကို တည်ဆောက်နိုင်ပေလိမ့်မည်။ ထို့

ကြောင့် ဥပါဒါန်တည်း ဟူသော ဆိုင်ရာဆိုင်ရာ ပတ်ဝန်းကျင်များအလိုက် ဆိုင်ရာဆိုင်ရာ အတွေးအမြင်တို့ဖြင့် စာပေ၏ အနက်များကို သိမြင်၍ ဆိုင်ရာဆိုင်ရာ ဘဝတို့ကို တည်ဆောက်ကြမည်ဖြစ်ရာ၊ စာဖတ်သူများသည် သာချာတ်ကွတဒွင့်ဖြင့် စာပေ၏ အနက်များကို သိမြင်၍ သူတော်ကောင်း ဘဝကို တည်ဆောက်ကာ ဤလောက၌ စစ်မှန်သော သုခ၊ စစ်မှန်သော အလှ၊ စစ်မှန်သော အနိစ္စတို့ကို မှန်ကန်စွာ သိသူများ ဖြစ်နိုင်စေရန်၊ ထိုသို့ ဖြစ်နိုင်ရေးအတွက် မိမိမျက်စိကို မိမိ ပြန်မြင်နိုင်သော ယထာဘူတဉာဏ် ရရှိနိုင်စေရန် အားထုတ်သင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ထို့အပြင် ဤနေရာ၌ ပတ်ဝန်းကျင် ဟူသည် ပစ္စက္ခ ပတ်ဝန်းကျင်သာမက အစမထင် သံသရာတစ်လျှောက်၌ မိမိတို့ ဖြတ်သန်းခဲ့ရသော ပတ်ဝန်းကျင်ကိုလည်း ဆိုလိုကြောင်း ဖော်ပြအပ်ပါသည်။

## စာဖတ်သူများ ၆

*စာဖတ်ပရိသတ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နိုင်ရန်*

စာဖတ်သူအတွက် ရည်ရွယ်ပြီး "စာဖတ်သူများ" ခေါင်းစဉ်ဖြင့် ရေးသားခဲ့ပါသည်။ ယင်းခေါင်းစဉ်ပါ အကြောင်းအရာများကို ပြန်လည် အကျဉ်းချုံးလိုက်လျှင် သဒ္ဒါ သုံးမျိုး၊ အနက် သုံးမျိုး၊ အမြင် သုံးမျိုး၊ စာဖတ်သူ အတန်းအစား သုံးမျိုးတို့ ဖြစ်ပါသည်။

သို့ရာတွင် ယင်းအကြောင်းအရာများကို ဖော်ပြရာတွင် "ကျဉ်း" လွန်းသဖြင့် စာဖတ်သူများ သဘောမပေါက်ကြကြောင်း သိရ၏။ သို့ဖြစ်၍ စာဖတ်ပရိသတ် ပိုမို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နိုင်ရန် ရည်စူး၍ ဖော်ပြပါ အကြောင်းအရာများကို အတန်ငယ် ချဲ့၍ တင်ပြမည် ဖြစ်ပါသည်။ ထိုသို့ တင်ပြသောအခါ၌ ပါဠိစာပေ သင်ကြားပုံမှ စ ပါမည်။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းရောက်၍ အခြေခံ စာပေများကို အထိုက်အလျောက် လေ့လာပြီးသောအခါ ပါဠိစာပေများကို စတင်သင်ကြားရ၏။ ပါဠိစာပေကို သင်သောအခါ ဆရာက "ပါဠိ" တစ်ပုဒ် ဆိုလိုက်၊ မြန်မာပြန်တစ်ပုဒ် ဆိုလိုက်၊ တပည့်များကလည်း ဆရာ ပို့ချသည့်အတိုင်း လိုက်၍ "ပါဠိ" တစ်ပုဒ် ဆိုလိုက်၊ မြန်မာပြန် တစ်ပုဒ် ဆိုလိုက်ပင် ဖြစ်၏။

ထိုနောက် ဆရာက မိမိ သင်ပေးလိုက်သော ပါဠိစာပေ၏ အနက် အဓိပ္ပာယ်များကို တပည့်များ နားလည်စေရန် ရှင်းလင်းပြ၏။ ထိုအခါမှစ၍ ကျွန်တော်တို့သည် "သဒ္ဒါ"ဟူသော ဝေါဟာရနှင့် "အနက်"ဟူသော ဝေါဟာရများကို စတင်ကြားနာကြရ၏။ ကြားနာရသလောက် ပြန်လည်ဖော်ပြရလျှင် "သဒ္ဒါ" ဟူသည် ရွတ်ဆိုလိုက်သော အသံများ ဖြစ်၏။ ဥပမာ–ပါဠိဘာသာဖြင့်

"ဂေါ"၊ မြန်မာဘာသာဖြင့် "နွား" ဟူ၍ ရွတ်ဆိုလိုက်လျှင် ကြားရသူက "နွား" သတ္တဝါကို ဉာဏ်ဖြင့် မြင်လာ၏။ သိလာ၏။ ထို့ကြောင့် ရွတ်ဆိုလိုက်ရသော "ဂေါ"သို့မဟုတ် "နွား"ဟူသော အသံများကို "သဒ္ဒါ"ဟူ၍ ခေါ်ရ၏။ မြင်သိလိုက်ရသော "နွား"သတ္တဝါကို "အနက်"ဟူ၍ ခေါ်ရ၏။ ဒီအတိုင်း မှတ်ထားဟူ၍ ဆရာက ရှင်းပြ၏။ ရှင်းပြရာတွင် ဆရာက ဤမျှသာ ရှင်းပြ၏။ ထိုထက်ပို၍ မရှင်းပြ။ အကယ်၍ "သဒ္ဒါ"နှင့် "အနက်"ဟူသော ဝေါဟာရတို့ကို ထို့ထက်ပို၍ ရှင်းပြလျှင်လည်း ကျွန်တော်တို့ နားလည်ကြမည် မဟုတ်။ ရှင်းကာမှ ပို၍ ရှင်းမလာဘဲ ပို၍ ရှုပ်ထွေးသွားမည်သာ ဖြစ်၏။ ထို့ကြောင့် ဆရာကလည်း "သဒ္ဒါ" နှင့် "အနက်"ဟူသော ဝေါဟာရ နှစ်လုံးကို ထိုထက်ပို၍ ရှင်းမပြခြင်း ဖြစ်၏။ ကျွန်တော်တို့ကလည်း ဆရာ ရှင်းပြသည့်အတိုင်းပင် မှတ်သားခဲ့ကြ၏။ ကျွန်တော်တို့ အဆင့်ကား ထိုမျှပင် ဖြစ်၏။

ထို့နောက် စာဖတ်များ၍ စာပေအတွေ့အကြုံ ရင့်လာသောအခါ "သဒ္ဒါ" နှင့် "အနက်"ဟူသော ဝေါဟာရများကို ဤသို့ စဉ်းစားမိလာ၏။

ကျွန်တော်တို့သည် မိမိတို့ ဆိုင်ရာဆိုင်ရာ ဝေါဟာရ သဒ္ဒါများကို ရွတ်ဆိုသောအခါ ဖြစ်စေ၊ ကြားနာရသောအခါ ဖြစ်စေ ထိုဝေါဟာရ သဒ္ဒါများက ရည်ညွှန်းလိုက်သော သက်ရှိသက်မဲ့၊ သို့မဟုတ် ဒြပ်ရှိ ဒြပ်မဲ့ အရာဝတ္ထုများကို ထိုဉာဏ်ဖြင့် မြင်လာသည် မှန်၏။ သိလာသည် မှန်၏။ သို့ရာတွင် ဉာဏ်ဖြင့် မြင်လာသော ထိုထို အရာဝတ္ထုများသည် မိမိတို့စိတ်ထဲ၌ မရှိ၊ အပြင်အပ၌သာ ရှိ၏။ ကာလအားဖြင့်လည်း တိုင်းတာ၍ မရ။ ယခု ဖြစ်လျှင် ဖြစ်မည်။ မြတ်စွာဘုရား လက်ထက်အခါက ဖြစ်လျှင် ဖြစ်မည်။ မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလက ဖြစ်လျှင် ဖြစ်မည်။ သို့မဟုတ် အနာဂတ်ကာလက ဖြစ်လျှင် ဖြစ်မည်။ ထိုနည်းအတူပင် ဒေသအားဖြင့်လည်း တိုင်းတာ၍ မရ။ ကျယ်ပြန့်ချင်သလောက် ကျယ်ပြန့်မည်။ စကြဝဠာ အနန္တ တိုင်အောင်ပင် ကျယ်ပြန့်ချင်လည်း ကျယ်ပြန့်ပေလိမ့်မည်။ သဒ္ဒါကမူ စိတ္တဇဖြစ်၍ စိတ်ထဲ၌ ရှိ၏။ ပြင်ပ၌ မရှိ။ ကာလနှင့် ဒေသအားဖြင့်ကား ထိုထို အရာဝတ္ထုများ နည်းတူပင် ကျယ်ပြန့်ပါ၏။

သို့ဖြစ်ပါလျက် ကျွန်တော်တို့သည် ထိုထိုဝေါဟာရ သဒ္ဒါများက ရည်ညွှန်းလိုက်သော အရာဝတ္ထုများကို သိသည်ကား အမှန်ပင် ဖြစ်၏။ သို့ဖြစ်လျှင် "သဒ္ဒါ"က တစ်နေရာ၊ ရည်ညွှန်းထားသော အရာဝတ္ထုက တစ်နေရာ၊ သီးခြားစီ သီးခြားစီ ဖြစ်ပါလျက် တစ်ပြိုင်နက်တည်းလိုလို တွဲ၍တွဲ၍ ဘာကြောင့် သိလေပါသနည်း။

ထို့အပြင် သီးခြားစီ သီးခြားစီ ဖြစ်လာသော ဆိုင်ရာဆိုင်ရာ ဝေါဟာရ

သဒ္ဒါများက ရည်ညွှန်းလိုက်သော အရာဝတ္ထုများသည် သူ့အမည်နှင့်သူ သီးခြားစီ သီးခြားစီ ဖြစ်ကြ၏။ သက်ရှိဝတ္ထု လူ၊ ခွေး၊ မြင်း၊ ဆင် စသည်များ၊ သက်မဲ့ဝတ္ထု ရွှေ၊ ငွေ၊ သစ်ပင် စသည်များ ဖြစ်ကြ၏။ ဒြပ်ရှိနှင့် ဒြပ်မဲ့ဝတ္ထုများလည်း ထို့အတူပင် အမျိုးမျိုး ရှိကြ၏။ သဒ္ဒါကလည်း အမျိုးမျိုးနှင့် အများပင် ဖြစ်၏။ ဤနည်းအားဖြင့် သဒ္ဒါနှင့် အနက် နှစ်မျိုးလုံး အမျိုးအစားများလည်း အများပင် ဖြစ်၏။ အမည်များလည်း အများပင် ဖြစ်၏။ ထို့အပြင် "သဒ္ဒါ"တစ်ခုက ဆိုင်ရာ အရာဝတ္ထုတစ်ခုကိုပင် ရည်ညွှန်း၏။ အရာဝတ္ထု အနန္တကို မရည်ညွှန်း။ ထို့အတူ အရာဝတ္ထုတစ်ခုကလည်း ဆိုင်ရာ သဒ္ဒါ တစ်ခုကိုပင် ရည်ညွှန်း၏။ သဒ္ဒါ အနန္တကို မရည်ညွှန်း။

သို့ရာတွင် ဘာသာနှင့် စာပေနယ်ပယ်၌ မြန်မာမှုအရ အရာဝတ္ထုအားလုံးကို "အနက်"ဟူသော အမည်တစ်မျိုးတည်းဖြင့် ခေါ်ရ၏။ ထိုနည်းအတူ ဆိုင်ရာဆိုင်ရာ အရာဝတ္ထုများကို ရည်ညွှန်းစေကာမူ ရွတ်ဆိုကြားနာရသော ဝေါဟာရအားလုံးကို "သဒ္ဒါ"ဟူသော အမည်တစ်မျိုးတည်းဖြင့် ခေါ်ရ၏။ အမှန်အားဖြင့် ကာလ, ဒေသ ကွဲပြား၍ ဝေါဟာရ မည်မျှ များစေကာမူ "သဒ္ဒါ"ဟူသော အမည်ဖြင့် ကြည့်လျှင် တစ်ခုတည်း ဖြစ်၏။ တစ်ခုတည်း၌ အားလုံး အကျုံးဝင်၏။ အရာဝတ္ထုအားလုံးသည် ကာလအားဖြင့် အတိတ်ဖြစ်စေ၊ ပစ္စုပ္ပန်ဖြစ်စေ၊ အနာဂတ်ဖြစ်စေ၊ ဒေသအားဖြင့်လည်း ရှေးကမ္ဘာ ဖြစ်စေ၊ ဤကမ္ဘာ ဖြစ်စေ၊ နောင်ကမ္ဘာဖြစ်စေ "အနက်" တစ်ခုတည်း၌ အကျုံးဝင်၏။ အလားတူပင် ဝေါဟာရ အားလုံးတို့သည် "သဒ္ဒါ" တစ်ခုတည်း၌ အကျုံးဝင်၏။ သို့ဖြစ်၍ အကျဉ်းချုပ်အားဖြင့် ဆိုရလျှင် လောက၌ သဒ္ဒါနှင့်အနက် နှစ်မျိုးသာ ရှိ၏။

သဒ္ဒါနှင့်အနက် နှစ်မျိုးရှိနေလျှင် သီခြားစီ သီးခြားစီ သဘောကို ဆောင်နေသဖြင့် ဝေါဟာရသဒ္ဒါ တစ်ပုဒ်ကို ရွတ်ဆိုကြားနာလိုက်ရလျှင် သဒ္ဒါနှင့် အနက်ကို တစ်ပြိုင်နက်တည်းလိုလို တွဲ၍တွဲ၍ ဘာကြောင့် သိပါလေသနည်း။ ဤမေးခွန်း၏ အဖြေကို ဗုဒ္ဓစာပေရှုထောင့်မှ ကြည့်၍ ဖြေရလျှင် သဒ္ဒါနှင့် အနက်သည် တွဲ၍တွဲ၍ နေသောကြောင့် တစ်ပြိုင်နက်တည်းလိုလို သိရခြင်း ဖြစ်ပါ၏။

"သဒ္ဒါ"နှင့် "အနက်" တွဲ၍တွဲ၍ နေပုံကို ငွေစက္ကူဥပမာဖြင့် ရှင်းပြရလျှင် ပို၍ နားလည်ဖွယ် ရှိပါသည်။ ငွေစက္ကူတွင် "ပန်း"ဘက်လည်း ရှိပါသည်။ "ခေါင်း" ဘက်လည်း ရှိပါသည်။ "ပန်း"ဘက်နှင့် "ခေါင်း" ဘက်တို့သည် စက္ကူသားပေါ်၌ ဆုံကြ၏။"စက္ကူသား"သည် "ပန်း"နှင့်"ခေါင်း"တို့၏ ဆုံရာ၊ ဆက်စပ်ရာ ဖြစ်၏။ ထို့ကြောင့် ဘက် ၂ ဘက်စုံ ပါဝင်မှ အသုံးဝင်သော ငွေစက္ကူအစစ် ဖြစ်ပါသည်။ သို့မဟုတ်ပါက ငွေစက္ကူအတုဖြစ်ပြီး လောကတွင် အသုံးပြု၍ မရဘဲ ရှိတတ်ပါ၏။

တစ်ဖန် ငွေစက္ကူသည်လည်း ပေါင်၊ ဒေါ်လာ၊ ကျပ် စသည်ဖြင့် အမျိုးမျိုးပင် ရှိပါ၏။ သို့ဖြစ်၍ ငွေစက္ကူဟူသည် အသုံးပြု၍ရသော ငွေစက္ကူအစစ်ပင်ဖြစ်စေကာမူ တန်ဖိုးအားဖြင့် အချင်းချင်း ခြားနားသည့်သဘော ရှိပါသည်။ ထိုသို့ခြားနားခြင်းသည် အသုံးဝင်မှု တန်ဖိုးချင်း ခြားနားသောကြောင့် ဖြစ်ပါသည်။

ငွေစက္ကူဥပမာ အတိုင်းပင် သဒ္ဒါနှင့် အနက်တို့သည် "ပန်း" ဘက်နှင့် "ခေါင်း"ဘက်သဖွယ် ဖြစ်ကြ၏။ ယင်း ဘက် ၂ ဘက်တို့ဆုံရာ၊ ဆက်စပ်ရာ ဝတ္ထုကို စက္ကူသားသဖွယ် နိရုတ္တိဟူ၍ ခေါ်ရ၏။ အမှန်အားဖြင့် နိရုတ္တိသည် သဒ္ဒါနှင့် အနက်တို့ ဆုံရာ၊ ဆက်စပ်ရာ "သမ္ဗန္ဓ"ဖြစ်၏။ နိရုတ္တိ၏ မျက်နှာပြင်တစ်ဖက်မှာ "သဒ္ဒါ"ဖြစ်၍၊ အခြား မျက်နှာပြင်တစ်ဖက်မှာ "အနက်"ဖြစ်၏။ ထို့ကြောင့် မျက်နှာပြင်နှစ်ဖက် သဖွယ်ဖြစ်သော "သဒ္ဒါ"နှင့် "အနက်"တို့သည် "နိရုတ္တိ"၌ ဆုံကြ၏။ ဆက်စပ်ကြ၏။ နိရုတ္တိကို အမှီပြု၍ အချင်းချင်း မခွဲဘဲ တွဲ၍ တွဲ၍ နေလေသောကြောင့် သဒ္ဒါနှင့် အနက်ကို တစ်ပြိုင်နက်တည်းလိုလို သိရခြင်း ဖြစ်ပါ၏။

ငွေစက္ကူဥပမာကို ပြန်ကြည့်လျှင် "ခေါင်း"ဘက်သာ ပါပြီး "ပန်း"ဘက် မပါက ယင်းငွေစက္ကူသည် အသုံးမဝင်ကြောင်း တွေ့ရ၏။ ထိုနည်းအတူပင် "ပန်း" ဘက်သာ ပါပြီး "ခေါင်း" ဘက် မပါပါကလည်း ယင်းငွေစက္ကူသည် အသုံးမဝင်ချေ။ ဤဥပမာအတိုင်းပင် "သဒ္ဒါ"ကိုသာ သိပြီး ယင်းသဒ္ဒါ၏ အနက်ကို မသိပြန်ကလည်း "ဘာပြောမှန်း"မသိသဖြင့် မျက်စိကြောင်တောင်ဖြင့် ငေး၍သာ နေရပေလိမ့်မည်။ တစ်ဖန် မျက်စိဖြင့် အပ်ကျမပ်ကျ ကိုယ်တိုင် မြင်နေရပါလျက် ယင်း၏အမည် (သဒ္ဒါ)ကို မသိပြန်ပါကလည်း "ဒါ ဘာလဲ"ဟူ၍ မေးရပေလိမ့်မည်။ ထို့ကြောင့် အရာဝတ္ထုတစ်ခုကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံသိရေးအတွက် အမည် (သဒ္ဒါ)လည်း လို၏။ အရာဝတ္ထု (အနက်)လည်း လို၏။ သို့မှသာ ခေါင်းနှင့်ပန်း ပါသော၊ ငွေစက္ကူ သဖွယ်ဖြစ်သော သဒ္ဒါနှင့် အနက်တို့ဆုံရာ နိရုတ္တိဖြစ်မှသာ သဒ္ဒါနှင့် အနက်ကို တစ်ပြိုင်နက်တည်းလိုလို တွဲ၍တွဲ၍ သိနိုင်ပေလိမ့်မည်။ ဤသည်မှာ သဒ္ဒါနှင့်အနက်တို့ကို သိမှုနှင့် ပတ်သက်၍ ငွေစက္ကူဥပမာဖြင့် ရှင်းပြခြင်း ဖြစ်၏။

တစ်ဖန် သဒ္ဒါ သုံးမျိုးနှင့် အနက် သုံးမျိုး ကွဲပြားသွားပုံကိုလည်း ငွေစက္ကူဥပမာဖြင့်ပင် ရှင်းပြမည် ဖြစ်၏။ ငွေစက္ကူသည် လောက၌ လူတို့နှင့် အရင်းနှီးဆုံးအရာဝတ္ထု ဖြစ်၏။ အသိအလွယ်ဆုံးလည်း ဖြစ်၏။ ထို့ကြောင့် ငွေစက္ကူဥပမာကိုအသုံးပြုခြင်း ဖြစ်၏။ လောကတစ်ခုလုံး၌ ငွေစက္ကူဟူသည် အမည်အားဖြင့်တစ်ခုတည်း ဖြစ်၏။ သို့ရာတွင် "ခေါင်း"နှင့် "ပန်း"ကိုလိုက်၍ တန်ဖိုးကို

ဆုံးဖြတ်ရသဖြင့် အမျိုးမျိုး ဖြစ်လာ၏။ ပေါင် ငွေစက္ကူတွင် "ခေါင်း"နှင့် "ပန်း" သည် တစ်မျိုးဖြစ်၏။ ဒေါ်လာ ငွေစက္ကူတွင် "ခေါင်း"နှင့် "ပန်း"သည် တစ်မျိုး ဖြစ်၏။

ကျပ် ငွေစက္ကူတွင် "ခေါင်း"နှင့် "ပန်း"သည် တစ်မျိုး ဖြစ်၏။ ထိုသို့ ခေါင်းနှင့် ပန်း တစ်မျိုးစီ ဖြစ်ခြင်းကြောင့် ခေါင်းနှင့်ပန်းကို လိုက်၍ "စက္ကူသား" တစ်မျိုးတည်းက တန်ဖိုးချင်း ခြားနားသွားရ၏။ ပေါင် ငွေစက္ကူက တန်ဖိုးတစ်မျိုး၊ ဒေါ်လာ ငွေစက္ကူက တန်ဖိုးတစ်မျိုး၊ ကျပ် ငွေစက္ကူက တန်ဖိုး တစ်မျိုး စသည်တို့ ဖြစ်ကြ၏။

နိရုတ္တိသည် ဤသဘောပင် ဖြစ်၏။ နိရုတ္တိ၏ "ခေါင်း"နှင့် "ပန်း" သဖွယ် ဖြစ်သော သဒ္ဒါနှင့် အနက်ကိုလိုက်က နိရုတ္တိတစ်ခုတည်းက ဘာသာ အမျိုးမျိုး၊ စကားအမျိုးမျိုး၊ ဝါကျအမျိုးမျိုး၊ ပုဒ်အမျိုးမျိုး၊ အနက်အမျိုးမျိုးတို့ကို ဖြစ်ပေါ်လာစေ၏။

ဘာသာစာပေလောကဌ် ဤသို့ တစ်မျိုးတည်းသော ဘာသာသဘော ကို Philosophical language ဟု ခေါ်၍ ယင်း တစ်ခုတည်းသော ဘာသာ သဘောမှ ပေါက်ဖွားလာသော မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ စသော အမျိုးမျိုးသော ဘာသာများကိုမူ Historical language ဟု ခေါ်၏။

နိရုတ္တိဟူသော ဝေါဟာရသည် [နိရ်+ဝစ်+တိ]ဟူ၍ ခွဲစိတ်နိုင်သော ဝေါဟာရ ဖြစ်၏။ ယင်းကို ပါဠိဘာသာတွင်လည်း တွေ့ရ၏။ သက္ကတဘာသာ တွင်လည်း တွေ့ရ၏။ ထို့ကြောင့် ပါဠိဝေါဟာရ ဟူ၍လည်း ဆိုရ၏။ သက္ကတ ဝေါဟာရ ဟူ၍လည်း ဆိုရ၏။ မူရင်းအနက်မှာ ထုတ်၍ ရွတ်ဆိုခြင်း ဖြစ်၏။ အကျယ်အဝန်းဆုံး မူလအဓိပ္ပာယ်အားဖြင့် "အသံ"သဘောဖြစ်၏။ "အသံ" ဓာတ်ဖြစ်၏။ ယင်းကို "ဌာန်၊ ကရိဏ်း၊ ပယတ်တို့ဖြင့် ထုတ်၍ ဆိုလိုက်သောအခါ "သဒ္ဒ" ဖြစ်လာ၏။ သဒ္ဒကို မြန်မာမှုဖြင့် သဒ္ဒါဟု ခေါ်၏။ သဒ္ဒါတွင် ဝိညတ္တိခေါ် သိစေတတ်သော သဘောပါ၏။ ဘာကို သိစေတတ်ပါသနည်းဟု မေးလျှင် အနက် ကို သိစေတတ်ပါ၏ ဟူ၍ ဖြေရ၏။ ထို့ကြောင့် ငွေစက္ကူ ဥပမာအရ နိရုတ္တိသည် "စက္ကူသား"နှင့် တူ၏။ သဒ္ဒါသည် "ခေါင်းဘက်"နှင့် တူ၏။ အနက်သည် "ပန်းဘက်"နှင့် တူ၏။

"သဒ္ဒါဘက်"အပိုင်းကို စကားလုံးဟူ၍ လည်းကောင်း၊ အမည်ဟူ၍ လည်းကောင်း၊ ဝေါဟာရဟူ၍ လည်းကောင်း ရွတ်ဆိုမှု အသံပိုင်းအလိုက် အမျိုးမျိုး ခေါ်ကြ၏။ "အနောက်ဘက်အပိုင်း" ကို အရာဝတ္ထုဟူ၍ လည်းကောင်း၊ အကြောင်းအရာဟူ၍ လည်းကောင်း ရည်မှန်းသုံးနှုန်းမှုအလိုက် အမျိုးမျိုး ခေါ်ကြ

၏။ သို့ရာတွင် မည်သို့ပင် ခေါ်စေကာမူ သဒ္ဒါနှင့် အနက်သည် နိရုတ္တိ၏ ခေါင်းနှင့် ပန်းဘက်ပင် ဖြစ်၏။ သဒ္ဒါ နိရုတ္တိ အနက်တို့သည် သတ္တဝါတို့၏ အဇ္ဈတ္တ၌ ဗဟိုပြု၏။ ဗဟိဒ္ဓ၌ ဗဟိုမပြု။ ပဋ္ဌာနသမုဟ္ဒ ဒေသနာတော်အရ "အာယတန" တရားတို့သည် ဒွါရနှင့် အာရုံသဘောအတိုင်း အရေအတွက်အားဖြင့် ၁၂ ပါးပင် ကွဲပြားစေကာမူ အဇ္ဈတ္တအာယတန ၆ ပါးကိုသာ သဠာယတန အမည်ဖြင့် တိုက်ရိုက်ဟောကြားတော်မူပြီး၊ ဗဟိဒ္ဓအာယတန ၆ ပါးကို သွယ်ဝိုက်၍ ယူရ၏။ ထို့ကြောင့် ဗဟိဒ္ဓသည် အဇ္ဈတ္တသို့ လာဦးတည်ရ၏။ သံသရာ ဟူသည်မှာလည်း သတ္တဝါများအတွက် ကျင်လည်ရာနှင့် လွတ်မြောက်ရာဌာန ဖြစ်၏။ သို့ဖြစ်၍ သဒ္ဒါနိရုတ္တိ အနက်တို့သည် သတ္တဝါတို့၏ အဇ္ဈတ္တ၌ ဗဟိုပြု၏ ဟူ၍ ဆိုခြင်း ဖြစ်၏။

သဒ္ဒါဘက်၌ ဝိညတ္တိခေါ် သိစေနိုင်ခြင်း သတ္တိရှိ၏။ ယင်းသတ္တိသည် သဒ္ဒါ၏ အဆင့်ကိုလိုက်၍ အထက်, အနုံ့ ရှိ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရ သုံးနှုန်းရလျှင် သဒ္ဒ နိရုတ္တိ အတ္တတို့သည် ဓမ္မ နိရုတ္တိ အတ္တ အဆင့်သို့ ရောက်သွား ပေလိမ့်မည်။ ယင်းအဆင့်သို့ ရောက်သွားပါက ဓမ္မ, နိရုတ္တိ, အတ္တတို့သည် "ဉာဏ်ပဋိသမ္ဘိဒါ" အမည် ရလောက်အောင်ပင် စွမ်းအင်ထက်မြက် ပေလိမ့်မည်။

"သဒ္ဒ"ဘက်၌ ပါဝင်သော ဝိညတ်၏ စွမ်းရည်အလိုက် သဒ္ဒသည် သာမန် ဘဒ္ဒအဆင့်၌ ရှိပါမူ ရိုးရိုးသဒ္ဒပင် မည်၏။ ယင်းက သိစေသော အနက် သည်လည်း သာမန်အနက်ပင် ဖြစ်၏။ သာမန်အနက် ဟူသည်ကား ဤလောကရှိ ပုဂ္ဂိုလ်၊ သတ္တဝါ အရာဝတ္ထုများကို အခိုင်အမာ တကယ်ရှိ အနေဖြင့် ထင်မှတ်စေ နိုင်သော အနက်မျိုး ဖြစ်၏။ ဗုဒ္ဓစာပေလာ ဝေါဟာရများဖြင့် သုံးရလျှင် အန္ဓပုထုဇဉ် အဆင့်မျိုးဖြင့်ပင် သိနိုင်သော "ပညတ်"အနက်မျိုး ဖြစ်၏။ ယင်းအနက်မျိုးကို သဒ္ဒတ္ထဟု ခေါ်၏။ ရသစာပေ၌မူ မုချတ္ထဟု ခေါ်၏။

ငွေစက္ကူ၌ ခေါင်းနှင့်ပန်းသည် ယင်းငွေစက္ကူ၏ တန်ဖိုးကို ဆုံးဖြတ်ရာ၌ အချက်အချာ ကျ၏။ ခေါင်းနှင့်ပန်းကို ကြည့်ရုံမျှနှင့် ကျပ်တန်ဖြစ်သည်၊ ငါးကျပ် တန် ဖြစ်သည် စသည်ဖြင့် လည်းကောင်း၊ ပေါင် ငွေစက္ကူဖြစ်သည်၊ ဒေါ်လာ ငွေစက္ကူဖြစ်သည် စသည်ဖြင့် လည်းကောင်း၊ မည်ရွေ့မည်မျှတန်သည် စသည်ဖြင့် လည်းကောင်း သိ၏။ ဤသို့ သိခြင်းသည် ငွေစက္ကူ၏ မျက်နှာပြင် တစ်ဖက်စီ၌ ပါဝင်သော "ခေါင်း" နှင့် "ပန်း"တို့က ထွန်းပြသောကြောင့် ဖြစ်၏။ ထိုနည်းတူပင် သဒ္ဒါနှင့် အနက်၏ သဘောကို နားလည်အပ်၏။ သဒ္ဒတ္ထအဆင့်တွင် အမျိုးမျိုး သဘောသည် ပြဌာန်းပါ၏။

အကယ်၍ သဒ္ဒါဘက်၌ ပါဝင်သော ဝိညတ္တိခေါ် သိစွမ်းစေနိုင်မှု သတ္တိ

သည် သာမန်အဆင့်ထက် ကျော်လွန်ပါက သဒ္ဒါသည် မုချသဒ္ဒါ မဟုတ်တော့။ ထိုထက် ကျော်လွန်ပါ၏။ ယင်းက သိစေသော အနက်သည်လည်း သဒ္ဒတ္ထ မဟုတ်တော့။ ထိုထက် ကျော်လွန်ပါ၏။ ယင်းအနက်မျိုးကို အဓိပ္ပာယတ္ထဟု ခေါ်၏။ ရသစာပေ၌ လက္ချတ္ထဟု ခေါ်၏။ အဓိပ္ပာယတ္ထသည် ဤလောက၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဟူ၍ တကယ်တမ်း အခိုင်အမာ မရှိဘဲ ရုပ်နှင့်နာမ်သာ ရှိသည် ဟူသော ပရမတ္ထသဘောကို ဖော်ပြပါ၏။ အဓိပ္ပာယတ္ထ အဆင့်တွင်လည်း အမျိုးမျိုးသဘောသည် ပြဋ္ဌာန်းပါ၏။

အကယ်၍ သဒ္ဒါဘက်၌ ပါဝင်သော ဝိညတ္တိခေါ် သိစွမ်းစေနိုင်မှု သတ္တိသည် အမြင့်ဆုံး ဖြစ်လာပါက ယင်းသဒ္ဒါက သိစေသော အနက်သည် "သဗ္ဗေ ဓမ္မာ အနတ္တာ" အရ အနတ္တအနက် ဖြစ်၏။ ယင်း အနတ္တအနက်ကို ဘာဝတ္ထဟူ၍ ခေါ်၏။ ရသစာပေ၌မူ ဗျဂ္ဂျတ္ထဟု ခေါ်၏။ ဘာဝတ္ထအဆင့်တွင် အမျိုးမျိုးသဘော သည် မပြဋ္ဌာန်းတော့။ တစ်ခုတည်းသော သဘောသာ ပြဋ္ဌာန်းတော့၏။ ယင်း တစ်ခုတည်းသော သဘောကား အနတ္တသာတည်း။

အမှန်အားဖြင့် သဒ္ဒါ သုံးမျိုးနှင့် အနက် သုံးမျိုး ကွဲပြားသွားခြင်းသည် သဒ္ဒါဘက်၌ ပါဝင်သော သိစေနိုင်မှုစွမ်းရည် အထက်, အနုံ့ကိုလိုက်၍ ကွဲပြား သွားခြင်း ဖြစ်၏။ သိစေနိုင်မှု စွမ်းရည်ကို ပါဠိတွင် ဝိညတ္တိဟု ခေါ်၏။ သက္ကတတွင် ဓောတိဟု ခေါ်၏။ မြန်မာဘာသာဖြင့် "အလင်းရောင်" ဖြစ်၏။ အကယ်၍ ဤလောက၌ အလင်းရောင် မရှိလျှင် ကျွန်တော်တို့သည် "ဘာကိုမျှ" မြင်နိုင်တော့ မည် မဟုတ်သကဲ့သို့ သဒ္ဒါမရှိလျှင်လည်း "ဘာအနက်ကိုမျှ" သိနိုင်တော့မည် မဟုတ်ဟု ဝါကျပဒီယ ဆရာက ဆို၏။ ထို့ကြောင့် အနက်ကို သိနိုင်ရန် သဒ္ဒါသည် များစွာ အရေးကြီးပါ၏။

အနက်သုံးမျိုးတွင် ပထမအဆင့် အနက်သည် "ပညတ်"ဖြစ်၏။ ပညတ် တွင် သတ္တလောကနှင့် ဩကာသလောက ပါဝင်၏။ ယင်းလောကရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများ အားလုံးပါဝင်၏။ ယင်းတို့ကို မြင်နိုင်ရန် ပထမဆင့် သဒ္ဒါ၌ "အလင်းရောင်"သည် သာမန်မျှသာ ဖြစ်၏။

ဒုတိယဆင့် အနက်သည် "ပရမတ်" ဖြစ်၏။ ပရမတ်တွင် သင်္ခါရ လောက ပါဝင်၏။ ယင်း၏ ဖြစ်ပျက်ပြုပြင် ပြောင်းလဲမှုသဘောတို့ ပါဝင်၏။ ယင်းတို့ကို မြင်နိုင်ရန် ဒုတိယဆင့် သဒ္ဒါ၌ "အလင်းရောင်"သည် ပိုမိုတောက်ပရန် လို၏။ ပထမဆင့် အလင်းရောင်ကို သာမန်နေရောင်နှင့် တူသည်ဆိုလျှင်၊ ဒုတိယ ဆင့် အလင်းရောင်ကို ဓာတ်ရောင်ခြည်နှင့် တူသည်ဟု ဆိုရပေလိမ့်မည်။

လူတစ်ယောက်ကို သာမန်အလင်းရောင်၌ ပကတိ မျက်စိဖြင့် မြင်နိုင်

သော်လည်း လူ့ခန္ဓာကိုယ်အတွင်းရှိ အရိုး စသော အစိတ်အပိုင်းများကိုမူ ဓာတ်ရောင်ခြည်ဖြင့်သာ မြင်နိုင်သကဲ့သို့ သတ္တလောကနှင့် ဩကာသလောကကို လည်းကောင်း၊ ယင်း လောက နှစ်ပါးရှိ ထိုထို သက်ရှိသက်မဲ့ အရာဝတ္ထုများကို လည်းကောင်း သာမန် အသိဉာဏ်ဖြင့် သိနိုင်သော်လည်း ယင်းတို့၏ ခဏမစဲ အမြဲတစေ ဖြစ်ပျက် ပြုပြင် ပြောင်းလဲမှု သင်္ခါရ သဘောကိုမူ ပိုမိုထက်မြက်သော ဉာဏ်မျိုးဖြင့်သာ သိနိုင်သောကြောင့် ပထမဆင့် သဒ္ဒါ၏ အလင်းရောင်ကို သာမန်နေရောင်နှင့် နှိုင်းလျှင်၊ ဒုတိယဆင့် သဒ္ဒါ၏ အလင်းရောင်ကို ဓာတ်ရောင်ခြည်နှင့် နှိုင်းခြင်းဖြစ်၏။ တတိယဆင့် သဒ္ဒါ၏ အလင်းရောင်ကိုကား အဏုမြူရောင်ခြည်နှင့် နှိုင်းရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တတိယဆင့် အနက်သည် "အနတ္တ" ဖြစ်၍ ယင်းအနက်ကို တတိယဆင့် သဒ္ဒါ အလင်းရောင်ဖြင့်သာ သိနိုင်သောကြောင့် ဖြစ်၏။ အနတ္တဟူသည် လောကသုံးပါးနှင့်တကွ လောကုတ္တရာတရား အားလုံးတို့၏ နောက်ဆုံးသဘော ဖြစ်၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရ ဖော်ပြရလျှင် တတိယဆင့် သဒ္ဒါဟူ၍ပင် မဆိုတော့ဘဲ "ဓမ္မ" အမည်ဖြင့် ဆို၏။ ထို့ကြောင့် ယင်း၏ အလင်းရောင်သည် "ဓမ္မအလင်းရောင်" ဖြစ်၏။ ဓမ္မပဋိသမ္ဘိဒါ ဟူသည်မှာလည်း "ဓမ္မဉာဏ်"၊ သို့မဟုတ် "ဓမ္မအလင်းရောင်" ပင် ဖြစ်၏။ ယင်း အလင်းရောင်ဖြင့် ကြည့်မှသာ လောက၏ အနက်ကို အရိယသစ္စာ အနေဖြင့် မြင်နိုင်၏။ ပထမဆင့် အလင်းရောင်နှင့် ဒုတိယဆင့် အလင်းရောင်တို့ဖြင့် ကြည့်လျှင်မူ လောက၏ အနက်ကို အရိယာသစ္စာ အနေဖြင့် မမြင်နိုင်သေးပါချေ။ သို့ဖြစ်၍ ပထမဆင့်နှင့် ဒုတိယဆင့် သဒ္ဒါတို့ကို "သဒ္ဒါ"ဟူ၍သာ သုံးပြီး၊ တတိယဆင့် သဒ္ဒါကိုမူ "ဓမ္မပဋိသမ္ဘိဒါ"အမည်ဖြင့် သုံးစွဲခြင်း ဖြစ်၏ ဟူ၍ ဆိုသော် "နိရုတ္တိ ပဋိသမ္ဘိဒါယ စ ပစ္စယော"ဟူသည်နှင့်အညီ ပါဠိကို ဥတ္တမဝါစာ (အမြတ်ဆုံးဘာသာ) အဖြစ် ခံယူ၍ ဆိုခြင်း ဖြစ်ပါ၏။

စာဖတ်သူများ အရည်အသွေး တိုးမြင့်လာရေးနှင့် ပတ်သက်၍ သဒ္ဒါ သုံးမျိုးနှင့် အနက် သုံးမျိုးတို့၏ သဘောကို အထိုက်အလျောက် ကျယ်ကျယ်ပြန့်ပြန့် ဆိုခဲ့ပါ၏။ ထိုသို့ ဆိုခဲ့သည့်အတိုင်း မြင်နိုင်ရန် ကြည့်ရှုသူများ၏ သန္တာန်၌ လိုအပ်သော အရည်အချင်းများ ရှိဖို့ လိုအပ်ပါ၏။ မှန်ပါ၏။ လူတိုင်းလူတိုင်း ငွေစက္ကူအမျိုးမျိုးကို သုံးတတ်ကြသည် မဟုတ်။ ဓာတ်ရောင်ခြည်၊ အဏုမြူရောင်ခြည်တို့ဖြင့် ကြည့်တတ်ကြသည် မဟုတ်။ သုံးတတ်ရန်၊ ကြည့်တတ်ရန် သင်ယူရပါ၏။ လေ့ကျင့်ရပါ၏။ ထိုနည်းတူ သဒ္ဒါနှင့် အနက်တို့ကိုလည်း အဆင့်လိုက် သုံးတတ်ရန်၊ ကြည့်တတ်ရန် သင်ယူရပါ၏။ လေ့ကျင့်ရပါ၏။ သို့မှသာ သဒ္ဒါနှင့် အနက်ကို အဆင့်လိုက် မှန်မှန်ကန်ကန် မြင်နိုင်ပေလိမ့်မည်။ သဒ္ဒါ

အနက်တို့၏ သဘောနှင့် ပတ်သက်၍ ကာဗျာဒါသ ဆရာဒဏ္ဍီ၏ အောက်ပါ အဆိုအမိန့်နှင့် ဤဆောင်းပါးကို အဆုံးသတ်ပါ၏။

ဣဒံ အန္ဓတမံ သဗ္ဗံ၊
ဇာယေထ ဘုဝနတ္တယံ။
ယဒိ သဒ္ဒဝှယံ ဇောတိ၊
အာသံ သာရံ န ဒိပ္ပတေ။

**ယဒိ**– အကယ်၍၊ **သဒ္ဒဝှယံ**– "သဒ္ဒါ"ခေါ်သော၊ **ဇောတိ**– အလင်းရောင်သည်၊ **အာသံသာရံ**– သံသရာအစမှ အဆုံးထိတိုင်၊ **န ဒိပ္ပတေ**– မထွန်းလင်းခဲ့ငြားအံ့၊ **သဗ္ဗံ**–အလုံးစုံသော၊ **ဣဒံ ဘုဝနတ္တယံ**– ဤလောကသုံးပါး အပေါင်းသည်၊ **အန္ဓတမံ**– အမိုက်တိုက်သည်၊ **ဇာယေထ**– ဖြစ်ရာ၏။

## စာဖတ်သူများ ၇

*လောကချမ်းသာ ဟူသည်*
*မဖောက်မပြန် တကယ်တမ်း မှန်ကန်သောသစ္စာ မဟုတ်။*

သဒ္ဒါအနက်နှင့် ပတ်သက်၍ ဆက်လက်ဆိုဖွယ် ရှိပါ၏။ ဆိုဖွယ် ရှိသည့်အတိုင်း ဆက်လက်ဆိုရလျှင် လောကဟူသည် ပရမတ္ထသစ္စာ အနေဖြင့် ရုပ်နာမ် အစုအဝေး မျှသာ ဖြစ်၏။ လောကတစ်ခုလုံးက ပရမတ္ထသစ္စာ အနေဖြင့် ရုပ်နာမ် အစုအဝေး မျှသာ ဖြစ်လျှင် လောက၏ အစိတ်အပိုင်းဖြစ်သော ထိုထို သက်ရှိသက်မဲ့ အရာဝတ္ထု များသည်လည်း ရုပ်နာမ် အစုအဝေးမျှသာပင် ဖြစ်၏ ဟူ၍ ဆိုလျှင် တစ်စုံတစ်ရာ အငြင်းပွားစရာ မရှိ။ သက်မဲ့ဖြစ်လျှင် ရုပ်အစုအဝေး ဖြစ်မည်။ သက်ရှိဖြစ်လျှင် ရုပ်နာမ် အစုအဝေး ဖြစ်မည်။ အမှန်အားဖြင့် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အရာဝတ္ထုမရှိ၊ အစိုင်အခဲ မရှိ၊ ဒြပ် မရှိ၊ ရုပ်နာမ်တို့၏ သဘာဝအတိုင်း ဖြစ်ပျက်အစဉ်သာ ရှိ၏။ ယင်း ဖြစ်ပျက် အစဉ်သည်လည်း ဒြပ်မဟုတ်၊ အစိုင်အခဲ မဟုတ်၊ သဘော သဘာဝမျှသာ ဖြစ်၏။ ယင်းသည်သာ သစ္စာ၊ သစ္စာမှ ပရမတ္ထသစ္စာ၊ မဖောက်မပြန် အမြဲမှန်သော သစ္စာ၊ ခန္ဓာ ဖွဲ့လျှင်လည်း ခန္ဓာဟူ၍ ဆို၏။ အာယတန ဖွဲ့လျှင်လည်း အာယတနဟူ၍ ဆို၏။ ဓာတ်ဖွဲ့လျှင်လည်း ဓာတ်ဟူ၍ ဆို၏။ သို့ရာတွင် ခန္ဓာဟူသော ဝေါဟာရက ပို၍ ဆိုလို့ကောင်း၏။ နားလည်ရ လွယ်၏။ ပြောရိုး ဆိုရိုးလည်း များ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် မဖောက်မပြန် တကယ်မှန်သော ရုပ်နာမ်အစုဖြစ်သော ခန္ဓာကို မသိမနေ ကြိုးစားရမည် ဖြစ်၏။ ကြိုးစား၍ တကယ် အမှန်အတိုင်း သိလာလျှင် သိလာသည်နှင့် တစ်ပြိုင်နက် အတိုင်းမသိသော ချမ်းသာ ကို တကယ် ကိုယ်တွေ့ မျက်မှောက်ပြုရ၏ ဟူ၍ မြတ်စွာဘုရားက ဟောကြား တော်မူ၏။ ယင်းဟောကြားတော်မူချက်နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် မရှိ။ ယင်းချမ်းသာကို နိဗ္ဗာန်ချမ်းသာ ဟူ၍လည်းကောင်း၊ သန္တိသုခ ဟူ၍လည်းကောင်း ခေါ်၏။

နောက်ဆုံးချမ်းသာဖြစ်သော နိဗ္ဗာန်ချမ်းသာကို အားလုံးက လိုချင်ပါ၏။ တောင့်တပါ၏။ တောင့်တသည့်အတိုင်းလည်း ကြိုးပမ်းကြပါ၏။ သို့ရာတွင် နိဗ္ဗာန်ချမ်းသာကား ကြိုးပမ်းတိုင်း ရသည်မဟုတ်။ ကြိုးပမ်းမှုမှန်လျှင် လွယ်၏။ ကြိုးပမ်းမှု မှားလျှင် မလွယ်။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို နီးသည် ဟူ၍လည်း ဆိုနိုင်၏။ ဝေးသည် ဟူ၍လည်း ဆိုနိုင်၏။ လောက ဆိုရိုးဆိုစဉ်အရ ပြောရလျှင် "တရားရှာ ကိုယ်မှာတွေ့"ဟူသည်နှင့်အညီ ချမ်းသာတရားကို ကိုယ်မှာရှာကြ သူတို့သည် ချမ်းသာတရားကို တွေ့ကြပါ၏။ သို့ရာတွင် သူတို့တွေ့သော ချမ်းသာ ကို နှစ်မျိုးခွဲလိုက်လျှင် တစ်မျိုးမှာ လောကချမ်းသာ ဖြစ်၍၊ အခြားတစ်မျိုးမှာ လောကုတ္တရာချမ်းသာ ဖြစ်၏။ လောကုတ္တရာချမ်းသာ ဟူသည် နိဗ္ဗာန်ပင်တည်း။

လောကချမ်းသာများနှင့် ပတ်သက်၍ အမျိုးမျိုးရှိ၏။ အချို့သော စီးပွား ရေး သမားများက မတရားသော လုပ်ငန်းများနှင့် ပတ်သက်၍ ချမ်းသာကြ၏။ ရွှေ, ငွေ, စိန်, ကျောက်များ၊ တိုက်တာအိမ်ခြေများ စသည် စသည်များဖြင့် ချမ်းသာကြပါ၏။ အချို့သော လုပ်ပိုင်ခွင့်ရှိသူ အရာရှိ အရာခံများကလည်း မတရားသော အခွင့်အရေးများကို သုံးပြီး ချမ်းသာကြ၏။ ထိုချမ်းသာများကား ချမ်းသာများ မဟုတ်ပါသလော၊ ချမ်းသာများ ဟုတ်ပါ၏။ အားလုံးကလည်း ချမ်းသာဟု ဝန်ခံပါ၏။ သို့ရာတွင် ထိုချမ်းသာမျိုးအတွက် အမည်တစ်မျိုး ရှိ၏။ ယင်းကဲ့သို့သော ချမ်းသာများကို "ပါရိဘာသိကသုခ"ဟု ခေါ်၏။ ပါရိဘာသိက သုခ ဟူသည် "ချမ်းသာလိုက်တာဟယ်၊ ကျိကျိတက်နေတာပဲ"ဟူ၍ နှုတ်က ပြောဆိုရရုံမျှသာ အနှစ်သာရ ရှိသော ချမ်းသာမျိုး၊ ထင်ပေါ်ကျော်ကြားမှုမျိုး၊ နေရာပေး ခံရမှုမျိုးသာ ဖြစ်၏။

နောက်တစ်မျိုး လောကချမ်းသာ ရှိသေး၏။ အချို့သော ပုဂ္ဂိုလ်များသည် စီးပွားရေးသမား ဖြစ်ဖြစ်၊ အသိပညာရှင်, အတတ်ပညာရှင် ဖြစ်ဖြစ်၊ အရာရှိ အရာခံ ဖြစ်ဖြစ် မိမိတို့၏ မှန်ကန်သော ကြိုးပမ်းမှုများဖြင့် စီးပွားဥစ္စာ ဖြစ်ထွန်းမှု များ ရှိကြ၏။ ရွှေ, ငွေ, စိန်, ကျောက်များ၊ တိုက်တာအိမ်ခြေများ စသည် စသည်များဖြင့် ချမ်းသာကြ၏။ ထိုကဲ့သို့သော ချမ်းသာမျိုးကို အားလုံးကလည်း ချမ်းသာဟု ဝန်ခံပါ၏။ အားလည်း အားကျကြပါ၏။ ချီးလည်း ချီးကျူးကြပါ၏။ ထိုချမ်းသာမျိုးသည် လောကချမ်းသာ မဟုတ်ပါသလော၊ လောကချမ်းသာများ ဟုတ်ပါ၏။ လောကချမ်းသာများ အဖြစ်လည်း အသိအမှတ် ပြုပါ၏။ သို့ရာတွင် ထိုကဲ့သို့သော ချမ်းသာများအတွက် အမည်တစ်မျိုး ရှိ၏။ ယင်းအမည်ကား "သမ္မုတိသုခ"ဟူ၍ ဖြစ်၏။ သမ္မုတိသုခ ဟူသည် လူတို့က "တကယ်ချမ်းသာ သူများ"ဟူ၍ သမုတ်ခံရရုံမျှသာ အနှစ်သာရ ရှိ၏။ ထိုထက် မပို။ သို့ရာတွင်

သမ္မုတိသုခသည် ပါရိဘာသိကသုခထက် ပို၍ မွန်မြတ်၏။ အနှစ်သာရ အားဖြင့်လည်း ပို၍ ခိုင်မာ၏။

အဆိုပါ လောကချမ်းသာများသည် ဘဝနှင့် စပ်၏။ ဘဝနှင့်စပ်လျှင် လောကနှင့်လည်း စပ်၏။ လောကကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများ၏ တည်ရာ အဖြစ် မြင်၍ ကြိုးပမ်းရာမှ ဖြစ်ပေါ်လာသော ချမ်းသာဖြစ်၏။ အမှန်အားဖြင့် လောက ဟူသည် စစ်မြေပြင် ဖြစ်၏။ ထိုစစ်မြေပြင်၌ ဘဝပိုင်ရှင်တို့သည် ဓမ္မ လက်နက် အဓမ္မ လက်နက်တို့ဖြင့် သူနိုင်ကိုယ်နိုင် အပြိုင်စစ်ပွဲ ဆင်နွှဲနေကြခြင်းသာ ဖြစ်၏။ နိုင်သူတို့က ပျော်၍၊ ရှုံးသူတို့က မဲ့ကြ၏။ နိုင်သူတို့က ရရှိသော ခွဲတမ်းဖြင့် ချမ်းသာကြ၏။ ရှုံးသူတို့က ပေးလိုက်ရသော ခွဲတမ်းဖြင့် မွဲကြ၏။ စစ်ပွဲ၌ ထာဝစဉ် နိုင်သူဟူ၍ မရှိကောင်း၊ ရှုံးတစ်ခါ နိုင်တစ်လှည့်ပင် ဖြစ်၏။ နိုင်လျှင် ချမ်းသာ၏။ ရှုံးလျှင် မွဲ၏။ သို့ရာတွင် စစ်ပွဲ၌ သူရဲကောင်း များသောဘက်က အနိုင်များ၏။

လောကစစ်ပွဲ၌ သူရဲကောင်းဟူသည် ကောင်းမွန်သော ကိုယ်ကျင့်တရား ဖြင့် ဓမ္မလက်နက်ကို စွဲကိုင်၍ မှန်ကန်သော ရည်ရွယ်ချက်၊ မလျော့သော ဇွဲသတ္တိ၊ ခိုင်မာသော စိတ်ဓာတ်၊ ထက်မြက်သော ဉာဏ်ပညာ တည်းဟူသော ဣဒ္ဓိပါဒ် လေးပါးတို့ဖြင့် တိုက်သူများ ဖြစ်၏။ သို့ရာတွင် ထိုသူရဲကောင်းတို့သည် အဓမ္မ လက်နက်ကို စွဲကိုင်သူတို့အား အပြီးအပိုင် သမုစ္ဆေဒပဟာန်ဖြင့် အနိုင် မတိုက်နိုင် သေးသမျှ တစ်ခါတစ်ရံ ရှုံးနိမ့်သော စစ်ပွဲကို မလွဲမသွေ ကြုံရမည်သာ ဖြစ်၏။

လောကချမ်းသာဟူသည် မဖောက်မပြန် တကယ်တမ်း မှန်ကန်သော သစ္စာ မဟုတ်။ တစ်ခုနှင့်တစ်ခုကို ထောက်ဆပြီးမှ မှန်ကန်သော ယာယီသစ္စာမျှသာ ဖြစ်၏။ လူ့ဘဝတွင်လည်း လုံးဝ မရှိသူထက် အနည်းငယ် ရှိသူကို ချမ်းသာသည်ဟု ဆိုရ၏။ အနည်းငယ် ရှိသူထက် အများကြီး ရှိသူကို ချမ်းသာသည်ဟု ဆိုရ၏။ အများကြီး ရှိသူထက် ပို၍ အများကြီး ရှိသူကို ချမ်းသာသည်ဟု ဆိုရ၏။ ပြောင်းပြန် ဆိုရလျှင် တစ်ဆင့်ထက် တစ်ဆင့် နိမ့်သူများသည် မချမ်းသာသူများ ဖြစ်ကြ၏။ ထို့ကြောင့် "လောကချမ်းသာ" ဟူသည် ထာဝရသစ္စာ မဟုတ်ဘဲ ယာယီသစ္စာသာ ဖြစ်၏။ နယ်နိမိတ်လည်း ရှိ၏။ "ဘောင်"လည်း ရှိ၏။

သုဂတိဘုံနှင့် ပတ်သက်လျှင်လည်း နတ်ချမ်းသာ ရှိသလို နတ်မွဲများ လည်း ရှိ၏။ ဗြဟ္မာချမ်းသာ ရှိသလို ဗြဟ္မာမွဲများလည်း ရှိ၏။ ဒုဂ္ဂတိဘုံ၌လည်း ထိုနည်းအတူပင် ဖြစ်၏။ မျက်မြင်အရ ပြောရလျှင် ခွေးဘဝ၌ အချို့သော ခွေးများ သည် ချမ်းသာ၍ အချို့သော ခွေးများသည် ဆင်းရဲကြ၏။ သူ့ဘောင်နှင့်သူ၊ သူ့နယ်နိမိတ်နှင့်သူ တိုင်းတာရ၏။ ထောက်ဆရ၏။ နှိုင်းယှဉ်ရ၏။ ခွေးချမ်းသာနှင့် လူချမ်းသာကို နှိုင်းယှဉ်၍ မရ။ လူချမ်းသာနှင့် နတ်ချမ်းသာကို နှိုင်းယှဉ်၍မရ၊

နတ်ချမ်းသာနှင့် ဗြဟ္မာချမ်းသာကို နှိုင်းယှဉ်၍ မရ။ ခွေး–ခွေးချင်း၊ လူ–လူချင်း၊ နတ်–နတ်ချင်း၊ ဗြဟ္မာ–ဗြဟ္မာချင်းသာ နှိုင်းယှဉ်၍ ရ၏။ မချမ်းသာမှု၌လည်း ထို့တူပင် ဖြစ်၏။ "အခြေအနေ"တစ်ခုတည်း ကိုပင် အချင်းချင်း ထောက်ဆ၍ "ချမ်းသာ"ဟူ၍လည်း ဆိုရ၏။ "ဆင်းရဲ"ဟူ၍လည်း ဆိုရ၏။ သို့ဖြစ်လျှင် လောကချမ်းသာဟူသည် အဘယ်နည်း၊ အဘယ်သို့ ပုံသေမှတ်ရမည်နည်း။ အဖြေကား ရှင်း၏။ လောကချမ်းသာဟူသည် အမှန်မဟုတ်၊ အထင်မျှသာ ဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ လောကတွင် ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ အသက်ဇီဝ မရှိ၊ အရာဝတ္ထု မရှိ၊ ဒြပ်အစိုင်အခဲ မရှိ၊ ရုပ်နှင့်နာမ်သာ ရှိ၏။ သို့ရာတွင် တဏှာဗိသုကာက မာယာအတတ်ဖြင့် ရုပ်နာမ်ကို ခန္ဓာအိမ်အဖြစ် ဆောက်လုပ်ပေးလိုက်၏။ ခန္ဓာအိမ်အဖြစ် ဆောက်လုပ်ပေးလိုက်ပြီးနောက် ယင်းခန္ဓာအိမ်၌ ပိုင်ရှင်အဖြစ် နေထိုင်ရန် တဏှာ, မာန, ဒိဋ္ဌိတို့က မာယာအတတ်ဖြင့် "အတ္တ"ကို ဖန်ဆင်းပြီး အသက်သွင်းပေးလိုက်၏။ ထိုအခါ ခန္ဓာအိမ်ပိုင်ရှင် "ဇီဝအတ္တ"သည် သက်ရှိသတ္တဝါ "ငါ"အနေဖြင့် မင်းမူတော့၏။ ယင်း "ငါ"သည် တဏှာ, မာန, ဒိဋ္ဌိတို့က ဖန်ဆင်းပေးလိုက်ခြင်း ခံရသူ ဖြစ်သဖြင့် ကျေးဇူးရှင်များ ဖြစ်ကြသော တဏှာ, မာန, ဒိဋ္ဌိတို့ကို ကျေးဇူး တုံ့ပြန်သောအားဖြင့် တဏှာ၏ အလိုကိုလည်း လိုက်ရ၏။ မာန၏ အလိုကိုလည်း လိုက်ရ၏။ ဒိဋ္ဌိ၏ အလိုကိုလည်း လိုက်ရ၏။ သို့ရာတွင် ဇီဝအတ္တ တည်းဟူသော "ငါ"သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ အလိုကို မည်မျှ လိုက်၍ မည်မျှပင် ဆောင်ရွက်ပေးစေကာမူ တဏှာ, မာန, ဒိဋ္ဌိတို့က ကျေနပ်သည်ဟူ၍ မည်သည့်အခါမျှ မရှိ။ သို့ဖြစ်လျှင် သက်ရှိသတ္တဝါ ဖြစ်သော လူသားသည် လောကချမ်းသာကို ပြီးပြည့်စုံအောင် မည်သို့လျှင် ဆောင်ရွက်နိုင်စွမ်း ရှိပေလိမ့်မည်နည်း။

သို့ရာတွင် တဏှာဗိသုကာက မာယာအတတ်ဖြင့် ရုပ်နာမ်တို့ကို ခန္ဓာအိမ် အဖြစ် ဆောက်လုပ်ပေးပြီး ယင်းခန္ဓာအိမ်၌ နေထိုင်ရန် မည်သည့်အချိန်ကစပြီး တဏှာ, မာန, ဒိဋ္ဌိတို့က "အတ္တ"ကို ဖန်ဆင်း၍ အသက်သွင်းပေးလိုက်သည်ကို မသိရသော်လည်း ထိုဖန်ဆင်းချိန်၌ အင်အားကြီးမားသော စွမ်းအင်တစ်ရပ်သည် ပါဝင်လာ၏။ ယင်း စွမ်းအင်ကား "ဓမ္မ"ပင်တည်း။ ဓမ္မဟူသည် "ဆောင်ခြင်း" ဟူ၍ အနက်ရှိ၏။ ဆောင်ခြင်းဟူသည် ကစဥ့်ကရဲ ဖြစ်မသွားအောင် ထိန်းသိမ်းခြင်း ဖြစ်၏။

ထို့ကြောင့် ဓမ္မသည် မိမိ၏ စွမ်းအားအလျောက် လောကကို ကစဥ့်ကရဲ ဖြစ်မသွားအောင် ဆောင်ထား၏။ ကိုင်ထား၏။ ထိန်းထား၏။ အကုသိုလ်များကို သူတို့ အလိုအတိုင်း လက်လွှတ်စပယ် လုပ်ခွင့်မရအောင် ထိန်းကျောင်း၏။ တဏှာ

ကိုလည်း ထိန်းကျောင်း၏။ မာနကိုလည်း ထိန်းကျောင်း၏။ ဒိဋ္ဌိကိုလည်း ထိန်းကျောင်း၏။ အချုပ်အားဖြင့် ဆိုရလျှင် အကုသိုလ်တရား အားလုံးကို ထိန်းကျောင်း၏။ သို့ဖြစ်၍ အကုသိုလ်တရားများကို ဖော်ပြရာ၌ သူတို့ဘာသာ သူတို့ချင်း လက်လွတ်စပယ် လုပ်ပိုင်ခွင့်မရှိဘဲ "ဓမ္မ"၏ ထိန်းကျောင်းမှုကို ခံယူနေရကြောင်း ဖော်ပြရန် "ဓမ္မ"သဒ္ဒါနှင့် တွဲဖက်၍ "အကုသလာ ဓမ္မာ"ဟူ၍ ဆိုခြင်းဖြစ်၏။ လောဘ, ဒေါသ, မောဟ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော အကုသိုလ်တရားများသည် မိမိတို့အနေဖြင့် မည်မျှပင် အစွမ်းထက်စေကာမူ "ဓမ္မ"၏ ထိန်းကျောင်းမှုကို မလွဲမသွေ ခံယူကြရလေသည်။ ထို့ကြောင့်ပင် နောက်ဆုံး၌ "ဓမ္မ"က မိမိအုပ်စု အခွင့်ရသည်နှင့် တစ်ပြိုင်နက် "အဓမ္မ"အုပ်စု ဖြစ်သော အကုသိုလ်တရားများကို သမုစ္ဆေဒပဟာန်ဖြင့် မြစ်ပြတ် ပယ်သုတ်နိုင်ခြင်း ဖြစ်လေသည်။ ဤသည်မှာ အကုသိုလ်တရား ဟူသမျှသည် တစ်နည်းတစ်ဖုံအားဖြင့် "ဓမ္မ"၏ ထိန်းချုပ်မှုကို ခံယူနေရကြောင်း သိနိုင်ပါစေခြင်းငှာ သူတို့ချည်း မဆိုဘဲ "ဓမ္မ"နှင့် တွဲဖက်၍ ဆိုခြင်း၏ အဓိပ္ပာယ် ဖြစ်လေသည်။

တဏှာသည် မာယာအတတ်ဖြင့် အရှိတရားဖြစ်သော ရုပ်နာမ်တို့ကို "ခန္ဓာအိမ်"အဖြစ် ဆောက်လုပ်ပေးနိုင်သည် မှန်၏။ တဏှာ, မာန, ဒိဋ္ဌိတို့ကလည်း မာယာအတတ်ဖြင့် မရှိတရားဖြစ်သော "အတ္တ"ကို ဖန်ဆင်း၍ "အသက်" သွင်းပေးပြီး ဇီဝအတ္တ တည်းဟူသော သက်ရှိသတ္တဝါ "ငါ"ကို ဖန်ဆင်းပေးလိုက်သည် မှန်၏။ သို့ရာတွင် ယင်းသို့ ဖန်ဆင်းရာ၌ လက်လွတ်စပယ် ကစဉ့်ကရဲနှင့် ဖရိုဖရဲ ဖြစ်မသွားရလောက်အောင် ထိန်းချုပ်နိုင်သော စွမ်းရည်သည် "ဓမ္မ" ၌ ရှိ၏။ ဤအဆင့်၌ကား ဓမ္မ၏စွမ်းရည်သည် ဤမျှသာ ဖြစ်၏။ ထို့နောင်မှ ဓမ္မ၏စွမ်းရည်သည် အကြောင်းအားလျော်စွာ ထက်၍ထက်၍ လာသည်လည်း ရှိ၏။ နုံ့၍နုံ့၍ သွားသည်လည်း ရှိ၏။ အမှန်အားဖြင့် ဓမ္မသည် အရာရာတိုင်းကို ထိန်းချုပ်နိုင်၏။ ထို့ကြောင့်ပင် "ဓမ္မ"၏ စွမ်းရည်ကို အသိအမှတ် ပြုသောအားဖြင့် ပဋိပတ္တိဓမ္မ, ပရိယတ္တိဓမ္မ, သဘာဝဓမ္မ, ပညတ္တိဓမ္မ, ပရမတ္ထဓမ္မ, အကုသလဓမ္မ စသည် စသည် အားဖြင့် "ဓမ္မ"သဒ္ဒါနှင့် တွဲဖက်၍ ဆိုခြင်း ဖြစ်၏။ ထိုသို့ တွဲ၍ တွဲ၍ ဆိုခြင်းသည် "ဓမ္မ"၏ ထိန်းချုပ်နိုင်မှု စွမ်းရည်ကို အသိအမှတ် ပြုခြင်း ဖြစ်၏။

ဇီဝအတ္တသည် သက်ရှိသတ္တဝါ "ငါ"အနေဖြင့် ဖြစ်လာသောအခါ အရာရာ၌ မင်းမူလာ၏။ သို့ရာတွင် ထင်တိုင်း မင်းမမူနိုင်စိမ့်သောငှာ လိုအပ်သော ပရမတ္ထတရားများနှင့် ပညတ်တရားများကို ဒွါရ, ဣန္ဒြေ, ဝတ္ထုရုပ်, အသွင်သဏ္ဍာန် စသည်တို့ဖြင့် သူ့နေရာနှင့်သူ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုက်လျောညီထွေ ရှိရလေအောင် "ဓမ္မ"က စီစဉ်ပေးခြင်း ဖြစ်၏။ ဤအစီအစဉ်ဖြင့်ပင်

"ဓမ္မ"သည် နောက်ဆုံး တစ်နေ့၌ "အဓမ္မ"ကို အနိုင်ယူမည် ဖြစ်၏။ အဓမ္မလည်း အစွမ်းရှိပါ၏။ သို့ရာတွင် "အဓမ္မ"၏ အစွမ်းကား နောက်ဆုံးအောင်ပွဲကို ရယူနိုင်သော အစွမ်းမျိုး မဟုတ်၊ ယာယီ အောင်ပွဲမျိုးကိုသာ ရယူနိုင်သော အစွမ်းမျိုး ဖြစ်၏။

ဤလောက၌ ချမ်းသာသူများအဖြစ် သတ်မှတ်ခြင်း ခံရသူများ ရှိ၏။ ထိုသူများသည် သတ်မှတ်ထားသည့်အတိုင်း တကယ်ချမ်းသာကြပါသလော။ သူတို့၌ ရွှေရှိ၏၊ ငွေရှိ၏၊ တိုက်ရှိ၏၊ ကားရှိ၏၊ ကျောက်သံပတ္တမြားများလည်း ရှိ၏။ ရွှေ, ငွေ, တိုက်, ကား, ကျောက်သံပတ္တမြားများသည် ချမ်းသာဖြစ်ပါသလော။ ပါရိဘာသိက သစ္စာနှင့် သမ္မုတိသစ္စာ ရှုထောင့်မှကြည့်လျှင် ချမ်းသာများပင် ဖြစ်ပါ၏။ အားလုံးကလည်း ချမ်းသာအဖြစ် ဝန်ခံပါ၏။ ပရမတ္ထသစ္စာ ရှုထောင့်မှ ကြည့်လျှင် တစ်မျိုးဖြစ်၏။ ထိုချမ်းသာများကား "အထင်ချမ်းသာ" များသာ ဖြစ်၏။ "အမှန်ချမ်းသာ" များမဟုတ်ကြ။

အမှန်အားဖြင့် လောကချမ်းသာသည် "ဘဝ"နှင့် စပ်၏။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ဘဝဟူသည် ဇာတိ, ဇရာ, မရဏတို့၏ အစဉ်သာဖြစ်၏။ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းတို့၏ တည်ရာ ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ရာထူး, ဂုဏ်သိန်, စည်းစိမ်, ဥစ္စာတို့ မည်မျှပင် ရှိစေကာမူ ဘဝပိုင်ရှင်တို့သည် ထာဝစဉ် ချမ်းသာနေကြသည် မဟုတ်။ သောကဖြင့် အသံထွက်၍ ငိုခြင်း (ပရိဒေဝ) နှင့် အသံမထွက်ဘဲ ငိုခြင်း (ဥပါယာသ)တို့၏ အကြား၌ လူးလာခေါက်တုံ့ သွားရင်းလာရင်း ချမ်းသာနေကြခြင်းသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် "ငါ" ဟူ၍ မရှိပါဘဲလျက် "ငါ"ကို အရှိလုပ်ပြီး "ငါ"က သိနေသောကြောင့် ဖြစ်၏။ ထို့ကြောင့် "ငါ" မရှိမှန်း တကယ်တမ်း သိသော အချိန်ရောက်မှသာ စစ်မှန်သော ချမ်းသာကို သိပေလိမ့်မည်။

သို့ဖြစ်လျှင် "ငါ"မရှိမှန်း သိအောင် မည်သို့ လုပ်ရမည်နည်း။ ပရိယတ္တိ ရှုထောင့်မှ တင်ပြရလျှင် သဒ္ဒါနှင့်အနက်ကို သဘောပေါက်အောင် အားထုတ်ခြင်းဖြင့် "ငါ"မရှိမှန်း သိအောင် လုပ်ရ၏။ ယင်းသို့လုပ်ခြင်းကို ဝိပဿနာအားထုတ်ခြင်း ဟူ၍ ပဋိပတ္တိ ဝေါဟာရဖြင့် ဆိုရ၏။ ပရိယတ္တိ ဝေါဟာရနှင့် ပဋိပတ္တိ ဝေါဟာရတို့သည် ဝေါဟာရ အနေအားဖြင့် အချင်းချင်း မတူညီကြစေကာမူ နောက်ဆုံး၌ လုပ်ငန်းချင်းကား အတူတူပင် ဖြစ်၏။ ပရိယတ္တိ သဘောအရ အရာဝတ္ထုမှန်လျှင် သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် "အနက်"ဟူ၍ ခေါ်၏။ တစ်ဖန် အရာဝတ္ထုမှန်လျှင် သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် ခေါ်စရာ "အမည်" ရှိ၏။ ယင်းအမည်ကို "သဒ္ဒါ"ဟူ၍ ခေါ်၏။ ထို့ကြောင့် ဝိပဿနာ ရှုရာ၌ ခေါ်စရာ

အမည်တစ်ခုခု ရှိသော အရာဝတ္ထု တစ်ခုခု၏ ဖြစ်ပျက်ကို ရှုခြင်းဖြစ်သဖြင့် ပရိယတ္တိနှင့် ပဋိပတ္တိတို့၏ ရှုထောင့်များမှ ကြည့်လျှင် ဝေါဟာရချင်း ကွဲစေကာမူ လုပ်ငန်းချင်းကား နောက်ဆုံး၌ အတူတူပင် ဖြစ်၏ ဟူ၍ ဆိုခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဝိပဿနာဟူသည် ပရိယတ္တိနှင့် ပဋိပတ္တိတို့၏ ဆုံစည်းရာ ဌာန ဖြစ်ပါ၏။

လူသတ္တဝါ၌ အာရုံတို့ဝင်ရာ တံခါး ၆ ပေါက် ရှိ၏။ ယင်းကို ပါဠိ ဝေါဟာရ အားဖြင့် ဒွါရဟု ခေါ်၏။ အဆင်းသည် မျက်စိမှ ဝင်၏။ အသံသည် နားမှ ဝင်၏။ အနံ့သည် နှာခေါင်းမှ ဝင်၏။ အရသာသည် လျှာမှ ဝင်၏။ ကျန်အာရုံတို့သည် စိတ်မှ ဝင်၏။ ထိုအာရုံ ၆ ပါးတို့သည် တံခါးပေါက်များသို့ ဝင်စဉ်က ဒြပ်အစိုင်အခဲ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ အသက်ဇီဝ မရှိ၊ ပရမတ္ထ သက်သက်မျှသာ ဖြစ်၏။ စိတ်မှ ဝင်သော အာရုံများတွင်မူ "ပညတ်"လည်း ပါနိုင်၏။ သို့ရာတွင် ယင်းကို ဤနေရာ၌ မဆိုလို။ သို့ရာတွင် လူသတ္တဝါ၏ မျက်စိ စသော ထိုထို တံခါးပေါက်များမှ ဝင်ရောက်လာသော အာရုံတို့သည် မနောဒွါရသို့ ရောက်ပြီးနောက် စိတ်အစဉ်၌ ကိန်းအောင်းနေသောအခါ ပြောင်းလဲသွားကြကုန်၏။ ဒြပ်အစိုင်အခဲ ရှိလာ၏။ အသက် ဇီဝ ရှိလာ၏။ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်လာ၏။ အရာဝတ္ထု ဖြစ်လာ၏။ ပညတ် ရောလာ၏။ ပရမတ္ထစစ်စစ် မဟုတ်တော့။

ထို့ကြောင့် ဆိုင်ရာဆိုင်ရာ တံခါးပေါက်များသို့ ဝင်ရောက်လာသော အစမူလ ပရမတ္ထ အာရုံများကို ပညတ်နှင့် မရောမီ "ခန္ဓာ"ဟူ၍ ခေါ်၏။ ပရမတ္ထ စစ်စစ်တည်း။ အစိုင်အခဲ မရှိ၊ ဒြပ် မရှိ၊ ဃန မရှိ၊ အသက်ဇီဝ မရှိ၊ ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါ မဟုတ်။ ထို့ကြောင့် ဝိပဿနာရှုစရာ မလို။ သို့ရာတွင် အစမူလ ပရမတ္ထ သက်သက်ဖြစ်သော အာရုံတို့သည် မနောဒွါရသို့ ဝင်ရောက်ပြီးနောက် စိတ်အစဉ်၌ ပညတ်ရောကာ ဒြပ်အစိုင်အခဲ အဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါ အဖြစ်၊ အသက်ဇီဝ အဖြစ် ဝိပလ္လာသ နိမိတ်အာရုံ အနေဖြင့် စွဲထင်လာသောအခါ ဥပါဒါနက္ခန္ဓာ ဟူ၍ "ဥပါဒါန်"တစ်လုံး ရှေ့ကတိုးပြီး ခေါ်ရ၏။ ဥပါဒါန်၏ သဒ္ဒါနက်မှာ လွန်လွန်ကဲကဲ စွဲမြဲစွာယူခြင်း ဖြစ်၏။ အစမူလ ပရမတ္ထ အာရုံတို့သည် ဒြပ်မဲ့၊ အစိုင်အခဲမဲ့ ဖြစ်ရာ ယင်းတို့ကို "တဏှာ"အစေးဖြင့် ပညတ်နှင့်ရောပြီး ဒြပ်ရှိ၊ အစိုင်အခဲရှိ ဝိပလ္လာသ နိမိတ်အာရုံအနေဖြင့် စိတ်အစဉ်၌ ထင်ကျန်ရစ်နေအောင် ပြုလုပ်ခြင်းသည်ပင် ဥပါဒါန်၏ ဆိုလိုရင်းအနက် ဖြစ်၏။ ထို့ကြောင့် ပညတ်နှင့် ပရမတ် ကွဲအောင်၊ အစိုင်အခဲ ကွဲအောင်၊ ပရမတ်ချည်း ကျန်အောင်၊ အနိစ္စ, ဒုက္ခ, အနတ္တ မြင်အောင် ဝိပဿနာရှုရခြင်း ဖြစ်၏။ အမှန်အားဖြင့် ဝိပဿနာ

ရှုခြင်း ဟူသည်မှာ မိမိတို့၏ စိတ်အစဉ်၌ စွဲထင်ကျန်ရစ်သော ဝိပလ္လာသ အာရုံနိမိတ်များကို ပျက်အောင် ဖျက်ခြင်း ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း ဝိပဿနာရှုကြသည်ပင် ဖြစ်ရာ ယင်းတို့၏ စိတ်အစဉ်၌ ဥပါဒါနက္ခန္ဓာခေါ် အာရုံနိမိတ်တို့ ရှိသည်ပင် ဖြစ်၏။ သို့ရာတွင် ယင်းတို့၏ ဥပါဒါနက္ခန္ဓာကား မှန်သားပြင်၌ ထင်သော အရာဝတ္ထု၏ အရိပ်ကဲ့သို့ မူလ အရာဝတ္ထု ပျောက်လျှင် အရိပ်လည်း ပျောက်၏။ စွဲထင် မထင်ရစ်ခဲ့။ မြင်လျှင် မြင်ကာမျှသာ ဖြစ်၏။ ကြားလျှင်လည်း ကြားကာမျှသာ ဖြစ်၏။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာအမည် ရရုံမျှသာ ဖြစ်၏။ တဏှာ, ဒိဋ္ဌိတို့ကို အခြေမခံတော့။ စာပေ ဝေါဟာရအားဖြင့် ဆိုရလျှင် ဝိပဿနာ ရှုနိုင်ရေးအတွက် ဘူတပုဗ္ဗဂတိက နည်းအရ ဥပါဒါနက္ခန္ဓာ အမည်ခံရုံ သက်သက်မျှသာတည်း။ ပုထုဇဉ်တို့၏ စိတ်အစဉ်၌ရှိသော ဥပါဒါနက္ခန္ဓာကား ဆိဆေးကားချပ်ပေါ်၌ စွဲထင်ကျန်ရစ်သော မူလအရာဝတ္ထု၏ အရိပ်ကဲ့သို့ စွဲထင်ကျန်ရစ်လျက် ရှိ၏။ မူလအရာဝတ္ထု ပျောက်သွားသော်လည်း ယင်း၏ပုံရိပ်ကား ပျောက်မသွား။ ပျက်အောင် မဖျက်မချင်း မပျောက်။ အမြဲတမ်း အသက်ရှိနေသကဲ့သို့ ဖြစ်၏။ လေးစားစရာ ဆိုလျှင်လည်း လေးစားရ၏။ ချစ်စရာ ဆိုရင်လည်း ချစ်ရ၏။ မုန်းစရာ ဆိုလျှင်လည်း မုန်းရ၏။ ယင်းအာရုံနိမိတ် မပျက်သရွေ့ ကာလပတ်လုံး ယင်းအာရုံ နိမိတ်ကို မြင်တိုင်း မြင်တိုင်း ကမ္မဘဝခေါ် တစ်မျိုးမျိုးသော ကံသည် ဖြစ်နေမည်သာ။ ကမ္မဘဝ ဖြစ်လျှင် ဘဝဒုက္ခမှ လွတ်စရာ လမ်းမရှိ။ ထို့ကြောင့် ယင်းကဲ့သို့ စွဲထင်ကျန်ရစ်ခဲ့ခြင်းမျိုးသာ ဥပါဒါနက္ခန္ဓာအစစ် ဖြစ်လေ၏။

ပုထုဇဉ်တို့သည် "အမှန်"ကို သိကြသည် မဟုတ်။ "အထင်"ကို သိကြခြင်းသာ ဖြစ်၏။ "အမှန်"ဟူသည် ပရမတ္ထသစ္စာ ဖြစ်၏။ "အထင်"ဟူသည် သမ္မုတိသစ္စာ သို့မဟုတ် ပါရိဘာသိကသစ္စာ ဖြစ်၏။ ပုထုဇဉ်တို့၏ အသိကို ဥပမာအားဖြင့် ဆိုရလျှင် ရုပ်ရှင်ပိတ်ကားပေါ်၌ မြင်တွေ့နေရသော ဇာတ်လမ်းများကို သိသော အသိမျိုးသာ ဖြစ်၏။ ရုပ်ရှင်ဇာတ်လမ်းဟူသည် တစ်စုံတစ်ခုသော ဒေသ၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ ဖြစ်ရပ်ကို ရုပ်ရှင်ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင်များက ရုပ်ရှင်အတတ်ဖြင့် ဖန်ဆင်းကြ၏။ တဏှာဗိသုကာက မာယာအတတ်ဖြင့် ခန္ဓာအိမ်ကို ဆောက်လုပ်သကဲ့သို့ ဇာတ်ညွှန်းဆရာက ဇာတ်လမ်းကို ဖွဲ့စည်းဆောက်လုပ်၏။ တဏှာ, မာန, ဒိဋ္ဌိတို့က မာယာအတတ်ဖြင့် မရှိသော အတ္တကို ဖန်ဆင်း၍ အသက်သွင်းပြီး ဇီဝအတ္တ၊ သို့မဟုတ် သက်ရှိ ပုဂ္ဂိုလ်ကဲ့သို့ လှုပ်ရှားရန် ဖန်ဆင်းသကဲ့သို့ ရုပ်ရှင်ဒါရိုက်တာက ရုပ်ရှင်သရုပ်ဆောင်များကို ထိုဒေသရှိ ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်ကဲ့သို့ လှုပ်ရှားဆောင်ရွက်ရန် ဖန်ဆင်း၏။

ထိုကဲ့သို့ ဖန်ဆင်းထားသော ရုပ်ရှင်သရုပ်ဆောင်များကလည်း မိမိတို့ အခန်းကဏ္ဍအလိုက် မင်းမူကြ၏။ မင်းမူသည်ဆိုသော်လည်း မိမိတို့ဖန်ဆင်းရှင် ရုပ်ရှင် ဒါရိုက်တာ၏ အလိုဆန္ဒအတိုင်း မင်းမူကြခြင်း ဖြစ်၏။

ထို့နောက် ကင်မရာဆရာက သရုပ်ဆောင်တို့၏ လှုပ်ရှားကွက်များကို ဖလင်ကော်ပြားများဖြင့် မှတ်တမ်းတင်၏။ ဖလင်ကော်ပြားပေါ်၌ အရိပ်တို့သည် ပုထုဇဉ်တို့၏ စိတ်အစဉ်၌ ဝိပလ္လာသ နိမိတ်အာရုံတို့ ထင်သကဲ့သို့ ထင်၏။ ဖလင်ကော်ပြားပေါ်၌ ထင်သောအရိပ်ကား ဖလင်ဆေးရည်ကြောင့် ထင်သောအရိပ်တည်း။ ပုထုဇဉ်တို့၏ စိတ်အစဉ်၌ ထင်သောအရိပ်ကား တဏှာအစေးကြောင့် ထင်သော အရိပ်တည်း။ ရုပ်ရှင် ကော်ပြားပေါ်၌ ထင်သောအရိပ်ကို ရုပ်ရှင်ပြစက်ဖြင့် မီးမောင်းထိုး၍ ရုပ်ရှင်ပိတ်ကားပေါ်၌ ပြလိုက်သောအခါ အရိပ်တို့သည် တကယ် သက်ရှိလူသားများ ဖြစ်လာကြ၏။ ချစ်ကြ၏၊ မုန်းကြ၏၊ သွားလာလှုပ်ရှားကြ၏။ အမှန်ကတော့ ဘာမျှမဟုတ်။ အားလုံး မာယာများသာတည်း။ ဘာမျှ မဟုတ်သော်လည်း ရုပ်ရှင်ကြည့် ပရိသတ်ကမူ တကယ်အဟုတ်အမှန်ဟု ထင်ကြ၏။ ငိုကြ၏။ ရယ်ကြ၏။ ငိုရင်း ရယ်ရင်း ကြားထဲကပင် ပျော်ကြ၏၊ ချမ်းသာသည်ဟု ထင်ကြ၏။

ပုထုဇဉ်တို့၏ အမြင်သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်၏။ မိမိတို့စိတ်အစဉ်၌ စွဲထင်နေသော ဥပါဒါနက္ခန္ဓာခေါ် ဝိပလ္လာသ အာရုံနိမိတ်များကို မိမိတို့၏ အဝိဇ္ဇာ အသိ၊ ဝိပလ္လာသ အသိဖြင့် တကယ် အဟုတ်အမှန် ထင်၏။ အော်၍ ငိုကြ၏။ ကြိတ်၍ ရှိုက်ကြ၏။ ငိုရင်းရှိုက်ရင်းကပင် ပျော်ကြပြန်လေ၏။ ရုပ်ရှင်ကြည့် ပရိသတ်သည် ရုပ်ရှင်ဇာတ်လမ်းကို ပြင်ပလောကနှင့် တစ်သားတည်း ပြု၏။ ထိုသို့ တစ်သားတည်း ပြုခြင်းကို "အတသ္မိံ တဗ္ဗုဒ္ဓိ" ထိုဟာ မဟုတ်သည်၌ ထိုဟာဟု သိခြင်းဟူ၍ ဆို၏။ တရားကိုယ်အားဖြင့် အဝိဇ္ဇာတည်း။ ရုပ်ရှင်ဇာတ်လမ်းနှင့်ပြင်ပလောကကို တစ်သားတည်း မဟုတ်ဘဲ သီးခြားစီ သီးခြားစီဟူ၍ ခွဲခြားပြီး သိသောအခါမှသာ ထိုအဝိဇ္ဇာသည် ပျောက်ပေလိမ့်မည်။ အဝိဇ္ဇာပျောက်ပါမှ ရုပ်ရှင်ဇာတ်လမ်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ငိုခြင်း၊ ရယ်ခြင်းတို့သည် ပျောက်ပေလိမ့်မည်။

ပုထုဇဉ်တို့သည်လည်း မိမိတို့၏ စိတ်အစဉ်၌ တဏှာအစေးဖြင့် စွဲထင်ကျန်ရစ်နေသော "ဥပါဒါနက္ခန္ဓာ" ခေါ် အစိုင်အခဲရှိ အာရုံနိမိတ်များကို မိမိတို့ဆိုင်ရာ တံခါးပေါက်များမှ၊ အကြောင်းအားလျော်စွာ ကလာပ်စည်းများအရ ဝင်ရောက်လာသော "ခန္ဓာ" ခေါ် အစိုင်အခဲမဲ့ အာရုံနိမိတ်များနှင့် တစ်သားတည်း ပြုတတ်ကြ၏။ ထိုသို့ တစ်သားတည်း ပြုခြင်းသည်လည်း အဝိဇ္ဇာပင် ဖြစ်၏။

အစိုင်အခဲရှိ ဥပါဒါနက္ခန္ဓာနှင့် အစိုင်အခဲမဲ့ ခန္ဓာတို့ကို တစ်သားတည်း မပြဘဲ သီးခြားစီ သီးခြားစီဟူ၍ ခွဲခြားပြီး မြင်သောအခါမှသာ ထိုအဝိဇ္ဇာသည် ပျောက်ပေလိမ့်မည်။ အဝိဇ္ဇာပျောက်ပါမှ ဥပါဒါနက္ခန္ဓာကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဘဝ၏ အကျိုးဆက်များဖြစ်သည့် အော်၍ ငိုခြင်း (ပရိဒေဝ)နှင့် ကြိတ်၍ ရှိုက်ခြင်း (ဥပါယာသ)တို့၏ အကြား၌ လူးလွန့်ရခြင်းမှ လွတ်မြောက်ပေလိမ့်မည်။ ထိုသို့ လွတ်မြောက်ပါမှ စစ်မှန်သော ချမ်းသာကို ကိုယ်တိုင် မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

စစ်မှန်သော ချမ်းသာကို ကိုယ်တိုင် မျက်မှောက်ပြုရေးအတွက် ဝိပဿနာ ဉာဏ်ဖြင့် မိမိတို့၏ စိတ်အစဉ်၌ စွဲထင်လာသော ဥပါဒါနက္ခန္ဓာခေါ် နိမိတ်အာရုံများကို ပညတ်နှင့် ပရမတ်ကွဲပြီး နာမ်ရုပ်ချည်း မြင်လာအောင်၊ ဒြပ် အစိုင်အခဲ ကွဲအောင်၊ ဖြစ် ပျက် ပေါ်လာအောင်၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ မြင်လာအောင် ရှုရ၏။ ဤသည်မှာ ပဋိပတ္တိဝေါဟာရဖြင့် ဆိုခြင်းဖြစ်၏။ ပရိယတ္တိ ဝေါဟာရဖြင့် ဆိုရလျှင် သဒ္ဒါနှင့်အနက်ကို အမှန်အတိုင်း သိအောင် အားထုတ်ခြင်းပင် ဖြစ်၏။ ဆိုင်ရာဆိုင်ရာ အာရုံတို့သည် ဆိုင်ရာဆိုင်ရာ မျက်စိ, နား စသော တံခါးပေါက်များမှ ဝင်လာသည်နှင့် တစ်ပြိုင်နက် သဒ္ဒါနှင့်အနက်သည် ပါလာခဲ့၏။ သဒ္ဒါဟူသည် ခေါ်စရာ "အမည်"ဖြစ် ၏။ အနက်ဟူသည် သိစရာ သက်မဲ့သက်ရှိ "ဝတ္ထု"ဖြစ်၏။ ယင်းတို့သည် လူသားတို့၏ စိတ်အစဉ်၌ ကိန်း၏။ ပဋိပတ္တိ ဝေါဟာရဖြင့် ဥပါဒါနက္ခန္ဓာ ဟူ၍လည်းကောင်း၊ ရုပ်နာမ် ဟူ၍လည်း ကောင်း ခေါ်၏။ ပရိယတ္တိ ဝေါဟာရဖြင့် သဒ္ဒါနှင့်အနက် ဟူ၍ ခေါ်၏။

ဉာဏ်နစဉ် အခါ၌မူ သဒ္ဒါကလည်း လူ, ခွေး, မြင်း, သစ်ပင် စသည်ဖြင့် အမျိုးမျိုးဖြစ်၏။ အရေအတွက်လည်း အများပင် ဖြစ်၏။ အနက်ကလည်း လူသဏ္ဍာန်, ခွေးသဏ္ဍာန်,မြင်းသဏ္ဍာန်, သစ်ပင်သဏ္ဍာန် စသည်ဖြင့် အမျိုးမျိုး ဖြစ်၏။ အရေအတွက်လည်း အများပင် ဖြစ်၏။ ***စာဖတ်သူများ ၆*** ၌ ဖော်ပြခဲ့သည့် အတိုင်း သဒ္ဒါနှင့် အနက်တို့သည် နိရုတ္တိ၏ တစ်ဖက်စီ၌ ရှိ၏၊ နိရုတ္တိသည်လည်း စိတ်အစဉ်၌ပင် ရှိ၏။ ထို့ကြောင့် သဒ္ဒါနှင့် အနက်တို့သည်လည်း စိတ်အစဉ်၌ပင် ရှိ၏။ သို့ရာတွင် "ပရတော ဃောသ"အရ အပြင်ဘက် ဗဟိဒ္ဓ၌ ရှိသော သဒ္ဒါနှင့် အနက်တို့သည်ကား သူ့အဆင့်နှင့် သူ အစစ်အမှန်များ ဖြစ်၏။ မိမိတို့၏ အဇ္ဈတ္တ၌ ရှိသော သဒ္ဒါနှင့် အနက်တို့သည်ကား အရိပ်များ ဖြစ်ကြ၏။ ထို့ကြောင့် သမ္မုတိ သစ္စာအရ ဗဟိဒ္ဓက အဇ္ဈတ္တထက် ပို၍ အနှစ်သာရ ရှိ၏။ ပရမတ္ထသစ္စာအရ ဆိုလျှင်လည်း ခန္ဓာက ဥပါဒါနက္ခန္ဓာထက် ပို၍ အနှစ်သာရ ရှိ၏။ သို့ရာတွင် အကာမှ အနှစ်သို့ သွားရ၏။ အတုမှ အစစ်သို့ သွားရ၏။ အဝိဇ္ဇာမှ ဝိဇ္ဇာသို့ သွားရ၏။ အမှားမှ အမှန်သို့ သွားရ၏။ သို့ဖြစ်၍ ပရိယတ္တိဝေါဟာရ အရ

ဗဟိဒ္ဓသည် ဇောတကဖြစ်၍၊ အဇ္ဈတ္တသည် ဝါစက ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ အဇ္ဈတ္တသန္တာန် စိတ်အစဉ်၌ ထင်နေသော ဒြပ်အစိုင်အခဲရှိ ဥပါဒါနက္ခန္ဓာ (ဝါ) သဒ္ဒါနှင့်အနက်ကို ဥပါဒါန်ပြုတ်၍ ဒြပ်အစိုင်အခဲမဲ့ ခန္ဓာ (ဝါ) သဒ္ဒါနှင့်အနက် အဆင့်သို့ ရောက်အောင် အားထုတ်ရခြင်း ဖြစ်ပါ၏။

အာသဝေါကုန်ခန်း၍ ပဋိသမ္ဘိဒါပတ္တ အဆင့်သို့ ရောက်သောအခါ၌မူ "ဓမ္မ" သည် စွမ်းအားအထက်ဆုံး ဖြစ်လာ၏။ "အဓမ္မ"အပေါ် အပြီးသတ် အောင်ပွဲကို ရယူနိုင်တော့၏။ အဓမ္မကား နာလန်မထူနိုင်၊ အမြစ်ပြတ်လေပြီ။ အာသဝေါ မကုန်ခန်းမီက သဒ္ဒ၊ နိရုတ္တိ၊ အတ္ထတို့သည် "အလင်း" သဘောရှိသည် ဆိုစေကာမူ မိမိတို့ သဘောကို မိမိတို့ ဆောင်ကာ သီးခြားစီပင် ဖြစ်ကြ၏။ ပဋိသမ္ဘိဒါပတ္တ အဆင့်တွင် "သဒ္ဒ"သည် မိမိ၏ မူလအမည် "သဒ္ဒ"ကို ပယ်စွန့်ကာ "ဓမ္မ"အမည်ကို ခံယူလိုက်၏။ မူလအမည် "သဒ္ဒ"အဆင့်တွင် ရှိစဉ်က မိမိ၏ အလင်းအားသည် ဝိညတ္တိ၊ သို့မဟုတ် ဇောတိသာ ဖြစ်၏။ ယခု အမည်သစ် "ဓမ္မ" အဆင့်သို့ ရောက်သောအခါ မိမိ၏ အလင်းအားသည် ပဋိသမ္ဘိဒါ (ဝါ) ဉာဏ် ဖြစ်သွားချေပြီ။ ထိုမျှသာမကသေး–

မိမိနှင့် ဆက်စပ်ရာ နိရုတ္တိနှင့် အတ္ထတို့ကိုလည်း မိမိနှင့်တန်းတူ ပဋိသမ္ဘိဒါ အဆင့်သို့ ရောက်အောင် ဆောင်ရွက်ပေးနိုင်ပြီ။ ထိုအခါ မိမိတို့ သုံးမျိုးသည်လည်း သီးခြားစီ သီးခြားစီ မိမိတို့သဘောကို မိမိတို့ မဆောင်တော့ဘဲ တစ်သားတည်း သဘောကိုသာ ဆောင်လေတော့၏။ ထိုတစ်သားတည်း သဘောကို "ပဋိဘာန"ဟု ခေါ်၏။ "ပဋိဘာန"ဟူသည်မှာလည်း ဉာဏ်ပင်ဖြစ်၏။ သို့ရာတွင် ယင်းဉာဏ်ကား ရိုးရိုးဉာဏ် မဟုတ်၊ မြတ်စွာဘုရား၏ သာသနာတော်၌သာ ရကောင်းသော အနတ္တ ဉာဏ်တည်း။ ထို့ကြောင့် ပဋိဘာနတွင် သဒ္ဒါဆိုင်ရာ ဉာဏ်လည်း ပါဝင်၏။ အနက် ဆိုင်ရာ ဉာဏ်လည်း ပါဝင်၏။ ဓမ္မဆိုင်ရာ ဉာဏ်လည်း ပါဝင်၏။ ပဋိဘာနကို သိလျှင် အဆိုပါ ဉာဏ် သုံးမျိုးလုံးကို သိ၏။ ပဋိဘာနကို သိခြင်းကို ပဋိဘာန ပဋိသမ္ဘိဒါဟု ခေါ်၏။ မိမိကိုယ်ကို မိမိပြန်သိခြင်းဖြစ်၏။ မြန်မာဝေါဟာရအားဖြင့် "အသိ၏အသိ" ဟူ၍ ဖြစ်၏။ ဥပမာအားဖြင့် သီးပင်တစ်ပင်တွင် အမြစ်၊ ပင်စည်၊ အကိုင်းအခက်နှင့် အသီး ဟူ၍ လေးမျိုးရှိလေရာ ဓမ္မပဋိသမ္ဘိဒါသည် အမြစ်နှင့် တူ၏။ အမြစ်မရှိလျှင် ပင်စည်၊ အကိုင်းအခက်နှင့် အသီးတို့ မဖွံ့ဖြိုးနိုင်သကဲ့သို့ ဓမ္မပဋိသမ္ဘိဒါ မရှိလျှင် ကျန် ပဋိသမ္ဘိဒါ သုံးမျိုးတို့ မဖြစ်ပေါ်နိုင်ချေ။ အကယ်၍ ပင်စည်၊ အကိုင်း၊ အခက်နှင့် အသီးတို့ မရှိစေကာမူ အမြစ်ကား ရှိနိုင်သည်သာ ဖြစ်၏။ သို့ရာတွင် ပဋိသမ္ဘိဒါ စွမ်းအင်ကို မရဘဲ ဝိညတ္တိ သို့မဟုတ် ဇောတိစွမ်းအင်ကိုမူ မုချရ၏။ သို့ရာတွင်

အသီးကိုကြည့်ပြီး အမြစ်, ပင်စည်နှင့် အကိုင်းအခက်တို့၏ သဘောကို နားလည်သကဲ့သို့ အသီးနှင့် တူသော ပဋိဘာန ပဋိသမ္ဘိဒါကို သိပြီးပါက ကျန်ပဋိသမ္ဘိဒါ သုံးမျိုး၏ စွမ်းအင်ကို နားလည်ရ၏။ ဝိမုတ္တိဉာဏဒဿန သဘောမျိုး ပေတည်း။ ယင်းသဘောကို သင်္ချာနည်းဖြင့် ပြလျှင် အောက်ပါအတိုင်း ပြနိုင်၏။

ဓမ္မ ပဋိသမ္ဘိဒါ+နိရုတ္တိပဋိသမ္ဘိဒါ+ အတ္ထပဋိသမ္ဘိဒါ= ပဋိဘာန ပဋိသမ္ဘိဒါ

ဤဆောင်းပါးသည်လည်း သဒ္ဒါနှင့် အနက်ကို အဓိကထား၍ ဆိုသော ဆောင်းပါးဖြစ်သဖြင့် သဒ္ဒါဆရာ ဘတ္တိဟရိ၏ အောက်ပါ ဝါကျပဒီယ စကားဖြင့် နိဂုံးချုပ်ပါသည်။

န သော'တ္ထိ ပစ္စယော လောကေ၊
ယော သဒ္ဒါ နုဂမာ ရိတေ။
အနုဝိဒ္ဓမိဝ ဉာဏံ၊
သဗ္ဗံ သဒ္ဒေန ဘာသတေ။

**သဒ္ဒါနုဂမာ**– သဒ္ဒါသို့ အစဉ်လိုက်ခြင်းမှ၊ **ရိတေ**– ကင်း၍၊ **ယော ပစ္စယော**– အကြင်အနက်ကို သိခြင်းသည်၊ **အတ္ထိ**–ရှိ၏၊ **သော ပစ္စယော**–ထိုကဲ့သို့သော သိခြင်းမျိုးသည်၊ **လောကေ**–လောကဥ္၌၊ **န**– မရှိသည်သာတည်း။ **သဗ္ဗံ**– ခပ်သိမ်းသော၊ **ဉာဏံ**– ဉာဏ်ဟူသမျှသည်၊ **သဒ္ဒေန**–သဒ္ဒါက၊ **အနုဝိဒ္ဓမိဝ**– ပုံ့နှံ့စိမ့်ဝင်ခြင်း ခံရသကဲ့သို့ ရှိမှသာ၊ **ဘာသတေ**– အနတ္တရောင်ခြည်တိုင်အောင် ထွန်းလင်းတောက်ပ၏။

## စာဖတ်သူများ ၈

*တစ်မျိုးတည်း မြင်အောင် ရှုနိုင်လျှင် "မဂ်"သို့ ဝင်သည်ချည်းသာ ဖြစ်၏။*

ဤလောက၌ အသိဉာဏ် ဟူသမျှသည် "သဒ္ဒါနှင့်အနက်"မပါလျှင် အသိဉာဏ် ဟူသော အမည်ကို မရနိုင်။ "သဒ္ဒါနှင့် အနက်"နှစ်ပါးစုံမှ ပြည့်စုံသော အသိဉာဏ် ကို ရ၏။ လောကုတ္တရာ အသိဉာဏ်နှင့် ပတ်သက်လျှင်လည်း "ပရတောဃောသ" မရှိပါက သောတာပန်ဖြစ်၍ မရ။ "ပရတောဃောသ"ဟူသည် မြန်မာဝေါဟာရ အားဖြင့် စကားပင် ဖြစ်၏။ "စကား"ဟူသည် "သဒ္ဒါနှင့်အနက်"ဖြစ်၏။ သဒ္ဒါနှင့် အနက် တည်းဟူသော ဒေသနာတော်ကို ကြားနာမှတ်သားပြီး ထိုဒေသနာတော်လာ အတိုင်း လိုက်နာကျင့်သုံး၍ သောတာပန်ဖြစ်ထိုက်သော ဥပနိဿယရှိသူ ဖြစ်ပါက "သောတာ ပတ္တိမဂ်ဉာဏ်"ကို ရနိုင်၏။ သို့မဟုတ်ပါက သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်ချေ။ ထို့ကြောင့် "သဒ္ဒါနှင့်အနက်သည် ဤလောက၌ အလွန် အရေးကြီး ပါ၏" ဟူ၍ ဆိုခြင်း ဖြစ်၏။

စာဖတ်သူသည် မည်သူနှင့်မျှ စကားမပြောဘဲ တစ်ယောက်ထီးတည်း စဉ်းစားပြီး စိတ်ကူးနေပါလျှင် စာဖတ်သူ၏ "စိတ်ကူးလောက"၌ တစ်စုံတစ်ခုကို သိနေသည် ဖြစ်ရာ၊ ထိုတစ်စုံတစ်ခုသည် သိစရာ အမည်နှင့် သိစရာ အရာဝတ္ထု သဘော ရှိနေမည် အမှန်ဖြစ်၏။ သို့မှသာ "သိ"၍ ရပေမည်။ အသံထွက်ခြင်းနှင့် အသံမထွက်ခြင်းသည် "အသိဉာဏ်"နယ်ပယ်၌ ပဓာနမကျ၊ သဒ္ဒါ (ဝါ) အမည်နှင့် အနက်(ဝါ) ခေါ်စရာ ဝတ္ထုသည်သာ ပဓာန ကျပါ၏။

စာတစ်ပိုဒ်ကို တွေ့မြင်သောအခါ စာဖတ်သူများသည် ဖတ်ကြ၏။ ထိုစာပိုဒ် နှင့် ပတ်သက်၍ စာပိုဒ်၏ အကြောင်းအရာကို သိရာ၌ စာဖတ်သူများ အချင်းချင်း အသိဉာဏ်ဖြစ်ပေါ်မှု၌ တူညီကြပါသလော။ ဤမေးခွန်းကို ဖြေရန် လွယ်လည်း လွယ်၏။ ခက်လည်း ခက်၏။ လွယ်သည်ဟု ဆိုရာ၌ မည်သူပင်

ဖတ်ဖတ် စာလုံးပေါင်း အသံထွက်ချင်း တူသောကြောင့် လွယ်သည်ဟုဆိုခြင်း ဖြစ်၏။ ခက်သည်ဟု ဆိုရာ၌ ဒဿနဆရာတို့၏ အဆိုအားဖြင့် အနက်ကို သုံးဆင့်ရှိသောကြောင့် ခက်သည်ဟု ဆိုခြင်း ဖြစ်၏။

အနက်သုံးဆင့်ကို လိုက်၍ စာဖတ်သူများ၌ အသိဉာဏ်လည်း သုံးဆင့်ပင် ကွဲပြား၏။ ယင်းသုံးဆင့်ကို ဒဿနဝေါဟာရအားဖြင့် (၁) သုတဉာဏ်၊ (၂) အနုမိတဉာဏ်၊ (၃) သစ္စိကတဉာဏ် ဟူ၍ ပါဠိဆန်ဆန် ခေါ်မည် ဖြစ်၏။ မူရင်းအမည်ကား ပါဠိအမည် မဟုတ်၊ သက္ကတအမည် ဖြစ်၏။

ယင်းဉာဏ်သုံးမျိုးကို အလွယ်ဆုံး မြန်မာပြန်ရလျှင် "သုတဉာဏ်" ဟူသည် မျက်မြင်ကိုယ်တွေ့ဉာဏ် ဖြစ်၏။ "အနုမိတဉာဏ်"ဟူသည် အကြောင်းနှင့် အကျိုး ဆက်စပ်ပြီး ယုတ္တိဗေဒအရ သိသောဉာဏ် ဖြစ်၏။ "သစ္စိကတဉာဏ်"ဟူသည် ကိုယ်တိုင် ဖြစ်ကြည့်သောဉာဏ် ဖြစ်၏။ ယင်းကို မျက်မှောက်ပြုသိဉာဏ် ဟူ၍လည်း ဆိုကြ၏။

အသိတရား၏ တိမ်မှု၊ နက်မှုနှင့် ပတ်သက်၍ ဆိုရလျှင် ကျွန်ုပ်တို့သည် အစမထင်သော သံသရာ၌ ကျင်လည်ကျက်စား ပြေးသွားနေသူများ ဖြစ်ကြ၏။ ဘဝ အဆင့်ဆင့်၌ ကျင်လည်ခဲ့ကြ၏။ ဗြဟ္မာ့ဘုံ၌လည်း နေခဲ့၏။ နတ်ဘုံ၌လည်း နေခဲ့၏။ လူ့ဘုံ၌လည်း နေခဲ့၏။ တိရစ္ဆာန်ဘုံ၌လည်း နေခဲ့၏။ ငရဲဘုံ၌လည်း နေခဲ့၏။ ထိုသို့ နေရာတွင် သူတော်ကောင်းနှင့်လည်း တွေ့ခဲ့၏။ ကိုယ်တိုင် သူတော်ကောင်းလည်း ဖြစ်ခဲ့၏။ သူယုတ်မာနှင့်လည်း တွေ့ခဲ့၏။ ကိုယ်တိုင် သူယုတ်မာလည်း ဖြစ်ခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ သန္တာန်၌ ဥပါဒါန်တရားတို့သည် မျိုးစုံလှ၏။ ယင်းဥပါဒါန် တရားတို့သည် စရိုက်အဆင့်၊ ဉာဉ်အဆင့်၊ အနုသယအဆင့်၊ ဝါသနာ အဆင့်တို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် မတူကြဘဲ ရှိကြလေရာ၊ ကျွန်ုပ်တို့၏ အသိဉာဏ်သည်လည်း ယင်းတို့အပေါ် အခြေခံရသဖြင့် တစ်ယောက်နှင့်တစ်ယောက် မည်သည့်နည်းနှင့်မျှ တူနိုင်စရာ အကြောင်း မရှိချေ။

လောကအတွင်း၌ နေသော လောကကို ကြည့်နေကြသူ အချင်းချင်း မိမိတို့ စိုက်ပျိုးခဲ့ကြသော မျိုးစေ့အားလျော်စွာ အပင်၊ အပွင့်၊ အသီးတို့သည် ဖြစ်ပေါ်လာကြမည်သာ ဖြစ်၏။ ငှက်ပျောပင်ကို စိုက်ခဲ့ပါလျှင် ငှက်ပျောပင်သာ ပေါက်ပေလိမ့်မည်။ သရက်ပင် ပေါက်ချင်၍ မရ။ သရက်ပင် ခေတ်စား၍ ငှက်ပျောပင်က သရက်ပင်ဖြစ်အောင် လုပ်လျှင် "မျက်လှည့်ဆရာ"၏ မာယာသရက်ပင်မျိုး၊ မတော်မတရား သရက်ပင်မျိုး၊ အလိမ်အညာ သရက်ပင်မျိုးသာ ဖြစ်ပေလိမ့်မည်။ ဇကယ်စစ်မှန်သော သရက်ပင်မျိုးကား ဖြစ်မလာနိုင်။ သို့ရာတွင် ဘီစီ ၆ ရာစု ဝန်းကျင်က မိမိကိုယ်ကို ရိုးရိုးသားသား တကယ် ဘုရားထင်သော

ပုဂ္ဂိုလ်များ မရှိမဒေသ၌ ပေါ်ပေါက်ခဲ့ဖူးကြောင်း သမိုင်းဆရာများက ဆိုကြ၏။ သို့ရာတွင် ကိလေသာကုန်၍ သဗ္ဗညုတဉာဏ်ကို မရဘဲ ရိုးရိုးသားသားဖြင့် မိမိကိုယ်ကို ဘုရားထင်ရုံမျှနှင့်တော့ "ဘုရားစစ်" ဖြစ်မလာနိုင်။ မိစ္ဆာဘုရားသာ ဖြစ်လာနိုင်၏။ ဝေဒန္တဒဿနဍ္ဍလည်း "ကြိုးကို မြွေ"ထင်သော ဥပမာဖြင့် လောကနှင့် ဗြဟ္မာတို့၏ ဆက်သွယ်မှုကို ရှင်းပြသော အယူဝါဒများကိုလည်း မကြာမကြာ တွေ့ရ၏။ ကြိုးကို မြွေထင်ခြင်းသည် တကယ် ရိုးရိုးသားသား ထင်ခြင်းသာ ဖြစ်၏။ ကြိုးက မြွေယောင်ဆောင်ခြင်း မဟုတ်၊ မြင်ရသူ ကိုယ်တိုင်က မိမိမျက်စိဖြင့် ကြိုးကို မြွေထင်ခြင်း ဖြစ်၏။ သို့ရာတွင် ကြိုးက မြွေဖြစ်မလာ။

လူတို့၏ အသိဉာဏ်သည် မိမိတို့၏ သန္တာန်၌ ကိလေသာ အာသဝေါ တရားများ မကင်းသေးသမျှ ကာလပတ်လုံး "အရှိ"ကို "အရှိ"အတိုင်း၊ "အဖြစ်" ကို "အဖြစ်" အတိုင်း သိနိုင်ရန် ခဲယဉ်း၏။ ထို့ကြောင့် စရိုက်၊ ဉာဉ် အတိုင်းသာ "သိ"ချင်သလို "သိ" ကြခြင်း ဖြစ်၏။ ထိုသို့ သိရာ၌ တဏှာ, မာန, ဒိဋ္ဌိတို့က ထိုထို ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ထိုထိုပုဂ္ဂိုလ်တို့၏ စိတ်အစဉ်ကို စရိုက်အဆင့်၊ ဉာဉ်အဆင့်၊ အနုသယအဆင့်၊ ဝါသနာ အဆင့်သို့ ရောက်အောင် ဆောင်ရွက်ပေး၏။ ထို့ကြောင့် ထိုထိုပုဂ္ဂိုလ်တို့သည် အာရုံကို အမှန်အတိုင်း မသိဘဲ "တော"သိ၊ "တောင်"သိ အသိမျိုးဖြင့် မမှန်မကန် သိအောင် လုပ်ရာ၌ တဏှာ, မာန, ဒိဋ္ဌိတို့တွင် များစွာ တာဝန်ရှိ၏။

တဏှာက မိမိဆိုင်ရာ အာရုံကို ချစ်စရာကောင်းအောင် "နန္ဒီရာဂ"ဖြင့် ဆိုးပေး၏။ တစ်ခုမကြိုက် တစ်ခုကြိုက်ရအောင် "ပေါနောဗ္ဘဝိကာ"ဖြင့် ဖန်ဆင်း၏။ ဆိုင်ရာဆိုင်ရာ အာရုံတိုင်း၌ ပျော်မွေ့အောင် "တတြတတြာဘိ နန္ဒိနီ"ဖြင့် ဆောင်ရွက်၏။ ဒိဋ္ဌိက တဏှာ ဆောင်ရွက်ထားသမျှ အားလုံးကို "အခိုင်အမာ" ဟူ၍ မှတ်ယူနိုင်အောင် စီမံ၏။ မာနက တဏှာ ဆောင်ရွက်ထားသမျှ အားလုံးကို "ဂုဏ်ယူဝင့်ကြွား" နိုင်အောင်၊ "မောက်မာ"နိုင်အောင် စီစဉ်၏။ ထိုအခါ တဏှာ, မာန, ဒိဋ္ဌိတို့က ဖန်ဆင်းထားသော "အတ္တ"သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ အစီအမံအတိုင်း လိုက်၍ သိရတော့၏။ သို့ဖြစ်လျှင် ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးသည် မိမိတို့ ဖြတ်သန်းခဲ့ရသော ပတ်ဝန်းကျင်အရ အသိဉာဏ်ချင်း မည်သည့်နည်းနှင့်မျှ မတူနိုင်ပါချေ။ ထက်သူက ထက်၍ နုံ့သူက နုံ့မည်။ အလတ်တန်းစား ရှိသူက ရှိမည်။

ဗုဒ္ဓဒေသနာတော်အရ မိမိ၏ "အသိဉာဏ်" မှန်ကန်မှု ရှိ, မရှိနှင့် ပတ်သက်၍ မိမိ၏ သန္တာန်၌ ကိန်းနေသော လောဘ, ဒေါသ, မောဟ ခေါင်းပါးသွားမှု ရှိ မရှိ ပေတံဖြင့် တိုင်းတာရ၏။ လောဘ, ဒေါသ, မောဟ ခေါင်းပါး

သွားလျှင် ထို "အသိဉာဏ်" သည် မှန်ကန်၏။ ဗုဒ္ဓဘာသာတို့၏ နောက်ဆုံး ရည်မှန်းချက်ကား "နိဗ္ဗာန်"ဖြစ်၏။ နိဗ္ဗာန်၏အနက်မှာ သမုဒယသစ္စာခေါ် တဏှာကို အသေသတ်ခြင်း ဖြစ်၏။ အသေ မသတ်နိုင်သေးလျှင် ခေါင်းပါး သည်ထက် ခေါင်းပါးအောင် ပြုလုပ်ခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ မိမိ သိသော "အသိဉာဏ်" မှန်ကန်မှု ရှိ မရှိကို တိုင်းတာနိုင်ပါ၏။

သို့ရာတွင် အလျဉ်းသင့်သဖြင့် အသိဉာဏ်သဘောကို ဆိုခဲ့သော်လည်း တကယ်ဆိုလိုသော သဘောမှာ "သဒ္ဒါနှင့်အနက်"ပင် ဖြစ်၏။ သဒ္ဒါနှင့်အနက်ကို သိရာ၌ စာဖတ်သူများ၏ အမြင်သုံးမျိုးကိုပါ "ဗုဒ္ဓဒေသနာ"ရှုထောင့်မှ တင်ပြမည် ဖြစ်ပါသည်။ တင်ပြမည့် စာပေမှာလည်း ရှင်သဃ်ရက္ခိတ၏ "သုဗောဓာ လင်္ကာရ" နှင့် ဒဏ္ဍီ၏ "ကာဗျာဒါသ" ကျမ်းနှစ်ကျမ်းတို့၏ ပဏာမ တစ်ဂါထာစီပင် ဖြစ်ပါသည်။

ဒဏ္ဍီ၏ "ကာဗျာဒါသ"သည် မည်သို့သော ရည်ရွယ်ချက်ဖြင့် တင်ပြ ထားခြင်း ဖြစ်သည်ဟု တိတိကျကျ မသိနိုင်သော်လည်း၊ ရှင်သဃ်ရက္ခိတ၏ "သုဗောဓာ လင်္ကာရ" သည် သစ္စာလေးပါး သိနိုင်ရေးကို ရည်ရွယ်၍ တင်ပြထား ခြင်း ဖြစ်သည်ဟု တိတိကျကျ သိနိုင်ပါသည်။ ဗုဒ္ဓ၏ ပါဠိစာပေ အားလုံးသည် "စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ" (သစ္စာလေးပါးမှ လွတ်သော တရား မည်သည် မရှိ)ဟူ၍ ထေရဝါဒ ဆရာ အစဉ်အလာ ခံယူချက်မှ တစ်စုံတစ်ရာ တိမ်းယိမ်းခြင်း မရှိဖူးပါချေ။ ထေရဝါဒ ဆရာ အစဉ်အဆက်ကလည်း ထိုကဲ့သို့ တိမ်းယိမ်းခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်ပြုမည် မဟုတ်ပါချေ။

ဤနေရာ၌ "သုဗောဓာလင်္ကာရ"နှင့် "ကာဗျာဒါသ"တို့၏ ပဏာမ တစ်ဂါထာစီကို ထုတ်နုတ်၍ တင်ပြခြင်းသည် ယင်း "အလင်္ကာရ"ကျမ်းတို့ အချင်းချင်း တစ်စုံတစ်ခုသော အတိုင်းအတာအထိ အဆက်အသွယ် ရှိကြ၏ ဟူသော ဆရာမြတ်တို့၏ အဆိုအမိန့်ကို လိုက်နာသောအားဖြင့် လည်းကောင်း၊ ဆရာနှစ်ပါးတို့၏ စေတနာကို လေးစားသောအားဖြင့် လည်းကောင်း၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောအားဖြင့် လည်းကောင်း တင်ပြခြင်း ဖြစ်ပါသည်။

သုဗောဓာလင်္ကာရ

မုနိန္ဒဝဒနမ္ဘောဇ၊ ဂဗ္ဘသမ္ဘဝသုန္ဒရီ။
သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပီနယတံ မနံ။

ကာဗျာဒါသ

စတုမုခမုခမ္ဘောဇ
ဝနဟံသဝဓူ မမ။

မာနသေ ရမတံ နိစ္စံ၊

သဗ္ဗသုက္ကာ သရဿတီ။

မုနိန္ဒဝဒနမ္ဘောဇ ဂဗ္ဘသမ္ဘဝသုန္ဒရီ-မြတ်စွာဘုရား၏ နှုတ်ခမ်းတော်တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်တော်မူထသော။ ပါဏိနံ၊ သတ္တဝါ အပေါင်းတို့၏။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ ဝါဏီ၊ ပရိယတ္တိ တည်းဟူသော ပိဋကတ်တော်သည်။ မယှံ၊ အကျွန်ုပ်၏။ မနံ၊ စိတ်ကို။ ပိနယတံ-နှစ်သက်ပါစေသတည်း။

စတုမုခမုခမ္ဘောဇ ဝနဟံသဝဓူ၊ ဗြဟ္မာ၏ နှုတ်ခမ်းတော်တည်းဟူသော ကြာတော၌ ပျော်မွေ့သော ဟင်္သာမသဖွယ်ဖြစ်သော။ သဗ္ဗသုက္ကာ၊ အလုံးစုံဖြူစင်သော။ သရဿတီ၊ သုရဿတီဒေဝီ တည်းဟူသော "ဝေဒ"သုံးပုံသည်။ မမ၊ အကျွန်ုပ်၏။ မာနသေ၊ စိတ်၌။ နိစ္စံ၊ အမြဲ။ ရမတံ၊ မွေ့လျော်ပါစေသတည်း။

[မှတ်ချက်။ ။ ဝဓူသည် "မိန်းကလေး"ကို ဟော၏။]

ဤဂါထာ နှစ်ဂါထာကို နှိုင်းယှဉ်၍ကြည့်ပါက "သုဗောဓာလင်္ကာရ" ကျမ်း၌ "သုရဿတီ"ဟူသော ဝေါဟာရကို မတွေ့ရဘဲ "သုန္ဒရီ"ဟူသော ဝေါဟာရကိုသာ တွေ့ရ၏။ သို့ရာတွင် မည်သို့ဆိုစေ "သုရဿတီ" ဟူသော ဝေါဟာရကို "သုဗောဓာ လင်္ကာရ" ကျမ်း၌ ဆရာအစဉ်အဆက် အသုံးပြုခဲ့ကြ၏။ ထိုသို့ အသုံးပြုခဲ့ကြသည့် အတိုင်း နောက်လာနောက်သားများကလည်း လေ့လာမှတ်သားကြ၏။ အလွန်လေးစားအပ်သော ထေရဝါဒ အစဉ်အလာ ဖြစ်၏။ ရှေးဆရာများ မှားကြောင်း "သိ"စေကာမူ "ဝါဒ္ဓ ရ"အနေဖြင့် "မတည့်"လျှင် "တည့်"အောင် ယူ၍ လေးလေးစားစား ဖော်ပြကြ၏။ ဘယ်အခါမှ "ငါ"တတ် လုပ်သော သဘော မရှိ။

ဤဂါထာ နှစ်ဂါထာကို "သုတဉာဏ်"ဖြင့် ကြည့်ပါက အနက်သည် ပေါ်လွင်၏။ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်ဖြင့် ဟောတော်မူခဲ့သော ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်သည် ရှင်သင်္ဃရက္ခိတမထေရ်၏ စိတ်ကို နှစ်သက်ပါစေသတည်းဟု တောင့်တရင်း ပဏာမပြု၏။ ဖြစ်ခြင်း၊ ပျက်ခြင်း မရှိဘဲ အမြဲတည်နေသော ဗြဟ္မာ၏ နှုတ်ခမ်းတော်မှ ဖြစ်ပေါ်လာသော "ဝေဒ"ကျမ်းများသည် စာဆိုဒဏ္ဍီ၏ နှလုံးအိမ်၌ မွေ့လျော်ပါစေသတည်းဟု တောင့်တရင်း ပဏာမပြု၏။ ဤသည်မှာ "သုတဉာဏ်"ဖြင့် ကြည့်လျှင် မြင်ရသော အနက်ဖြစ်၏။

"အနုမိတဉာဏ်"ဖြင့် ကြည့်လျှင်မူ ဗြာဟ္မဏဝါဒ တစ်ခုလုံးကို ခြုံ၍ ကြည့်ရ၏။ ယင်းဝါဒတစ်ခုလုံး၏ အနှစ်သာရကား-

ဗြဟ္မ သတျံ ဇဂန္မိထျာ၊
အတ္မာ ဗြဟ္မဲဝ နာပရး။
ဧကံသတ် ဝိပြာ ဗဟုဓာ ဝဒန္တိ။

ဗြဟ္မ၊ ဗြဟ္မာသည်။ သတျမ်၊ မဖောက်မပြန် အမြဲမှန်သော "သစ္စာ" တရားတည်း။ ဇဂတ်၊ လောကသည်။ မိထျာ၊ ဖြစ်ပျက် အဖြစ်ဖြင့် အမြဲ တွေ့မြင်နေရသော "မိစ္ဆာ"တရားတည်း။ အတ္မာ၊ အတ္တသည်။ ဗြဟ္မ ဧဝ၊ ဗြဟ္မာသာတည်း။ အပရး၊ တစ်ပါးသော သတ္တဝါသည်။ န၊ မဟုတ်။ ဧကံ၊ တစ်ဦးတည်းသော။ သတ်၊ မဖောက်မပြန် အမြဲမှန်သော "သစ္စာ"တရား တည်းဟူသော ဗြဟ္မာကို။ ဝိပြာ၊ ပညာရှိတို့သည်။ ဗဟုဓာ၊ အမျိုးမျိုး။ ဝဒန္တိ၊ ဆိုကြကုန်၏ ဟူ၍ ဖြစ်၏။

ဤလောက၌ သက်ရှိသက်မဲ့ အားလုံးကို အရင်းစစ်လိုက်လျှင် တစ်ခုတည်း ဖြစ်၏။ ယင်းတစ်ခုတည်းကား အခြားမဟုတ်၊ ဗြဟ္မာဖြစ်၏။ အားလုံး အတူတူ ဤစကားကို ဝေဒကျမ်းများက ဆိုခြင်း ဖြစ်၏။ ဝေဒအဆိုကို ဆရာဒဏ္ဍီ နှစ်သက်၏။ ဝေဒအဆို၌ ဒဏ္ဍီ ယုံကြည်၏။ သို့ရာတွင် ခက်သည်က တစ်ခုရှိ၏။ လူတိုင်းလူတိုင်း ဝေဒကို မဖတ်တတ်ခြင်းပင် ဖြစ်၏။ ဝေဒကို ဖတ်တတ်ရန် အတော်ခက်၏။ ဝေဒ၏ အခြံအရံ ကျမ်းစာများကို သင်ယူ တတ်မြောက်ပြီးပါမှ ဝေဒကို ဖတ်နိုင်မည် ဖြစ်၏။ သို့ဖြစ်လျှင် ဒဏ္ဍီ မည်သို့ လုပ်မည်နည်း။

ဝေဒ၏ဘောင်ကို မကျော်လွန်စေဘဲ ကျမ်းစာတစ်ခုခုကို ရေးရန် ဖြစ်၏။ ထို့ကြောင့် ဒဏ္ဍီသည် ကျမ်းစာတစ်ခုခုကို ရေး၏။ သူ၏ကျမ်းစာကား ကာဗျာဒါသ ဖြစ်၏။ ကာဗျာဒါသသည် ဝေဒဘောင်ကို မကျော်ဟု ဒဏ္ဍီက ယုံကြည်၏။ သို့ရာတွင် ကာဗျာဒါသသည် ဝေဒလို ဖတ်ရမခက်၊ ဖတ်ရလွယ်ကူ၏။ ထိုခေတ် စာတတ်သူတိုင်းသည် ကာဗျာဒါသကို ဖတ်တတ်မည်၊ ဖတ်နိုင်မည် ဖြစ်၏။ ဒဏ္ဍီသည် လူတိုင်းကို ပျော်စေလို၏။ စိတ်ချမ်းသာစေလို၏။ အနှစ်သာရ အားဖြင့် လည်း လူဟူသည် ဗြဟ္မာပင် ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး အခြေခံချင်း တူညီကြသဖြင့် တစ်ဦးက တစ်ဦးအပေါ် ဘာညှဉ်းဆဲစရာ ရှိပါသနည်း။ အားလုံး အေးအတူ ပူအမျှ ဖြစ်စေချင်ပါ၏။ ဒဏ္ဍီသည် သံသရာကို ယုံကြည်သူ ဖြစ်၏။ အကယ်၍ ကမ္မနိယာမအရ သံသရာ၌ ပြုခဲ့မိသော ကံတရား၏ အကျိုးပေးကြောင့် မာယာ တရား၏ သြဇာအရ အချင်းချင်း မကြည်ဖြူနိုင်စေကာမူ ခဏတစ်ဖြုတ် ဖြစ်စေ စိတ်အေးချမ်းသာ ပျော်ရွှင်ပါစေခြင်းငှာ ဤကာဗျာဒါသ ကျမ်းကို ရေးခြင်း ဖြစ်သည်ဟု ယူနိုင်ပါသည်။

ကာဗျာဒါသကျမ်း၌ ဒဏ္ဍီ၏ စေတနာသည် ပေါ်လွင်ပါ၏။ လူတိုင်း လူတိုင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ဝေဒကျမ်းကို လေးလေးနက်နက်

သက်ဝင်ယုံကြည်စေချင်၏။ အားလုံး ဗြဟ္မာချည်းဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ခွဲခြား၍ မမြင်စေချင်။ အားလုံး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ စည်းစည်းရုံးရုံး နေစေချင်ပါ၏။ အကယ်၍ ဝေဒကို မဖတ်နိုင်သဖြင့် သံသရာ၏ အကျိုးကို တိုက်ရိုက် မရနိုင်စေကာမူ သူ၏ စာမှတစ်ဆင့် သံသရာ၏ အကျိုးတရားကိုလည်း ရစေချင်ပါ၏။ အလိမ္မာ စာမှာရှိ ဟူသော ဆိုရိုးအတိုင်း လောက၊ သံသရာ နှစ်ဖြာသော အကျိုးတရားများကို ရစေနိုင်သော အဆိုအမိန့်များကို ကာဗျာဒါသ၌ ဒဏ္ဍီက ဖော်ပြထား၏။

အနုမိတ အမြင်ဖြင့် သုဗောဓာလင်္ကာရကို ကြည့်လေသော် မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်၌ ပါဠိတော်များ ရှိ၏။ အဋ္ဌကထာများ ရှိ၏။ ဋီကာများ ရှိ၏။ အခြား ဆိုင်ရာအဖွင့်များ ရှိ၏။ ယင်းတို့ကို တတ်မြောက်နိုင်စေရန် အခြေခံကျမ်းများ လို၏။ အမှန်အားဖြင့် ပါဠိစာပေသည် မိမိ၌ ပါဝင်သော "ဝိဘတ္တိ ဝိပ္ပလ္လာသ"နှင့် "အဝိဘတ္တိကနိဒ္ဒေသ"သဘောတို့ကို ကြည့်လျှင် ဝေဒစာပေနှင့် ခေတ်ပြိုင် ဖြစ်ကြောင်းကို တွေ့ရ၏။ သက္ကတစာပေထက်မူ များစွာ ရှေးကျကြောင်းမှာ အငြင်းပွားစရာ မရှိ ထင်ရှား၏။ သို့ရာတွင် ပါဠိစာပေ၌မူ လေ့ကားထစ် "သောပါ နာရောဟဏ"သဖွယ်ဖြစ်သော အခြံအရံကျမ်းများ ရှားပါး၏။ အဋ္ဌကထာ၊ ဋီကာ စသော ဆရာများကလည်း ထက်မြက်သော ဉာဏ်အားဖြင့် ထိုခေတ် ပညာတတ်များ ဖြစ်ကြ၏။ ထိုခေတ် ပညာဆိုသည်မှာလည်း များသောအားဖြင့် ဝေဒဘာသာ၊ သက္ကတ ဘာသာနှင့်ပင် အရှိများလေရာ ဉာဏ်နံ့သူများအတွက် ပါဠိတတ်မြောက်စေရန် ခေတ်၏ တောင်းဆိုချက်အရ ပိဋကတ်ဆိုင်ရာ အခြေခံကျမ်းများကို ဘက်ပေါင်းစုံမှ ပြုကြ၏။ ထိုသဘောအရ ရှင်သင်္ဃရက္ခိတသည်လည်း "သုဗောဓာလင်္ကာရ" ကျမ်းပြုဆရာ ဖြစ်လာ၏။ ထိုသို့ ကျမ်းပြုရာတွင် ရှင်သင်္ဃရက္ခိတသည် "ကုန်ကြမ်း"အဖြစ် မူရင်း ရှိနှင့်ပြီးသား သက္ကတဘာသာဆိုင်ရာ အလင်္ကာရကျမ်းများ ပြဇာတ်ကျမ်းများနှင့် အခြားဆိုင်ရာ ကျမ်းများမှ ယူစရာများကို ယူ၏။ ထိုကုန်ကြမ်းများ အားလုံးကို "သုဗောဓာလင်္ကာရ"အမည်ဖြင့် ကုန်ချောပြုလုပ်၏။

ဆရာဇီဝကသည် အဆိပ် ဟုတ်သော၊ မဟုတ်သော သစ်ဥ၊ သစ်ဖု ဟူသမျှကို အားလုံး အချိုးညီညီ ရောစပ်၍ "ဆေး"ဖော်ပြီး ရောဂါဟူသမျှကို ကုစား၏။ ဆရာ ဇီဝက အတွက် ဆေးဖက်မဝင်သော သစ်ဥ၊ သစ်ဖု ဟူသည် ဘာမျှမရှိ။ အဆိပ်လည်း ဆေးဖက်ဝင်၏။ စတုမဓုလည်း ဆေးဖက်ဝင်၏။ မသုံးတတ်လျှင်မူ အဆိပ်လည်း လူကို သေစေတတ်၏။ စတုမဓုလည်း လူကို သေစေတတ်၏။ အရာဝတ္ထုသည် အရေးမကြီး၊ အသုံးချတတ်သော ပညာသာ အရေးကြီး၏။ ဤသဘောကို ရှင်သင်္ဃရက္ခိတ နားလည်၏။

အခြားသူများ အနေဖြင့်လည်း ဤသဘောကို နားလည်ဖို့လို၏။ ဤသဘောကို နားမလည်လျှင် မိမိကိုယ်ကို ပညာရှိဟု ကြွေးကြော်တတ်၏။ ထိုသို့ ကြွေးကြော်ပါက ကြွေးကြော်သည့်အတိုင်း "ပညာရှိ"ဖြစ်ချင်ဖြစ်မည်၊ သို့ရာတွင် "သူတော်ကောင်း" တော့ မဖြစ်။ သူတော်ကောင်းလက္ခဏာတွင် "ပရိယတ္တိအပ္ပိစ္ဆာ" ဟူသော အင်္ဂါတစ်ရပ် ပါဝင်၏။ ပရိယတ္တိအပ္ပိစ္ဆာ ဟူသည် "မိမိကိုယ်"ကို ပညာရှိဟု ကြွေးကြော်ရန် ရှက်တတ်သော သဘောဖြစ်၏။

ရှင်သဃ်ရက္ခိတသည် ဒဏ္ဍီ၏ ကာဗျာဒါသမှ အချက်အလက်အချို့ကို ယူချင် ယူမည်။ သို့ရာတွင် သူတို့နှစ်ယောက်၌ အခြေခံခြားနားချက် ရှိ၏။ ရှင်သဃ်ရက္ခိတသည် ဗုဒ္ဓဝါဒ၌ သက်ဝင်ယုံကြည်၏။ "ရသ"၌ အဓိက ထား၏။ ဒဏ္ဍီသည် ဗြာဟ္မဏဝါဒ၌ သက်ဝင်ယုံကြည်၏။ "ရသ"၌ အဓိက မထားဘဲ "ဂုဏ်နှင့် အလင်္ကာရ" ၌သာ အဓိက ထား၏။ ထို့ကြောင့် သူတို့၏ကျမ်းများ၌ ဝေါဟာရချင်း တူစေကာမူ အနက် အဓိပ္ပာယ်အားဖြင့်မူ ခြားနားမည်သာ ဖြစ်၏။

ရသပညာရှင်များက "ဒဏ္ဍီ"ကို ရီတိဂိုဏ်းဝင်အဖြစ် သတ်မှတ်၏။ ရသ ဂိုဏ်းဝင်အဖြစ် မသတ်မှတ်။ ရီတိဂိုဏ်းဟူသည်မှာ ရသစာပေ၌ ကာရန်ကို အဓိကထားသော ဂိုဏ်းဖြစ်၏။ ကာရန်လည်း ကောင်းမည်၊ အနှုန်းအဖွဲ့လည်း ကောင်းမည်၊ ဂုဏ်လည်း မြောက်မည်၊ အလင်္ကာလည်း ပါမည်ဆိုလျှင် ရသသည် အလိုအလျောက် ပါဝင်ပြီးသား ဖြစ်၏။ ဤသို့ ဒဏ္ဍီက ယုံကြည်၏။ ထို့ကြောင့် သူ၏ကျမ်း၌ "ရသ" ကို တစ်ခန်းအနေဖြင့် "ဒဏ္ဍီ"မဖွဲ့ခဲ့ခြင်း ဖြစ်တန်ရာ၏ ဟူ၍သာ ယူဆစရာ ရှိတော့၏။

ရှင်သဃ်ရက္ခိတကမူ ထိုသို့မဟုတ်၊ စာပေတစ်ရပ်ကို တကယ်တမ်း အသက် ဝင်စေလိုလျှင် ရသသည် အရေးကြီး၏။ ဒေါသ၊ ဂုဏ်၊ အလင်္ကာရ တို့သည်လည်း အခြံအရံအနေဖြင့် သူ့ကဏ္ဍနှင့်သူ၊ သူ့အခန်းနှင့်သူ ထိုက်သင့်သလို ပါဝင်ရမည်ဖြစ်၏။ ဟင်းချက်ရာတွင် ငရုတ်၊ ဆား၊ နနွင်း စသော အခြံအရံများသည် အချိုးညီညီ ပါဝင်ရမည့်အပြင် ချက်သူကိုယ်တိုင်ကလည်း စနစ်တကျ ချက်တတ်ပါမှ ဟင်း၏ အရသာသည် ကောင်းမွန်သော သဘောကို ဆောင်ပေမည်။ ရသစာပေနှင့် ပတ်သက်၍ ရှင်သဃ်ရက္ခိတက ဤသို့ မြင်၏။

ထို့ကြောင့် ရှင်သဃ်ရက္ခိတသည် သူ၏ သုဗောဓာလင်္ကာရကျမ်း၌ ဒေါသ၊ ဂုဏ်၊ အလင်္ကာရ၊ ရသတို့ကို ပြည့်ပြည့်စုံစုံ ထည့်သွင်းထား၏။ စာပေ၌ အသက်ဝင်အောင် "အသက်သွင်းတတ်သူများ" ပေါ်လာရေးအတွက် ဖြစ်၏။ ထိုအခါ စာပေ ကိုယ်တိုင်က သက်ရှိအနေဖြင့် လောကရှိ လူသားများနှင့် ဆက်ဆံတတ်လာမည် ဖြစ်၏။ တစ်ဦးအပေါ် တစ်ဦးက ချစ်ခင်တတ်လာအောင်၊ ငဲ့ညှာ

တတ်လာအောင်၊ လေးစားတတ်လာအောင်၊ ခွင့်လွှတ်တတ်လာအောင်၊ အနစ်နာခံတတ်လာအောင်၊ စေတနာ ထားတတ်လာအောင် ဆောင်ရွက်နိုင်မည် ဖြစ်၏။

ဤသည်မှာ "အနုမိတ" အမြင်ဖြင့် ရှင်သဃ်ရက္ခိတ၏ "သုဗောဓာလင်္ကာရ" နှင့် ဒဏ္ဍီ၏ "ကာဗျာဒါသ" အပေါ် ရှုမြင်သုံးသပ်ချက် ဖြစ်၏။ ကျမ်းဆရာများသည် သူတို့စေတနာနှင့် သူတို့လောက သာယာရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာတွင် မလွဲသာ မရှောင်သာသော "အခြေခံ"သည် ရှိ၏။ ထိုအခြေခံကား-

(၁) ယုံကြည်မှု သဒ္ဓါ၊

(၂) ဘာသာတရား၊

(၃) ယဉ်ကျေးမှု၊

(၄) ခေတ်၏ အခြေအနေတို့ ဖြစ်ကြ၏။

ဤအခြေအနေများအပေါ် မူတည်၍ လူတို့သည် မိမိတို့ ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ကြခြင်း ဖြစ်၏။ ရှင်သဃ်ရက္ခိတနှင့် ဒဏ္ဍီတို့သည်လည်း လောက အစီးအပွားအတွက် အဆိုပါ အခြေခံများအပေါ် မူတည်၍ မိမိတို့၏ ကျမ်းများကို ပြုစုကြခြင်း ဖြစ်ကြလေရာ အခြေခံခြင်း တစ်မျိုးနှင့်တစ်မျိုး မတူညီကြလေသောကြောင့် သူတို့ပြုစုကြသော ကျမ်းများသည်လည်း အချင်းချင်း မည်သို့လျှင် အဓိပ္ပာယ်ချင်း တူနိုင်ကြမည်နည်း။

သဒ္ဒိကတဉာဏ် ဟူသည်မှာ "ကိုယ်တိုင်ဖြစ်ခြင်း"ပင် ဖြစ်ရာ ဒဏ္ဍီသည် မိမိကိုယ်တိုင် "ဗြဟ္မာ" ဖြစ်ကြည့်၏။ အခြားသော လူတိုင်း လူတိုင်းကိုလည်း "ဗြဟ္မာ" ဖြစ်ကြောင်း သိစေ၏။ မိမိ ရေးသောစာသည် "ဗြဟ္မာ" ရေးသောစာ ဖြစ်ကြောင်း ယုံကြည်စေချင်၏။ လူတိုင်းလူတိုင်း ဗြဟ္မာဖြစ်ကြပါလျက် မိမိတို့ ဗြဟ္မာဖြစ်ကြောင်း မသိကြခြင်းသည် တစ်ဦးနှင့်တစ်ဦးကို အဝိဇ္ဇာက တံတိုင်းသဖွယ် ခြားထားသောကြောင့် ဖြစ်၏။ အဝိဇ္ဇာကို မရှိအောင် လုပ်ရန်လို၏။ အဝိဇ္ဇာကို မရှိအောင် လုပ်သည့်နည်းမှာ "ဝေဒ"ကျမ်းများနှင့်အညီ ဗြာဟ္မဏတို့၏ အစဉ်အလာ အယူအတိုင်း ယဇ်ပူဇော်ရန်သာ ဖြစ်၏။ တခြားသောနည်း ဟူ၍ မရှိ။ ယဇ်ကို မည်မျှပင် ပူဇော်ကြပါသော်လည်း လူတို့သည် မိမိတို့ကိုယ်ကို "ဗြဟ္မာ" ဖြစ်မှန်း မသိကြ၊ တစ်ဦးနှင့်တစ်ဦး ကွဲပြဲ ကွဲလျက်ပင် ရှိကြ၏။ အတူတူဟူ၍ မည်သို့မျှ သဘောထား၍ မရ။ သို့ဖြစ်လျှင် "ဗြာဟ္မဏ"ဝါဒနှင့် "ဗြာဟ္မဏ" လမ်းစဉ်သည် မှား၍သာ ဖြစ်၏ဟု ဆိုရုံမှတစ်ပါး အခြား ပြစရာ အကြောင်း မလိုတော့။

ရှင်သဃ်ရက္ခိတ၏ "သဒ္ဒိကတဉာဏ်"သည်လည်း "ကိုယ်တိုင်ဖြစ်ခြင်း"

ပင် ဖြစ်၏။ သို့ရာတွင် ရှင်သဃ်ရက္ခိတသည် "အနုမိတဉာဏ်"ဖြင့် လောကကို ကြည့်စဉ်က ဒဏ္ဍီကဲ့သို့ "ဗြဟ္မာ"အဖြစ် မမြင်၊ "ပုဂ္ဂိုလ် သတ္တဝါများ"အဖြစ်သာ မြင်၏။ ထိုတွင် လူသည် ပဓာန ဖြစ်၏။ လူတွင် ဒေသသဘောနှင့် သခ်ါရ သဘောသည် ပေါင်းဆုံကြ၏။ ဒေသနှင့် သခ်ါရသည် လူအတွက် အသုံးပြုစရာ ဖြစ်၏။ လူနှင့် ဆက်စပ်ရ၏။ အကယ်၍ ဒေသနှင့် သခ်ါရသည် လူအတွက် အသုံးမဝင်ဘဲ၊ လူနှင့် မဆက်စပ်ဘဲ ရှိနေပါက "အပြောကျယ်သော သဲကန္တာရ" အတွင်း၌ အလင်းအား တစ်ထောင်ဆောင်သော "မီး"တိုင် ရာပေါင်းများစွာကို ထွန်းညှိထားသည့် သဖွယ်သာ ဖြစ်၏။ လူဟူ၍ တစ်ယောက်မျှ မရှိသဖြင့် လူ့ လောကအတွက် ဘာမျှ အသုံးကျမည် မဟုတ်။

ရှင်သဃ်ရက္ခိတ၏ ထေရဝါဒ ဗုဒ္ဓဘာသာအရ သက်ရှိဖြစ်စေ၊ သက်မဲ့ ဖြစ်စေ ပြင်ပအာရုံ ဟူသမျှကို အာရုံပြုသောအားဖြင့် မိမိ၏ အဇ္ဈတ္တနှင့် ပတ်သက် စေ၏။ အတွင်း အာရုံများကိုလည်း မိမိနှင့် ပတ်သက်စေ၏။ ရှင်သဃ်ရက္ခိတသည် အတွင်းအပြင် အာရုံဟူသမျှကို မိမိဉာဏ်၏ ကျက်စားရာအဖြစ် အသုံးပြု၏။ ထိုအခါ လောကကို တွေ့၏။ လောကဟူသည် ဩကာသခေါ်ခေါ်၊ သတ္တဝါ ခေါ်ခေါ် အမှန်စင်စစ်အားဖြင့် ရုပ်နာမ်ဓမ္မ သခ်ါရ ဖြစ်၏။ ယင်းသခ်ါရသည် အကြောင်းနှင့်အကျိုး ဆက်စပ်သောအားဖြင့် "ပဋိစ္စသမုပ္ပာဒ်"မည်၏။ ပဋိစ္စ သမုပ္ပာဒ်သည် ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းဟူသည် အကြောင်းနှင့် အကျိုးတို့၏ "ချားရဟတ်"ပမာ လည်နေခြင်း ဖြစ်၏။ ထို့ကြောင့် "လောက"ဟူသည် "ချားရဟတ်"ပမာ လည် နေသောသဘော ဖြစ်၏။ ယင်းကို မှန်ကန်အောင် သိဖို့ လို၏။ မှန်ကန်အောင် သိဖို့ရန် မြတ်စွာဘုရားသခင်သည် "ပဋိစ္စသမုပ္ပာဒ်"ကို "မဟာဝဇိရ ဝိပဿနာ" အမည်ဖြင့် ရှုလေ၏။ ထိုအခါ "ပဋိစ္စသမုပ္ပာဒ်"အမည်ခံ သခ်ါရတရားတို့၏ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘောကို အမှန်အတိုင်း ထိုးထွင်း၍ သိတော်မူပြီး "သဗ္ဗညုတ ဉာဏ်ရှင်" ဘုရားသခင် အဖြစ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားသခင်သည် "သဗ္ဗညုတဉာဏ်"တော်ကို ရသောအချိန်မှ ပဥ္စဝဂ္ဂီ ငါးပါးတို့အား "ရဟန္တာ"ဖြစ်အောင် ကိုယ်တော်တိုင် ဟောကြားသွန်သင် လက်တွေ့ပြသတော်မူခဲ့သော အချိန်အထိ ဟောကြားတော်မူခဲ့သော ဒေသနာမှာ ပဋိစ္စသမုပ္ပာဒ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်တော်တို့ ဖြစ်ကြ၏။ ဤသည်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် လက်တွေ့ အသုံးပြုခဲ့သော နည်းကောင်းနည်းမှန် ဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် ၄၅ ဝါတို့ ကာလပတ်လုံး တရား

ဒေသနာတော်များကို ဟောတော်မူခဲ့၏။ ရှင်သာရိပုတ္တရာ စသော အဂ္ဂသာဝကများ၊ မဟာသာဝကများ၊ ပကတိ သာဝကများကလည်း ထိုက်သင့်သလို ဟောတော်မူခဲ့ကြ၏။ ထိုဒေသနာတော်များကို ဟောတော်မူခဲ့ကြသော အရိယာပုဂ္ဂိုလ်များသည် ပရိနိဗ္ဗာန် ပြုသွားတော်မူခဲ့ကြပြီ။ ထိုအခါ ထိုဒေသနာများကား "သက်မဲ့"သဖွယ် ဖြစ်လျက် ရှိလေပြီ။ ထို့ကြောင့် ထိုဒေသနာတော်များကို ဟောတော်မူခဲ့ကြသော မူလအရိယာပုဂ္ဂိုလ်များကို ပြန်လည်အသက်သွင်းပြီး ထိုမူလပုဂ္ဂိုလ်များက သက်ရှိများ အနေဖြင့် နဂိုမူလ အတိုင်း မိမိတို့ ဟောခဲ့သော ဒေသနာတော်များကို ပရိသတ်အား ပြန်လည်ဟောပြစေချင်၏။ ဤသည်မှာ ရှင်သဃ်ရက္ခိတ၏ ဆန္ဒ၊ စေတနာနှင့် ရည်ရွယ်ချက် ဖြစ်၏။

ရှင်သဃ်ရက္ခိတ၏ ထိုဆန္ဒ၊ ထိုစေတနာ၊ ထိုရည်ရွယ်ချက်တို့ကို အကောင်အထည် ဖော်သောအားဖြင့် "ဒေသနာ အသက်သွင်းနည်း"ကို ရှာ၏။ စဉ်းစား၏။ လိုလျှင် ကြံဆ နည်းလမ်းရ ဟူသည့်အတိုင်း ရှင်သဃ်ရက္ခိတသည် တွေ့လေပြီ။ ထိုနည်းကား "ရသစာပေနည်း"ဖြစ်၏။ "ရသစာပေနည်း" ဖြင့် ရှင်သဃ်ရက္ခိတသည် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်တို့ကို မူလဟောကြားတော်မူခဲ့သော အရိယာ ပုဂ္ဂိုလ်မြတ်များအား ပြန်လည် "အသက်"သွင်းနိုင်ခဲ့ပြီ။ ထိုအရိယာ ပုဂ္ဂိုလ်များကလည်း မိမိတို့ ဟောကြားတော်မူခဲ့သော ဒေသနာတော်များကို "သက်ရှိပုဂ္ဂိုလ်"များ အနေဖြင့် မိမိတို့၏ ပရိသတ်များအား ပြန်လည် ဟောကြားနိုင်ခဲ့ပြီ။

ရှင်သဃ်ရက္ခိတသည် သူ၏နည်းကို "သုဗောဓာလင်္ကာရ" အမည်ဖြင့် ဖော်ပြခဲ့၏။ စာပေသမိုင်းတွင်မူ "သုဗောဓာလင်္ကာရ" ဟူသည် "အလင်္ကာရ" ကျမ်း (ဝါ) "ရသစာပေ" ကျမ်းအနေဖြင့် ရှိ၏။ သူ့ကျမ်းကပေးသော အသိဉာဏ်သည် တစ်မူထူးခြား၏။ ယင်းဉာဏ်ကို ရှေးဆရာများက "ရသ"ဟူ၍ ခေါ်ကြ၏။ ရှင်သဃ် ရက္ခိတ၏ ရည်ရွယ်ချက်အရ ခေါ်ရလျှင် "အဘိနန္ဒ" ဟူသော အမည်က ပို၍ သင့်လျော် လျောက်ပတ်၏။ အဘယ့်ကြောင့်ဆိုသော် "ဒေသနာတော်" တစ်ခုဆုံးတိုင်း "အဘိနန္ဒုံ" ဟူသော ဝေါဟာရကို တွေ့ရသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် ရှေးဆရာများ ခေါ်နေကျ "ရသ"ဟူသော ဝေါဟာရအစား ဗုဒ္ဓဘာသာ ရှုထောင့်မှ "အဘိနန္ဒ" ဟူသော ဝေါဟာရကို သုံးလျှင် ပို၍ သင့်လျော် လျောက်ပတ်မည်ဟု ဆိုခြင်း ဖြစ်၏။

သို့ရာတွင် ရှင်သဃ်ရက္ခိတ မျှော်လင့်သည့်အတိုင်း ယနေ့ဗုဒ္ဓဘာသာဝင်များသည် "အာစာရ ဗုဒ္ဓဘာသာဝင်"များ မဟုတ်ဘဲ "ဇာတိ ဗုဒ္ဓဘာသာဝင်" များက ပို၍ များနေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။ လက္ခဏာအားဖြင့်

ဆိုရပါလျှင် "ဇာတိ ဗုဒ္ဓဘာသာဝင်"၌ "သစ္စိကတဉာဏ်" လုံးဝ မရှိဘဲ အလွန်ဆုံး ရှိပါမှ "အနုမိတဉာဏ်" မျှလောက်သာ ရှိ၏။ ယေဘုယျခြုံ၍ ဆိုရလျှင် "ဇာတိ ဗုဒ္ဓဘာသာဝင်"၌ "သုတဉာဏ်" အဆင့်ရှိသူက များ၏။

ဇာတိဗုဒ္ဓဘာသာဝင် ဟူသည်မှာ "မိဘ"က ဗုဒ္ဓဘာသာဝင် ဖြစ်လာ၍သာ မိမိက လိုက်၍ "ဗုဒ္ဓဘာသာဝင်" အမည်ခံယူနေခြင်း ဖြစ်၏။ မိမိကိုယ်၌က ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အတွေး၊ အမြင်၊ အကျင့် ဟူ၍ ခိုင်ခိုင်မာမာ မရှိ။ မိမိနှင့် ပတ်သက်သမျှ ကောင်းစားရေးကိုသာ ရှေးရှု၏။ လောကနှင့် ပတ်သက်သမျှ ကောင်းစားရေးကို ရှေးမရှု။ မိမိနှင့် ပတ်သက်သမျှ ကောင်းစားမည်ဆိုလျှင် ဘာမဆို လုပ်ရဲ၏။ "တရား" သည် ဟူ၍လည်း မရှိ၊ "မတရား"သည် ဟူ၍လည်း မရှိ။ သူ၌ "ရှိ" သည်ကား သူနှင့် သူ့ပရိသတ် ကောင်းစားရေးသာတည်း။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်ဖြစ်သည် အားလျော်စွာ ဘုရားကိုလည်း ဖူးပါ၏။ တရားကိုလည်း နာပါ၏။ သံဃာတော်မြတ်များအားလည်း လှူဒါန်းပါ၏။ အခါမလပ် တရားစကားများကိုလည်း ပြောကြားတတ်ပါ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် "ဇာတိဗုဒ္ဓဘာသာဝင်" သည် သူတစ်ပါး နစ်နာမှုကို မကြည့်ဘဲ မိမိအတွက်သာ ကြည့်ရာ၌ ပတ်ဝန်းကျင်ကိုလည်း မရှက်တတ်၊ မိမိကိုယ်ကိုလည်း မရှက်တတ်သော "အတ္တသမား" သက်သက်သာ ဖြစ်၏။

အာစာရ ဗုဒ္ဓဘာသာဝင် ဟူသည်မှာ ရတနာသုံးပါး၌ တကယ် သက်ဝင်ယုံကြည်ပြီး ခိုင်မာသော ကိုယ်ကျင့်သိက္ခာဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာသူဖြစ်၏။ ဘုရားတခြား သူတခြား၊ တရားတခြား သူတခြား၊ သံဃာတခြား သူတခြား မဟုတ်။ သူ၏ ရင်တွင်း၌ ရတနာသုံးပါး အမြဲပါ၏။ ရတနာသုံးပါးသည် "အရိပ်" သဖွယ် အမြဲပါ၏။ အာစာရ ဗုဒ္ဓဘာသာဝင်၌သာ "သစ္စိကတဉာဏ်" ရှိ၏။ သစ္စိကတဉာဏ် ဟူသည် ကိုယ်တိုင် ဖြစ်ကြည့်သော သဘောဖြစ်၏။ သစ္စိကတဉာဏ်သည် လောကအတွင်း၌ မရနိုင်ဘဲ "လောကလွန်" သဘောရှိ၏။ နှစ်သက်စရာ အတိ ပြီး၏။ အစိတ်အပိုင်း ဟူ၍ မရှိ။ အားလုံး တစ်ခုတည်းသာ ဖြစ်၏။ ယင်းကို "ရသ"ဟူ၍ အများက ခေါ်ကြသော်လည်း "အဘိနန္ဒ"ဟူသော အမည်က ထေရဝါဒ ပိဋကတ်ကျမ်းစာများနှင့် ပို၍ လိုက်လျော၏။

သစ္စိကတဉာဏ်သည် လောကလွန်သဘော ရှိ၏။ ထို့ကြောင့်သာ လောကလွန် တရားတို့၏ ဓမ္မတာအတိုင်း အမြဲတမ်း မိမိကိုယ်ကို ပြန်လည်ဆင်ခြင်သော ဉာဏ်သည် နောက်ကလိုက်၍ ဖြစ်၏။ လောကလွန်သဘော ရှိသော "လောကုတ္တရာ" ဉာဏ် ဖြစ်လေတိုင်း မိမိ၏ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဆင်ခြင်မြဲဖြစ်၏။ ပယ်သော ကိလေသာနှင့် ကျန်သော ကိလေသာတို့ကိုမူ ဆင်ခြင်သည်လည်း

ရှိ၏။ မဆင်ခြင်သည်လည်း ရှိ၏။ ရသစာပေလည်း လောကလွန်သဘော ရှိသော လောကုတ္တရာအတု ဖြစ်သဖြင့် မိမိ ခံစားချက်၏ အဆိုးနှင့်အကောင်း အပေါ် လောကုတ္တရာတို့၏ ဓမ္မတာကို အတုလိုက်၍ ပြန်လည်ဆင်ခြင်ခြင်း သဘောကို ဖြစ်စေ၏။ ဤသည်မှာ လောကုတ္တရာတို့၏ သဘော စစ်စစ်တည်း။ လောကလွန် တရားတို့၏ ဓမ္မတာ စစ်စစ်တည်း။

ရသ(ဝါ) အဘိနန္ဒသည်ကား "ကိုယ်တိုင်ဖြစ်ကြည့်ခြင်း" သဘောကို ဆောင်သဖြင့် လောကလွန်သဘော ရှိ၏ ဟူ၍ ဆိုခြင်းဖြစ်၏။ ဥပမာ ဓမ္မစကြာ တရားတော်ကို နာကြားရသောအခါ မိမိကိုယ်တိုင် ပဉ္စဝဂ္ဂီ ဖြစ်သွား၏။ မြတ်စွာ ဘုရား ဟောတော်မူပုံ၊ လက်တွေ့သင်ကြားပုံ၊ မိမိက ပြန်လည်လျှောက်ထားပုံ၊ မြတ်စွာဘုရားက နားလည်အောင် ရှင်းပြပုံတို့ကို ကိုယ်တိုင်ကိုယ်ကျ ခံစားရ၏။ စိတ်ကူးယဉ်ခြင်း မဟုတ်၊ တကယ်ကို ကိုယ်တိုင် ခံစားရခြင်း ဖြစ်၏။ ဤသည် ကိုပင် "ရသ(ဝါ)အဘိနန္ဒ"၏ စွမ်းရည်ဟု ခေါ်၏။ စာပေဝေါဟာရအားဖြင့်မူ "အနုပညာ"ဟု ခေါ်၏။ ဤအနုပညာကို ရှင်သဃ်ရက္ခိတက "သုဗောဓာ လင်္ကာရ" အမည်ဖြင့် တင်ပြထား၏။ ဤအနုပညာဖြင့် "သစ္စိကတဉာဏ်"ကို ဖြစ်စေ၏။

သစ္စိကတဉာဏ်သည် "လောကုတ္တရာစစ်စစ်" မဟုတ်သော်လည်း "အနု ပညာ" ၏ စွမ်းရည်ကြောင့် လောကီနယ်ပယ်၌ "လောကုတ္တရာအတု" သဘောကို ဆောင်၏။ ထိုအခါ မိမိကိုယ်တိုင် ခံစားခဲ့ရသော ခံစားချက်များကို မလွဲမသွေ ပြန်လည် ဆင်ခြင်၏။ ယင်းကို "ပစ္စဝေက္ခဏာ"ဟု ပါဠိဝေါဟာရဖြင့် ခေါ်၏။ မိမိ၏ အတွေ့အကြုံအရ ခံစားချက်များကို ပြန်လည်ဆင်ခြင်သောအခါ "အဆိုးနှင့် အကောင်း"ကို ဆင်ခြင်၏။ ထိုအခါ "အဆိုး"ကို ရှောင်၍ "အကောင်း"ကို ဆောင်၏။ ဝိသုဒ္ဓိတရား ခုနစ်ပါးတွင် ဤသို့ "အဆိုး"ကို ရှောင်၍ "အကောင်း"ကို ဆောင်ခြင်းသည် "သီလ" ကို ထူထောင်ခြင်း မည်၏။ သီလကို ထူထောင်လျှင် "သီလဝိသုဒ္ဓိ" အဆင့်သို့ ရောက်၏။ အဆိုးနှင့်အကောင်းကို ခွဲခြား၍သိပြီး မိမိ၏စိတ်ကို စင်ကြယ်အောင် ထားနိုင်လျှင် တည်တည်ငြိမ်ငြိမ် ဖြစ်အောင် အားထုတ်နိုင်လျှင် "သမာဓိ" ထူထောင်ခြင်း မည်၏။ သမာဓိကို ထူထောင်လျှင် "စိတ္တဝိသုဒ္ဓိ" အဆင့်သို့ ရောက်၏။

ရသ(ဝါ) အဘိနန္ဒသည် ဝိသုဒ္ဓိ ခုနစ်ပါးတွင် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိနှစ်ပါးကို ထူထောင်ပြီး အရိယသစ္စာ မှခ်ဦးဆီသို့ သွားရာလမ်းပေါ်သို့ တင်ပေးခြင်း ဖြစ်၏။ မိမိကိုယ်ကို အကျင့်စာရိတ္တကောင်းအောင် ပြုပြင်ခြင်း ဆိုသည်မှာ သူတစ်ပါးက လုပ်ပေး၍ ရသည် မဟုတ်။ မိမိကိုယ်တိုင် တွေ့ကြုံ

ခံစားပြီး မိမိကိုယ်တိုင် မိမိ၏ ကိုယ်တွေ့ဖြင့် ထူထောင်မှ ရ၏။ ဤထူထောင်နည်းကို "ရသစာပေ"က တာဝန်ယူ၏။ သူတစ်ပါး အတွေ့အကြုံများကို မိမိ၏ အတွေ့အကြုံ ဖြစ်သွားအောင် လုပ်နိုင်သည့် နည်းမှာ"ရသစာပေ"နည်းသာ ဖြစ်၏။

ဓမ္မတာအားဖြင့်လည်း လောကတွင် "မိမိကိုယ်"သည်သာ ချစ်စရာ အကောင်းဆုံး ဖြစ်၏။ ကြင်နာစရာ အကောင်းဆုံး ဖြစ်၏။ လေးစားစရာနှင့် မြတ်နိုးစရာ အကောင်းဆုံး ဖြစ်၏။ ခွင့်လွှတ်ချင်စရာ အကောင်းဆုံး ဖြစ်၏။ "အနုပညာ"ဖြင့် လောကရှိ အရာရာတိုင်းကို "မိမိကိုယ်တိုင် ဖြစ်ကြည့်ခြင်း" အားဖြင့် လောကတစ်ခုလုံး အပေါ် အလိုလို မိမိကိုယ်နှင့်ထပ်တူ "ဗြဟ္မစိုရ်" တရား ပွားပြီးသား ဖြစ်၏။ ဤဗြဟ္မစိုရ် တရားအပေါ် အခြေခံ၍ ရခဲလှစွာသော လူ့ဘဝကို ရကြသူချင်းအတူတူ ရေးရာအဖြာဖြာ၌ မိမိနှင့် တစ်သားတည်း ဆက်ဆံကြမည် ဆိုပါလျှင် ဤလောကသည် အဘယ်မှာ မငြိမ်းချမ်းဘဲ ရှိနိုင်မည်နည်း။

ထို့အပြင် "ရသ"နှင့် ပတ်သက်၍ ဗုဒ္ဓဘာသာရှုထောင့်မှ တင်ပြရလျှင် "ရသ"ဟူသည် တစ်ခုတည်း ရှိ၏။ ယင်းသည် နှစ်သက်စရာသက်သက် ဖြစ်၏။ ပေါ်ပေါ်လွင်လွင် ဆိုရလျှင် သိင်္ဂါရရသ စသော အမည်များသည် တစ်ခုတည်းသော "ရသ"သို့ ဝင်ရောက်ရာ တံခါးပေါက်များသာ ဖြစ်၏။ ရသ မဟုတ်၊ ဝင်ရောက်ရာ တံခါးပေါက် ၉ ပေါက်ကိုစွဲ၍ ရသ ၉ မျိုး ရှိ၏ဟု ဆိုခြင်း ဖြစ်၏။ ဥပမာအားဖြင့် မဂ်တစ်ခုတည်း ရှိသော်လည်း ဝင်ရောက်ရာဝင်ပေါက် "ဝိမောက္ခ" မုခသုံးပါးကို စွဲ၍ "မဂ်" သုံးပါး ရှိ၏ဟု ဆိုသကဲ့သို့ပင် ဖြစ်၏။

လောကုတ္တရာအစစ် ဖြစ်သော "မဂ်"ကို စံပြု၍ လောကုတ္တရာအတု ဖြစ်သော "ရသ"ကို ဆိုရလျှင် အာဋ္ဌာဝကသည် ဒေါသတံခါးမှ "မဂ်"သို့ ဝင်ခဲ့၏။ အင်္ဂုလိမာလ၊ ပဋာစာရာ၊ ခေမာ စသည်တို့သည်လည်း မိမိတို့ ဆိုင်ရာဆိုင်ရာ တံခါးမှပင် "မဂ်"သို့ ဝင်ခဲ့ကြ၏။ ဗုဒ္ဓဒေသနာတော်အရ မိမိတို့၏ သန္တာန်၌ "မည်သည့်သင်္ခါရ" ပင် ဖြစ်ဖြစ် ထိုထိုသင်္ခါရတို့၏ "ဝိသေသလက္ခဏာ"ကို စွန့်၍ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" ဟူသော သာမည လက္ခဏာကိုသာ တစ်မျိုးတည်း အဖြစ် မြင်အောင်ရှုနိုင်လျှင် "မဂ်"သို့ ဝင်သည်ချည်းသာ ဖြစ်၏။ ထို့ကြောင့် ဝင်ပေါက်များ မည်မျှ များစေကာမူ တစ်မျိုးတည်းသော "မဂ်"သို့သာ ရောက်ကြ၏။

ဤ၌ "နည်း"နှစ်ခုတို့၏ ထူးခြားချက်ကို ဆိုချင်၏။ စာနာစိတ်ဖြင့် တစ်ဦးအပေါ် တစ်ဦးက စေတနာထားခြင်းသည် "လောကနည်း"ဖြစ်၏။ ယင်းကို "အနုမိတဉာဏ်" ဖြင့် မြင်၍ရ၏။ နှစ်ဦးမပြားဘဲ တစ်ဦးတည်းအဖြစ်ဖြင့်

"မိမိကိုယ်"ကို အားလုံးနှင့် တစ်သားတည်းကဲ့သို့ အခြားသူများအပေါ် စေတနာထားခြင်းသည် "ရသနည်း" ဖြစ်၏။ ယင်းကို "လောကလွန်" သဘောဟု ဆိုကြ၏။ ဤအမြင်မျိုးသည်သာ "သစ္စိကတညာဏ်" အမြင်မျိုး မည်၏။ ဤဆောင်းပါးသည်လည်း "စာဖတ်သူများ" အတွက် ရည်ရွယ်သော ဆောင်းပါးဖြစ်သဖြင့် အောက်ပါအတိုင်း သဒ္ဒါဆရာ ပတဉ္ဇလီ၏ အဆိုဖြင့် နိဂုံးချုပ်လိုက်ပါ၏။

ဧကောသဒ္ဒေါ သုဋ္ဌု ပယုတ္တော သတ္ထာန္ဝိတော
သဂ္ဂေ လောကေ စ ကာမဒုဟာ
ဘဝတိ။ မဟာဘာသ၊ ၁၊ ၁၊ ၁။

သတ္ထာန္ဝိတော၊ ဒေသနာကျမ်းများ၏ အဆိုအမိန့်နှင့် ညီညွတ်သော။ သုဋ္ဌု၊ ကောင်းစွာ။ ပယုတ္တော၊ အသုံးပြုအပ်သော။ ဧကော၊ တစ်ခုသော။ သဒ္ဒေါ၊ သဒ္ဒါသည်။ သဂ္ဂေစ၊ နတ်ပြည်၌လည်းကောင်း။ လောကေစ၊ လောက၌လည်းကောင်း။ ကာမဒုဟာ၊ ဆန္ဒဟူသမျှကို နွားနို့ညှစ်ထုတ်သကဲ့သို့ ညှစ်ထုတ်ပေးစွမ်းနိုင်သော "နွားမနတ်သမီး" သဖွယ်။ ဘဝတိ၊ ဖြစ်၏။

# စာဖတ်သူများ ၉

*လောကဥ္ သစ္စာသည် မုသားကို အောင်နိုင်မြဲ ဖြစ်၏။*
*ဤစာဖတ်နည်းအရ စာပေကို ဖတ်ပါက စာပေအသိထက် ပိုမိုမြင့်မားသော*
*အသိကိုပါ ရပြီး လောကတစ်ခုလုံးအတွက် အကျိုးရပါလိမ့်မည်။*

စာပေတစ်ပုဒ်၏ သဒ္ဒါနှင့် အနက်သည် စာဖတ်သူ၏ ဉာဏ်ရည်ကိုလိုက်၍ သုံးဆင့်ကွဲသွား၏။ စာပေကတော့ မကွဲ၊ တစ်ခုတည်းပင် ဖြစ်၏။ ဉာဏ်ရည်များကို အမည်အမျိုးမျိုးဖြင့် ခေါ်ကြ၏။ ပထမဆင့်ဉာဏ်ကို သုတမယဉာဏ် (ဝါ) ပစ္စက္ခဉာဏ် (ဝါ) သုတဉာဏ် ဟူ၍လည်းကောင်း၊ ဒုတိယဆင့်ဉာဏ်ကို စိန္တာမယဉာဏ် (ဝါ) အနွယဉာဏ် (ဝါ) အနုမိတဉာဏ် ဟူ၍လည်းကောင်း၊ တတိယဆင့်ဉာဏ်ကို ဘာဝနာ မယဉာဏ် (ဝါ) သစ္စိကရဏဉာဏ် (ဝါ) သစ္စိကတဉာဏ် ဟူ၍ လည်းကောင်း ဆိုင်ရာ ဆိုင်ရာ ရှုထောင့်အလိုက် ခေါ်ဆိုကြ၏။

ဉာဏ်များ၏ အဆင့်အလိုက် ကွဲသွားခြင်းမှာ လောက၏ အစီးအပွား အတွက် ဆောင်ရွက်ရာ၌ ဤလောကတွင် ချမ်းသာရေးနှင့် ငြိမ်းချမ်းရေးတို့ ဖြစ်ပေါ်စေရန် ဒူရေနိဒါန်း၊ အဝိဒူရေနိဒါန်း၊ သန္တိကေနိဒါန်းများ အရ အဝေးအနီးကို လိုက်၍ ကွဲသွားခြင်း ဖြစ်၏။ ပထမဉာဏ်အဆင့်တွင် လူများကို တစ်ဦးစီ တစ်ဦးစီ အဖြစ်သာမြင်၏။ ယင်းတို့၏ ဆောင်ရွက်ချက်များကိုလည်း သီးခြားစီ သီးခြားစီ အဖြစ်သာ မြင်၏။ ယင်းတို့၏ စရိုက်များကိုလည်း တစ်မျိုးစီ တစ်မျိုးစီ အဖြစ်သာ မြင်၏။ ထို့ကြောင့် စာပေတစ်ပုဒ်ကို ဖတ်ရှုသောအခါ ပထမဉာဏ် အဆင့်အရ လောကတစ်ခုလုံး၏ ချမ်းသာရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဆောင်ရွက်ရန် စာဖတ်သူ၏ သန္တာန်၌ စိတ်ထားနှင့် စေတနာ ဖြစ်ပေါ်မလာဘဲ လူတစ်ဦးစီ၏ ဆောင်ရွက်ချက်၊ လူတစ်ဦးစီ၏ စရိုက်ကို သိရုံ သဘောမျှသာ ဖြစ်၏။ တစ်နည်း အားဖြင့် ဆိုရလျှင် ဗဟုသုတ ရရုံ သဘောမျိုးသာတည်း။

ထို့အပြင် စာပေ၏ အကြောင်းအရာ၌ ပါဝင်သော လူများသည် အလိမ္မာ စာမှာရှိ ဟူသော ဆောင်ပုဒ်အတိုင်း စာထဲမှာသာ ရှိ၏။ စာဖတ်သူအတွက် မိမိ၏ ကိုယ်၌ မရှိသေး။ စာရွက်ပေါ်၌ မှတ်တမ်းအဖြစ်သာ ရှိ၏။ မိမိ၏ ဟဒယဝတ္ထု

ရုပ်အတွင်း၌ မှတ်တမ်းအဖြစ် မရှိ။ ထို့ကြောင့် မိမိနှင့် မဆိုင်။ မိမိနှင့်မူ သူတစ်မိမ်း သက်သက်သာ ဖြစ်၏။ သူ၏ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းသည် မိမိနှင့်မဆိုင်ဘဲ သူနှင့်သာ ဆိုင်၏။ စာပေ၏ အကြောင်းအရာ၌ ပါဝင်သော လူများကို မိမိက အတ္တနိယအဖြစ် မသိမ်းပိုက်ထားသမျှ ကာလပတ်လုံး ယင်းတို့သည် မိမိ၏ ခံစားမှုကို လှုပ်ရှားလာအောင် ဆောင်ရွက်နိုင်မည် မဟုတ်။ ထိုသို့ မဆောင်ရွက်နိုင်ပါက မိမိအနေဖြင့်လည်း ထိုစာပေ အကြောင်းအရာပါ လူများ၏ ဆင်းရဲမှု၊ ချမ်းသာမှုကို အကြောင်းပြု၍ လောက၏ ချမ်းသာရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် မိမိ၌ စေတနာနှင့် မေတ္တာကို မည်သို့ မည်ပုံ နှိုးဆွနိုင်မည်နည်း။

ဤအမြင်မှာ လောကကို မြင်သော ပထမဆင့် ဉာဏ်အမြင်မျိုး ဖြစ်၏။ မိမိနှင့် တိုက်ရိုက်ပတ်သက်မှသာ မိမိ၏ ခံစားမှုကို ဖြစ်ပေါ်စေနိုင်သော သဘော ဖြစ်၏။ မိမိသည် လူတစ်ယောက်အနေဖြင့် လောကအတွင်း၌ နေသော်လည်း လောကတစ်ခုလုံး၏ ကောင်းကျိုးဆိုးပြစ်အတွက် ခံစားရန် မိမိ၌ တာဝန်မရှိဘဲ၊ မိမိ၏ ကောင်းကျိုး ဆိုးပြစ်အတွက်သာ ခံစားရန် မိမိ၌ တာဝန်ရှိ၏။ ထို့ကြောင့် စာပေမှ ထိုအမြင်မျိုးလောက်မျှကိုသာ သိမြင်ပါလျှင် ထိုလူစားမျိုးသည် “ဘယ်သူ သေသေ ငတေမာ ပြီးရော” ဟူသော လူစားမျိုးသာ ဖြစ်ပေလိမ့်မည်။ ‘မဟုတ်ပါ ဘူး’ ဟူ၍ လှပချောင်သော ပညာရှိ စကားလုံးများဖြင့် ငြင်းဆိုပါကလည်း ငြင်းဆိုရုံ သက်သက်မျှသာ ဖြစ်ပြီး ပရိသတ်ကမူ နောက်ကွယ်၌ ရယ်သွမ်းသွေးပေလိမ့်မည်။ ထိုလူမျိုးကား မိမိကိုယ်ကိုသာ လိမ်နိုင်စွမ်း၊ ညာနိုင်စွမ်း ရှိပြီး အခြားသူ တစ်ဦးဦး ကိုမူ လိမ်နိုင်စွမ်း၊ ညာနိုင်စွမ်း ရှိလိမ့်မည် မဟုတ်။ အကယ်၍ အခြားသူများက ယုံကြည်လျှင်လည်း ယာယီခဏမျှသာ ကြာပေလိမ့်မည်။ မျှားမကြာမီ ထိုအလိမ်၊ ထိုအညာသည် ထင်းထင်းကြီး ပေါ်လာပေလိမ့်မည်။ ဤလောက၌ သစ္စာသည် မုသားကို အောင်နိုင်မြဲ ဖြစ်၏။

သို့ဖြစ်၍ စာပေများကို ဖတ်ရာတွင် ပထမဆင့်ဉာဏ်မျိုးဖြင့် လောက၏ ချမ်းသာရေး၊ လောက၏ ငြိမ်းချမ်းရေးတို့အတွက် ဆောင်ရွက်လိုသော စေတနာနှင့် မေတ္တာကို စာဖတ်သူ၏ နှလုံးအိမ်အတွင်း၌ ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်စွမ်း မရှိလေသောကြောင့် ဒုတိယဆင့်ဉာဏ်မျိုး ရလေအောင် လေ့လာရပြန်၏။ သင်ယူ ရပြန်၏။ လေ့ကျင့်ရပြန်၏။

စာဖတ်သူ၏ ဉာဏ်ရည် ဉာဏ်သွေးသည် ဒုတိယအဆင့်သို့ ရောက် သောအခါ စာတစ်ပုဒ်၏ အကြောင်းအရာပါ လူများသည် ယင်းတို့၏ စရိုက် အလိုက် အုပ်စုဖွဲ့၍ စာဖတ်သူ၏ ရင်တွင်းသို့ ဝင်ရောက်လာ၏။ စာဖတ်သူ၏ ပြင်ပ၌ မနေတော့။ ထိုအခါ စာဖတ်သူသည် မိမိ၏ နှလုံးအိမ်၌ ဝင်ရောက်နေထိုင်

လာသော လူများကို မိမိနှင့် ဆိုင်လာပြီ ဖြစ်သဖြင့် ချစ်တတ်လာ၏။ သနားဖွယ်၊ ကြင်နာဖွယ် ကောင်းသူများကို သနားတတ်လာ၏။ ကြင်နာတတ်လာ၏။ ချီးကျူးဖွယ်၊ ဂုဏ်ယူဖွယ်၊ အားကျဖွယ် ကောင်းသူများကို ချီးကျူးတတ်လာ၏။ ဂုဏ်ယူတတ်လာ၏။ အားကျတတ်လာ၏။ သူ့အစွမ်းအစအတိုင်း ဆောင်ရွက်နိုင်စွမ်းရှိသူများကို လွတ်လွတ်လပ်လပ် သူ့သဘောအတိုင်း ဆောင်ရွက်နိုင်ရန် တိုက်တွန်းတတ်လာ၏။ အားပေးအားမြှောက် ပြုတတ်လာ၏။

စာတတ်ပုဒ်၏ အကြောင်းအရာပါ လူများ၏ ချစ်ဖွယ်၊ ကြင်နာဖွယ်၊ ဂုဏ်ယူဖွယ်၊ စိတ်တိုင်းကျ ဆောင်ရွက်ခွင့် ပေးဖွယ်တို့ကို အကြောင်းပြု၍ ပြင်ပလောကရှိ လူတို့ကိုလည်း ချစ်တတ်လာ၏။ ကြင်နာတတ်လာ၏။ ဂုဏ်ယူတတ်လာ၏။ စိတ်တိုင်းကျ ဆောင်ရွက်ခွင့် ပေးတတ်လာ၏။ ထိုသို့ သဘောထားလာနိုင်ခြင်းမှာ စာတစ်ပုဒ်ပါ လူများကို မူလက စာရွက်ပေါ်၌ မှတ်တမ်းတင်ထားရာမှ စာဖတ်သူ၏ နှလုံးသားအတွင်းသို့ ပြောင်းရွှေ့၍ မှတ်တမ်းတင်လိုက်သောကြောင့် ဖြစ်၏။ ယင်းကိုပင် အတ္တ နိယ ဟူ၍ ခေါ်ကြ၏။ ဗြဟ္မစိုရ်တရားဖြင့် လောကကို မြင်ခြင်း ဟူ၍လည်း ဆိုကြ၏။ အမှန်အားဖြင့် ဤဒုတိယဉာဏ်အဆင့်မှာ ပုဂ္ဂိုလ်သတ္တဝါကို အာရုံပြုသော အဆင့်ဖြစ်၏။ ဤလောကတွင် ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့် ရှိနေသမျှ ကာပတ်လုံး ဗြဟ္မစိုရ်တရား လေးပါးသည် လောက၏ ချမ်းသာ၊ လောက၏ ငြိမ်းချမ်းရေးတို့ အတွက် အလိုအပ်ဆုံးနှင့် အမြင့်မြတ်ဆုံး လိုက်နာကျင့်သုံးသင့်သော ကိုယ်ကျင့်သိက္ခာ ဆိုင်ရာ တရားမြတ်များ ဖြစ်ကြပါ၏။ ယင်းတရားများ ထွန်းကားသည်နှင့်အမျှ လောကသည် ချမ်းသာ၏။ ငြိမ်းချမ်း၏။ သို့ရာတွင် ထိုတရားများကို လက်တွေ့ တိတိကျကျ လိုက်နာကျင့်သုံးနိုင်အောင် အားထုတ်ရန်ကား များစွာ ခဲယဉ်းလှပါ၏။

ဗြဟ္မစိုရ်တရားဟူသည် အပိုင်းအခြားမဲ့၊ ဘောင်မဲ့ တရားများ ဖြစ်ကြ၏။ ပုထုဇဉ်တို့သည် မူလဗီဇအားဖြင့် အပိုင်းအခြား မရှိ၊ ဘောင်ရှိ တရားကိုသာ ကျင့်ကြံအားထုတ်သူများ ဖြစ်ကြ၏။ သူ့လူ ငါ့လူ ခွဲခြားတတ်ကြ၏။ ဂုဏ်ရှိ ဂုဏ်မဲ့ ရွေးချယ်၍ ဆက်ဆံတတ်ကြ၏။ ထို့ကြောင့် ပုထုဇဉ်တို့၏ မူလပင်ကို ဗီဇစိတ်ဓာတ်ကို နိုင်အောင် ဗြဟ္မစိုရ်တရားများဖြင့် တိုက်ရာ၌ စာပေသိ၊ အတတ်ပညာသိဖြင့် မလုံလောက်ဘဲ လက်တွေ့ကျကျ ကိုယ်ကျင့်တရားများကို ပြင်းပြင်းထန်ထန် ပွားများအပ်၏။ လေ့ကျင့်အပ်၏။ သို့မှသာ ပုထုဇဉ်တို့၏ အတ္တလွန်စိတ်ကို နှိမ်နင်းနိုင်ပေမည်။ အတ္တလွန်စိတ်ကို နှိမ်နင်းနိုင်မှလည်း လူသားအချင်းချင်း စာနာစိတ်ဖြင့် ဗြဟ္မစိုရ်တရား ပွားများပြီး လူ့လောကသည် ငြိမ်းချမ်းသာယာပေလိမ့်မည်။

အမှန်အားဖြင့် လူ့လောက သာယာရေးသည် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများ၏ ဖွံ့ဖြိုးတိုးတက်မှု အပေါ်၌ မတည်ဘဲ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပေါ်၌သာ တည်၏။ ရုပ်ပိုင်းဆိုင်ရာပစ္စည်း တိုးတက်လေလေ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများ ပို၍ကြီးလေလေ ဖြစ်၏။ ဒေသနာတော်အရ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများသည် ကာမဂုဏ်များ ဖြစ်ကြလေရာ ကာမဂုဏ်များသည် သားတစ်တုံးနှင့် တူ၏။

သားတစ်တုံးတစ်ခုတွေ့လျှင် ခွေးနှင့်ကျီးတို့သည် တစ်ကောင်နှင့်တစ်ကောင် ထိုးဆိတ်လုယက် တိုက်ခိုက်ကြသကဲ့သို့ ကာမဂုဏ်များနှင့် ပတ်သက်၍လည်း ပိုမို မြတ်နိုးဖွယ်ရာကောင်းလေ ပုထုဇဉ်လူသားများသည် တစ်ဦးနှင့်တစ်ဦး ပို၍တိုက်ခိုက်လေ ဖြစ်ပါ၏။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ တိုးတက်မှုသည် အတ္တလွန်စိတ် တည်းဟူသော ဆင်ရိုင်းများကို ပို၍ အားကောင်းအောင် လုပ်သည်နှင့် တူပါ၏။

ဆင်ရိုင်းများကို ယဉ်လာအောင် ကျုံးသွင်းရ၏။ ချွန်းဖြင့် အုပ်ရ၏။ ထိုနည်းအတူ ဖွံ့ဖြိုးတိုးတက်လာသော ကာမဂုဏ်တရားများ အပေါ်၌ ငါနှင့် ငါဆိုင်ရာများ အတွက်သာဟု မြင်တတ်သော အတ္တလွန်စိတ်ကို ထိန်းချုပ်နိုင်ရန် ဗြဟ္မစိုရ်တရားများကို လက်တွေ့ကျကျ ကျင့်သုံးရန် များစွာ လိုအပ်ပါ၏။ သို့မဟုတ်ပါက သူတစ်ပါးအပေါ် အကောင်းမမြင်တတ်သော ဣဿာတရားလည်း ပွားတတ်၏။ မိမိသာလျှင် လူတော်လူကောင်းအဖြစ် ခံယူထားပြီး အခြားသူများက မိမိနှင့် ယှဉ်လာမည်ကို သည်းမခံနိုင်သော မစ္ဆရိယတရားလည်း ပွားတတ်ပါ၏။ ဣဿာနှင့် မစ္ဆရိယတို့ ပွားနေသမျှ ကာလပတ်လုံး ယင်းတို့ကို ကျုံးသွင်းရန်နှင့် ယင်းတို့ကို ချွန်းဖြင့်အုပ်ရန်အတွက် ဗြဟ္မစိုရ်တရားကို အဘယ်သို့လျှင် ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးရန် မလိုအပ်ဘဲ ရှိပါမည်နည်း။

အမှန်အားဖြင့် ဣဿာနှင့်မစ္ဆရိယသည် လူ့လောက ဆင်းရဲခြင်းနှင့် မငြိမ်းချမ်းခြင်း၏ အကြောင်းတရားများ ဖြစ်ကြ၏။ ဤလောကတွင် မိမိတစ်ယောက်တည်း ရှိနေသည် မဟုတ်၊ အခြားသူများလည်း ရှိနေလေရာ အခြားသူများက မိမိထက် တော်ကြောင်း ပြောသံဆိုသံ ကြားရလျှင်ပင် ဣဿာကြောင့် နားကြားပြင်းကတတ်၏။ မိမိက မတော်ပါဘဲလျက် ဦးဆောင်ဦးရွက် ပြုနေသည်ဟု ဝေဖန်ခံရလျှင် မစ္ဆရိယကြောင့် မခံချိ မခံသာ ဖြစ်၏။ ဤသို့ ဆိုလျှင် လူ့လောက၏ ချမ်းသာရေးနှင့် ငြိမ်းချမ်းရေးကို မည်သို့ ဆောင်ရွက်နိုင်မည်နည်း။ ထို့ကြောင့် ဣဿာနှင့် မစ္ဆရိယကို ပယ်ဖျောက်ရန် ဗြဟ္မစိုရ်တရားကို လူသားတို့၏ သန္တာန်၌ ပွားနိုင်သည်ထက် ပွားနိုင်အောင် ကြိုးပမ်းရန် လိုအပ်ပါ၏။

ပထမဉာဏ်အဆင့်အရ စာတစ်ပုဒ်ကို ဖတ်ရာတွင် ယင်းအသိဖြင့် အတ္တလွန် စိတ်ကို မလျော့ပါးစေနိုင်၍ လူလောကအတွက် အကျိုးမပြုနိုင်သဖြင့် ဒုတိယဉာဏ် အဆင့်ကို ရရန်လိုအပ်ခြင်း ဖြစ်၏။ ပထမဉာဏ်အဆင့်အရ စာတစ်ပုဒ်ကို ဖတ်သောအခါ စာပါ လူများကို စက္ကူပေါ်၌သာ မှတ်တမ်းတင်၏။ ထို့ကြောင့် အတ္တလွန်သဘောကို မပယ်ဖျောက်နိုင်ဘဲ ဣဿာနှင့် မစ္ဆရိယ တိုးပွားရုံသာ ရှိ၏။ ဒုတိယဉာဏ်အဆင့် အရ စာတစ်ပုဒ်ကို ဖတ်ရာတွင်မူ စာပါ လူများကို စက္ကူစာရွက်ပေါ်မှ နှလုံးသားပေါ်သို့ ရွှေ့၍ မှတ်တမ်းတင်နိုင်၏။

နှလုံးသားပေါ်၌ မှတ်တမ်းတင်နိုင်သော်လည်း တကယ်တမ်း လက်တွေ့ ကျကျ မကျင့်သုံးနိုင်ပါလျှင် "ဝိနည်းတတ်၊ ကြက်သတ်" ဟူသော စကားပုံအတိုင်း ပို၍ဆိုး၏။ လူယောင်ဆောင်ထားသော ဘီလူးသဘောမျိုး ဖြစ်၏။ အဆိပ်ကို သကြားရည် ဖုံးထားသော သဘောမျိုး ဖြစ်၏။ ဒေဝဒတ်ဝတ္ထုကို ထောက်ထားလျှင် ယုတ်မာသော ပညာမဲ့ထက် ယုတ်မာသော ပညာရှိက ပို၍ အန္တရာယ်ကြီး၏။ ထို့ကြောင့် ဒုတိယဉာဏ် အဆင့်မျိုးဖြင့် စာကို ဖတ်တတ်ပါသော်လည်း စာသိ အဆင့်ကို တကယ်တမ်း ကျော်လွန်ပြီး ကိုယ်ကျင့်သိက္ခာသိ အဆင့်သို့ ရောက်အောင် မဖြစ်မနေ အားထုတ်အပ်ပါ၏။ သို့မှသာ မိမိ၏ အတ္တလွန်စိတ်ကို ပယ်ဖျောက်ပြီး ဗြဟ္မစိုရ်တရားများဖြင့် ဣဿာနှင့် မစ္ဆရိယကို ပါးသည်ထက်ပါးအောင် ကျင့်ကြံနိုင်ပေလိမ့်မည်။ ထိုအခါမှသာ လောက၏ ချမ်းသာရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ပေလိမ့်မည်။

ဤလောကတွင် ဗြဟ္မစိုရ်ကျင့်စဉ်အတိုင်း လိုက်နာကျင့်သုံးသောအခါ ပို၍ပို၍ တိုးတက်လာသော ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများကိုလည်း ဗြဟ္မစိုရ် တရားများက ခင်းပေးသော လမ်းအတိုင်း လောက၏ အကျိုးပြုလုပ်ငန်းအတွက် အသုံးချနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက မာန်မာနတရားတို့က ခင်းပေးသော လမ်းအတိုင်း လောက၏ အဖျက်လုပ်ငန်းအတွက် အသုံးချမည် ဖြစ်၏။ ထို့ကြောင့် ယနေ့မျက်မှောက်ကမ္ဘာ၌ တစ်နေ့ထက်တစ်နေ့ တိုးတက်ထွန်းကားလာသော သိပ္ပံပညာရပ်များကြောင့် ကာမဂုဏ် ပစ္စည်းဝတ္ထုများလည်း ပို၍ပို၍ ဖြစ်ထွန်း ပေါ်ပေါက်လာလေရာ ယင်းကာမဂုဏ်ပစ္စည်း ဝတ္ထုများသည် "မာရာ တေ ပထမ သေနာ" ဟူသော ဒေသနာတော်အရ မာရ်နတ်၏ ပထမတပ်ဦး မဖြစ်ရလေအောင် အားထုတ်အပ်ပါ၏။

ဤလောက၌ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ ခဏတိုင်း ခဏတိုင်း အသစ် အသစ် အနေဖြင့် ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိရာ ထိုဖြစ်ထွန်းပေါ်ပေါက်လျက် ရှိသော အရာဝတ္ထုများအနက် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် အရှိန်အဟုန် ပြင်း

သလောက် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် ရှေးခေတ်နှင့်စာလျှင် များစွာ နောက်ကျ ကျန်ရစ်ခဲ့၏။ ရုပ်ပိုင်းနှင့် ပတ်သက်လျှင် ပါမောက္ခအိန်စတိန်းက $E=mc^2$ဟူ၍ ပုံသေနည်းကို ဖော်ထုတ်ခဲ့၏။ လမ်းပေါ်၌ တွေ့ရသော ကျောက်ခဲ တစ်ခဲသည်ပင် ဤပုံသေနည်းအရ ကြီးမားစွာသော စွမ်းအင်ကို ဖြစ်ပေါ်စေနိုင်၏။

ဤပုံသေနည်းအရ "E"ဟူသည် စွမ်းအင်ဖြစ်၏။ "m"ဟူသည် ဒြပ်ထု ဖြစ်၏။ "c"ဟူသည် နေအလင်းရောင်၏ တစ်စက္ကန့်သွားနှုန်းမိုင် ဖြစ်၏။ ထို့ကြောင့် လမ်းပေါ်၌ တွေ့ရသော ကျောက်ခဲကို အသုံးမချတတ်သူက ခြေဖြင့် ခတ်သွားမည် ဖြစ်သော်လည်း အသုံးချတတ်သူ အတွက်မူ ကျောက်ခဲ၏ စွမ်းအင် သည် E=m x ၁၈၆,၀၀၀ x ၁၈၆,၀၀၀ ဟူ၍ ဖြစ်၏။ နေအလင်းရောင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ သွားသဖြင့် ဒြပ်ထုကို တစ်စက္ကန့်နေသွားနှုန်း နှစ်ထပ်ကိန်းဖြင့် မြှောက်ပါက ဒြပ်ထုကြီးလျှင် ကြီးသလို၊ ငယ်လျှင်ငယ်သလို ကိန်းဂဏန်းအလိုက် ကျောက်ခဲ၏စွမ်းအင်ကို ရမည်ဖြစ်၏။ ဤမျှလောက် သိပ္ပံ ပညာ တိုးတက်မှုအရ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် အံ့ဖွယ်ကောင်းလောက် အောင် အရှိန်အဟုန် ပြင်းလှ၏။ စိတ်ပိုင်းဆိုင်ရာ၏ တိုးတက်မှုကား ပြောင်းပြန် အနေဖြင့် နောက်သို့ ဆုတ်၍ ဆုတ်၍ သွား၏။ ဤအခြေအနေကား ကောင်းသော လက္ခဏာ မဟုတ်။

ရှေးခေတ်ကဆိုလျှင် မြေလျှိုး မိုးပျံနိုင်သည်အထိ စိတ်၏စွမ်းအင်သည် ကြီးမား၏။ စကြဝဠာပေါင်း များစွာကို နတ်မျက်စိလို မြင်စွမ်းနိုင်၏။ နတ်နားလို ကြားနိုင်၏။ ဤသည်မှာ သမထတန်ခိုး ဖြစ်၏။ ဝိပဿနာတန်ခိုးအရ ဆိုလျှင် လည်း ကာလနှင့် ဒေသတို့ မလိုက်နိုင်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ ဤလောက၌ မည်သည့် အရာဝတ္ထုမျှ ဖြစ်ပျက်သဘောကို မလွန်ဆန်နိုင်။ ဒေသ က ဖြစ်အောင်လုပ်၏။ ကာလ က ပျက်အောင်ဖျက်၏။ ၃၁ ဘုံလုံး၌ပင် ဖြစ်, ပျက် သဘောဖြင့် ကာလနှင့် ဒေသတို့၏ လက်အောက်မှ စိတ်ဖြစ်စေ၊ ရုပ်ဖြစ်စေ အရာရာတိုင်းသည် ရုန်းမထွက်နိုင်။ ဝိပဿနာနည်းဖြင့်သာ ကာလနှင့်ဒေသ၏ အာဏာစက်ဝန်းမှ လွတ်အောင် ရုန်းထွက်နိုင်၏။ ဤသည်မှာလည်း စိတ်ပိုင်း ဆိုင်ရာ၏ တန်ခိုးဖြစ်၏။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ၏ တိုးတက်မှုသည် ရှေးခေတ် က အရှိန်အဟုန် ပြင်းလှ၏။ ယခုခေတ်၌မူ ရုပ်ပိုင်းဆိုင်ရာ၏ တိုးတက်မှုသည်သာ အရှိန်အဟုန် ပြင်းတော့၏။

ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် ကမ္ဘာကြီးကို ဖောက်ထိုးမိုးမျှော် ဖြစ်သွား အောင် လုပ်သည်အထိ အတ္တလွန်စိတ်ကို လွှမ်းမိုးနေသမျှ ကာလပတ်လုံး ဤ လောကသည် အမြဲတမ်း ဆူပွက်နေမည် ဖြစ်၏။ ငြိမ်းချမ်းမှုကို ရရှိရန်နှင့် စိတ်အေး

ချမ်းသာစွာ နေနိုင်ရန် များစွာ ခဲယဉ်း၏။ အမြဲတစေ ကြောက်ရွံ့ထိတ်လန့်ပြီး ပူပင်သောက ရောက်နေရသည့် အချိန်က များ၏။ သို့ဆိုလျှင် ရခဲသော လူ့ဘဝကို ရခြင်းသည် အဓိပ္ပာယ် ရှိလှတော့မည် မဟုတ်။ ထို့ကြောင့် ရခဲသော လူ့ဘဝကို အဓိပ္ပာယ်ရှိစေရန် အတ္တလွန်စိတ်ကို နှိမ်နင်းဖို့ လိုအပ်ပါ၏။

အတ္တလွန်စိတ်ကို နှိမ်နင်းဖို့ရန်အတွက် ခိုင်မာသော ကိုယ်ကျင့်သိက္ခာကို တည်ဆောက်နိုင်ရန် များစွာ လိုအပ်ပါ၏။ ခိုင်မာသော ကိုယ်ကျင့်သိက္ခာ တည်ဆောက်ရေးနှင့် ပတ်သက်၍ စာပေသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်၏။ ထို့ကြောင့် ဘာသာရေးဆိုင်ရာ စာပေများဖြင့် လည်းကောင်း၊ လောကရေးရာ စာပေများဖြင့် လည်းကောင်း အတ္တလွန်စိတ်ကို နှိမ်နင်းရန် ကြိုးပမ်းကြပါ၏။ သို့ရာတွင် စာဖတ်တိုင်းလည်း အတ္တလွန်စိတ်ကို နှိမ်နင်းနိုင်သည် မဟုတ်။ စာ၏ အနက်ကို ပြည့်ပြည့်စုံစုံသိပြီး စာ၏ ညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာလျက် ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးမှသာလျှင် အတ္တလွန်စိတ်ကို နှိမ်နင်းနိုင်ပေလိမ့်မည်။

အတ္တလွန်စိတ်ကို နှိမ်နင်းနိုင်ရန် ထိုထိုစာပေပညာရှင်များက စာပေများဖြင့် သင်ကြားပေးကြပါ၏။ သို့ရာတွင် သင်ကြားပေးသည့်အတိုင်း သိနိုင်ရန် စာဖတ်နည်းများလည်း လိုပါ၏။ စာပေဖတ်နည်းနှင့် ပတ်သက်၍ ထေရဝါဒရှုထောင့်မှ ဖော်ပြပေးသော စာဖတ်နည်းများအနက် ရသစာပေနှင့် နေတ္တိကျမ်းတို့သည် ထင်ရှားကြ၏။ ရသစာပေဆိုင်ရာ သုဗောဓာလင်္ကာရကျမ်းကလည်း တတိယဉာဏ်အဆင့်ကို ရအောင် ရသ နည်းဖြင့် သင်ပေး၏။ နေတ္တိကျမ်းကလည်း တတိယဉာဏ် အဆင့်ကိုပင် ရအောင် ဟာရ, နယ, သာသနပဋ္ဌာန ပေါင်းနည်း သုံးမျိုးတို့ဖြင့် သင်ပေး၏။

ရသနည်းနှင့် နေတ္တိနည်းသည် အချင်းချင်း မတူကြ။ သို့ရာတွင် ဗဟုဇနသုခါယ ဟူသော မြတ်စွာဘုရား၏ မူရင်းရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရေးသို့ ဦးတည်သည်ချည်း ဖြစ်၏။ လောက၏ အစီးအပွားအတွက် သတ္တဝါများ အကျိုးရှိရန်၊ သတ္တဝါများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် ဘုရားပွင့်တော်မူလာခြင်းဖြစ်ရာ ဤလောက၌ ဘုရားပွင့်တော်မူရကျိုး နပ်လေအောင် မြတ်စွာဘုရား၏ ဒေသနာတော်များကို တတိယဉာဏ် အဆင့်ဖြင့် ဖတ်၍ နားလည်နိုင်ရန် ရည်ရွယ်သည်ချည်း ဖြစ်၏။

ရသစာပေနည်းအရ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါကို အရှိထား၏။ သို့ အရှိထားသော်လည်း ထိုပုဂ္ဂိုလ်သတ္တဝါတို့၌ အတ္တလွန်စိတ်ကို ပယ်ဖျောက်နိုင်ရန် သီလဝိသုဒ္ဓိကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရေးအတွက် ပဓာနပြု၏။ ရသ

စာပေနည်း အရ စာတစ်ပုဒ်ကို ဖတ်သောအခါ အောက်ပါတိုင်း အဆင့် သုံးဆင့်ကို အခြေခံ၏။

(၁) သက်ရှိဖြစ်လျှင် စရိုက်၊ သက်မဲ့ဖြစ်လျှင် ပုံသဏ္ဌာန် ပီပြင်ခြင်း၊
(၂) လောကတစ်ခုလုံးကို ကိုယ်စားပြုနိုင်ခြင်း၊
(၃) မူလ အရာဝတ္ထုနှင့် စာဖတ်သူ တစ်သားတည်း ဖြစ်သွားခြင်း၊

ရသစာပေနည်းအရ စာကိုဖတ်ရာတွင် ဒုတိယအဆင့်အရ လောကကို ခြုံ၍ မြင်ပြီး စာဖတ်သူ၏ သန္တာန်၌ "စာနာစိတ်"များ ဖြစ်ပေါ်လာနိုင်ပါ၏။ ယင်းစာနာစိတ်များကို ဗြဟ္မစိုရ်တရား ဟူ၍လည်း ခေါ်နိုင်၏။ သို့ရာတွင် "စာနာစိတ်"သည် ကိုယ်တိုင် ခံစားချက်လောက် အင်အားမရှိသဖြင့် သီလဝိသုဒ္ဓိကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်၍ မရနိုင်ဘဲ ရှိ၏။ ထို့ကြောင့် သီလဝိသုဒ္ဓိကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရေးအတွက် တတိယအဆင့်ကို မလွဲမသွေ လိုအပ်ခြင်း ဖြစ်၏။ တတိယဆင့်အရ စာပါ အကြောင်းအရာနှင့် စာဖတ်သူသည် တစ်သားတည်း ဖြစ်သွားဖို့ လိုအပ်ပါ၏။ ထိုအခါ စာဖတ်သူသည် မိမိကိုယ်တိုင် ခံစားရသည့်သဘော ဝင်လာ၏။ ဤသဘောကို "လောကုတ္တရာ ဘာသ"ဟု ရသစာပေကျမ်းများ၌ ဆို၏။

လောကုတ္တရာဘာသ ဟူသည် လောကုတ္တရာအတု (ဝါ) လောကလွန်သဘော ဟူ၍ ဆိုလို၏။ လောကလွန်သဘော ရှိသည်နှင့် တစ်ပြိုင်နက် ပစ္စဝေက္ခဏာ ခေါ် မိမိ၏ ခံစားချက်ကို ပြန်လည်ဆင်ခြင်သည့် သဘောသည် မုချမသွေ ပေါ်ပေါက်လာရ၏။ ထိုသို့ မိမိ၏ ခံစားချက်ကို ပြန်လည်ဆင်ခြင်သည့် အခါကျမှသာ မကောင်းမှု ဟူသမျှကို မပြုလုပ်ခြင်းနှင့် ကောင်းမှုဟူသမျှကို ပြုလုပ်ခြင်းသဘော ပါသော သီလ ဝိသုဒ္ဓိသည် ဖြစ်ပေါ်လာရ၏။ သီလဝိသုဒ္ဓိသည် စိတ်ထားဖြူစင်ခိုင်မာမှု ဟူသော စိတ္တဝိသုဒ္ဓိသို့ ဦးတည်၏။ ဗုဒ္ဓစာပေရှုထောင့်အရ သုဗောဓာလင်္ကာရသည် စာဖတ်သူများအတွက် ရသနည်းဖြင့် သီလဝိသုဒ္ဓိကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်အောင် ကြိုးပမ်းပါ၏။ ထို့နောက် စိတ္တဝိသုဒ္ဓိသို့လည်း ဦးတည်ပါ၏။

နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာဖတ်ရာတွင် ပုဂ္ဂိုလ်သတ္တဝါကို အရှိထားသည့် အဆင့်မှ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ ဟူသော အဆင့်သို့ရောက်အောင် စာဖတ်သူကို သူဖတ်နေသည့်စာက သယ်ဆောင်သွား၏။ ဗုဒ္ဓစာပေ၏ အစဉ်အလာ သွန်သင်ချက်အတိုင်း မည်သည့်စာပေကို ဖတ်ဖတ် သစ္စာလေးပါးမှ လွတ်သော သဘောနှင့် ကမ္မဋ္ဌာန်းမှ လွတ်သောသဘောတို့ မရှိရလေအောင် ဖတ်တတ်နိုင်ရန် နေတ္တိကျမ်းက စာဖတ်နည်းကို သင်ပေး၏။ ဆရာဇိဝကသည် အဆိပ်ကို

ဆေးဖြစ်အောင် လုပ်နိုင်သလို စာဖတ်သူသည် နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာကိုဖတ်ပါက မည်သည့်စာကို ဖတ်ဖတ်၊ သံကိလေသပက္ခခေါ် ညစ်နွမ်းသော အုပ်စုမှ ဝေါဒါနပက္ခခေါ် ဖြူစင်သောအုပ်စုသို့ ရောက်အောင် အနက်ကို ဖော်ထုတ်၍ နားလည်၏။

ထိုကဲ့သို့ နားလည်နိုင်ရန် လွယ်ကူသည်တော့ မဟုတ်။ ထေရဝါဒ ပိဋကတ်တော်များကို အခြေခံကျကျ ရှေးဦးစွာ နားလည်အောင် သင်ယူရ၏။ သင်ယူရာ၌လည်း ဆရာ၏ အကူအညီကို မယူဘဲ ဆရာလွတ် သင်ယူ၍ ရကောင်းသည် မဟုတ်။ ဗုဒ္ဓ၏ ပိဋကတ်တော်များကို လေ့လာရာတွင် ကလျာဏမိတ္တခေါ် ဆရာကောင်း များစွာ လိုအပ်၏။ အယူအဆ တစ်ချက်လွဲသည်နှင့် တစ်ပြိုင်နက် အဇာတသတ်လို တစ်သံသရာလုံး မှောက်သွားနိုင်၏။ ရှင်သာရိပုတ္တရာသည်ပင် ဓနဉ္ဇာနိပုဏ္ဏားအား ရဟန္တာဖြစ်အောင် ဝိပဿနာတရားကို ဟောရမည့်အစား ဗြဟ္မာဖြစ်အောင် သမထ တရားကို ဟောလိုက်မိသဖြင့် မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ တရားဟော မှားသွားကြောင်း ညွှန်ပြရာ၊ ရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်သို့လိုက်၍ ဓနဉ္ဇာနိဗြဟ္မာအား ရဟန္တာဖြစ်အောင် ဝိပဿနာတရားကို ဟောတော်မူရ၏။ တော်ပါသေး၏။ အသိ ဦးပေလို့သာ။ သို့မဟုတ်ပါက ဗြဟ္မာသက်တမ်းအရ ဓနဉ္ဇာနိဗြဟ္မာသည် ဤ မြတ်စွာဘုရား သာသနာတော်၌ အရိယာဖြစ်တော့မည် မဟုတ်။

ဗုဒ္ဓစာပေ လေ့လာနည်းသည် လောကီစာပေ လေ့လာနည်းနှင့် မတူ၊ ဗုဒ္ဓစာပေကို လေ့လာသောအခါ ပိဋကတ်တော်ကို အမှန်အတိုင်း နားလည်သော ဆရာထံမှ သင်ယူပြီး ထိုသင်ယူထားသည့်အတိုင်း လိုက်နာကျင့်သုံးလျက် ကိုယ်ကျင့်သိက္ခာကို ခိုင်မာစွာ တည်ဆောက်နိုင်မှသာ နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာကို ဖတ်နိုင်သည် မည်၏။

ဗုဒ္ဓစာပေ၏ မူရင်းရည်ရွယ်ချက်သည် ဤလောက၌ ငြိမ်းချမ်းစွာနှင့် ချမ်းသာစွာ နေထိုင်နိုင်ရန် ဖြစ်၏။ ငြိမ်းချမ်းစွာနှင့် ချမ်းသာစွာ နေထိုင်နိုင်ဖို့ဆိုသည်မှာလည်း မိမိတို့သန္တာန်၌ ကိလေသာများကို ပါးသည်ထက်ပါးအောင် ကျင့်ကြံအားထုတ်၍ မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်မှ ဖြစ်၏။ ထို့ကြောင့် နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာကို ဖတ်ပါက သံကိလေသပက္ခ ခေါ် ညစ်ညမ်းသောအုပ်စုမှ ဝေါဒါနပက္ခခေါ် ဖြူစင်သော အုပ်စုသို့တိုင်အောင် အနက်ကို သိခြင်း ဟူသည်မှာ ပါး၍ပါး၍ သွားခြင်းကို ဆိုခြင်း ဖြစ်၏။

နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာတစ်ပုဒ်ကို ဖတ်သောအခါ ယင်း

စာတွင် သရုပ်ဆောင်ပုဂ္ဂိုလ်များ ပါဝင်၏။ ယင်းတို့၏ လှုပ်ရှားမှုများ၊ လောကနှင့် ဆက်ဆံမှုများ ပါဝင်၏။ သို့ရာတွင် ယင်းစာတစ်ပုဒ်ပါ အကြောင်းအရာများ အားလုံးကို ဘဝအဖြစ် သတ်မှတ်လိုက်၏။ တစ်ဖန် ဘဝကိုပင် အနက်ပိုင်းနှင့် သဒ္ဒါပိုင်းဟူ၍ နှစ်ပိုင်း ခွဲလိုက်ပြန်၏။ အနက်ပိုင်းတွင် ပါဝင်သမျှ အားလုံးကို ပုဂ္ဂိုလ်သတ္တဝါအဆင့်မှ ပုဂ္ဂိုလ် မရှိ၊ သတ္တဝါမရှိ အဆင့်သို့တိုင်အောင် အဆင့်လိုက် ရှုမြင်၏။ သုံးသပ်၏။ ထိုသို့ ရှုမြင် သုံးသပ်သောအခါ အနက်ပိုင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အမျိုးအစား သုံးမျိုး ခွဲလိုက်၏။

(၁) အဿာဒ (သာယာဖွယ်)၊

(၂) အာဒီနဝ (မသာယာဖွယ်)၊

(၃) နိဿရဏ (လွတ်မြောက်ဖွယ်)၊

သာယာဖွယ် အဿာဒ ဟူသည်မှာလည်း ဘဝပင် ဖြစ်၏။ မသာယာဖွယ် အာဒီနဝ ဟူသည်မှာလည်း ဘဝပင် ဖြစ်၏။ လွတ်မြောက်ဖွယ် နိဿရဏ ဟူသည်မှာလည်း ဘဝနှင့်ပင် စပ်၏။ ရှုမြင်စရာ၊ သုံးသပ်စရာကား ဘဝတစ်မျိုး တည်းသာ ဖြစ်၏။ ယင်းဘဝတစ်မျိုးတည်းမှ အမြင် သုံးမျိုးကို လိုက်၍ အနက် သုံးမျိုး ကွဲသွားခြင်း ဖြစ်၏။

လူသည် ဘဝကို စကတည်းက ပဋိသန္ဓေနောင် ပထမဦးဆုံး ဘဝကို တပ်မက်သည့် လောဘဖြင့် စခဲ့သူ ဖြစ်၏။ ယင်းလောဘကို ဘဝနိကန္တိက လောဘ ဟူ၍ ပါဠိဝေါဟာရဖြင့် ခေါ်၏။ ထို့ကြောင့် လူသည် မိမိ၏ မူလဗီဇအတိုင်း မိမိ၏ ဘဝအတွက် မြင်မြင်သမျှ၊ ကြားကြားသမျှကို အတ္တလွန်စိတ်ဖြင့် သိမ်းပိုက်တတ်၏။ လူ၌ အတ္တလွန်စိတ် လွှမ်းမိုးနေသမျှ ကာလပတ်လုံး ပတ်ဝန်းကျင်ရှိ လူသားကို ထိုအတ္တလွန်စိတ်ဖြင့်ပင် ဆက်ဆံမည်ဖြစ်ရာ လောကသည် အဘယ်သို့ လျှင် ငြိမ်းချမ်းနိုင်မည်နည်း။ ထို့ကြောင့် အတ္တလွန်စိတ်ကို နှိမ်နင်းရန် လိုအပ်ပါ၏။

သို့ဖြစ်၍ စာဖတ်သူသည် အတ္တလွန်စိတ်ဖြင့် စာကိုဖတ်ပါက ထိုစာမှ ရသော အသိနှင့် ဗဟုသုတဖြင့် လောကငြိမ်းချမ်းသာယာရေးအတွက် မဆောင်ရွက် ဘဲ သူ့အတွက်သာ ဆောင်ရွက်မည် ဖြစ်၏။ အရာရာတိုင်းကို သာယာဖွယ် အဿာဒအဖြစ်သာ မြင်မည် ဖြစ်၏။ စိတ်ဆိုးရခြင်း၌လည်း သာယာ၏။ သူ့၌ တရားသည်၊ မတရားသည် ဟူ၍ မရှိ။ သူ့အတွက် အကျိုးရှိလျှင် အားလုံးကောင်း ၏။ သူ၏ အတ္တလွန်စိတ်သည် လောကီတရားများ အားလုံးကို အာရုံပြု၏။ ထို့ကြောင့် သူ့အတွက် ဘဝသည် သာယာဖွယ် အဿာဒ ဖြစ်၏။

ဤပုဂ္ဂိုလ်မျိုးသည် မိမိအတွက် ရရှိခြင်း၌သာ ချမ်းသာကို မြင်နိုင်၏။ လောကအတွက် စွန့်လွှတ်ရခြင်း၌ ချမ်းသာကို မမြင်။ အဘိဓမ္မာနည်းအရဆိုလျှင်

လောဘဥ္စာ ချမ်းသာကို မြင်၏။ အလောဘဥ္စ ချမ်းသာကို မမြင်။ လောဘသည် သံသရာလည်ခြင်း၏ အကြောင်းဖြစ်သည်ကို သူ မသိ။ သိလျှင်လည်း စိတ်မဝင်စား။ လောလောဆယ် သူ ရဖို့သာ အရေးကြီး၏။ တရားသဖြင့် ရရ၊ မတရားသဖြင့် ရရ ရဖို့သာ ပဓာနဖြစ်၏။ တရားခြင်း၊ မတရားခြင်းသည် ပဓာန မဟုတ်။ လမ်းစဉ်နှင့် ပန်းတိုင်တွင် ပန်းတိုင်ကိုသာ ပဓာနထားသူ ဖြစ်၏။ ပန်းတိုင်သို့ ရောက်ခြင်းသည်ပင် လမ်းစဉ်မှန်ခြင်း၏ မငြင်းပယ်နိုင်သော သက်သေ အထောက်အထား ဖြစ်သည်ဟု ယုံကြည်သူ ဖြစ်၏။

ဤပုဂ္ဂိုလ်မျိုးသည် စာကို ဖတ်သောအခါ ပထမဆင့် ဉာဏ်မျိုးဖြင့်သာ စာ၏ အနက်ကို သိစွမ်းနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ထို့ကြောင့် သူ့၌ရှိသော အတ္တလွန် စိတ်ကို ပယ်ဖျောက်နိုင်ရန် သူ၏ စာပေအသိဉာဏ်က မစွမ်းဆောင်နိုင်ခြင်း ဖြစ်၏။ ထိုသို့ မစွမ်းဆောင်နိုင်ခြင်းမှာလည်း စာပေ၌ ပါဝင်သော အကြောင်းအရာများကို နှလုံးသားပေါ်၌ မှတ်တမ်းတင်နိုင်သည်အထိ သဘော မပေါက်ဘဲ စာရွက်ပေါ်၌သာ မှတ်တမ်းတင်ထားသည့်အတိုင်း ဖတ်ရုံနှင့် သိရုံ အဆင့်မျှသာ ရှိသောကြောင့် ဖြစ်၏။ သို့ဖြစ်၍သာ မိမိ၏ဘဝကို နည်းနည်းမျှ အထိမခံနိုင်၊ အဝေဖန် မခံနိုင်ဘဲ သူ့ဘက်ကချည်း အမှန်အဖြစ် ဆင်ခြေဆင်လက်များစွာနှင့် ခုခံကာကွယ်တတ်ကြခြင်း ဖြစ်၏။ ဘဝအပေါ် သာယာဖွယ်ဟု မြင်နေသော သူ၏အမြင်သည် တိရစ္ဆာန်လောကရှိ တိရစ္ဆာန်တို့၏ အမြင်နှင့် အဆင့်ချင်းသာ ခြားနားသော်လည်း သဘောအားဖြင့်မူ ခြားနားခြင်း သိပ်မရှိလှချေ။ ထို့ကြောင့် ထိုစာဖတ်နည်းသည် လောကအတွက် အကျိုးမများ။

ဒုတိယအဆင့် ဉာဏ်မျိုးဖြင့် စာကို ဖတ်သောအခါ မိမိဖတ်သော စာ၌ ပါဝင်သော အကြောင်းအရာများကို စာရွက်ပေါ်မှ မိမိ၏ နှလုံးသားပေါ်သို့ ပြောင်းရွှေ့၍ မှတ်တမ်းတင်ထားနိုင်၏။ သို့ မှတ်တမ်းတင်ထားနိုင်သော်လည်း သူ၏ အတ္တလွန် သဘောကိုသာ စွန့်နိုင်ပြီး သက္ကာယဒိဋ္ဌိကိုမူ ပါးသည်ထက်ပါးအောင် ဆောင်ရွက်လိုစိတ် မရှိသဖြင့် သူ၏ စာပေအသိသည်လည်း လောက၏ အစီးအပွားအတွက် အသုံးကျသင့်သလောက် မကျဘဲ ရှိလေသည်။

သူသည်လည်း ဘဝကို သာယာဖွယ် အဿာဒအဖြစ် မြင်ဆဲပင် ဖြစ်၏။ သို့ရာတွင် သူ၏အမြင်သည် ပုဂ္ဂိုလ်သတ္တဝါကို အရှိထား၍ မြင်သောအမြင် ဖြစ်၏။ သို့ဖြစ်သော်လည်း သူ၌ ရှိသော အတ္တလွန်သဘောကို သူ၏ စာပေအသိဉာဏ်ဖြင့် ထိန်းနိုင်၏။ ချုပ်နိုင်၏။ လောကအတွက်ကိုလည်း ဆောင်ရွက်တတ်ပါ၏။ သို့ရာတွင် သူ ဆောင်ရွက်သော လောကကား သူ့အတွက် အကျိုးရှိမည်ဟု ယူဆထားသော လောကသာ ဖြစ်၏။ လောကတစ်ခုလုံး အတွက်တော့ မဟုတ်၊

လက်ရွေးစင် လောကအတွက်သာ ဖြစ်၏။ လက်ရွေးစင် လောကအတွက် ဆောင်ရွက်ပါမှ သူ၏ ဘဝအတွက် ပို၍ အကျိုးရှိနိုင်သည်ဟု ယုံကြည်ထားသဖြင့် ထိုယုံကြည်ချက်အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း ဖြစ်၏။

ထိုကဲ့သို့သော စာဖတ်သူများသည် စွန့်လွှတ်မှု၌ ချမ်းသာကို မြင်တတ်ပါ၏။ သို့ရာတွင် သူ၏ စွန့်လွှတ်ရာဌာနသည် တစ်လောကလုံးအတွက် မဟုတ်။ သူ၏ အတ္တနိယ အနေဖြင့် သတ်မှတ်ထားသော သူ၏ ဘဝပတ်ဝန်းကျင် အတွက်သာ ဖြစ်၏။ မိမိထက် အဆင့်အားဖြင့် မြင့်မားသူများအတွက်သာ ဖြစ်၏။ မိမိထက် နိမ့်ကျသူများ အပေါ်၌မူ စိတ်ဝင်စားခြင်း မရှိ။ အထက်ကို မြှောက်၍ အောက်ကို ခြောက်တတ်သူသာ ဖြစ်၏။ လောကအတွက် သူ၏ စေတနာသည် မပြတ်သား။ သူ၏ မေတ္တာသည် မပျံ့နှံ့။ ဂုဏ်ရှိသူများသို့သာ ရောက်လေ၏။ ထို့ကြောင့် သူ၏ ဆောင်ရွက်မှုသည် ပစ္စုပ္ပန်အတွက်လည်း မျှော်၏။ အနာဂတ်အတွက်လည်း မျှော်၏။ သူ၏ မျှော်လင့်ချက်ကား ဘဝသမ္ပတ္တိသို့သာ ဦးတည်၏။ ထိုထက် မပို။

ထို့ကြောင့် သူ၏ အမြင်သည်လည်း ဘဝကို အဿာဒအဖြစ်သာ မြင်သော အမြင် ဖြစ်၏။ ဘဝနှင့်ပတ်သက်၍ အာဒီနဝကိုလည်း မြင်တတ်ပါ၏။ သို့ရာတွင် ထိုအာဒီနဝအမြင်သည် အတ္တဒိဋ္ဌိတန်းလန်းနှင့် မြင်သော အမြင်ဖြစ်၍ တကယ်တမ်း အာဒီနဝကို မြင်သောအမြင်ဟု မဆိုနိုင်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ရုပ်, နာမ်, ပညတ်, ပရမတ်တို့ကို သိသူများသည်လည်း ထိုအုပ်စု၌ ပါဝင်တတ်ပါ၏။ သို့ရာတွင် ထိုအသိသည် စာသိမျှသာဖြစ်ပြီး ခန္ဓာသိ အဆင့်သို့ မတက်ရောက်။ ထို့ကြောင့် မိမိ ဖတ်ရှုသိရှိသည် အားလျော်စွာ လိုက်နာကျင့်သုံးနိုင်မှု မရှိခြင်း ဖြစ်၏။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်မျိုးကို ကလျာဏပုထုဇဉ်ဟု ခေါ်နိုင်ရန်ပင် အတော် ခဲယဉ်းပါ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ ဟူသော ဗုဒ္ဓရှင်တော်ဘုရား၏ ရည်ရွယ်ချက်ကို အကောင်အထည် မဖော်နိုင်သည်ကား သေချာလှပါ၏။ အဘယ့်ကြောင့် ဆိုသော် အနစ်နာခံမှု၌ ကျေကျေနပ်နပ် ဝမ်းမြောက်ရွှင်လန်းမှု သောမနဿ ဝေဒနာ အားမပါသောကြောင့် ဖြစ်၏။ သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်မျိုးသည် လောက၌ ငြိမ်းချမ်းသာယာစွာ လူသားတို့အနေဖြင့် နေနိုင်ရေးအတွက် မည်သို့ ဆောင်ရွက်နိုင်လိမ့်မည်နည်း။

နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာပေများကို ဖတ်ရာတွင် ဘဝ၌ အဿာဒကိုလည်း မြင်၏။ အဿာဒကိုမြင်ခြင်း ဟူသည်မှာ မိမိ၏ဘဝကို လောကအတွက် အသုံးချကိရိယာအဖြစ် အသုံးချခွင့် ရသောကြောင့် ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် မိမိ၏ အကျိုးကို မငဲ့ဘဲ လောကအကျိုးကိုသာ ငဲ့၏။ လောကကို တကယ်

ချစ်၏။ သို့ရာတွင် သူချစ်သော လောကကား သူ့လူမျိုးသာ ဖြစ်၏။ လူသား အားလုံး မပါဝင်။ သူ၏ ဗြဟ္မစိုရ်သည် နယ်ကျဉ်းသေး၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပါးအောင် မလုပ်နိုင်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ အဿာဒကို မြင်ရုံနှင့် မလုံလောက်ဘဲ စစ်မှန်သော ဗြဟ္မစိုရ်ကိုရရန် ဒိဋ္ဌိနှင့် ဝိစိကစ္ဆာပါးအောင် လုပ်ရေး အတွက် အာဒီနဝကို လက်တွေ့ကျကျမြင်ရန် လိုအပ်ပါ၏။ အာဒီနဝကို မြင်မှ ဘဝနှင့်စည်းစိမ်ကို တပ်မက်တတ်သော တဏှာကို ပယ်သတ်နိုင်မည် ဖြစ်၏။ တဏှာကို ပယ်သတ်နိုင်မှ "ကံ"ကို ဖြတ်နိုင်မည် ဖြစ်၏။ "ကံ"ကို ဖြတ်နိုင်လျှင် ထို"ကံ"က ပေးသော အကျိုးတရားများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ငဲ့ကွက်ခြင်း မရှိဘဲ ဤလောက၏ ကောင်းကျိုးကို ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်မည် ဖြစ်၏။ ထို့ကြောင့် နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာကိုဖတ်ပါက စာသိ အဆင့်မှ ခန္ဓာသိ အဆင့်သို့ ရောက်သွားမည် ဖြစ်၏။ ထိုအခါ ဒိဋ္ဌိလည်း ကွာ၏။ ဝိစိကိစ္ဆာလည်း ကွာ၏။

ဒိဋ္ဌိ ရှိနေသမျှ ဝိစိကိစ္ဆာ ရှိနေမည် ဖြစ်၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ရှိနေသေး လျှင် ဗုဒ္ဓပိဋကတ်တော်လာ သွန်သင်ချက်များ၌ အမြင်မရှင်းမှုနှင့် ယုံမှားမှုတို့သည် တိုးလိုးတန်းလန်း ရှိနေဦးမည် ဖြစ်၏။ ထို့ကြောင့် ဘဝ၌ အာဒီနဝကို ကိုယ်တွေ့ ကျကျ မြင်အောင် ရှုအပ်၏။ ဘဝ၌ အာဒီနဝကို မြင်အောင်ရှု ဟူသည်မှာ မိမိ၏ ဆိုင်ရာ တံခါး ၆ ပေါက်မှ မနောအကြည်သို့ ဝင်ရောက်လာသော အာရုံဟူသမျှကို ရှေးဦးစွာ ပညတ်နှင့်ပရမတ် ကွဲအောင်၊ ရုပ်နှင့်နာမ် ကွဲအောင်၊ ပုဂ္ဂိုလ်သတ္တဝါ မပါဝင်ဘဲ ကြောင်းကျိုး ဖြစ်စဉ်အရသာ ဖြစ်နေကြသော ရုပ်နာမ်များအဖြစ် ပေါ်လွင်လာအောင်၊ ယင်း ရုပ်နာမ်များသည် ဖြစ်လိုက်ပျက်လိုက်ဖြင့် ခဏမစဲ အမြဲတစေ ရေစီးသဖွယ်ကဲ့သို့ လည်းကောင်း၊ မီးတောက်မီးလျှံကဲ့သို့ လည်းကောင်း မြင်အောင် ရှုအပ်၏။ မြင်အောင်ရှု ဆိုသည်မှာ အလင်းရောင်တွင် ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ ဉာဏ်မျက်စိဖြင့် ရုပ်နာမ်တို့၏ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်နေမှုကို မြင်အောင်ရှုခြင်း ဖြစ်၏။ ထိုအခါ ဘဝ၌ အပြစ်ကို မြင်လာမည်။ ထိုအမြင်မျိုးကို "သန္ဒိဋ္ဌိက"ဟု ဆို၏။

ဘဝ၌ အပြစ်ကို မြင်လာသည်နှင့်အမျှ ဘဝ၌ ငြီးငွေ့မှုလည်း ဖြစ်လာ မည်။ ထိုအခါ စာဖတ်သူသည် လောက၏ အစီးအပွားကို ဆောင်ရွက်ရာ၌ ပြတ်ပြတ်သားသား ရှိလေ၏။ မိမိ၌ အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပါးသည်နှင့်အမျှ စစ်မှန်သော ဗြဟ္မစိုရ်တရားသည်လည်း ပွားလာမည် ဖြစ်၏။ ထိုအခါ ကမ္ဘာ့သမိုင်း ၌ ထင်ရှားသော ခေါင်းဆောင်များလို မိမိ၏လူမျိုး၊ တိုင်းပြည်နှင့် ယဉ်ကျေးမှု အပေါ်၌သာ မေတ္တာ၊ စေတနာထားတတ်သော ကျဉ်းမြောင်းသော သဘောထားမျိုး

မရှိတော့ဘဲ လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးပေါ်၌ အညီအမျှ မေတ္တာ၊ စေတနာ ထားတတ်သော အတိုင်းအဆ မရှိ ကျယ်ပြန့်သော သဘောထားမျိုး ရှိလာမည် ဖြစ်၏။

ဘဝဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားများပင် ဖြစ်ရာ ဘဝ၏ ဖြစ်ပျက်ကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား မြင်ချိန်မှစ၍ လောဘလာလာ၊ ဒေါသလာလာ၊ မောဟလာလာ လာချင်သည့် တရားလာ ကိစ္စမရှိတော့။ လောဘ, ဒေါသ, မောဟ တို့သည် ပစ္စယပရိဂ္ဂဟဉာဏ် အဆင့်တိုင်အောင်သော မိမိတို့၏ သဘာဝလက္ခဏာ အရ အသီးအသီး သဘောကို ဆောင်သောကြောင့် နိဝရဏတရားများ အနေဖြင့် အနှောင့်အယှက် ပေးနိုင်သော်လည်း ဖြစ်, ပျက် တည်းဟူသော သာမညလက္ခဏာ အဆင့်သို့ ရောက်ချိန်တွင်မူ စိတ္တာနုပဿနာအရ တစ်ခုတည်းသဘောကို ဆောင် သောကြောင့် အရှုခံတရားများ အနေဖြင့် ဝိပဿနာဉာဏ်အား ကျေးဇူးပင် ပြု၏။ အနှောင့်အယှက် မပေးတော့။ ထို့ကြောင့် စာဖတ်သူသည် ဝိပဿနာဉာဏ်အမြင် ဖြင့် ဘဝကိုကြည့်ပါက စာဖတ်သူ၏ သန္တာန်၌ လောဘ, ဒေါသ, မောဟ စသော ကိလေသာတရားများ မဖြစ်ပွားတော့ဘဲ အလောဘ, အဒေါသ, အမောဟ စသော ကုသိုလ်တရားများ၊ သတိ, ဝီရိယ စသော ဗောဓိပက္ခိယတရားများ၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ တိုးပွားပြီး ဘဝမှ ထွက်မြောက်သော သဘော နိဿရဏသည် ပေါ်လာ၏။

နိဿရဏသည်သာ တကယ်စစ်မှန်သော အဿာဒဖြစ်၏။ ဒဿနိက ဆရာများ၏ အဆိုအရ စစ်မှန်သော အသိဉာဏ်ဟူသည် တဒ္ဒိနွဘိနွတာဝိသယံ ဉာဏံ ဟူသည်နှင့်အညီ "တဒ်"အရ "ထိုဟာ" ဟူသော မူလအဿာဒ ဖြစ်၏။ "တဒ္ဒိနွ"အရ ထိုမူလအဿာဒမှ တစ်ပါးသော အာဒီနဝ ဖြစ်၏။ "တဒ္ဒိနွ ဘိနွ" အရ ထိုမူလအဿာဒမှ တစ်ပါးသော အာဒီနဝမှ တစ်ပါးသော နိဿရဏ ဖြစ်၏။ ထို့ကြောင့် နိဿရဏ ဟူသည် မူလအဿာဒပင် ဖြစ်၏။ သို့ရာတွင် နောက်ဆုံး နိဿရဏ အမည်ရသော အဿာဒသည်ကား မူလအဿာဒထက် အဆပေါင်း များစွာ မြင့်မားသော လောကုတ္တရာ အဿာဒ ဖြစ်၏။

အဿာဒဟူသည် အမည်ချင်းကား တူ၏။ သို့ရာတွင် သဘောချင်းကား မတူ။ မူလအဿဒသည် တဏှာ(ဝါ)ဣဋ္ဌာရုံ ဖြစ်၏။ နိဿရဏခေါ် အဿာဒ သည် မဂ်ဉာဏ် (ဝါ) နိဗ္ဗာန် ဖြစ်၏။ နေတ္တိကျမ်းလာ စာဖတ်နည်းအရ ဖတ်သော အခါ ဤနိဿရဏသဘောကို တတိယအဆင့် ဉာဏ်မျိုးဖြင့်သာ မြင်နိုင်၏။ ထို့ကြောင့် စာတစ်ပုဒ်ကို ဖတ်သောအခါ ယင်းစာ၏အနက်သည် စာဖတ်သူ၏ ဉာဏ်ရည်ဉာဏ်သွေးအလိုက် ပညတ်မှ ပရမတ် (ဝါ)လောကီမှ လောကုတ္တရာ

(ဝါ) အတ္တမှ အနတ္တသို့ တိုင်အောင် အဆင့်ဆင့် မြင့်မား၍ ကွဲပြားသွား၏။ အသိဉာဏ် မြင့်မားသည်နှင့်အမျှ စာဖတ်သူသည် လောက၏ ငြိမ်းချမ်းမှု၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရမှုတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါ၏။ ဤသည်မှာ နေတ္တိကျမ်းလာ စာဖတ်နည်းအရ အနက်ပိုင်းနှင့် ပတ်သက်သော အဆိုအမိန့်များ ဖြစ်၏။

သဒ္ဒါပိုင်းနှင့် ပတ်သက်၍လည်း အပိုင်း သုံးပိုင်းပင် ရှိ၏။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ဖလ (အကျိုး)၊

(၂) ဥပါယ (အကြောင်း)၊

(၃) အာဏတ္တိ (စာပေ)၊

အနက်နှင့်သဒ္ဒါသည် ငွေစက္ကူတစ်ရွက်၏ ခေါင်းပိုင်းနှင့် ပန်းပိုင်းသဖွယ် ဖြစ်၏။ ခေါင်းနှင့်ပန်း ပါမှ ငွေစက္ကူသည် အသုံးပြု၍ ရသော ငွေစက္ကူဖြစ်သကဲ့သို့ အနက်နှင့် သဒ္ဒါစုံမှ မှန်ကန်သော အသိဉာဏ်ကို ရနိုင်၏။ သို့မဟုတ်ပါက တစ်ခြမ်းပဲ့ အသိဉာဏ်မျိုးသာ ဖြစ်မည်။ ထို့ကြောင့် အနက်ပိုင်းကို ဆိုပြီးနောက် သဒ္ဒါပိုင်းကို ဆိုရခြင်း ဖြစ်၏။ အနက်ပိုင်း သုံးမျိုးတို့တွင် မည်သည်က "ဖလ"၊ မည်သည်က "ဥပါယ" ဟု "အာဏတ္တိ"က ကင်ပွန်းတပ်ပေး၏။

သဒ္ဒါပိုင်းတွင် အာဏတ္တိ ဟူသည်မှာ ဒေသနာ (ဝါ) စာပေတစ်ပုဒ် ဖြစ်၏။ ယင်းစာပေတွင် အကြောင်းအရာတစ်ရပ်ကို ပုဒ်ဝါကျတို့ဖြင့် ဖော်ပြထား၏။ အကြောင်းအရာတွင် ဇာတ်ဆောင်များနှင့် ယင်းတို့၏ လှုပ်ရှားမှုများ ပါဝင်၏။ နေတ္တိကျမ်းလာ စာဖတ်နည်းအရ စာကို ဖတ်သောအခါ ပရမတ်တိုင်အောင် မမြင်ဘဲ ပညတ်နယ်တွင်သာ အဆုံးသတ်ပြီး ပုဂ္ဂိုလ်သတ္တဝါ အဖြစ်သာ မြင်ပါက ထိုစာဖတ်သူသည် ပထမအဆင့် ဉာဏ်မျိုးသာ ရှိသူဖြစ်၏။ ထိုဉာဏ်မျိုးဖြင့် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်မလာနိုင်ဘဲ သူ့ဒ္ဓပင် အတ္တလွန်စိတ် ဖြစ်ပေါ်လာနိုင်၏။ အတ္တလွန်စိတ်သည် လောကအတွက်လည်း အကျိုးမပြု၊ သူ့အတွက်လည်း အကျိုးမပြု။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ဆိုရလျှင် စာဖတ်သူသည် စာကို ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကောင်းသည် ဟူ၍ လည်းကောင်း၊ မကောင်းဘူး ဟူ၍ လည်းကောင်း၊ နားမလည်ဘူး ဟူ၍ လည်းကောင်း ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်လာ၏။

ကောင်းသည်ဟု ဆိုလျှင် သောမနဿဝေဒနာဖြစ်၍ ဝေဒနာပစ္စယာ တဏှာ အရ ပဋိစ္စသမုပ္ပာဒ် အလယ်ပိုင်းက စ၍လည်၏။ မကောင်းဘူးဟု ဆိုလျှင် ဒေါမနဿ ဝေဒနာဖြစ်၍ ပဋိစ္စသမုပ္ပာဒ် အဆုံးပိုင်းက စ၍လည်၏။ နားမလည်ဘူး

ဟုဆိုလျှင် မောဟနှင့် ယှဉ်သော ဥပက္ခာဝေဒနာဖြစ်၍ ပဋိစ္စသမုပ္ပာဒ် အစပိုင်းက စ၍ လည်၏။ ပရမတ်ကို မသိလျှင် အန္ဓပုထုဇဉ်ဖြစ်၍ လောက၏အကျိုး၊ မိမိ၏ အကျိုးကို မည်သို့ ဆောင်ရွက်နိုင်ပါမည်နည်း။

ထိုစာဖတ်သူအတွက် ပဋိစ္စသမုပ္ပာဒ်သည် အစ, အလယ်, အဆုံး သုံးပါး တို့ တွင် တစ်နေရာရာက စ၍ လည်မည်သာ ဖြစ်၏။ အစက လည်လျှင် မောဟ၊ အလယ်က လည်လျှင် လောဘ၊ အဆုံးက လည်လျှင် ဒေါသတို့ကြောင့် လည်ခြင်း ဖြစ်၏။ ထိုအန္ဓပုထုဇဉ်အတွက် သံသရာမှ ထွက်ပေါက် မရှိတော့။ အနိစ္စ၌ နိစ္စဟူ၍ လည်းကောင်း၊ အသုဘ၌ သုဘဟူ၍ လည်းကောင်း၊ ဒုက္ခ၌ သုခဟူ၍ လည်း ကောင်း၊ အနတ္တ၌ အတ္တဟူ၍ လည်းကောင်း၊ အသိမှား (စိတ္တဝိပ္ပလ္လာသ)၊ အမှတ် မှား (သညာ ဝိပ္ပလ္လာသ)၊ အယူမှား (ဒိဋ္ဌိဝိပ္ပလ္လာသ) တို့သည် စာဖတ်သူကို နှိပ်စက်ကြသော်လည်း နှိပ်စက်မှန်း မသိလောက်အောင် အတ္တလွှမ်းစိတ် ရှိသူသည် လောက၏ အစီးအပွားအတွက် မည်သို့ ဆောင်ရွက်လိမ့်မည်နည်း။

ထို့ကြောင့် ဒုတိယအဆင့် အသိဉာဏ်မရှိမီ ပထမအံ့ဆင့် အသိဉာဏ် မျှသာ ရှိသေးသော စာဖတ်သူအတွက် အကြောင်းဥပါယ အနေဖြင့် လောဘ, ဒေါသ, မောဟ စသော ကိလေသာများ ဝိပ္ပလ္လာသ တရားများကို ပြ၏။ အကျိုး ဖလ အနေဖြင့် ဒုဂ္ဂတိ ဘဝကို ပြ၏။ သို့ရာတွင် ဝိပ္ပလ္လာသ တရားများ၏ အသိမှားမှု၊ အမှတ်မှားမှု၊ အယူမှားမှု တို့ကြောင့် ဒုဂ္ဂတိဘဝကိုပင် သာယာဖွယ် အဿာဒအနေဖြင့် မြင်၏။ လင်းတငှက်သည် ခွေးသေကောင်ပုပ်ကိုပင် သာယာ ဖွယ် အဿာဒအနေဖြင့် မြင်သကဲ့သို့ပင် ဖြစ်၏။ ထိုထက် အနည်းငယ်မျှသာ ပိုရုံ အဆင့်ရှိ၏။

ဒုတိယအဆင့် အသိဉာဏ်ရှိသော စာဖတ်သူအတွက် ပညတ်ကိုခွာ၍ ပရမတ် ပေါ်အောင် ပြ၏။ ပုဂ္ဂိုလ်သတ္တဝါကို ဖယ်၍ ရုပ်နာမ်ခန္ဓာကို ပြ၏။ ဘဝဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားများသာ ဖြစ်၏။ ဘဝသည် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ၊ ခဏတိုင်း ခဏတိုင်း ကြောင်းကျိုးဖြစ်စဉ်အရ အမြဲတစေ ဖြစ်ပျက်နေ၏။ သို့ရာတွင် နီဝရဏ တရားများက အနိစ္စ, အသုဘ, ဒုက္ခ, အနတ္တ တို့ မပေါ်အောင် ဖုံးထား၏။ ဝိပ္ပလ္လာသ တရားများက ဘဝကို သာယာဖွယ် အဿာဒ အနေဖြင့်သာ မြင်နိုင်အောင် အသိမှား, အမှတ်မှား, အမြင်မှား သဘော ဖြင့် ပြုလုပ်၏။ ထို့ကြောင့် ဒုတိယဆင့် အသိဉာဏ် ရှိစေကာမူ နီဝရဏနှင့် ဝိပ္ပလ္လာသတို့၏ အထူအပါးကို လိုက်၍ အာဒီနဝ ဟူသော အပြစ်အနာအဆာ မသာယာဖွယ် ဒုက္ခနှင့် အစိုးမရမှု အနတ္တသဘောများကို စာပေ၌ မြင်နိုင်သူလည်း ရှိ၏။ မမြင်နိုင်သူများက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပါးအောင် မလုပ်နိုင်ဘဲ မိမိအတွက်နှင့်

မိမိနှင့် သက်ဆိုင်သူများ အတွက်သာ လုပ်၏။ လောကတစ်ခုလုံးအတွက် မလုပ်။ ထိုသူမျိုးသည် ကလျာဏပုထုဇဉ် စစ်စစ်များ မဟုတ်ကြ။ ထို့ကြောင့် ထိုသူများ၏ ကုသိုလ်ကောင်းမှုများ၊ ဗြဟ္မစိုရ်တရားများသည် လောကအတွက် အသုံးမကျဘဲ သူတို့အတွက်သာ အသုံးကျ၏။

ထိုပုဂ္ဂိုလ်မျိုးသည် ဂုဏ်ပကာသနနှင့် ပုညဖလကိုသာ မျှော်မှန်း၍ ကောင်းမှုကုသိုလ်ကို လုပ်ကြသူများ ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးနှင့် ပတ်သက်၍ လယ်တီဆရာတော်ကြီးက ဥတ္တမပုရိသဒီပနီ၌ ပကာသနနှင့်ပြုသော ကုသိုလ်သည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကိုမျှ လှလှပေးနိုင်သော ကုသိုလ်မျိုး မဟုတ်။ ပါရမီအဖြစ်နှင့် ဝေးစွ။ အကျိုးကို လိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်မှု၊ အကျိုးကြီးရာသော နည်းလမ်းကို ရွေးချယ်မှုတို့နှင့် ပြုသော ကုသိုလ်သည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိ တို့ကို ပေးနိုင်၏။ ပါရမီကုသိုလ်မျိုးတော့ မဟုတ်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏။

အမှန်အားဖြင့် လုပ်ငန်းတစ်ခုကို လုပ်ရာတွင် မိမိအတွက် အကျိုးကို မမျှော်လင့်သော စိတ်ထားဖြင့် လုပ်ရန်လို၏။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ အကျိုးကို လိုလားနေလျှင် "ကံ"ဖြစ်မည်။ "ကံ"ဖြစ်လျှင် "ဘဝ"လာပေတော့မည်။ ထိုအခါ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်သည် ဆက်၍ လည်ပေလိမ့်မည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကို ရပ်စေလိုပါက "ကံ"ကို ဖြတ်မှ ဖြစ်မည်။ "ကံ"ဖြတ်မည် ဆိုလျှင် တောင့်တမျှော်လင့်တတ်သော "တဏှာ"ကို ဖြတ်ရပေလိမ့်မည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုကို လုပ်ရာတွင် မိမိအတွက် ဘာကိုမျှ မမျှော်လင့်ဘဲ လုပ်ရန်လို၏ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

သို့ရာတွင် ဤစေတနာသည် အချည်းနှီး မဖြစ်၊ ဖြူစင်သော "ဥပါယ" ဖြစ်၍ ဖြူစင်သော "ဖလ"ကို ကေန်ရမည် ဖြစ်၏။ သံကိလေသပက္ခ ခေါ် ညစ်ညမ်းသော အုပ်စု၌လည်း အဿာဒ၊ အာဒီနဝ၊ နိဿရဏတို့ ရှိကြ၏။ ယင်းတို့ကား ဝိပ္ပလ္လာသ အမြင်ဖြင့် မြင်ရသော "ဖလ" များသာ ဖြစ်၏။ ဝေါဒါနပက္ခ ခေါ် ဖြူစင်သော အုပ်စု၌လည်း အဿာဒ၊ အာဒီနဝ၊ နိဿရဏတို့ ရှိကြ၏။ ယင်းတို့သည်သာ ဝိပ္ပလ္လာသ မပါသော၊ အကယ်၍ ဝိပ္ပလ္လာသ ပါသေးလျှင်လည်း ဝိပ္ပလ္လာသကို ပယ်သတ်ရန် ကြိုးပမ်းနေသော၊ ဝိပဿနာ ဉာဏ်အမြင်ဖြင့် မြင်ရသော "ဖလ"များ ဖြစ်ကြ၏။ ဤဉာဏ်မျိုးကိုသာ တတိယအဆင့် အသိဉာဏ်ဟု ဆိုရ၏။ အိန်းစတိန်းသည် အသုံးမကျသော ကျောက်ခဲမှ အတိုင်းအဆ အားဖြင့် အလွန်ကြီးမားစွာသော စွမ်းအင်ကို ထုတ်နိုင်သကဲ့သို့ လည်းကောင်း၊ ဓိဝကသည် အဆိပ်ကို ဆေးဖြစ်အောင် လုပ်နိုင်သကဲ့သို့ လည်းကောင်း စစ်မှန်သော

ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ညစ်ညမ်းသော အုပ်စု၌ ပါဝင်သော အဿာဒ၊ အာဒီနဝ၊ နိဿရဏတို့ကို ဖြူစင်သော အုပ်စု၌ ပါဝင်သော အဿာဒ၊ အာဒီနဝ၊ နိဿရဏ အဖြစ်သို့ ရောက်လာအောင် ဆောင်ရွက်နိုင်စွမ်း ရှိပါ၏။ ထို့ကြောင့်ပင် ကမ္ဘာ့ဌာန်းမှ လွတ်သော တရားမည်သည် မရှိဟူ၍ လည်းကောင်း၊ သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိဟူ၍ လည်းကောင်း ဒေသနာတော်များ၌ ဆိုခြင်း ဖြစ်ပါ၏။ မိမိ၏သန္တာန်၌ စစ်မှန်သော ဉာဏ်ပညာ ရှိဖို့သာ လို၏။ ထိုဉာဏ်မျိုးသာ ရှိလျှင် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်၏။

သိန်းဆုပေါက်သည်၊ ရာထူးကြီးရသည်၊ သိန်းချီ၍ မြတ်နိုင်သော လုပ်ငန်းတစ်ခုကို ရသည်ဟုဆိုလျှင် မရသေးမီကာလ ကြားရရုံမျှနှင့်ပင် ဆိုင်ရာ ပုဂ္ဂိုလ်တို့သည် အလွန်ပျော်ရွှင်ကြ၏။ ဤကား လောဘ၌ယှဉ်သော သောမနဿ ဝေဒနာ၏ သဘော ဖြစ်၏။ ထိုနည်းအတူ မိမိသား ပညာသင်ကြားရန် ငွေကျပ် သိန်းချီ၍ အကုန်အကျခံကာ နိုင်ငံခြား တက္ကသိုလ်ကြီးများသို့ စေလွှတ်ရခြင်း ၌လည်း မိဘများသည် အလွန် ပျော်ကြပါ၏။ ဤကား အလောဘ၌ ယှဉ်သော သောမနဿ ဝေဒနာ၏ သဘောဖြစ်၏။

တကယ်တမ်း သန့်ရှင်းစင်ကြယ်သော မိဘမေတ္တာမျိုးဖြင့် ချစ်တတ်ပါက သားသမီးအတွက် စွန့်လွှတ်ရခြင်း၌ သာယာဖွယ် အဿာဒကို မြင်နိုင်သလို လောကအပေါ် တကယ်တမ်း သန့်ရှင်းစင်ကြယ်သော ချစ်ခင်မှု၊ ကြင်နာမှု၊ မြတ်နိုးမှု၊ ခွင့်လွှတ်နိုင်မှုတို့ကို ထားနိုင်ပါက စွန့်လွှတ်မှု၌လည်း သာယာဖွယ် အဿာဒကို တွေ့နိုင်ပါ၏။ ယင်းအဿာဒကား အလောဘတည်း။ ထို့ကြောင့် အဒေါသကို အခြေခံ၍ အလောဘ, အမောဟတို့ဖြင့် လောဘ, ဒေါသ, မောဟ တို့ကို သတ်နိုင်သမျှ သတ်ပြီး အလွန် အေးချမ်းသော သုခတည်းဟူသော နိဿရဏ ကို ကိုယ်တိုင်ကိုယ်ကျ ခံစားနိုင်စိမ့်သောငှာ နေတ္တိကျမ်းက စာဖတ်နည်းကို သင်ကြားပေးခြင်း ဖြစ်၏။

ထိုစာဖတ်နည်းအရ စာပေကို ဖတ်ပါက စာပေသိထက် ပိုမိုမြင့်မားသော ခန္ဓာသိကိုပါ ရပြီး စာဖတ်သူအတွက်နှင့် လောကတစ်ခုလုံး အတွက်ပါ အသုံးပြုနိုင် ရန် စာဖတ်သူ၏ သန္တာန်၌ သီလဝိသုဒ္ဓိမှစ၍ အထက်ဆင့် ဝိသုဒ္ဓိများကို နေတ္တိ ကျမ်းလာ စာဖတ်နည်းက တည်ဆောက်ပေးပါကြောင်း တင်ပြအပ်ပါ၏။

## စာဖတ်သူများ ၁၀

*ပိဋကတ်စာပေသည် လောကီအကျိုး၊ လောကုတ္တရာအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော စာပေဖြစ်သဖြင့် နက်ရှိုင်း၏။*

ဤလောကရှိ အရာရာတိုင်းတွင် အနက်သဘော အနေဖြင့် "အဿာဒ"လည်း ရှိသည်။ "အာဒီနဝ"လည်း ရှိသည်။ "နိဿရဏ"လည်း ရှိသည်။ ယင်းကိုပင် သဒ္ဒါသဘော အနေဖြင့် အကျိုးဖြစ်ပါက "ဖလ"ဟူ၍ ဆို၏။ အကြောင်းဖြစ်ပါက "ဥပါယ" ဟူ၍ ဆို၏။ ယင်းသဘော သုံးမျိုးကို ဖော်ပြသော စာပေကိုမူ "အာဏတ္တိ" ဟူ၍ ဆိုသည်။ အကျိုး "ဖလ"သည် ကောင်းသော အကျိုးလည်း ရှိ၏။ မကောင်းသော အကျိုးလည်း ရှိ၏။ ထိုနည်းအတူ အကြောင်း"ဥပါယ" သည်လည်း ကောင်းသော အကြောင်းလည်း ရှိ၏။ မကောင်းသော အကြောင်း လည်း ရှိ၏။ စာပေ "အာဏတ္တိ" သည်ကား ယင်းတို့ အားလုံးကို ဖော်ပြ၏။

ကောင်းသောအကြောင်းသည် ကောင်းသောအကျိုးကို ပေး၏။ မကောင်းသော အကြောင်းသည် မကောင်းသောအကျိုးကို ပေး၏။ ဤသို့ အကျိုး အကြောင်း ဆက်သွယ်မှုကို အာဏတ္တိက ပြ၏။ ထိုသို့ ပြရာတွင် အဿာဒ, အာဒီနဝ, နိဿရဏ တို့သည် အကျိုးဖလသဘောကို ဆောင်သည်လည်း ရှိ၏။ ထိုသို့ အကျိုးဖလသဘောကို ဆောင်လျှင် အာဏတ္တိက အကျိုးဖလအုပ်စု၌ပြ၏။ ကောင်းနှင့် မကောင်းကိုလည်း ခွဲခြား၍ ပြ၏။ အဿာဒ, အာဒီနဝ, နိဿရဏ တို့သည် အကြောင်း ဥပါယသဘောကို ဆောင်သည်လည်း ရှိ၏။ ထိုသို့ အကြောင်း ဥပါယသဘောကို ဆောင်လျှင် အာဏတ္တိက အကြောင်း ဥပါယအုပ်စု၌ ပြ၏။ ကောင်းနှင့် မကောင်းကိုလည်း ပြ၏။

အကြောင်းနှင့်အကျိုး နိယာမအရ အကြောင်းတရားသည် ထာဝစဉ် အကြောင်းချည်းလည်း ဖြစ်မနေ။ ထိုနည်းအတူ အကျိုးတရားသည်လည်း ထာဝစဉ် အကျိုးချည်း ဖြစ်မနေ။ အကြောင်းတရားက အကျိုးတရားကို ဖြစ်စေ၏။ တစ်ဖန် အကျိုးတရားထဲမှ အကြောင်းသည် ထွက်ပေါ်လာပြန်၏။ ဤနည်းအားဖြင့် အကြောင်းနှင့် အကျိုးသည် သံသရာလည်၍ နေလေ၏။ အကြောင်းဖြစ်၏။ ထို့နောက် အကျိုး ဖြစ်၏။ ထို့နောက် အကြောင်းဖြစ်ပြန်၏။ ဤသည်ကိုပင် အကြောင်းနှင့်အကျိုး နိယာမဟု ဆိုရ၏။

ကောင်းနှင့်မကောင်းကား နှလုံးသွင်းအပေါ်၌ တည်၏။ နှလုံးသွင်း ကောင်းလျှင် အဿာဒ, အာဒီနဝ, နိဿရဏတို့သည် ကောင်းသော သဘောကို ဆောင်ကြ၏။ နှလုံးသွင်း မကောင်းလျှင် အဿာဒ, အာဒီနဝ, နိဿရဏတို့သည် မကောင်းသော သဘောကို ဆောင်ကြသည်။ နှလုံးသွင်း ကောင်းမှုကို ပါဠိ ဝေါဟာရအားဖြင့် "ယောနိသော မနသိကာရ"ဟု ခေါ်၏။ နှလုံးသွင်း မကောင်းမှု ကို "အယောနိသော မနသိကာရ"ဟု ခေါ်၏။ ထို့ကြောင့် ကောင်းနှင့် မကောင်း သည် ဖြစ်ပေါ်လာသော အရာဝတ္ထုအပေါ်၌ မတည်ဘဲ နှလုံးသွင်း ကောင်းနှင့် မကောင်း အပေါ်၌သာ တည်၏။ အဘိဓမ္မာ ဒေသနာတော်အရ "ယောနိသော မနသိကာရ"သည် ကုသိုလ်တရားတို့၏ အကြောင်းရင်းဖြစ်၏။ "အယောနိသော မနသိကာရ"သည် အကုသိုလ်တရားတို့၏ အကြောင်းရင်းဖြစ်၏။ ကောင်းနှင့် မကောင်း ဟူသည်မှာလည်း ကုသိုလ်နှင့် အကုသိုလ်တို့၏ အမည်သာ ဖြစ်၏။ အရာဝတ္ထုများ၏ အမည် မဟုတ်။ သို့ဖြစ်လျှင် ဤလောက၌ ကောင်းနှင့်မကောင်း သတ်မှတ်ချက်များအပေါ် မည်သို့ မှတ်သားရပါမည်နည်း။

ဤလောက၌ ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်းများကို တွေ့နိုင် ပါ၏။ သို့ရာတွင် ဝိနည်းလေးစားသော ရဟန်းတော်များသည် ကျောင်းတိုင်း၌ မတည်းခို၊ ဘုရားတိုင်းကို ဦးမချ။ "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ" စာအုပ် စာမျက်နှာ ၂၁၄ ဆရာတော် ဦးသီလ၏ ထေရုပ္ပတ္တိနှင့် စပ်လျဉ်း၍ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

> ဦးသီလသည် "ဘုန်းကြီးပုံ" ကျောင်းတိုက်သို့ ရောက်လာ၏။ သို့သော် တိုက်ထဲသို့ကား မဝင်။ ဝိနည်းလေးစားသော ရဟန်းတို့သည် ကျောင်း တိုင်း၌ မနေ။ ဘုရား စေတီတိုင်းကို ဦးမချ။ မအပ်စပ်သော ကျောင်းကန် ဘုရားကား တစ်သာသနာလုံးနှင့် မအပ်၊ ထိစပ်သမျှ အာပတ်သင့်စေ တော့၏။ ပညာနည်းသော အလှူရှင်တို့လည်း အကျိုးနည်းကြရလေ တော့၏။ ထို့အပြင် ညောင်ကန်သာသနာဝင်၌လည်း ဆရာတော် ဦးဗုဓ်

နှင့် ပတ်သက်၍ ဆရာတော် ဦးဖုမ် ကျောင်းမှ ရဟန်း၊ သာမဏေများ သည် ဆေးလိပ်သောက်ကြောင်း သွားလျှောက်ထားချေဟု သာသနာပိုင် ဆရာတော်က မဟာဒဏ်ဝန်အား သွားရောက်လျှောက်ထားခိုင်းသဖြင့် ဆရာတော်ဦးဖုမ်အား သွားရောက် လျှောက်ထားရာ ရဟန်း၊ သာမဏေ များ ဆေးလိပ်သောက်ခြင်းသည် သာသနာပိုင်က ဘုရားတည်တာ လောက် အပြစ်မကြီးပါဘူးဟု မိန့်လိုက်ကြောင်း ကြားရဖူး၏။

ထို့ကြောင့် အရာဝတ္ထုများ၏ "ကောင်း"နှင့် "မကောင်း"ကို သမ္မုတိ သစ္စာ အနေဖြင့်သာ ပြောဍ်ရပြီး ပရမတ္ထအနေဖြင့် လည်းကောင်း၊ ဒေသနာတော် အနေဖြင့် လည်းကောင်း ပြော၍မရကြောင်း ဆိုလိုရင်းဖြစ်၏။ ပရမတ္ထသစ္စာ အနေဖြင့် ဆိုရလျှင်လည်း "ကောင်း"နှင့် "မကောင်း"သည် ကုသိုလ်နှင့် အကုသိုလ် တို့၏ အမည် ဖြစ်၏။ အရာဝတ္ထုများ၏ အမည် မဟုတ်။ ထို့ကြောင့် ကုသိုလ်နှင့် အကုသိုလ်ဖြစ်လျှင် နှလုံးသွင်း ကောင်း, မကောင်း အပေါ်၌ တည်၏။ ဒေသနာ တော် အနေဖြင့် ဆိုရလျှင် ကောင်းနှင့် မကောင်းသည် တရားသဖြင့်ရမှု "ဓမ္မိယ လဒ္ဓ"နှင့် အပ်စပ်သော အားထုတ်မှု "ကပ္ပိယ ပယောဂ"အပေါ်၌ တည်၏။ သို့ဖြစ်လျှင် သမ္မုတိသစ္စာအရသာ ကြည့်တတ်သော အန္ဓပုထုဇဉ်များက ကောင်း သည်ဆိုတိုင်း ပရမတ္ထသစ္စာအရ ကြည့်တတ်သော ကလျာဏ ပုထုဇဉ်များက ကောင်းချင်မှ ကောင်းတတ်ကြ၏။ အရိယာများအတွက်မူ ဆိုဖွယ် မရှိ။

ဤလောကတစ်ခုလုံးကို ခြုံ၍ကြည့်လျှင် ပရမတ္ထအနေဖြင့် လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈ သာ ရှိ၏။ ယင်းတို့ကို သင်္ခါရလောကဟု ခေါ်၏။ သို့ရာတွင် ထိုသင်္ခါရလောက ခေါ် ပရမတ္ထတရားများကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့် မြင်သူများလည်း ရှိ၏။ တည်ရာဌာန ဘုံ၊ ဗိမာန်၊ တော၊ တောင်၊ ရေ၊ မြေ၊ လဟာပြင်ဟု မြင်သူများလည်း ရှိ၏။ သင်္ခါရတရားများကို ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် မြင်ပါက "သတ္တလောက"ဟူ၍ ဖြစ်လာ၏။ တည်ရာဌာန ဘုံ၊ ဗိမာန်၊ တော၊ တောင်၊ ရေ၊ မြေ၊ လဟာပြင်အဖြစ် မြင်ပါက "ဩကာသ လောက"ဟူ၍ ဖြစ်လာ၏။ ထို့ကြောင့် လောကသုံးပါးတွင် သင်္ခါရလောကသာ အမှန်ရှိ၏။ သတ္တလောကနှင့် ဩကာသလောကကား အမှန်တကယ် မရှိ၊ သမုတ်ရရုံမျှသာ ရှိ၏။

အမှန်ရှိတရားကို "ပရမတ္ထ"ဟု ခေါ်၏။ သမုတ်ရရုံမျှရှိသော တရားကို "ပညတ္တိ"ဟု ခေါ်၏။ ထို ပရမတ်နှင့်ပညတ် နှစ်မျိုးတို့တွင် အန္ဓပုထုဇဉ်တို့သည် ပညတ်ကိုသာ မြင်၏။ ပရမတ်ကို မမြင်။ ထိုအခါ ဤလောကတွင် ပုဂ္ဂိုလ်၊ သတ္တဝါများသည် တကယ်ရှိကြသည်ဟု မှတ်ယူ၏။ တည်ရာဌာန ဘုံ၊ ဗိမာန်

များနှင့် သဘာဝ တော၊ တောင်၊ ရေ၊ မြေ၊ ကောင်းကင် အာကာသများသည်လည်း တကယ်ပင် ရှိကြသည်ဟု မြင်၏။ ထို့ကြောင့် အန္ဓပုထုဇဉ်တို့၏ အတွေးအမြင်များသည် ပညတ်များ အပေါ်၌ အခြေတည်၏။ သို့ရာတွင် တစ်ခါတစ်ရံ စာပေကျမ်းဂန်များကို လေ့လာ ဖတ်ရှုမိသောအခါ ဤလောက၌ သင်္ခါရတရားများလည်း ရှိသေးကြောင်း သိကြပါ၏။ သို့ရာတွင် ထိုအသိကား စာပေကျမ်းဂန်များပေါ်၌သာ အခြေတည်၍ သိသော အသိ ဖြစ်၏။ ခန္ဓာပေါ်၌ အခြေတည်၍ သိသောအသိ မဟုတ်။ ခန္ဓာပေါ်၌ အခြေတည်၍ သိသော အသိမျိုးဖြစ်ပါက နာမ်နှင့်ရုပ်ကို ပိုင်းခြား၍သိသော သဘောကို ဆောင်ရ၏။ ယင်းကို ပါဠိဝေါဟာရ အားဖြင့် "နာမရူပပရိစ္ဆေဒဉာဏ်"ဟု ခေါ်၏။ ထိုဉာဏ်သည် ကိုယ်ကျင့်သီလ စင်ကြယ်ပြီးသူ၊ စိတ်နေစိတ်ထား စင်ကြယ်ပြီးသူများ၌သာ ဖြစ်၏။ ဒေသနာတော်အရ ဆိုရလျှင် ပထမဦးစွာ ကိုယ်ကျင့်သီလ စင်ကြယ်ပြီးမှုကို "သီလဝိသုဒ္ဓိ"ဟု ဆိုရ၏။ စိတ်နေစိတ်ထား စင်ကြယ်ပြီးမှုကို "စိတ္တဝိသုဒ္ဓိ"ဟု ဆိုရ၏။ ထိုဝိသုဒ္ဓိနှစ်မျိုး ပြည့်စုံပြီးမှသာ နာမ်ရုပ်ကို ပိုင်း၍ သိသောဉာဏ် ဖြစ်၏။ ယင်းဉာဏ်ကို အယူစင်ကြယ်မှု "ဒိဋ္ဌိဝိသုဒ္ဓိ"ဟု ဆိုရ၏။ ထိုအဆင့်သို့ ရောက်ပြီးပါက ကြောင်းကျိုးတို့၏ ဆက်သွယ်မှု သဘောကိုလည်း သိပေတော့မည်။ အကြောင်းနှင့်အကျိုးတို့၏ ဆယ်သွယ်မှုသဘောကို စာတွေ့မဟုတ်ဘဲ ခန္ဓာတွေ့အနေဖြင့် တကယ်တမ်း သိမြင်ပါက ပစ္စယပရိဂ္ဂဟဉာဏ်ကို ရ၏။ ထိုအသိမျိုးသည် သေခါနီး ကာလတိုင်အောင် မြဲသွားပါက ဒုတိယ ဘဝအတွက် စိတ်ချရ၏။ ယင်းပုဂ္ဂိုလ်မျိုးကိုသာ "ကလျာဏ ပုထုဇဉ်" ဟူ၍ လည်းကောင်း၊ "စူဠသောတာပန်" ဟူ၍ လည်းကောင်း ဆိုရ၏။

ဤလောကရှိ အရာရာတိုင်း၌ သာယာဖွယ် "အဿာဒ"သည် ရှိ၏။ သို့ရာတွင် ထိုသာယာဖွယ် "အဿာဒ"ကို ရှာရာ၌မူ"အန္ဓပုထုဇဉ်"နှင့် "ကလျာဏ ပုထုဇဉ်" တို့၏ အမြင်အရ ရှာနည်းနှစ်မျိုး ကွဲ၏။ အန္ဓပုထုဇဉ်တို့သည် မှားယွင်းသော အတွေးအမြင် "မိစ္ဆာသင်္ကပ္ပ"ဖြင့် ရှာ၏။ ကလျာဏ ပုထုဇဉ်တို့ကမူ မှန်ကန်သော အတွေးအမြင် "သမ္မာသင်္ကပ္ပ"ဖြင့် ရှာ၏။ မိစ္ဆာသင်္ကပ္ပဖြင့် ရှာလေသောအခါ ဤလောကကို သင်္ခါရဓမ္မ အနေဖြင့် မမြင်တော့ဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့်သာ မြင်တော့၏။ ဒြပ်ရှိ၊ ဒြပ်မဲ့ အရာဝတ္ထုများ အနေဖြင့်သာ မြင်တော့၏။ ထိုအခါ သူ၏အမြင်သည် "ပညတ်" ကိုသာ အာရုံပြုတော့၏။ သို့ဖြစ်၍ သူ သိသော "ပညတ်"၌သာ သာယာဖွယ်ကို ရှာတော့၏။ အမှန်အားဖြင့် "ပညတ်တရား"၌ သာယာဖွယ်ဟူ၍သည် မရှိ။ "ပညတ်တရား" ကိုယ်တိုင်က "အရှိ"တရား မဟုတ်။ သို့ဖြစ်လျှင် ယင်း ပညတ်တရား၌ စစ်မှန်သော သာယာဖွယ်သည်

အဘယ်မှာလျှင် ရှိချိမ့်မည်နည်း။ သို့ရာတွင် အန္ဓပုထုဇဉ်သည် ဤသဘောကို မသိ။

ပစ္စည်းဥစ္စာများ၌ သာယာဖွယ်ရှိမည်ဟု သူက ထင်၏။ သို့ရာတွင် လက်တွေ့ ရှာဖွေသောအခါ ပစ္စည်းဥစ္စာများ၌ သာယာဖွယ်ကို မတွေ့ရ။ ထို့နောက် ရာထူးဂုဏ်သိန်များ၌လည်း ရှာ၏။ ထင်ပေါ် ကျော်ကြားမှုများ၌လည်း ရှာ၏။ သို့ရာတွင် "အရှိ" တရား မဟုတ်သော မည်သည့် အရာဝတ္ထုများ၌မှ စစ်မှန်သော သာယာဖွယ်ကို မတွေ့။ နောက်ဆုံး သူတွေ့သည်ကား သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿနှင့် ဥပါယာသ တို့သာ ဖြစ်လေ၏။

သူ အသုံးပြုသော နည်းကလည်း မှားယွင်းသော အတွေးအမြင် "မိစ္ဆာသင်္ကပ္ပ"နည်း ဖြစ်၏။ သူ ရလိုသော အရာဝတ္ထုများကို ရအောင် ကြိုးစား၏။ ယင်းကို "ကာမဝိတက်"ဟု ခေါ်၏။ ကာမဝိတက်ဖြင့် "အဿ ကို ရှာ၏။ ထိုသို့ ရှာရာတွင် အခက်အခဲကို တွေ့ရ၏။ အဟန့်အတားကို တွေ့၏။ ထိုအခါ သူသည် "အာဒီနဝ"ကို တွေ့သည် မည်၏။ "အာဒီနဝ"ကို တွေ့သောအခါ သူသည် အမျက်ထွက်၏။ ထိုသို့ အမျက်ထွက်ခြင်းကို "ဗျာပါဒဝိတက်"ဟု ဆိုရ၏။ အဿာဒကို ရှာရာ၌ တွေ့ကြုံလာရသော အခက်အခဲ အာဒီနဝကို ကျော်လွှန်ရအောင် ထွက်မြောက်ရာကို ရှာ၏။ သူ ရှာသော ထွက်မြောက်ရာကို "နိဿရဏ"ဟု ခေါ်၏။ ထွက်မြောက်ရာကို ရှာရာတွင် ရက်စက်သောနည်းကို သုံး၏။ ထိုနည်းကို "ဝိဟိံသဝိတက်"ဟု ခေါ်၏။ ဤလောက၌ သာယာဖွယ် အဿာဒသည် အမှန်ပင် ရှိပါ၏။ သို့ရှိသော်လည်း အန္ဓပုထုဇဉ်သည် ငါ, ငါ့ဟာ, ငါ့ဥစ္စာ ဟူသော အကြံအစည်ဖြင့် ရှာလေသောအခါ မှားယွင်းသော အကြံအစည် "မိစ္ဆာသင်္ကပ္ပ"ဖြင့် ရှာမိလျက်သား ဖြစ်တော့၏။ "မိစ္ဆာသင်္ကပ္ပ"ဖြင့် ရှာနေသမျှ ကာလပတ်လုံး စစ်မှန်သော "အဿာဒ"ကို မည်သည့်နည်းနှင့်မျှ မတွေ့နိုင်ကြောင်း သူ မသိ။

ပရမတ္ထတရားများနှင့် ယင်းတို့၏ ကြောင်းကျိုးဖြစ်စဉ်ကို လည်းကောင်း၊ ဘဝ၏ ဖြစ်ပျက်သဘောဖြင့် အမြဲတမ်း နှိပ်စက်နေသော ဒုက္ခသစ္စာကို လည်းကောင်း၊ ဘဝဟူသည် ခန္ဓာငါးပါးတို့၏ အစုအဝေးသည် ဒုက္ခအစုအဝေးသာ ဖြစ်၏ ဟူသော သဘောကို လည်းကောင်း ခန္ဓာသိဖြင့် တကယ်တမ်း မသိရှာသော သူ့ကို "အန္ဓပုထုဇဉ်" ဟူ၍ ခေါ်ရခြင်း ဖြစ်၏။ အမှန်အားဖြင့် သူသည် "သညာသိ" နယ်ပယ်၌ အလွန် ကျော်ကြားသော ပါမောက္ခကြီး ဖြစ်ချင်ဖြစ်မည်၊ သိပ္ပံပညာရှင်ကြီး ဖြစ်ချင်ဖြစ်မည်၊ စာပေ အနုပညာရှင်ကြီး ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် ဘာပဲဖြစ်ဖြစ် သူ၏အသိသည် စာပေကျမ်းဂန်သိ "သုတမယဉာဏ်"၊

တွေးခေါ်မြော်မြင်သိ "စိန္တာမယဉာဏ်" အဆင့်မျှသာ ဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးကို အန္ဓပုထုဇဉ် ဟူ၍သာ ဆိုရ၏။ အန္ဓပုထုဇဉ် ဖြစ်သော်လည်း တွေးခေါ်မြော်မြင်သိ "စိန္တာမယဉာဏ်"ဖြင့် အကြောင်းနှင့် အကျိုးတို့၏ ဆက်စပ်မှုကိုကား သိ၏။ သို့ရာတွင် သူ၏အသိသည် "ပညတ်အကြောင်း" နှင့် "ပရမတ်အကျိုး" တို့၏ ဆက်စပ်မှုကို သိသော အသိမျိုးတော့ မဟုတ်။ အဘယ့်ကြောင့်ဆိုသော် အန္ဓပုထုဇဉ်ဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် တည်ရာဒွာန တော, တောင်, ရေ,မြေတို့ကို အရှိထား၍ ယင်းတို့၏ကြောင်းကျိုးဆက်စပ်မှုကိုသာ သိပြီး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ "ပရမတ်အကြောင်း"နှင့် "ပရမတ်အကျိုး" တို့၏ ဆက်စပ်မှုကို သိသော အသိမျိုး မဟုတ်သောကြောင့် ဖြစ်၏။

အမှန်အားဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ပရမတ်အကြောင်းနှင့် ပရမတ်အကျိုးတို့၏ ဆက်စပ်မှုကိုသိသော အသိမျိုးသည်သာလျှင် "မဇ္ဈိမပဋိပဒါ" ကျသော အသိမျိုး မည်၏။ ပညတ်အကြောင်းနှင့် ပညတ်အကျိုးတို့၏ ဆက်စပ်မှုမျိုးကို သိသော အသိမျိုးကိုမူ "မဇ္ဈိမပဋိပဒါ"ကျသော အသိမျိုးဟူ၍ မဆိုရချေ။ အဘယ့်ကြောင့် ဆိုသော် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် တည်ရာဒွာနကို အရှိထား၍ သိသော အသိမှန်သမျှသည် အမှားသိ ဝိပ္ပလ္လာသဖြင့် စ၍ အမှားသိ ဝိပ္ပလ္လာသဖြင့် အဆုံးသတ်ထားသောကြောင့် ဖြစ်ပါ၏။

ကလျာဏ ပုထုဇဉ်တို့သည်ကား သာယာဖွယ် အဿာဒကို ရှာရာ၌ သမ္မာ သင်္ကပ္ပနည်းဖြင့်သာ ရှာ၏။ ထို့ပြင် ပညတ်၌လည်း မရှာ၊ ပရမတ်၌သာ ရှာ၏။ ပရမတ်၌ ရှာရာတွင်လည်း မိမိ၏ ခန္ဓာငါးပါး၌သာ ရှာ၏။ ခန္ဓာငါးပါး၌ ရှာရာတွင်လည်း ရှေးဦးစွာ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့အပေါ် အခြေခံ၏။ ထိုနောင်မှ ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို ရှု၏။

ခန္ဓာငါးပါး၏ ဖြစ်ပျက်ကိုရှုရာတွင် သမ္မာသင်္ကပ္ပနည်းအရ နေက္ခမ္မဝိတက်ဖြင့် ဘဝ၌ တပ်မက်တတ်သော "ဘဝနိကန္တိ"ကို ပါးသည်ထက်ပါးအောင် အားထုတ်၏။ အမှန်အားဖြင့် ကာမဂုဏ်၌ တပ်မက်ခြင်းသည် "ဘဝနိကန္တိ"အပေါ် အခြေခံကာ "အတ္တနိယ"အနေဖြင့် သိမ်းပိုက်ထားသောကြောင့် ဖြစ်၏။ အတ္တနိယ အနေဖြင့် သိမ်းပိုက်ထားပါက ငါ, ငါ့ဟာ, ငါ့ဥစ္စာ ဟူသော အမြင်များ, အသိများ, အမှတ်များ တို့သည် ပေါ်လာကြ၏။ ထို့ကြောင့် ခန္ဓာငါးပါး၏ အခြေခံဖြစ်သော သမုဒယသစ္စာ ခေါ် တဏှာကို သတ်ရန် နေက္ခမ္မဝိတက်ဖြင့် စွန့်လွှတ်ခြင်း အလောဘ၌ သာယာဖွယ် "အဿာဒ"ကို တွေ့လာမည် ဖြစ်၏။ သို့ရာတွင် "ဥဒယဗ္ဗယဉာဏ်" ရှေ့ပိုင်းသို့ ရောက်သောအခါ ဘဝသက်တမ်းတစ်လျှောက် တစ်ရံတစ်ခါမျှ မခံစားဖူးသော ပီတိ, ပဿဒ္ဓိ, သုခတို့ကို စတင် ခံစားလာရ၏။

ဤခံစားမှုများမှာ "ဝေဒယိတသုခ"အနေဖြင့် သာယာဖွယ် "အဿာဒ"ပင် ဖြစ်ပါ၏။ သို့ရာတွင် "သန္တိသုခ"နှင့် နှိုင်းယှဉ်လိုက်ပါက ထိုသာယာဖွယ် "အဿာဒ" သည်ပင် "အာဒီနဝ" ဖြစ်ရပြန်၏။ ယင်း"အာဒီနဝ" မှ လွတ်မြောက်နိုင်ရန် ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို ရှုရပြန်၏။ နောက်ဆုံး၌ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ထိုအခါမှသာ တကယ်တမ်း စစ်မှန်သော နိဿရဏ ကို တွေ့ရ၏။

သမ္မာသက်ပ္ပဟူသည် ပညာအုပ်စုအနေဖြင့် မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သော ဝိတက်စေတသိက် ဖြစ်၏။ သမ္မာသက်ပ္ပတွင် နေက္ခမ္မဝိတက်လည်း ပါဝင်၏။ အဗျာပါဒ ဝိတက်လည်း ပါဝင်၏။ အဝိဟိံသ ဝိတက်လည်း ပါဝင်၏။ နေက္ခမ္မ ဝိတက် ဟူသည် အလောဘနှင့်ယှဉ်သော ဝိတက်ဖြစ်၏။ အဗျာပါဒ ဝိတက် ဟူသည် အဒေါသနှင့် ယှဉ်သော ဝိတက်ဖြစ်၏။ အဝိဟိံသ ဝိတက်ဟူသည် ကရုဏာနှင့်ယှဉ်သော ဝိတက် ဖြစ်၏။ ကလျာဏပုထုဇဉ်သည် "အဿာဒ"ကို ရှာရာ၌ သမ္မာသက်ပ္ပနည်းကို သုံး၏။ ဤသို့ သုံးခြင်းသည် မိစ္ဆာသက်ပ္ပ၏ ဆန့်ကျင်ဘက်အနေဖြင့် သုံးခြင်းဖြစ်၏။ အချုပ်အားဖြင့် ဆိုရလျှင် အန္ဓပုထုဇဉ် တို့သည် "အဿာဒ" ကို ပညတ်၌ ရှာကြ၏။ ကလျာဏပုထုဇဉ် တို့ကမူ "အဿာဒ" ကို ပရမတ်၌ ရှာလေ၏။ ဤသို့ ရှာပုံရှာနည်း အချင်းချင်း မတူကြ။

မြတ်စွာဘုရားသခင်၏ ဒေသနာတော်များကို လေ့လာဖတ်ရှုသောအခါ မိစ္ဆာသက်ပ္ပနည်းအရ တွေ့ရှိသော "အဿာဒ"နှင့် သမ္မာသက်ပ္ပနည်းအရ တွေ့ရှိသော "အဿာဒ"တို့ကို တိုက်ရိုက်တွေ့ချင်မှ တွေ့မည်။ အကယ်၍ မတွေ့သော် တွေ့အောင် ရှာနိုင်ရန် မျက်စိအမြင် ရှိဖို့လို၏။ မျက်စိအမြင် ဟူသည်မှာ ဉာဏ် မျက်စိပင် ဖြစ်၏။ အန္ဓပုထုဇဉ်၌ "သုတမယဉာဏ်"မျက်စိနှင့် "စိန္တာမယဉာဏ်" မျက်စိနှစ်လုံး ရှိ၏။ ကလျာဏပုထုဇဉ်၌မူ "သုတမယဉာဏ်" မျက်စိ၊ "စိန္တာမယ ဉာဏ်" မျက်စိ၊ "ဘာဝနာမယဉာဏ်" မျက်စိဟူ၍ မျက်စိသုံးလုံး ရှိ၏။ သို့ရာတွင် အန္ဓပုထုဇဉ်နှင့် ကလျာဏ ပုထုဇဉ်တို့သည် မိမိတို့၌ရှိသော ဉာဏ်မျက်စိအလိုက် အနက်ဆိုင်ရာ အဿာဒ, အာဒီနဝ, နိဿရဏတို့ကိုလည်းကောင်း၊ သဒ္ဒါဆိုင်ရာ ဖလ, ဥပါယ, အာဏတ္တိတို့ကို လည်းကောင်း တွေ့မြင်လေ၏။ တွေ့မြင်အောင် လည်း အားထုတ်၍ ကြည့်ကြလေ၏။

အားထုတ်ကြည့်ရာတွင် နေတ္တိကျမ်းလာ ဝိစယာဟာရနည်းအရ "ပဒ" ကိုလည်း ကြည့်ရ၏။ "ပဒ"ကို ကြည့်သောအခါ သဒ္ဒါကျမ်းနှင့် နိရုတ္တိကျမ်းတို့ကို တတ်ကျွမ်းဖို့ လို၏။ သဒ္ဒါကျမ်းကို တတ်ကျွမ်းပါမှ ပုဒ်တစ်ပုဒ်တွင် ပါဝင်သော ပကတိ, ပစ္စယ, ဝိဘတ္တိတို့၏ ပါဝင်ဖွဲ့စည်းပုံကို သိမည်။ နိရုတ္တိကျမ်းကို

တတ်ကျမ်းပါမှ ယင်းပုဒ်တွင် ပါဝင်သော အက္ခရာတို့၏ အဆင့်ဆင့် ပြောင်းလဲပုံကို လည်းကောင်း၊ အနက်တို့၏ အဆင့်ဆင့် ပြောင်းလဲပုံကို လည်းကောင်း သိမည်။ သဒ္ဒါကျမ်းသည် ဘာသာဗေဒနှင့် ဆက်စပ်၍ နိရုတ္တိကျမ်းသည် သဒ္ဒဗေဒနှင့် ဆက်နွှယ်၏။

ပုစ္ဆာနှင့် ဝိသဇ္ဇနာကိုလည်း ကြည့်ရ၏။ ယနေ့ဘုန်းတော်ကြီးကျောင်း ပါဠိပညာရေးစနစ်တွင် ဝါကျများဖြင့် ဖော်ပြထားသော အကြောင်းအရာတစ်ရပ် ပြောင်းတိုင်း ကျမ်းတက်အနေဖြင့် ဤနည်းကို ကျင့်သုံးဆဲ ဖြစ်၏။ အမှန်အားဖြင့် ဤနည်းသည် ရှေးခေတ် မဇ္ဈိမဒေသ စာပေသင်ကြားနည်း ဖြစ်၏။ သက္ကတ ဘာသာဖြင့် ရေးသားဖော်ပြထားသော ဒဿနအဖွင့်ကျမ်းများ၌ ဤနည်းသည် မသုံးမဖြစ် အနေဖြင့် သုံးရသော နည်းပင် ဖြစ်၏။ အခြား အဖွင့်စာပေများ၌လည်း ဤနည်းကို သုံးသည်ပင် ဖြစ်၏။ ဤနည်းတွင် အင်္ဂါငါးပါး ရှိသည်။ ယင်းတို့မှာ (၁)တင်ပြလိုသော အကြောင်းအရာ "ဝိသယ"၊ (၂)ယင်း၌ ယုံမှားဖွယ်များ "သံသယ"၊ (၃) တစ်ဖက်သား၏ တင်ပြချက်များ "ပုဗ္ဗပက္ခ"၊(၄)ကျမ်းဆရာက ပြန်လည်ရှင်းလင်းချက် "ဥတ္တရပက္ခ"၊ (၅)အပြီးသတ် ဆုံးဖြတ်ချက် "နိဏ္ဏယ"တို့ ဖြစ်ကြ၏။

ရှေ့နှင့်နောက် ညီညွတ်မှု "ပုဗ္ဗာပရ"ကိုလည်း ကြည့်ရ၏။ ဤနည်းမှာ ဉာယကျမ်း အတတ်ဖြစ်၏။ ဉာယကျမ်းတတ်မှ ဝါကျတစ်ခုအတွင်း၌ ရှိထိုက် သော အင်္ဂါများကို လည်းကောင်း၊ ဝါကျများအတွင်း၌ ရှိထိုက်သော အင်္ဂါများကို လည်းကောင်း သိ၏။ ဝါကျတစ်ခုအတွင်း၌ ရှေ့နှင့်နောက် ဆက်စပ်မှုအရ ရှိသင့်သော အင်္ဂါများမှာ (၁)ပုဒ်များအချင်းချင်း ငဲ့ခြင်း "အာကင်္ခါ"၊ (၂)အချင်းချင်း ငဲ့ရာ၌ သင့်လျော်မှုရှိခြင်း "ယောဂျတာ"၊ (၃) ငဲ့လည်းငဲ့၊ သင့်လျော်မှုလည်း ရှိသော ပုဒ်များ အချင်းချင်း နီးကပ်ခြင်း "အာသတ္တိ"၊ (၄)ရှေ့နှင့်နောက် အဆက် အစပ်ရှိခြင်း "အနုသန္ဓိ"ဟူ၍ အင်္ဂါလေးမျိုး ရှိရ၏။ ဤအင်္ဂါလေးမျိုးသည် ဝါကျ တိုင်း ဝါကျတိုင်း၌ ရှိရ၏။

ဝါကျများအတွင်း၌ ရှိထိုက်သော အင်္ဂါများမှာ (၁)တင်ပြချက် "ပဋိညာဉ်"၊ (၂)အကြောင်းပြ "ဟိတ်"၊ (၃)ပုံစံ "ဥပါဟာရဏ်"၊ (၄)ဆက်စပ်ပြမှု "ဥပနယန"၊ (၅) အဆုံးသတ်ကောက်ချက် "နိဂုံး"ဟူ၍ အင်္ဂါငါးမျိုး ရှိရ၏။ ယင်းအင်္ဂါ ငါးမျိုးသည် မိမိ တင်ပြလိုသော အကြောင်းအရာ တစ်ရပ်၌ ပါဝင်ရ၏။ ယင်းကို ငါးပါးသော အစိတ်အပိုင်းတို့ဖြင့် ဖွဲ့စည်းထားသော "ပဉ္စာဝယဝဝိသယ" ဟု ခေါ်၏။ သို့ရာတွင် ပြည့်စုံသော အကြောင်းအရာ တစ်ရပ်၌ အဆိုပါ အစိတ်

အပိုင်း ငါးမျိုးလုံး တိုက်ရိုက် ပါဝင်ချင်မှ ပါဝင်မည် ဖြစ်၏။ အကယ်၍ တိုက်ရိုက် မပါဝင်သော်လည်း သဘောအားဖြင့် ရအပ်ပါ၏။

ထိုနောက် အထောက်အထား ခိုင်မာမှု "အနုဂီတိ"ကိုလည်း ကြည့်ရ၏။ မိမိ တင်ပြသော အဆိုသည် ပိဋကတ်တော်၌ တိုက်ရိုက်သော်လည်း ပါဝင်ရမည်။ တိုက်ရိုက် မပါဝင်ပါက "မဟာပဒေသ" နှင့် သော်လည်း ညီရမည်။ သို့မှသာ ထိုအဆိုသည် ခိုင်မာသောအဆို မည်၏။ အဆို ခိုင်မာပါမှ စိတ်ချလက်ချ လိုက်နာကျင့်သုံးနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက ဒေဝဒတ်ကို ဆရာတင်၍ ဒေဝဒတ်၏ အဆိုအမိန့်အတိုင်း လိုက်နာကျင့်သုံးမိသော အဇာတသတ်ကဲ့သို့ ကိုယ်ကျိုးနည်းတတ်၏။ ထို့ကြောင့် အထောက်အထား ခိုင်မာမှု ရှိ, မရှိကို ကြည့်ရခြင်း ဖြစ်၏။

လူသည် မိမိ၏ဘဝ၌ ခင်တွယ်သူလည်း ရှိ၏။ မိမိ၏ ဘဝ၌ ခင်တွယ်သောအခါ မိမိခန္ဓာ၏ ၃၂ ကောဋ္ဌာသ အစုအဝေးကို သာယာဖွယ် "သုဘ"ဟု မြင်၏။ မွေးသည်မှ သေသည်အထိ တစ်ဆက်တည်း "နိစ္စ"ဟု မြင်၏။ မိမိခန္ဓာ၏ သွားလာကိုက်ခဲခြင်း စသည်ဖြင့် အမြဲတစေ နှိပ်စက်မှုကို မမြင်ဘဲ ဆိုဖာပေါ်၌ ထိုင်ခြင်း၊ အပူခန်း၊ အအေးခန်း၌ နေခြင်း စသည်ဖြင့် လိုအပ်သော ဣရိယာပုတ်များကို လိုအပ်သလို ပြောင်းရွှေ့နိုင်ခြင်းကို ချမ်းသာ"သုခ"ဟု မြင်၏။ မိမိ၏ ခန္ဓာကိုယ်ကို ဒြပ်၊ အစိုင်အခဲအနေဖြင့် မိမိ၏ အလိုအတိုင်း ဖြစ်နိုင်အောင် စွမ်းဆောင်နိုင်မှု "အတ္တ" ဟု မြင်၏။

မိမိ၏ ဘဝ၌ ငြီးငွေ့သောအခါ မိမိခန္ဓာ၏ မသာယာဖွယ် "အသုဘ" အမြဲတစေ ဖြစ်ပျက်ကာ တစ်ခဏထက် တစ်ခဏ အိုမင်းရင့်ရော်ခြင်း၊ ပျက်စီးခြင်းဖြင့် မမြဲသော "အနိစ္စ"၊ ဆင်းရဲသော "ဒုက္ခ"၊ မိမိ၏ ဆန္ဒအတိုင်း မဖြစ်နိုင်မှု "အနတ္တ" တို့ကို မြင်၏။ ထိုသို့ မြင်နိုင်အောင် ရှေးဦးစွာ ယထာဘုတဉာဏ်, နိဗ္ဗိန္ဒဉာဏ်တို့ကို အစဉ်အတိုင်း ရအောင် ရှုရ၏။

ပိဋကတ်စာပေသည် လောကီအကျိုး၊ လောကုတ္တရာအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော စာပေဖြစ်သဖြင့် နက်ရှိုင်း၏။ ထို့ကြောင့် ပိဋကတ်စာပေကို ဖတ်ရှု၍ ယင်း၏အနက်ကို နားလည်နိုင်ရန် စာဖတ်နည်း လို၏။ အထောက်အပံ့ အခြံအရံ ကျမ်းများကား အလင်္ကာရကျမ်းနှင့် နေတ္တိကျမ်းတို့ ဖြစ်ကြ၏။

အလင်္ကာရကျမ်းသည် "ဘာဝနာမယဉာဏ်" မရဘဲ "အတ္တ"ခွာနည်းကို ညွှန်ပြသောကျမ်း ဖြစ်၏။ ယင်းနည်းကို "ရသနည်း"ဟု ခေါ်၏။ နေတ္တိကျမ်းနည်းသည် "ဘာဝနာ မယဉာဏ်"ဖြင့် "အတ္တ"ခွာနည်းကို ညွှန်ပြသောကျမ်း ဖြစ်၏။ ပိဋကတ်စာပေကို ဖတ်ရှုလေ့လာသောအခါ "ရသနည်း"ဖြင့် ဖတ်ရှုလေ့လာပါက ဘာဝနာမယဉာဏ် မပါဘဲ အတ္တ ကွာ၏။ ဤနေရာ၌ အတ္တကွာခြင်း ဟူသည်မှာ

စာဖတ်သူကိုယ်တိုင် မိမိ၏ဘဝ ပျောက်ပြီး စာပေ၌ ပါဝင်သော ဇာတ်ဆောင် ဖြစ်သွားခြင်းမျိုး ဖြစ်၏။ ဥပမာအားဖြင့် ဓမ္မစက္ကပဝတ္တနသုတ်ကို ရသနည်းဖြင့် ဖတ်ရှုပါက စာဖတ်သူကိုယ်တိုင် သူ၏ ဘဝပျောက်ပြီး ပဥ္စဝဂ္ဂီ ဖြစ်သွား၏။ ဤသို့ ဖြစ်ခြင်းကိုပင် အတ္တကိုပယ်ခြင်း မည်၏။ အတ္တကို တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်း ဖြစ်၍သာ နှစ်သက်ခြင်း ရသကို ခံစားနိုင်ခြင်း ဖြစ်၏။ နေတ္တိနည်းဖြင့် လေ့လာဖတ်ရှုပါက အစဉ်အတိုင်း ယထာဘူတဉာဏ်, နိဗ္ဗိန္ဒ ဉာဏ်, မဂ်ဉာဏ် တို့ဖြင့် အတ္တကို ပယ်၏။ အတ္တကို ပယ်သည်နှင့်မျှ ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းမှ စ၍ နှစ်သက်ခြင်းတို့ကို ခံစားရ၏။ ဤသည်မှာ အဿာဒ, အာဒီနဝ, နိဿရဏ တို့ကို နားလည်နိုင်အောင် စာဖတ်နည်းများက အထောက်အကူပြုသည့် သဘော များကို တင်ပြခြင်း ဖြစ်ပါ၏။ သို့ရာတွင် ကလျာဏ ပုထုဇဉ်သည် နည်းနှစ်မျိုး လုံးကို အသုံးပြုနိုင်၏။ အန္ဓပုထုဇဉ်မှာမူ “ရသနည်း” တစ်မျိုးကိုသာ အသုံးပြု နိုင်၏။

# စာဖတ်သူများ ၁၁

*စာဖတ်ခြင်းဟူသည် စာဖတ်သူ၏ ဘဝ၌ မြင့်မားသော*
*အတွေ့အပြောင်းကို ဖြစ်ပေါ်စေနိုင်သော "အသိဉာဏ်"ကို*
*ရရှိမှသာလျှင် မှန်ကန်သော စာဖတ်ခြင်း မည်၏။*

လူသည် စာဖတ်တတ်သည့် အရွယ်မှစ၍ စာကို ဖတ်ကြ၏။ စာကိုဖတ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် စာပါအနက်ကို ယူရာ၌ မတူကြ။ စာပါအနက်ကို အသုံးချရာ၌လည်း တစ်ယောက်နှင့်တစ်ယောက် မတူကြ။ စာကို ရှုမြင်ရာ၌လည်း တစ်ယောက်နှင့်တစ်ယောက် မတူကြ။ ထိုသို့ မတူခြင်း၏ ပဓာန အကြောင်းရင်းမှာ စာဖတ်သူများ အနေဖြင့် ဖြတ်သန်းခဲ့ရသော ဘဝခရီးချင်း တစ်ယောက်နှင့် တစ်ယောက် မတူသောကြောင့် ဖြစ်၏။ ဖြတ်သန်းခဲ့ရသော ဘဝခရီး ဟူသည် သံသရာ၌ ဖြတ်သန်းခဲ့ရသော ဘဝခရီးလည်း ဟုတ်၏။ ပစ္စုပ္ပန်၌ ဖြတ်သန်းခဲ့ရသော ဘဝခရီးလည်း ဟုတ်၏။ ထိုဘဝခရီး နှစ်မျိုးလုံးကို ဆိုလို၏။

သံသရာ၌ ဖြစ်စေ၊ ပစ္စုပ္ပန်၌ ဖြစ်စေ ဖြတ်သန်းခဲ့ရသော ဘဝခရီးသည် စာပေ အသိဉာဏ်နှင့် ပတ်သက်၍ စာဖတ်သူအား ကြီးစွာသော အထောက်အပံ့ကို ပြုနိုင်သော ဘဝခရီးမျိုးဖြစ်လျှင် ထိုစာဖတ်သူမျိုးသည် စာပေကို ဖတ်ရှုလေ့လာရာ၌ အခြား စာဖတ်သူများထက် အနက်ကို ယူရာ၌လည်း ပို၍ မှန်ကန်၏။ စာပါ အနက်ကို အသုံးချရာ၌လည်း ပို၍ ထိရောက်၏။ စာကို ရှုမြင်ရာ၌လည်း ပို၍ မြင်ကွင်းကျယ်၏။ ထို့ကြောင့် စာဖတ်သူများ အနေဖြင့် ဖြတ်သန်းခဲ့ရသော ဘဝခရီးသည် တစ်ယောက်နှင့်တစ်ယောက် စာပါအနက်ကို ယူရာ၌ ဖြစ်စေ၊ အသုံးချရာ၌ ဖြစ်စေ၊ ရှုမြင်ရာ၌ ဖြစ်စေ ပဓာနအကြောင်းရင်း ဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

စာပါအနက်သည် အဆင့်အားဖြင့် သုံးမျိုးရှိ၏။ အပေါ်ဆုံးအဆင့် အနက်သည် "သဒ္ဒတ္ထ"ဖြစ်၏။ အလယ်ဆင့်အနက်သည် "အဓိပ္ပာယတ္ထ"ဖြစ်၏။ နောက်ဆုံးအဆင့် အနက်သည် "ဘာဝတ္ထ"ဖြစ်၏။ အနက်သုံးမျိုး ရှိသည့် အလျောက် သဒ္ဒါလည်း သုံးမျိုး ရှိ၏။ "သဒ္ဒတ္ထ"ကို ဟောသောသဒ္ဒါကို "ဝါစက" ဟု ဆို၏။ "အဓိပ္ပာယတ္ထ"ကို ဟောသောသဒ္ဒါကို "လက္ခဏိက"ဟု ဆို၏။ "ဘာဝတ္ထ"ကို ဟောသောသဒ္ဒါကို "ဗျဉ္ဇက"ဟု ဆို၏။ သဒ္ဒါသုံးမျိုးနှင့် အနက်

သုံးမျိုး ရှိသည့် အလျောက်လည်း "အသိဉာဏ်"လည်း သုံးမျိုးရှိ၏။ "သဒ္ဒတ္ထ"ကို "ဝါစက" သဒ္ဒါက ဟောသည့်အတိုင်း "သုတဉာဏ်"ဖြင့် သိ၏။ "အဓိပ္ပာယတ္ထ" ကို "လက္ခဏိက" သဒ္ဒါက ဟောသည့်အတိုင်း "အနုမိတဉာဏ်"ဖြင့် သိ၏။ "ဘာဝတ္ထ"ကို "ဗျဉ္ဇက"သဒ္ဒါက ဟောသည့်အတိုင်း "သစ္စိကတဉာဏ်"ဖြင့် သိ၏။ ထို့ကြောင့် အသိဉာဏ်သည်လည်း "သုတဉာဏ်"၊ "အနုမိတဉာဏ်"၊ "သစ္စိကတဉာဏ်"ဟူ၍ သိအပ်သော သဒ္ဒါနှင့် အနက်က သုံးမျိုးပြားသည့် အလျောက် လိုက်၍ သုံးမျိုးပြား၏။

အနက်သုံးမျိုးတို့တွင် "သဒ္ဒတ္ထ"ဟူသည် ရိုးရိုးသဒ္ဒါနက် ဖြစ်၏။ ယင်းကို "ဝါစက"သဒ္ဒါက ဟော၏။ ပါဠိလျှောက် အနက်ဟူ၍လည်း ဆိုကြ၏။ စာပါအတိုင်း တိုက်ရိုက်ပါသော အနက်ဖြစ်၏။ ယင်းအနက်ကို "သုတဉာဏ်"ဖြင့် သိ၍ရ၏။ "အဓိပ္ပာယတ္ထ"ဟူသည် အကြောင်းနှင့်အကျိုး သို့မဟုတ် ရှေ့နှင့်နောက် သို့မဟုတ် အခြား အဆိုအမိန့်များနှင့် ဆက်စပ်၍ ယူရသော အနက်ဖြစ်၏။ ယင်းအနက်သည် စာ၌ တိုက်ရိုက်မပါ၊ ဆင်ခြင်၍ ယူရသော အနက်ဖြစ်၏။ ယင်းအနက်ကို "အနုမိတဉာဏ်"ဖြင့် သိ၏။ "ဘာဝတ္ထ"ဟူသည် ခန္ဓာ၌ ကိုယ်တိုင် ခံစားရသော အနက်ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် စာ၌ပါသော အနက်မှ တစ်ဆင့် ခန္ဓာ၌ ပါသော အနက်ဖြစ်၏။ စာ၌ပါသော အနက်များက ခန္ဓာ၌ ကိုယ်တွေ့ခံစားရသော အနက်များကို နောင် အဆင့်ဆင့် သိရလေအောင် မှတ်တမ်းတင်ပြီး ပြန်လည်၍ ဖော်ပြထားသော အနက်များသာ ဖြစ်ကြ၏။ ယင်းအနက်ကို "သစ္စိကတဉာဏ်"ဖြင့် သိ၏။ ထို့ကြောင့် "သဒ္ဒတ္ထ" နှင့် "အဓိပ္ပာယတ္ထ"ကို ဗဟိဒ္ဓ အနက်ဟု ဆိုရ၏။ "ဘာဝတ္ထ"ကိုမူ အဇ္ဈတ္တ အနက်ဟူ၍ ဆိုရ၏။

အမှန်အားဖြင့် စာဖတ်ခြင်းဟူသည် စာဖတ်သူ၏ ဘဝ၌ မြင့်မားသော အကွေ့အပြောင်းကို ဖြစ်ပေါ်စေနိုင်သော "အသိဉာဏ်"ကို ရရှိမှသာလျှင် မှန်ကန်သော စာဖတ်ခြင်း မည်၏။ စာဖတ်သူ၏ ဘဝ၌ မြင့်မားသော အကွေ့အပြောင်းဟူသည် ဒုစရိုက် ဟူသမျှကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ ဒုစရိုက်ဟူသမျှကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်လိုက်သည်နှင့် တစ်ပြိုင်နက် သုစရိုက်ဟူသမျှသည် အလိုလို ဝင်လာ၏။ ထို့နောက် ပုညကြိယဝတ္ထုဆယ်ပါးသည်လည်း ရောက်လာမည် ဖြစ်၏။ ဒုစရိုက် ဟူသမျှကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အမှန်အားဖြင့် လွယ်ကူသော ကိစ္စတော့ မဟုတ်။ စာသိ၊ ပေသိ၊ ကျမ်းဂန်သိ အဆင့်မျှဖြင့် ဖြစ်ကောင်းသော ကိစ္စလည်း မဟုတ်။ ကျင့်စဉ်ပဋိပတ္တိ သိမှတစ်ဆင့် သစ္စာသိဖြင့်သာ ဖြစ်ကောင်းသော ကိစ္စဖြစ်၏။ သို့ရာတွင် စာပေသိသည် သစ္စာသိသို့ ဦးတည်နိုင်ပါ၏။ စာပေသိကို အစဉ်လျှောက်သဖြင့် ခန္ဓာသိမှ တစ်ဆင့်

အရိယာသစ္စာသိသို့ ရောက်သွားကြသော ပုဂ္ဂိုလ်များ ရှေးကလည်း ရှိဖူးပါ၏။ ယခုလည်း မရှိဟူ၍ မဆိုသာပါချေ။

သို့ဖြစ်၍ စာပေကို ဖတ်ရှုရာ၌ ဘဝ၏ မြင့်မားသော အကျေ့အပြောင်းကို ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်စွမ်းသော အသိဉာဏ်ကို ရအောင် ကြိုးစားကြရမည် ဖြစ်၏။ အကယ်၍ စာဖတ်သူ၏ ဘဝ၌ မြင့်မားသော အကျေ့အပြောင်းကို ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်စွမ်းသော စာပေသိကို စာဖတ်ခြင်းဖြင့် မရဘူးဆိုပါလျှင် ထိုစာပေသိသည် ပါရာဇိက ကဏ္ဍပါဠိတော် သိက္ခာပဒပညတ္တိ ယာစနကထာ၌ လာသည့်အတိုင်း ဗဟုသုတများခြင်း ဗာဟုသစ္စမဟတ္တအနေဖြင့် အာသဝေါတရား များ ပွားစီးကြောင်း အာသဝဋ္ဌာနိယကိုသာ ဖြစ်စေနိုင်၏။ အာသဝေါတရားဟူသည် သံသရာ စက်ရဟတ်၏ "ဝင်ရိုး"ဖြစ်၏။ ထို့ကြောင့် အသိတိုင်း ကောင်းသည် မဟုတ်၊ ဒုစရိုက် ဟူသမျှကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်နိုင်အောင် လမ်းညွှန်သော အသိမျိုးသာ ကောင်းသော အသိ၊ မှန်ကန်သောအသိ ဖြစ်ပါ၏။ ထိုအသိမျိုး ရအောင် စာဖတ်တတ်ဖို့ လို၏။ ထိုအသိမျိုးသည် စာတစ်ပုဒ်၏ နောက်ဆုံးအနက် "ဘာဝတ္ထ"ကို သိမှဖြစ်၏။ ထို့ကြောင့် ဘာဝတ္ထကို သိရေးအတွက် စာဖတ်ရာ၌ စာဖတ်နည်းကို သိဖို့ လိုပါ၏။ ဤနေရာ၌ စာဖတ်နည်းဟူသည် နေတ္တိကျမ်းလာ ယုတ္တိဟာရနည်း ဖြစ်၏။

စာဖတ်ရာ၌ နောက်ဆုံးအနက် ဘာဝတ္ထကို သိအောင် ယုတ္တိဟာရသည် များစွာသော ကူညီထောက်ပံ့မှုများဖြင့် စာဖတ်သူများအား ကူညီ၏။ ပံ့ပိုး၏။ အနက်ကို အာရုံအနေဖြင့် အုပ်စုခွဲလိုက်လျှင် "ပဏ္ဏတ်ရုံ"နှင့် "ဓမ္မာရုံ"ဟူ၍ နှစ်မျိုး ရ၏။ပဏ္ဏတ်ရုံသည် မိမိတို့၏ ဒွါရငါးပါးဖြင့် တိုက်ရိုက်ထိတွေ့၍ ရကောင်းသော အာရုံများ ဖြစ်ကြ၏။ ထို့ကြောင့် ထိုအာရုံများနှင့် ပတ်သက်၍ သိကြရသော အသိများသည် တိကျသော အသိများ ဖြစ်ကြ၏။ သို့ဖြစ်၍ ပဏ္ဏတ်ရုံသိများသည် သိသူများအနေဖြင့် တစ်စုံတစ်ရာ ယုံမှားသံသယ မရှိဘဲ ယုံကြည်စွာ လက်ခံသော အသိမျိုးဖြစ်၏။ ယင်း အသိမျိုးကို ကျမ်းဂန်ဝေါဟာရဖြင့် ဆိုရလျှင် သိပ္ပံသိ ဟူ၍ ဆိုရ၏။ သိပ္ပံပညာရှင်များသည် လောကရှိ ရုပ်ဝတ္ထုများကို သိအောင် အားထုတ်ရာတွင် မိမိတို့၏ ဒွါရများ၌ တိုက်ရိုက် ထင်လာနိုင်သော ပဏ္ဏတ်ရုံအဖြစ်သို့ ရောက်အောင် အားထုတ်ကြ၏။ ပဏ္ဏတ်ရုံ အဖြစ်သို့ ရောက်ပါမှလည်း မျက်စိ နား စသော ဒွါရငါးပါးဖြင့် တိုက်ရိုက် သိ၍ ရ၏။ထိုသို့ သိ၍ရအောင် မှန်ဘီလူး များ၏ အကူအညီကိုလည်း ယူရ၏။ ဓာတ်ခွဲခန်းများ၏ အကူအညီကိုလည်း ယူရ၏။ မည်သို့ဆိုစေ သိပ္ပံပညာရှင်များသည် ရုပ်ဝတ္ထုများကို ပဏ္ဏတ်ရုံ အဖြစ်သို့ ရောက်အောင် အားထုတ်ပြီးမှ မိမိမျက်စိ၊ မိမိနား စသော ဒွါရငါးပါးဖြင့် ကိုယ်တိုင်

ကိုယ်ကျ တိုက်ရိုက်သိအောင် အားထုတ်၏။ ထိုသို့ သိမှလည်း ကျေနပ်၏။ ထို့ကြောင့် သိပ္ပံသိသည် တိကျမှန်ကန်သော အသိ ဖြစ်သည်ဟု အများက လက်ခံယုံကြည်ကြခြင်း ဖြစ်၏။

သို့ရာတွင် သိပ္ပံပညာသည် တဖြည်းဖြည်း တိုးတက်လျက် ရှိလေရာ သိပ္ပံသိသည်လည်း တဖြည်းဖြည်း တိုးတက်လျက် ရှိပါ၏။ ယခင်က ရုပ်ဝတ္ထုများနှင့် ပတ်သက်၍ သိပ္ပံပညာက အဖြေမပေးနိုင်ခဲ့သော ပြဿနာများကို ယခု သိပ္ပံပညာက အဖြေပေးနိုင်လေပြီ။ ယခင်က ပေးထားသော အဖြေများကိုလည်း ယခု ပြန်လည် ပြင်ဆင်၍ ပေးပြန်၏။ နောက်အဖြေသည် ယခင်အဖြေထက် ပို၍ တိကျ၏။ သိပ္ပံပညာသည် ဤမျှအထိ တိုးတက်လျက် ရှိ၏။ နောက်လည်း ဆက်လက် တိုးတက်မည်သာ ဖြစ်၏။ ယခုအဖြေထက် ပိုမိုတိကျသော အဖြေများကိုလည်း ပေးနိုင်ကောင်း ပေးနိုင်ပေလိမ့်ဦးမည် ဖြစ်၏။ သို့ရာတွင် သိပ္ပံပညာသည် ဓမ္မာရုံများနှင့် ပတ်သက်၍ တိကျ မှန်ကန်သော အဖြေများကို မပေးနိုင်ခဲ့။ အထူးအားဖြင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်ရပ်များ၊ ကံများ၊ ကံ၏အကျိုး ဝိပါကများနှင့် ပတ်သက်၍မူ သိပ္ပံပညာသည် တိကျသော အဖြေများကို မပေးနိုင်ချေ။ သို့ရာတွင် မြတ်စွာဘုရား၏ ဒေသနာတော်များကမူ တိကျ မှန်ကန်သော အဖြေများကို ပေးနိုင်၏။

အမှန်အားဖြင့် သိပ္ပံပညာ၏ ကျက်စားရာ နယ်သည် ပဋ္ဌာရုံဖြစ်၏။ ပဋ္ဌာရုံ ဖြစ်မှလည်း မိမိတို့၏ မျက်စိ၊ နား စသော ဒွါရငါးပါးဖြင့် ကိုယ်တိုင်ကိုယ်ကျ ထိတွေ့၍ ရ၏။ ဓမ္မာရုံကား ထိုကဲ့သို့ မဟုတ်။ ဉာဏ်မျက်စိ၏ ကျက်စားရာ သက်သက် ဖြစ်၏။ ထို့ကြောင့် သိပ္ပံပညာကား ပဋ္ဌာရုံဖြစ်အောင် လုပ်ပြီးနောက်မှသာ ဆိုင်ရာ ကြိယာများ၏ အကူအညီဖြင့် စူးစမ်းနိုင်၏။ လေ့လာနိုင်၏။ အဖြေထုတ်နိုင်၏။ ဗုဒ္ဓဒေသနာတော်ကား ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ်၊ ပဋ္ဌာရုံဖြစ်ဖြစ်၊ ဓမ္မာရုံဖြစ်ဖြစ် တိကျမှန်ကန်သော အဖြေကို ထုတ်နိုင်၏။ လောကကို လွန်၍လည်း အဖြေထုတ်နိုင်၏။

ဤလောကတွင် မတော် မတရား အဓမ္မနည်းဖြင့် ရယူပိုင်ဆိုင်ထားသော စည်းစိမ်ရှင်များ ရှိကြ၏။ ထိုပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဗုဒ္ဓဒေသနာတော်က ယုတ်ညံ့သူများ၊ ဒုစရိုက်ကောင်များ၊ မပေါင်းသင်းအပ်သူများ၊ လူလောကမှ ဝိုင်းကြဉ်အပ်သူများ၊ သူယုတ်မာများ အဖြစ် သတ်မှတ်၏။ ထိုသို့ သတ်မှတ်ခြင်းသည် ကံနှင့်ကံ၏ အကျိုးအပေါ် အခြေတည်၍ ကိုယ်ကျင့်သိက္ခာ မြင်ကွင်းမှ သတ်မှတ်ခြင်း ဖြစ်၏။ သို့ရာတွင် သိပ္ပံကမူ ထိုသို့ သတ်မှတ်မည် မဟုတ်။ သိပ္ပံသည် ပဋ္ဌာရုံကို အားထားသူ ဖြစ်၏။ ပဋ္ဌာရုံအရ ထိုပုဂ္ဂိုလ်များ၌ ကြီးကျယ်

သော စည်းစိမ်ဥစ္စာများကို တွေ့၏။ စည်းစိမ်ဥစ္စာ ရှိသည့်အလျောက် ထက်မြက်သော ဩဇာအာဏာကို တွေ့၏။ ထိုကဲ့သို့သော စည်းစိမ်ဥစ္စာများကို မရလျှင် ရသည့်နည်းဖြင့် ရယူနိုင်သော စွမ်းရည်သတ္တိကို တွေ့၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကို ကမ္ဘာ့သမိုင်းတွင် များစွာ တွေ့နိုင်၏။ ထို့ကြောင့် သိပ္ပံနည်းအရ ပညာရုံမြင်ကွင်းမှ ကြည့်လျှင် ထိုပုဂ္ဂိုလ်များကို ထူးချွန်သူများ၊ နည်းနာယူထိုက်သူများ၊ ပေါင်းသင်းအပ်သူများ၊ အလေးအမြတ် ပြုအပ်သူများအဖြစ် သတ်မှတ်၏။ ထိုသို့ သတ်မှတ်ခြင်းမှာ အပြင်ပန်း ပညာရုံကို အကြောင်းပြု၍ သတ်မှတ်ခြင်း ဖြစ်၏။ ထိုအခါ ဗုဒ္ဓဒေသနာတော် အမြင်နှင့် သိပ္ပံအမြင်သည် ဖြောင့်ဖြောင့်ဆန့်ကျင်၏။ ထိုသို့သော ဆန့်ကျင်မှုများကို ရှောင်ရှားနိုင်ရန် "ယုတ္တိဟာရ"သည် ပေါင်းကူးတံတားအဖြစ် မလွှဲသာ မရှောင်သာ ဝင်ရောက်လာရ၏။

သို့ရာတွင် "ယုတ္တိဟာရ"သည် ကြားခံအဖြစ် ဆောင်ရွက်ရသောကြောင့် အန္တရာယ်များလှ၏။ သိပ္ပံဘက်ကလည်း ကျေနပ်သည်ဟု မဆိုသာ။ သိပ္ပံ၏ ငြိုငြင်ခြင်းကိုလည်း ခံရ၏။ ဗုဒ္ဓဒေသနာတော်ဘက်ကလည်း ကျေနပ်သည်ဟု မရှိ။ ဗုဒ္ဓဒေသနာတော်၏ ငြိုငြင်ခြင်းကိုလည်း ခံရ၏။ အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော်သည် တွေးခေါ်မြော်မြင်မှုဆိုင်ရာ "တက္ကာဝစရ" မဟုတ်။ တွေးခေါ်မြော်မြင်မှုကို လွန်သော "အတက္ကာဝစရ"ဖြစ်၏။ သူတစ်ပါး၏ အဆိုအမိန့် အထောက်အထား တစ်ခုခုအပေါ် အားကိုးပြု၍၊ ထိုအားကိုးအရ သူများပြော အနေဖြင့် သိရခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ကိုယ်တွေ့အနေဖြင့်သာ သိရသော "အပရပ္ပစ္စယ" တရားဒေသနာမျိုး ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဒေသနာတော်ကို တိတိကျကျ မသိသဖြင့် သိပ္ပံနည်းအရ အပြင်ပန်း ပညာရုံကို အားကိုးပြီး "ပစ္စည်းဥစ္စာ ရှိလျှင် ပြီးရော၊ လက်ညှိုးညွှန်ရာ ရေဖြစ်လျှင် ပြီးရော" ဟု ခံယူပြီး ကိုယ်ကျင့်သိက္ခာ၌ မယုံကြည်ကြသူများအတွက် "ယုတ္တိဟာရ" သည် အမှန်တကယ် လိုအပ်သော စာဖတ်နည်း ဖြစ်ပါ၏။

စာများကို ဖတ်ရာတွင် စာဖတ်သူများ အနေဖြင့် မိမိတို့ ဖြတ်သန်းခဲ့ရသော ဘဝခရီးအရ တစ်ယောက်နှင့်တစ်ယောက် အနက်အဓိပ္ပာယ် ကောက်ယူပုံချင်း မတူကြသော်လည်း၊ ယုတ္တိဟာရ စာဖတ်နည်းကမူ စာဖတ်သူများ အားလုံးအတွက် အထောက်အကူ ပြုပါ၏။

ယုတ္တိဟာရကို အိန္ဒိယ ဒဿနကျမ်းများတွင် ပမာဏ အမည်ဖြင့်–
(၁) ပစ္စက္ခ၊ (၂) အနုမာန၊ (၃) ဥပမာန၊ (၄) သဒ္ဒ၊ (၅) အတ္ထာပတ္တိ၊
(၆) အနုပလဒ္ဓိ၊ (၇) သမ္ဘဝ၊ (၈) ဧတိဟျ၊ (၉) သစ္စိကရဏ–
ဟူ၍ စုစုပေါင်း ၉ မျိုး ဖော်ပြထား၏။

ပါဠိစာပေ၌မူ အနုဋီကာဆရာက သိဒ္ဓအမည်ဖြင့်–

(၁) ပစ္စက္ခသိဒ္ဓ၊ (၂) အနုမာနသိဒ္ဓ၊ (၃) သဒ္ဒေယျသိဒ္ဓ–

ဟူ၍ စုစုပေါင်း သုံးမျိုးကို ဖော်ပြထား၏။ ဤနေရာ၌ အိန္ဒိယဒဿန ယုတ္တိကို မဆိုတော့ဘဲ ပါဠိစာပေလာ ယုတ္တိသုံးမျိုးကိုသာ ဆိုမည် ဖြစ်ပါ၏။ နေတ္တိကျမ်းလာ ယုတ္တိဟာရဖြင့် စာပေတစ်ပုဒ်၏ နောက်ဆုံးအနက် ဘာဝတ္ထကို မြင်အောင်ကြည့်ပြီး ဘာသာတရားနှင့် သိပ္ပံတို့အကြား၌ ပေါ်ပေါက်နေသော ပဋိပက္ခအမြင်ကို ပြေလည်အောင် ညှိနှိုင်း၍ ဖြေရှင်းနိုင်ရန် ဖြစ်ပါ၏။

ယုတ္တိဟာရအရ အကောင်းဆုံး ပြယုဂ်မှာ သာမညဖလသုတ် ဖြစ်၏။ သာမညဖလသုတ်ကို ဖတ်ရှုလေ့လာသောအခါ ပထမဦးစွာ သဒ္ဒယုတ္တိကိုလည်း ကြည့်ရ၏။ အတ္ထယုတ္တိကိုလည်း ကြည့်ရ၏။ သဒ္ဒယုတ္တိကို ကြည့်သောအခါ သဒ္ဒါကျမ်းနှင့် နိရုတ္တိကျမ်းသည် များစွာ အထောက်အကူပြု၏။ သဒ္ဒါကျမ်းအရ ပုဒ်, ပစ္စည်း, ဝိဘတ် တို့၏ ဖွဲ့စည်းပုံကို နားလည်၏။ နိရုတ္တိကျမ်းအရ ပုဒ်တွင် ပါဝင်သော အက္ခရာတို့၏ ပြောင်းလဲမှု အဆင့်ဆင့်ကို နားလည်၏။ ထို့အပြင် နိရုတ္တိကျမ်း၌ အနက်နှင့် ပတ်သက်သော နည်းတစ်နည်း ပါဝင်၏။ ယင်းနည်းကို "အတ္ထာတိသယ" ဟူ၍ ဆို၏။ အတ္ထာတိသယနည်းမှ ပါဠိစာပေသုံး ဥပစာရ ၁၀ ပါးနှင့် နည်း ၄၀ တို့ ပေါ်ထွက်လာကြ၏။ ထို့ကြောင့် သာမညဖလသုတ်ကို ဖတ်ရှုလေ့လာသောအခါ ရှေးဦးစွာ သဒ္ဒယုတ္တိနှင့် အတ္ထယုတ္တိတို့အရ စိစစ်လေ့လာအပ်၏။

သဒ္ဒါယုတ္တိနှင့် အတ္ထယုတ္တိတို့အရ စိစစ်လေ့လာပြီး သာမညဖလသုတ်ကို ဖတ်ရှုသောအခါ ရှေးဦးစွာ သဒ္ဒါအနက်ကို သိမည်။ ထို့နောက် အဓိပ္ပာယ်နက်ကို သိမည်။ သဒ္ဒါနက်နှင့် အဓိပ္ပာယ်နက်ဟူသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ဖွင့်ဆိုထားသော အနက်များပင် ဖြစ်၏။ ထို့နောက် ဘာဝတ္ထကို သိမည်။ ဘာဝတ္ထ ဟူသည် စာပေ၌ ပါဝင်သော အနက်များကို စာပေပေါ်မှ မိမိ၏ ခန္ဓာပေါ်သို့ ပြောင်းရွှေ့လိုက်သော အနက်ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် သဒ္ဒါနက်နှင့် အဓိပ္ပာယ်နက်ကို စာပေ၌ ဖတ်ရှုရ၏။ ဘာဝတ္ထကိုမူ ခန္ဓာ၌ ဖတ်ရှုရ၏။ ခန္ဓာ၌ ဖတ်ရှုရသော အနက်သည် တကယ့်ဖြစ်ရပ်မှန် ဖြစ်၏။ စာပေ၌ ဖတ်ရှုရသော အနက်သည်ကား ခန္ဓာ၌ ဖြစ်သော ဖြစ်ရပ်မှန်ကို တကယ်ဖြစ်ခဲ့သည့်အတိုင်း မှတ်တမ်းတင်ထားသော အနက် ဖြစ်၏။ ထို့ကြောင့် ဖြစ်ရပ်မှန်နှင့် မှတ်တမ်းသည် တိတိကျကျ ညီညွတ်ဖို့ လို၏။ ထိုသို့ ညီညွတ်အောင် မြင်တတ်ရန် အလို့ငှာ စာပေကို ဖတ်ရှုလေ့လာရာ၌ စာဖတ်သူများအား ယုတ္တိဟာရ က ကူညီပံ့ပိုး ပေးပါ၏။

သာမညဖလသုတ်ကို ဖတ်ရှုလေ့လာသောအခါ အဇာတသတ်မင်း၏ ကြီးကျယ်ပြန့်ပြောသော မင်းစည်းစိမ်များသည် အဓမ္မနည်းဖြင့် ရယူထားသော စည်းစိမ်များ ဖြစ်၏။ အဓမ္မနည်းဖြင့်လည်း စည်းစိမ်များကို ရအောင် ယူနိုင်ကြောင်း တွေ့ရ၏။ အဓမ္မနည်းဖြင့် ရယူထားသော စည်းစိမ်များ ဖြစ်စေကာမူ ထိုစည်းစိမ်များကို ချမ်းသာ "သုခ"ဟု ဆိုကြ၏။ ဤသည်မှာ ပစ္စက္ခသိဒ္ဓအရ မငြင်းနိုင်သော အထောက်အထား ဖြစ်၏။ ယနေ့ခေတ်တွင်လည်း အဓမ္မနည်းဖြင့် စည်းစိမ်ဥစ္စာများ၊ ရာထူး ဂုဏ်သိန်များ၊ ထင်ပေါ်ကျော်ကြားမှုများကို ရယူနိုင်ကြောင်း လက်တွေ့မျက်မြင်ပင် ဖြစ်၏။ မယုံကြည်စရာ ဘာမျှ မရှိ။ ထို့ကြောင့် ထိုအသိကို ပဋ္ဌာရုံအနေဖြင့် သက်သေပြနိုင်သောကြောင့် သိပ္ပံသိ ဟူ၍ ဆိုရ၏။ ယုတ္တိဟာရကလည်း ပစ္စက္ခသိဒ္ဓ အနေဖြင့် ထောက်ခံ၏။

သို့ရာတွင် ဘာသာတရားအနေဖြင့် ထိုအသိကို မည်သို့ မြင်ပါလေသနည်း။ ဘာသာတရား အနေဖြင့်မူ တစ်မျိုးမြင်၏။ အဓမ္မနည်းဖြင့် ရယူခြင်း ဟူသမျှသည် မည်သည့်အခါမျှ မကောင်း၊ မည်သည့် အခြေအနေ၌မျှ မကောင်း။ မင်းစည်းစိမ် ဟူသမျှသည် ကာမဂုဏ်များ ဖြစ်ကြ၏။ ကာမဂုဏ်များသည် အဇာတသတ်အား မိမိအပေါ် ယစ်မူးအောင် ဆွဲဆောင်ဖြားယောင်းတတ်သောကြောင့် ကာမာသဝ မည်၏။ မင်းအဖြစ်သည်လည်း အဇာတသတ်အား မိမိအပေါ် အရူးအမူး တပ်မက်အောင် ဆွဲဆောင်ဖြားယောင်းတတ်သောကြောင့် ဘဝါသဝ မည်၏။ "ငါ"နန်းရထိုက်သူ ဟူသော အမြင်သည်လည်း အဇာတသတ်အား မိမိကို မည်သည့်နည်းနှင့်မျှ မစွန့်လွှတ်နိုင်အောင် ဖြားယောင်းသိမ်းသွင်းတတ်သောကြောင့် ဒိဋ္ဌာသဝ မည်၏။ ဒေဝဒတ်၏ လမ်းညွှန် ချက်သည်လည်း မိမိကိုယ်တိုင်က မှားနေပါလျက် မှားမှန်းမသိစေဘဲ အမှန်အဖြစ်သာ သက်ဝင်ယုံကြည်နေအောင် လိမ်ညာစည်းရုံးတတ်သောကြောင့် အဝိဇ္ဇာသဝ မည်၏။ ဤ အာသဝေါတရားများသည် ယှဉ်ဖော်ယှဉ်ဖက် အနေဖြင့် အချင်းချင်း တွဲလျက် ရှိကြ၏။ ထို့ကြောင့် ကာမဂုဏ်များသည် အာသဝေါတရား လေးပါးလုံးကို ဖြစ်ပေါ်အောင် ဖန်တီး၏။

အာသဝေါတရားများသည် အဇာတသတ်မင်း၏ သံသရာစက်ရဟတ်၏ "ဝင်ရိုး"ဖြစ်၏။ အဝိဇ္ဇာနှင့် တဏှာသည် အဇာတသတ်မင်းအတွက် သံသရာစက်ရဟတ်၏ "ပုံတောင်း"ဖြစ်၏။ အဖကိုသတ်သော အကုသိုလ်ကံနှင့် နောက်ပိုင်း သာသနာ့တော်နှင့် ပတ်သက်၍ ပြုသော ကုသိုလ်ကံများသည် အဇာတသတ်မင်းအတွက် သံသရာ စက်ရဟတ်၏ "ဒေါက်"များ ဖြစ်ကြ၏။ ဇရာနှင့် မရဏသည် အဇာတသတ်မင်းအတွက် သံသရာစက်ရဟတ်၏ "အကွပ်"များ ဖြစ်ကြ၏။ ဤ ဝင်ရိုး၊ ပုံတောင်း၊ ဒေါက်၊ အကွပ်တို့ကြောင့် အဇာတသတ်မင်းသည် လောဟ

ကုမ္ဘီ ငရဲ၌ အနှစ်ခြောက်သောင်း ခံရပြီးနောက် "ဝိဇိတာဝီ"ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်သည် အထိ သံသရာစက်ရဟတ်၌ လည်ရပေဦးမည်။ ထို့အပြင် အဇာတသတ်မင်း၏ ဘဝတစ်လျှောက်လုံး သောက ပရိဒေဝများနှင့် အိပ်စက်တိုင်း လုံ့ပေါင်းတစ်ရာဖြင့် ထိုးဆွဘိသကဲ့သို့ ခံစားရသော ဂတိ နိမိတ်ကြောင့် မအိပ်စက်နိုင်မှုများသည်လည်း အဇာတသတ်မင်းအား နှိပ်စက်ညှဉ်းပန်းလျက် ရှိ၏။ ထို့ကြောင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုသော ပုထုဇဉ်များတွင် အသာဆုံးပုဂ္ဂိုလ် ဖြစ်သော်လည်း သေလွန်ပါက အပါယ်ငရဲ၌ မုချ ကျခံရမည် ဖြစ်၏။

အကယ်၍ အဇာတသတ်သည် အဖကိုသတ်ပြီး အဓမ္မနည်းဖြင့် မင်းစည်းစိမ်ကို မရယူခဲ့ပါက သာမညဖလသုတ်ကို ဟောကြားတော်မူရာ သုတ်တော် အဆုံး၌ပင် သောတာပန် ဖြစ်နိုင်၏။ သို့ရာတွင် ဒေဝဒတ်၏ လမ်းညွှန်ချက်အရ အဓမ္မနည်းဖြင့် ကြီးမားသော အကုသိုက်ကံများကို ကျူးလွန်မိလေသောကြောင့် နောက်ပိုင်း သံဝေဂ ရကာ ကုသိုလ်ကောင်းမှုများကို မည်မျှပင် ဆောင်ရွက်စေကာမူ ထိုကုသိုလ်ကောင်းမှုများသည် အဇာတသတ်မင်းအား အဝီစိငရဲ၌ ကျရောက်ရမည့်အစား လောဟကုမ္ဘီငရဲ၌ ကျရောက်ရုံမျှသာ ကယ်တင်နိုင်၏။ အဓမ္မနည်းဖြင့် ရယူသော စည်းစိမ်ဟူသမျှသည် မကောင်း။ ထိုစည်းစိမ်များသည် ချမ်းသာသုခဟု ထင်ရသော်လည်း အမှန်အားဖြင့် ဆင်းရဲဒုက္ခများသာ ဖြစ်၏။ သို့ဖြစ်လျှင် ဓမ္မနည်းဖြင့် ရယူထားသော စည်းစိမ်များအပေါ် မည်သို့ ဆိုမည်နည်းဟု မေးရန်ရှိပါ၏။ ထိုစည်းစိမ်ဥစ္စာများသည်လည်း ချမ်းသာစစ်များ မဟုတ်ပါ။ သို့ရာတွင် ထိုစည်းစိမ်ဥစ္စာများသည် ဒါနပါရမီ၏ အထောက်အကူများအဖြစ် အသုံးချခြင်း ခံရပါက စစ်မှန်သောချမ်းသာ သန္တိသုခသို့ ဦးတည်နိုင်ပါ၏။

သာမညဖလသုတ်လာ အဇာတသတ်မင်းကြီး စံရာ နန်းပြာသာဒ်ကို သိပ္ပံအမြင်ဖြင့် ကြည့်လျှင် ရွှေရောင်တဝင်းဝင်း တောက်နေသည်ကို မြင်ရ၏။ သုခဗိမာန် အဖြစ် မြင်ရ၏။ ဤအမြင်သည်လည်း လက်တွေ့မျက်တွေ့ အမြင်ဖြစ်သဖြင့် မှန်ကန်ပါ၏။ မည်သူမျှ မငြင်းနိုင်ပါ။ ယုတ္တိဟာရကလည်း "ပစ္စက္ခသိဒ္ဓ" အဖြစ် ထောက်ခံပါ၏။ သို့ရာတွင် ထေရဝါဒ ဒေသနာတော်များကမူ ရွှေရောင်တဝင်းဝင်း တောက်နေသည်ကို မမြင်။ သွေးရောင်ဖြင့် ခြင်းခြင်းနီနေသည်ကိုသာ မြင်၏။ သုခဗိမာန်အဖြစ် မမြင်။ ငရဲစခန်း အဖြစ်သာ မြင်၏။ ဤအမြင်သည်လည်း ဘာသာတရား၏အမြင် ဖြစ်သဖြင့် မှန်ကန်ပါ၏။ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မည်သူမျှ မငြင်းနိုင်ပါ။ ယုတ္တိဟာရကလည်း "သဒ္ဓေယျသိဒ္ဓ"အနေဖြင့် ထောက်ခံပါ၏။ သို့ရာတွင် ဤအမြင် နှစ်မျိုးသည် အချင်းချင်း

ဆန့်ကျင်လျက် ရှိပါ၏။ ထို့ကြောင့် ဤအမြင်နှစ်မျိုးကို အချင်းချင်း ဆန့်ကျင်ခြင်းမှ ကင်းလွတ်အောင် ဆောင်ရွက်ရန် ယုတ္တိဗေဒ၌ တာဝန်ရှိလေ၏။ ထိုတာဝန်ကို ယုတ္တိဗေဒသည် ဆောင်ရွက်ပါ၏။ ဆောင်ရွက်ပင် ဆောင်ရွက်ငြားသော်လည်း နှစ်ဖက်လုံးမှ အပြည့်အဝ ကျေနပ်မှုကိုမူ ရချင်မှ ရတတ်၏။ သို့ရာတွင် ယုတ္တိဗေဒ သည် မိမိ၏ တာဝန်ကိုမူ ဆောင်ရွက်သည်သာ ဖြစ်၏။ ယုတ္တိဗေဒ ဆောင်ရွက် သော နည်းမှာ "အနုမာနသိဒ္ဓ"ဖြစ်၏။

"အနုမာနသိဒ္ဓ"နည်းအရ ကြည့်လျှင် အထက်သို့ တက်သွားသော အရာဝတ္ထု ဟူသမျှသည် မိမိကိုယ်ကို အောက်သို့ ပြန်လည်ကျရောက်စေနိုင်သော ဆွဲအားကို မိမိ၏ ရင်ဝယ်ပိုက်လျက် တက်သွားရသည်ချည်း ဖြစ်၏။ ဤနိယာမကို သိပ္ပံကလည်း မငြင်း၊ ဗုဒ္ဓဒေသနာတော်ကလည်း မငြင်း။ သို့ဖြစ်၍ ယုတ္တိဗေဒအရ "အနုမာနသိဒ္ဓ"နည်းက တင်ပြသော ဤနိယာမသည် နှစ်ဖက်လုံးက လက်ခံသော နိယာမ ဖြစ်၏။ ဤနိယာမအရ အဇာတသတ်မင်းသားသည် အဓမ္မမှုကို လုပ်၏။ သို့ရာတွင် အောင်မြင်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ဖခင်ကို သတ်၏။ မင်း ဖြစ်၏။ ဖခင်ကို သတ်ခြင်းသည် အဓမ္မဖြစ်၏။ မင်းဖြစ်ခြင်းသည် ဓမ္မ၏ အကျိုး တရား ဖြစ်၏။ သို့ဖြစ်လျှင် အကြောင်းနှင့်အကျိုးသည် အချင်းချင်း ဆန့်ကျင်ရာ မရောက်ပါသလောဟု မေးရန် ရှိ၏။ အနုမာန သိဒ္ဓအရ အချင်းချင်း ဆန့်ကျင်မှု မရှိပါ ဟူ၍ပင် ဖြေရမည် ဖြစ်၏။

အဓမ္မနည်းဖြင့် ဆောင်ရွက်တိုင်း အောင်မြင်မှုရသည် မဟုတ်။ အဇာ တသတ် အောင်မြင်မှုရခြင်းကား ရှေးရှေးဘဝများ၌ ပါဏာတိပါတကံကို အကြောင်းပြု၍ ရလာသော ပစ္စည်းဥစ္စာများဖြင့် ကောင်းမှုကုသိုလ်ကို ပြုခဲ့ရခြင်း ကြောင့် ယခုဘဝ၌လည်း တူသော အကျိုးကိုပေးသည့် အနေဖြင့် ဖခင်ကိုသတ်၍ မင်းစည်းစိမ်ကို ရခြင်းဖြစ်၏။ ထိုကံမျိုးကို သာဝဇ္ဇဒါနကံဟု ဆိုရ၏။ သို့ရာတွင် အနာဂတ် ဘဝအတွက်မူ အဓမ္မ တရားသည် မိမိအလှည့်ကို စောင့်ရင်း ဓမ္မအကျိုး တရား၏ ဝမ်းဗိုက်ထဲ၌ အစဉ်တစိုက် ကိန်းလျက် စောင့်နေ၏။ အဓမ္မသည် မိမိ၏ အလှည့်ကို ရသောအခါ အဇာတသတ်မင်းအား သောတာပန် မဖြစ်ရအောင် တားမြစ်လိုက်၏။ ပစ္စုပ္ပန်ဘဝ၌ အသက်ရှင်နေစဉ်ပင် အိပ်၍ မရနိုင်လောက်အောင် လုံမ တစ်ရာဖြင့် ထိုးဆွနေဘိသကဲ့သို့ လည်းကောင်း၊ အဝီစိငရဲမီးလျှံများ ထွက်၍ လာဘိသကဲ့သို့ လည်းကောင်း၊ မြေကြီးက မိမိကို မျိုတော့မည်ကဲ့သို့ လည်းကောင်း ဒုဂ္ဂတိနိမိတ်များသည် အဇာတသတ်မင်း၏ စိတ်ထဲ၌ ထင်လျက် ရှိလေ၏။ အဓမ္မနည်းဖြင့် အောင်နိုင်မှုကို ရယူသူများအတွက် သံဝေဂဖြစ်ဖွယ် ကောင်းလှ ပါ၏။

သာမညဖလသုတ်၌ သဒ္ဓါတို့သည်လည်း သုံးမျိုးပါဝင်၏။ အနက်တို့သည်လည်း သုံးမျိုးပါဝင်၏။ အသိဉာဏ်တို့သည်လည်း သုံးမျိုးပါဝင်၏။ သို့ရာတွင် အဇာတသတ်မင်းသည် သဒ္ဓါသုံးမျိုး၊ အနက်သုံးမျိုး၊ အသိဉာဏ်သုံးမျိုးကို ရနိုင်လောက်သော ပါရမီထူး ရှိပါလျက် ဖခင်ကိုသတ်မိသော အကုသိုလ်ကံကြောင့် တတိယသဒ္ဓါကို မသိခဲ့၊ တတိယအနက်ကို မသိခဲ့၊ တတိယ အသိဉာဏ်ကို မရခဲ့။ မြတ်စွာဘုရားကမူ အပြည့်အစုံ ဟောကြားတော်မူခဲ့ပါ၏။ ရဟန်းတို့၏ အကျိုးတရားနှင့် ပတ်သက်၍ ဟောကြားတော်မူရာတွင် ရဟန်းတို့အနေဖြင့် ကျင့်သုံးရမည့် ကျင့်ဝတ်များနှင့် တာဝန်များလည်း အလိုအလျောက် ပါဝင်ပြီးဖြစ်၏။ ရဟန်းတို့၏ ကျင့်ဝတ်များနှင့် တာဝန်များကို ရှေးဆရာများက ဤသို့ လင်္ကာစီကုံးခဲ့၏။

မကောင်းမပြု၊ ကောင်းမှုတိုက်တွန်း၊
ရည်ညွှန်းမေတ္တာ၊ ဓမ္မာဟောကြား၊
ကြိမ်များ ဖန်ဖန်၊ နတ်ထံ တင်စေ၊
ဤခြောက်ထွေ၊ ကျင့်လေ ရဟန်းတို့။

ရဟန်းတို့၏ တာဝန်နှင့် ကျင့်ဝတ်များကို ကျင့်ရာတွင် သစ္စာသည် အရေးကြီး၏။ သစ္စာကို အမြဲတမ်း လက်ကိုင်ထားရမည် ဖြစ်၏။ ယင်းသဘောကို "သစ္စဂါဟ"ဟူ၍ ဆိုရ၏။ လာဘ်လာဘဖြင့် ဖြားယောင်းသွေးဆောင်သည် ဖြစ်စေ၊ ပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်သည်ဖြစ်စေ၊ အဂတိတရားများဖြင့် မည်သို့ပင် ဝန်းဝိုင်းနေစေကာမူ ရဟန်းတို့သည် သစ္စာမှ မရွေ့လျောအပ်။ မိမိ၏ တာဝန်နှင့် ကျင့်ဝတ်ကို သစ္စာရှိစွာ ဆောင်ရွက်အပ်၏။ သို့မှသာ သာသနာတော်အပေါ် သစ္စာရှိသည် မည်၏။ ထို့ကြောင့် မဟာသုတသောမဇာတ် ဂါထာ ၆၂ ၌ "မြေပြင်ရှိ အရသာအားလုံးတို့တွင် သစ္စာသည်သာလျှင် အချိုမြိန်ဆုံး အရသာဖြစ်၏"ဟု ဟောတော်မူခြင်း ဖြစ်၏။ ထို့အပြင် သစ္စာသည် ပါရမီထိုက်သော တရားလည်း ဖြစ်၏။ ထို့ကြောင့် သစ္စာကို အမြဲတမ်း လက်ကိုင်ထားပါက ရဟန်းတို့ ကျင့်သော ကျင့်ဝတ်နှင့် တာဝန်များသည် နောက်ဆုံး အရိယသစ္စာသို့ ဦးတည်သွားပေလိမ့်မည်။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အရာဝတ္ထုတိုင်းတွင် မိမိတို့ဆိုင်ရာ နယ်နိမိတ် ရှိ၏။ လုပ်ပိုင်ခွင့် ရှိ၏။ လုပ်ရမည့်တာဝန် ရှိ၏။ မိမိတို့ နယ်နိမိတ်အတွင်း လုပ်ပိုင်ခွင့်အရ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်းသည် မိမိဘဝ အပေါ်လည်း သစ္စာရှိရာ ရောက်၏။ မိမိဆိုင်ရာ အဖွဲ့အစည်းအပေါ်လည်း သစ္စာရှိရာ ရောက်၏။ သို့မဟုတ်ဘဲ မိမိတို့ဆိုင်ရာ နယ်နိမိတ်ကို ကျော်လွန်၍သွားပါက

မိမိဘ၀အပေါ်လည်း သစ္စာဖောက်ရာ ရောက်၏။ မိမိဆိုင်ရာ အဖွဲ့အစည်းအပေါ် လည်း သစ္စာဖောက်ရာ ရောက်၏။ ထိုအခါ ရဟန်းဖြစ်လျှင်လည်း သံဃာ့ အဖွဲ့ အစည်းသည် ဖရိုဖရဲ ဖြစ်ပေလိမ့်မည်။ လူဖြစ်လျှင်လည်း လူ့အဖွဲ့အစည်းသည် ဖရိုဖရဲ ဖြစ်ပေလိမ့်မည်။ ဤသဘောကို သက်မဲ့ဖြစ်သော "စက်ယန္တရား"များ၌ ထင်ရှားစွာ တွေ့ရ၏။ သံဃာ့ အဖွဲ့အစည်းသည် လည်းကောင်း၊ လူ့အဖွဲ့အစည်း သည် လည်းကောင်း "စက်ယန္တရား" သဖွယ်သာ ဖြစ်ပါ၏။ ဆိုင်ရာ ဆိုင်ရာ အစိတ်အပိုင်းများသည် မိမိတို့ဆိုင်ရာ နယ်နိမိတ်အတွင်း လုပ်ပိုင်ခွင့်အရ မိမိ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်မှသာ အားလုံးချောမော ပြေပြစ်မည် ဖြစ်၏။ သို့မဟုတ်ပါက အားလုံး ကမောက်ကမ ဖြစ်သွားပေလိမ့်မည်။

မြတ်စွာဘုရားသည် ၄၅ ဝါတို့ ကာလပတ်လုံး တရားဒေသနာတော် များကို ဟောကြားတော်မူရာ၌ တရားနာပရိသတ် ကြိုက်သည် ဖြစ်စေ၊ မကြိုက် သည် ဖြစ်စေ အလေးမထားဘဲ "မှန်ကန်မှု"နှင့် "အကျိုးရှိမှု"ကိုသာ အလေးထား ပြီး ဟောကြားတော်မူခြင်း ဖြစ်၏။ သို့ဖြစ်၍ သာမညဖလသုတ်ကို ဟောတော်မူ ရာ၌လည်း ရဟန်းတော်များကို ဦးတည်၍ မည်သူမဆို မိမိတို့ ကျင့်ဝတ်နှင့် တာဝန်ကို ဆောင်ရွက်ရာတွင် သစ္စာကို အမြဲတမ်း လက်ကိုင်ထားပြီး ဆောင်ရွက် ပါက နောက်ဆုံး၌ အရိယသစ္စာသို့ ဦးတည်မည်ဖြစ်ကြောင်း၊ သစ္စာမှသွေဖည်၍ ဆောင်ရွက်ပါက အရိယသစ္စာမှ ဝေး၍ ဝေး၍ သွားမည်ဖြစ်ကြောင်း ဟောကြား တော်မူလိုရင်း ဖြစ်၏။ ကျင့်ဝတ်နှင့် တာဝန် သတ်မှတ်ချက် ဟူသည်မှာလည်း ကမ္မာနိယာမအရ သတ်မှတ်ချက်သာ ဖြစ်၏။ အကျဉ်းအားဖြင့် ဆိုရလျှင် "ကိုယ့် အလုပ် ကိုယ်လုပ်၊ ကိုယ့်တာဝန် ကိုယ်ထမ်း၊ ကိုယ့်အကျင့် ကိုယ်ကျင့်"ဟူ၍ ဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာတွင် သစ္စာတရား လက်ကိုင်ထားပြီး ဆောင်ရွက်ရိုး မှန်ပါက အရိယသစ္စာသို့ ဦးတည်သော ဆောင်ရွက်ခြင်း မည်၏။ ဤသည်မှာ သဒ္ဒေယျသိဒ္ဓက ပြသောအမြင် ဖြစ်၏။

ဤသို့လျှင် ယုတ္တိဟာရသည် သိပ္ပံအမြင်နှင့် ဘာသာတရား အမြင်တို့၏ အကြား၌ ကွဲပြားနေသော ခြားနားချက်ကို အနုမာနသိဒ္ဓဖြင့် ပေါင်းကူးပေးပါ၏။ ပေါင်းကူးပေးခြင်းဟူသည် သူ့အဆင့်နှင့်သူ မှန်သည့်သဘောကို ပြခြင်းဖြစ်၏။ ထိုသို့ ပေါင်းကူးပေးရာတွင် ပစ္စက္ခသိဒ္ဓအရ အဆင့်နိမ့် အမှန်ကို သဒ္ဒေယျသိဒ္ဓအရ အဆင့်မြင့် အမှန်သို့ မရောက်ရောက်အောင်လည်း တွန်းပို့ပေးပါ၏။ ဤသည်ပင် စာပေကို ဖတ်ရှုရာ၌ တတိယဆင့်သဒ္ဒါ၊ တတိယဆင့်အနက်၊ တတိယဆင့် အသိဉာဏ်သို့ တိုင်အောင် သိနိုင်ရေးအတွက် ယုတ္တိဟာရ၏ ပံ့ပိုးကူညီမှု ဖြစ်၏။

# စာဖတ်သူများ ၁၂

*မြန်မာနိုင်ငံတော်၏ ကိုယ်ပိုင်ဒဿနစာပေ ပြန်လည်ထူထောင်ရေး*

ကိုယ်ပိုင် ဒဿနစာပေသည် လူမျိုးတိုင်းအတွက် လိုအပ်၏။ နိုင်ငံတိုင်းအတွက် လိုအပ်၏။ ကိုယ်ပိုင် ဒဿနစာပေရှိသော နိုင်ငံနှင့် လူမျိုးသည် မိမိ၏နိုင်ငံနှင့် လူမျိုးအတွက် ပြတ်သားသောပန်းတိုင် ရှိ၏။ ထိုပန်းတိုင်ကား ကောင်းသော မျက်နှာစာဘက်၌ ရှိချင်ရှိမည်။ မကောင်းသော မျက်နှာစာဘက်၌ ရှိချင်ရှိမည်။ မျက်နှာစာ၏ ကောင်းခြင်းနှင့် မကောင်းခြင်းသည် သူ၏ ဒဿနစာပေ အပေါ်၌ တည်၏။

ယနေ့စာပေများကို ဖတ်ရှုလေ့လာသောအခါ အချို့သော စာပေများသည် သမိုင်းအမြင်ကို ပဓာနပြုသော စာပေများဖြစ်၍၊ အချို့သော စာပေများသည် ဒဿန အမြင်ကို ပဓာနပြုသော စာပေများ ဖြစ်ကြ၏။ သမိုင်းအမြင်ကို ပဓာနပြုသော စာပေများသည် အချက်အလက် မှန်ကန်မှုအပေါ် အားထား၏။ မိမိ၏ အတွေးအမြင်ကို ရှေ့တန်းမတင်ဘဲ တတ်နိုင်သမျှ ရှောင်ရှား၏။ ရည်ရွယ်ချက်မှာ ဘက်လိုက်မှု မဖြစ်ပေါ်စေဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဖြစ်စေလို၍ ဖြစ်၏။ အချက်အလက်များကို စာဖတ်သူများက မူလ အနေအထားအတိုင်း ပုံမပျက် ပန်းမပျက် မြင်နိုင်ရန် ဖြစ်၏။ စာဖတ်သူများက မိမိတို့၏ အတွေးအမြင်အတိုင်း လွတ်လပ်စွာ ဘာသာ ပြန်ဆိုနိုင်ရန် ဖြစ်၏။ အမှန်အားဖြင့် စာဖတ်သူ၏ ဩဇာကို စာဖတ်သူများ အပေါ်၌ မသက်ရောက်စေလိုပေ။

ဗုဒ္ဓဒေသနာတော်အရ အတွေးအမြင် ဟူသမျှသည် "ဇော"ဖြစ်၏။ "ဇော" ဟူသည် ကုသိုလ်နှင့် အကုသိုလ်ဖြစ်သော်လည်း ပဓာနအားဖြင့် "ကံ" ဖြစ်၏။ ယင်းကို "ကမ္မဘဝ"ဟု ဆို၏။ ထို့ကြောင့် အတွေးအမြင် ဟူသမျှသည် "ဥပါဒါနပစ္စယာ ဘဝေါ"အရ ဥပါဒါန်ကို အကြောင်းခံရ၏။ သူ့ချည်း လွတ်လွတ်

လပ်လပ် ဖြစ်နိုင်သည် မဟုတ်။ ဥပါဒါန်ကို ကြည့်လိုက်ပါကလည်း ဥပါဒါန်သည် လေးမျိုးပြား၏။ ပထမ ဥပါဒါန်မှာ ပတ်ဝန်းကျင်၏ သဘာဝဖြစ်၏။ ယင်းကို ကာမုပါဒါန်ဟု ဆို၏။ ထို့ကြောင့် ပတ်ဝန်းကျင် သဘာဝ၏ အားသည် လူတစ်ယောက်၏ အတွေးအမြင်ပေါ်၌ အထိုက်အလျောက် လွှမ်းမိုး၏။ သို့ဖြစ်၍ လူတစ်ယောက်၏ အတွေးအမြင်သည် မိမိပတ်ဝန်းကျင် သဘာဝ၏ ဖိအားပေးမှုကို တွန်းလှန်ရန် မလွယ်ကူချေ။

ဒုတိယ ဥပါဒါန်မှာ ပတ်ဝန်းကျင်၏ အမြင်ဖြစ်၏။ ယင်းကို ဒိဋ္ဌုပါဒါန်ဟု ဆို၏။ မိမိ ပတ်ဝန်းကျင် တစ်ခုလုံးက အမြင်တစ်မျိုး ရှိနေလျှင် လူတစ်ယောက်သည် မိမိ၏ အတွေးအမြင်ကိုလည်း ပတ်ဝန်းကျင်၏ အမြင်ရေစီးကြောင်းအတိုင်း မျောပါ မသွားအောင် ထိန်းရန် ခက်ပြန်၏။ ထို့ကြောင့် ပတ်ဝန်းကျင်၏ အမြင်သည်လည်း လူတစ်ယောက်၏ အတွေးအမြင် အပေါ်၌ ဖိအားပေးပြန်၏။

တတိယ ဥပါဒါန်မှာ ပတ်ဝန်းကျင်၏ "ဓလေ့" ဖြစ်၏။ ယင်းကို သီလဗ္ဗတု ပါဒါန်ဟု ဆို၏။ ပတ်ဝန်းကျင်၏ ဓလေ့ကို လွန်ဆန်ပြီး တွေးမြင်ရန်လည်း ခဲယဉ်းသော အချက်ဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်၏ "ဓလေ့"သည်လည်း လူတစ်ယောက်၏ အတွေးအမြင် အပေါ်၌ အရှိန်အဝါ သက်ရောက်၏။ စတုတ္ထ ဥပါဒါန်မှာ ဘဝအဆက်ဆက်က ပါလာသော မွေးရာပါ"ဉာဉ်" သို့မဟုတ် "ဝါဒ"ဖြစ်၏။ ယင်း ဉာဉ် သို့မဟုတ် ဝါဒသည် လူတစ်ယောက်၏ "အတ္တ"ကို တည်ဆောက်ပေးသော အရာဟု ဆိုရ၏။ အမှန်အားဖြင့် လူ၌ "အတ္တ"ဟူ၍ ပရမတ္ထအားဖြင့် မရှိသော်လည်း ပုထုဇဉ် ဟူသမျှသည် မိမိ၌ "အတ္တ"ရှိသည်ဟု စွဲလမ်း၏။ ထိုအစွဲအလမ်းကို အရိယာ အဖြစ်သို့ ရောက်မှ ထိုက်သင့်သလို ဖျောက်နိုင်၏။ ယင်းအစွဲအလမ်းသည် ယခုဘဝ၌သာ ဖြစ်ပေါ်လာသည့် အစွဲအလမ်း မဟုတ်။ အစမထင်သော သံသရာတစ်လျှောက်လုံး လိုက်ပါလာသော အစွဲအလမ်း ဖြစ်၏။ ယင်းကို "အထုံ"ဟူ၍လည်းကောင်း၊ "ဝါဒ" ဟူ၍ လည်းကောင်း၊ "ဉာဉ်" ဟူ၍လည်းကောင်း ဆိုကြ၏။ ယင်းသဘောသည် မိမိ၏ ကိုးကွယ်ရာ ဖြစ်၏။ မိမိ၏အယူ ဖြစ်၏။ မိမိ၏ဝါဒ ဖြစ်၏။ ပါဠိဝေါဟာရအားဖြင့် အတ္တဝါဒုပါဒါန်ဟု ဆို၏။

ပုထုဇဉ်တစ်ယောက် အနေဖြင့် စာရေးဆရာသည် အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြတိုင်း မိမိ၏ အတွေးအမြင်ကို ထည့်သွင်းဖော်ပြပါက အခြားသူများနှင့် ဖြတ်သန်းလာရသော ဥပါဒါန်ချင်း မတူသောကြောင့် အတွေးအမြင်ချင်းလည်း မတူနိုင်သဖြင့်၊ သမိုင်းအမြင်မှ တင်ပြသူများသည် မိမိတို့၏ တင်ပြချက်များ အပေါ်၌ မိမိတို့၏ အတွေးအမြင်များကို ထည့်သွင်းမဖော်ပြခြင်း

ဖြစ်၏။ သို့ဖြစ်၍ သိပ္ပံနည်းကျ လိုက်သူများကိုလည်း ဤအုပ်စု၌ပင် ထည့်သွင်း ရေတွက်လေ့ ရှိကြပါ၏။

ဒဿနအမြင်မှ တင်ပြသူများကား ထိုကဲ့သို့ မဟုတ်။ လူတို့၏ သဘာဝ အတိုင်း အကြောင်းနှင့် အကျိုးကို ဆင်ခြင်လို၏။ အမှားနှင့် အမှန်ကို စိစစ်လို၏။ အတုနှင့် အစစ်ကို ခွဲခြားလို၏။ အကောင်းနှင့် အဆိုးကို ပိုင်းခြားလို၏။ အဖြစ်နှင့် အရှိကို သိလို၏။ အကျိုးနှင့်အပြစ်ကို ပိုင်းခြားလို၏။ သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာကို နှိုင်းယှဉ်လို၏။ ဤသည်မှာ လူ၏သဘာဝ ဖြစ်၏။ လူသည် အရာဝတ္ထု တစ်ခုကို မြင်လိုက်လျှင်ပင် ယင်းအရာဝတ္ထုနှင့် ပတ်သက်၍ အဖြစ်ကို အဖြစ် အတိုင်း၊ အရှိကို အရှိအတိုင်း ထားရရုံနှင့် ကျေနပ်တတ်သူ မဟုတ်။ မိမိ၏ "ရင်"တွင်း၌ ရှိနှင့်ပြီးသော "စံ"များနှင့် တိုင်းတာ၍ အကဲဖြတ်လို၏။ ထို့ကြောင့် စာပြုသူများသည် မိမိတို့ပြုသော စာများ၌ အချက်အလက်များကိုသာမက မိမိတို့ ၏ အတွေးအမြင်များဖြင့် အကဲဖြတ်ချက်များကိုပါ ထည့်သွင်းဖော်ပြကြပါ၏။ ဤသည်များမှာ စာပေများကို ဖတ်ရှုရာတွင် တွေ့မြင်ရသော အချက်များ ဖြစ်၏။

ဤတင်ပြနည်း နှစ်မျိုးလုံးပင် သူ့ပရိသတ်နှင့်သူ ရှိကြသည်ချည်း ဖြစ်၏။ ထို့အပြင် ထိုတင်ပြနည်း နှစ်မျိုးလုံး၌ နောက်ထပ် တင်ပြနည်းနှစ်မျိုး ရောလျက် ရှိကြောင်းကိုလည်း တွေ့ရပြန်သေး၏။ တင်ပြနည်းတစ်မျိုးမှာ စာဖတ် သူများအား မိမိ ခေါ်သွားလိုသော ပန်းတိုင်သို့ရောက်အောင် တွန်းပို့ခြင်း မရှိဘဲ မိမိ "ဘယ်မျှ တတ်သည်"၊ မိမိ"ဘယ်မျှ တော်သည်"၊ မိမိ "ဘယ်မျှ အရည်အချင်း ရှိသည်"ဟူ၍ မိမိကို ပရိသတ်က သိအောင် တင်ပြသော တင်ပြနည်း ဖြစ်၏။ နောက်တစ်မျိုးမှာ စာဖတ်သူများအား မိမိ တတ်သလောက်၊ မှတ်သလောက်ဖြင့် မိမိ ရောက်စေလိုသော ပန်းတိုင်သို့ တွန်းပို့သော တင်ပြနည်း ဖြစ်၏။ ယင်း နည်းနှစ်မျိုးလုံးသည်လည်း သူ့ပရိသတ်နှင့်သူ ရှိသည်ပင် ဖြစ်၏။ စရိုက်ချင်း တူသူများကား ရှိမြဲဖြစ်၏။ စရိုက်တူလျှင် အကြိုက် တူ၏။

ဒဿနအမြင်ကို ပဓာနပြု၍ တင်ပြရာတွင် ပါမောက္ခ Jose Ferrater Mosa က သူ၏စာအုပ် Philosophy Today, New York, 1960 ၌ ဒဿနစနစ် အမျိုးအမည် ၂၄ ကျော်ကို ဖော်ပြပြီးနောက် **ရောက်တတ်ရာရာ ဒဿနစနစ်များ** The Anarchy of Philosophical System ဟု ကင်ပွန်းတပ်ထားသည်ကို တွေ့ရ ၏။ ပါမောက္ခကြီးသည် သူ တွေ့ဖူးသော ဒဿနများပေါ် သူ့အမြင်၊ သူ့အတွေးနှင့် သူ ကင်ပွန်းတပ်ခြင်း ဖြစ်၍ အထူးပြောစရာ မရှိချေ။

မြန်မာနိုင်ငံ၌လည်း အတုမဲ့ခိုင်မာသော ဒဿနစာပေ ရှိပါ၏။ ထိုဒဿန စာပေကား ပိဋကတ်တော်များပင် ဖြစ်၏။ ပိဋကတ်စာပေ မြန်မာနိုင်ငံသို့ ရောက်

လာသည်မှာ နှစ်ပေါင်းတစ်ထောင် ကျော်ခဲ့ပြီ။ ပိဋကတ်စာပေသည် ပထမ၌ ပါဠိဘာသာဖြင့် ရှိ၏။ ထို့နောက် မြန်မာဘာသာ၊ မွန်ဘာသာ၊ ရှမ်းဘာသာ စသော တိုင်းရင်းသား ဘာသာများဖြင့် ရှိလာ၏။ ရှေးခေတ်တွင် ပျူဘာသာဖြင့် လည်း ရှိသည်ဟု ဆိုကြ၏။ အရေးအသားအားဖြင့်လည်း စကားပြေ၊ ကဗျာ၊ လင်္ကာတို့ဖြင့် စုံစုံလင်လင်ပင် ရှိ၏။

ပိဋကတ်စာပေကို ဦးဆောင်သူတို့ကား ရဟန်းတော်များ ဖြစ်ကြ၏။ ရဟန်းတော်များသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓပိဋကတ်တော်များကို မြန်မာများ၏ ကိုယ်ပိုင် ဒဿနအဖြစ် ထူထောင်ရန် ကြိုးပမ်းခဲ့ကြ၏။ ပါဠိဘာသာများဖြင့်လည်း ကြိုးပမ်းခဲ့ကြ၏။ မြန်မာဘာသာဖြင့်လည်း ကြိုးပမ်းခဲ့ကြ၏။ မြန်မာဘာသာတွင် ကဗျာနှင့် စကားပြေ ဟူ၍ အပိုင်းကြီးနှစ်ပိုင်း ရှိ၏။ နှစ်ပိုင်းလုံး၌ပင် ရဟန်းတော် များကချည်း ဦးဆောင်ခဲ့ကြ၏။ ဦးဆောင်နိုင်သော စွမ်းရည်သည်လည်း ရဟန်း တော်များ၌ အပြည့်ရှိ၏။

ပိဋကတ်တော်များကို မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿနစာပေအဖြစ် ခံယူ၍ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများ၏ ဆောင်ရွက်ပုံနှင့် ခြားနားမှု များစွာ ရှိ၏။ စာပေချင်းလည်း ခြားနား၏။ ဆောင်ရွက်ပုံချင်းလည်း ခြားနား၏။ ဦးဆောင် သူများချင်းလည်း ခြားနား၏။ အမြင်ချင်းလည်း ခြားနား၏။ ပန်းတိုင်ချင်းလည်း ခြားနား၏။ အချုပ်အားဖြင့် ဆိုရလျှင် အရာရာတိုင်း၌ ခြားနား၏။

အကျဉ်းအားဖြင့် ဒဿနအမြင်ကို ဆိုရလျှင် သုတဉာဏ်လည်း ပါရ၏။ အနုမိတဉာဏ်လည်း ပါရ၏။ သစ္စိကတဉာဏ်လည်း ပါရ၏။ သုတဉာဏ်သည် အချက်အလက်နှင့် ဆိုင်၏။ ထို့ကြောင့် သမိုင်းအမြင်သည် ဤအဆင့်၌ ရှိ၏။ အနုမိတဉာဏ်သည် အကြောင်းအကျိုး ဆက်နွယ်မှုနှင့် ဆိုင်၏။ ထို့ကြောင့် ဒဿန အမြင်သည် ဤအဆင့်၌ ရှိ၏။ သစ္စိကတဉာဏ်သည် အရိယသစ္စာနှင့် ဆိုင်၏။ အမှန်အားဖြင့် အရိယသစ္စာသည် အခြားသော ဒဿနစာပေများ၌ မရှိဘဲ ဗုဒ္ဓ၏ ထေရဝါဒစာပေ၌သာ ရှိ၏။ အကယ်၍ အခြားသော ဒဿနစာပေများ ၌လည်း ရှိသည်ဟု ဆိုပါလျှင် ထိုအရိယသစ္စာကို မြင်အောင် အားထုတ်ရာ၌ အားထုတ်ပုံချင်း ခြားနားမည် ဖြစ်၏။

အခြားသော ဒဿနစာပေများသည် သုတဉာဏ်အဆင့်၌ ဖြစ်စေ၊ အနုမိတဉာဏ် အဆင့်၌ဖြစ်စေ "သမ္မုတိဓမ္မ"ကိုသာ လေ့လာနိုင်၏။ ဗုဒ္ဓ၏ ထေရဝါဒ စာပေသည်ကား "ပရမတ္ထဓမ္မ" ကိုသာ လေ့လာ၏။ ထေရဝါဒ ပိဋကတ်တော်အရ သုတဉာဏ်အဆင့်၌ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ သိမှုကို ယူ၏။ အနုမိတဉာဏ် အဆင့်၌ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်

နာမ်၊ ရုပ်တို့၏ အကြောင်းနှင့်အကျိုး သိမ်းဆည်း၍ သိမှုကို ယူ၏။ ဤဉာဏ်နှစ်မျိုးသည် အခြားသော ဒဿနစာပေများ၌လည်း အသွင်အားဖြင့် ရှိ၏။ သို့ရာတွင် အခြားသော ဒဿနစာပေများက “သမ္မုတိဓမ္မ”ကိုသာ လေ့လာပြီး ထေရဝါဒ ပိဋကတ် စာပေကသာ ပရမတ္ထဓမ္မကို လေ့လာသဖြင့် အနှစ်သာရ အနေဖြင့်မှု များစွာ ခြားနား၏။ သစ္စိကတဉာဏ်ဖြင့် အရိယသစ္စာကို မျက်မှောက်ပြုမှုနှင့် ပတ်သက်၍ “ပရမတ္ထဓမ္မ” မှုကိုပင် မသိသော အခြား ဒဿန စာပေများ၏ အဆိုကို မည်သို့ နားလည်ရမှန်းပင် မသိနိုင်အောင် ရှိတော့၏။ သူတို့၏ ဒဿနစာပေများ၌လည်း အရိယသစ္စာ ရှိပါသည်ဟု ဆိုလျှင်လည်း ဆိုပါစေတော့။

ထေရဝါဒ ပိဋကတ်တော်အရ ကြောင်းကျိုးပိုင်းခြားနိုင်သော အနုမိတဉာဏ် အဆင့်နှင့် အရိယသစ္စာကို မျက်မှောက်ပြုနိုင်သော သစ္စိကတဉာဏ် အဆင့်တို့၏ အကြား၌ အားထုတ်ရသော ဉာဏ်အဆင့်များ များစွာ ရှိသေးပါ၏။ ထိုကြောင့် ထေရဝါဒ ပိဋကတ်စာပေနှင့် အခြားသော ဒဿနစာပေများသည် အရာရာတိုင်း၌ ခြားနားသည်ဟူ၍ ဆိုခြင်းဖြစ်၏။

အခြားသော ဒဿနစာပေများကို တတ်အောင် သင်ယူရာ၌ လည်းကောင်း၊ ဗုဒ္ဓ၏ ထေရဝါဒ ပိဋကတ်တော်များကို တတ်အောင် သင်ယူရာ၌ လည်းကောင်း “ပန်းတိုင်”ချင်းလည်း ခြားနား၏။ အခြားသော ဒဿနစာပေများကို သင်ယူရာ၌ “ကိုယ်ကျင့်သိက္ခာ”ဆိုင်ရာ ပရိကမ်များ ရှိဖို့ မလို။ သင်္ချာ, ပထဝီ စသော သာမန် ကျောင်းသင် ဘာသာရပ်များလိုပင် သင်၍ရ၏။ ထေရဝါဒ ပိဋကတ်တော်များကို မြန်မာနိုင်ငံ၏ ကိုယ်ပိုင် ဒဿနစာပေအဖြစ် တည်ဆောက်ရာ၌မူ “ဝိသုဒ္ဓိ”အစဉ်ဖြင့် သွားရ၏။ သာမန် ကျောင်းသင် ဘာသာရပ်များလို သင်၍မရ။ ဒဿနသဘောအရ သုတဉာဏ် အဆင့်တွင်ပင် “ဒိဋ္ဌိဝိသုဒ္ဓိ”အနေဖြင့် “အမြင်စင်ကြယ်မှု”ကို ရရှိပြီး ဖြစ်ရ၏။ အကြမ်းဖျင်းအားဖြင့် “ဒိဋ္ဌိ”ကွာပြီးဖြစ်၏။ ဤလောက၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ ဟူ၍ မရှိတော့ဘဲ၊ ပရမတ္ထဓမ္မများသာ ရှိကြပြီး ယင်းတို့သည်သာ ဖြစ်နေကြခြင်း၊ ပျက်နေကြခြင်း ဖြစ်သည်ဟု မြင်လာ၏။ ယင်း အမြင်ကိုပင် ဝိသုဒ္ဓိဖြစ်စဉ်အရ စင်ကြယ်သော အမြင်ဟု ဆိုရ၏။

အနုမိတဉာဏ် အဆင့်တွင်မူ “ဘုရားက ဖန်ဆင်းသလား၊ သူ့ အလိုအလျောက် ဖြစ်လေသလား စသော ယုံမှားမှုများကို လွန်မြောက်ပြီ။ ပရမတ္ထဓမ္မတို့သည် အကြောင်းနှင့်အကျိုး ဖြစ်စဉ်အရသာ ဖြစ်ကြခြင်း ဖြစ်သည်။ ဘုရားက ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်။ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်”ဟူ၍ သိမြင်လာ၏။ ထိုအခါ ဝိစိကိစ္ဆာ အကြမ်းဖျင်း ကွာ၏။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာအောင် နေတ္တိကျမ်းက ပဒဋ္ဌာနာဟာရဖြင့် စာဖတ်နည်းကို ပြ၏။ ပဒဋ္ဌာနာဟာရ ဟူသည်မှာ အကြောင်းအဆင့်ဆင့်နှင့် အကျိုးအဆင့်ဆင့်ကို ရှာသောနည်း ဖြစ်၏။ ယင်းနည်းဖြင့် သမ္မုတိဓမ္မ တစ်ခုကို ကြည့်၏။ ထိုသို့ ကြည့်ရာတွင် နောက်ဆုံးအဆင့်သို့ ရောက်အောင် ကြည့်၏။ သိပ္ပံဆရာသည် ဒြပ်စင်တစ်ခုကို ကြည့်ရာတွင် နောက်ဆုံးအဆင့် "စွမ်းအင်"ကို မြင်သကဲ့သို့ သမ္မုတိဓမ္မ တစ်ခုကို ကြည့်ရာတွင် နောက်ဆုံးအဆင့် အနေဖြင့် ပရမတ္ထဓမ္မကိုသာ မြင်၏။ ပုဂ္ဂိုလ်ကို မမြင်၊ သတ္တဝါကို မမြင်၊ အသက်ဇီဝကို မမြင်၊ အတ္တကို မမြင်။ ထိုနောက် ပဒဋ္ဌာနာဟာရနည်းဖြင့် အကြောင်းအဆင့်ဆင့်ကို ကြည့်ရာ၌လည်း ပရမတ္ထဓမ္မကိုသာ မြင်၏။ အကျိုး အဆင့်ဆင့်ကို ကြည့်ရာ၌လည်း ပရမတ္ထဓမ္မကိုသာ မြင်၏။ သမ္မုတိဓမ္မဟူ၍ ဘာမျှ မမြင်။ ထိုအခါ ဆင်းရဲလျှင်လည်း ဒုက္ခဝေဒနာကသာ ဆင်းရဲ၏။ ပုဂ္ဂိုလ်က ဆင်းရဲသည် မဟုတ်။ ချမ်းသာလျှင်လည်း သုခဝေဒနာကသာ ချမ်းသာ၏။ ပုဂ္ဂိုလ်က ချမ်းသာသည် မဟုတ်။ အကြောင်းအဆင့်ဆင့် အနေဖြင့် အနုလောမ ပဋိစ္စသမုပ္ပာဒ် ရှိ၏။ အကျိုး အဆင့်ဆင့်အနေဖြင့် ပဋိလောမ ပဋိစ္စသမုပ္ပာဒ် ရှိ၏။ ထိုအခါ ကိလေသာ ပြတ်၏။ ကိလေသာ ပြတ်လျှင် ကံပြတ်၏။ ကံပြတ်လျှင် ဘဝပြတ်၏။ ဘဝပြတ်လျှင် သံသရာမှ လွတ်မြောက်လေပြီ။ သံသရာမှ လွတ်မြောက်ခြင်းကို "အတုမဲ့ချမ်းသာ"ဟု ဗုဒ္ဓ၏ ထေရဝါဒ ပိဋကတ်တော်၌ ဆို၏။

ပဒဋ္ဌာနာဟာရနည်းဖြင့် သမ္မုတိဓမ္မ တစ်ခုကို ဝိသုဒ္ဓိအစဉ်အရ ကြည့်ပြန်လျှင်လည်း ရှေးဦးစွာ ဒိဋ္ဌိဝိသုဒ္ဓိကို တွေ့၏။ ထို့နောက် အကြောင်းအဆင့်ဆင့် သဘောအရကြည့်လျှင် စိတ္တဝိသုဒ္ဓိကို တွေ့၏။ ထို့နောက် သီလဝိသုဒ္ဓိကို တွေ့၏။ အကျိုး အဆင့်ဆင့် သဘောအရ ကြည့်ပြန်လျှင်လည်း ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို တွေ့၏။ ထို့နောက် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကို တွေ့၏။ ထို့နောက် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို တွေ့၏။ ထိုနောက် ဉာဏဒဿန ဝိသုဒ္ဓိကို တွေ့၏။ ဤသို့ နေတ္တိကျမ်းက ပဒဋ္ဌာနာဟာရနည်းဖြင့် စာဖတ်နည်းကို ပြ၏။

ထေရဝါဒ ပိဋကတ်တော်များဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿနများကို ထူထောင်ရာတွင် ကျင့်စဉ် ဝိသုဒ္ဓိများဖြင့် ထူထောင်ရ၏။ ကျင့်စဉ် ဝိသုဒ္ဓိများဖြင့် ထူထောင်မှသာ ပိဋကတ်တော်၏ ရည်ရွယ်ရင်းအနက်ကို သိပြီး ခိုင်မာသော ဒဿနကို ရ၏။ ဤသည်မှာ အခြားသော ဒဿနများနှင့် မတူသော ဗုဒ္ဓဒဿန၏ ထူးခြားသော လေ့လာနည်း ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓဒဿနကို သာမန်ကျောင်းသင် ဘာသာရပ်များကဲ့သို့ လေ့လာ၍ မရဟုဆိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ဗုဒ္ဓဒဿနသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကိုလည်း အလေးမထား။ သို့ရာတွင် ကိုယ်ကျင့်

သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကိုမူ အလေးထားပါ၏။ ဤနေရာ၌ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဟူသည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိ ဖြစ်၏။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ဟူသည် ဗဟုသုတ ပြည့်စုံမှု ဖြစ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုဟူသည် ဒုစရိုက်ဟူသမျှ ကင်းဝေးမှု ဖြစ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုတွင် သီလလည်း ပါဝင်၏။ သမာဓိလည်း ပါဝင်၏။ ပညာလည်း ပါဝင်၏။ အကျဉ်း အားဖြင့် ဆိုရလျှင် သိက္ခာသုံးပါး ပါဝင်၏။

ထေရဝါဒ ပိဋကတ်တော်တွင် သစ္စာလေးပါးမှ လွတ်သော တရား မရှိ ဟူ၍ လည်းကောင်း၊ ဝိသုဒ္ဓိကျင့်စဉ်မှ လွတ်သော တရားမရှိ ဟူ၍လည်းကောင်း ဆို၏။ ထို့ကြောင့် ရှေးခေတ် ရဟန်းတော်များသည် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿန ကို ထူထောင်ရာ၌ ပါဠိဘာသာဖြင့် ရေးသည်ဖြစ်သော ဝိသုဒ္ဓိကျင့်စဉ်များသည် ပါဝင်၏။ စာဖတ်သူများကလည်း ဝိသုဒ္ဓိကျင့်စဉ်များကို မြင်အောင် ဖတ်နိုင်၏။ ဝိသုဒ္ဓိကျင့်စဉ်များဖြင့် သိလာရသော အနက်ကား အရိယသစ္စာ၌ အဆုံးသတ်၏။ တရားကိုယ် အားဖြင့် သီလ, သမာဓိ, ပညာတို့ပင် ဖြစ်၏။ ယင်းတို့ကို မြင်လာ၏။ မြင်သည်ဆိုရာ၌ ရိုးရိုးပကတိမျက်စိဖြင့် မြင်သည်မဟုတ်။ ဉာဏ်မျက်စိဖြင့် မြင်ရာ ၌လည်း အစိုင်အခဲကို မြင်သည့်အမြင်အမျိုး မဟုတ်။ အစိုင်အခဲမဲ့ ရုပ်နာမ်တို့၏ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည့် သဘောကို ပညာဖြင့် မြင်ခြင်း ဖြစ်၏။ ပညာဖြင့် မြင်ရာ၌လည်း ဖြစ်ပျက်တို့၏ ရှိရာ သံသရာမှ ဖြစ်ပျက်တို့ လွတ်ရာ နိဗ္ဗာန်ကို ဝိဇ္ဇာဖြင့် မျက်မှောက်ပြုခြင်း ဖြစ်၏။ မျက်မှောက်ပြုသည် ဆိုရာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်နှင့် တစ်ပြိုင်နက် သစ္စာလေးပါးကိုပါ မျက်မှောက် ပြုလေသောအခါ ယင်းသစ္စာလေးပါးကို မှုန်ဝါးဝါး အလင်းရောင်တွင် မျက်မှောက် ပြုခြင်းမျိုး မဟုတ်ဘဲ မွန်းတည့်ချိန် အလင်းရောင်မျိုး၌ ထင်ထင်ရှားရှား မျက်မှောက်ပြုခြင်းမျိုး ဖြစ်၏။ ဤသို့ မြတ်စွာဘုရားက ဓမ္မစက္ကပဝတ္တန သုတ်၌ ဟောတော်မူထား၏။

သို့ဖြစ်၍ ရှေးခေတ်မြန်မာနိုင်ငံ၏ ပညာရေးဦးဆောင်ဖြစ်သော ရဟန်း တော်များသည် ထေရဝါဒ ပိဋကတ်တော်များကို မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿန စာပေအဖြစ် ထူထောင်ရာ၌ ထူထောင်သူ ရဟန်းတော်များ ကိုယ်တိုင်ကလည်း ဝိသုဒ္ဓိကျင့်စဉ်ပေါ်၌ ရပ်လျက် ပရိယတ္တိအနက်၊ ပဋိပတ္တိအနက်၊ ပဋိဝေဓအနက် တို့ကို ပဓာနပြု၍ ရေးသားခဲ့ကြ၏။ ပါဠိဘာသာဖြင့် ရေးလျှင်လည်း ယင်းအနက် သုံးမျိုး ပါဝင်သည်ပင် ဖြစ်၏။ မြန်မာစကားပြေဖြင့် ရေးလျှင်လည်း ယင်းအနက် သုံးမျိုး ပါဝင်သည်ပင် ဖြစ်၏။ ပျို့ ကဗျာ လင်္ကာတို့ဖြင့် ရေးလျှင်လည်း ယင်း အနက်သုံးမျိုး ပါဝင်သည်ပင် ဖြစ်၏။ စာဖတ်သူများကလည်း ပါဠိဘာသာဖြင့်

ဖတ်ဖတ်၊ မြန်မာစကားပြေဖြင့် ဖတ်ဖတ်၊ ပျို့ ကဗျာ လင်္ကာဖြင့် ဖတ်ဖတ် ယင်း အနက်သုံးမျိုးကို နားလည်အောင် ဖတ်နိုင်ရန် ကြိုးစား၏။ မြင်နိုင်အောင် အားထုတ်၏။ ထိုခေတ် အညံ့ဆုံး စာဖတ်သူပင် ဖြစ်စေဦးတော့ မိမိဖတ်နေသော စာပေ၌ ထိုအနက်သုံးမျိုးကို မိမိက မဖတ်နိုင်စေကာမူ၊ မိမိက မမြင်နိုင်စေကာမူ ထိုအနက်သုံးမျိုး ပါဝင်မှန်းတော့ သိ၏။ ယုံလည်း ယုံကြည်၏။ ဤသို့ဖြစ်သည်မှာ စာပေလေ့လာနည်း မှန်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ထိုခေတ် ပိဋကတ်တော်များသည် မြန်မာနိုင်ငံ၌ မြန်မာတို့၏ ကိုယ်ပိုင်ဒဿနစာပေ အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ပါ၏။

မြန်မာတို့သည် ခိုင်မာသော ကိုယ်ပိုင်ဒဿန ရှိလေသောကြောင့် သတ္တိရှိသူများ ဖြစ်ခဲ့ကြ၏။ စိတ်ဓာတ်ဖြူစင်သူများ ဖြစ်ခဲ့ကြ၏။ အမြင်ကြည်လင်သူများ ဖြစ်ခဲ့ကြ၏။ တစ်ဦးချင်း အကျိုးစီးပွားနှင့် အမျိုးသား၏ အကျိုးစီးပွားကို တွဲစပ်၍ ကြည့်တတ်ခဲ့ကြ၏။ ဘုရားလောင်းများနှင့် ပါရမီရှင်များလည်း ထိုကဲ့သို့ ကြည့်တတ်သောကြောင့် မိမိတစ်ဦးချင်း အနေဖြင့် မလုပ်သင့်သော အကုသိုလ် ဖြစ်ပါလျက် အများအတွက် အနစ်နာခံကာ လုပ်ခဲ့ကြ၏။ ထို့ကြောင့်လည်း နိပါတ်တော်များ၌ ဘုရားလောင်းများ၊ ပါရမီရှင်များ၊ သာဝကလောင်းများသည် တိရစ္ဆာန်များ ဖြစ်ကြသည်ကို တွေ့မြင်ကြရခြင်း ဖြစ်၏။ သို့ရာတွင် "အကုသိုလ်" ကြောင့် တိရစ္ဆာန်များ ဖြစ်စေကာမူ အများအကျိုးအတွက် အနစ်နာခံနိုင်သော "ကုသိုလ်" ကြောင့် ဖြစ်လေရာ ဘဝများ၌ မင်း၊ မှူးမတ် စသော ဆိုင်ရာ ဘဝများ၏ အထက်တန်းလွှာများ၌ ဖြစ်ကြရခြင်း ဖြစ်၏။ ရှေးခေတ် မြန်မာတို့၏ ဒဿနများသည် ခိုင်မာခြင်း ဖြစ်ကြ၏။

ကိုယ်ကျင့်သီလ ကောင်းမည်၊ စိတ်ဓာတ်ဖြူစင်မည်၊ အမြင်ကြည်လင်မည် ဆိုလျှင် အလိုလို သတ္တိရှိပြီးသား ဖြစ်၏။ အချုပ်အားဖြင့် သတ္တိရှိမှုတွင် သီလသည် ပဓာနကျ၏။ သို့ရာတွင် ထိုသီလသည် စိတ်ဓာတ်ဖြူစင်မှုဖြင့် လည်းကောင်း၊ အမြင် ကြည်လင်မှုဖြင့် လည်းကောင်း ဆေးကြောပြီးသား ဖြစ်ရ၏။ သို့မှ ထိုသီလသည် အားရှိ၏။ သီလရှိသဖြင့် ကိုယ်ကျင့်သိက္ခာ ခိုင်မာသူအတွက် "မိုက်ရူးရဲ"ဟု အခေါ်ခံရစေကာမူ လုပ်သင့်သည်ကို လုပ်ရဲသော သတ္တိရှိ၏။ ယင်းကို "စာရိတ္တ"ဟု ဆိုရ၏။ "သူရဲဘောကြောင်သူ"ဟု အများက သမုတ်စေကာမူ မလုပ်သင့်သည်ကို မလုပ်ဘဲ နေရဲသော သတ္တိလည်း ရှိ၏။ ယင်းကို "ဝါရိတ္တ"ဟု ဆိုရ၏။ "ဘယ်ဟာ လုပ်သင့်သည်၊ ဘယ်ဟာ မလုပ်သင့်ဘူး" ဟူသည်မှာလည်း ငါကို အလေးထား၍ မစဉ်းစားသူများအတွက် ဆုံးဖြတ်ရန် ခက်ခဲသော ပြဿနာ မဟုတ်။ သို့ဖြစ်၍ ဤသတ္တိမျိုးကို ရှေးခေတ်မြန်မာများ၌

အလွယ်တကူ တွေ့နိုင်ခြင်း ဖြစ်ပါ၏။ အမှန်အားဖြင့် ဤသတ္တိမျိုးသည် "ငါ"ကို ရှေ့တန်းမတင်ဘဲ နှိပ်ကွပ်ရန် ကြိုးစားသူများ၌ တွေ့ရမြဲ ဖြစ်၏။ ယင်းကို "ပါရမီ" သဘောဟု ဆိုရ၏။

မြန်မာနိုင်ငံသည် သူတစ်ပါးလက်အောက်သို့ ကျရောက်သွားသောအခါ မြန်မာတို့၏ သတ္တိ, စိတ်ဓာတ်နှင့် အင်အားကို ချိုးနှိမ်ရန် လိုအပ်လာ၏။ အထိ ရောက်ဆုံးသော ချိုးနှိမ်နည်းမှာ မြန်မာတို့၏ ဒဿနစာပေကို တူးဖြိုခြင်းပင် ဖြစ်၏။ မြန်မာတို့၏ ကိုယ်ပိုင်ဒဿနစာပေကို တူးဖြိုရာတွင် စာပေဦးဆောင် ဖြစ်သော ရဟန်းတော်များ၏ လက်မှ လူပုဂ္ဂိုလ်များ၏ လက်သို့ ထိုဒဿနစာပေ များကို လွှဲပြောင်း ပေးအပ်လိုက်ခြင်း ဖြစ်၏။ ထိုအခါ စာပေလေ့လာမှုပုံစံသည် အစဉ်အလာအရ သတ်မှတ်ထားသော လမ်းကြောင်းမှ သွေဖည်သွားတော့၏။ ဝိသုဒ္ဓိလမ်းကြောင်းမှ ဝေး၍ ဝေး၍ သွားတော့၏။ ထိုအခါ ကိုယ်ပိုင်ဒဿန အင်အားသည် တဖြည်းဖြည်း ချည့်နဲ့၍ လာ၏။ "ပဒဋ္ဌာနာဟာရ"အနေဖြင့် အကြောင်းရင်း အမှန်များကို အဆင့်ဆင့် လေ့လာသော လေ့လာနည်းသည် လည်းကောင်း၊ အကျိုးရင်း အမှန်များကို အဆင့်ဆင့် လေ့လာသော လေ့လာနည်း သည် လည်းကောင်း ပျောက်ကွယ်ခဲ့၏။ ထိုအခါ ကိုယ်ကျင့်သိက္ခာ မြင့်မားမှု၊ စိတ်ဓာတ်ဖြူစင်မှု၊ အမြင်ကြည်လင်မှု၊ သံသယကင်းမှု စသော ဝိသုဒ္ဓိတရားများ သည်လည်း လျော့နည်းလာလေ၏။

မြန်မာများ၏ ကိုယ်ပိုင် ထေရဝါဒ ဒဿနစာပေများ၏ နေရာ၌ အရင်းရှင် ဒဿနစာပေများ၊ ဆိုရှယ်လစ် ဒဿနစာပေများ၊ ကွန်မြူနစ် ဒဿန စာပေများ စသော လက်ဝဲ လက်ယာ ဒဿနစာပေများသည် နိုင်ငံခြားမှ ဝင်ရောက် ၍ နေရာယူလာကြ၏။ ထို ဒဿနစာပေများသည် ထေရဝါဒ ဒဿနစာပေများလို "စက္ခု, ဉာဏ, ပညာ, ဝိဇ္ဇာ, အာလောက"တို့ကို ဖြစ်ပေါ်စေနိုင်သော ဒဿန စာပေများ မဟုတ်ကြ။ မြန်မာနိုင်ငံ၌ ရေခံမြေခံ ထေရဝါဒ ဒဿနစာပေများနှင့် နိုင်ငံခြားမှ လက်ဝဲ လက်ယာ ဒဿနစာပေများ ရောထွေးယှက်တင် ရှိမှုကြောင့် ကိုယ်ပိုင် ဒဿနစာပေဟူ၍ ပြောရန်ပင် ခက်ခဲသော အခြေအနေ၌ ရှိပါ၏။

ရှင်မဟာသီလဝံသ, ရှင်မဟာရဋ္ဌသာရ စသော ရှေးခေတ်စာဆိုများ ရေးသားခဲ့သော စာပေများသည် ထေရဝါဒ ပိဋကတ်တော်များ၏ ရည်ရွယ်ချက် အရ ဝိသုဒ္ဓိ အပေါ်၌ အခြေတည်၍ ရေးသားခဲ့သော စာပေများဖြစ်သဖြင့် ပရိယတ္တိ သဘောလည်း ပါ၏။ ပဋိပတ္တိ သဘောလည်း ပါ၏။ ပဋိဝေဓ သဘောလည်း ပါ၏။ စာဖတ်သူများကလည်း ထိုသဘောသုံးမျိုး ပါကြောင်းကို သိ၏။ ထိုကြောင့် ရေးသားသူရော၊ ဖတ်သူရော နှစ်ဦးစလုံး စာပေလေ့လာမှု နည်းစနစ် မှန်ကန်၏။

လုပ်ငန်းအားဖြင့် လည်းကောင်း “ကြောင့်ကြစိုက်မှု” နည်းပါးစွာ နေနိုင်သူများ ဖြစ်ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ထေရဝါဒ ပိဋကတ်တော်များကို မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဒဿနစာပေ အဖြစ် ထူထောင်နိုင်ရန် ပြန်လည် ကြိုးပမ်းရာ၌ ရဟန်းတော်များသည် အသင့်လျော်ဆုံးသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ထို့ကြောင့် ရဟန်းတော်များသည် မြန်မာနိုင်ငံ၏ အနာဂတ် အကျိုးစီးပွားအတွက် ပညာရေးနယ်ပယ်၌ ဦးဆောင်မှု အပိုင်းကို ပြန်လည် ရယူနိုင်ရန် ကြိုးပမ်းအပ်ပါ၏။ ထိုသို့ ကြိုးပမ်းရာတွင် “ပဒဋ္ဌာနာဟာရ”သည် အကြောင်းရင်းမှန်များကို အဆင့်လိုက် အနေဖြင့်လည်းကောင်း စူးစမ်းရာ၌ အထူးပင် ကျေးဇူးပြုမည် ဖြစ်ကြောင်း သိမြင်အပ်ပါ၏။

# စာဖတ်သူများ ၁၃

*တရားသိနှင့် မတရားသိသည် စာပေအမျိုးအစားပေါ်၌လည်း တည်၏။*
*စာဖတ်သူများ၏ နှလုံးသွင်းနှင့် ပဋိဘာန်အပေါ်၌လည်း တည်၏။*

စာဖတ်သူများသည် စာကို ဖတ်ကြ၏။ စာကို ဖတ်ပါမှ အနက်ကို သိ၏။ အနက်ကို သိပါမှလည်း အသိဉာဏ်ကို ရ၏။ အသိဉာဏ်ကို ရခြင်းသည် ပညာကိုရခြင်း မည်၏။ ပညာကို ရလေသောအခါ မိမိတို့၏ ဘဝသက်တမ်း တစ်လျှောက်လုံး လူချင်း ဆက်ဆံရာ၌ ငြိမ်းချမ်းစွာ ဆက်ဆံနိုင်၏။ ထိုအခါ မိမိတို့၏ ဘဝသည် လည်း ငြိမ်းချမ်း၏။ တစ်ဦးစီ၏ ဘဝ ငြိမ်းချမ်းလျှင် လောကသည်လည်း မလွဲ မသွေ ငြိမ်းချမ်းမည် ဖြစ်ပါ၏။ ထို့ကြောင့် လောကကို ငြိမ်းချမ်းစေလိုသူများသည် ဤလောက၌ စာပေကို တီထွင်လာကြခြင်း ဖြစ်သည်ဟု ယူနိုင်ပါ၏။ သို့ဖြစ်လျှင် စာပေ မပေါ်မီ လောကနှင့် စာပေ ပေါ်ပြီးလောက နှစ်မျိုးတို့အနက် မည်သည့် လောက က ပို၍ ငြိမ်းချမ်းပါလေသနည်း။ ဤမေးခွန်းမှာ မေးထိုက်၍ မေးသော မေးခွန်းဖြစ်သော်လည်း ဤမေးခွန်းသည် အဖြေအမျိုးမျိုးကို ဖိတ်ခေါ်သောမေးခွန်း ဖြစ်ပါ၏။

ထိုမေးခွန်းနှင့် ပတ်သက်၍ အဖြေအမျိုးမျိုး ရှိသော်လည်း ယေဘုယျ အားဖြင့် အမှန်ဆုံးအဖြေမှာ စာပေကို ဖတ်ကြရာ စာသိ ပေသိ အဆင့်ထက် ကျော်လွန်ပြီး ခန္ဓာသိအဆင့်သို့ ရောက်အောင် ဖတ်နိုင်ပါက လောကသည် လည်း ကောင်း၊ စာဖတ်သူများသည် လည်းကောင်း တကယ်ပင် ငြိမ်းချမ်းကြပါ၏။ တစ်စုံတစ်ရာ သံသယဖြစ်ဖွယ် မရှိချေ။ အကယ်၍ စာသိပေသိ အဆင့်၌သာ ရှိပါက လောကသည် လည်းကောင်း၊ စာဖတ်သူများသည် လည်းကောင်း ငြိမ်းချမ်း ကြ၏ ဟူ၍ တစ်ထစ်ချဆိုရန် ခက်ခဲပါ၏။ အဘယ်ကြောင့်ဆိုသော် မျက်မှောက် ကမ္ဘာ၌ စာပေပညာရှင်များ အကြားတွင်ပင် ကြီးမားသော မငြိမ်းချမ်းမှုများကို တွေ့မြင်နေရသောကြောင့် ဖြစ်၏။ ထို့ကြောင့် စာပေကို ဖတ်ရာတွင် "တရားသိ"

နှင့် "မတရားသိ"ဟူ၍ အသိနှစ်မျိုးကို ရနိုင်ကြောင်း တွေ့ရ၏။ ခန္ဓာသိသို့ ရောက်အောင် ဖတ်နိုင်ပါက တရားသိ ဖြစ်၏။ ခန္ဓာသိသို့ ရောက်အောင် မဖတ်နိုင်ဘဲ စာပေသိ အဆင့်၌သာ ရှိပါက များသောအားဖြင့် မတရားသိ ဖြစ်၏။ အနည်းအကျဉ်းအားဖြင့်မူ တရားသိ မဖြစ်သေးစေကာမူ တရားသိသို့ ဦးတည်သော အဆင့်၌ ရှိသည်ဟု ဆိုသော် ဆိုနိုင်ပါ၏။

"တရားသိ"နှင့် "မတရားသိ"သည် စာပေအမျိုးအစားပေါ်၌လည်း တည်၏။ စာဖတ်သူများ၏ နှလုံးသွင်းနှင့် ပဋိဘာန် အပေါ်၌လည်း တည်၏။ ကျမ်းဂန်များ၌ နှလုံးသွင်း "မနသိကာရ"ကိုသာ တရား "ကုသိုလ်"နှင့် မတရား "အကုသိုလ်"တို့၏ နီးသော အကြောင်းအဖြစ် ဆို၏။ သို့ရာတွင် ပဋိဘာန်ကိုလည်း ဝေးသောအကြောင်း အဖြစ် ယူနိုင်ပါ၏။ အကယ်၍ စာပေအမျိုးအစားသည် ဓမ္မစာပေ ဖြစ်စေဦးတော့ စာဖတ်သူများ အနေဖြင့် ပဋိဘာန် မရှိလျှင် ဖြစ်စေ၊ နှလုံးသွင်း မကောင်းလျှင် ဖြစ်စေ "တရားသိ" အဆင့်ကို စာပေမှ မရနိုင်ဘဲ "မတရားသိ"အဆင့်ကိုသာ စာပေမှ ရနိုင်ကြောင်း မြတ်စွာဘုရားက အလဂဒ္ဒူပမသုတ်၌ ဟောတော်မူထားသည်ကို တွေ့ရ၏။ ထိုဒေသနာတော်အရ တရားစာပေကို ဖတ်တိုင်း "တရားအသိ"ကို ရသည် မဟုတ်။ နှလုံးသွင်းနှင့် ပဋိဘာန်ကောင်းပါမှ "တရားသိ"ကို ရ၏။ နှလုံးသွင်းနှင့် ပဋိဘာန် မကောင်းလျှင် တရားစာပေကပင် တရားစာပေ ဖတ်ရှုသူအား အန္တရာယ်ပြုတတ်ချေ၏။ အကယ်၍ မိမိဖတ်သော စာပေက "တရားသိ"ကို ပေးနိုင်သော စာပေမျိုး မဟုတ်လျှင်မူ "တရားသိ"ကို ရနိုင်ဖို့ ခက်ခဲပါ၏။ ထို့ကြောင့် "တရားသိ"နှင့် "မတရားသိ" သည် စာပေအမျိုးအစားပေါ်လည်း တည်၏။ စာပေဖတ်သူများ၏ နှလုံးသွင်းနှင့် ပဋိဘာန် အပေါ်၌လည်း တည်၏ ဟူ၍ ဆိုခြင်းဖြစ်ပါ၏။

တရားသိ ရရှိရေးနှင့် ပတ်သက်၍ ဓမ္မစာပေဖြစ်မှု၊ နှလုံးသွင်းနှင့် ပဋိဘာန် ကောင်းမှုတို့ကို လေ့လာရာတွင် ယနေ့မျက်မှောက်ခေတ်၌ စာပေများသည် အမျိုးအစားအားဖြင့် များစွာ ရှိလေရာ ထိုအမျိုးအစားထဲမှ ထေရဝါဒ စာပေကို ယူမည် ဖြစ်၏။ နှလုံးသွင်းနှင့် ပဋိဘာန်ကောင်းမှုနှင့် ပတ်သက်၍လည်း ထေရဝါဒစာပေ၏ အဆိုအမိန့်အတိုင်း သိက္ခာသုံးပါးကို ယူမည်ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် တရားသိ ရရှိနိုင်ရန်အတွက် အခြားစာပေများနှင့် အခြား နှလုံးသွင်းများကို အာရုံစိုက်ရန် မလိုဘဲ ထေရဝါဒ ပိဋကတ်စာပေနှင့် ထေရဝါဒ ပိဋကတ်တော်လာ သိက္ခာသုံးပါးကိုသာ အာရုံစိုက်ရန် လိုအပ်ပါ၏။ ထေရဝါဒ ပိဋကတ်စာပေကို ရွေးချယ်ခြင်းမှာ မူရင်းစာပေ၏ အရှင်သည် မြတ်စွာဘုရား ဖြစ်၍၊ မြတ်စွာဘုရားသည် မတရားမှ အကုသိုလ်ဒုစရိုက် ဟူသမျှကို မြစ်ပြတ်

ပယ်သတ်ပြီး ဖြစ်သဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်စာပေမှာလည်း မတရားမှု အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်ရေးသို့ ဦးတည်သောကြောင့် ဖြစ်၏။ နှလုံးသွင်းနှင့် ပဋိဘာန်ကောင်းရေးအတွက် ထေရဝါဒ စာပေ၏ အဆိုအမိန့်အတိုင်း သိက္ခာသုံးပါးကို ရွေးချယ်ခြင်းမှာလည်း ယင်းသိက္ခာသုံးပါးအပေါ် အခြေခံပါမှ မတရားမှု အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်မည် ဖြစ်သောကြောင့် ဖြစ်၏။

အခြားစာပေများမှာ ယင်းတို့ကို ပြုစုသူ စာပေပညာရှင်များ ကိုယ်တိုင် မတရားမှု အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ် မပယ်သတ်နိုင်သော ပုထုဇဉ်များသာ ဖြစ်သဖြင့် စာဖတ်သူများအား မတရားမှု အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်ရေးသို့ ဦးတည်အောင် မဆောင်ရွက်ပေးနိုင်သောကြောင့် ဖြစ်၏။ စာပြုစုသူ စာပေပညာရှင်များ ကိုယ်တိုင်က မိမိတို့၏ သန္တာန်၌ မတရားမှု အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်သော နှလုံးသွင်းနှင့် ပဋိဘာန်ကို မတည်ဆောက်နိုင်ပါက စာဖတ်သူများ၏ သန္တာန်၌ မတရားမှုအကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်သော နှလုံးသွင်းနှင့် ပဋိဘာန်ကို ပြုစုပျိုးထောင်ပေးရန် မဖြစ်နိုင်သောကြောင့် အခြား စာပေများကို မရွေးချယ်ခြင်း ဖြစ်၏။ အခြားစာပေများ၏ အဆိုအမိန့်အတိုင်း တည်ဆောက်အပ်သော နှလုံးသွင်းနှင့် ပဋိဘာန်သည်လည်း မတရားမှု အကုသိုလ် ဒုစရိုက်များ ချုပ်ငြိမ်းရာ လောကုတ္တရာသို့ ဦးမတည်နိုင်စေခြင်းသည်လည်း မရွေးချယ်ခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်ပါ၏။ သို့ဖြစ်လျှင် ထေရဝါဒ ပိဋကတ်စာပေကို ဖတ်ပါက ဘဝငြိမ်းချမ်းရေးနှင့် လောကငြိမ်းချမ်းရေးကို ရပြီလားဟူ၍ မေးစရာ ရှိ၏။ ထိုအမေးကို ဖြေရန် လွယ်ကူသည်တော့ မဟုတ်။ မလွယ်ကူသော်လည်း ဖြေ၍ကား ရပါ၏။ မှန်ကန်သော အနက်ကို သိအောင် ဖတ်နိုင်ပါက ဘဝ ငြိမ်းချမ်းရေးကိုလည်း ရ၏။ လောက ငြိမ်းချမ်းရေးကိုလည်း ရ၏။ မှန်ကန်သောအနက်ကို သိအောင် မဖတ်နိုင်ပါက ဘဝငြိမ်းချမ်းရေးကိုလည်း မရ။ လောက ငြိမ်းချမ်းရေးကိုလည်း မရ။ ဤသည်မှာ အဖြေမှန် ဖြစ်၏။ သို့ဖြစ်လျှင် မှန်ကန်သော အနက်ကို သိအောင် မည်သို့ ဖတ်မည်နည်း။ မှန်ကန်သော အနက်ကို သိအောင် နှလုံးသွင်းနှင့် ပဋိဘာန်ကို မည်သို့ တည်ဆောက်မည်နည်း။ ဤမေးခွန်းများမှာလည်း မေးသင့်သော မေးခွန်းများပင် ဖြစ်ပါ၏။

ဤအမေးများနှင့် ပတ်သက်၍ ဖြေစရာ သုံးချက်ရှိ၏။ ပထမအချက်မှာ ဖတ်ပုံဖတ်နည်း ဖြစ်၏။ ဒုတိယအချက်မှာ ထေရဝါဒ ပိဋကတ်စာပေ၌ ဖော်ပြထားသော လောကနှင့် လောကုတ္တရာ၏ မှန်ကန်သော အနက်ဖြစ်၏။ တတိယအချက်

မှာ နှလုံးသွင်းနှင့် ပဋ္ဌာန်ကောင်း တည်ဆောက်နည်း ဖြစ်၏။ ထေရဝါဒ ပိဋကတ် စာပေကို ဖတ်ရာတွင် ဖတ်နည်းများ ရှိ၏။ ဖတ်နည်းများတွင် သဒ္ဒါနည်းလည်း ပါဝင်၏။ နိရုတ္တိနည်းလည်း ပါဝင်၏။ အလင်္ကာရနည်းလည်း ပါဝင်၏။ နေတ္တိနည်းလည်း ပါဝင်၏။ ဉာဉ်ကောက်နည်းလည်း ပါဝင်၏။ ကျမ်းတက်နည်းလည်း ပါဝင်၏။ ဤဖော်ပြပါ နည်းများမှာ မိမိတို့ဘာသာ မိမိတို့အနေဖြင့် သီးခြား ရပ်တည်နိုင်သော နည်းများ ဖြစ်ကြ၏။ မိမိတို့ဘာသာ မိမိတို့အနေဖြင့် သီးခြား မရပ်တည်နိုင်ဘဲ ဖော်ပြပါ နည်းများ၌ အတွင်းဝင်သော နည်းများလည်း ရှိသေး၏။ ယင်းနည်းများမှာ ဥပစာရများ၊ နည်းလေးဆယ်များ၊ ယုတ္တိဗေဒများ ဖြစ်ကြ၏။ ဥပစာရများနှင့် နည်းလေးဆယ်များသည် နိရုတ္တိနည်း၏ နည်းခွဲ အတ္ထာတိသယ နည်းနှင့် နေတ္တိနည်း၌ အတွင်းဝင်၏။ ယုတ္တိဗေဒနည်းသည် နေတ္တိနည်း၌ အတွင်းဝင်၏။

ထေရဝါဒ ပိဋကတ်စာပေ၏ မှန်ကန်သော ဆိုလိုရင်းကို သိနိုင်အောင် ရှေးဆရာများသည် ပိဋကတ်၏ အခြေခံအနေဖြင့် ဖော်ပြပါနည်းများကို ရေးသား ပြုစုခဲ့ကြ၏။ သင်ကြားပေးခဲ့ကြ၏။ အမှန်အားဖြင့် နောက်ပိုင်းတွင် ပိဋကတ်၏ အခြေခံ အနေဖြင့် ရေးသားပြုစုပြီး သင်ကြားပေးခဲ့သော ကျမ်းများသည် တဖြည်းဖြည်း တိမ်ကောလာ၏။ လေ့လာသူ နည်းလာ၏။ တတ်ကျွမ်းသူ ရှားလာ၏။ ထိုအခါ မူရင်း ပိဋကတ် စာပေ၏ မှန်ကန်သော ဆိုလိုရင်းကို သိရန် ခက်ခဲလာ၏။ ထိုအခါ ပိဋကတ်စာပေ၏ ဆိုလိုရင်းကို မှန်ကန်စွာ မသိတော့ဘဲ မှားယွင်းစွာ သိတော့၏။ ထိုသို့ ဖြစ်လာရခြင်းမှာ ပိဋကတ်၏ အခြေခံနည်းများကို စနစ်တကျ မသိဘဲ မူရင်း ပိဋကတ်တော်ကို လေ့လာခြင်းကြောင့်လည်း ဖြစ်နိုင်ပါ၏။ ထို့ကြောင့် ထိုကဲ့သို့သော လေ့လာမှု မမှန်ကန်ခြင်းမှ လွတ်ကင်းနိုင်ရန် ပိဋကတ်၏ အခြေခံစာများကို စနစ်တကျ လေ့လာအပ်၏။ ရှေးဆရာတော်ကြီးများသည် အလွန် အမြော်အမြင်ကြီးသူများ ဖြစ်ကြ၏။ ထို့ကြောင့် ရှေးဆရာတော်ကြီးများ၏ အမြော်အမြင်ကြီးမားမှုကို လေးစားသောအားဖြင့် ရှေးဆရာတော်ကြီးများက သင်ရိုးညွှန်းတမ်းပြုထားသော ပိဋကတ်၏ အခြေခံ ကျမ်းများကို တတ်ကျွမ်း နားလည်အောင် လေ့လာအပ်ပါ၏။ အားထုတ်အပ်ပါ၏။

အခြေခံကျမ်းများတွင် သဒ္ဒါကျမ်းအတတ်ကို တတ်ပါက မိမိ ဖတ်သော စာပေ၏ ပုဒ်ဖွဲ့စည်းမှုကို သိ၏။ ဝါကျဖွဲ့စည်းမှုကို သိ၏။ နိရုတ္တိကျမ်း အတတ်ကို တတ်ပါက ပုဒ်တွင် ပါဝင်သော အက္ခရာတို့၏ အပြောင်းအလဲ သမိုင်းကို သိ၏။ အတ္ထာတိသယနည်းနှင့် နေတ္တိနည်းမှ ဆင်းသက်လာသော ဥပစာရများကို သိ၏။ နည်းလေးဆယ်ကို သိ၏။ အလင်္ကာနည်းကို သိပါက ရသကို သိ၏။ ရသဟူသည်

ပညတ်နယ်ပယ်၌ ပညတ်နည်းအရ အတ္တဒိဋ္ဌိကို ခွာ၍ လောကကို မြင်စွမ်းစေနိုင်သော သဘော ဖြစ်၏။ ပိတောက်ပန်းကို ရသအမြင်ဖြင့် ကြည့်ပါက ကြည့်သူကိုယ်တိုင် ပိတောက်ပန်း ဖြစ်သွားလေသဖြင့် ကြည့်သူ၏ အတ္တဒိဋ္ဌိ ကွာပြီး ပိတောက်ပန်း၏ အမြင်နှင့် တစ်သားတည်း ဖြစ်ရ၏။ ထို့ကြောင့် ရသကို ပညတ်နယ်ပယ်၌ ပညတ်နည်းအရ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ခွာသောနည်း ဟူ၍ ဆိုရ၏။ နေတ္တိနည်းကိုမူ ပရမတ်နယ်ပယ်၌ ပရမတ်နည်းအရ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ခွာသောနည်း ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် နေတ္တိနည်းသည် ပညတ်နယ်၌ ပညတ်နည်းအရလည်း အသုံးဝင်၏။ ပရမတ်နယ်၌ ပရမတ်နည်း အရလည်း အသုံးဝင်၏။ ထို့ကြောင့် နေတ္တိနည်းကို နှစ်ဖက်ရနည်းဟု ဆိုသော် ပို၍ နည်းလည်ဖွယ် ရှိ၏။ ဉာဏ်ကောက်နည်းကား ပရမတ်စစ်စစ် ဖြစ်၏။ ပုဒ်တစ်ပုဒ်၌ ပညတ်ကို ခွာ၍ ပရမတ် စစ်စစ်ကို မြင်အောင် ကြည့်ရာတွင် ဉာဏ်ကောက်နည်းသည် များစွာ အသုံးဝင်၏။ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်ဇီဝ မရှိ ဟူသော သဘောကို ဉာဏ်ကောက်နည်းဖြင့် ရှင်းလင်းစွာ မြင်နိုင်၏။ ကျမ်းတက်နည်းကား ရှေးခေတ် ယုတ္တိဗေဒနည်း တစ်မျိုးဖြစ်၏။ ဤကျမ်းတက်နည်းဖြင့် လျှဉ်းပါးဖွယ် ဟူသမျှအားလုံးကို ချေဖျက်၏။ ကျမ်းတက်နည်းတွင် အစိတ်အပိုင်းငါးမျိုး ပါဝင်ပြီး ကျမ်းဆရာက မိမိ ဆိုလိုသော အကြောင်းအရာ တစ်ရပ်၏ အနက်မှန်ကို အထောက်အထား ခိုင်လုံစွာဖြင့် ဖော်ပြ၏။ ဤသည်များမှာ ရှေးဆရာတော်ကြီးများ အမြော်အမြင် ကြီးမားစွာဖြင့် ရေးသားပြုစု၍ သင်ကြားပို့ချခဲ့သော ပိဋကတ် အခြံအရံ ကျမ်းများ၏ အနက်အကျဉ်း၊ အဓိပ္ပာယ်အကျဉ်း ဖြစ်၏။

ထေရဝါဒ ပိဋကတ်တော်၌ ဖော်ပြထားသော လောကနှင့် လောကုတ္တရာ၏ မှန်ကန်သော အနက်သည် အဘယ်နည်း။ ဤမေးခွန်းနှင့် ပတ်သက်၍ ဆိုရလျှင် အလျော်အနက်သည် "တဏှာ"ဖြစ်၏။ ဆန့်ကျင်ဘက် အနက်သည် "နိဗ္ဗာန်"ဖြစ်၏။ အနက်နှစ်မျိုးလုံးကိုပင် "ခန္ဓာ"နှင့် စပ်၍ သိရ၏။ ထို့ကြောင့် "ခန္ဓာသိ"ကို အမှန်သိဟူ၍ ဆိုခြင်း ဖြစ်၏။ ဤအဆိုကို ပို၍ရှင်းအောင် ဆိုရလျှင် အနက်ဟူသည် အဘယ်နည်းဟူသော မေးခွန်းက စရမည် ဖြစ်၏။ ပို၍ ပို၍ ရှင်းအောင် ဆိုရလျှင် ငွေစက္ကူ ပုံစံဖြင့် ဆိုပါက နားလည်နိုင်ဖွယ် အရှိဆုံး ဖြစ်ပါ၏။ ငွေစက္ကူတွင် အလယ်က စက္ကူသား ရှိ၏။ တစ်ဖက်တွင် ပန်းရှိ၏။ အခြားတစ်ဖက်တွင် ခေါင်းရှိ၏။ ပန်းနှင့် ခေါင်းသည် စက္ကူသား၌ ဆုံကြ၏။ ပန်းနှင့်ခေါင်း ပါသော စက္ကူသားကို ငွေစက္ကူ ဟူ၍ ဆိုကြ၏။ သို့ရာတွင် ငွေစက္ကူသည် တန်ဖိုးအားဖြင့် အမျိုးမျိုး ရှိ၏။ ငွေစက္ကူကို စိတ်၌ မှတ်သားပြီး၊ အနက်ကို စဉ်းစားလိုက်သောအခါ အနက်သည် စက္ကူသားနှင့် တူချေ၏။ တစ်ဖက်တွင် သဒ္ဒါရှိ၏။ အခြားတစ်ဖက်တွင်

သဒ္ဒါက ဟောသော အရာဝတ္ထု ရှိ၏။ ထိုအရာဝတ္ထုသည် သက်ရှိဖြစ်ချင် ဖြစ်မည်။ သက်မဲ့ဖြစ်ချင် ဖြစ်မည်။ ပညတ်ဖြစ်ချင် ဖြစ်မည်။ ပရမတ်ဖြစ်ချင် ဖြစ်မည်။ သို့ရာတွင် ဘာဖြစ်ဖြစ် ထိုအရာဝတ္ထုသည် သဒ္ဒါက ဟောသော အရာဝတ္ထု ဖြစ်ချေ၏။ သို့ဖြစ်လေရာ သဒ္ဒါနှင့် အရာဝတ္ထုသည် တည်ရာဌာန တစ်ခု၌ ပေါင်းဆုံမိလေ၏။ ထိုကြောင့် သဒ္ဒါနှင့် သဒ္ဒါက ဟောသော အရာဝတ္ထုတို့၏ ပေါင်းဆုံမိရာဌာနသည် သို့မဟုတ် သဒ္ဒါနှင့် သဒ္ဒါက ဟောသော အရာဝတ္ထုတို့၏ ဆက်စပ်ရာ "သမ္ဗန္ဓ"သည် အနက်ဖြစ်ပါ၏။ ယင်းအနက်ကား အလျော်အားဖြင့် "တဏှာ" ဖြစ်၏။ တဏှာကို သမုဒယသစ္စာ ဟူ၍လည်း ဆိုရ၏။ လောက၏အနှစ် ဟူ၍လည်း ဆိုရ၏။ ငွေစက္ကူသည် ခေါင်းနှင့်ပန်းကို လိုက်၍ တန်ဖိုးအားဖြင့် အမျိုးမျိုးရှိသလို တဏှာသည်လည်း မိမိ၏ တစ်ဖက်စီ၌ ရှိသော သဒ္ဒါနှင့် အရာဝတ္ထုကို လိုက်၍ တန်ဖိုးအားဖြင့် အမျိုးမျိုးရှိ၏။ အချုပ်အားဖြင့် ဆိုရလျှင် တဏှာသည် အနက်သဘောဖြင့် တစ်မျိုးတည်း ရှိ၏။ ယင်း၌ လာရောက် ပေါင်းဆုံကြသော သဒ္ဒါနှင့် အရာဝတ္ထုတို့သည် အမျိုးမျိုးသာ ရှိကြ၏။ အမှန်အားဖြင့် ဤလောကရှိ အရာဝတ္ထု ဟူသမျှသည် မိမိတို့ ခေါ်စရာ အမည်နာမ ဟူသော သဒ္ဒါနှင့် အတူတကွ အနက်တည်းဟူသော "တဏှာ" ၏ မျက်နှာပြင် တစ်ဖက်စီ၌ နေ၍ တဏှာ၌ ပေါင်းဆုံကြရ၏။

ထေရဝါဒ ပိဋကတ်တော်က ဖော်ပြသော လောက သို့မဟုတ် ခန္ဓာ၏ အလျော်အနက်သည် တဏှာဖြစ်လျှင် ယင်း၏ ဆန့်ကျင်ဘက် အနက်သည် နိဗ္ဗာန် ဖြစ်၏။ ဆန့်ကျင်ဘက် အနက် ဟူသည်မှာ တဏှာ ကုန်၍ ကုန်၍ သွားခြင်း ဖြစ်၏။ တဏှာ လုံးလုံး ကုန်သွားလျှင် သဒ္ဒါနှင့် အရာဝတ္ထုတို့၏ ဆက်စပ်ပေါင်းဆုံရာ"သမ္ဗန္ဓ" မရှိတော့သဖြင့် ဆက်စပ်တတ်သော သဒ္ဒါဟူသမျှလည်း ကုန်တော့၏။ အရာဝတ္ထု ဟူသမျှလည်း ကုန်တော့၏။ ထို့ကြောင့် တဏှာ၏ ကုန်ရာ နိဗ္ဗာန်ကို သဒ္ဒါဖြင့်လည်း ပြော၍မရခြင်း ဖြစ်၏။ အရာဝတ္ထုဖြင့်လည်း ပြော၍မရခြင်း ဖြစ်၏။ အမှန်အားဖြင့် သဒ္ဒါနှင့် အရာဝတ္ထုတို့သည် လောက၏ အနှစ်ဖြစ်သော တဏှာ၌သာ ပေါင်းဆုံကြရသဖြင့် တဏှာ မရှိလေသောအခါ အကာသဖွယ်ဖြစ်သော လောကသည်လည်း မရှိနိုင်တော့။ ဆက်စပ်တတ်သော သဒ္ဒါနှင့် အရာဝတ္ထုတို့သည်လည်း မရှိနိုင်တော့။ အမှန်အားဖြင့် သဒ္ဒါနှင့် အရာဝတ္ထုများသည် နိဗ္ဗာန်၌ မရှိကြချေ။ ဤသည်မှာ ဒဿနိကဗေဒ ပညာရှင်တို့၏ ဒဿနရှုထောင့်မှနေ၍ ထေရဝါဒ ပိဋကတ်စာပေလာအတိုင်း လောကနှင့် လောကုတ္တရာတို့၏ အနက်နှင့် ပတ်သက်၍ ဖွင့်ဆိုချက် ဖြစ်ပါ၏။

ထေရဝါဒ ပိဋကတ်စာပေ၏ အဆိုအမိန့်အတိုင်း တည်ဆောက်ရသော

နှလုံးသွင်းနှင့် ပဋ္ဌာန်တို့အရ ဆိုရလျှင် နေတ္တိကျမ်းလာ လက္ခဏဟာရကို ဆိုရမည် ဖြစ်၏။ နေတ္တိကျမ်းသည် စာဖတ်နည်းကို သင်ပြသောကျမ်း ဖြစ်လေရာ ပိဋကတ်တော်၏ မှန်ကန်သော အဆိုအမိန့်ကို သိလိုပါလျှင် နေတ္တိကျမ်းလာ လက္ခဏဟာရနည်း၏ အကူအညီကို မလွဲမသွေ ယူအပ်ပါ၏။ လက္ခဏဟာရနည်း ဟူသည်မှာ အကြောင်းအရာ တစ်ရပ်ကို ဖော်ပြရာ၌ တိုက်ရိုက်မဆိုထားသော်လည်း လက္ခဏာတူ သဘောအရ ယူရသောနည်း ဖြစ်၏။ ဤလက္ခဏဟာရနည်းကို ဝိပဿနာ အရာ၌လည်း သုံးနိုင်၏။ ဝိပဿနာ အရာ၌ သုံးလျှင် ပရမတ္ထနယ်ပယ်၌ ပရမတ္ထနည်းအရ အသုံးပြုခြင်း မည်၏။ လောကနယ်ပယ်၌လည်း သုံးနိုင်၏။ လောကနယ်ပယ်၌ သုံးလျှင် ပညတ်နယ်ပယ်၌ ပညတ်နည်းအရ အသုံးပြုခြင်း မည်၏။ ထို့ကြောင့် နေတ္တိကျမ်းလာ လက္ခဏဟာရကို နှစ်ဖက်ရနည်း ဟူ၍ဆိုခြင်း ဖြစ်၏။

ဝိပဿနာနယ်ပယ်၌ အသုံးပြုသောအခါ ပရမတ္ထတရားတို့၏ လက္ခဏာသည် သုံးမျိုးရှိ၏။ ပထမတစ်မျိုးမှာ သဘာဝလက္ခဏာ ဖြစ်၏။ ဒုတိယတစ်မျိုးမှာ သာမညလက္ခဏာ ဖြစ်၏။ တတိယတစ်မျိုးမှာ သန္တိလက္ခဏာ ဖြစ်၏။ ဤလက္ခဏာ သုံးမျိုးမှာ အဆင့်လိုက် သိရသော လက္ခဏာများ ဖြစ်၏။ အဆင့်ကို ကျော်ပြီး သိ၍ မရ။ ဤသဘောကို လက္ခဏဟာရနည်းဖြင့် ကြည့်မှ ပို၍ရှင်း၏။ ပထမဆင့် လက္ခဏာအရ ကြည့်လျှင် မည်သည့် ပရမတ္ထတရားဖြစ်စေ မိမိ၏ သီးခြားလက္ခဏာကို ဆောင်ရသည်ချည်း ဖြစ်၏။ ထို့ကြောင့် သီးခြားလက္ခဏာကို ဆောင်သော ပရမတ္ထ တရားစုများတွင် လက္ခဏာတူ တရားစုများကို အုပ်စုအနေဖြင့် တစ်အုပ်စု ဖွဲ့နိုင်၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ စသည်အားဖြင့် ကွဲပြားစေကာမူ လက္ခဏာအားဖြင့် မကွဲပြားဘဲ တူညီနေသောကြောင့် နေတ္တိကျမ်းလာ လက္ခဏဟာရ နည်းအရ အုပ်စုဖွဲ့နိုင်ခြင်း ဖြစ်၏။ ဒုတိယအဆင့် လက္ခဏာအရကြည့်လျှင် ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ ပရမတ္ထတရား အားလုံးသည် သင်္ခတဖြစ်ပါက အားလုံး လက္ခဏာတူချည်း ဖြစ်ကြ၏။ ယင်းလက္ခဏာကား အနိစ္စ, ဒုက္ခ, အနတ္တတို့ ဖြစ်ကြ၏။ တတိယအဆင့် လက္ခဏာအရ ပရမတ္ထတရား အားလုံးသည် အနတ္တသဘောအရ အုပ်စုတစ်မျိုးတည်း အနေဖြင့်သာ ရပ်တည်နိုင်လေ၏။ အကျဉ်းချုပ်၍ ဆိုရလျှင် ဝိပဿနာရှုရာ၌ ပထမသဘာဝလက္ခဏာအရ ဒွါရ ၆ ပါး၌ ထင်လာသော အာရုံများကို ရုပ်နာမ် ကွဲအောင် ရှုရ၏။ အကြောင်းအကျိုး ကွဲအောင် ရှုရ၏။ ထို့နောက် သာမညလက္ခဏာအရ ဒွါရ ၆ ပါး၌ ထင်လာသော အာရုံများကို ဖြစ်ပျက် မြင်အောင် ရှုရ၏။ ထို့နောက် သန္တိလက္ခဏာအရ ဒွါရ ၆ ပါး၌ ထင်လာသော အာရုံများကို ဖြစ်ပျက်

ဆုံးအောင် ရှုရ၏။ ဖြစ်ပျက်မြင်ခြင်းဟူသည် အနိစ္စ, ဒုက္ခ, အနတ္တကို မြင်ခြင်း ဖြစ်၏။ ယင်းအဆင့်၌ ရုပ်နာမ်ကွဲဖို့ မလို၊ ကြောင်းကျိုးကွဲဖို့ မလို၊ ဖြစ်ပျက်မြင်ဖို့သာ လို၏။ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ အားလုံး အတူတူ ဖြစ်ပျက်ချည်းသာတည်း။ ထို့နောက် ဖြစ်ပျက်ဆုံးခြင်း ဟူသည်မှာ နိဗ္ဗာန်ကို မြင်ခြင်းဖြစ်၏။ ဤအဆင့်တွင် သင်္ခါရတရား အားလုံး ချုပ်၏။ သဘာဝ လက္ခဏာကိုလည်း လွန်၏။ သာမည လက္ခဏာကိုလည်း လွန်၏။ သန္တိ လက္ခဏာသာ ကျန်၏။ ဤသည်မှာ ပရမတ္ထ နယ်ပယ်၌ ပရမတ္ထနည်းအရ လက္ခဏာဟာရကို အသုံးပြု၍ စာဖတ်ရာတွင် လိုရင်းကို ကောက်ယူခြင်း ဖြစ်၏။

ပညတ်နယ်၌ ပညတ်နည်းအရ လက္ခဏာဟာရကို အသုံးပြု၍ စာဖတ်လျှင် ပထမ မိသားစု အကျိုးစီးပွားကို မြင်၏။ လူသည် ဓမ္မတာအားဖြင့် မိမိ၏ မိသားစု အကျိုးစီးပွားကို ဦးစားပေး၍ ကြည့်တတ်၏။ ဤအဆင့်မှာ သဘာဝ လက္ခဏာ အဆင့် ဖြစ်၏။ ထို့နောက် မိမိ၏ နိုင်ငံနှင့် မိမိ၏ နိုင်ငံသား အားလုံးတို့၏ အကျိုးစီးပွားကို မြင်၏။ ဤသည်မှာ သာမညလက္ခဏာအဆင့် ဖြစ်၏။ ထို့နောက် လူသားမှန်သမျှ၏ အကျိုးစီးပွားကို မြင်၏။ ဤအဆင့်မှာ သန္တိ လက္ခဏာ အဆင့်ဖြစ်၏။ သန္တိလက္ခဏာ အဆင့်တွင် လောကတစ်ခုလုံး၏ ငြိမ်းချမ်းမှုသည် ပဓာနကျလေ၏။ နေတ္တိကျမ်းလာ လက္ခဏာဟာရနည်းအရ စာဖတ်လျှင် ဤအမြင်မျိုးကို မလွဲမသွေ မြင်လေ၏။ ဤသို့ မြင်ခြင်းသည် နှလုံးသွင်းနှင့် ပဋိဘာန်တို့အတွက် သိက္ခာသုံးပါးကို အခိုင်အမာ တည်ဆောက်ပေးပြီး ဖြစ်သောကြောင့် ဖြစ်၏။ ဤအမြင်မျိုးဖြင့် မိသားစုဝါဒ လွန်ကဲမှုကိုလည်း လွန်မြောက်နိုင်၏။ ကမ္ဘာ့လူသားဝါဒသို့ ဦးတည်ပြီး ကျန်အစွန်းရောက် ဝါဒနှစ်မျိုးကို ပယ်ဖျက်နိုင်၏။ သို့ပယ်ဖျက်နိုင်သော်လည်း တစ်သားတည်း၊ တစ်ထပ်တည်း ပြုသော ပယ်ဖျက်ခြင်းမျိုးတော့ မဟုတ်။ အဆင့်အလိုက် အလေးအနက်ပြုသော ပယ်ဖျက်ခြင်းမျိုးသာ ဖြစ်၏။

သက်မဲ့ ဥပမာအားဖြင့် ဆိုရလျှင် ယာဉ်တစ်စီး၌ အစိတ်အပိုင်းများ အမျိုးမျိုး ပါဝင်၏။ သို့ပါဝင်သဖြင့် အစိတ်အပိုင်း အမျိုးမျိုးကို တစ်မျိုးတည်း ဖြစ်အောင် လုပ်၍ မရ။ အကယ်၍ လုပ်လျှင်လည်း လိုအပ်သောအကျိုး မရသည့်အပြင် စက်ပျက်ရုံသာ ရှိမည် ဖြစ်၏။ ထို့ကြောင့် လက္ခဏာဟာရနည်းအရ အကျိုးတူ လက္ခဏာအရ ပါဝင်သော အစိတ်အပိုင်း အားလုံးကို သူ့ကဏ္ဍနှင့်သူ လေးလေးစားစား တန်ဖိုးထား၍ အသုံးပြုခြင်းသာ ဖြစ်၏။ ဤနည်းကို လက္ခဏာဟာရဖြင့် ကြည့်သောနည်း ဟူ၍ ဆိုရ၏။

နောက်ထပ် သက်ရှိဥပမာတစ်ခုကို ဆိုရလျှင် မြတ်စွာဘုရားကို ဆိုရမည်

ဖြစ်၏။ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော် မာယာဒေဝီတို့၏ သားတော်ဖြစ်၏။ ဤအဆင့်မှာ သဘာဝလက္ခဏာအဆင့် ဖြစ်၏။ ထို့နောက် တောထွက်၍ ၆ နှစ်တိုင်တိုင် သစ္စာတရားကို ရှာ၏။ ဤ အဆင့်မှာ သာမည လက္ခဏာအဆင့် ဖြစ်၏။ ထို့နောက် ဗောဓိပင်နှင့် ရွှေပလ္လင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဤအဆင့်မှာ သန္တိလက္ခဏာအဆင့် ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် သဘာဝလက္ခဏာအဆင့်အရ သာကီဝင်မင်းမျိုးဟူသော ဘောင်ဖြင့် ကန့်သတ်ခြင်း ခံရ၏။ ဒုက္ကရစရိယာကျင့်စဉ် ဘဝသည် သာမည လက္ခဏာအဆင့်အရ သစ္စာတရားကို ရှာကြသော သမဏ ဗြာဟ္မဏတို့ဖြင့် ဘောင် ခတ်ခြင်း ခံရ၏။ မြတ်စွာဘုရားဘဝသည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ ဖော်ပြပါ ဘောင်နှစ်ရပ်လုံးမှ လွတ်၏။ မြတ်စွာဘုရားသည် သာကီဝင် မင်းသား ဖြစ်သော်လည်း သာကီဝင်မင်းသား မဟုတ်။ သစ္စာတရားကိုရှာသူ သမဏ ဖြစ်သော်လည်း သမဏ မဟုတ်။ မြတ်စွာဘုရားသည် လူနတ်တို့၏ ဆရာဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားကို ကာလဖြင့် ဘောင်ခတ်၍လည်း မရ။ ဒေသဖြင့် ဘောင်ခတ်၍လည်း မရ။ မြန်မာဗုဒ္ဓဘာသာက ကြည့်လျှင် မြတ်စွာ ဘုရားသည် မြန်မာဖြစ်၏။ ကုလားဗုဒ္ဓဘာသာက ကြည့်လျှင် မြတ်စွာဘုရား သည် ကုလားဖြစ်၏။ အင်္ဂလိပ် ဗုဒ္ဓဘာသာက ကြည့်လျှင် မြတ်စွာဘုရားသည် အင်္ဂလိပ် ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းမှာ မြတ်စွာဘုရားသည် ကာလနှင့်ဒေသ ဘောင်နှစ်မျိုးလုံးမှ လွတ်သဖြင့်လည်း ကမ္ဘာပေါ်ရှိ လူမျိုးအားလုံးနှင့် နတ်ဗြဟ္မာ များကပါ မြတ်စွာဘုရားကို သူတို့အမျိုးဟု မှတ်ထင်ကြခြင်း ဖြစ်၏။ လက္ခဏ ဟာရဖြင့် ကြည့်လျှင် ဤသို့ မြင်ရ၏။

အမှန်အားဖြင့် နေတ္တိကျမ်းလာ လက္ခဏဟာရသည် စာဖတ်သူများအား မိမိ ဖတ်သော စာပေ၏ ဆိုလိုရင်းမှန်ကို နားလည်အောင် များစွာ ထောက်ပံ့၏။ လက္ခဏဟာရနည်းအရ ကြည့်လျှင် ပညတ်ဖြစ်စေ၊ ပရမတ်ဖြစ်စေ မိမိတို့အနေဖြင့် တစ်သီးတခြား ရှိသည် မဟုတ်။ မိမိတို့ နောက်ကွယ်၌ ဆိုင်ရာဆိုင်ရာ လက္ခဏာ များဖြင့် ဖွဲ့စည်းခြင်း ခံထားရသည်ချည်း ဖြစ်၏။ ဤသဘောကို ကောင်းစွာ မြင်နိုင်၏။

ပရမတ္ထနယ်ပယ်၌ သဘာဝလက္ခဏာကို သာမညလက္ခဏာက လွှမ်းမိုး ထား၏။ သာမညလက္ခဏာကို သန္တိလက္ခဏာက လွှမ်းမိုးထား၏။ ထို့ကြောင့် နောက်ဆုံး၌ သန္တိလက္ခဏာသည် အချုပ်အခြာ ဖြစ်၏။ ပညတ်နယ်ပယ်၌လည်း မိသားစုဝါဒကို အမျိုးသားရေးရာဝါဒက လွှမ်းမိုးထား၏။ အမျိုးသားရေးရာဝါဒကို ကမ္ဘာ့လူသားဝါဒ သို့မဟုတ် ဗြဟ္မစိုရ်ဝါဒက လွှမ်းမိုးထား၏။ ဤသည်မှာ

လက္ခဏာဟာရဖြင့် စာပေကို ဖတ်ပါက မိမိ ဖတ်မိသော စာပေ၏ ဆိုလိုရင်းကို ကောက်ယူရရှိခြင်း ဖြစ်၏။

သမိုင်းကို ကြည့်လျှင်လည်း မိသားစုဝါဒ လွှမ်းကဲသော သက်ဦးဆံပိုင်စနစ်သည် ကျဆုံးခဲ့ရ၏။ ထို့နောက် အမျိုးသားရေးဝါဒ လွှမ်းကဲသော နာဇီစနစ်၊ ဖက်ဆစ်စနစ်တို့သည် ကျဆုံးခဲ့ရပြန်၏။ အမျိုးသားရေးဝါဒ နောက်ကွယ်၌ ဗြဟ္မစိုရ်ဝါဒ ရှိသည် မှန်၏။ သို့ရာတွင် ဗြဟ္မစိုရ်ဝါဒသို့ တိုက်ရိုက်သွား၍ မရ။ ပရမတ္ထနယ်ပယ်တွင် သဘာဝလက္ခဏာကို ကျော်၍ သာမညလက္ခဏာကို သွား၍ မရ။ သာမညလက္ခဏာကို ကျော်၍ သန္တိလက္ခဏာကို သွား၍ မရ။ ဤနည်းအတူပင် ပညတ္တိနယ်ပယ်၌လည်း မိသားစုဝါဒကို ကျော်၍ အမျိုးသားရေးဝါဒကို သွား၍ မရ။ အမျိုးသားရေးဝါဒကို ကျော်၍ ဗြဟ္မစိုရ်ဝါဒကို သွား၍ မရ။ လက္ခဏာဟာရနည်းတွင် ဖြတ်လမ်းဟူ၍ မရှိ။ အားလုံး အစဉ်အတိုင်းသာ သွားရ၏။ သို့ သွားရသော်လည်း သဘာဝလက္ခဏာနှင့် သာမညလက္ခဏာသည် အစဉ်အတိုင်း သန္တိလက္ခဏာသို့ ဦးတည်ချက်ရှိမှသာ အောင်မြင်သကဲ့သို့ ထို့အတူ မိသားစုဝါဒနှင့် အမျိုးသားရေး ဝါဒသည်လည်း အစဉ်အတိုင်း ဗြဟ္မစိုရ်ဝါဒသို့ ဦးတည်ချက် ရှိမှသာ အောင်မြင်နိုင်ပါ၏။

# စာဖတ်သူများ ၁၄

*ကိုယ်တိုင် လေ့လာသူများက သက်သေခံလိမ့်မည်ဟု ယုံကြည်အပ်ပါ၏။*

လောကတွင် အမှန်တရားဟူသည် နှစ်ပါးရှိ၏။ တစ်ခုသော အမှန်တရားကို "နိရဝဓိသစ္စာ"ဟု ခေါ်၍၊ အခြားသော အမှန်တရားကို "သာဝဓိသစ္စာ"ဟု ခေါ်၏။ "နိရဝဓိသစ္စာ"ဟူသည်မှာ "ဘောင်မဲ့"သစ္စာ ဖြစ်၏။ ကာလဖြင့် ဘောင်ခတ်၍လည်း မရ။ ဒေသဖြင့် ဘောင်ခတ်၍လည်း မရ။ ထာဝစဉ် မှန်နေသော သစ္စာတရား ဖြစ်၏။ ယင်းသစ္စာကို ပါဠိဝေါဟာရအားဖြင့် ဆိုရလျှင် "အရိယသစ္စာ"ဟူ၍ ဆိုနိုင်၏။ အရိယသစ္စာတို့မည်သည် ဂင်္ဂါဝါဠုသဲစုမကကုန်သော အတိတ်ကမ္ဘာများ၌လည်း မှန်ခဲ့၏။ နောင် ဂင်္ဂါဝါဠု သဲစုမကကုန်သော ကမ္ဘာများ၌လည်း မှန်နေမည် ဖြစ်၏။

နောက် သစ္စာတစ်မျိုးကား "သာဝဓိသစ္စာ"ဖြစ်၏။ "သာဝဓိသစ္စာ" ဟူသည် "ဘောင်ရှိ"သစ္စာ ဖြစ်၏။ ကာလဖြင့် ဘောင်ခတ်၍လည်း ရ၏။ ဒေသဖြင့် ဘောင်ခတ်၍လည်း ရ၏။ ကာလဖြင့် ဘောင်ခတ်၍ ရသောကြောင့် ကာလအားလုံး မမှန်။ ကာလအလိုက်သာ မှန်၏။ ဒေသဖြင့် ဘောင်ခတ်၍ ရသောကြောင့် ဒေသအားလုံး မမှန်။ ဒေသအလိုက်သာ မှန်၏။ ယင်းသစ္စာကို ပါဠိဝေါဟာရဖြင့် ဆိုရလျှင် "သမ္မုတိ သစ္စာ"ဟူ၍လည်း ဆိုနိုင်၏။

အရိယသစ္စာအရ ဤလောက၌ ပုဂ္ဂိုလ် မရှိ။ သတ္တဝါ မရှိဟု ဆိုသော်လည်း သမ္မုတိသစ္စာအရ ပုဂ္ဂိုလ် ရှိရပြန်၏။ သတ္တဝါ ရှိရပြန်၏။ အမိ ရှိရပြန်၏။ အဖ ရှိရပြန်၏။ ပုဂ္ဂိုလ် သတ္တဝါကို အရှိထားပြီးနောက် ပုဂ္ဂိုလ်ချင်း သတ္တဝါချင်း ဆက်ဆံရာ၌ ဘာသာစကားများဖြင့် ဆက်ဆံရပြန်၏။ ထို့ကြောင့် ဘာသာစကား အလိုက် အမှန်တရားသည် လိုလာပြန်၏။ သို့မှသာ "သူပြောတာက မှန်တယ်။ ငါ ပြောတာက မှားတယ်"ဟူ၍ အမှားနှင့် အမှန်ကို ဆုံးဖြတ်နိုင်မည် ဖြစ်၏။ အမှားနှင့် အမှန်ကို ဆုံးဖြတ်နိုင်ပါမှလည်း လူမှုဆက်ဆံရေးနယ်ပယ်၌ အချင်းချင်း ဆက်ဆံ၍ရမည် ဖြစ်၏။ အချင်းချင်း ဆက်ဆံ၍ ရပါမှလည်း လောကယန္တရား သည် လည်ပတ်နိုင်မည် ဖြစ်၏။ ဘာသာစကားအရ အမှားနှင့်အမှန် ရှိခြင်းကို

"ပါရိဘာသိက သစ္စာ"ဟူ၍ ဆိုရ၏။ ပါရိဘာသိက ဟူသည်မှာ "ပရိဘာသာ"မှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်သဖြင့် ပြောဆိုရာ၌ "စံ"အဖြစ် သတ်မှတ်ထားသော ဘာသာစကားဆိုင်ရာ သစ္စာတရား ဖြစ်လာရခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် ၄၅ ဝါတို့ ကာလပတ်လုံး တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့၏။ မြတ်စွာဘုရား၏ ဒေသနာတော်များ အားလုံးသည် နိရဝဓိသစ္စာ (ဝါ) အရိယသစ္စာသို့ ဦးတည်သည်ချည်း ဖြစ်၏။ သို့ရာတွင် တရားနာသူများကလည်း ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "သမ္မုတိသစ္စာ"ကို သုံးရပြန်၏။ ထို့အပြင် တရားဟောရာ၌လည်း ဘာသာစကားဖြင့်ပင် ဟောကြားခြင်း ဖြစ်လေရာ "ပါရိဘာသိကသစ္စာ"ကို သုံးရပြန်၏။ ထို့ကြောင့် အရိယသစ္စာကို သိရေးအတွက် သမ္မုတိသစ္စာနှင့် ပါရိဘာသိက သစ္စာတို့သည် မလွဲမသွေ အသုံးပြုရသော သစ္စာများ ဖြစ်ကြ၏။ အဋ္ဌကထာ ဆရာတို့ခေတ် ရောက်သောအခါ၌လည်း ပါဠိတော်ကို ဖွင့်ဆိုရာတွင် အရိယသစ္စာကို သိရေးအတွက် ထိုခေတ်၊ ထိုဒေသရှိ ထိုထိုပုဂ္ဂိုလ်တို့နှင့် လိုက်လျောညီထွေ ဖြစ်ပါစေခြင်း အကျိုးငှာ ကာလအလိုက်၊ ဒေသအလိုက်သာ မှန်သော သာဝဓိသစ္စာ(ဝါ) သမ္မုတိသစ္စာနှင့် ပါရိဘာသိက သစ္စာများကို အဋ္ဌကထာ ဆရာများသည် သုံးခဲ့ရပြန်၏။ ထို့ကြောင့် တစ်ခါတစ်ရံ အဋ္ဌကထာ အဖွင့်များ တစ်ကျမ်းနှင့်တစ်ကျမ်း မတူညီကြခြင်း ဖြစ်၏။ သို့ရာတွင် "တူ"သည် ဖြစ်စေ၊ "မတူ"သည် ဖြစ်စေ အဋ္ဌကထာ၏ အဖွင့်အားလုံးသည် နိရဝဓိသစ္စာ (ဝါ) အရိယသစ္စာသို့ ဦးတည်သည်ချည်း ဖြစ်၏။ ဋီကာဆရာ စသည်တို့သည်လည်း ထိုနည်းအတူပင် အဆုံးအပိုင်းအခြားမရှိ "မှန်"သော အရိယသစ္စာမှ မိမိတို့ "တစ်နိုင်"ကို ယူ၍ မိမိတို့၏ အဖွင့်ကျမ်းများ၌ အဆုံးအပိုင်းအခြားရှိ "မှန်"သော သမ္မုတိသစ္စာနှင့် ပါရိဘာသိက သစ္စာများအဖြစ် သုံးကြသည်ပင် ဖြစ်၏။ သို့ သုံးသော်လည်း မူရင်း အခြေခံကား အရိယသစ္စာသာတည်း။

အမှန်အားဖြင့် သစ္စာ နှစ်မျိုးတွင် "နိရဝဓိသစ္စာ" သည်သာ ပဓာနဖြစ်၏။ "သာဝဓိသစ္စာ"သည် ပဓာန မဟုတ်။ "နိရဝဓိသစ္စာ"ကို သိမှ တကယ်တမ်း စစ်မှန်သော ချမ်းသာကို ရ၏။ "သာဝဓိသစ္စာ"ကို သိရုံမျှနှင့်တော့ တကယ်တမ်း စစ်မှန်သော ချမ်းသာကို မရဘဲ အလွန်ဆုံးရလျှင် ချမ်းသာဟု ထင်ရသော အထင်ချမ်းသာကိုသာ ရနိုင်ပါ၏။ သို့ရာတွင် "သာဝဓိသစ္စာ"၏ ပံ့ပိုးမှုမပါဘဲ "နိရဝဓိသစ္စာ"ကို မသိနိုင်သောကြောင့် "သာဝဓိသစ္စာ"သည်လည်း အရေးကြီးပါ၏။ ထို့ကြောင့် "သာဝဓိသစ္စာ" ကို မှန်မှန်ကန်ကန် သုံးတတ်ဖို့ လို၏။

"သာဝဓိသစ္စာ"ကို မှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးအတွက် ပိဋကတ်

စာပေတွင် နေတ္တိကျမ်းက တာဝန်ယူ၏။ ရှင်းရှင်းဆိုရလျှင် နေတ္တိကျမ်းဟူသည် စာဖတ်နည်းကို သင်ပေးသောကျမ်း ဖြစ်၏။ မြတ်စွာဘုရား ၄၅ ဝါတို့ ကာလပတ်လုံး ဟောကြားတော်မူထားသော ဒေသနာတော်များကို ဖတ်ရှုရာ၌ "သူတစ်မျိုး ငါတစ်ဖုံ"ပုဂ္ဂလာဓိဋ္ဌာန်အရ နားလည်ခြင်းမျိုး မဟုတ်ဘဲ ဓမ္မာဓိဋ္ဌာန်အရ မှန်မှန်ကန်ကန် နားလည်စိမ့်သောငှာ နေတ္တိကျမ်းက စာဖတ်နည်းကို သင်ပေးခြင်း ဖြစ်၏။ အမှန်အားဖြင့် ပိဋကတ် စာပေများကိုသာမက အခြား မည်သည့်စာပေကို ဖတ်ဖတ် နေတ္တိကျမ်း၏ စာဖတ်နည်းသည် အသုံးဝင်သည်သာ ဖြစ်၏။ နေတ္တိကျမ်းတွင် စာဖတ်နည်းပေါင်း ၁၆ နည်း ရှိသည့်အနက် ယခု ဖော်ပြမည့်နည်းမှာ "စတုဗျူဟဟာရ"နည်း ဖြစ်၏။ ဤနည်းသည် စာဖတ်ရာ၌ များစွာ အသုံးဝင်သော နည်း ဖြစ်၏။

စတုဗျူဟဟာရနည်းအရ စာကိုဖတ်လျှင် ခြုံငုံ၍ သိထားရမည့် အချက်မှာ လေးမျိုး ရှိ၏။ ပထမအမျိုးမှာ "ဝိဂ္ဂဟ"ဖြစ်၏။"ဝိဂ္ဂဟ"ကို ဝိဂြိုဟ်ဟူ၍ အစဉ်အလာ အရ မြန်မာပြန်ကြ၏။ ယနေ့ခေတ်သုံး ဝေါဟာရဖြင့် ကျယ်ကျယ် ပြန့်ပြန့် မြန်မာပြန်ရလျှင် "အကြောင်းအရာ"ဖြစ်၏။ အကြောင်းအရာ ဆိုကတည်းက သဒ္ဒါလည်း ပါ၏။ အနက်လည်း ပါ၏။ ထို့ကြောင့် "ဝိဂ္ဂဟ" ဟူသည် သဒ္ဒါနှင့် အနက်ပင် ဖြစ်၏။ ထို့ကြောင့် စာပေတွင် သဒ္ဒါနှင့် အနက်သည် ပထမ သိရမည့်အချက် ဖြစ်၏။

ထိုထိုကျမ်းများ အဆိုအရ သဒ္ဒါသည်လည်း သုံးမျိုး ရှိ၏။ အနက်သည်လည်း သုံးမျိုးပင် ရှိ၏။ သဒ္ဒါတစ်မျိုးစီလျှင် အနက်တစ်မျိုးစီကို ဟော၏။ ထိုတွင် အနက်ကို ရှေးဦးစွာ ဆိုရလျှင် ဝိဂ္ဂဟ၏ အနက်သည်-

(၁) သဒ္ဒတ္ထ၊ (၂) အဓိပ္ပာယတ္ထ၊ (၃) ဘာဝတ္ထ ဟူ၍ သုံးဆင့်ရှိ၏။

ထိုတွင် သဒ္ဒတ္ထ ဟူသည် စာပေပါ တိုက်ရိုက်အနက် ဖြစ်၏။ ယင်းကို သုတမယဉာဏ်ဖြင့် သိ၍ရ၏။ ဝိသုဒ္ဓိအစဉ်ဖြင့် ဆိုရသော် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်မျိုး အကျုံးဝင်၏။ ထို့ကြောင့် သဒ္ဒတ္ထ ဟူသည် "ပညတ်"သဘော ရှိသည်ဟု ဆိုရ၏။

အဓိပ္ပာယတ္ထ ဟူသည်ကား ကြောင်းကျိုးဆင်ခြင်၍ သိရသော အနက် ဖြစ်၏။ ယင်းကို စိန္တာမယဉာဏ်ဖြင့် သိ၍ရ၏။ ဝိသုဒ္ဓိအစဉ်ဖြင့် ဆိုရသော် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ အကျုံးဝင်၏။ ထို့ကြောင့် အဓိပ္ပာယတ္ထ ဟူသည် ပရမတ်သဘော ရှိသည်ဟု ဆိုရ၏။

ဘာဝတ္ထ ဟူသည် ခံစား၍ သိရသော အနက်ဖြစ်၏။ ယင်းကို ဘာဝနာမယ ဉာဏ်ဖြင့် သိ၍ရ၏။ ဝိသုဒ္ဓိအစဉ်ဖြင့် ဆိုရသော် ကျန်ဝိသုဒ္ဓိ သုံးပါး၌

အကျုံးဝင်၏။ ထို့ကြောင့် ဘာဝတ္ထ ဟူသည် ကိုယ်တိုင်ကိုယ်ကျ သိရသော "ပစ္စတ္တံ ဝေဒိတဗ္ဗ" သဘောရှိသော ပရမတ် အနက်ပင် ဖြစ်၏။

သဒ္ဒါ သုံးမျိုးမှာမူ ဖော်ပြပါ အနက် သုံးမျိုးလိုက်၍ ဆိုခြင်းမျှသာ ဖြစ်သဖြင့် သိစရာ အထူး သိပ်မရှိလှပါချေ။ ဤအဆိုများမှာ ရသစာပေ ကျမ်းများနှင့် အခြားသော စာပေကျမ်းများ၏ အဆိုများ ဖြစ်ကြ၏။

အနက် သုံးမျိုးကို ကြည့်သောအခါ သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထသည် စာသိ ပေသိ ကျမ်းဂန်သိ သဘောကို ပဓာနအားဖြင့် ဆောင်ကြောင်း တွေ့ရ၏။ ဘာဝတ္ထမှာမူ ဘဝင်ခိုက်အောင် ခံစားမှုနှင့် ဆိုင်သဖြင့် ခန္ဓာသိ (ဝါ) တရားသိ သဘောကို ပဓာနအားဖြင့် ဆောင်ကြောင်း တွေ့ရ၏။ ဤသည်မှာ "ဝိဂ္ဂဟ"၏ ဆိုလိုရင်း အကျဉ်း ဖြစ်၏။

နောက်တစ်ချက်မှာ "အဓိပ္ပာယ"ဖြစ်၏။ "အဓိပ္ပာယ"ကို အဓိပ္ပာယ် ဟူ၍လည်း ဆိုကြ၏။ စာရေးသူ၏ ဆိုလိုရင်း ဟူ၍လည်း ဆိုကြ၏။ ဤနေရာ၌မူ ကျယ်ကျယ်ပြန့်ပြန့် မြန်မာပြန်သောအားဖြင့် စာရေးသူ၏ စေတနာကို ဆိုလိုပါ၏။ စာတစ်ပုဒ်ကို ဖတ်သောအခါ စာရေးသူ၏ စေတနာကို မြင်အောင် ကြည့်ရ၏။ အမှန်အားဖြင့် စာရေးသူသည် မိမိ၏ စာဖတ်ပရိသတ်ကို တစ်စုံတစ်ခုသော နေရာသို့ တွန်းပို့နေ၏။ ကောင်းသောဘက်သို့လား၊ မကောင်းသောဘက်သို့လား၊ ဓမ္မဘက်သို့လား၊ အဓမ္မဘက်သို့လား။ လောကီဘက်သို့လား၊ လောကုတ္တရာဘက်သို့လား။ တစ်ဖက်ဖက်သို့ တွန်းပို့နေသည်ကတော့ အမှန်ဖြစ်၏။ အဘိဓမ္မာ ဒေသနာတော် အရဆိုလျှင် ပုထုဇဉ်နှင့် သေက္ခ ဟူသမျှတို့၏ သန္တာန်၌ ကုသိုလ် ဖြစ်လျှင်ဖြစ်၊ ကုသိုလ် မဖြစ်လျှင် အကုသိုလ် ဖြစ်ရ၏။ ယင်းနှစ်မျိုးမှ အလွတ် "ကြား"တရားတစ်မျိုးသည် ဝီထိစိတ်တွင် "ဇော"အနေဖြင့် ဖြစ်ကောင်းသည်ဟူ၍ မရှိ။ ကာယကံ, ဝစီကံ, မနောကံ တို့သည် "ဇော"စေတနာ၏ အမည်များသာ ဖြစ်ကြ၏။ ထို့ကြောင့် ပုထုဇဉ်များ အနေဖြင့် အသက်ရှင်နေသမျှ ကာလပတ်လုံး ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးတို့အနက် တစ်မျိုးမျိုးသည် ခဏတိုင်း ခဏတိုင်း မလွဲမသွေ ဖြစ်နေရ၏။ သေက္ခ ပုဂ္ဂိုလ်တို့လည်း ထို့အတူပင် ဖြစ်၏။

ထို့ကြောင့် အဘိဓမ္မာ ဒေသနာတော်အရဆိုလျှင် စာတစ်ပုဒ်ကို ဖတ်သောအခါ ထိုစာသည် စာဖတ်သူ၏ သန္တာန်၌ ကုသိုလ်ကို ဖြစ်စေသည်လား၊ အကုသိုလ်ကို ဖြစ်စေသည်လား ဤသဘောကို မြင်အောင်ကြည့်ရ၏။ ဤသဘောကို မြင်အောင် ကြည့်ခြင်းသည်ပင် စာရေးသူ၏ စေတနာကို မြင်အောင်ကြည့်ခြင်း မည်၏။ စာရေးသူ၏ စေတနာသည်လည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ဖြစ်ရသည် မဟုတ်။ နောက်ကွယ်က ကြိုးကိုင်သော တရားများက ရှိနေပြန်၏။

ထိုနောက်ကွယ်က ကြိုးကိုင်သော တရားများကိုပါ သိဖို့ လိုလာ၏။ "ဥပါဒါန ပစ္စယာဘဝေါ"အရ နောက်ကွယ်က ကြိုးကိုင်သော တရားများဟူသည် "ဥပါဒါန်" များ ဖြစ်ကြ၏။ ထို့ကြောင့် စာရေးသူ၏ စေတနာကို မြင်ရန် ကြိုးပမ်းသောအခါ စာရေးသူ ကြီးပြင်းရာ ပတ်ဝန်းကျင်ကိုလည်း သိဖို့ လို၏။ ပတ်ဝန်းကျင် ဟူသည် မှာ မြင်စရာ၊ ကြားစရာ၊ နမ်းစရာ၊ လျက်စရာ၊ ထိတွေ့စရာများပင် ဖြစ်၏။

ထို့ကြောင့် ပတ်ဝန်းကျင်ကို "ကာမုပါဒါန်"နှင့် ဆိုင်သည်ဟူ၍ ဆိုရ၏။ ပတ်ဝန်းကျင်သည် ဆိုင်ရာပုဂ္ဂိုလ်၏ သိစိတ်ကို တစ်နည်းတစ်ဖုံအားဖြင့် လွှမ်းမိုး တတ်သောကြောင့် ပတ်ဝန်းကျင်ကို မိမိတို့ လိုသော အသွင်အတိုင်း ရှိစေရန် ကြိုးပမ်းကြခြင်း ဖြစ်၏။ ထို့အပြင် လူတန်းစားအမြင်ကိုလည်း သိဖို့လို၏။ လူတန်းစားအမြင်ကို "ဒိဋ္ဌုပါဒါန်"နှင့် ဆိုင်သည်ဟူ၍ ဆိုရ၏။ ထို့အပြင် ရိုးရာ ယဉ်ကျေးမှုကိုလည်း သိဖို့လို၏။ ဤ၌ ရိုးရာယဉ်ကျေးမှုကို "သီလဗ္ဗတုပါဒါန်"နှင့် ဆိုင်သည်ဟူ၍ ဆိုလိုခြင်း ဖြစ်၏။ ထို့ပြင် ပဋိသန္ဓေဉာဉ်ကိုလည်း သိဖို့လို၏။ ပဋိသန္ဓေဉာဉ်ကို "အတ္တဝါဒုပါဒါန်" နှင့် ဆိုင်သည် ဟူ၍ ဤနေရာ၌ ဆိုလို၏။ ဤဥပါဒါန်များသည် စာရေးသူ၏ စေတနာ (ကမ္မဘဝ) ကို အကောင်အထည် ဖော်ရာ၌ များစွာ ပြဋ္ဌာန်းသဖြင့် စာတစ်ပုဒ်၏ စာရေးသူ၏ စေတနာကို သိရန် ကြိုးပမ်းသောအခါ စာရေးသူ၏ ဆိုင်ရာ ဥပါဒါန်များကိုပါ မလွဲမသွေ သိရန် လိုအပ်လာခြင်း ဖြစ်၏။

ထို့နောက် "အနုသန္ဓိ"ကို သိရန် လိုအပ်လာပြန်၏။ "အနုသန္ဓိ"ကို "အနုသန္ဓေ" ဟူ၍လည်း ဆိုကြ၏။ "စကားစပ်"ဟူ၍လည်း ဆိုကြ၏။ ဤနေရာ၌မူ ကျယ်ကျယ်ပြန့်ပြန့် မြန်မာပြန်သောအားဖြင့် စာရေးသူအနေဖြင့် တွေ့ကြုံ နေရသော သူ့ခေတ် သူ့အခါ၏ လူနေမှု ဂယက်များကို ဆိုခြင်းဖြစ်၏။ အမှန် အားဖြင့် စာရေးသူသည် မိမိ၏ ဆိုင်ရာ ဂယက်ထဲ၌ ချာရစ်ပတ်ရစ် လည်နေသူ ဖြစ်လေရာ ထို "ဂယက်" ကို မည်သို့ တုံ့ပြန်ကြောင်း သိဖို့လို၏။ သူ၏ တုံ့ပြန် ချက်ကို သိပါက စာတစ်ပုဒ်ပါ စာရေးသူ၏ စေတနာကို မြင်နိုင်မည် ဖြစ်၏။

ထိုနောက် "နိဒါန"ကို သိဖို့ လိုပြန်၏။ "နိဒါန"ကို နိဒါန်း ဟူ၍လည်း ကောင်း၊ အကြောင်းအတ္ထုပ္ပတ္တိ ဟူ၍လည်းကောင်း ဆိုကြ၏။ ဤနေရာ၌မူ ကျယ်ကျယ်ပြန့်ပြန့် မြန်မာပြန်သောအားဖြင့် စာရေးသူ၏ ချဉ်းကပ်ရာ မျက်နှာစာ ကို ဆိုခြင်း ဖြစ်သည်။ "မည်သည့်မျက်နှာစာကနေ၍ ဤစာကို ရေးသနည်း" ဤသည်ကိုလည်း သိဖို့ လိုပြန်၏။

မျက်နှာစာ ဟူသည် နှလုံးသွင်းနှင့် မြင်ထောင့်ဖြစ်၏။ အာရုံတစ်ခုတည်း ပင် ဖြစ်စေကာမူ ကြည့်သူ၏ နှလုံးသွင်းနှင့် မြင်ထောင့်ကိုလိုက်၍ တစ်ခုတည်းက

အမျိုးမျိုး ဖြစ်သွားရ၏။ ထို့ကြောင့် "တစ်ခုတည်းကိုပင် ပညာရှိတို့က အမျိုးမျိုး ဆိုကြ၏"ဟူ၍ ဆိုရိုးပြုကြခြင်း ဖြစ်ပါ၏။

လူတစ်ယောက်တည်းကိုပင် ပကတိမျက်စိဖြင့် ကြည့်သောအခါ "လူ" ဟူ၍ မြင်ရ၏။ ထိုလူကိုပင် သမာဓိဉာဏ်မျက်စိဖြင့် ကြည့်သောအခါ "ရုပ်နာမ် ခန္ဓာ"ဟူ၍ မြင်ပြန်၏။ "လူ"ဟူ၍ မမြင်တော့။ တစ်ဖန် ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ပြန်သောအခါ "ဖြစ်ပျက်"ကိုသာ မြင်တော့၏။ "ရုပ်နာမ်ခန္ဓာ"ဟူ၍ပင် မမြင်တော့။ တစ်ဖန် မဂ်ဉာဏ်မျက်စိဖြင့် ကြည့်ရာတွင်မူ နိဗ္ဗာန်ကိုသာ မြင်၏။ ဖြစ်ပျက်ကိုပင် မမြင်။ ဤသည်မှာ ကြည့်သူ၏ နှလုံးသွင်းနှင့် မြင်ထောင့်ကို လိုက်၍ အာရုံတစ်ခုတည်းက အမျိုးမျိုး ဖြစ်သွားခြင်း ဖြစ်၏။ ထိုသို့ အမျိုးမျိုး ဖြစ်သွားရာ၌ သူ့နယ်နှင့်သူ "သစ္စာ"ချည်း ဖြစ်သော်လည်း သူ့သစ္စာ တစ်ခုနှင့် တစ်ခု အဆင့်ချင်း ခြားနားမှုတော့ ရှိပါ၏။ ထို့ကြောင့် စာတစ်ပုဒ်ကို ဖတ်ရာတွင် စာရေးသူ၏ နှလုံးသွင်းနှင့် မြင်ထောင့်ကို နားလည်အောင် အားထုတ်ဖို့ လိုအပ် ပါ၏။ စာရေးသူ၏ နှလုံးသွင်းနှင့် မြင်ထောင့်ကို နားလည်အောင် အားထုတ်နိုင်ပါမှ မိမိ ဖတ်သော စာပေ၏ ဆိုလိုရင်းအမှန်ကို သိနိုင်မည် ဖြစ်၏။

နေတ္တိကျမ်းအရ ဝိဂ္ဂဟ, အဓိပ္ပာယ, အနုသန္ဓိ, နိဒါန–ဤလေးမျိုးကို "စတု ဗျူဟ"ဟူ၍ ဆို၏။ ဤလေးမျိုးသည် စာပေတိုင်း၌ ပါဝင်၏။ စာပေတိုင်း၌ ပါဝင်သော်လည်း တစ်ခုချင်း (သံယောဂသမ္ဗန္ဓ) အနေဖြင့် သီးခြားစီ သီးခြားစီ ပါဝင်ခြင်းမျိုး မဟုတ်။ တစ်သားတည်း (သမဝါယသမ္ဗန္ဓ)အနေဖြင့် ပါဝင်ခြင်း မျိုးသာ ဖြစ်၏။ တစ်သားတည်းအနေဖြင့် ပါဝင်ခြင်းမျိုးကို အလင်္ကာရ ကျမ်းဆရာ များက–

ဘိန္နာနမပိ ဧကတ္တပဋိဘာနပယောဇကော–ဟူ၍ လည်းကောင်း၊

ဝိစာရဂဟနဝစနကော–ဟူ၍ လည်းကောင်း ဆိုကြ၏။

အလင်္ကာရ ဆရာများ၏ အဆိုအရ စာပေတွင် "ဝိဂ္ဂဟ, အဓိပ္ပာယ, အနုသန္ဓိ, နိဒါန"ဟူ၍ "ဗျူဟ" လေးမျိုး ပါဝင်သော်လည်း၊ "သိ"သော အခါတွင်မူ တစ်မျိုးတည်း အနေဖြင့်သာ "သိ"ရ၏။ တစ်မျိုးတည်း အနေဖြင့်သာ "သိ" ရသော်လည်း ယင်း "အသိ"တွင် အတွေးအမြင် အမျိုးမျိုးတို့၏ သဘောသည် ပါဝင်၏။ ဥပမာအားဖြင့် ကြက်သားဟင်း ချက်ရာတွင် ငရုတ်, ဆီ, ကြက်သွန်, ဆား, ကြက်သား စသည်ဖြင့် အမျိုးမျိုး ပါဝင်သော်လည်း ကြက်သားဟင်း ဖြစ်သွားသောအခါ ငရုတ်, ဆီ, ကြက်သွန်, ဆား, ကြက်သား စသည်တို့၏ အရသာများသည် သီးခြားစီ သီးခြားစီ အနေဖြင့် မပေါ်လွင်ရဘဲ ကြက်သားဟင်း၏ အရသာတစ်မျိုးတည်း အနေ၌သာ ဖွဲ့စည်းပါဝင် သွားခြင်းမျိုး ဖြစ်သည်။ ဤ

သဘောမျိုးကိုသာ နေတွင်ကျမ်းဆရာကလည်း ဆိုလို၏။ အလင်္ကာရ ကျမ်းဆရာများကလည်း ဆိုလို၏။ ထို့ကြောင့် စာဖတ်သူများသည် စာများကို ဖတ်သောအခါ ဤသဘောမျိုးကို မိမိ ဖတ်သော စာပေ၌ တွေ့အောင် ကြည့်တတ်ဖို့ လိုပါ၏။

မြတ်စွာဘုရား၏ ဒေသနာတော်အရ ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်၌ ပါဝင်သော စာပေအားလုံး၌ မြင်အောင်ကြည့်ရမည့် "တစ်ခုတည်း"သော အနက်မှာ တဏှာယောကျ်ား လက်သမားပင် ဖြစ်၏။ တဏှာယောကျ်ား လက်သမားကိုသာ မြင်လျှင် အားလုံးကို မြင်ပြီးဖြစ်ကြောင်း "အနေကဇာတိ သံသာရံ" အစရှိသော ဥဒါန်း ဂါထာ၌ တွေ့ရ၏။ ထို့ကြောင့် တဏှာယောကျ်ား လက်သမားကို မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလ ပတ်လုံး ကြည့်ခဲ့၏။ သို့ရာတွင် မမြင်ခဲ့။ နောက်ဆုံး မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ညဥ့်၏ ပစ္ဆိမယံ ရောက်မှသာ မဂ်ဉာဏ်မျက်စိဖြင့် တဏှာ ယောကျ်ား လက်သမားကို မြင်လေ၏။ အမှန်အားဖြင့် တဏှာယောကျ်ား လက်သမားကို မြတ်စွာဘုရားသည်ပင် ပါရမီအမျိုးမျိုးကို ဖြည့်ကာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ရှာမှ တွေ့ရသည်ဆိုပါလျှင် တဏှာ ယောကျ်ား လက်သမားသည် မည်မျှ"အရှောင် အပုန်း" အတတ်ပဲညာ၌ ကျွမ်းကျင်သည်ကို မှန်းဆနိုင်ပါ၏။ သို့ရာတွင် တဏှာယောကျ်ား လက်သမားသည် မည်မျှပင် "အပုန်း အရှောင်" ကောင်းစေကာမူ မြတ်စွာဘုရား၏ ရှာဖွေနည်း လမ်းညွှန် အတိုင်း တဏှာယောကျ်ား လက်သမားကို စာဖတ်သူများသည် မဂ်မျက်စိဖြင့် မြင်အောင် အားထုတ်အပ်၏။ မဂ်မျက်စိဖြင့် မြင်အောင် အားမထုတ်နိုင်သေးလျှင် ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်အောင် အားထုတ်အပ်၏။ ဝိပဿနာ ဉာဏ်မျက်စိ ဖြင့် မြင်အောင် အားမထုတ်နိုင်သေးလျှင် သမာဓိ ဉာဏ်မျက်စိဖြင့် မြင်အောင် အားထုတ်အပ်၏။ သမာဓိ ဉာဏ်မျက်စိဖြင့် မြင်အောင် အားမထုတ်နိုင်သေးလျှင် ပကတိမျက်စိဖြင့် မြင်အောင် အားထုတ်အပ်၏။

တဏှာယောကျ်ား လက်သမားကို ပကတိမျက်စိဖြင့် မြင်အောင် အားထုတ်ခြင်း ဟူသည် "လူ"ကို "လူ"အဖြစ် မြင်တတ်အောင် အားထုတ်ခြင်း ဖြစ်၏။ "လူ"ကို "လူ"အဖြစ် မြင်တတ်လေသောအခါ စာဖတ်သူများ၏ သန္တာန်၌ ဗြဟ္မစိုရ်တရားများသည် ပွားများလာမည် ဖြစ်၏။ ဗြဟ္မစိုရ်တရားများ ပွားများလာ သည်နှင့်အမျှ တဏှာယောကျ်ား လက်သမား၏ အန္တရာယ်မှ ကင်းဝေးလေတော့ ၏။ တဏှာယောကျ်ား လက်သမား၏ အန္တရာယ်မှ ကင်းဝေးခြင်းသည်ပင် ချမ်းသာခြင်း ဖြစ်လေ၏။ ထို့ကြောင့် တဏှာယောကျ်ား လက်သမားကို မြင်အောင် ကြည့်နိုင်ရန် ကြိုးစားရခြင်း ဖြစ်၏။

အမှန်အားဖြင့် ဤလောက၌ ဗုဒ္ဓဘာသာဝင် အမည်ခံသူများထဲတွင်ပင် တဏှာယောကျ်ား လက်သမားကို ပကတိမျက်စိဖြင့် မြင်အောင် မကြည့်တတ်သူများ များစွာ ရှိပါ၏။ တဏှာယောကျ်ား လက်သမားကို ပကတိမျက်စိဖြင့် မြင်အောင် မကြည့်တတ်ခြင်း ဟူသည်မှာ "လူ"ကို "လူ"အဖြစ် မကြည့်တတ်ခြင်းပင် ဖြစ်၏။ "လူ"ကို "လူ"အဖြစ် မြင်အောင် မကြည့်တတ်သောအခါ "လူ"ကို သူတောင်းစား အဖြစ်လည်း မြင်တတ်၏။ အစေအပါး အဖြစ်လည်း မြင်တတ်၏။ ကေရာဇ် အဖြစ်လည်း မြင်တတ်၏။ သူဌေးကြီး အဖြစ်လည်း မြင်တတ်၏။ ပါမောက္ခ အဖြစ်လည်း မြင်တတ်၏။ စာမတတ်သူ အဖြစ်လည်း မြင်တတ်၏။

ဤသို့လျှင် တစ်ဦးတည်းသော "လူ"ကိုပင် အမျိုးမျိုး မြင်လေ၏။ ထိုအခါ ထိုသူများ၏ သန္တာန်၌ ပြဟ္မစိုရ်တရားများ မပွားများနိုင်တော့ဘဲ တဏှာယောကျ်ား လက်သမား၏ အန္တရာယ်သည် ပွားရွ်ပွားရွ် လာ၏။ ထိုအခါ "ငါ"နှင့် ပတ်သက်သည်များကိုသာ "ချစ်"တတ်လာ၏။ "ငါ"နှင့် ပတ်သက်သည်များကိုသာ "ဂုဏ်"ယူတတ်လာ၏။ "ငါ"နှင့် ပတ်သက်သည်များကိုသာ "အားကိုး" တတ်လာ၏။ အကယ်၍ "ငါ"နှင့်သာ မပတ်သက်ပါက မုန်းခြင်း၊ အထင်သေးခြင်း၊ နှိပ်ကွပ်ခြင်းတို့သည် ဖြစ်ပေါ်လာတတ်လေ၏။ ဤသည်မှာ တဏှာယောကျ်ား လက်သမားကို မြင်အောင် မကြည့်တတ်ခြင်း၏ အပြစ်ဖြစ်လေ၏။ ဤအပြစ်ကိုပင် "ပပဉ္စ"တရားဟူ၍ ကျမ်းဂန်များ၌ သုံး၏။

ထို့ကြောင့် စာဖတ်သူများသည် တဏှာယောကျ်ား လက်သမားကို မိမိဖတ်နေသော စာပေ၌ မြင်ရအောင် ကြည့်တတ်လိုပါက နေတ္တိကျမ်းလာ စတုဗျူဟဟာရ စာဖတ်နည်းဖြင့် စာကိုဖတ်တတ်အောင် လေ့လာအပ်ပါ၏။ ထိုသို့ လေ့လာပြီးသောအခါ အဆုံးအပိုင်းအခြား မရှိသော သမုဒ္ဒရာမှ "ရေ"ကို မိမိ နိုင်သလောက်ယူ၍ မိမိ၏အိမ်သို့ ရောက်လျှင် အိမ်ရှိ"ရေ"နှင့် ရော၍ လိုအပ်သလို အသုံးချသကဲ့သို့ အဆုံးအပိုင်းအခြားမရှိ မှန်သော "အရိယသစ္စာ"မှ မိမိ တစ်နိုင်ကိုယူ၍ အဆုံးအပိုင်း အခြားရှိ မှန်သော "သမ္မုတိသစ္စာ"အနေဖြင့် လည်းကောင်း၊ "ပါရိဘာသိကသစ္စာ" အနေဖြင့် လည်းကောင်း လက်တွေ့အသုံးချနိုင်မည် ဖြစ်၏။ ထိုသို့ အသုံးချနိုင်သည်နှင့်အမျှ စာဖတ်သူများသည် တဏှာယောကျ်ား လက်သမား၏ ဘေးရန် အန္တရာယ်အပေါင်းမှ အဆင့်အလိုက် လွတ်ကင်းမည် ဖြစ်၏။ စာပေကိုဖတ်ရှုရာ၌ ဤသဘောသို့ ရောက်အောင် စတုဗျူဟဟာရက ပံ့ပိုးကြောင်း ကိုယ်တိုင် လေ့လာသူများက သက်သေခံလိမ့်မည်ဟု ယုံကြည်အပ်ပါ၏။

## စာဖတ်သူများ ၁၅

*ယနေ့ မြန်မာနိုင်ငံသား ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့အတွက် ပွင့်တော်မူလာသော မြတ်စွာဘုရားကို ပြန်လည်သနားသောအားဖြင့် ဖြစ်စေ၊ ကျေးဇူးတင်သောအားဖြင့် ဖြစ်စေ၊ အားနာသောအားဖြင့် ဖြစ်စေ၊ ကျေးဇူးဆပ်သောအားဖြင့် ဖြစ်စေ မြတ်စွာဘုရား ပင်ပန်းခံရကျိုးနပ်အောင်၊ အနစ်နာခံရကျိုးနပ်အောင် မြတ်စွာဘုရား လိုလားတော်မူသည့်အတိုင်း ကုသိုလ်ကံ (လုပ်ငန်း)ကို လုပ်အပ်ပါ၏။*

စာဖတ်သူများသည် စာကို ဖတ်ကြသည်။ စာဖတ်သောအခါ လောက၌ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် ပတ်သက်၍လည်း ဖတ်မိသည်။ အကုသိုလ် မကောင်းမှုပြုခြင်းနှင့် ပတ်သက်၍လည်း ဖတ်မိသည်။ ထိုသို့ ဖတ်မိသောအခါ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် ပတ်သက်လျှင် အမှတ်ယူသည်၊ သာဓုခေါ်သည်။ အကုသိုလ် မကောင်းမှုပြုခြင်းနှင့် ပတ်သက်လျှင်မူ အမှတ်မယူ၊ သာဓုမခေါ်၊ ဥပေက္ခာပြုသည်။ ဤသဘောမှာ ဗုဒ္ဓဘာသာဝင်တို့၏ သဘောဖြစ်၏။

ဤသဘောကို နေတ္တိကျမ်းက "အာဝတ္တဟာရ"ဟူသော အမည်ဖြင့် အကြောင်းအကျိုး ဆက်၍ပြသည်။ အာဝတ္တဟူသော ပါဠိဝေါဟာရ၏ အနက်မှာ "လည်ခြင်း" ဟူ၍ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သကဲ့သို့ အကြောင်းအကျိုးဆက် အနေဖြင့် လည်ခြင်းပင် ဖြစ်သည်။ ထိုသို့လည်ရာတွင် အနုလုံအားဖြင့် လည်သည်လည်း ရှိသည်။ ပဋိလုံအားဖြင့် လည်သည်လည်း ရှိသည်။ နေတ္တိကျမ်းဝေါဟာရအားဖြင့် ဆိုရလျှင် အနုလုံအားဖြင့် လည်ခြင်းကို သဘာဂါဝတ္တ ဟူ၍ ဆို၏။ သဘာဂါဝတ္တ ဟူသည်မှာ မူလဓမ္မနှင့် သဘောတူလည်ခြင်း ဖြစ်သည်။ ပဋိလုံအားဖြင့် လည်ခြင်းကို ဝိသဘာဂါ ဝတ္တဟူ၍ ဆို၏။ ဝိသဘာဂါဝတ္တ ဟူသည်မှာ မူလဓမ္မနှင့် ဆန့်ကျင်ဘက်လည်ခြင်း ဖြစ်သည်။

မူလဓမ္မက ကုသိုလ်ဖြစ်လျှင် ယင်းနှင့်ဆိုင်ရာ အကြောင်းတရားများ အဆက်ဆက်က ကုသိုလ်အနေဖြင့် လည်ခြင်းကို သဘာဂါဝတ္တ သဘောတူအားဖြင့် လည်ခြင်း ဟူ၍ ဆို၏။ မူလဓမ္မက ကုသိုလ်ဖြစ်သော်လည်း ယင်းနှင့်ဆန့်ကျင်ဘက် အကုသိုလ်ကို ယူ၍ ဆိုင်ရာအကြောင်း အဆက်ဆက်က အကုသိုလ်အနေဖြင့် လည်ခြင်းကို ဝိသဘာဂါဝတ္တ သဘောမတူ ဆန့်ကျင်ဘက်အားဖြင့် လည်ခြင်း ဟူ၍ ဆို၏။ ဤသည်မှာ နေတ္တိကျမ်းလာ အာဝတ္တဟာရကို အကျဉ်းအားဖြင့် အဓိပ္ပာယ်ရှင်းပြခြင်း ဖြစ်၏။

လောကဖြစ်စဉ်အားဖြင့် ဆိုရလျှင် ဤလောက၌ လူတို့သည် ကောင်းမှုဘက်မှ ယူလျှင် ဒါနကိုလည်း ပြုကြ၏။ သီလကိုလည်း ဆောက်တည်ကြ၏။ ဘာဝနာကိုလည်း ပွားများကြ၏။ မကောင်းမှုဘက်မှယူလျှင် ဒါနကိုလည်း မပြုကြ၊ သီလကိုလည်း မဆောက်တည်ကြ၊ ဘာဝနာကိုလည်း မပွားကြ။ ဤသည်မှာ ကောင်းမှုဘက်မှ ယူခြင်းနှင့် မကောင်းမှုဘက်မှ ယူခြင်းတို့ ဖြစ်၏။ ဒါနကို မပြုရုံ၊ သီလကို မဆောက်တည်ရုံ၊ ဘာဝနာကို မပွားရုံမျှနှင့် အကုသိုလ် ဖြစ်ပါသလား ဟူ၍ မေးဖွယ်ရှိ၏။ ဤအမေးနှင့် ပတ်သက်လျှင် **အသောက ကျောက်စာတော်** စာအုပ်၊ စာမျက်နှာ ၆၇ ဒသမကျောက်စာ၌–

သေ တု ပလိသဝေ အပုံနံ။

ယံ အပုံနံ၊ အကြင်ကောင်းမှုကို မပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ တု၊ စင်စစ်အားဖြင့်။ သေ၊ ဤသို့ ကောင်းမှုကို မပြုခြင်းသည်။ ပလိသဝေ၊ နိဗ္ဗာန်၏ ဆေးရန်တည်း။ ဟူ၍ ဆိုထားရာ ကံများတွင် ကုသိုလ်ကံ ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် အကုသိုလ်ကံသာ ဖြစ်၏။ ကုသိုလ်ကံနှင့် အကုသိုလ်ကံမှ အလွတ် ကြားကံ ဟူ၍ မရှိချေ။ ထို့ကြောင့် ဒါန, သီလ, ဘာဝနာတို့လည်း ကုသိုလ်ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် အကုသိုလ်သာ ဖြစ်၏။ ဤအကုသိုလ်မှာ မသိလိုက် · မသိဘာသာ ဝိပ္ပလ္လာသကြောင့်ဖြစ်သော အကုသိုလ် ဖြစ်၏။ ငါးပါးသီလကိုမှ မကျူးလွန်ဘဲ ဘာကြောင့် အကုသိုလ် ဖြစ်ရမှာလဲ ဟူ၍ မမှတ်ယူထိုက်။

"ပါပသ္မိံ ရမတိ မနော"ပုထုဇဉ်တို့၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏–ဟူသည်နှင့်အညီ "လောကသိ"ဟူသမျှသည် ပကတိအားဖြင့် အမှတ်များမှ "သညာ ဝိပ္ပလ္လာသ"၊ အသိများမှ "စိတ္တဝိပ္ပလ္လာသ"၊ အမြင်များမှ "ဒိဋ္ဌိဝိပ္ပလ္လာသ" တို့ဖြင့် အနိစ္စ ဖြစ်ပါလျက် နိစ္စဟူ၍ လည်းကောင်း၊ ဒုက္ခဖြစ်ပါလျက် သုခဟူ၍ လည်းကောင်း၊ အနတ္တ ဖြစ်ပါလျက် အတ္တဟူ၍ လည်းကောင်း၊ အသုဘ ဖြစ်ပါလျက် သုဘဟူ၍ လည်းကောင်း သိသော အသိမျိုးချည်းသာ ဖြစ်လေရာ အကုသလ ကမ္မပထ မမြောက်စေကာမူ ဒိဋ္ဌိစေတသိက် သဘောအရ အကုသိုလ်

ကံမျိုးသာ ဖြစ်ကြ၏။ ထို့ကြောင့် အသောက ကျောက်စာ၌ “ပုည”ဖြစ်လျှင်ဖြစ်၊ ပုည မဖြစ်လျှင် “အပုည”သာ ဖြစ်သည်ဟု ဆိုခြင်း ဖြစ်လေ၏။ ဤသဘောကိုပင် “ပမာဒ”ဟူ၍လည်း ဆိုရ၏။ “အပ္ပမာဒ” ရှုထောင့်မှ သတိပြုဖွယ်ပင် ဖြစ်၏။

စာကို ဖတ်သောအခါ အာဝတ္တဟာရအရ ကံ(လုပ်ငန်း)တစ်ခုကို တွေ့တိုင်း ထိုကံ(လုပ်ငန်း)ကို အပြင်ပန်းအနေဖြင့် ကောင်းနှင့် မကောင်းကံ မဆုံးဖြတ်ဘဲ၊ ယင်းကံ (လုပ်ငန်း)၏ တူရူ (ပဏိဓိ)နှစ်ဖက်ကိုပါ ကြည့်ရ၏။ တူရူနှစ်ဖက်တွင် တစ်ဖက်သော တူရူမှာ “သဘာဂ” တူရူဖြစ်၍ အခြားတစ်ဖက်သော တူရူမှာ “ဝိသဘာဂ” တူရူဖြစ်၏။ အရာဝတ္ထုတစ်ခုတွင် အရှေ့နှင့်အနောက်၊ သို့မဟုတ် တောင်နှင့်မြောက် ဟူ၍ တူရူများသည် အစုံလိုက်ရှိသကဲ့သို့ ထို့အတူပင် ကံ(လုပ်ငန်း) တိုင်းတွင်လည်း သဘာဂ တူရူနှင့် ဝိသဘာဂ တူရူတို့ ရှိကြမြဲ ဖြစ်လေသောကြောင့်ပင် ထိုကဲ့သို့ ကြည့်ရခြင်း ဖြစ်၏။

နေတ္တိကျမ်းတွင်မူ ကုသိုလ်ကံနှင့် ပတ်သက်လျှင် ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသသံသေဝ, စတုစက္ကသမ္ပတ္တိ, နဝမခဏ, အပ္ပမာဒ တို့ကို သဘာဂါဝတ္တအဖြစ် ဖော်ပြပြီး၊ အယောနိသောမနသိကာရ, အသဒ္ဓမ္မဿဝန, အသပ္ပုရိ သသံသေဝ, စတုစက္ကဝိပတ္တိ, အက္ခဏ, ပမာဒတို့ကို ဝိသဘာဂါဝတ္တ အဖြစ် ဖော်ပြထား၏။ အကုသိုလ်ကံနှင့် ပတ်သက်လျှင်မူ သဘာဂါဝတ္တနှင့် ဝိသဘာဂါဝတ္တတို့သည် ပြောင်းပြန်ဖြစ်ကြ၏။

နေတ္တိကျမ်းလာ အာဝတ္တဟာရကို ယနေ့ခေတ် စာပေနယ်ပယ်၌ အသုံးကျအောင် အသုံးချလျှင် ကံ(လုပ်ငန်း)တစ်ခုကို တွေ့တိုင်း ယင်းကံ(လုပ်ငန်း)၏ တူရူ နှစ်ဖက်ကို ကြည့်ရ၏။ ထိုသို့ကြည့်ရာတွင် ပဋိပဒါသဘောဖြင့် ကြည့်ပါက ပို၍လည်း နားလည်ဖွယ်ရှိ၏။ ပို၍လည်း ရှင်း၏။ ပို၍လည်း ထေရဝါဒနှင့် နီးစပ်၏။ ပဋိပဒါ တူရူတွင် တစ်ဖက်သောတူရူမှာ “သမ္မာပဋိပဒါ” တူရူဖြစ်၏။ အခြားတစ်ဖက်သော တူရူမှာ “မိစ္ဆာပဋိပဒါ”တူရူဖြစ်၏။ ဤတူရူသဘောကို နိဒါနဝဂ္ဂ သံယုတ္တအဋ္ဌကထာ ပဋိပဒါသုတ်၌ ဖော်ပြ၏။ အခြားသော ဒေသနာများ၌မူ သမ္မာပဋိပဒါကို “ဝိဝဋ္ဋနိဿိတ” အမည်ဖြင့် သုံး၍ မိစ္ဆာပဋိပဒါကို “ဝဋ္ဋနိဿိတ”အမည်ဖြင့် သုံး၏။ မိုးကုတ် ဆရာတော်ကြီးကမူ သမ္မာပဋိပဒါကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အနေဖြင့် ဖွင့်၏။ မိစ္ဆာပဋိပဒါကို အနုလောမ ပဋိစ္စ သမုပ္ပါဒ် အနေဖြင့် ဖွင့်၏။ မည်သို့ပင်ဆိုစေ ရည်ရွယ်ချက်မှာ အားလုံး အတူတူပင် ဖြစ်၏။ အမှန်အားဖြင့် မိစ္ဆာပဋိပဒါဟု ခေါ်သည်ပဲဖြစ်ဖြစ်၊ ဝဋ္ဋနိဿိတဟု ခေါ်သည်ပဲဖြစ်ဖြစ်၊ အနုလောမပဋိစ္စသမုပ္ပါဒ် ဟု ခေါ်သည်ပဲဖြစ်ဖြစ်၊ ယင်း ကံ (လုပ်ငန်း)မျိုးသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလတစ်လျှောက်လုံး

သံသရာ၌ ဝဋ္ဋသီသအနေဖြင့် ကမ္မနိယာမအရ မလွဲမသွေ ဖြစ်ရ၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ သံသရာမှ လွတ်မြောက်ရေးအတွက် ကုသိုလ်ကံ (လုပ်ငန်း) ကို သမ္မာပဋိပဒါ အနေဖြင့် လည်းကောင်း၊ ပဋိလောမပဋိစ္စသမုပ္ပါဒ် အနေဖြင့် လည်းကောင်း၊ ဝိဝဋ္ဋနိဿိတ အနေဖြင့် လည်းကောင်း လုပ်တတ်လာ၏။ ထိုသို့ လုပ်တတ်ရန်နှင့် ထိုအတိုင်းလုပ်အောင် သွန်သင်ရန် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီများကို ဖြည့်ကျင့်ရခြင်း ဖြစ်၏။ ထို့ကြောင့် ယနေ့ မြန်မာနိုင်ငံသား ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့အတွက် ပွင့်တော်မူလာသော မြတ်စွာဘုရားကို ပြန်လည်သနားသော အားဖြင့် ဖြစ်စေ၊ ကျေးဇူးတင်သော အားဖြင့် ဖြစ်စေ၊ အားနာသော အားဖြင့် ဖြစ်စေ၊ ကျေးဇူးဆပ်သော အားဖြင့်ဖြစ်စေ၊ မြတ်စွာဘုရား ပင်ပန်းခံရကျိုးနပ်အောင်၊ အနစ်နာခံရကျိုးနပ်အောင် မြတ်စွာဘုရား လိုလားတော်မူသည့်အတိုင်း ကုသိုလ်ကံ (လုပ်ငန်း)ကို လုပ်အပ်ပါ၏။

ကံ(လုပ်ငန်း)နှင့် ပတ်သက်၍ မြတ်စွာဘုရားက "စေတနာ"ကိုသာ ကံ (အလုပ်)ဟူ၍ ငါဘုရား ဟောကြားခြင်း ဖြစ်၏။ ကိုယ်၏ လှုပ်ရှားမှုကို ဖြစ်စေ၊ နှုတ်၏ လှုပ်ရှားမှုကို ဖြစ်စေ၊ စိတ်၏ လှုပ်ရှားမှုကို ဖြစ်စေ ကံဟူ၍ ငါ ဘုရား ဟောကြားတော်မူခြင်း မဟုတ် ဟူ၍ ဟောကြားတော်မူခဲ့ကြောင်း ဗုဒ္ဓ ဘာသာဝင် အားလုံးလိုလိုပင် သိပြီး ဖြစ်၏။ ထိုနှင့် ပတ်သက်၍ အောက်ပါ သက္ကတ အဆိုအမိန့် တစ်ခုမှာလည်း မှတ်သားဖွယ်ပင် ဖြစ်၏။

ပဏ္ဍိတဿ မူဠှဿ စ ကမ္မယောဂေ
သမတ္တံ အင်္ဂေတိ တနု န ဗုဒ္ဓိ။

ကမ္မယောဂေ၊ ကံ (အလုပ်)ကို လုပ်ရာ၌။ ပဏ္ဍိတဿ စ၊ ပညာရှိ၏ လည်းကောင်း။ မူဠှဿ စ၊ သူမိုက်၏ လည်းကောင်း။ တနု၊ ကိုယ်ခန္ဓာ လှုပ်ရှားမှု သည်။ သမတ္တံ၊ တူမျှသည်၏ အဖြစ်သို့။ အင်္ဂေတိ၊ ရောက်၏။ ဗုဒ္ဓိ၊ အသိဉာဏ် သည်ကား။ သမတ္တံ၊ တူမျှသည်၏ အဖြစ်သို့။ န အင်္ဂေတိ၊ မရောက်။

ကံ (အလုပ်)တစ်ခုကို လုပ်ရာ၌ ပညာရှိသူကပဲ လုပ်သည်ဖြစ်စေ၊ ပညာမဲ့ သူကပဲ လုပ်သည်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများကတော့ အားလုံး အတူတူပင် ဖြစ်၏။ သို့ရာတွင် အသိဉာဏ်ပိုင်း အနေဖြင့်မူ ပညာရှိနှင့် ပညာမဲ့တို့ မတူကြ။ အချင်းချင်း ခြားနားကြ၏။ ထို့ကြောင့် ကံ (လုပ်ငန်း) တစ်ခု၏ တန်ဖိုးကို ဆုံးဖြတ်ရာ၌ နေတ္တိကျမ်းလာ အာဝဋ္ဋဟာရ အရ ယင်းကံ(အလုပ်)၏ တူရှုကို ကြည့်ရခြင်း ဖြစ်၏။ တူရှုကို ကြည့်ပါမှလည်း ကံ(အလုပ်)၏ တန်ဖိုးကို မှန်ကန်စွာ နားလည်နိုင်၏။

ကောင်းမှုကို လုပ်ရာ၌ ပညာရှိသူနှင့် သူမိုက်တို့၏ နှလုံးသွင်းသည် ခြားနား၏။ ပညာရှိက ကောင်းမှု၏ သဘာဝတူရှု (သမ္မာပဋိပဒါ)သို့ ဦးတည်၏။ ပညာမဲ့က ကောင်းမှု၏ ဝိသဘာဂ တူရှု (မိစ္ဆာပဋိပဒါ)သို့ ဦးတည်၏။ ကောင်းမှု အနေအားဖြင့်မူ ဒါန ဖြစ်ချင်ဖြစ်မည်။ သီလ ဖြစ်ချင်ဖြစ်မည်။ ဘာဝနာ ဖြစ်ချင် ဖြစ်မည်။ တစ်ခုခုတော့ ဖြစ်မည်က အမှန်။ ပညာရှိက ကောင်းမှုလုပ်လျှင်လည်း ဒါန, သီလ, ဘာဝနာတို့တွင် တစ်ခုခုကို လုပ်ရမည်သာ ဖြစ်၏။ အခြားလုပ်ငန်း ဟူ၍ မရှိ။ ပညာမဲ့က ကောင်းမှုလုပ်လျှင်လည်း ဒါန, သီလ, ဘာဝနာတို့တွင် တစ်ခုခုကို လုပ်ရမည်သာ ဖြစ်၏။ အခြား လုပ်ငန်း ဟူ၍ မရှိ။ ထို့ကြောင့် ပညာရှိကပဲ လုပ်လုပ်၊ ပညာမဲ့ကပဲ လုပ်လုပ် ရုပ်ပိုင်း ဆိုင်ရာအရ ဒါနချင်း, သီလချင်း, ဘာဝနာချင်း တို့ကား အတူတူပင် ဖြစ်ကြစေကာမူ အသိဉာဏ်ပိုင်း ဆိုင်ရာအရမူ တူရှု(ပဏိဓိ)ချင်း ခြားနား၏။

ပညာမဲ့သူက ကောင်းမှုကို လုပ်ရာ၌ ဂုဏ်ပကာသနကို မက်မော၍လည်း လုပ်တတ်၏။ ယတြာချေသော သဘောဖြင့်လည်း လုပ်တတ်၏။ သုဂတိဘုံဘဝကို တောင့်တ၍လည်း လုပ်တတ်၏။ ဤသို့လုပ်ပါက "ဝဋ္ဋသီလ"သဘော ရှိသော ကြောင့် မိစ္ဆာပဋိပဒါ မည်၏ ဟူ၍ နိဒါနဝဂ္ဂ သံယုတ္တအဋ္ဌကထာ ပဋိပဒါသုတ် ၌-၌ ဆို၏။ ထို့ကြောင့် ထိုကဲ့သို့လုပ်သော ကောင်းမှုကား မှားသော တူရှုရှိသော ကောင်းမှုဖြစ်သဖြင့် မြတ်စွာဘုရား၏ အလိုတော်ကျအတိုင်း လုပ်သော ကောင်းမှု မျိုး ဟူ၍ မဆိုရ။ သာသနာပ ကာလက လုပ်နည်းအတိုင်း လုပ်သော ကောင်းမှုမျိုး ဖြစ်သဖြင့် မြတ်စွာဘုရား၏ ကျေးဇူးကို မသိကျိုးကျွန်ပြုသော ကောင်းမှုမျိုး ဟူ၍သာ ဆိုရ၏။ ထို့ကြောင့် ထိုကောင်းမှုမျိုးကိုသာ လုပ်ပါက မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်နှင့် ကြုံကြိုက်ပါလျက် ကြုံကြိုက်ရကျိုး မနပ်သူ ဖြစ်ရချေ၏။

ပညာရှိသူက ကောင်းမှုပြုလုပ်ရာ၌မူ အကျိုးတစ်စုံတစ်ရာကို မျှော်ကိုး ခြင်း မရှိဘဲ၊ သက်သက်ကောင်းမှုကို ပြုချင်၍လည်း လုပ်တတ်၏။ သုဂတိ ဘုံဘဝကို တောင့်တခြင်းမရှိဘဲ ပါရမီသဘောအရ သံသရာမှ ထွက်မြောက်ရေး အတွက်သာ ရည်စူး၍လည်း လုပ်တတ်၏။ ဤသို့ လုပ်ခြင်းမှာ တပ်မက်မှုတဏှာ ကို ပယ်သတ်ရာ ရောက်သောကြောင့် ပါရမီကောင်းမှုလည်း ဖြစ်တတ်၏။ ထို့ ကြောင့် သမ္မာပဋိပဒါအရ မှန်ကန်သော တူရှုရှိသော ကောင်းမှုလည်း မည်၏။ ထိုကောင်းမှုမျိုးကို လုပ်မှသာ မြတ်စွာဘုရား၏ အလိုတော်ကျအတိုင်း ကောင်းမှုကို လုပ်သည် မည်၏။ မြတ်စွာဘုရားအပေါ် ကျေးဇူးဆပ်သည် မည်၏။ မြတ်စွာဘုရား ၏ သာသနာတော်နှင့် ကြုံကြိုက်ရကျိုး နပ်သည် မည်၏။

ဒါနကိုပဲ ပြုပြု၊ သီလကိုပဲ ဆောက်တည် ဆောက်တည်၊ ဘာဝနာကိုပဲ ပွားပွား၊ သံသရာချမ်းသာ ဟူသမျှကို မတောင့်တဘဲ ပါရမီသဘောအရ ကောင်းမှုကို လုပ်သည်ပင် ဖြစ်စေကာမူ သံသရာမှ မထွက်မြောက်သေးလျှင်တော့ သံသရာချမ်းသာကို မလွဲမသွေ မုချရမည်ပင် ဖြစ်၏။ ဓမ္မသဘာဝအရ စဉ်းစားကြည့်လျှင်လည်း ကုသိုလ်ကောင်းမှုဟူသည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာအရ ဒုဂ္ဂတိဘဝ၌ မဖြစ်စေဘဲ သုဂတိဘဝ၌ ဖြစ်စေရမည်ကား ကမ္မနိယာမအရ မလွဲမသွေ မုချပင် ဖြစ်လေ၏။

ကောင်းမှုကို ပြုလုပ်ရာ၌ တပ်မက်မှုတဏှာကို ပယ်သတ်သောအားဖြင့် မည်သည့် သုဂတိဘဝကိုမျှ မတောင့်တဘဲ နိဗ္ဗာန်ကို ရရုံသက်သက်မျှ ရည်စူး၍ ပြုလုပ်ပါက ပါရမီ ပြည့်လေသောအခါ ရည်စူးမှု အထူးမရှိသောကြောင့် ပကတိသာဝက ဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမည် ဖြစ်၏။ အကယ်၍ မဟာသာဝက ဘဝဖြင့် နိဗ္ဗာန်ကို ရည်စူးပါက ပါရမီ ပြည့်လေသောအခါ တောင့်တသည့်အတိုင်း မဟာသာဝက ဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမည် ဖြစ်၏။ အဂ္ဂသာဝက ဘဝဖြင့် ဖြစ်စေ၊ ပစ္စေကဗုဒ္ဓ ဘဝဖြင့် ဖြစ်စေ၊ သမ္မာသမ္ဗုဒ္ဓ ဘဝဖြင့် ဖြစ်စေ နိဗ္ဗာန်ကို မျက်မှောက်ပြုမည် ဖြစ်၏။ ဤသည်မှာ တောင့်တမှု ပဏိဓိ၏ အာနုဘော်အရ ဖြစ်ရခြင်း ဖြစ်လေ၏။

ထိုနည်းအတူ မကောင်းမှုကို ပြုရာ၌လည်း တူရူသည် ရှိသည်သာ ဖြစ်၏။ ထို့ကြောင့် မကောင်းမှုကို ပြုတိုင်း မကောင်းမှုချင်း အတူတူဟူ၍ မမှတ်ရ၊ အာဝဇ္ဇဟာရ အရ တူရူကိုထည့်၍ တွက်ရ၏။ မကောင်းမှု ဟူသည့်အတိုင်း ကမ္မနိယာမအရ မကောင်းကျိုးကို ပေးမည်ကား အငြင်းပွားစရာ မလိုသော အမှန်တရား ဖြစ်၏။ သို့ရာတွင် ယင်းမကောင်းမှု၏ တူရူများကား ကောင်းသောသဘောကို ဆောင်သည်လည်း ရှိ၏။ မကောင်းသော သဘောကို ဆောင်သည်လည်း ရှိ၏။ ဤသို့ နှစ်မျိုးရှိ၏။ ကောင်းသော သဘောကို ဆောင်သော တူရူဟူသည်ကား မိမိ၏ အမျိုးသားများအတွက်၊ မိမိ၏ နိုင်ငံတော်အတွက်၊ လူသားအားလုံး အတွက် မိမိအနေဖြင့် အနစ်နာခံ၍ မိမိ၏ကိုယ်ကျိုးကို စွန့်ကာ ရန်သူကို မလွှဲသာ မရှောင်သာ သတ်ဖြတ်ရခြင်း စသော မကောင်းမှု အကုသိုလ် ဒုစရိုက်များကို လွန်ကျူးရခြင်းမျိုး ဖြစ်၏။ ဤသဘောမျိုးကား ပါရမီသဘောမျိုး ဖြစ်၏။ ဇာတ်တော်များ၌ ဤသဘောမျိုးကို တွေ့ရတတ်၏။ အလောင်းတော်များအနေဖြင့် တိရစ္ဆာန်ဘဝ စသော ဒုဂ္ဂတိဘဝများ၌ ဖြစ်ရခြင်းသည် တူရူက ကောင်းပြီး အလုပ်က မကောင်းသော အကုသိုလ်ကံများကို ကျူးလွန်ခြင်းကြောင့်သာ ဖြစ်ရာ၏။ ထို့ကြောင့် အလောင်းတော်များသည် အကုသိုလ်ကံကြောင့် တိရစ္ဆာန် စသော

ဒုဂ္ဂတိဘဝများ၌ ဖြစ်ရစေကာမူ ပါရမီထိုက်သော တူရူကြောင့် ဉာဏ်ပညာကြီး ခြင်း၊ ဆိုင်ရာ တိရစ္ဆာန်များ၏ မင်းများ၊ သုခမိန်များ စသည်ဖြင့် ဖြစ်ရခြင်း ဖြစ်၏။ မျောက်ဖြစ်လျှင်လည်း မျောက်မင်း၊ မျောက်သုခမိန် စသည်ဖြင့် အထက် တန်း၌ ဖြစ်ရ၏။ ဟင်္သာဖြစ်လျှင်လည်း ဟင်္သာမင်း၊ ဟင်္သာသုခမိန် စသည်ဖြင့် ဖြစ်ရ၏။

ထို့ကြောင့် အကုသိုလ်လုပ်ငန်း၌ ကံ (အလုပ်)ကတစ်မျိုး၊ တူရူကတစ်မျိုး ဟူ၍ နားလည်ရ၏။ ကံ(အလုပ်)က အကုသိုလ်ပင် ဖြစ်စေကာမူ နေတ္တိကျမ်းလာ အာဝဋ္ဋဟာရ အရ ကောင်းသောတူရူ သမ္မာပဋိပဒါလည်း ရှိနိုင်၏။ မကောင်းသော တူရူ မိစ္ဆာပဋိပဒါလည်း ရှိနိုင်၏။ အကျဉ်းအားဖြင့် ဆိုရလျှင် မိမိ၏ ကိုယ်ကျိုး ကိုယ်စီးပွားသို့ ဦးတည်သော တူရူဖြစ်လျှင် မှားသောတူရူ မိစ္ဆာပဋိပဒါ ဖြစ်၏။ လောက၏ အကျိုးစီးပွားသို့ ဦးတည်သော တူရူဖြစ်လျှင် မှန်သောတူရူ သမ္မာ ပဋိပဒါ ဖြစ်၏။ စစ်တိုက်ရာ၌လည်း ဤသဘောကို တွေ့နိုင်၏။ နိုင်ငံတော်ကို အုပ်ချုပ်ရာ၌လည်း ဤသဘောကို တွေ့နိုင်၏။ အယုတ်ဆုံးအားဖြင့် ဆရာက တပည့်ကို ရိုက်နှက် ဆုံးမရာ၌ ဖြစ်စေ၊ မိဘက သားသမီးကို ရိုက်နှက်ဆုံးမရာ၌ ဖြစ်စေ ဤသဘောကို တွေ့နိုင်၏။

စာဖတ်နည်းနှင့် ပတ်သက်၍ နေတ္တိကျမ်းလာ အာဝဋ္ဋဟာရ က ညွှန်ပြ သည်မှာ ကံ(အလုပ်)ကို တွေ့လေတိုင်း ကံကိုချည်းတွက်၍ ကောင်းနှင့်မကောင်း ဆုံးဖြတ်ရုံမျှနှင့် မလုံလောက်။ ယင်း ကံ (အလုပ်)၏ တူရူကိုပါ ထည့်တွက်ပြီး တန်ဖိုးကိုပါ တွက်ချက်ပါမှ လုံလောက်မည် ဟူ၍ ဖြစ်၏။

နိဂုံးချုပ်အားဖြင့် ဆိုရလျှင် ကောင်းသောလုပ်ငန်း၌ ဖြစ်စေ၊ မကောင်း သော လုပ်ငန်း၌ ဖြစ်စေ "ငါ"ကို ရှေ့တန်းတင်သော တူရူနှင့် "လောက"ကို ရှေ့တန်းတင်သော တူရူဟူ၍ တူရူနှစ်မျိုး ရှိ၏။ "ငါ"ကို ရှေ့တန်းတင်သော တူရူသည် သံသရာ၌ လည်ကြောင်း ဖြစ်၍ မိစ္ဆာပဋိပဒါ ဖြစ်သည်ဟူ၍ ဆိုရ၏။ "လောက"ကို ရှေ့တန်းတင်သော တူရူသည် "အတ္တ"ကို ပယ်သတ်ရာ ရောက် သောကြောင့် ပါရမီသဘောကို ဆောင်သဖြင့် သံသရာမှ ထွက်မြောက်ရာ ဖြစ်သော ကြောင့် သမ္မာပဋိပဒါ ဖြစ်သည်ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် စာကိုဖတ်ပါက ကံ(အလုပ်)၏ တန်ဖိုးကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် နေတ္တိကျမ်းလာ အာဝဋ္ဋ ဟာရကိုလည်း လေ့လာအပ်ပါ၏။ သို့မှသာ စာကို မှန်ကန်စွာ ဖတ်နိုင်သူ ဖြစ်ပေ လိမ့်မည်။ စာကို မှန်ကန်စွာ ဖတ်နိုင်သူဖြစ်စေရန် နေတ္တိကျမ်းလာ အာဝဋ္ဋဟာရက စာဖတ်နည်းကို သင်ကြားခြင်း ဖြစ်ပါ၏။

# စာဖတ်သူများ ၁၆

*မရှိမပဋ္ဌိပဒါဟူသည် အနှစ်သာရအားဖြင့် အစွန်းကိုလည်း လွန်ရ၏။*
*သို့ရာတွင် ယင်း၌ အစွန်းသည် အသွင်အားဖြင့်လည်း ပါရ၏။*

စာဖတ်သူများသည် မှန်ကန်သော၊ ထက်မြက်သော အသိဉာဏ်ကို ရရန်အတွက် စာကို ဖတ်ကြခြင်း ဖြစ်၏။ သို့ဖြစ်လျှင် စာဖတ်သူတိုင်း မှန်ကန်သော၊ ထက်မြက်သော အသိဉာဏ်ကို တစ်မျိုးတည်းအနေဖြင့် ရကြပါလေသလော ဟူ၍ မေးမြန်းလျှင် ရသူများက ရကြ၍ မရသူများက မရကြ ဟူ၍သာ ဖြေဖို့ရှိပါ၏။ ထိုသို့ ဖြစ်ရခြင်းမှာလည်း မိမိတို့ ဖတ်သော စာကြောင့်တော့ မဟုတ်။ ဖတ်သူများကြောင့်သာ ဖြစ်၏။ စာက မကွဲပြား။ စာကတော့ တစ်ခုတည်း။ သူက ဖတ်လည်း ဒီစာပင် ဖြစ်၏။ ငါက ဖတ်လည်း ဒီစာပင် ဖြစ်၏။ သို့ပါလျက် စာ၏အနက်၊ စာ၏အဓိပ္ပာယ်၊ စာ၏ သဘောကို သိသော အခါသမယကျတော့ အမျိုးမျိုး ထွက်၏။ တစ်ခုတည်းသော စာမှ တစ်မျိုးတည်းအနက်၊ တစ်မျိုးတည်းသော အဓိပ္ပာယ်၊ တစ်မျိုးတည်းသော သဘော ထွက်သင့်သည်ကား အမှန်။ သို့ရာတွင် ထိုသို့ ထွက်သင့်ပါလျက် မထွက်ခဲ့။ ဘာကြောင့်ပါနည်း။

အသိဉာဏ်ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်တွင် "ဥပါဒါနပစ္စယာ ဘဝေါ" ဟူ၍ ဆို၏။ ဘဝဟူသည်မှာ ကမ္မဘဝ ဖြစ်၏။ ကမ္မဘဝ ဟူသည်မှာ ဝီထိစိတ်ဖြစ်စဉ်အရ ဇောဖြစ်၏။ ဇောဟူသည် ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ ကုသိုလ်ဖြစ်လျှင် ကုသိုလ်သိ ဖြစ်၏။ အကုသိုလ် ဖြစ်လျှင် အကုသိုလ်သိ ဖြစ်၏။ ကုသိုလ်သိတွင်လည်း ဉာဏ်ယှဉ်သောအသိနှင့် ဉာဏ်မယှဉ်သော အသိ ဟူ၍ နှစ်မျိုးကွဲပြားသွားနိုင်၏။ အကုသိုလ်သိတွင်လည်း လောဘသိ, ဒေါသ သိ, မောဟသိ ဟူ၍ သုံးမျိုး ကွဲပြားသွားနိုင်၏။ သို့ရာတွင် မည်သည့်အသိမျိုးပင် ဖြစ်စေကာမူ အသိဟူသမျှသည် ဥပါဒါန်ကြောင့် ဖြစ်ရသည်

ရာပြည့်စာအုပ်တိုက်

ချည်း ဖြစ်၏။ ထိုကြောင့် ဖတ်စရာ စာက တစ်ခုတည်းဖြစ်ပါလျက် ထိုတစ်ခုတည်းသော ဖတ်စရာမှ စာဖတ်သူများ၏ အမျိုးမျိုးသော ဥပါဒါန်များကြောင့် အမျိုးမျိုးသော အနက်များ၊ အမျိုးမျိုးသော အဓိပ္ပာယ်များ၊ အမျိုးမျိုးသော သဘောများနှင့် အမျိုးမျိုးသော အသိများ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

မိမိ ဖတ်သောစာ၌ ကာမုပါဒါန်အရ အသိကွဲပြားခြင်းလည်း ဖြစ်နိုင်၏။ ကာမုပါဒါန်၌ ကာမဟူသည် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ ဟူ၍ ငါးမျိုးပြား၏။ ထိုငါးမျိုးကို ပေါင်း၍ခေါ်လျှင် ပတ်ဝန်းကျင်ဟူ၍ ခေါ်ရ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ခြားနားမှုကို လိုက်၍ အသိဉာဏ်ခြားနားသည် ဖြစ်ရ၏။ တစ်မျိုးတည်းသော စာကိုပင် တံငါပတ်ဝန်းကျင်၌ ကြီးပြင်းသူက တစ်မျိုး သဘောပေါက်၏။ ကုန်သည် ပတ်ဝန်းကျင်၌ ကြီးပြင်းသူက တစ်မျိုး နားလည်၏။ စာပေပတ်ဝန်းကျင်၌ ကြီးပြင်းသူက တစ်မျိုး အနက်ဖော်၏။ ဤသို့လျှင် စာအနေဖြင့် ပုဒ်၊ ပါဒ်၊ အက္ခရ၊ ဝါကျ သဘောအရ တစ်မျိုးတည်း ဖြစ်ပါသော်လည်း ကာမုပါဒါန်အနေဖြင့် အမျိုးမျိုး ဖြစ်သောကြောင့် စာဖတ်သူများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိဉာဏ် ဖြစ်ပေါ်ရာ၌ မတူညီကြခြင်း ဖြစ်၏။

မိမိ ဖတ်သောစာ၌ ဒိဋ္ဌုပါဒါန်အရ အသိကွဲပြားခြင်းလည်း ဖြစ်နိုင်၏။ ဒိဋ္ဌုပါဒါန်၌ ဒိဋ္ဌိဟူသည် အမြင်ဖြစ်၏။ ယင်းအမြင်ကား လူတန်းစားအမြင်လည်း ဖြစ်နိုင်၏။ ပတ်ဝန်းကျင်၏ဂယက်အမြင်လည်း ဖြစ်နိုင်၏။ ထို့ကြောင့် စာက တစ်ပုဒ်တည်း ဖြစ်ပါလျက် ထိုတစ်ပုဒ်တည်းသော စာကို ဖတ်ကြသူချင်း အတူတူ ဒိဋ္ဌုပါဒါန်များ ကွဲပြားသွားသည်နှင့်အမျှ စာ၏အနက်၊ အဓိပ္ပာယ်၊ သဘောတို့ကို နားလည်ရာ၌မူ စာဖတ်သူများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး မတူကြခြင်း ဖြစ်၏။

မိမိ ဖတ်သောစာ၌ သီလဗ္ဗတုပါဒါန်အရ အသိကွဲပြားခြင်းလည်း ဖြစ်နိုင်၏။ သီလဗ္ဗတုပါဒါန်၌ သီလဟူသည် အလေ့အကျင့် ဖြစ်၏။ ဝတဟူသည် ယုံကြည်မှုအရ လိုက်နာရသော ကျင့်ဝတ်ဖြစ်၏။ ထို့ကြောင့် သီလဗ္ဗတုပါဒါန်ကို အကျဉ်းဆုံး ဝေါဟာရဖြင့် ဆိုရလျှင် မိမိတို့ လိုက်နာကျင့်သုံးနေကြသော ယဉ်ကျေးမှုများ၊ ဓလေ့များ၊ ထုံးတမ်းအစဉ်အလာများ၊ ကျင့်ဝတ်များ ဟူ၍ ဆိုရ၏။ ထို့ကြောင့် တစ်ပုဒ်တည်းသော စာကို ဖတ်ရာ၌ ရိုးရာယဉ်ကျေးမှုချင်း၊ ဓလေ့ချင်း၊ ထုံးတမ်းအစဉ်အလာချင်း၊ ကျင့်ဝတ်ချင်း ခြားနားပါက အသိဉာဏ်ချင်းလည်း ခြားနား၏။ ထို့ကြောင့် စာတစ်ပုဒ်တည်းကို ဖတ်ရာ၌ ဘာသာယဉ်ကျေးမှုအရ ဖြစ်စေ၊ ရိုးရာယဉ်ကျေးမှုအရဖြစ်စေ၊ လူမျိုးဓလေ့အရဖြစ်စေ၊ ရိုးရာထုံးထမ်းအစဉ်အလာအရ ဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကျင့်ဝတ်အရ ဖြစ်စေ ခြားနားသည်နှင့်အမျှ အသိဉာဏ်ချင်းလည်း ခြားနားသွားလေ၏။

အသိဉာဏ်ချင်း ခြားနားရာ၌ နောက်တစ်ကြောင်း ရှိသေး၏။ ယင်းအကြောင်းအရာကား အရေးကြီးသော အကြောင်းဖြစ်၏။ ထိုအကြောင်းကို ပဋိဘာန် ဟူ၍လည်းကောင်း၊ ပင်ကိုဉာဏ် ဟူ၍လည်းကောင်း၊ ပဋိသန္ဓေဉာဏ် ဟူ၍လည်းကောင်း၊ စရိုက် ဟူ၍လည်းကောင်း၊ ဉာဉ် ဟူ၍လည်းကောင်း ဆိုရ၏။ ယင်းကို ဥပါဒါန်လေးပါးတွင် အတ္တဝါဒုပါဒါန်၌ ထည့်သွင်းနိုင်၏။ အတ္တဒီပါ ဝိဟရထပုဒ် အဖွင့်၌ အတ္တာနာမ လောကိယ လောကုတ္တရော ဓမ္မော ဟူ၍ ဆိုကြောင်း မှတ်သားဖူး၏။ အတ္တ ဟူသည် မိမိတို့ အားကိုးစရာ လောကီ လောကုတ္တရာ တရားများပင် ဖြစ်၏။ ထို့ကြောင့် စာတစ်ပုဒ်ကို ဖတ်ရာ၌ ပင်ကိုဉာဏ် အထက်၊ အနံ့ ခြားနားသည်နှင့်အမျှ အသိချင်းလည်း ခြားနား၏။ စရိုက်ချင်း ခြားနားသည်နှင့်အမျှ အသိချင်းလည်း ခြားနား၏။ ဉာဉ်ကောင်း ဉာဉ်ဆိုး ခြားနားသည်နှင့်အမျှ အသိချင်းလည်း ခြားနား၏။

သို့ဖြစ်လေရာ စာကိုဖတ်ရာ၌ တစ်ယောက်တစ်မျိုးသာ သိနေကြမည် ဆိုပါက ဤလောက၌ အားလုံး သဘောတူလုပ်ငန်းများကို လုပ်၍ ရနိုင်စရာပင် မရှိတော့သလို ဖြစ်တော့မည် ဖြစ်၏။ လုပ်ငန်းဟူသမျှသည်လည်း အသိဉာဏ်ကို အခြေခံရသည်ချည်း ဖြစ်လေရာ ရှေးဦးစွာ တူညီသောအသိကို ရဖို့လို၏။ တူညီသော အသိ အပေါ်၌ အခြေတည်ပြီးမှ တူညီသောလုပ်ငန်းကို လုပ်၍ရကောင်းမည် ဖြစ်၏။ ထို့ကြောင့် တူညီသော အသိကို ရာဖို့လို၏။ တူညီသော အသိကို ရှာဖွေရာတွင် စာဖတ်နည်းကောင်း ရှိဖို့ လို၏။ စာဖတ်နည်းကောင်းသည် နေတ္တိကျမ်း၌ ရှိ၏။ ထိုစာဖတ်နည်းကောင်းကို နေတ္တိကျမ်း၌ ဝိဘတ္တိဟာရ ဟူ၍ ဆို၏။ ဝိဘတ္တိဟာရ ဟူသည် မဇ္ဈိမပဋိပဒါကျသော စာဖတ်နည်း ဖြစ်၏။ မဇ္ဈိမပဋိပဒါဟူ၍ ဆိုသည်နှင့် တစ်ပြိုင်နက် အစွန်းသဘောများသည် အလိုအလျောက် ရှိနေမည် ဖြစ်ကြောင်းကို သိရ၏။

မဇ္ဈိမပဋိပဒါ၏ သဘောမှာ အနုစ်သာရအားဖြင့် အစွန်းများကိုလည်း လွန်ရ၏။ အစွန်းကို လွန်ရုံနှင့်လည်း မပြီးသေး။ ယင်း၌ အစွန်းများသည် အသွင်အားဖြင့်လည်း ပါရ၏။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ၏ သဘောကို အကျဉ်းဆုံး ဆိုရလျှင် မဇ္ဈိမပဋိပဒါဟူသည် အနုစ်သာရအားဖြင့် အစွန်းကိုလည်း လွန်ရ၏။ သို့ရာတွင် ယင်း၌ အစွန်းသည် အသွင်အားဖြင့်လည်း ပါရ၏။ ဤသို့ ဆိုနိုင်၏။ မဇ္ဈိမပဋိပဒါသည် ဗုဒ္ဓစာပေသုံး ဝေါဟာရဖြစ်၏။ ယင်းကို ဒဿနစာပေ၌မူ ပါနကရသန္ဒာယ ဟူ၍ ဆို၏။ ပါနကရသ၏ အနက်မှာ ဖျော်ရည်အရသာ ဟူ၍ ဖြစ်၏။ ထို့ကြောင့် ပါနကရသန္ဒာယကို တိုက်ရိုက်ဆိုလျှင် ဖျော်ရည်အရသာ ထွက်အောင် ဆောင်ရွက်နည်းဟူ၍ ဖြစ်၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါနှင့်

ပါနကရသနျာယမှာ ဝေါဟာရအားဖြင့် ခြားနားစေကာမူ နောက်ဆုံး ဆိုလိုရင်း အနက်အားဖြင့်မူ တူလေ၏။

ထို့ကြောင့် မရှိမပဋိပဒါ၏ ဆိုလိုရင်းကို နားလည်စေရန် ဗျဉ္ဇနရသနျာယအရ ဟင်းအရသာပေါ်အောင် ဆောင်ရွက်နည်းဖြင့် နှိုင်းယှဉ်၍ဆိုလျှင် အပေါ်လွင်ဆုံး ဖြစ်ပေလိမ့်မည်။ ဟင်းချက်ရာတွင် ငရုတ်သီးလည်း ပါ၏။ ဆားလည်း ပါ၏။ ကြက်သွန်လည်း ပါ၏။ အချိုမှုန့်လည်း ပါ၏။ ငံပြာရည်လည်း ပါ၏။ ကြက်သားလည်း ပါ၏။ ယင်းတို့သည် တစ်ခုနှင့်တစ်ခု မတူခြားနား၏။ သို့ရာတွင် ဟင်းအမည် အနေဖြင့်ကား တူ၏။ ထို့ကြောင့် ကြက်သားဟင်းချက်ရာ၌ တူသော သဘောလည်း ပါ၏။ မတူသောသဘောလည်း ပါ၏။ တူသောသဘော ဟူသည်မှာ အားလုံး ဟင်းအမည် အနေဖြင့် တူညီမှု ဖြစ်၏။ မတူသောသဘော ဟူသည်မှာ ငရုတ်, ကြက်သွန်, ကြက်သား စသည်အားဖြင့် အချင်းချင်း မတူညီမှု ဖြစ်၏။ သို့ရာတွင် ဟင်းကောင်းအရသာ ပေါ်အောင် ချက်ရာ၌ကား တူမှုကိုလည်း လွန်ရ၏။ မတူညီမှုကိုလည်း လွန်ရ၏။ ထို့အပြင် အသွင်အားဖြင့် တူမှုလည်း ပါရ၏။ မတူမှုလည်း ပါရ၏။ သို့မှသာ ဟင်းကောင်းအရသာ ထွက်ပေါ်လာမည် ဖြစ်၏။

ဟင်းကောင်းအရသာတွင် ငရုတ်, ကြက်သွန် စသော ဟင်းအမည် တစ်ခုစီ တစ်ခုစီ၏ အရသာများသည် ပါဝင်ကြသည် မှန်သော်လည်း မထင်ရှား။ ဟင်းကောင်း အရသာ တစ်ခုတည်း အနေဖြင့်သာ ထင်ရှား၏။ ဤသဘောကိုပင် မတူမှုကိုလည်း အနှစ်သာရအားဖြင့် လွန်၏။ မတူမှုသည်လည်း အသွင်အားဖြင့် ပါဝင်သည်ဟူ၍ ဆိုခြင်း ဖြစ်၏။ အားလုံး အရသာများ ရောနှောသွားခြင်း သံယောဂသမ္ဗန္ဓ သဘောအရ "တူမှု"သည်လည်း ပါဝင်၏။ ရောနှောသွားရုံမျှမက တစ်သားတည်းဖြစ်သွားခြင်း သမဝါယသမ္ဗန္ဓ သဘောအရ "တူမှု"ကိုလည်း လွန်၏။ ဤသည်မှာ မရှိမပဋိပဒါအရ အစွန်းကိုလည်း လွန်၏၊ အစွန်းလည်း ပါဝင်၏ ဟူသော အဆို၏သဘော ဖြစ်၏။ ဆားနှင့်သကြား ရောနှောရုံမျှနှင့် ရောနှောခြင်းမျိုးကို "သံယောဂသမ္ဗန္ဓ"ဟု ဆို၏။ ရောနှောရုံမျှမက လိုအပ်သလို အပူပေးပြီး တစ်ခုတည်းသော အရသာရှိသော စားစရာကောင်း တစ်ခုအဖြစ်သို့ ရောက်သွားအောင် ဆောင်ရွက်ခြင်းကို "သမဝါယသမ္ဗန္ဓ"ဟု ဆို၏။ ဤသည်မှာ အများ တွေ့နေကျအတိုင်း ဟင်းကောင်းဥပမာဖြင့် မရှိမပဋိပဒါကို ရှင်းပြခြင်း ဖြစ်ပါ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် အားလုံး အစပ်တည့်အောင် ချက်နိုင်ပါမှ ဟင်းကောင်းဖြစ်၏။ ဟင်းကောင်းတွင် အားလုံး အရသာများကို ခွဲ၍ပြောရန် မတတ်ကောင်းအောင် တစ်ခုတည်းသော အရသာသည် ထွက်ပေါ်လာရ၏။ ယင်း

အရသာကား မူလပင်ကိုက မရှိဘဲ နောက်မှ အသစ်ထွက်ပေါ်လာသော "အရသာသစ်" ဖြစ်၏။ အားလုံး အစပ်တည့်အောင် မချက်နိုင်ပါက အရသာသစ် မပေါ်ထွက်ဘဲ ရှိရှိသမျှ ဟင်းအမည်များ၏ အရသာများကို စုပေါင်းထားသည့် မူလအရသာဟောင်း အတိုင်းပင် ရှိနေမည် ဖြစ်၏။ ထိုအခါ ထိုဟင်းမျိုးကို ဟင်းကောင်းဟူ၍ မဆိုတော့။

ဟင်းကောင်း ဥပမာအတိုင်းပင် ဝိဘတ္တိဟာရအရ စာကိုဖတ်ပါက မတူမှုဘေဒကိုလည်း တွေ့ရ၏။ ယင်းကိုလည်း လွန်ရ၏။ တူမှု အဘေဒကိုလည်း တွေ့ရ၏။ ယင်းကိုလည်း လွန်ရ၏။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ ဤပါဠိကို ဝိဘတ္တိဟာရနည်းဖြင့် ဖတ်ရှုပါက မတူမှု ဘေဒနှင့် တူမှု အဘေဒတို့ နှစ်မျိုးလုံး ပါဝင်သည်ကို လည်းကောင်း၊ တစ်ဖန် နှစ်မျိုးလုံးကိုပင် လွန်သည်ကိုလည်းကောင်း တွေ့ရမည် ဖြစ်၏။ ဝိဘတ္တိဟာရ ဟူသည်မှာ တူမှုနှင့် မတူမှုကို ဝေဖန်ခြင်း ဖြစ်၏။ ထိုသို့ ဝေဖန်ရာတွင် ဓမ္မကိုလည်း ဝေဖန်၏။ အကြောင်း ပဒဋ္ဌာန်ကိုလည်း ဝေဖန်၏။ ဖြစ်ရာ ဘူမိကိုလည်း ဝေဖန်၏။ ဤသို့ စေတနာ ဓမ္မကို ဝိဘတ္တိဟာရဖြင့် ဝေဖန်ပါလျှင် ဤသို့ တွေ့ရမည် ဖြစ်၏။

ဒါယကာ နှစ်ဦးတို့သည် ဒါနပြုကြ၏။ နှစ်ဦးလုံး ငွေကျပ်တစ်သိန်း ကုန်စီ ကျောင်းဆောက်ကြ၏။ သဒ္ဓါတရားချင်းလည်း တူ၏။ ဝါယာမစိုက်ချင်းလည်း တူ၏။ ဓမ္မိယလဒ္ဓချင်းလည်း တူ၏။ ဤသည်မှာ ဒါနပြုရာ၌ တူသော အဘေဒ ဖြစ်၏။ သို့ရာတွင် မတူသော ဘေဒလည်း ရှိ၏။ ဒါယကာတစ်ဦးက သံသရာချမ်းသာကို တောင့်တ၏။ အခြား ဒါယကာတစ်ဦးက သံသရာမှ လွတ်မြောက်ရာ သံသရာလွန် ချမ်းသာကို တောင့်တ၏။ ထို့ကြောင့် သံသရာချမ်းသာကို တောင့်တ၍ ပြုသောဒါနကို ဝဋ္ဋသိသဒါန ဟူ၍ ဆိုရ၏။ သံသရာလွန် ချမ်းသာကို တောင့်တ၍ပြုသော ဒါနကို ဝိဝဋ္ဋသိသ ဒါနဟူ၍ ဆိုရ၏။ ဝဋ္ဋသိသဒါနကြောင့် သံသရာချမ်းသာကို ရ၏။ ဝိဝဋ္ဋသိသဒါနကြောင့် နိဗ္ဗာန်ချမ်းသာကို ရ၏။ ဝိဘတ္တိဟာရနည်းဖြင့် စာကို မဖတ်ပါက ပါဠိ၏ အဓိပ္ပာယ်သည် ဤမျှသာ ဖြစ်၏။ သို့မဟုတ် ပြောရိုးဆိုစဉ်အတိုင်း စေတနာကိုသာ "ကံ"ဟူ၍ ဆို၏။ ကမ္မဟူသည် ဖလူပစာရစကား ဖြစ်၏။ ထို့ကြောင့် စေတနာမပါလျှင် "ကံ"မမြောက်။

အကယ်၍ ဝိဘတ္တိဟာရနည်းဖြင့် စာကိုဖတ်ပါက ပါဠိ၏အဓိပ္ပာယ်သည် ထိုထက် ပို၏။ ဝိဘတ္တိဟာရတွင် ဘေဒလည်း ပါ၏။ ဘေဒကိုလည်း လွန်၏။ အဘေဒလည်း ပါ၏။ အဘေဒကိုလည်း လွန်၏။ အဘယ်ကြောင့်ဆိုသော် ဝိဘတ္တိဟာရသည် မဇ္ဈိမပဋိပဒါ သဘောကို ဆောင်သောကြောင့် ဖြစ်၏။ မဇ္ဈိမပဋိပဒါ

သဘောအရ ဘေဒနှင့် အဘေဒ အစွန်းနှစ်မျိုးလုံးလည်း အသွင်အနေဖြင့် ပါရ၏။ ယင်းနှစ်မျိုးလုံးကိုလည်း အနှစ်သာရအနေဖြင့် ဘေဒါဘေဒါတီတ (ဘေဒ+အဘေဒ+အတီတ) သဘောအရ လွန်ရ၏။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ သဘောဖြစ်၏။

ဝိဘဇ္ဇဝါဒအရ ထိုဒါနကို မဇ္ဈိမပဋိပဒါ ဒါနအဖြစ် ယူပါက ဘေဒ ပါဝင်သောကြောင့် မိမိဒါနရှင် အနေဖြင့် ဝိဝဋ္ဋသီသ သဘောအရ နိဗ္ဗာန်ချမ်းသာကို ရ၏။ ထို့အပြင် ဘေဒကို လွန်သောကြောင့် မိမိသာမက မိမိရှိရာ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ချမ်းသာ၏။ ငြိမ်းချမ်း၏။ ဤသည်မှာ ဘေဒနှင့် ဘေဒါတီတ တို့ကြောင့် ဖြစ်၏။ ထို့အပြင် အဘေဒ ပါဝင်သောကြောင့် သံသရာချမ်းသာကို မတောင့်တစေကာမူ ဘဝ သမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကို ဝဋ္ဋသီသဒါနထက် မနိမ့်ကျဘဲ ရ၏။ ထို့အပြင် အဘေဒကို လွန်သောကြောင့် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိ တို့ကို မိမိအတွက် မသိမ်းပိုက်ဘဲ လောက၏ အကျိုးစီးပွားအတွက် အသုံးချ၏။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ကို စွန့်လွှတ်ရစေကာမူ ပူပန်သောက မဖြစ်။ ဤသည်မှာ အဘေဒနှင့် အဘေဒါတီတ တို့ကြောင့် ဖြစ်ပါ၏။ ဤသို့လျှင် စာတစ်ပုဒ်ကို ဝိဘဇ္ဇဝါဒဖြင့် လေ့လာဖတ်ရှုပါက ယင်းစာ၌ ဘေဒကို လည်းကောင်း၊ ဘေဒါတီတကို လည်းကောင်း၊ အဘေဒကို လည်းကောင်း၊ အဘေဒါတီတကို လည်းကောင်း ပေါ်လွင်စွာ တွေ့နိုင်၏။

မဇ္ဈိမပဋိပဒါဟူသည် အနှစ်သာရအားဖြင့် "ဘေဒါဘေဒါတီတ" သဘောအရ အစွန်းများကို လွန်ရသည်ချည်း ဖြစ်၏။ သို့ရာတွင် အစွန်းများသည် အသွင်သဏ္ဌာန်အားဖြင့်မူ မလွဲသာမရှောင်သာ ယင်း၌ ပါဝင်ကြရ၏။ သဘောအားဖြင့်လည်း အစွန်းရှိပါမှ အစွန်းကိုလွန်၍ ရနိုင်ပါ၏။

အရာဝတ္ထုများတွင် အနှစ်သာရနှင့် အသွင်သဏ္ဌာန်ဟူ၍ ရှိသကဲ့သို့ စာပေတွင်လည်း သဒ္ဒါနှင့် အနက်ဟူ၍ ရှိ၏။ ထိုသို့ ရှိရာတွင် သဒ္ဒါ(ဝါကျ)ကိုချည်း အလေးထားလွန်းပါက အစွန်းတစ်ဖက်သို့ ရောက်ရာကျ၏။ အနက်ကိုချည်း အလေးထားလွန်းပါကလည်း အစွန်းတစ်ဖက်သို့ ရောက်ရာကျ၏။ ထို့ကြောင့် အစွန်းနှစ်ဖက်မှ လွတ်အောင် စာပေကို ဖတ်ဖို့လို၏။ ထိုစာဖတ်နည်းကို နေတ္တိကျမ်းက ဝိဘဇ္ဇဝါဒ အမည်ဖြင့် ဖော်ပြထားခြင်း ဖြစ်၏။ ဝိဘဇ္ဇဝါဒဖြင့် စာပေကို လေ့လာဖတ်ရှုသောအခါ သဒ္ဒါကိုလည်း လွတ်၍မရ၊ သဒ္ဒါအလျောက် နေရာပေးရ၏။ အနက်ကိုလည်း လွတ်၍ မရ၊ အနက်အလျောက် နေရာပေးရ၏။ သို့ရာတွင် အစွန်းရောက်သည်အထိ နေရာမပေး။ ထို့အပြင် ဝိဘဇ္ဇဝါဒ၏ မူရင်း သွန်သင်ချက်အရ (သဒ္ဒ+အတ္ထ+အတီတ= ဘဒ္ဒတ္ထာ တီတ)အထိ ရောက်

အောင် နားလည်နိုင်ရန် အားထုတ်ဖို့လို၏။ သဒ္ဒတ္ထာတီတ ဟူသည်မှာ နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်သည်သာလျှင် သဒ္ဒါ(ဝါကျ)တို့ဖြင့် လည်းကောင်း၊ သဒ္ဒါ (ဝါကျ)၏ အနက်တို့ဖြင့် လည်းကောင်း (ဝါ) ဝေါဟာရတို့ဖြင့် လည်းကောင်း ပြည့်စုံစွာ ဖော်ပြရန် မတတ်ကောင်းသောကြောင့် သဒ္ဒါကိုလည်း လွန်သည် မည်၏။ သို့ရာတွင် "ဝါနတော နိက္ခန္တံ နိဗ္ဗာနံ"အရ ဆိုရလျှင် စာဖတ်သူများ၏ စိတ်အစဉ်၌ စာကိုဖတ်ခြင်းအားဖြင့် ယုတ်မာညစ်ညမ်းသော လောဘ, ဒေါသ, မာန်မာန တည်းဟူသော ကိလေသာများ မကပ်ရောက်နိုင်အောင်၊ အကယ်၍ ထိုထို ကိလေသာဆိုးများ ကပ်ရောက်နေပါကလည်း စာဖတ်သူများ၏ စိတ်အစဉ်မှ မောင်းထုတ်နိုင်အောင်၊ ထာဝစဉ် စာဖတ်သူများ၏ သန္တာန်၌ ဖြူစင်သော စိတ်များ သာ ဖြစ်ပွားနေအောင် အားထုတ်ရန် သိမြင်နားလည်လာခြင်းသည် သဒ္ဒတ္ထာတီတ ၏ ဆင့်ပွားအနက် ဖြစ်၏။ ဤသို့ နားလည်ပါမှလည်း နေတ္တိကျမ်းလာ ဝိဘတ္တိ ဟာရသည် မဇ္ဈိမပဋိပဒါအရ ဘေဒါ ဘေဒါတီတ (သို့မဟုတ်) သဒ္ဒတ္ထာတီတ ဖြစ်သော နိဗ္ဗာန်သဘောကို ပေါ်အောင် ဖော်ဆောင်နိုင်မည် ဖြစ်ပါ၏။

အမှန်အားဖြင့် ဝိဘတ္တိဟာရနှင့်အညီ စာကိုဖတ်ပါက စာဖတ်သူများ အနေဖြင့် နည်းနည်း တဏှာကင်းအောင် အားထုတ်နိုင်လျှင် နည်းနည်း နိဗ္ဗာန်ကို ရ၏။ များများ တဏှာကင်းအောင် အားထုတ်နိုင်လျှင် များများ နိဗ္ဗာန်ကို ရ၏။ အကြွင်းမဲ့ တဏှာကင်းအောင် အားထုတ်နိုင်လျှင် အကြွင်းမဲ့ နိဗ္ဗာန်ကို ရ၏။ အမှန်အားဖြင့် "သဒ္ဒတ္ထာတီတ" ဖြစ်သော နိဗ္ဗာန်ကို ပေါ်အောင် ဖော်ဆောင်နိုင် ရေးသည်သာလျှင် ဝိဘတ္တိဟာရ၏ မူရင်းတာဝန် ဖြစ်ပါ၏။

## စာဖတ်သူများ ၁၇

*ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿက သမ္မာဒိဋ္ဌိသည် သာသနာပနှင့် သာသနာတွင်း ဟူ၍ နှစ်မျိုးရှိ၏။ သာသနာပ အယူက အတ္တအပေါ် အခြေခံ၏။ သာသနာတွင်း အယူက အနတ္တအပေါ် အခြေခံ၏။*

စာဖတ်သူများသည် စာကို ဖတ်ကြသည်။ စာဖတ်သောအခါ စာ၏ အနက်ကို သိကြသည်။ စာ၏အနက်ကို သိသည်ဆိုသော်လည်း စာဖတ်သူတိုင်း စာ၏အနက်ကို အားလုံး တစ်ပြေးညီ သိကြသည်တော့ မဟုတ်။ မိမိတို့ ဉာဏ်အင်အား အလိုက်သာ သိကြခြင်း ဖြစ်၏။ ဉာဏ်အင်အားတွင်လည်း တစ်ဦးနှင့်တစ်ဦး တူကြသည် မဟုတ်။ စာဖတ်သူ၏ သန္တာန်၌ မသိစိတ်အဖြစ် ဆောင်ရွက်သော ဥပါဒါန်တရား လေးပါးတို့၏ ခြားနားမှုအလိုက် ဉာဏ်အင်အား ခြားနားသွားခြင်း ဖြစ်၏။

"ဥပါဒါနပစ္စယာ ဘဝေါ"အရ ဘဝဟူသည် ကမ္မဘဝအရ ဉာဏ်အင်အားပင် ဖြစ်၏။ ဥပါဒါန်သည် ဉာဏ်အင်အား၏ အကြောင်းဖြစ်၏။ ဥပါဒါန်၏ အနက်ကို ထိုထိုအဖွင့်အတိုင်း ရာနှုန်းပြည့် မဟုတ်စေကာမူ အနက်တို့၏ ပြောင်းလဲမှု အတ္ထာတိဿယနည်းအရ နားလည်သင့်သလောက် နားလည်အောင် ဆိုရလျှင် ဥပါဒါန်တွင် သံသရာတစ်လျှောက် မိမိကြီးပြင်းရာ ပတ်ဝန်းကျင်၏ စွမ်းအားလည်း ပါ၏။ ပတ်ဝန်းကျင် စွမ်းအားကို ကာမုပါဒါန်ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ကာမဟူသည် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့တို့ ဖြစ်လေရာ ပတ်ဝန်းကျင် ဟူသည်လည်း အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့တို့ ဖြစ်သဖြင့် ပတ်ဝန်းကျင်စွမ်းအားကို ကာမုပါဒါန် ဟူ၍ ဆိုခြင်း ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများ၏ ဉာဏ်အင်အားသည် ပတ်ဝန်းကျင် စွမ်းအားကိုလည်း လိုက်၏။ ဥပါဒါန်တွင် ပတ်ဝန်းကျင်၏ အတွေးအမြင် ဂယက်လည်း ပါ၏။ ယင်းကို ဒိဋ္ဌုပါဒါန်ဟူ၍ ဆိုရ၏။ ထို့ကြောင့် ဉာဏ်အင်အားသည် မိမိ ပတ်ဝန်းကျင်၏ အတွေးအမြင် ဂယက်ကိုလည်း လိုက်၏။ ဥပါဒါန်တွင် မိမိ လူမျိုး၏ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ၊ ဘာသာတရားများ၊ ထုံးတမ်းစဉ်လာ

များ အယူသီးမှုများလည်း ပါဝင်၏။ ယင်းကို သီလဗ္ဗတုပါဒါန် ဟူ၍ ဆိုရ၏။ ထို့ကြောင့် ဉာဏ်အင်အားသည် သီလဗ္ဗတုပါဒါန်ကိုလည်း လိုက်၏။ ဥပါဒါန်တွင် မိမိ၏ မွေးရာပါ ပင်ကို ပဋိသန္ဓေဉာဏ်၏ စွမ်းအင်လည်း ပါ၏။ အမှန်အားဖြင့် ပဋိသန္ဓေဉာဏ် ဟူသည် နောက်နောက် ဇောဉာဏ် (ဝါ) သိစိတ်များ၏ အထက်, အနန့်ကို ဖြစ်ပေါ်စေခြင်း၌ အားကြီးသော အကြောင်းဖြစ်၏။ မိမိ၏ အတ္တဝါဒ ဟူသည် ဆိုရလောက်အောင်ပင် အားကြီး၏။ ထို့ကြောင့် မိမိတို့၏ ဘဝအကျိုးပေး အရ မွေးရာပါ ပဋိသန္ဓေဉာဏ်ကို အတ္တဝါဒုပါဒါန် ဟူ၍ ဆိုရ၏။ ထို့ကြောင့် ဉာဏ်အင်အားသည် အတ္တဝါဒုပါဒါန်ကိုလည်း လိုက်၏။

စာဖတ်သူများသည် စာကို ဖတ်ကြ၏။ ထိုသို့ ဖတ်ရာတွင် စာသည် လည်းကောင်း၊ စာ၏အနက်သည် လည်းကောင်း မည်သူကဖတ်ဖတ် "ဒီစာ"နှင့် "ဒီအနက်" ပင် ဖြစ်၏။ ကွဲပြားခြားနားမှု မရှိ။ အားလုံးအတွက် အတူတူ တစ်မျိုး တည်း ဖြစ်၏။ သို့ပါလျက် အနက်ကို သိရာ၌ စာဖတ်သူအချင်းချင်း တစ်ဦးနှင့် တစ်ဦး မတူကြ။ အချို့က သဒ္ဒါနက်မျှကိုသာ သိ၏။ အချို့က တရားအနက် (ဝါ) ခန္ဓာအနက်ရောက်အောင် သိ၏။ ဤသို့ အသိချင်း ခြားနားသွား၏။ အသိ ချင်း ခြားနားသွားသည်မှာလည်း မိမိတို့ ဖတ်နေသော "စာ"နှင့် "အနက်"က ခြားနားသွားသောကြောင့် မဟုတ်။ စာဖတ်သူများ၏ ဉာဏ်အင်အားချင်း ခြားနား သွားသောကြောင့် ဖြစ်၏။ ဉာဏ်အင်အားချင်း ခြားနားသွားသည်မှာလည်း ဥပနိဿယပစ္စည်း အနေဖြင့် မိမိတို့ သံသရာတစ်လျှောက် တွေ့ကြုံခဲ့ရသော ဥပါဒါန်ချင်း ခြားနားသွားသောကြောင့် ဖြစ်၏။

မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားသော တရားတော်များကို နာကြားရသူချင်း အတူတူ အချို့က တရား၏အနက်ကို အဂ္ဂသာဝက သိဖြင့် သိ၏။ အချို့က တရား၏အနက်ကို မဟာသာဝက သိဖြင့် သိ၏။ အချို့က တရား၏အနက်ကို ပကတိ သာဝကသိဖြင့် သိ၏။ အချို့က တရား၏အနက်ကို သေက္ခသိဖြင့် သိ၏။ အချို့က တရား၏အနက်ကို ပုထုဇဉ်သိဖြင့် သိ၏။ ဤသို့ အသိချင်း ခြားနားသွားသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော တရားချင်း ခြားနားသောကြောင့် မဟုတ်။ "တရားကလည်း ဒီတရား၊ အနက်ကလည်း ဒီအနက်"ဘာမျှ ခြားနားခြင်း မရှိ။ တရားနာကြသူများ၏ အသိဉာဏ်အင်အားချင်း ခြားနားသွားသောကြောင့်သာ ဖြစ်၏။ အသိဉာဏ်အင်အား ခြားနားမှုကိုပင် ပါရမီ ချင်း ခြားနားမှု ဟူ၍လည်း ဆိုကြ၏။ ပါရမီချင်း ခြားနားမှုဟူသည်မှာ အမှန် အားဖြင့် သံသရာတစ်လျှောက် ထိုထိုသတ္တဝါတို့ တွေ့ကြုံခံစားရသော ဥပါဒါန်ချင်း ခြားနားမှုပင် ဖြစ်၏။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ဥပါဒါန်ချင်း ခြားနား

သောကြောင့် ကမ္မဘဝချင်း ခြားနားမှုဖြစ်၏။ ကမ္မဘဝ ဟူသည်မှာ ဓာဖြစ်၏။ ဓာဟူသည်မှာ ဉာဏ်အင်အားဖြစ်၏။ သို့ဖြစ်လေရာ စာဖတ်သူများသည် စာများကို ဖတ်ရာ၌ မိမိတို့ဖတ်သော စာအနေဖြင့် မခြားနားသော်လည်း သိမှုနယ်ပယ်၌မူ တစ်ဦးနှင့်တစ်ဦး မတူ။ အချင်းချင်း ခြားနား၏။ ထိုသို့ ခြားနားရာတွင် စာ၏ အနက်ကို သိရာ၌ အသေးစိတ် သိခြင်းကိုမူ တူအောင် အားထုတ်၍ မရကောင်းသော်လည်း အခြေခံသိခြင်းကိုမူ တူအောင် အားထုတ်၍ ရကောင်း၏။

စာများကိုဖတ်၍ စာ၏အနက်ကို သိရာ၌ အခြေခံသိခြင်းကို တူအောင် အားထုတ်သောနည်းကို နေတ္တိကျမ်း၌ "ပရိဝတ္တနဟာရ"ဟူ၍ ခေါ်၏။ ပရိဝတ္တန၏ အနက်မှာ ဖလှယ်ခြင်းဟူ၍ ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာအရ ဖလှယ်ခြင်းဟူသည်မှာ ကုသိုလ် ဖြစ်လျှင်ဖြစ်, ကုသိုလ်မဖြစ်လျှင် အကုသိုလ်ဖြစ်ခြင်းမျိုး ဖြစ်၏။ ဆန့်ကျင်ဘက် အစုံတို့တွင် တစ်ခုဖြစ်လျှင် အခြားတစ်ခု မဖြစ်သည့် သဘောကိုပင် ဖလှယ်ခြင်း ဟူ၍ ဆိုရ၏။

ပရိဝတ္တနဟာရအရ ဖလှယ်ရာတွင် သိစရာ အခြေခံအချက်မှာ သစ္စာလေးပါးပင် ဖြစ်၏။ "စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ" အရ မည်သည့်စာပေဖြစ်ဖြစ် သစ္စာလေးပါမှ လွတ်ရိုး မရှိ။ အားလုံး သစ္စာလေးပါး၌ ပါဝင်သည်ချည်း ဖြစ်၏။ ထို့ကြောင့် မိမိဖတ်သော စာ၏အနက်ကို သစ္စာလေးပါ၌ ပါဝင်အောင် သွင်းတတ်ဖို့သာ လို၏။ ထို့ကြောင့် စာများ ဖတ်သောအခါ သိစရာများနှင့် ပတ်သက်၍ အမျိုးမျိုး ခွဲလိုက်လျှင် အုပ်စုသုံးမျိုးသာ ရှိ၏။ အုပ်စုသုံးမျိုးမှာလည်း မကောင်းဘက်မှ သုံးမျိုးနှင့် ကောင်းဘက်မှ သုံးမျိုးဖြစ်၏။ ကောင်းဘက်မှ သုံးမျိုးမှာ ဒါန, သီလ, ဘာဝနာတို့ ဖြစ်ကြ၏။ ထိုတွင် ဒါနဟူသည်မှာ ပေးခြင်းဖြစ်၏။ အရင်းခံသဘောအားဖြင့် မိမိ၏ ကိုယ်ကျိုးကို စွန့်လွှတ်ခြင်း (ဝါ) အနာခံခြင်း ဖြစ်၏။ ယင်း၏ဆန့်ကျင်ဘက်မှာ မိမိ၏အကျိုးကို ရယူခြင်း (ဝါ) အသာစံခြင်း ဖြစ်၏။ သီလဟူသည်မှာ ကိုယ်ကျင့်ကို ထိန်းခြင်း ဖြစ်၏။ အရင်းခံသဘောအားဖြင့် သူတစ်ပါးဘက်မှ ကြည့်၍ စာနာထောက်ထားခြင်း ဖြစ်၏။ ယင်း၏ ဆန့်ကျင်ဘက်မှာ မိမိဘက်မှကြည့်၍ အနိုင်ကျင့်ခြင်း ဖြစ်၏။ ဘာဝနာ ဟူသည်မှာ စရိုက်ဆိုးများကို ပယ်သတ်နိုင်ရန် စရိုက်ကောင်းများကို မွေးမြူခြင်း ဖြစ်၏။ ယင်း၏ ဆန့်ကျင်ဘက်မှာ စရိုက်ကောင်းများ နေရာမရနိုင်အောင် စရိုက်ဆိုးများကို မွေးမြူခြင်း ဖြစ်၏။ သို့ဖြစ်၍ စာတစ်ပုဒ်ကို ဖတ်သောအခါ မည်သည့် စာမျိုးဖြစ်ဖြစ် ယင်းစာ၌ သိစရာ အခြေခံ အနက်များအနေဖြင့် အကောင်းဘက်မှ သုံးမျိုးနှင့် မကောင်းဘက်မှ သုံးမျိုးတို့သည် ပါဝင်ကြသည်ချည်း ဖြစ်၏။ ထိုသို့ ပါဝင်ရာတွင် တိုက်ရိုက်ပါဝင်သည်လည်း ရှိနိုင်၏။ သွယ်ဝိုက်၍ ပါဝင်သည်လည်း ရှိနိုင်၏။

မည်သို့ပင်ဖြစ်စေ စာကို ဖတ်သောအခါ စာ၌ ယင်းသဘောများကို မြင်အောင် ကြည့်တတ်ရမည် ဖြစ်၏။ ယင်းသို့ ကြည့်တတ်အောင်လည်း နေတ္တိကျမ်း ပရိဝတ္တန ဟာရ က လမ်းညွှန်ပေးလေ၏။

နာရီချိန်သီးသည် အစွန်းတစ်ဖက်မှ အခြားအစွန်းတစ်ဖက်သို့ သွားမြဲ ဖြစ်၏။ ထိုသို့ သွားရာ၌ အလယ်ဗဟိုချက်ကို ဖြတ်၍ သွားသည်ချည်းဖြစ်၏။ ဤသဘောအတိုင်းပင် ပရိဝတ္တနဟာရက ဘဝဖြစ်စဉ် ဟူသမျှသည် မဇ္ဈိမပဋိပဒါ ကို ဖြတ်၍ အစွန်း နှစ်ဖက်သို့ သွားကြောင်းကို သင်ပြ၏။ ဤသင်ပြချက်အရ စာကို ဖတ်သောအခါ အစွန်းနှစ်ဖက်နှင့် မဇ္ဈိမပဋိပဒါကို မြင်အောင်ကြည့်ရ၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါနှင့် အစွန်းနှစ်ဖက် "အန္တပဋိပဒါ"တို့သည် နယ်ပယ် တိုင်း၌ ရှိ၏။ လောကုတ္တရာ နယ်ပယ်၌လည်း ရှိ၏။ လောကီနယ်ပယ်၌လည်း ရှိ၏။ လောကီနယ်ပယ်တွင် စီးပွားရေး နယ်ပယ်၌လည်း ရှိ၏။ အခြား နယ်ပယ် များ၌လည်း ရှိ၏။ လောကုတ္တရာနယ်ပယ်တွင် ဝဋ္ဋသိသ နယ်ပယ်၌လည်း ရှိ၏။ ဝိဝဋ္ဋသိသ နယ်ပယ်၌လည်း ရှိ၏။ ဓမ္မအားလုံးကို အုပ်စုဖွဲ့လိုက်လျှင် ကုသိုလ်, အကုသိုလ်နှင့် အဗျာကတ ဟူ၍ သုံးမျိုးသာ ရှိသကဲ့သို့ လက်တွေ့ကျင့်စဉ်များ အားလုံးကို အုပ်စုဖွဲ့လိုက်လျှင်လည်း ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာ နုယောဂနှင့် မဇ္ဈိမပဋိပဒါဟူ၍ သုံးမျိုးသာ ရှိ၏။ ဤသည်မှာ ပရိဝတ္တနဟာရ အရ လက်တွေ့ကျင့်စဉ်များနှင့် ပတ်သက်၍ ဘဝဖြစ်စဉ်များကို ကြည့်လျှင် စာဖတ် သူတို့ မြင်အောင်ကြည့်ရမည့် လက်တွေ့ကျင့်စဉ် သုံးမျိုးတို့ ဖြစ်ကြ၏။ ထိုသုံးမျိုး တို့တွင် အစွန်းနှစ်ဖက်ကို ပယ်၍ မဇ္ဈိမပဋိပဒါ ကျင့်စဉ်အတိုင်း လက်တွေ့ လိုက်နာ ကျင့်သုံးရမည် ဖြစ်၏။

"ဒါနံ ဒေတိ=အလှူကို ပေး၏"ဟူရာ၌ သဒ္ဓါတရားအရ အလှူကို ပေးကြောင်းကို စာက တိုက်ရိုက်ဖော်ပြ၏။ သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့် မစ္ဆရိယတရားအရ အလှူကို မပေးကြောင်းကိုလည်း စာကပင် သွယ်ဝိုက်၍ ဖော်ပြ ၏။ ဤ၌ သဒ္ဓါနှင့် မစ္ဆရိယတို့ အချင်းချင်း ဖလှယ်ခြင်းဖြစ်၏။ ထိုအခါ မစ္ဆရိယကို အစွန်းတရားအနေဖြင့် ပယ်အပ်၏။ မစ္ဆရိယကို ပယ်လိုက်သောအခါ သဒ္ဓါတရား ဖြစ်ပေါ်လာ၏။ သို့ရာတွင် သဒ္ဓါတရား၌လည်း အစွန်းသဘောသည် ဝင်လာ၏။ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို လိုချင်၍ ဒါနကိုပြုခြင်း ဖြစ်ပါက ယင်းသို့ ပြုခြင်း သည် ဝဋ္ဋသိသသဘော ရှိသဖြင့် မိစ္ဆာပဋိပဒါ မည်၏။ မိစ္ဆာပဋိပဒါဟူသည် သာသနာပ ကျင့်စဉ်ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီကလည်း ဤကျင့်စဉ်မျိုး သည် လောက၌ ရှိသည်ပင် ဖြစ်၏။ ထို့ကြောင့် ကံနှင့် ကံ၏အကျိုးကို ယုံကြည် သော ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် သာသနာပနှင့် သာသနာတွင်း ဟူ၍ နှစ်မျိုး

ရှိ၏။ သာသနာပ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် အတ္တ အပေါ် အခြေခံ၏။ သာသနာတွင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် အနတ္တအပေါ် အခြေခံ၏။

ကမ္မဿကတာ သမ္မာဒိဋ္ဌိပင် ဖြစ်စေကာမူ အတ္တအပေါ် အခြေခံပြီး ဒါနပြုခြင်း ဖြစ်ပါက မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထူးခြားမှု မရှိသောကြောင့် ကာမသုခလ္လိကာနုယောဂ လမ်းစဉ်၌ပင် ဝင်၏။ အကယ်၍ မစ္ဆရိယကြောင့် ဒါနကိုပြုခြင်း မရှိပါကလည်း ဖြစ်လေရာ ဘဝတို့၌ စည်းစိမ်ဥစ္စာ ကင်းမဲ့သဖြင့် အတ္တကိလမထာနုယောဂ လမ်းစဉ်၌ပင် ဝင်၏။ ထို့ကြောင့် ထိုလမ်းစဉ်နှစ်မျိုးလုံးကို ပယ်အပ်၏။

လမ်းစဉ် နှစ်မျိုးလုံးကို ပယ်လိုက်သောအခါ မဇ္ဈိမပဋိပဒါ လမ်းစဉ်သာ ကျန်တော့၏။ ထို့ကြောင့် ဒါနကို ပြုသောအခါ မဇ္ဈိမပဋိပဒါ အရသာ ပြုအပ်၏။ မဇ္ဈိမပဋိပဒါအရ ဒါနကိုပြုခြင်း ဟူသည်မှာ ဘာအကျိုးကိုမှ မျှော်လင့်ခြင်းမရှိဘဲ သက်သက် ပေးချင်၍ ပေးခြင်းဖြစ်၏။ ယင်းသို့ပေးခြင်းသည် ဝိဝဋ္ဋသီသသဘော ရှိသဖြင့် သမ္မာပဋိပဒါ မည်၏။ ဘာအကျိုးကိုမှ မျှော်လင့်ခြင်းမရှိ ဟူသည်မှာ မိမိအတွက် တစ်စုံတစ်ရာ လောဘရမ္မက်ဖြင့် ရလိုခြင်း မရှိမှုကိုသာ ဆိုခြင်းဖြစ်၏။ ဤသည်ကိုပင် "ဝါနတော နိက္ခန္တံ"အရ ဝါနမည်သော လောဘကို သတ်ခြင်း ဖြစ်၏။ လောဘကို သတ်ခြင်းသည်ပင်လျှင် မိမိအတွက် အလွန်ကြီးမားသော အကျိုးကိုရခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် မလိုချင်ခြင်းသည်ပင်လျှင် အလွန်ကြီးမားသော လောဘမှ လွတ်မြောက်ခြင်း အကျိုးကိုရခြင်း ဖြစ်၏။ အကယ်၍ လူတစ်ယောက်အား ကူညီရာတွင် ဘာအကျိုးကိုမှ မျှော်မှန်းခြင်းမရှိဘဲ ကူညီချင်သော စိတ်သန့်သန့်ဖြင့် ကူညီခြင်းနှင့် တစ်စုံတစ်ရာကို မျှော်ကိုးပြီး ကူညီခြင်း နှစ်မျိုးတို့တွင် မည်သည့် ကူညီခြင်းက ပို၍ မြင့်မြတ်သော ကူညီခြင်း ဖြစ်လေသနည်း ဟူ၍ တစ်ဦးတစ်ယောက်က သင့်အား မေးခဲ့ပါလျှင် သင် မည်သို့ ဖြေမည်နည်း။ အကယ်၍ သင်ကိုယ်တိုင်က အကူအညီပေးခြင်း ခံရသူ ဖြစ်ပါလျှင် သင် မည်သို့ ဆုံးဖြတ်မည်နည်း။

ဗုဒ္ဓဒေသနာတော်အရ မည်သည့်အလုပ်ကို လုပ်လုပ် လောဘကို သတ်နိုင်ရေးသို့သာ ဦးတည်ရ၏။ လောဘကို သတ်နိုင်ခြင်းသည် သမုဒယသစ္စာကို ပယ်ခြင်း ဖြစ်၏။ လောဘကိုသတ်ခြင်း ဟူသည်မှာ ဘာမျှ မလုပ်ဘဲ ပျင်းရိနေခြင်း မျိုး မဟုတ်။ ပရိဝတ္တနဟာရနေတ္တိအရ ကြည့်လျှင် ဘာမျှ မလုပ်ဘဲ ပျင်းရိနေ ခြင်းသည်လည်း စည်းစိမ်မဲ့ကို ဖြစ်စေတတ်သဖြင့် အတ္တကိလမထာနုယောဂ၌ အကျုံးဝင်၏။ မိမိကိုယ်တိုင် သူဌေးကြီး ဖြစ်ချင်၍ နဖူးမှချွေး ခြေမ ကျအောင် လုပ်ခြင်းသည်လည်း မိမိရသော စည်းစိမ်ဥစ္စာများ၌ တွယ်တာမက်မောသဖြင့်

ကာမသုခလ္လိကာနုယောဂ၌ အကျုံးဝင်၏။ ထို့ကြောင့် စီးပွားရှာရာ၌လည်း ထိုနည်း နှစ်မျိုးလုံးပင် အစွန်းလမ်းစဉ် "အန္တပဋိပဒါ" ဖြစ်သဖြင့် ပယ်အပ်၏။ မဇ္ဈိမပဋိပဒါ အရသာ စီးပွားကို ရှာအပ်၏။ မဇ္ဈိမပဋိပဒါအရ စီးပွားကို ရှာသောအခါ နဖူးမှချွေး ခြေမ ကျအောင် အားထုတ်၍ ရှာအပ်၏။ ထိုသို့ရှာရာတွင် မိမိကိုယ်တိုင် သူဌေးကြီး ဖြစ်ချင်၍ ရှာခြင်းတော့ မဟုတ်။ လောကအတွက် အကျိုးပြုသောအားဖြင့် ပေးစွန့် ချင်၍ ရှာခြင်းသာ ဖြစ်၏။ အပြင် သဏ္ဌာန်အားဖြင့် နဖူးမှချွေး ခြေမ ကျအောင် အားထုတ်၍ ရှာချင်းတူသော်လည်း အတွင်းသရုပ်အားဖြင့် တစ်ခုသော ရှာခြင်းက အန္တပဋိပဒါအရ ရှာခြင်းဖြစ်၍ အခြား တစ်ခုသော ရှာခြင်းက မဇ္ဈိမပဋိပဒါအရ ရှာခြင်းဖြစ်၏။ ဤသို့လျှင် မိမိတို့လုပ်သော လုပ်ငန်းတိုင်း၌ သဘောအားဖြင့် ပါဝင်တတ်သော အန္တပဋိပဒါနှင့် မဇ္ဈိမပဋိပဒါတို့ကို ကြည့်တတ်အောင်ကြည့်ပြီး မြင်တတ်အောင် နေတ္တိကျမ်းလာ ပရိဝတ္တနဟာရက သင်ပြပေး၏။ ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်သောအခါ ပရိဝတ္တဟာရ နည်းအရ ဖတ်ခြင်း ဖြစ်ပါက မိမိဖတ်သော စာ၏အနက်နှင့် ပတ်သက်၍ အန္တပဋိပဒါ သဘောကို လည်း မြင်အောင် ကြည့်တတ်၏။ မဇ္ဈိမပဋိပဒါ သဘောကိုလည်း မြင်အောင် ကြည့်တတ်၏။

မိမိတို့ ဖတ်သော စာ၏အနက်နှင့် ပတ်သက်၍ မဇ္ဈိမပဋိပဒါ သဘောကို မြင်အောင် ကြည့်တတ်ပါမှ "စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ=သစ္စာလေးပါးမှ လွတ်သော စာမည်သည် မရှိ"ဟူသော အဆိုအမိန့်နှင့် ညီမည်ဖြစ်၏။ ထိုသို့ ညီမှလည်း စာဖတ်ရကျိုးနပ်မည် ဖြစ်၏။ သို့မဟုတ်ပါက ဗုဒ္ဓဘာသာဝင်များ စာဖတ်ခြင်းနှင့် အခြားဘာသာဝင်များ စာဖတ်ခြင်းတို့တွင် ထူးခြားမှု ဘာမျှ ရှိလိမ့်မည် မဟုတ်။ အမှန်အားဖြင့်တော့ ထူးခြားမှု ရှိပါ၏။ ထိုထူးခြားမှုကို မြင်အောင် ကြည့်တတ်ဖို့သာ လိုပါ၏။ အကယ်၍ ထူးခြားမှုကို မြင်အောင် မကြည့်တတ်ပါလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း အတွက်လည်း ကျေနပ်ဖွယ်ရာ ရှိလှမည် မဟုတ်။

စာကို ဖတ်သောအခါ ဒါနသဘောနည်းတူ သီလသဘောနှင့် ဘာဝနာ သဘောတို့ကို နားလည်ရာ၌လည်း အန္တပဋိပဒါနှင့် မဇ္ဈိမပဋိပဒါတို့ ပါဝင်ပုံကို နားလည်အောင် အားထုတ်အပ်၏။ "အလိမ္မာ စာမှာရှိ" ဟူသော အဆိုအမိန့် အတိုင်း စာတိုင်း၌ အလိမ္မာရှိသည် မှန်၏။ သို့ရာတွင် ထိုအလိမ္မာသည် အတ္တ သို့မဟုတ် အန္တပဋိပဒါကို အခြေခံသော အလိမ္မာလည်း ဖြစ်နိုင်၏။ အနတ္တ သို့မဟုတ် မဇ္ဈိမပဋိပဒါကို အခြေခံသော အလိမ္မာလည်း ဖြစ်နိုင်၏။ အတ္တ သို့မဟုတ် အန္တပဋိပဒါကို အခြေခံသော အလိမ္မာ ဟူသမျှသည် မိစ္ဆာပဋိပဒါချည်း

ဖြစ်၏။ လောကအတွက်လည်း မကောင်း၊ မိမိအတွက်လည်း မကောင်း။ မကောင်းရုံသာမက တစ်ခါတစ်ရံ မိမိအတွက်ရော လောကအတွက်ပါ ကြီးမားစွာသော အန္တရာယ်ကို ဖြစ်စေတတ်ပါ၏။ အနတ္တ သို့မဟုတ် မရွှိမပဋိပဒါကို အခြေခံသော အလိမ္မာမှုသာ သမ္မာပဋိပဒါ ဖြစ်သဖြင့် လောက အတွက်လည်း ကောင်း၏။ မိမိအတွက်လည်း ကောင်း၏။

ပရိဝတ္တနဟာရနည်းဖြင့် စာကို ဖတ်တတ်ပါက မည်သည့်စာကို ဖတ်ဖတ် ကိစ္စမရှိ။ မိမိအတွက်ရော လောကအတွက်ပါ အသုံးကျအောင် အသုံးချနိုင်၏။ ကျွမ်းကျင်သော သမားတော်သည် အဆိပ်ကိုလည်း ဆေးဖြစ်အောင် အသုံးချနိုင်၏။ ဆေးကိုမူ အထူးဆိုဖွယ် မရှိ။ အသုံးကျအောင် အသုံးချနိုင်သည်သာ ဖြစ်၏။ ရောဂါသည်များအတွက်သာ အဆိပ်နှင့်ဆေးကို ရွေးချယ်ပြီး အညွှန်းအတိုင်း အသုံးချနိုင်မှ အကျိုးရှိမည် ဖြစ်၏။ သို့မဟုတ်ပါက ဆေးသည်ပင် ဖြစ်စေဦးတော့၊ လွန်သွားပါက အဆိပ်ဖြစ်သွားမည် ဖြစ်၏။ ထို့ကြောင့် "တန်လျှင် ဆေး၊ လွန်လျှင် ဘေး"ဟူ၍ ဆိုရိုးပြုကြခြင်း ဖြစ်ဟန်ရှိ၏။

သတိပဋ္ဌာန်ဒေသနာတော် စိတ္တာနုပဿနာအရဆိုလျှင် အကုသိုလ်ဖြစ်ပါက အကုသိုလ်ဖြစ်မှန်း သိဖို့သာ အရေးကြီး၏။ အကုသိုလ် ဖြစ်သည့်အတွက် အရေးမကြီး။ အကုသိုလ်ကို အကုသိုလ်မှန်း သိလျှင်ပင် ယထာဘူတဉာဏ်ကို ရသည် မည်၏။ ယထာဘူတဉာဏ်ကိုရလျှင် ကြောက်စရာ မရှိတော့။ အကုသိုလ်ကို သင်္ခါရအနေဖြင့် ဖြစ်ပျက် ရှု၍ ရ၏။ အကုသိုလ်ဖြစ်စေ, ကုသိုလ်ဖြစ်စေ, အဗျာကတဖြစ်စေ လောကီ ပရမတ္ထတရားဟူက သင်္ခါရအနေဖြင့် ဖြစ်ပျက်ရှု၍ ရသည်ချည်း ဖြစ်၏။ ဖြစ်ပျက်ကို မြင်လျှင် ယင်းတို့၏ အပြစ်ကို မြင်၏။ ယင်းတို့၌ ငြီးငွေ့၏။ ယင်းတို့မှ လွတ်မြောက်လို၏။ ယင်းတို့၌ တပ်မက်ခြင်း ကင်း၏။ ဤသို့ ဉာဏ်စဉ်များသည် အဆင့်ဆင့် ဖြစ်ပေါ်ပြီး လောကမှ လွတ်မြောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပရိဝတ္တနဟာရသည် စာဖတ်သောအခါ စာဖတ်သူများအား ဤသို့လျှင် ယထာဘူတဉာဏ်ကို ရအောင် ပံ့ပိုးပေးနိုင်ပါ၏။ ထို့ကြောင့် စာပါ အကြောင်းအရာများသည် အကုသိုလ်အကြောင်းအရာ ဖြစ်စေ, ကုသိုလ်အကြောင်းအရာ ဖြစ်စေ, အဗျာကတ အကြောင်းအရာ ဖြစ်စေ မည်သည့်အကြောင်းအရာဖြစ်ဖြစ် ပရိဝတ္တနဟာရ နည်းဖြင့် စာကို ဖတ်တတ်ပါက စာဖတ်သူများသည် သံသရာမှ ထွက်မြောက်ရေးသို့ ဦးတည်သော လမ်းကြောင်းပေါ်၌ ရပ်မိလျက်သား ဖြစ်နိုင်ပါသဖြင့် နေ့တိုင်း ကျမ်းလာ "ပရိဝတ္တနဟာရ" စာဖတ်နည်းကို လေ့လာဖြစ်အောင် လေ့လာအပ်ပါ၏။

# စာဖတ်သူများ ၁၈

*စာဖတ်သူများသည် စာများကို ဖတ်တိုင်း အဝိစ္ဇာ၏ လှည့်ကွက်ကို မြင်အောင် ကြိုးပမ်းအပ်၏။ စာက ကောင်းတိုင်း စာရေးဆရာက ကိုယ်ကျင့်တရား ကောင်းချင်မှ ကောင်း၏။ တရားကို ဟောတိုင်း တရားရှိသူ ဟုတ်ချင်မှ ဟုတ်၏။*

စာဖတ်သူများသည် စာများကို ဖတ်ကြ၏။ ထိုသို့ ဖတ်သောအခါ မိမိတို့ ဖတ်လာသော စာများ၏ အကြောင်းအရာများကို အုပ်စုဖွဲ့လိုက်လျှင် အပိုင်းနှစ်ပိုင်း ရ၏။ ထိုအပိုင်း နှစ်ပိုင်းအနက် တစ်ခုသောအပိုင်းမှာ သတ္တိနှင့် ဆိုင်၏။ ယင်းကို အတွင်းသရုပ် ဟူ၍လည်း ဆိုကြ၏။ နောက်တစ်ပိုင်းမှာ ဗျတ္တိနှင့် ဆိုင်၏။ ယင်းကို အပြင် ပုံသဏ္ဌာန် ဟူ၍လည်း ဆိုကြ၏။ အမှန်အားဖြင့် စာဟူသမျှတွင် ဤအပိုင်းနှစ်ပိုင်းသည် ပါဝင်သည်ချည်း ဖြစ်၏။

ဤသဘောကို နားလည်နိုင်စေရန် သချ်ာဗေဒကို အာရုံစိုက်ထားဖို့လို၏။ သချ်ာတွင် သဘောတရားနှင့် မေးခွန်းများဟူ၍ နှစ်ပိုင်းပါဝင်၏။ သဘောတရားကို သင်ကြားတိုင်း မေးခွန်းများကို ထုတ်၍ သင်ကြားရ၏။ မေးခွန်းမပါဘဲ သဘောတရားကိုချည်း သင်၍မရ။ မေးခွန်းများ ပါရ၏။ ယင်းကို ပုစ္ဆာများဟူ၍လည်း ဆို၏။ မေးခွန်းများ ပါရခြင်းမှာလည်း သဘောတရားကို နားလည်စေလို၍ ဖြစ်၏။

တစ်ခုတည်းသော သဘောတရားမှ ပုစ္ဆာပေါင်း အသင်္ချေထွက်နိုင်၏။ သို့ရာတွင် ပုစ္ဆာပေါင်း အသင်္ချေကို အားလုံးလိုက်၍ လေ့လာရန် မလို။ ဖြစ်လည်း မဖြစ်နိုင်။ တစ်ခုတည်းသော သဘောတရားကို သဘောပေါက်သွားရုံသာ လေ့လာဖို့လို၏။ တစ်ခုတည်းသော သဘောတရားကို သဘောပေါက်၍ မှတ်မိသွားပြီဆိုလျှင် ပုစ္ဆာ အသင်္ချေကို မေ့ပစ်၍ ရ၏။ တစ်ခုတည်းသော သဘောတရားကို နားလည်၍ သဘောပေါက်သွားပြီဆိုလျှင် ပုစ္ဆာအသင်္ချေကို တွက်နိုင်၏။ သို့ရာတွင် ပုစ္ဆာများသည် ဘာမျှ အသုံးမကျသည်တော့ မဟုတ်။ သူ့နေရာနှင့်သူ အသုံးကျပါ၏။

တန်ဖိုးလည်း ရှိ၏။ အမှန်အားဖြင့် ပုစ္ဆာမှတစ်ဆင့် သဘောတရားကို နားလည်၍ သဘောပေါက်ရ၏။ ထို့ကြောင့် ပုစ္ဆာကို ပုစ္ဆာ၌ ရပ်မထားဘဲ သဘောတရား တိုင်အောင် သွားနိုင်မှ ပုစ္ဆာသည် အသုံးကျ၏။ တန်ဖိုးလည်း ရှိ၏။ အကယ်၍ ပုစ္ဆာကို ပုစ္ဆာသာ ရပ်ထားပါက ထိုပုစ္ဆာသည် သဘောတရားအတွက် အသုံးကျ လိမ့်မည် မဟုတ်။ တန်ဖိုးလည်း ရှိလိမ့်မည် မဟုတ်။ သို့ဖြစ်လေရာ ပုစ္ဆာကို ဖတ်တိုင်း ပုစ္ဆာ၏ နောက်ကွယ်၌ရှိသော သဘောတရားကို မြင်အောင် အားထုတ် ရ၏။ ပုစ္ဆာနှင့် သဘောတရားတို့၏ ဆက်နွှယ်မှုကို မြင်အောင် ကြည့်ရ၏။

အမှန်အားဖြင့် ပုစ္ဆာဟူသည် သဘောတရား၏ ပရိယာယ်များ ဖြစ်၏။ ဝေဝုစ်များ ဖြစ်၏။ ပရိယာယ်ကို သိပါမှ၊ ဝေဝုစ်ကို သိပါမှ ယင်းတို့၏ နောက် ကွယ်၌ ရှိသော သဘောတရားကို သိ၍ရ၏။ ဤလောက၌ မြင်ရတွေ့ရသော လောကဖြစ်စဉ် ဟူသမျှသည် သင်္ချာဝေါဟာရဖြင့် ပြောရလျှင် ပုစ္ဆာများ ဖြစ်၏။ သိပ္ပံဝေါဟာရဖြင့် ပြောရလျှင် အချက်အလက်များ ဖြစ်၏။ နေတ္တိဝေါဟာရဖြင့် ပြောရလျှင် ပရိယာယ်များ ဖြစ်၏။ ဝေဝုစ်များ ဖြစ်၏။ ဒဿနဝေါဟာရဖြင့် ပြောရလျှင် အပြင်ပုံသဏ္ဌာန်များ ဖြစ်၏။ ယင်းတို့၏ နောက်ကွယ်၌ သဘော တရား ဟူသည် ရှိ၏။ နိယာမဟူသည် ရှိ၏။ မူလပဓာန ဟူသည် ရှိ၏။ အတွင်း သရုပ်ဟူသည် ရှိ၏။ ဤသို့လျှင် စာတစ်ပုဒ်ကို ဖတ်တိုင်း အစုံလိုက် အစုံလိုက်ကို မြင်အောင် အားထုတ်ရ၏။

မူလပဓာနအားဖြင့် အဋ္ဌကလာပ်ရုပ်သည် တစ်မျိုးတည်း ဖြစ်၏။ ယင်း၏ ပရိယာယ်၊ ယင်း၏ ဝေဝုစ်အားဖြင့်မူ သစ်ပင်ရှိ၏။ သက်မဲ့ ရုပ်ဝတ္ထု များ ရှိ၏။ သစ်ပင်များသည်လည်း သူ့အမျိုးအစားနှင့်သူ အသချေ်ရှိ၏။ အနန္တ ရှိ၏။ သက်မဲ့ ရုပ်ဝတ္ထုများသည်လည်း သူ့အမျိုးအစားနှင့်သူ အသချေ်ပင် ရှိ၏။ အနန္တပင် ရှိ၏။ သို့ဖြစ်လေရာ ယင်းအသချေ် အနန္တတို့ကို ကုန်စင်အောင် မည်သို့ လျှင် လိုက်၍ လေ့လာနိုင်မည်နည်း၊ လိုက်၍ သိနိုင်မည်နည်း။ ထို့ကြောင့် အသချေ် အနန္တဖြစ်သော သက်ရှိသက်မဲ့ ရုပ်ဝတ္ထုများမှ အဋ္ဌကလာပ်ရုပ်ကို သိအောင် အားထုတ်ရ၏။ မူလပဓာနဖြစ်သော အဋ္ဌကလာပ် ရုပ်ကို မြင်ပြီဆိုလျှင် အသချေ် အနန္တဖြစ်သော ပရိယာယ်များကိုလည်း မြင်ပြီဖြစ်တော့၏။ တစ်ခုချင်း လိုက်၍ ကြည့်စရာ မလိုပါချေ။

ဒဿနစာပေ၌ "ဧကံ သတ် ဝိပြာ ဗဟုဓာ ဝဒန္တိ"။ ဧကံ၊ တစ်ခုတည်း သော။ သတ်၊ အရှိတရားကို။ ဝိပြာ၊ ပညာရှိတို့သည်။ ဗဟုဓာ၊ အမျိုးမျိုး။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဤအဆိုအရ လောကဟူသည်မှာ တစ်ခုတည်းလည်း ဟုတ်၏။ အမျိုးမျိုးလည်း ဟုတ်၏။ ဖြစ်တတ် ပျက်တတ်သော သဘောတရားအားဖြင့်

ဆိုလျှင် တစ်ခုတည်း ဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအားဖြင့်ဆိုလျှင် အမျိုးမျိုး ဖြစ်၏။ သို့ရာတွင် လူမိုက်တို့ကား အမျိုးမျိုးကိုသာ မြင်ကြကုန်၏။ တစ်ခုတည်းကို မမြင်။ ပညာရှိတို့သည်သာလျှင် တစ်ခုတည်းကို မြင်ကြ၏။ အမှန်အားဖြင့် အမျိုးမျိုး ဟူသည်မှာ တစ်ခုတည်း၏ ပရိယာယ်များသာ ဖြစ်၏။ တစ်ခုတည်း၏ ဝေဝုစ်သာ ဖြစ်၏။ ဤသို့လျှင် တစ်ခုတည်းနှင့် အမျိုးမျိုးတို့၏ ဆက်သွယ်မှုကို ပညာရှိတို့သည်သာ သိကြ၏။ လူမိုက်တို့ မသိကြ။ ထို့ကြောင့် တစ်ခုတည်းကို သိလျှင် အမျိုးမျိုးကို တစ်ခုစီတစ်ခုစီ လိုက်ကြည့်စရာ မလိုတော့ဘဲ အမျိုးမျိုးကို သိခြင်းကိစ္စ ပြီးလေ၏။ နေတ္တိကျမ်းအရဆိုလျှင် တစ်ခုတည်းကား မူလပဓာန ဖြစ်၏။ အမျိုးမျိုးကား မူလပဓာန၏ ပရိယာယ်ဖြစ်၏။ မူလပဓာန၏ ဝေဝုစ် ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများသည် စာတစ်ပုဒ်ကို ဖတ်တိုင်း စာ၏ မူလ ပဓာနကို သိအောင်လည်း အားထုတ်ရ၏။ ယင်း၏ ပရိယာယ် ဝေဝုစ်များကိုလည်း သိအောင် အားထုတ်ရ၏။ ထိုကဲ့သို့ သိအောင် အားထုတ်ခြင်း ဟူသည်မှာ မူလ ပဓာနနှင့် ပရိယာယ်ဝေဝုစ်တို့၏ ဆက်သွယ်မှုကို သိအောင် အားထုတ်ခြင်းပင် ဖြစ်၏။

စာများတွင် ဖော်ပြသော အကြောင်းအရာများကို အမြင်သုံးမျိုးဖြင့် မြင်အောင် ကြည့်ရ၏။ ယင်းအမြင်သုံးမျိုးတို့မှာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု (Material development)နှင့် ပတ်သက်သောအမြင်၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု (Mental development)နှင့် ပတ်သက်သော အမြင်၊ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု (Spiritual development)နှင့် ပတ်သက်သော အမြင်တို့ ဖြစ်ကြ၏။ ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်သောအမြင်ကို "သုတဒိဋ္ဌိ"ဟူ၍ခေါ်၏။ စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်သောအမြင်ကို "အနုမိတဒိဋ္ဌိ" ဟူ၍ ခေါ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်သော အမြင်ကို "သစ္စိကတဒိဋ္ဌိ" ဟူ၍ ခေါ်၏။

ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်သော အကြောင်းအရာသည် "သဒ္ဒတ္ထ" ဖြစ်၏။ ယင်းအကြောင်းအရာသည် စီးပွားဥစ္စာဆိုင်ရာကို ဖော်ပြသည် လည်း ရှိ၏။ အနုပညာရပ်များဆိုင်ရာကို ဖော်ပြသည်လည်း ရှိ၏။ အသိနှင့် အတတ်ပညာရပ်ဆိုင်ရာများကို ဖော်ပြသည်လည်း ရှိ၏။ တီထွင်ကြံဆမှုဆိုင်ရာ များကို ဖော်ပြသည်လည်း ရှိ၏။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာများကို ဖော်ပြသည် လည်း ရှိ၏။

သဒ္ဒတ္ထဖြင့် ဖော်ပြသော အကြောင်းအရာများသည် အကျဉ်းအားဖြင့် စုစုပေါင်း ငါးမျိုးသာရှိနိုင်၏။ ငါးမျိုးသာရှိရခြင်း အကြောင်းမှာလည်း လူ့ဘဝ

ဟူသည် ခန္ဓာငါးမျိုးဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်လေရာ ယင်းခန္ဓာငါးမျိုးတို့၏ စေ့ဆော်မှု အလိုက်သာ အကြောင်းအရာများကို ဖော်ပြနိုင်သောကြောင့် ဖြစ်ပါ၏။

ထိုငါးမျိုးတွင် စီးပွားဥစ္စာနှင့် သက်ဆိုင်သော အကြောင်းအရာသည် ရူပက္ခန္ဓာ၏ စေ့ဆော်မှုအရ ဖော်ပြရသော အကြောင်းအရာ ဖြစ်၏။ အနုပညာရပ်များနှင့် သက်ဆိုင်သော အကြောင်းအရာသည် ဝေဒနာက္ခန္ဓာ၏ စေ့ဆော်မှုအရ ဖော်ပြရသော အကြောင်းအရာ ဖြစ်၏။ အသိနှင့်အတတ် ပညာရပ်ဆိုင်ရာများနှင့် ပတ်သက်သော အကြောင်းအရာသည် သညာက္ခန္ဓာ၏ စေ့ဆော်မှုအရ ဖော်ပြရသော အကြောင်းအရာ ဖြစ်၏။ တီထွင်ကြံဆမှုနှင့် ပတ်သက်သော အကြောင်းအရာသည် သင်္ခါရက္ခန္ဓာ၏ စေ့ဆော်မှုအရ ဖော်ပြရသော အကြောင်းအရာ ဖြစ်၏။ ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်သော အကြောင်းအရာသည် ဝိညာဏက္ခန္ဓာ၏ စေ့ဆော်မှုအရ ဖော်ပြရသော အကြောင်းအရာ ဖြစ်၏။ အမှန်အားဖြင့် ဘဝဖြစ်စဉ်နှင့် ပတ်သက်သော အကြောင်းအရာဟူသမျှ အားလုံးသည် ဤခေါင်းစဉ်ငါးမျိုး အောက်၌ ဝင်သည်ချည်း ဖြစ်၏။ ထိုထက် ပိုလွန်ခြင်း ဟူ၍ မရှိနိုင်ချေ။

ဤအကြောင်းအရာ ငါးမျိုးသည် မိမိတို့ဖတ်သော စာပေတွင် တိုက်ရိုက်တွေ့မြင်နိုင်သောကြောင့် သဒ္ဒတ္ထမည်၏။ ဖွံ့ဖြိုးမှုသဘောအရဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၌ အကျုံးဝင်၏။ အမြင်အရ ဆိုရလျှင် သုတဒိဋ္ဌိဖြင့် ကြည့်၍ မြင်နိုင်၏။ သဒ္ဒတ္ထ၏နောက်ကွယ်၌ အကြောင်းအရာတစ်မျိုး ရှိသေး၏။ ယင်းအကြောင်းအရာကို စာပေ၌ တိုက်ရိုက် မတွေ့မြင်နိုင်။ ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့်သာ မြင်နိုင်၏။ ထို့ကြောင့် ထိုအကြောင်းအရာကို အဓိပ္ပာယတ္ထဟူ၍ ဆိုရ၏။ ဖွံ့ဖြိုးမှုသဘောအရဆိုလျှင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၌ အကျုံးဝင်၏။ အမြင်အရဆိုလျှင် အနုမိတဒိဋ္ဌိဖြင့် ကြည့်၍ မြင်နိုင်၏။ ထိုအပြင် ယင်းတို့၏နောက်၌လည်း အကြောင်းအရာတစ်မျိုး ရှိသေး၏။ ယင်းအကြောင်းအရာကား တိုက်ရိုက်တွေ့မြင်နိုင်သော အကြောင်းအရာလည်း မဟုတ်။ ထို့ကြောင့် သုတဒိဋ္ဌဖြင့် ကြည့်၍မရ။ ကြောင်းကျိုးဆင်ခြင်နိုင်ရုံမျှဖြင့်လည်း သဘောမပေါက်။ ထို့ကြောင့် အနုမိတဒိဋ္ဌိဖြင့်လည်း ကြည့်၍မမြင်။ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံ ခံစားခြင်းဖြင့်သာ သိနိုင်၏။ ထို့ကြောင့် ထိုအကြောင်းအရာကို ဘာဝတ္ထဟူ၍ ဆိုရ၏။ ဖွံ့ဖြိုးမှုသဘောအရ ဆိုရလျှင် ကိုယ်ကျင့်သိက္ခာဖွံ့ဖြိုးမှု၌ အကျုံးဝင်၏။ အမြင်အရ ဆိုရလျှင် သစ္စိကတဒိဋ္ဌိဖြင့် ကြည့်၍ မြင်နိုင်၏။ ဤသည်မှာ စာပေပါ အကြောင်းအရာတို့၏ အချင်းချင်း ဆက်စပ်မှု ဖြစ်၏။ ဤဆက်စပ်မှုများကို သူ့အမြင်နှင့်သူ ကြည့်မှ မြင်နိုင်၏။ မကြည့်တတ်လျှင် မမြင်။

ဥပမာအားဖြင့် အကြောင်းအရာ ငါးမျိုးအနက်မှ တစ်မျိုးဖြစ်သော

ဘာသာရေးဆိုင်ရာ စာပေတစ်ပုဒ်ကို ဖတ်ကြည့်သောအခါ ယင်းစာပေ၌ ကုသိုလ်နှင့် အကုသိုလ် အကြောင်းအရာကို ပြည့်စုံစွာ ရေးသားဖော်ပြထားလျှင် ယင်းသို့သော ဖော်ပြထားချက်ကို သုတဒိဋ္ဌိဖြင့် ကြည့်၍မြင်နိုင်၏။ သုတဒိဋ္ဌိဖြင့် ကြည့်၍မြင်ရသမျှသည် သဒ္ဒတ္ထချည်း ဖြစ်၏။ သဒ္ဒတ္ထဟူသည်မှာလည်း ခေတ်တစ်ခုနှင့်တစ်ခု မတူချေ။ ထိုသို့ မတူခြင်းမှာ သဒ္ဒတ္ထအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအသွင်ကို ဆောင်ရလေသောကြောင့် ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု ဟူသမျှသည်လည်း တစ်ခေတ်နှင့်တစ်ခေတ် တူညီသော သဘော မရှိဘဲ တစ်ခေတ်ထက်တစ်ခေတ် ပို၍ ဆန်းပြားလေ၏။ ပို၍ ဆန်းပြားသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည်လည်း ပို၍ပို၍ ပြည့်စုံလာ၏။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ ပို၍ပို၍ ပြည့်စုံလာခြင်း ဆိုသည်မှာ တစ်ခေတ်ထက်တစ်ခေတ် အသိများ ပို၍ပို၍ ပြည့်စုံလာခြင်းနှင့် ဗဟုသုတများ ပို၍ပို၍ ကြွယ်ဝလာခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးချက်များသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအပေါ် အခြေတည်၏။ ဆိုလိုရင်းမှာ ဗဟုသုတကြွယ်ဝလေ အရေးအသားနှင့် အတင်အပြ ကောင်းလေဖြစ်၏။ အကြောင်းအရာကတော့ ထူးခြားသည် မဟုတ်။ အတင်အပြသာ ထူးခြားခြင်း ဖြစ်၏။ အတင်အပြ ထူးခြားခြင်းမှာလည်း ဗဟုသုတထူးခြားခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့် အတင်အပြ ထူးခြားမှုဟူသမျှသည် ဗဟုသုတ ထူးခြားခြင်း၏ ပရိယာယ်ဝေဝစ်များသာ ဖြစ်၏။ ထိုအခါ ဗဟုသုတ ထူးခြားမှုသည် မူလပဓာန ဖြစ်၍၊ အတင်အပြ ထူးခြားမှုသည် ယင်း၏ ပရိယာယ်ဝေဝစ် ဖြစ်လေ၏။

ဘာသာရေးစာပေအရ ကုသိုလ်က ဘယ်သို့၊ အကုသိုလ်က ဘယ်လိုဟူ၍ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရခြင်းအားဖြင့် ထိုစာကို ရေးသားသော စာရေးဆရာသည် တကယ်ပင် ကိုယ်ကျင့်သိက္ခာကောင်းသူ ဖြစ်သည်ဟူ၍ မဆိုနိုင်။ သို့ရာတွင် ဗဟုသုတကြွယ်ဝသူ ပညာရှင်ဟူ၍ကား ဆိုနိုင်ပါ၏။ အမှန်အားဖြင့် မိမိဖတ်ရသော စာသည် သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထသာ ဖြစ်၏။ မိမိသိသော အသိသည်လည်း သုတဒိဋ္ဌိနှင့် အနုမိတဒိဋ္ဌိဖြင့် ရသော အသိသာဖြစ်၏။ ထိုအနက် ထိုအသိဖြင့် စာရေးဆရာ၏ ကိုယ်ကျင့်သိက္ခာကို ဆုံးဖြတ်၍မရ။ စာရေးဆရာ၏ ကိုယ်ကျင့်သိက္ခာကို ဆုံးဖြတ်၍ ရသော အသိအမြင်ကား သစ္စိကတဒိဋ္ဌိဖြင့် ရသော အသိအမြင်သာ ဖြစ်၏။

ထို့ကြောင့် ကုသိုလ်၊ အကုသိုလ် အကြောင်းအရာများဖြင့် ရွှန်းရွှန်းဝေအောင် ရေးသားဖော်ပြထားသော ဘာသာရေးစာပေများကို ဖတ်ရတိုင်း ထိုစာရေးဆရာကို ကိုယ်ကျင့်သိက္ခာကောင်းသူ ဟူ၍ ပြောလို့မဖြစ်။ ရွှန်းရွှန်းဝေအောင် ရေးသားတင်ပြထားခြင်း မရှိသော ဘာသာရေးစာပေများ၏ စာရေးဆရာများ

ကလည်း ကိုယ်ကျင့်သိက္ခာကောင်းသူများ ဖြစ်ချင် ဖြစ်နေတတ်၏။ ကိုယ်ကျင့်သိက္ခာကောင်းသူ ဖြစ်ခြင်းနှင့် မဖြစ်ခြင်းမှာ သူ ရေးသားတင်ပြထားသော စာပေများ၌ချည်း တည်သည်မဟုတ်။ ယင်းစာပေများ၏ နောက်ကွယ်၌ရှိသော သူ၏ အမြင်ကိုပါ စာဖတ်သူများက မြင်အောင် အားထုတ်၍ ကြည့်တတ်ပါမှ စာရေးဆရာ၏ ကိုယ်ကျင့်သိက္ခာကို ဆုံးဖြတ်နိုင်၏။ အမှန်အားဖြင့် စာရေးဆရာများ အနေဖြင့် ဘာကိုပဲရေးရေး၊ တရားဟောဆရာများ အနေဖြင့်လည်း ဘာကိုပဲ ဟောဟော သူတို့ရေးသမျှ၊ သူတို့ဟောသမျှ၏ ကောင်းခြင်းနှင့် မကောင်းခြင်းသည် သူတို့၏ စာပေသဘောအရ အရည်အချင်း ပြည့်ဝမှုနှင့် မပြည့်ဝမှု အပေါ်၌ တည်၏။ သူတို့၏ ကိုယ်ကျင့်သိက္ခာ ကောင်းမှုနှင့် မကောင်းမှု အပေါ်၌ မတည်။ အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာ မကောင်းသူကလည်း စာပေအရည်အချင်း ရှိလျှင် စာကောင်းပေကောင်းကို ရေးသားတင်ပြနိုင်၏။ ကိုယ်ကျင့်သိက္ခာ ကောင်းသူများပင် ဖြစ်စေ စာပေအရည်အချင်းနှင့် မပြည့်စုံလျှင် စာကောင်းပေကောင်းကို ရေးသား တင်ပြနိုင်မည် မဟုတ်။ ထိုသို့ ဖြစ်ရခြင်းမှာ စာပေ၏ သဒ္ဒတ္ထနှင့် အဓိပ္ပာယတ္ထသည် လည်းကောင်း၊ စာရေးဆရာ၏ သုတဒိဋ္ဌိနှင့် အနုမိတဒိဋ္ဌိသည် လည်းကောင်း အဝိဇ္ဇာ၏ နယ်ပယ်အတွင်း၌ အနုလောမ သဘောအရ ရှိနေသော ကြောင့် ဖြစ်လေ၏။ အဝိဇ္ဇာကား စွမ်းပါ၏။ ၃၁ ဘုံလုံးကို ဖန်ဆင်းနိုင်၏။

အဝိဇ္ဇာတွင် သတ္တိ နှစ်မျိုးရှိ၏။ တစ်ခုသောသတ္တိမှာ "ဝိက္ခေပသတ္တိ" ဖြစ်၏။ အခြားတစ်ခုသော သတ္တိမှာ "အာဝရဏသတ္တိ"ဖြစ်၏။ ဝိက္ခေပသတ္တိ ဟူသည်မှာ "ဖော်"သော သတ္တိဖြစ်၏။ ယင်း ဝိက္ခေပသတ္တိဖြင့် အာရုံပိုင်း၌လည်း ဖော်၏။ အာရုံပိုင်း၌ ဖော်သောအခါ "ဉေယျဝိက္ခေပ"ဟု ခေါ်၏။ အာရမ္မဏိက ပိုင်း၌လည်း ဖော်၏။ အာရမ္မဏိကပိုင်း၌ ဖော်သောအခါ "ဉာဏဝိက္ခေပ"ဟု ခေါ်၏။ အာဝရဏသတ္တိ ဟူသည်မှာ "ဖုံး"သော သတ္တိဖြစ်၏။ ယင်းသတ္တိဖြင့် အာရုံပိုင်း၌လည်း ဖုံး၏။ အာရုံပိုင်း၌ ဖုံးသောအခါ "ဉေယျာဝရဏ"ဟု ခေါ်၏။ အာရမ္မဏိကပိုင်း၌လည်း ဖုံး၏။ အာရမ္မဏိကပိုင်း၌ ဖုံးသောအခါ "ဉာဏာဝရဏ" ဟု ခေါ်၏။ ဤသို့လျှင် အဝိဇ္ဇာသည် သတ္တိနှစ်မျိုးစီဖြင့် ဖော်လည်း ဖော်၏။ ဖုံးလည်း ဖုံး၏။

အဝိဇ္ဇာသည် အာရုံပိုင်း၌ ဖော်သောအခါ "မဟုတ်"ကို "အဟုတ်"ထင်ရအောင် ဖော်၏။ "ဓမ္မ"ကို "အဓမ္မ"ထင်ရအောင် ဖော်၏။ "အမှား"ကို "အမှန်" ထင်ရအောင် ဖော်၏။ အာရမ္မဏိကပိုင်း၌ ဖော်သောအခါ "မဟုတ်"ကို "အဟုတ်" ဟူ၍ မြင်လာအောင် ဖော်၏။ "အဓမ္မ"ကို "ဓမ္မ"ဟူ၍ မြင်လာအောင် ဖော်၏။ "အမှား" ကို "အမှန်"ဟူ၍ မြင်လာအောင် ဖော်၏။ ထို့အပြင် အဝိဇ္ဇာသည်

အာရုံပိုင်း၌ ဖုံးသောအခါ "မဟုတ်"ကို "အဟုတ်"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ "အဟုတ်" ကိုလည်း "အဟုတ်"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ "အဝမ္မ"ကို "အဝမ္မ"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ "ဝမ္မ"ကို "ဝမ္မ"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ "အမှား" ကို "အမှား"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ "အမှန်"ကို "အမှန်"အနေဖြင့် ပေါ်မလာအောင် ဖုံး၏။ အာရမ္မဏိကပိုင်း၌ ဖုံးသောအခါ "မဟုတ်"ကို "မဟုတ်"မှန်း မသိရအောင် ဖုံး၏။ "အဟုတ်"ကို "အဟုတ်"မှန်း မသိရအောင် ဖုံး၏။ "အဝမ္မ"ကို "အဝမ္မ"မှန်း မသိရအောင် ဖုံး၏။ "ဝမ္မ"ကို "ဝမ္မ" မှန်း မသိရအောင် ဖုံး၏။"အမှား"ကို "အမှား"မှန်း မသိရအောင် ဖုံး၏။ "အမှန်"ကို "အမှန်"မှန်း မသိရအောင် ဖုံး၏။

သို့ဖြစ်လေရာ စာဖတ်သူများသည် စာများကိုဖတ်တိုင်း အဝိဇ္ဇာ၏ လှည့်ကွက်ကို မြင်အောင် ကြိုးပမ်းအပ်၏။ စာက ကောင်းတိုင်း စာရေးဆရာက ကိုယ်ကျင့်သိက္ခာ ကောင်းချင်မှ ကောင်း၏။ အလိုရမ္မက်ကြီးသူလည်း ဖြစ်နိုင်၏။ တရားကို ဟောတိုင်း တရားဟောဆရာက တရားရှိသူ ဟုတ်ချင်မှ ဟုတ်၏။ အတ္တသမားလည်း ဖြစ်နိုင်၏။ စာက မကောင်းသော်လည်း စာရေးဆရာက ကိုယ်ကျင့်သိက္ခာကောင်းသူ ဖြစ်ချင် ဖြစ်နေတတ်၏။ တရားကို မဟောသော်လည်း တရားရှိသူ ဖြစ်ချင် ဖြစ်နေတတ်၏။ ဤသည်မှာ အဝိဇ္ဇာ၏ လှည့်ကွက်ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများသည် စာများကို ဖတ်ရာ၌ အဝိဇ္ဇာ၏ လှည့်ကွက်ကို မြင်အောင် ကြည့်အပ်၏။ ထိုသို့ ကြည့်ရာ၌ ကျေးဇူးများသော စာဖတ်နည်းမှာ နေတ္တိကျမ်းလာ ဝေဝစနဟာရအရ စာကို ဖတ်နည်းဖြစ်ပါ၏။

ထိုစာဖတ်နည်းဖြင့် စာကိုဖတ်လေသော် မိမိ ဖတ်သောစာ၏ ကြားရသော အနက်မှသည် မကြားရသော အနက်တိုင်အောင် သိ၏။ မြင်ရသော အနက်မှသည် မမြင်ရသော အနက်တိုင်အောင် သိ၏။ အာရုံအနက်မှသည် အာရမ္မဏိက အနက် တိုင်အောင် သိ၏။ ဗဟိဒ္ဓအနက်မှသည် အဇ္ဈတ္တအနက်တိုင်အောင် သိ၏။ ဂါထာ တစ်ပုဒ်ကို နာကြားရင်း ဖြစ်ပျက်အနက်မှ ဖြစ်ပျက်ဆုံးအနက်တိုင်အောင် ခန္ဓာဉာဏ်ရောက် သဘောဖြင့် သိ၍ အရိယာဖြစ်သွားသည်မှာ ဤဝေဝစနဟာရ အရ တရားတော်ကို နာကြားသောကြောင့် ဖြစ်၏။

ထို့ကြောင့် စာဖတ်သူများသည် စာများကို ဖတ်ရာ၌ဖြစ်စေ၊ တရားဒေသနာများကို နာကြားရာ၌ဖြစ်စေ မူလပဓာနနှင့် ပရိယာယ်ဝေဝုစ်၊ သို့မဟုတ် အတွင်းသရုပ်နှင့် အပြင်ပုံသဏ္ဍာန်တို့၏ ဆက်သွယ်မှုကို သိပြီး အဝိဇ္ဇာ၏ လှည့်ကွက်ကို အမှန်အတိုင်း မြင်နိုင်ရန် နေတ္တိကျမ်းလာ ဝေဝစနဟာရကို သဘောပေါက်နားလည်အောင် လေ့လာအပ်ပါ၏။

## စာဖတ်သူများ ၁၉

*စာဖတ်သူများသည် စာကို ဖတ်ကြရာ၌ ယထာဘူတကျသော အသိကိုမှ မရပါလျှင် စာဖတ်ခြင်းဖြင့် ဘာအကျိုးရှိပါတော့မည်နည်း။*

စာဖတ်သူများသည် စာကို ဖတ်ကြသည်။ စာဖတ်သောအခါ အကြောင်းအရာကို သိ၏။ ထိုကြောင့် စာတွင် အကြောင်းအရာသည် ပါဝင်၏။ အကြောင်းအရာ ပါဝင်သော်လည်း အကြောင်းအရာသက်သက်မျှကိုသာ စာရေးသူက စာဖတ်သူများအား ပြောပြလိုသည် မဟုတ်။ စာရေးသူ၌ ရည်ရွယ်ချက်ရှိ၏။ ထိုရည်ရွယ်ချက်ကို စာရေးသူက စာဖတ်သူအား ပြောပြလိုရင်း ဖြစ်၏။

ရည်ရွယ်ချက်ကို ပြောရာ၌ အချိန်အခါနှင့် အခြေအနေကိုလည်း လိုက်ရသေး၏။ အချိန်အခါနှင့် အခြေအနေကို မကြည့်ဘဲ မိမိ ပြောချင်သလို ပြော၍ မဖြစ်။ ထို့ကြောင့် အကြောင်းအရာ၌ အချိန်အခါနှင့် အခြေအနေ သဘောသည်လည်း ပါဝင်ရသေး၏။ ထို့အပြင် စာဖြင့် အကြောင်းအရာကို ပြောရာ၌ အကျိုးသင့် အကြောင်းသင့် သဘောလည်း ပါရသေး၏။ အကျိုးသင့် အကြောင်းသင့် ပြောပါမှ စာဖတ်သူများက စာရေးသူ၏ ရည်ရွယ်ချက်ကို လက်ခံစဉ်းစားမည် ဖြစ်၏။

ထို့ကြောင့် အကြောင်းအရာတွင် အကျိုးသင့် အကြောင်းသင့် သဘောလည်း လိုအပ်သည်ပင် ဖြစ်၏။ ထို့အပြင် အကြောင်းအရာကို ပြောရာ၌ ပြကွင်းပြကွက်သည်လည်း လိုအပ်သည်ပင် ဖြစ်၏။ ယင်းကို "ချဉ်းကပ်ထောင့်" ဟူ၍ ဆိုရ၏။ အကြောင်းအရာတစ်ရပ်ကို အရင်းရှင်ထောင့်က ချဉ်းကပ်လျှင် တစ်မျိုးဖြစ်၏။ ဗုဒ္ဓဘာသာ ထောင့်က ချဉ်းကပ်လျှင် တစ်မျိုးဖြစ်၏။ ကွန်မြူနစ်ဝါဒထောင့်က ချဉ်းကပ်လျှင် တစ်မျိုးဖြစ်၏။ ထို့ကြောင့် အကြောင်းအရာကို ပြောပြ

ရာ၌ ချဉ်းကပ်ထောင့်သည်လည်း အရေးကြီးသည်ပင် ဖြစ်၏။ ထို့အပြင် အကြောင်းအရာ တစ်ရပ်ကို ပြောပြရာ၌ ရှေ့နှင့်နောက် ညီညွတ်ဖို့လည်း လို၏။ ရှေ့နှင့်နောက် ညီညွတ်မှ တစ်ဖြောင့်တည်း ကျ၏။ တစ်ဖြောင့်တည်း ကျပါမှ သစ္စာနှင့် ယှဉ်သည် မည်၏။

အမှန်အားဖြင့် မည်သည့်စာကို ရေးသည်ဖြစ်စေ၊ ယင်းစာ၌–

(၁) အကြောင်းအရာ၊ (၂) ရေးသူ၏ ရည်ရွယ်ချက်၊ (၃) ခေတ်အခြေအနေ၊ (၄) အကျိုးအကြောင်း ဆင်ခြင်မှု၊ (၅) ချဉ်းကပ်ထောင့်၊ (၆) ရှေ့နှင့်နောက် ညီညွတ်မှု ဟူ၍ အနည်းဆုံး အစိတ်အပိုင်းများသည် ၆ မျိုးပါဝင်ဖို့ လိုပါ၏။

ထို ၆ မျိုးတွင် ချဉ်းကပ်ထောင့်သည် အရေးကြီး၏။ ချဉ်းကပ်ထောင့် အလိုက်သာ အကြောင်းအရာကို မြင်ရ၏။ အကြောင်းအရာကို သိရ၏။ ချဉ်းကပ်ထောင့်ကို ပါဠိဝေါဟာရအားဖြင့် "ပဋိပဒါ"ဟူ၍ ခေါ်၏။

ပဋိပဒါဟူသည် အစွန်းရောက် ချဉ်းကပ်မှု "အန္တပဋိပဒါ"လည်း ရှိ၏။ အလယ်အလတ် ချဉ်းကပ်မှု "မဇ္ဈိမပဋိပဒါ"လည်း ရှိ၏။

တစ်နည်းအားဖြင့် အစုန်ချဉ်းကပ်မှု "အနုလောမ ပဋိပဒါ"လည်း ရှိ၏။ အဆန်ချဉ်းကပ်မှု "ပဋိလောမ ပဋိပဒါ"လည်း ရှိ၏။

နောက်တစ်နည်းအားဖြင့် အဝိဇ္ဇာဖြင့် ချဉ်းကပ်မှု "မိစ္ဆာပဋိပဒါ"လည်း ရှိ၏။ ဝိဇ္ဇာဖြင့် ချဉ်းကပ်မှု "သမ္မာပဋိပဒါ"လည်း ရှိ၏။

အမှန်အားဖြင့် အကြောင်းအရာတစ်ရပ်သည် ချဉ်းကပ်မှုကိုလိုက်၍ သာယာဖွယ် "အဿာဒ"ကိုလည်း ဆောင်နိုင်၏။ မသာယာဖွယ် အပြစ်အနာအဆာ "အာဒီနဝ"ကိုလည်း ဆောင်နိုင်၏။ ယင်းတို့မှ လွတ်မြောက်ရာ "နိဿရဏ" ကိုလည်း ဆောင်နိုင်၏။

ထို့ကြောင့် အကြောင်းအရာတစ်ရပ်ကို လေ့လာရာ၌ ချဉ်းကပ်ထောင့် ပဋိပဒါသည် များစွာ အရေးကြီးပါ၏။ သို့ဖြစ်လေရာ စာဖတ်သူများသည် စာများကို ဖတ်ကြလေတိုင်း ချဉ်းကပ်ထောင့်မှနေ၍ အကြောင်းအရာကို အားလုံးခြုံမိအောင် ဖတ်ဖို့ လိုပါ၏။ သို့မဟုတ်ပါက စာဖတ်သူများ၏ အသိသည် ကတိမ်းကပါး ဖြစ်တတ်လေ၏။

ရှေးခေတ် ဒေါင်းတံဆိပ်ဖတ်စာ၌ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်တို့ ဆင်ကို စမ်းသပ်ကြသည့်အကြောင်း ပါ၏။ ယင်းအကြောင်း၌ မျက်မမြင်ပုဏ္ဏားတို့ ဆင်ကို စမ်းသပ်ကြလေရာ ဆင်ကို သန်လျက်နှင့်တူသည် ဟူ၍ ဆိုသူက ဆို၏။ ထန်းရွက်ယပ်ဝန်းနှင့် တူသည်ဟူ၍ ဆိုသူက ဆို၏။ ဤသို့လျှင် ပုဏ္ဏားခြောက်

ယောက်တို့သည် မိမိတို့၏ ချဉ်းကပ်ထောင့် ခြောက်ထောင့်ကို လိုက်၍ ဆင်ကို ခြောက်မျိုး ပြောကြခြင်း ဖြစ်၏။

ထိုသို့ ပြောကြရာတွင် သူ့ရှုထောင့်နှင့်သူ မှန်သော်လည်း အားလုံး အပြည့်အစုံ မှန်သည်တော့ မဟုတ်။ အားလုံး ပေါင်းလိုက်ပါမှသာ ဆင်နှင့် ပတ်သက်၍ အပြည့်အစုံ မှန်၏။ ဤဖတ်စာပါ အကြောင်းအရာသည် ဂျိန်းဒဿနၠ ပါဝင်၏။ ဒဿန၏ ဆိုလိုရင်းမှာ "လူဟူသည် အရာဝတ္ထုကို မိမိ၏ ချဉ်းကပ်ထောင့်အလိုက် မြင်ခြင်း ဖြစ်လေရာ ချဉ်းကပ်ထောင့်အားလုံးမှ ချဉ်းကပ်နိုင်သော သဗ္ဗညုတဉာဏ်တော်ကို မရသေးသရွေ့ ကာလပတ်လုံး မည်သူ၏အသိမှ ပြည့်စုံသော အသိ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အဝိဇ္ဇာကို အပြီးအပိုင်သတ်နိုင်ရန် ကြိုးပမ်းသည်ထက် တဏှာကို အပြီးအပိုင် သတ်ရန် ကြိုးပမ်းသည်က လွယ်ကြောင်း၊ သို့ဖြစ်လေရာ အမှားနှင့်အမှန်ကို ငြင်းခုံမနေဘဲ မိမိ၏သန္တာန်၌ ကိန်းအောင်းနေသော တဏှာကိုသာ သတ်ဖို့ ကြိုးပမ်းသင့်ပါကြောင်း" ဟူ၍ ဖြစ်လေ၏။

ဂျိန်းဒဿန၏ အဆိုအတိုင်း "အငြင်း"ကို လျှော့ဖို့ အရေးကြီးပါ၏။ လောကတွင် အရေးကြီးဆုံးမှာ တဏှာကို သတ်နိုင်ဖို့ပင် ဖြစ်၏။ တဏှာဟူသည် သမုဒယသစ္စာပင် ဖြစ်လေရာ တဏှာသေလျှင် "ငါ" သေ၏။ "ငါ"သေလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ သေလေ၏။ ထို့ကြောင့် သစ္စာလေးပါးတွင် သမုဒယသစ္စာ အရ တဏှာကို အရေးတကြီး လုပ်ပြီး ဟောကြားခြင်း ဖြစ်၏။

ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်ကြလေသောအခါ စာပါ အကြောင်းအရာနှင့် ပတ်သက်၍ အမှားနှင့်အမှန်ကို ငြင်းခုံနေသည်ထက် တဏှာ "ငါ"၊ မာန "ငါ"၊ ဒိဋ္ဌိ "ငါ"တို့ကို ပယ်သတ်နိုင်ရန် အားထုတ်ရမည် ဖြစ်၏။ အမှန်အားဖြင့် "ငါ"ကို သတ်နိုင်လျှင် အမှားနှင့် အမှန်သည်လည်း သူ့အလို အလျောက် ရှင်းသွားမည် ဖြစ်ပါ၏။

ထို့ကြောင့် ဗုဒ္ဓဒေသနာတော်များ၌ ဤသို့ ညွှန်ကြားခြင်း ဖြစ်၏။

မြင်လျှင် မြင်ကာမျှသာ ထား၊ မြင်ခြင်း၌ "ငါ"မပါစေနှင့်။ မြင်ခြင်း၌ "ငါ" ပါလျှင် မြင်စိတ်က မြင်သည်ဟူ၍ မသိတော့ဘဲ "ငါ"က မြင်သည် ဟူ၍သာ သိလေတော့၏။

ကြားလျှင်လည်း ကြားကာမျှသာ ထား၊ ကြားခြင်း၌ "ငါ"မပါစေနှင့်။ ကြားခြင်း၌ "ငါ"ပါလျှင် ကြားစိတ်က ကြားသည်ဟူ၍ မသိတော့ဘဲ "ငါ"က ကြားသည် ဟူ၍သာ သိလေတော့၏။

သိလျှင်လည်း သိကာမျှသာ ထား၊ သိခြင်း၌ "ငါ"မပါစေနှင့်။ သိခြင်း၌

"ငါ"ပါလျှင် သိစိတ်က သိသည်ဟူ၍ မသိတော့ဘဲ "ငါ"က သိသည် ဟူ၍သာ သိလေတော့၏။

အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော်အရ "ငါ"ဟူသည် ပရမတ္ထအားဖြင့် မရှိ။ ထိုသို့ မရှိပါဘဲလျက် "ငါ"ကို အရာရာတိုင်း၌ ထည့်တတ်ကြ၏။ ထို့ကြောင့် အရာရာတိုင်း၌ "ငါ"ကိုထည့်ခြင်းသည် လောကဘက်သို့ ဦးတည်ခြင်း ဖြစ်၏။ အရာရာတိုင်း၌ "ငါ"ကို မထည့်ခြင်းသည် လောကုတ္တရာဘက်သို့ ဦးတည်ခြင် ဖြစ်၏။

တစ်နည်းအားဖြင့် ဆိုရလျှင် "ငါ"ပါသော အသိသည် ယထာဘူတ ကျသော အသိမဟုတ်။ "ငါ"မပါသော အသိသည်သာလျှင် ယထာဘူတကျသော အသိဖြစ်၏။ ယထာဘူတကျသော အသိဟူသည်မှာ အရှိက အရှိကို အရှိအတိုင်း၊ အဖြစ်က အဖြစ်ကို အဖြစ်အတိုင်း သိသောအသိ ဖြစ်၏။ မရှိက အရှိလုပ်ပြီး ဖြစ်စေ၊ မဖြစ်က အဖြစ်လုပ်ပြီး ဖြစ်စေ သိနေလျှင် ထိုအသိသည် အဘယ်သို့လျှင် ယထာဘူတကျသော အသိ ဖြစ်နိုင်ပါလေမည်နည်း။

အမှန်အားဖြင့်လည်း စာဖတ်သူများသည် စာကိုဖတ်ကြရာ၌ ယထာ ဘူတ ကျသော အသိကိုမှ မရပါလျှင် စာဖတ်ခြင်းဖြင့် ဘာအကျိုးရှိပါတော့ မည်နည်း။ ထို့ကြောင့် စာဖတ်သူများသည် စာကိုဖတ်ရာ၌ ယထာဘူတကျသော အသိကိုရအောင် စာကို ဖတ်ရမည် ဖြစ်ပါ၏။ စာတွင် အနက်သည် သုံးဆင့်ပါဝင် ၏။ ပထမဆင့်အနက်မှာ အက္ခရာ, ပုဒ်, ဝါကျတို့က ပြသည့်အတိုင်း မြင်ရ သိရသော အနက်ဖြစ်၏။ ယင်းအနက်ကို မျက်နှာပြင်အနက် ဟူ၍လည်း ခေါ်၏။ သဒ္ဒါကျမ်းများကမူ ယင်းအနက်ကို "သဒ္ဒတ္ထ"ဟူ၍ ခေါ်၏။ ရသကျမ်းများက ယင်းအနက်ကို "ဝါစ္စတ္ထ"ဟူ၍ ခေါ်၏။ မည်သို့ပင် ခေါ်သည်ဖြစ်စေ ယင်းအနက် ကား ကြားရ မြင်ရသော အနက်ဖြစ်၏။

ဥပမာ ချမ်းသာသူတစ်ယောက် အကြောင်းကို ရေးသားဖော်ပြထားသော စာ၌ တိုက်ကိုလည်း မြင်နိုင်၏။ ကားကိုလည်း မြင်နိုင်၏။ ငွေကိုလည်း မြင်နိုင်၏။ ထိုကြောင့် တိုက်၊ ကား၊ ငွေတို့သည် မြင်နိုင်သော၊ ကြားနိုင်သော အနက်များ ဖြစ်ကြ၏။ သို့ဖြစ်လေရာ ချမ်းသာသူ ဟူသမျှ၌ မြင်နိုင်သော၊ ကြားနိုင်သော အနက်တို့သည် အားလုံး အတူတူများချည်း ဖြစ်ကြ၏။ အတူတူဖြစ်ခြင်းကို "သာမည" ဟူ၍ ခေါ်လေ၏။ သို့ရာတွင် အတူတူဖြစ်သော သာမည၌ မတူသော ဝိသေသသည် ဓမ္မတာအားဖြင့် ပါဝင်ပြန်၏။

ဥပမာအားဖြင့် သာမညအရ အဋ္ဌကလာပ်ရုပ်ချင်း တူပါသော်လည်း "ခဲ" အဋ္ဌကလာပ်ရုပ်နှင့် "စိန်" အဋ္ဌကလာပ်ရုပ်တို့သည် ဝိသေသအရ မတူသည့်

သဘောမျိုး ဖြစ်၏။ သို့ဖြစ်လေရာ သာမည၌ ဝိသေသသည် ပါ၏။ ဝိသေသ မပါဘဲ သာမညချည်း သက်သက် မရှိကောင်း။ ဤသည်မှာ ဓမ္မတာဖြစ်၏။ ဤဓမ္မတာ အရပင် သာမညကို ဓာတ်ခေါ်၍၊ ဝိသေသကို ဒြပ်ခေါ်ခြင်း ဖြစ်၏။

အမှန်အားဖြင့် ဓာတ်ဟူ၍ မရှိဘဲ ဒြပ်ဟူ၍လည်း မရှိ။ ဒြပ်ဟူ၍ မရှိဘဲ ဓာတ်ဟူ၍လည်း မရှိ။ ထိုသို့ပင် ဓာတ်နှင့်ဒြပ်တို့သည် "ပဋိစ္စသမုပ္ပါဒ"အရ ကြောင်းကျိုးအနေဖြင့် အချင်းချင်းဆက်စပ်ကာ မသိနိုင်ဖွယ် ဖြစ်နေကြပါသော် လည်း ယင်း ဆက်စပ်မှုကိုပင် သိအောင် အားထုတ်ရ၏။

ထိုဥပမာ အတိုင်းပင် ချမ်းသာသော လူတစ်ယောက်အကြောင်း ရေးသောစာကို ဖတ်ရာ၌လည်း တိုက်, ကား, ငွေ ဟူသော မြင်သာသော အနက် များကို မြင်ကြ၏။ ကြားကြ၏။ သိကြ၏။ ဤအနက်များမှာ ဗဟိဒ္ဓအနက်များ ဖြစ်ကြ၏။ ဗဟိဒ္ဓ အနက်များကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စဉ်များ ဟူ၍ ခေါ်ကြလေ၏။

ချမ်းသာသူတစ်ယောက်အကြောင်းနှင့် ပတ်သက်၍ မြင်သာသော ဗဟိဒ္ဓ အနက်များ၏ နောက်ကွယ်၌ မမြင်သာသော အဇ္ဈတ္တအနက် ရှိပြန်၏။ ချမ်းသာသူ တိုင်း၌ သာမညအားဖြင့် တိုက်, ကား, ငွေ အရှိချင်း တူပါသော်လည်း ဝိသေသ အားဖြင့် တစ်ဦးနှင့်တစ်ဦး ရှိပုံချင်း မတူ။ အချို့က မိစ္ဆာအာဇီဝနည်းဖြင့် ရှိ၍ အချို့က သမ္မာအာဇီဝနည်းဖြင့် ရှိလေ၏။

ထို့ကြောင့် ချမ်းသာသူတစ်ယောက်အကြောင်း ရေးထားသော စာကို ဖတ်ရာ၌ မတူသည့် အနက်ကိုလည်း သိအောင် အားထုတ်ရ၏။ တူသည့်အနက် သည် မြင်သာသော၊ ကြားသာသော မျက်နှာပြင်အနက် ဖြစ်၏။ ယင်းကို "သာမည" ဟူ၍လည်းကောင်း၊ "ဓာတ်"ဟူ၍လည်းကောင်း ခေါ်၏။ သဘော အားဖြင့် ဗဟိဒ္ဓလည်း ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စဉ်လည်း ဖြစ်၏။

မတူသည့်အနက်ကား မမြင်သာသော၊ မကြားသာသော အနက်ဖြစ်၏။ ယင်းကို ဝိသေသဟူ၍ လည်းကောင်း၊ ဒြပ်ဟူ၍ လည်းကောင်း ခေါ်၏။ ယင်း အနက်ကား မျက်နှာပြင်၏အောက်၌ ရှိ၏။ မျက်နှာပြင်အောက်၌ ရှိသောကြောင့် အဇ္ဈတ္တအနက်များ ဖြစ်ကြ၏။ ယင်းသည် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စဉ်နှင့် ပတ်သက်၏။

ထို့ကြောင့် ချမ်းသာခြင်း၏ နောက်ကွယ်၌ သမ္မာအာဇီဝ သဘောလည်း ရှိနိုင်၏။ မိစ္ဆာအာဇီဝ သဘောလည်း ရှိနိုင်၏။ ယင်းသဘောများကား ချမ်းသာ ခြင်းနှင့် ပတ်သက်၍ မြင်သာခြင်း၊ ကြားသာခြင်း မရှိသော်လည်း စာဖတ်သူများ

အနေဖြင့်မူ ချမ်းသာသူ တစ်ယောက်အကြောင်း ရေးသားထားသော စာကို ဖတ်ရာ၌ ချမ်းသာခြင်း၏ နောက်ခံကိုပါ သိအောင် ဖတ်ရ၏။

ချမ်းသာခြင်း၏ နောက်ခံသည် သမ္မာအာဇီဝ ဖြစ်ချင်လည်း ဖြစ်နိုင်၏။ မိစ္ဆာအာဇီဝ ဖြစ်ချင်လည်း ဖြစ်နိုင်၏။ နှစ်မျိုး အရောဖြစ်ချင်လည်း ဖြစ်နိုင်၏။ သို့ရာတွင် မည်သို့ဖြစ်စေ ယင်းနောက်ခံကို သိအောင် စာကို ဖတ်ရမည်ကား မုချဖြစ်၏။ ယင်းနောက်ခံအနက်ကို သဒ္ဒါကျမ်းများက အဓိပ္ပာယတ္ထဟူ၍ ဆို၏။ ရသကျမ်းများကမူ လက္ချတ္ထဟူ၍ ဆို၏။ သဘောအားဖြင့်ကား စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စဉ်များပင် ဖြစ်လေ၏။

စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု ဖြစ်စဉ်များ၏ နောက်ကွယ်၌ ကိုယ်ကျင့်သိက္ခာပိုင်း ဆိုင်ရာ တိုးတက်မှုဖြစ်စဉ်များလည်း ရှိသေး၏။ စာကိုဖတ်သောအခါ ယင်းအနက်ကိုလည်း သိအောင် ဖတ်ရပြန်၏။ ယင်းအနက်ကို သဒ္ဒါကျမ်းများက "ဘာဝတ္ထ"ဟူ၍ ခေါ်၏။ ရသကျမ်းများကမူ "ဗျင်္ဂျတ္ထ" ဟူ၍ ခေါ်၏။ အမှန်အားဖြင့် စာကိုဖတ်ရာ၌ ယင်းအနက်သည် အရေးအကြီးဆုံးအနက် ဖြစ်၏။ ချမ်းသာသူတစ်ယောက်အကြောင်း ရေးသားထားသော စာကိုဖတ်ရာ၌ တိုက်, ကား, ငွေတို့ကို အားကျဖွယ်ကောင်းလောက်အောင် ရေးသားဖော်ပြထားသည်ကို ဖတ်ရချင်လည်း ဖတ်ရနိုင်၏။

သို့ရာတွင် ချမ်းသာအောင် အားထုတ်နည်းနှင့် ပတ်သက်၍မူ သမ္မာအာဇီဝကို ဖြစ်စေ၊ မိစ္ဆာအာဇီဝကို ဖြစ်စေ၊ နှစ်မျိုးအရောကို ဖြစ်စေ ပီပီပြင်ပြင် မြင်ရအောင် ဖော်ပြချင်မှ ဖော်ပြမည် ဖြစ်၏။ သို့ရာတွင် ဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ စာဖတ်သူများသည် မြင်အောင်ဖတ်ရမည် ဖြစ်၏။ မြင်တတ်သော ဉာဏ်ကို ရအောင် မွေးမြူရမည် ဖြစ်၏။

အမှန်အားဖြင့် နောက်ဆုံးမြင်အောင် ကြည့်ရမည့် တတိယအနက်ကား ဘာဝတ္ထ ဖြစ်၏။ ဘာဝတ္ထဟူသည် စာရေးသူ၏ နှလုံးသွင်း၏ ကိုယ်ထည်ဖြစ်၏။ စာရေးသူသည် အကြောင်းအရာတစ်ရပ်ကို ဖော်ပြရာ၌ ဘဝ၌ တပ်မက်သည့် သဘောဖြင့်လည်း ဖော်ပြနိုင်၏။ ဘဝ၌ ငြီးငွေ့သည့် သဘောဖြင့်လည်း ဖော်ပြနိုင်၏။ ဘဝ၌ တပ်မက်သည့် သဘောကို "အဿာဒ"ဟူ၍ ခေါ်၏။

အဿာဒဟူသည်မှာ သံသရာ၌ ကျင်လည်ရခြင်းကို မြတ်နိုးဖွယ်ဖြစ်ခြင်း ဟူ၍ ဖြစ်၏။ ဘဝ၌ ငြီးငွေ့သည့်သဘောကို "အာဒီနဝ"ဟူ၍ ခေါ်၏။ အာဒီနဝဟူသည်မှာ သံသရာလွတ်မြောက်ရခြင်း၌ မြတ်နိုးဖွယ်ဖြစ်ခြင်း ဟူ၍ ဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ သံသရာ၌ ကျင်လည်ရခြင်းကို မြတ်နိုးသူဟူသမျှသည် တစ်ကိုယ်ကောင်းသမားချည်း ဖြစ်၏။ သံသရာမှ လွတ်မြောက်ရခြင်း၌

မြတ်နိုးသူ ဟူသမျှသည် အများကောင်းသမားချည်း ဖြစ်၏။ အမှန်အားဖြင့် တစ်ကိုယ်ကောင်းသမားသည် အသာစံဘက်၌ ရပ်တည်၏။ အများကောင်းသမားသည် အနာခံဘက်၌ ရပ်တည်၏။

ထို့ကြောင့် ချမ်းသာသူနှင့် ပတ်သက်၍ မိမိရှာဖွေထားသော ပစ္စည်းများကို မိမိအတွက် သုံးမည်လား၊ အများအတွက် သုံးမည်လား ဟူသော ခံယူချက်သည် ဘာဝတ္တ၏ အနှစ်သာရ ဖြစ်၏။

ဤလောက၌ လူဟူသမျှသည် ကာယကံမှုကို လုပ်သည်ဖြစ်စေ၊ ဝစီကံမှုကို လုပ်သည်ဖြစ်စေ၊ မနောကံမှုကို လုပ်သည်ဖြစ်စေ အမြင်နှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့်သာ လုပ်ခြင်းဖြစ်၏။ ထို့ကြောင့် စာပေကို ရေးရာ၌လည်း အမြင်နှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့်သာ ရေးသားခြင်းဖြစ်၏။ အမြင်နှစ်မျိုးအနက် အမြင်တစ်မျိုးကို ဝဋ္ဋသီသအမြင် ဟူ၍ ဆိုရ၏။

စာရေးသူသည် ဝဋ္ဋသီသ အမြင်ဖြင့်သာ စာကိုရေးပါက သူ၏စာသည် ငါကောင်းစားရေးကို ပဓာနထား၍ ဆောင်ရွက်ရန် စာဖတ်သူများအား တွန်းပို့ထားမည် ဖြစ်၏။ အကယ်၍ ဝိဝဋ္ဋသီသ အမြင်ဖြင့် စာကိုရေးပါက သူ၏စာသည် လောက ကောင်းစားရေးကို ပဓာနထား၍ ဆောင်ရွက်ရန် စာဖတ်သူများအား တွန်းပို့ထားမည် ဖြစ်၏။

ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်ကြသောအခါ စာရေးသူ၏ အမြင်ကို သိအောင် ဖတ်ရမည် ဖြစ်၏။ စာရေးသူ၏ အမြင်သည် စာ၏ တတိယ အနက်၌ ပါလေ၏။ စာတွင် အနက်သုံးဆင့် ရှိလေရာ ပထမအနက်သည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။ ဒုတိယအနက်သည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။ တတိယအနက်သည် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။

အမှန်အားဖြင့် ဘဝကို ငြိမ်းချမ်းသာယာအောင် တည်ဆောက်ရာတွင်လည်းကောင်း၊ လောကကို ငြိမ်းချမ်းသာယာအောင် တည်ဆောက်ရာ၌ လည်းကောင်း စာပေ၏ တတိယအနက်ကို သိသော ဉာဏ်ဖြင့်သာ တည်ဆောက်၍ ရ၏။

ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်ကြရာတွင် စာပေ၏ တတိယ အနက်ကိုမြင်အောင် ဖတ်တတ်ဖို့လို၏။ တတိယအနက်ကို မြင်ပါမှလည်း မိမိဖတ်သော စာ၏အနက်ကို ခန္ဓာမှတစ်ဆင့် သစ္စာတိုင်အောင် ထိုးထွင်း၍ သိနိုင်၏။ ခန္ဓာမှတစ်ဆင့် သစ္စာတိုင်အောင် သိပါမှလည်း သန္တိသုခကို ရနိုင်မည် ဖြစ်၏။

သို့ဖြစ်လေရာ စာကို ဖတ်သောအခါ စာ၏အနက်ကို တတိယအနက်တိုင်အောင် မသိပါက ထိုစာဖတ်သူအတွက် "အလိမ္မာ စာမှာ မရှိ"ဘဲ ဖြစ်နေပေလိမ့်မည်။

စာပေ၏ အနက်များကို နေတ္တိကျမ်း ပညတ္တိဟာရက သရုပ်ခွဲ၍ ဖော်ပြ၏။ ပညတ္တိဟာရ အရ စာပေ၏အနက်ကို အကျဉ်းဆုံးဆိုရလျှင် ပထမအနက်၊ ဒုတိယအနက်၊ တတိယအနက်ဟူ၍ သုံးဆင့်ရှိ၏။ ပထမအနက်ကို သဒ္ဒါကျမ်းက "သဒ္ဒတ္ထ" ဟူ၍ခေါ်၏။ ရသကျမ်းက "ဝါစ္စတ္ထ"ဟူ၍ခေါ်၏။ သဘောအားဖြင့် မျက်နှာပြင်အနက် ဖြစ်၏။ ယင်းကို သုတဒိဋ္ဌိဖြင့် မြင်နိုင်၏။ ဒုတိယအနက်ကို သဒ္ဒါကျမ်းက "အဓိပ္ပာ ယတ္ထ"ဟူ၍ ခေါ်၏။ ရသကျမ်းက "လက္ချတ္ထ"ဟူ၍ ခေါ်၏။ သဘောအားဖြင့် အလယ်ဆင့်အနက် ဖြစ်၏။ ယင်းကို အနုမိတဒိဋ္ဌိဖြင့် မြင်နိုင်၏။ တတိယအနက်ကို သဒ္ဒါကျမ်းက "ဘာဝတ္ထ"ဟူ၍ ခေါ်၏။ ရသကျမ်းက "ဗျင်္ဂျတ္ထ"ဟူ၍ ခေါ်၏။ သဘောအားဖြင့် အောက်ဆုံးဆင့်အနက် ဖြစ်၏။ ယင်းကို သစ္စိကတဒိဋ္ဌိဖြင့် မြင်နိုင်၏။

အနက်သုံးမျိုးတွင် မျက်နှာပြင်ဆင့်အနက်သည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။ အလယ်ဆင့်အနက်သည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။ အောက်ဆုံးဆင့်အနက်သည် ကိုယ်ကျင့်သိက္ခာပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၏။

ထို့ကြောင့် စာဖတ်သူများသည် စာကိုဖတ်သောအခါ အနက်သုံးဆင့်လုံးကို မြင်အောင် ကြည့်တတ်ဖို့လို၏။ အနက်သုံးဆင့်လုံးကို မြင်ဖို့ဆိုသည်မှာလည်း နေတ္တိကျမ်း ပညတ္တိဟာရကို သဘောအားဖြင့် ရိပ်စားမိမှ ဖြစ်မည်။ အမှန်အားဖြင့် နေတ္တိကျမ်း ဆိုသည်မှာကား စာဖတ်နည်းများကို ညွှန်ပြသောကျမ်း ဖြစ်၏။

ထို့ကြောင့် စာဖတ်တတ်လိုပါလျှင် နေတ္တိကျမ်းကို အထိုက်အလျောက် လေ့လာဖို့ လိုပါ၏။

နေတ္တိကျမ်းကို လေ့လာသော အခါမှသာ စာတစ်ပုဒ်တွင် ပါဝင်သော အနက်များကို စာရေးသူ၏ နှလုံးသွင်းတိုင်အောင် လေ့လာတတ်လေ၏။ စာရေးသူ ဟူသမျှသည် နှလုံးသွင်း နှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် ဖြစ်စေ၊ နှစ်မျိုးကိုရော၍ ဖြစ်စေ စာကို ရေးသားမြဲ ဖြစ်၏။ နှလုံးသွင်းနှစ်မျိုးအနက် တစ်မျိုးမှာ ဝဋ္ဋသီသ ဖြစ်၏။ ဝဋ္ဋသီသ ဟူသည်မှာ လောကုတ္တရာသို့ ဦးတည်သောအမြင် ဖြစ်၏။

လောကသို့ ဦးတည်သောအမြင်ဖြင့် စာကိုရေးလျှင် "ငါ"ကို ကြီးပွားသည်ထက် ကြီးပွားအောင် လုပ်သောနည်းဖြင့် နိုင်ငံကို ထူထောင်လိုစိတ်ရှိအောင် စာဖတ်သူများအား တွန်းပို့ပေး၏။ လောကုတ္တရာသို့ ဦးတည်သော အမြင်ဖြင့်

စာကိုရေးလျှင် “ငါ”ကို ပါးသည်ထက်ပါးအောင် လုပ်သောနည်းဖြင့် နိုင်ငံကို ထူထောင်လိုစိတ် ရှိအောင် စာဖတ်သူများအား တွန်းပို့ပေး၏။

ဗုဒ္ဓဒေသနာတော်အရဆိုလျှင် “ငါ”ကို ကြီးပွားအောင် လုပ်ခြင်းဆိုသည်မှာ “အတ္တ”ကို ကြီးပွားအောင်လုပ်ခြင်းပင် ဖြစ်၏။ “ငါ”ကို ပါးအောင် လုပ်ခြင်းဆိုသည်မှာ “အတ္တ”ကို ပယ်သတ်နိုင်အောင် လုပ်ခြင်းပင် ဖြစ်၏။

အမှန်အားဖြင့် အတ္တကြီးမားသူ ဟူသမျှသည် အသာစံဘက်၌ ရပ်တည်ရန် ပျော်မွေ့ကြ၏။ အတ္တနည်းပါးသူ ဟူသမျှသည် အနာခံဘက်၌ ရပ်တည်ရန် ပျော်မွေ့ကြ၏။

ထို့ကြောင့် စာဖတ်သူများသည် မိမိဖတ်နေသော စာက မိမိအား မည်သည့် ဘက်သို့ တွန်းပို့နေသည်ကို သိနိုင်အောင် စာ၏ တတိယအနက်အထိ သိရန် အားထုတ်အပ်ပါ၏။ ထိုသို့ သိပါမှလည်း အပ္ပမာဒတရားဖြင့် လောကနှင့် ဘဝကို ကြည့်ရာ ရောက်မည် ဖြစ်ပါကြောင်း မှတ်ယူအပ်ပါ၏။

## စာဖတ်သူများ ၂၀

*စာက မကွဲပြားသော်လည်း စာဖတ်နည်း ကွဲပြားသည်နှင့်အမျှ*
*စာ၏ အဓိပ္ပာယ် သိနည်းလည်း ကွဲပြား၏။*

လူ့လောကတွင် စာပေပေါ်သည်မှစ၍ လူတို့သည် စာဖတ်ကြသည်။ စာကို ဖတ်သောအခါ ဗုဒ္ဓဒေသနာတော်လာ နေတ္တိပကရဏအရ ဖတ်လျှင် စာ၏အဓိပ္ပာယ်ကို တစ်မျိုး သိ၏။ အခြားနည်းများအရ ဖတ်လျှင် စာ၏ အဓိပ္ပာယ်ကို တစ်မျိုးသိ၏။ အမှန်အားဖြင့် စာက မကွဲပြားသော်လည်း စာဖတ်နည်း ကွဲပြားသည်နှင့်အမျှ စာ၏ အဓိပ္ပာယ်သိနည်းလည်း ကွဲပြား၏။ ဗုဒ္ဓဒေသနာတော်လာ နေတ္တိကျမ်းအရ စာဖတ်နည်းနှင့် ပတ်သက်လျှင် ဩတရဏဟာရသည် မှတ်သားဖွယ်ကောင်း၏။ ဩတရဏဟာရ ဟူသည်မှာ နေတ္တိကျမ်းလာ စာဖတ်နည်း တစ်မျိုးဖြစ်၏။ ယင်းနည်းအရ စာကို ဖတ်သောအခါ မိမိဖတ်သောစာ၏ အနက်ကို ရုပ်နာမ်ခန္ဓာ စသည်ဖြင့် ခွဲခြား၍သိအောင် ဖတ်ရ၏။ ထိုသို့ သိအောင် ဖတ်ပါမှလည်း သမ္မုတိသစ္စာကို ကျော်၍ ပရမတ္ထသစ္စာကို ဆင်ခြင်နိုင်မည် ဖြစ်၏။

ဤလောကဦး မြတ်စွာဘုရား ပွင့်တော်မူလာခြင်းနှင့် ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသက ဤသို့ ဆိုထားတော်မူသည်ကို တွေ့ရပါ၏။

"အကယ်၍သာ၊ မြတ်ဗုဒ္ဓသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှ အပြစ်တွေ။"

ထို့ကြောင့် ဗုဒ္ဓဒေသနာတော်လာ နေတ္တိကျမ်း ဩတရဏဟာရအရ စာကို ဖတ်သောအခါ စာ၏အနက်ကို ကုသိုလ်လား၊ အကုသိုလ်လား ဟူ၍လည်း ခွဲခြားပြီး သိ၏။ ရုပ်လား၊ နာမ်လား ဟုလည်း ခွဲခြားပြီး သိ၏။ ပညတ်လား၊ ပရမတ်လား ဟူ၍လည်း ခွဲခြားပြီး သိ၏။ ခန္ဓာလား၊ အာယတနလား စသည်အားဖြင့်လည်း ခွဲခြားပြီး သိ၏။ ဤသို့ သိရခြင်းသည် သာမည အကျိုးကျေးဇူး

မဟုတ်၊ ဝိသေသ အကျိုးကျေးဇူး ဖြစ်၏။ ဆရာတော် အရှင်ဇနကာဘိဝံသ မိန့်တော်မူသည့်အတိုင်း စာဖတ်သူများသည် စာ၏အနက်ကို ကုသိုလ်နှင့် အကုသိုလ် ခွဲ၍ မသိခဲ့ပါလျှင် သံသရာ၌ မည်မျှ နစ်နာသွားနိုင်သည်ကို မှန်းဆ၍ ကြည့်နိုင်ပါ၏။

အကုသိုလ်လုပ်ငန်းကို ကုသိုလ်လုပ်ငန်းဟူ၍ လွဲမှားစွာ မှတ်ယူပြီး လိုက်နာကျင့်သုံးမိက ကျင့်သုံးသူသည် အပါယ်လေးပါးမှ အထက်သို့ တက်ရတော့မည် မဟုတ်။ မိမိကိုယ်တိုင်က အကုသိုလ်လုပ်ငန်းကို အကုသိုလ်လုပ်ငန်းမှန်း သိပြီးတော့ လိုက်နာကျင့်သုံးလျှင်မူ သူ့ဆန္ဒအတိုင်း သူဆောင်ရွက်ခြင်း ဖြစ်၍ အထူးပြောစရာ မလိုပါချေ။ အထူး ပြောစရာလိုသော အချက်ကား ဆန္ဒနှင့် ဆောင်ရွက်ချက် မညီညွတ်မှုပင် ဖြစ်၏။ မိမိလုပ်ချင်သည်က ကုသိုလ်၊ လုပ်မိသည်က အကုသိုလ်ဖြစ်နေလျှင်သာ အထူးပြောစရာ လိုလာခြင်း ဖြစ်၏။ ဤသို့ ဆန္ဒနှင့် ဆောင်ရွက်ချက် မညီညွတ်ခြင်းသည် စာကို ဗုဒ္ဓဒေသနာတော်လာ နေတ္တိကျမ်း ဩတရဏဟာရအရ မဖတ်ခြင်းကြောင့် ဖြစ်၏။ အကယ်၍ ဗုဒ္ဓဒေသနာတော်လာ နေတ္တိကျမ်း ဩတရဏဟာရအရ စာကို ဖတ်မည်ဆိုပါလျှင် ကုသိုလ်လုပ်ငန်းကိုလည်း ကုသိုလ်လုပ်ငန်းမှန်း သိ၏။ အကုသိုလ်လုပ်ငန်း ဟူ၍ မှားယွင်းပြီး မယူမှတ်။ အကုသိုလ်လုပ်ငန်းကိုလည်း အကုသိုလ်လုပ်ငန်းမှန်း သိ၏။ ကုသိုလ်လုပ်ငန်း ဟူ၍ မှားယွင်းပြီး မယူမှတ်။

အမှန်အားဖြင့် သံသရာတွင် ကုသိုလ်နှင့် အကုသိုလ်သည်သာ မိမိတို့၏ အားကိုးရာ ဖြစ်၏။ မိမိတို့၏ မိတ်ဆွေဖြစ်၏။ ကုသိုလ်နှင့် အကုသိုလ်မှလွဲ၍ အခြား အားကိုးစရာလည်း မရှိ။ အခြားမိတ်ဆွေလည်း မရှိ။ ထို့ကြောင့် မိမိတို့သည် အသက်ရှင်နေသရွေ့ ကာလပတ်လုံး ကာယကံမှုကို ဖြစ်စေ၊ ဝစီကံမှုကို ဖြစ်စေ၊ မနောကံမှုကို ဖြစ်စေ၊ "ကံ"သုံးမျိုးတို့တွင် တစ်မျိုးမဟုတ် တစ်မျိုးကို ခဏမလပ် လုပ်နေကြရသည် ဖြစ်လေရာ ထိုသို့ လုပ်သမျှ ကံများသည် အဘိဓမ္မာ တရားကိုယ်အားဖြင့် ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်ရ၏။ အခြား ဖြစ်စရာ ဟူ၍ မရှိပါချေ။

သို့ဖြစ်လေရာ စာဖတ်သူများသည် စာကိုဖတ်တိုင်း စာ၏အနက်သည် ကုသိုလ်ဖြစ်သည်၊ သို့မဟုတ် အကုသိုလ်ဖြစ်သည် ဟူ၍ ခွဲခြားသိဖို့ လိုပါ၏။ ထိုသို့ ဒါပါမှလည်း အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း သိသည် မည်၏။ ထိုသို့ သိခြင်းကို ယထာဘူတဉာဏ်ဟူ၍ ဆို၏။ ဒေသနာတော်အရ ဆိုလျှင် ယထာဘူတ ဉာဏ်ကို ရခြင်းသည် သစ္စာဉာဏ်ကို ရဖို့အတွက် လှေကားပင် ဖြစ်၏။ အမှန်အားဖြင့်လည်း ဘဝတွင် ပန်းတိုင်ဟူ၍ ရှိပါ၏။ ဘဝ၏ ပန်းတိုင်

ကား သစ္စာဉာဏ်ကို ရောက်ဖို့ရန်အတွက် အရေးအကြီးဆုံးမှာ မှန်ကန်သော စာဖတ်နည်းဖြင့် စာဖတ်ဖို့ပင် ဖြစ်ပါ၏။

စာရေးဆရာသည် စာကိုရေး၏။ သူရေးသော အကြောင်းအရာသည် စီးပွားရေး ဖြစ်ချင် ဖြစ်မည်။ စီးပွားရေးတွင်လည်း စားရေး၊ သို့မဟုတ် နေရေး၊ သို့မဟုတ် ဝတ်ရေး၊ သို့မဟုတ် ကျန်းမာရေး၊ ဤလေးမျိုးတို့တွင် တစ်ခုခုဖြစ်မည်။ ဤလေးမျိုးကို ကျမ်းဂန်များ၌ ပစ္စည်းလေးပါးဟူ၍ ဆို၏။ ထို့ကြောင့် ပစ္စည်းလေးပါးနှင့် ပတ်သက်သော အကြောင်းအရာကို စီးပွားရေးဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။

လူ့ဘဝတွင် ဤအရေးလေးပါးနှင့် ပြည့်စုံရုံမျှနှင့် အားလုံး ပြည့်စုံပါပြီလား။ ဤအရေးလေးပါးကို ပြည့်စုံအောင် လုပ်ဆောင်ရုံမျှ လူ့ဘဝ၏ လူ့တာဝန်ကျေပါပြီလား။ ဤသည်မှာ မေးသင့် မေးထိုက်သော မေးခွန်းဖြစ်၏။ အခြားစာဖတ်နည်းများဖြင့် စာဖတ်သူများက မည်သို့ဖြေမည် မသိသော်လည်း ဗုဒ္ဓဒေသနာတော်လာ နေတ္တိကျမ်း ဩတရဏဟာရနည်းအရ စာဖတ်သူများကမူ လောကတွင် ပစ္စည်းလေးပါး ပြည့်စုံရုံမျှဖြင့် အားလုံး ပြည့်စုံသည် မဟုတ်။ ပစ္စည်းလေးပါး ပြည့်စုံအောင် အားထုတ်ရုံမျှဖြင့် လူ့ဘဝ၏ လူ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သည် မမည်။ ဤသို့သာ ဖြေပေလိမ့်မည်။

ဩတရဏဟာရ နည်းအရဆိုလျှင် ပစ္စည်းလေးပါးသည် ခန္ဓာဖွဲ့စည်းမှုအရ ရူပက္ခန္ဓာနှင့် ပတ်သက်၏။ ရုပ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်မှုသဘော ရှိ၏။ ထို့ကြောင့် ပစ္စည်းလေးပါး ပြည့်စုံမှုသည် လည်းကောင်း၊ ပြည့်စုံအောင် အားထုတ်မှုသည် လည်းကောင်း လောဘကို ဖြစ်စေ၏။ မာနကို ထောင်စေ၏။ ဒိဋ္ဌိကို ကြီးခိုင်စေ၏။ ထို့ကြောင့် ပစ္စည်းလေးပါး ပြည့်စုံမှုသည် လည်းကောင်း၊ ပစ္စည်းလေးပါး ပြည့်စုံအောင် အားထုတ်မှုသည် လည်းကောင်း သူ့ချည်းသက်သက် လွှတ်ပေးထားလျှင် အန္တရာယ် ရှိ၏။ ကြောက်စရာကောင်း၏။ ဘဝကို ပျက်စီးစေ၏။ ဘဝ၏ တာဝန်ကို မေ့လျော့အောင် လုပ်တတ်၏။

ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအရ ပစ္စည်းလေးပါး ပြည့်စုံမှု၌ လည်းကောင်း၊ ပစ္စည်းလေးပါးကို ပြည့်စုံအောင် အားထုတ်မှု၌ လည်းကောင်း ထိန်းချုပ်ဖို့ လို၏။ ထိန်းချုပ်ခြင်းဟူသည်မှာ အသက်မွေးမှုနှင့် ပတ်သက်၍ သမ္မာအာဇီဝသဘော သက်ဝင်လာအောင် အားထုတ်ခြင်းပင် ဖြစ်၏။ သမ္မာအာဇီဝဟူသည်မှာ နှယ်နှယ်ရရ မဟုတ်၊ မဂ္ဂသစ္စာ ထိုက်သည် ဆိုကတည်းကပင် ပစ္စည်းလေးပါး ပြည့်စုံခြင်းအပေါ်၌ အခြေတည်သော လောဘ, မာန, ဒိဋ္ဌိတို့ကို သတ်နိုင်သော သမ္မာအာဇီဝမဂ္ဂင် ဖြစ်၏။ အမည်ခံ သက်သက်မျှ မဟုတ်ပါချေ။ ထို့ကြောင့်

စီးပွားရေး စာပေများကို ဖတ်လေသောအခါ ဩတ္တရဏဟာရနည်းဖြင့် ဖတ်ပါက လောဘ, မာန, ဒိဋ္ဌိတို့ ပါး၍၊ အခြား နည်းဖြင့် ဖတ်ပါက လောဘ, မာန, ဒိဋ္ဌိ ပွားလာမည် ဖြစ်ပါ၏။

ဤနေရာ၌ လောဘ, မာန, ဒိဋ္ဌိတို့ကို ပါးအောင်လုပ်ခြင်း ဟူသည်မှာ ပစ္စည်းဥစ္စာများကို တရားသဖြင့် ရနိုင်သမျှရအောင် ကြိုးစားပမ်းစား ရှာဖွေ၍ လောက၏ အကျိုးစီးပွားအတွက် ရက်ရက်ရောရော အသုံးချခြင်းပင် ဖြစ်၏။ ထိုသို့ အသုံးချနိုင်မှလည်း လောဘကို သတ်ရာ ရောက်၏။ မာနကို နှိပ်ကွပ်ရာ ရောက်၏။ ဒိဋ္ဌိကို ဖြိုခွဲရာ ရောက်၏။ အမှန်အားဖြင့် ပစ္စည်းဥစ္စာများကို မိမိအတွက် ဖက်တွယ်ထားခြင်းသည် ယုတ်ညံ့ခြင်း၏ အမှတ်အသား ဖြစ်၍၊ လောကအတွက် ရက်ရက်ရောရော စွန့်လွှတ်ခြင်းသည်သာလျှင် မြင့်မြတ်ခြင်း၏ သင်္ကေတ ဖြစ်ပါ၏။ ဤသို့သော ဆောင်ရွက်မှုမျိုးကို ဩတ္တရဏဟာရ စာဖတ်နည်းဖြင့် စာကို ဖတ်ပါမှ ရနိုင်ပါ၏။

ဒုတိယ အကြောင်းအရာမှာ ခံစားမှုဆိုင်ရာ ရသစာပေ အကြောင်းအရာ ဖြစ်ချင် ဖြစ်နိုင်၏။ ပြောနေကျ ဝေါဟာရဖြင့် ပြောရလျှင် ရသစာပေကို ဖတ်ရှုလေ့လာပါက အလင်္ကာရကျမ်းလာ ရသကိုးပါးတို့တွင် တစ်ပါးပါးကို ခံစားနိုင်သည် ဟူ၍ ဖြစ်၏။ ဤသည်မှာ ပြောရိုးပြောစဉ်အရ ပြောခြင်းဖြစ်၏။ သို့ရာတွင် ရသစာပေကိုပင် နေတ္တိကျမ်းလာ ဩတ္တရဏဟာရ အရ ဖတ်လျှင် အလင်္ကာရကျမ်းလာ ရသကိုးပါးသည်ပင် တစ်မျိုးဖြစ်၏။ ရသဟူသည်မှာ ခံစားမှုဝေဒနာ ပြဋ္ဌာန်း၏။ ဝေဒနာ ပြဋ္ဌာန်းလျှင် ခန္ဓာဖွဲ့စည်းအရ ဝေဒနက္ခန္ဓာနှင့် ပတ်သက်၏။ ဝေဒနာသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ပစ္စုပ္ပန် အကျိုးတရားဖြစ်၏။ ပစ္စုပ္ပန်အကျိုးတရားမှ ပစ္စုပ္ပန်အကြောင်းတရားသည် ဖြစ်လာရ၏။ ယင်းသို့ ဖြစ်လာခြင်းကို ဝေဒနာပစ္စယာ တဏှာဟူ၍ ဆိုနိုင်၏။ ဤ၌ ဝေဒနာဟူသည် ရသစာပေနှင့် ပတ်သက်၍ ခံစားမှု ဖြစ်၏။

ထို့ကြောင့် ရသစာပေကို အခြား စာဖတ်နည်းများဖြင့် ဖတ်မည် ဆိုပါက ဝေဒနာ ပစ္စယာ တဏှာသာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အနုလောမ ပဋိစ္စသမုပ္ပါဒ် ဩတ္တရဏဟာရ အရ ရသစာပေကို ဖတ်ပါက ခံစားမှုဝေဒနာကြောင့် ဝေဒနာ ပစ္စယာ တဏှာအရ လောဘဖြစ်နိုင်၏။ အမှန်အားဖြင့် ဝေဒနာကြောင့် တဏှာ ဖြစ်လျှင် အနုလောမ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်၏။ အကယ်၍ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဩတ္တရဏဟာရ အရ ရသစာပေကို ဖတ်ပါလျှင် ဝေဒနာ ပစ္စယာ တဏှာဟူ၍ မဖြစ်ဘဲ ဝေဒနာ ပစ္စယာ ဉာဏ် ဟူ၍သာ ဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြစ်လျှင် ဝေဒနာကြောင့် မဂ်ဉာဏ်လည်း ဖြစ်နိုင်၏။ ဝိပဿနာဉာဏ်လည်း

ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်ခြင်းမှာ ရသစာပေကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ်လာ ဩတရဏဟာရ အရ ဖတ်သောကြောင့်သာ ဖြစ်၏။

သို့ဖြစ်လေရာ ခံစားမှုဆိုင်ရာ ရသစာပေကို ဩတရဏဟာရအရ ဖတ်ပါက အနုလောမနည်း အရ ဖတ်လျှင် တဏှာဖြစ်၏။ ပဋိလောမနည်း အရ ဖတ်လျှင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖြစ်နိုင်၏။ အခြားစာဖတ်နည်းဖြင့်သာ ဖတ်ပါက မုချမသွေ တဏှာ တစ်မျိုးတည်း ဖြစ်၏။ ရသစာပေကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဩတရဏဟာရ အရ ဖတ်သောအခါ ဝေဒနာနိရောဓာ တဏှာနိရောဓာအရ တဏှာ မဖြစ်ဘဲ ဉာဏ် ဖြစ်ပါက ယင်းဉာဏ်သည် တဏှာကို သတ်ပါ၏။ တဏှာကို သတ်လျှင် မာနကိုလည်း သတ်ရာ ရောက်၏။ ဒိဋ္ဌိကိုလည်း သတ်ရာရောက်၏။ တဏှာ, မာန, ဒိဋ္ဌိတို့ သေလျှင် အတ္တလည်း သေလေ၏။ အတ္တသာ သေပါက ရသစာပေမှ တကယ့် တကယ် နှစ်သက်စရာကောင်းသော ရသကို လက်တွေ့ အနေဖြင့် ခံစားရပါ၏။

ရသစာပေကို လူတိုင်း ဖတ်ဖူးပါ၏။ ဖတ်ဖူးသည့်အလျောက်လည်း ချမ်းမြေ့ရ၏။ အငြင်းပွားဖွယ် မရှိ။ အားလုံး ကိုယ်တွေ့ ဖြစ်၏။ ရသစာပေကို ဖတ်ရခြင်းကြောင့် ဖတ်သူများကိုယ်တိုင် နှစ်သက်ချမ်းမြေ့မှု ခံစားရခြင်းကို ဒဿန ဝေါဟာရဖြင့် သယံသိဒ္ဓ ဟူ၍ ခေါ်၏။ သယံသိဒ္ဓ ဟူသည်မှာ သူတစ်ပါးကြောင့် မဟုတ်ဘဲ မိမိဘာသာ မိမိခံစားမှုအရ ထင်ရှားသည့်သဘော ဟူ၍ ဖြစ်လေ၏။ ထို့ကြောင့် ရသစာပေကို လူတို့ စွဲလမ်းကြခြင်း ဖြစ်၏။

ရသစာပေကို ဖတ်ရာ၌ နှစ်သက်စွဲလမ်းကြခြင်းမှာ ဗုဒ္ဓဘာသာ ဝေါဟာရဖြင့် ဆိုလျှင် အတ္တကို ပယ်သတ်လိုက်သောကြောင့် ဖြစ်၏။ ရသစာပေကို ဖတ်သောအခါ စာဖတ်သူသည် မိမိဘဝ ပျောက်သွားပြီး ဇာတ်လိုက်ဖြစ်သွားသည်ကို ကြုံရ၏။ ဤနေရာ၌ ဇာတ်လိုက်ဟူသည်မှာ သက်ရှိဖြစ်ချင်လည်း ဖြစ်နိုင်၏။ သက်မဲ့ ဖြစ်ချင်လည်း ဖြစ်နိုင်၏။ အကြောင်းအရာအလိုက် ဖြစ်ချင်သလို ဖြစ်နိုင်၏။ သို့ရာတွင် သက်ရှိပဲ ဖြစ်ဖြစ်၊ သက်မဲ့ပဲ ဖြစ်ဖြစ် စာဖတ်သူများအနေဖြင့် အတ္တ ပျောက်ပြီး နှစ်သက်ချမ်းမြေ့သည်ကတော့ အမှန်ပင်ဖြစ်၏။ ဖတ်သူအနေဖြင့် မိမိဘဝ ပျောက်သွားပြီး ရသစာပေပါ အကြောင်းအရာအလိုက် ဇာတ်လိုက် ဖြစ်သွားရခြင်းကိုပင် မိမိ၏အတ္တ ပျောက်သွားခြင်း ဟူ၍ လည်းကောင်း၊ မိမိ၏ အတ္တကို ပယ်ခြင်းဟူ၍ လည်းကောင်း ဆိုရ၏။ ထို့ကြောင့် အတ္တကို ပယ်သတ်နိုင်သည်နှင့်အမျှ ချမ်းသာ၏ ဟူသည်မှာ အငြင်းပွားစရာ မရှိသော မှန်ကန်ချက် ဖြစ်ပါ၏။

ထို့အပြင် စာဖတ်သူ ကိုယ်တိုင်က မိမိ၏ အတ္တပျောက်သွားကြောင်း

ကိုယ်တွေ့ကြုံလျှင် လောက၌ အတ္တဟူသည် တကယ်တမ်း အခိုင်အမာ မရှိကြောင်း၊ ပယ်သတ်၍ ရနိုင်ကြောင်း အလိုလို လက်ခံပြီးသား ဖြစ်လေ၏။ ဤသို့ လက်ခံနိုင်ခြင်းသည် ယထာဘူတနှင့် သံဝေဂကို ဖြစ်စေမည် ဖြစ်ပါ၏။ ယထာဘူတနှင့် သံဝေဂ ဖြစ်လျှင် ဝိပဿနာဉာဏ်လည်း ဖြစ်ဖို့ရှိ၏။ မဂ်ဉာဏ်လည်း ဖြစ်ဖို့ရှိ၏။ ထိုသို့ဖြစ်လျှင် ရသစာပေကို ဖတ်ခြင်းကြောင့် ဝေဒနာ ပစ္စယာ တဏှာ မဖြစ်တော့ဘဲ ဝေဒနာ၊ ပစ္စယာ ဉာဏ် ဖြစ်သောကြောင့်သာ ဖြစ်လေ၏။ ထိုကြောင့် ရသစာပေကို ဖတ်ရာတွင် စာဖတ်နည်းကိုလိုက်၍ အကုသိုလ်လည်း ဖြစ်နိုင်၏။ ကုသိုလ်လည်း ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်ကြောင်းကိုလည်း သိဖို့လို၏။ ထိုသို့ သိပါမှလည်း သမ္မုတိသစ္စာကို ကျော်၍ ပရမတ္ထတိုင်အောင် သိရာ ရောက်၏။

နောက် စာပေ အကြောင်းအရာတစ်မျိုးမှာ သိမှုဆိုင်ရာ အကြောင်းအရာ ဖြစ်ချင် ဖြစ်နိုင်၏။ သိမှုဆိုင်ရာ အကြောင်းအရာဟူသည်မှာ "အသိဗဟုသုတ" ဖြစ်ချင် ဖြစ်မည်၊ "အတတ်ဗဟုသုတ" ဖြစ်ချင်ဖြစ်မည်။ မည်သည့် ဗဟုသုတမျိုးပင် ဖြစ်စေကာမူ ဗဟုသုတဟူသမျှသည် သညက္ခန္ဓာနှင့် ပတ်သက်၏။ ထို့ကြောင့် ဗဟုသုတ ဟူသမျှကို သမ္မုတိသစ္စာအားဖြင့် ဗဟုသုတဟူသော ပညတ်အဆင့်တွင် အသိမရပ်ဘဲ ပရမတ္ထသစ္စာအားဖြင့် ရုပ်၊ နာမ်၊ ခန္ဓာ၊ ကုသိုလ်၊ အကုသိုလ်ဟူ၍ ပရမတ် အဆင့်တိုင်အောင် အသိကို မြှင့်တင်အပ်၏။ ထိုအခါမှ စာဖတ်သူ၏ အသိသည် သမ္မုတိသစ္စာကို ကျော်ပြီး ပရမတ္ထသစ္စာကို ရောက်မည်ဖြစ်၏။ ပရမတ္ထသစ္စာတိုင်အောင် အသိရောက်ပါမှလည်း လောက၌ ဘုရားပွင့်ရကျိုး နပ်မည် ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မမူမီကာလက ဆိုပါလျှင် လူတို့သည် ပရမတ္ထတရားတို့၏ အမည်မျှကိုပင် သိစွမ်းနိုင်ခြင်း မရှိဘဲ၊ မြတ်စွာဘုရား ပွင့်တော်မူလာသော အခါမှသာ ပရမတ္ထတရားတို့၏ အမည်နှင့်တကွ သစ္စာလေးပါးတိုင်အောင် သိစွမ်းနိုင်လာခြင်း ဖြစ်၏။ ထိုသို့ သိစွမ်းနိုင်လာခြင်း ဟူသည်မှာ ဩတ္တရဏဟာရ အရ စာကို ဖတ်ပါမှသာ မိမိဖတ်သော စာ၏အနက်ကို ပရမတ္ထတို့၏ အမည်နှင့် တကွ သစ္စာလေးပါးတိုင်အောင် သိစွမ်းနိုင်လာခြင်း ဖြစ်၏။ ဤနေရာ၌ တရားနာကြားခြင်းကိုလည်း စာဖတ်ခြင်း၌ပင် ထည့်သွင်းအပ်ပါ၏။ ထို့ကြောင့် အတတ်ပညာပိုင်းဆိုင်ရာနှင့် အသိပညာပိုင်းဆိုင်ရာများကို ဖတ်ရာတွင်ဖြစ်စေ၊ နာကြားရာတွင်ဖြစ်စေ သမ္မုတိသစ္စာကို ကျော်၍ ပရမတ္ထ သစ္စာတိုင်အောင် သိလိုပါက စာဖတ်သူများသည် ဩတ္တရဏဟာရ နည်းဖြင့် ဖတ်ဖို့လိုပါ၏။ သို့မဟုတ်ပါက စာဖတ်သူများ၏ အသိသည် သမ္မုတိသစ္စာတွင်သာ အဆုံးသတ်ပေလိမ့်မည်။ အကယ်၍သာ စာဖတ်သူများ၏ အသိသည် သမ္မုတိသစ္စာတွင်သာ အ ဆုံးသတ်

ပါက ထိုသူများသည် မြတ်စွာဘုရား ပွင့်တော်မူခြင်း မရှိသော ကာလ၌ နေရသည်နှင့် ဘာမျှ ထူးခြားလိမ့်မည် မဟုတ်။

သို့ဖြစ်လျှင် ထိုသူများအတွက် ဘုရားပွင့်ရကျိုးလည်း ဘာမျှနပ်လိမ့်မည် မဟုတ်။ အမှန်အားဖြင့် နေမင်းနှင့်လမင်းတို့၏ မွန်းတည့်ချိန်တွင် အလင်းရောင်များသည် ထွန်းပလျက် ရှိပါ၏။ မိမိတို့၏ မျက်စိကို ဖွင့်လိုက်ဖို့သာ လိုပါ၏။ သာသနာတော်သည်လည်း ထက်ဝက်ကျိုး၍ မွန်းတည့်ပြီးပြီ။ အလင်းရောင်လည်း ထွန်းပလျက် ရှိပြီ။ ဩတရဏာဟာရဖြင့် မျက်စိဖွင့်ထားလိုက်ဖို့ လိုတော့၏။

စတုတ္ထမြောက် အကြောင်းအရာမှာ တီထွင်ကြံဆမှုနှင့် ပတ်သက်သော အကြောင်းအရာ ဖြစ်၏။ ယင်းအကြောင်းအရာသည် သခါရက္ခန္ဓာနှင့် ပတ်သက်၏။ အမှန်အားဖြင့် စီးပွားရေးစာပေ၌ ဖြစ်စေ၊ ရသစာပေ၌ ဖြစ်စေ၊ ဗဟုသုတစာပေ၌ ဖြစ်စေ လူတို့သည် အမြဲတမ်း ကြံဆနေကြသည် ဖြစ်၏။ တီထွင်နေကြသည် ဖြစ်၏။ သို့ဖြစ်၍ စာပေတို့သည် ခေတ်တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်လာကြခြင်း ဖြစ်၏။ ထိုသို့ တိုးတက်လာရာတွင်လည်း တိုးတက်မှုနှင့် ပတ်သက်၍ သမ္မုတိသစ္စာ သဘောကို သာမက ပရမတ္ထသစ္စာ သဘောတိုင်အောင် သိဖို့လို၏။ ထိုသို့ သိဖို့ ဆိုသည်မှာလည်း စာကိုဖတ်ရာ၌ ဩတရဏာဟာရနည်းအရ ဖတ်ပါမှသာ ပရမတ္ထတိုင်အောင် သိနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက "ဓာတ် သရဏာတော ဘယ်"ဟူသည်နှင့်အညီ ကိုးကွယ်ရာမှ ဘေးဖြစ်လာမည် ဖြစ်၏။ လောကသည် တီထွင်ကြံဆမှုများကြောင့် ငြိမ်းချမ်းမလာဘဲ အန္တရာယ်ပေါ်၌ လျှောက်နေမိလျက်သား ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် တီထွင်ကြံဆမှုဆိုင်ရာ စာပေများကို ဖတ်လေသောအခါ သမ္မုတိသစ္စာကိုကျော်၍ ပရမတ္ထသစ္စာတိုင်အောင် သိနိုင်ရေးအတွက် ဩတရဏာဟာရ နည်းအရ ဖတ်သင့်ပါ၏။ ပရမတ္ထသစ္စာတိုင်အောင် နည်းအရ ဖတ်သင့်ပါ၏။ ပရမတ္ထသစ္စာ တိုင်အောင် သိပါမှသာ စာပေပါ ဖြစ်ရပ်များနှင့် ပတ်သက်၍ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား၍ သိမည်ဖြစ်၏။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိလျှင် ယင်းတို့၏ ဆိုင်ရာ အကျိုးများကိုလည်း ခွဲခြားပြီး သိမည်ဖြစ်၏။ သို့မဟုတ်ဘဲ အခြားစာဖတ်နည်းများဖြင့်သာ တီထွင်ကြံဆမှုဆိုင်ရာ စာပေများကို ဖတ်ရှုပါက စာဖတ်ခြင်း၏ အကျိုးကို ရသည်က တခြား၊ လိုချင်သည်က တခြား ဖြစ်ပေလိမ့်မည်။

စာပေ၏ ပဉ္စမ အကြောင်းအရာသည် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်သော အကြောင်းအရာ ဖြစ်ချင် ဖြစ်နိုင်၏။ "ပဘဿရ မိဒံ ဘိက္ခဝေစိတ္တံ" ဟူသည်နှင့်အညီ ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်သော အကြောင်းအရာသည်

ဝိညာဏက္ခန္ဓာနှင့် ဆိုင်၏။ ဘဝတွင် အရေးအကြီးဆုံးမှာ ကိုယ်ကျင့်သိက္ခာ ကောင်းဖို့ပင် ဖြစ်၏။ ထို့ကြောင့် ခန္ဓာငါးပါးဆိုင်ရာ ဆောင်ရွက်မှုများတွင်လည်း ဝိညာဏက္ခန္ဓာဆိုင်ရာ ဆောင်ရွက်ချက်သည် အရေးကြီးဆုံး ဖြစ်၏။ ထို့ကြောင့် ရူပက္ခန္ဓာအရ စီးပွားရေးသည် အရေးကြီးသည် မှန်သော်လည်း ယင်းအပေါ်၌ တရားသဖြင့် ဖြစ်ရလေအောင် မိမိ၏ လောဘရမ္မက်ကို ထိန်းချုပ်နိုင်ဖို့ လို၏။ ထိုနည်းအတူ ဝေဒနက္ခန္ဓာအရ ရသသည် လည်းကောင်း၊ သညက္ခန္ဓာအရ ဗဟုသုတသည် လည်းကောင်း၊ တီထွင်ကြံဆမှုသည် လည်းကောင်း လောက ငြိမ်းချမ်းသာယာရေးအတွက် အရေးကြီးကြသည် မှန်ပါသော်လည်း ဝိညာဏက္ခန္ဓာအရ ယင်းတို့အပေါ် တရားသဖြင့် ဖြစ်အောင် ထိန်းချုပ်နိုင်ဖို့က ပို၍ အရေးကြီးပါ၏။ ယင်းတို့အပေါ် ထိန်းချုပ်နိုင်ဖို့ ဆိုသည်မှာ စိတ်ဓာတ် ဖြူစင်သန့်ရှင်းမှု ဖြစ်၏။ မိမိ၏စိတ်ဓာတ် ဖြူစင်သန့်ရှင်းအောင် မိမိ၏စိတ်၌ အာဂန္တုက ဖြစ်သော အကုသိုလ် အညစ်အကြေးများ မကပ်နိုင်၊ မရောက်စေနိုင်ရန် အပ္ပမာဒတရားဖြင့် မမေ့မလျော့ ရှိနေဖို့ လိုအပ်ပါ၏။

"အလိမ္မာ စာမှာရှိ"ဟူ၍ ဆိုပါသော်လည်း စာကို ဩတရဏဟာရနည်းဖြင့် ဖတ်ပါမှ ကုသိုလ်နှင့် အကုသိုလ်ကို လည်းကောင်း၊ ရုပ်နာမ်ကို လည်းကောင်း၊ ခန္ဓာ အာယတနဓာတ် ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပာဒ်နှင့် ဗောဓိပက္ခိယသဘောတို့ကို လည်းကောင်း သိနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက စာပေပါ အကြောင်းအရာများကို ပရမတ်ဆိုက်အောင် မသိဘဲ ပညတ်တွင်သာ လမ်းဆုံးနေပေလိမ့်မည်။

သို့ရာတွင် တရားကို သိရုံသိပြီး တရားမရှိပါကလည်း မိမိဖတ်သော စာပေမှ အကာကိုသာ ရပြီး အနှစ်ကို မရသည့်သဘောမျိုး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် စာပေကို ဖတ်ရာတွင် အလိမ္မာကို သိလည်း သိရလေအောင်၊ သိရုံသာမက ထိုအလိမ္မာသည် မိမိ၌လည်း ရှိရလေအောင် စာပေကို နေတ္တိကျမ်းလာ ဩတရဏဟာရအရ ဖတ်သင့်ကြောင်း တင်ပြခြင်း ဖြစ်ပါ၏။ ထို့အပြင် စာ၏ အကြောင်းအရာများကို ငါးမျိုး ခွဲခြားခြင်းမှာလည်း ခန္ဓာငါးပါးတို့၏ စေ့ဆော်မှုအရ အုပ်စုအားဖြင့် ငါးမျိုးသာ ရှိနိုင်ခြင်းကြောင့် ငါးမျိုးသာ ခွဲခြားဖော်ပြခြင်း ဖြစ်ကြောင်း ထပ်လောင်း၍ ဖော်ပြအပ်ပါ၏။

## စာဖတ်သူများ ၂၁

*အသံထွက်သော စာများ၏ အနက်အဓိပ္ပာယ်ထက်*
*အသံမထွက်သော စာများ၏ အနက်အဓိပ္ပာယ်က*
*ပို၍လည်း စိတ်ဝင်စားဖွယ် ကောင်း၏။ ပို၍လည်း သစ္စာနှင့်ယှဉ်၏။*
*ပို၍လည်း အလိမ္မာကို စာဖတ်သူများအား ပေးနိုင်၏။*

စာဖတ်သူများသည် စာကို ဖတ်ကြသည်။ စာကို ဖတ်သောအခါ အက္ခရာကိုလည်း တွေ့ရသည်။ ပုဒ်ကိုလည်း တွေ့ရသည်။ ဝါကျကိုလည်း တွေ့ရသည်။ ထိုသို့ တွေ့ရာတွင် စင်ကြယ်အောင် သုတ်သင်ပြီးသော အက္ခရာ၊ ပုဒ်၊ ဝါကျနှင့် စင်ကြယ်အောင် မသုတ်သင်ရသေးသော အက္ခရာ၊ ပုဒ်၊ ဝါကျနှစ်မျိုးတို့ ဖြစ်ကြ၏။ ထိုနှစ်မျိုးကို စာဖတ်သူများသည် နားလည်အောင် အားထုတ်အပ်၏။ သို့မှသာ "အလိမ္မာ စာမှာရှိ" ဟူသည့်အတိုင်း စာမှာရှိသော အလိမ္မာက စာဖတ်သူများထံသို့ ကူးပြောင်း၍ ရောက်လာနိုင်မည် ဖြစ်၏။

စာရေးရာတွင် အက္ခရာ၊ ပုဒ်၊ ဝါကျများကို စင်ကြယ်အောင် သုတ်သင်ခြင်း ဟူသည်မှာ သတ်မှတ်ထားသော စာပေစည်းကမ်းများအတိုင်း ရေးသားခြင်းပင် ဖြစ်၏။ ဟင်းချက်သောအခါ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဟင်းအမည်များကို ဆေးကြောသုတ်သင်ပြီး ဇလုံထဲမှ ဟင်းအိုးထဲသို့ ပြောင်းရွှေ့ထည့်လိုက်သည့် သဘောအတိုင်း အက္ခရာ၊ ပုဒ်၊ ဝါကျများကို စာရေးနည်းစည်းကမ်းအရ ထားသင့်ရာ နေရာများ၌ ထားခြင်းဖြစ်၏။ ယင်းကိုပင် အက္ခရာ၊ ပုဒ်၊ ဝါကျများကို စင်ကြယ်အောင် သုတ်သင်ခြင်း ဟူ၍ ဆိုရ၏။

အမှန်အားဖြင့် စာရေးသူများက စာကိုရေး၍ စာဖတ်သူများက စာကို ဖတ်ကြသောအခါ စာဖတ်သူများ၊ စာရေးသူများသည် ဆိုလိုရင်းကို သိအောင် ဖတ်တတ်ဖို့ လိုပါ၏။ ယင်းသို့ ဖတ်တတ်သောအခါ စာဖတ်သူများသည် စာ၏ အနက်ကို သိသည် မည်၏။ စာဖတ်သူများသည် စာ၏အနက်ကို သိအောင် ဖတ်ရာ၏။ မိမိဖတ်သော စာ၌ အက္ခရာကိုလည်း စင်ကြယ်အောင် သုတ်သင်ရ၏။

ပုဒ်ကိုလည်း စင်ကြယ်အောင် သုတ်သင်ရ၏။ ဝါကျကိုလည်း စင်ကြယ်အောင် သုတ်သင်ရ၏။ စင်ကြယ်အောင် သုတ်သင်ခြင်းဟူသည်မှာ မိမိဖတ်သောစာကို သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာရနည်း၊ နိရုတ္တိနည်းတို့ဖြင့် အမှားအမှန်ကို ရှာခြင်းမျိုး မဟုတ်ဘဲ မိမိဖတ်သောစာမှ စာရေးသူ၏ ဆိုလိုရင်းကို သိအောင် အားထုတ်ခြင်းမျိုးသာ ဖြစ်၏။ ထိုသို့ အားထုတ်ရာတွင် သဒ္ဒါနည်းဖြင့် စစ်ဆေးခြင်းလည်း ပါဝင်နိုင်၏။ ဆန်းနည်းဖြင့် စီစစ်ခြင်းလည်း ပါဝင်နိုင်၏။ အလင်္ကာရနည်းဖြင့် လေ့လာခြင်းလည်း ပါဝင်နိုင်၏။ နိရုတ္တိနည်းဖြင့် သုံးသပ်ခြင်းလည်း ပါဝင်နိုင်၏။ ထိုသို့ ပါဝင်သော်လည်း စာရေးသူ၏ စာကို အပြစ်ရှာလိုသော သဘောမျိုးဖြင့် စစ်ဆေးခြင်း၊ စီစစ်ခြင်း၊ လေ့လာခြင်း၊ သုံးသပ်ခြင်းမျိုးသည် ပဓာန မဖြစ်ရ။ စာရေးသူ၏ ဆိုလိုရင်းကို တစ်နည်းနည်းဖြင့် သိအောင် အားထုတ်ခြင်းမျိုးသာ ပဓာန ဖြစ်ရ၏။ မည်သို့ဆိုစေ စာကိုဖတ်သည် ဆိုကတည်းက စာ၏ အနက်ကို သိရရုံမျှ မဟုတ်ဘဲ စာထဲမှ အလိမ္မာကို ရအောင် ယူချင်သည့်သဘောမျိုး ရောက်အောင် ဖတ်ရမည် ဖြစ်၏။

နှုတ်တစ်ရာ စာတစ်လုံး ဟူသော ဆိုရိုစကား ရှိ၏။ ထို့ကြောင့် ထိုဆိုရိုးစကားအတိုင်း စာတစ်လုံးမှ နှုတ်တစ်ရာကို သိအောင် စာကိုဖတ်ဖို့ လိုပါ၏။ အမှန်အားဖြင့် စာရေးသူများသည် မိမိ၏ ရင်ထဲ၌ရှိသော အနက်အဓိပ္ပာယ်များကို စာဖြင့် ရေးချသောအခါ အကုန်လုံး ပါဝင်အောင် ချနိုင်သည် မဟုတ်။ မိမိပြောလိုသော အနက်အဓိပ္ပာယ်များကို အကုန်လုံး ပါဝင်အောင် ပြောနိုင်သည် မဟုတ်။ ပြောချင်သည်က အများကြီး၊ ပြောနိုင်သည်က နည်းနည်းပါးပါးသာ ဖြစ်၏။ ထို့ကြောင့် စာတစ်ပုဒ်ကို ဖတ်သောအခါ စာဖတ်သူများသည် အသံထွက်၍ ဖတ်နိုင်သော စာများ၏ အနက်အဓိပ္ပာယ်ကို သိရုံ၊ နားလည်ရုံနှင့် မလုံလောက်ဘဲ အသံမထွက်သဖြင့် တိုက်ရိုက် မဖတ်နိုင်သော်လည်း စာရေးသူ၏ ရင်ထဲ၌ ရှိနေသော အသံမထွက်သော စာများ၏ အနက်အဓိပ္ပာယ်ကိုပါ သိအောင်၊ နားလည်အောင် ဖတ်နိုင်ဖို့ လိုပါ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် အသံထွက်သော စာများ၏ အနက်အဓိပ္ပာယ်ထက် အသံမထွက်သော စာများ၏ အနက်အဓိပ္ပာယ်က ပို၍လည်း စိတ်ဝင်စားဖွယ် ကောင်း၏။ ပို၍လည်း သစ္စာနှင့် ယှဉ်၏။ ပို၍လည်း အလိမ္မာကို စာဖတ်သူများအား ပေးနိုင်၏။ ထို့ကြောင့် စာဖတ်သူများသည် စာတစ်ပုဒ်ကို ဖတ်တိုင်း မိမိဖတ်နေသော အသံထွက်၍ ဖတ်နိုင်သော စာများ၏ အနက်အဓိပ္ပာယ်ကိုလည်း သိအောင် အားထုတ်ရ၏။ ထိုသို့ သိအောင် အားထုတ်သောအခါ အသံထွက်ပြီး ဖတ်၍ရသော စာရွက်ပေါ်က စာ၏ အနက်အဓိပ္ပာယ်နှင့် အသံထွက်ပြီး ဖတ်၍မရသော စာရေးဆရာ၏ နှလုံးသားပေါ်က စာ၏ အနက်အဓိပ္ပာယ်တို့ကို နှိုင်းယှဉ်၍ ကြည့်နိုင်ပါ၏။

တစ်နည်းအားဖြင့် ဆိုရလျှင် စာရေးဆရာ၏ စာရွက်ပေါ်က စာကို အတွင်း အဇ္ဈတ္တစာဟူ၍ ဆိုနိုင်ပါ၏။ အမှန်အားဖြင့် အပြင်ဗဟိဒ္ဓစာသည် အတွင်း အဇ္ဈတ္တစာကို မြစ်ဖျားခံ၍ ထွက်ပေါ်လာခြင်း ဖြစ်ပါ၏။ ထိုသို့ပင် ဖြစ်သော်လည်း အပြင်စာနှင့် အတွင်းစာသည် တစ်ယောက်တည်းက ရေးခြင်း ဖြစ်သော်လည်း အနက်အဓိပ္ပာယ်ချင်း တူချင်မှ တူ၏။ လောကဖြစ်စဉ်များအရ ဆိုရလျှင် တူသည် လည်း ရှိ၏။ မတူသည်လည်း ရှိ၏။ သို့ရာတွင် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အပြင်စာနှင့် အတွင်းစာတို့၏ အနက်အဓိပ္ပာယ်တို့ကို နှိုင်းယှဉ်လေ့လာကြည့်ခြင်း သည်ပင်လျှင် နေတ္တိကျမ်း သောဓနာဟာရအရ စာတစ်ပုဒ်ကို စင်ကြယ်အောင် သုတ်သင်ခြင်း မည်ပါ၏။ အမှန်အားဖြင့် သုတ်သင်လိုက်သောကြောင့် စင်ကြယ် သော စာ၌ အလိမ္မာကို တွေ့နိုင်၏။ အကယ်၍ မသုတ်သင်သောကြောင့် မစင်ကြယ်သော အပြင်စာ၏ အနက်အဓိပ္ပာယ်ကိုသာ သစ္စာအနေဖြင့် မှတ်ယူပါ လျှင် စာဖတ်သူများသည် မိမိတို့ ဖတ်သောစာမှ အလိမ္မာကို မရဘဲ ရှိတတ်ပါ၏။

လောကဖြစ်စဉ်အရ ကြည့်ပါလျှင်လည်း လောကဟူသည် အများမိစ္ဆာ ဖြစ်ကြောင်း အိန္ဒိယဒဿနကျမ်းများက ဆိုပါ၏။ သူတို့အဆိုမှာ ဗြဟ္မသတျံ ဇဂန္မိတျာ ဟူ၍ ဖြစ်၏။ မြန်မာဘာသာဖြင့် ဆိုရလျှင် ဗြဟ္မ၊ ဗြဟ္မာသည်။ သတျံ၊ သစ္စာဖြစ်၏။ ဇဂတ်၊ လောကသည်။ မိတျာ၊ မိစ္ဆာဖြစ်၏။ ဤသို့ ဆိုလိုပါ၏။ လက်တွေ့ဖြစ်စဉ်များ အရ ဆိုပါလျှင်လည်း ကိုယ်ကျင့်မကောင်းသူ တစ်ယောက် ကလည်း ကိုယ်ကျင့်ကောင်းသော စာကို ရေးတတ်၏။ လိမ်ညာတတ်သူ တစ် ယောက်ကလည်း ဖြောင့်မတ်သော စာကို ရေးတတ်ပါ၏။ ထိုတွင် ကိုယ်ကျင့် မကောင်းသူ တစ်ယောက်၏ နှလုံးသားပေါ်က အတွင်းအဇ္ဈတ္တစာသည် သူ၏ စာရွက်ပေါ်က အပြင်ဗဟိဒ္ဓစာနှင့် အနက်အဓိပ္ပာယ်အားဖြင့် အချင်းချင်း မတူတတ် ပါချေ။ ထို့ကြောင့် စာတစ်ပုဒ်ကို ဖတ်သောအခါ အလိမ္မာကို လိုချင်၍ ဖတ်ခြင်း ဖြစ်သော်လည်း အလိမ္မာကို မရဘဲ ရှိတတ်ပါ၏။

စာရေးသူများသည် စာကို ရေးသောအခါ ပညာရှိယောင် "ပဏ္ဍိတမာနီ" သဘောမျိုးဖြင့် ရေးသည်လည်း ရှိ၏။ သံဝေဂဖြင့် လောကကို ကောင်းစေလို၍ ရေးသည်လည်း ရှိ၏။ မိမိ၏ ခံစားချက်အရ အမှန်အတိုင်း ရေးသည်လည်း ရှိ၏။ မည်သို့သော ရည်ရွယ်ချက်ဖြင့် ရေးသည်ဖြစ်စေ အပြင်စာနှင့် အတွင်းစာ တို့၏ ခြားနားချက်ကို သိအောင် အားထုတ်ရမည် ဖြစ်၏။ ထိုသို့ အားထုတ်မှသာ ယထာဘူတဉာဏ်ကို ရနိုင်၏။ ယထာဘူတဉာဏ်ကို ရပါမှလည်း စာမှ အလိမ္မာကို ရသည်မည်၏။ အမှန်အားဖြင့် ယထာဘူတဉာဏ်သည်ပင်လျှင် အလိမ္မာ၏ ပါဠိ အမည်တစ်မျိုး ဖြစ်ပါ၏။ ယထာဘူတဉာဏ်ကို ရလျှင် သစ္စာကို သိဖို့အတွက် မဂ္ဂင်လမ်းကြောင်းပေါ်၌ ရပ်နေသူ မည်ပါ၏။ ထို့ကြောင့် စာဖတ်သူများသည်

ယထာဘူတဉာဏ်ကို ရနိုင်ရေးအတွက် စာရေးသူများ၏ အပြင်စာနှင့် အတွင်းစာကို သိအောင် အားထုတ်အပ်ပါ၏ ဟူ၍ ဆိုခြင်း ဖြစ်၏။

"ငါ"ပြောသလိုလုပ်၊ "ငါ"လုပ်သလို လိုက်မလုပ်နှင့် ဟူသော ဆိုရိုးစကား ရှိ၏။ ထိုဆိုရိုးအရ စာရေးသူ၏ စာရွက်ပေါ်က အပြင်စာများနှင့် သူတို့၏ နှလုံးသားပေါ်က အတွင်းစာများသည် အချင်းချင်း တစ်မျိုးနှင့်တစ်မျိုး မဆိုင်သကဲ့သို့ ဖြစ်၏။ အမှန်အားဖြင့် အချင်းချင်း ဆိုင်ပါ၏။ ထို့ကြောင့် အိန္ဒိယဒဿနကျမ်းများက "နာသ တော သတာ ဘာဝေါ"

အသတော၊ အမှားမှ။ သတာ၊ အမှန်တို့၏။ ဘာဝေါ၊ ဖြစ်ပေါ်လာခြင်း မည်သည်။ န၊ မဖြစ်ကောင်း ဟူ၍ ဆိုခြင်းဖြစ်၏။ သို့ဖြစ်လေရာ မည်သည့်သဘောကိုမဆို အမှားကို အမှားအတိုင်း သိခြင်းသည်လည်းကောင်း၊ အမှန်ကို အမှန်အတိုင်း သိခြင်းသည်လည်းကောင်း သစ္စာဆိုက်သဖြင့် မဂ်မည်၏။ အမှားကို အမှန်အဖြစ် သိခြင်းသည်လည်းကောင်း၊ အမှန်ကို အမှားအဖြစ် သိခြင်းသည်လည်းကောင်း၊ မှသား (ဝါ) မိစ္ဆာထိုက်သဖြင့် အဝိဇ္ဇာမည်၏။ ဉာဏ်မည်ခြင်းသည် လောကအတွက် လည်းကောင်း၊ မိမိအတွက် လည်းကောင်း အကျိုးစီးပွားကို ဆောင်နိုင်၏။ သို့မဟုတ်ပါက အကျိုးစီးပွားကို မဆောင်နိုင်ပါချေ။ နေတ္တိကျမ်းသောနေသာဟာရ အရ ဆိုပါလျှင်လည်း စာရေးသူများ၏ စာရွက်ပေါ်က အပြင်ဗဟိဒ္ဓစာနှင့် သူ၏ နှလုံးသားပေါ်က အတွင်း အဇ္ဈတ္တစာတို့သည် တစ်မျိုးနှင့်တစ်မျိုး အချင်းချင်း အကြောင်းအကျိုးအနေဖြင့် အဆက်အစပ် မရှိဘူးဟု ဆိုပါလျှင် ယင်းစာမျိုးကို ပါဠိဝေါဟာရအားဖြင့် "အပရိယောသိတ ဝါကျ"ဟူ၍ ဆိုပါ၏။ မြန်မာဘာသာအားဖြင့် ဆိုရလျှင် အပြီးအဆုံးတိုင် မရောက်သော စာ (ဝါ) တစ်ဝက်တစ်ပျက်စာဟူ၍ ဖြစ်၏။ သဘောအားဖြင့်လည်း တစ်ဝက်တစ်ပျက် ဟူသည်မှာ မကျက်တကျက်ပင် ဖြစ်၏။ မကျက်တကျက် ဆိုကတည်းက လောကအတွက် ကောင်းကျိုးမပေးသည်မှာ ထင်ရှားပါ၏။ ထို့ကြောင့် အပြီးအဆုံးတိုင် ရောက်သော စာ "ပရိယောသိတဝါကျ" ဖြစ်စေရန် စာဖတ်သူများသည် စာကိုဖတ်သောအခါ စာရေးသူများ၏ နှလုံးသားပေါ်က အတွင်းစာ၏ အနက်အဓိပ္ပာယ်ကိုလည်း သိအောင် အားထုတ်အပ်၏။ သူတို့၏ စာရွက်ပေါ်က အပြင်စာ၏ အနက်အဓိပ္ပာယ်ကိုလည်း သိအောင် အားထုတ်အပ်၏။ ယင်းနှစ်မျိုးတို့ကို နှိုင်းယှဉ်၍ ယင်းနှစ်မျိုးတို့၏ အချင်းချင်း အဆက်အစပ်ကိုလည်း သိအောင် အားထုတ်အပ်၏။ ထိုသို့ အားထုတ်မှသာ မိမိတို့ ဖတ်နေသော စာသည် အပြီးအဆုံးတိုင် ရောက်သောစာ "ပရိယောသိတ ဝါကျ" မည်သည် ဖြစ်ပါ၏။ ထိုသို့ စာမျိုးမှလည်း မိမိအတွက်လည်းကောင်း၊ လောကအတွက် လည်းကောင်း အကျိုးစီးပွားကို ဆောင်နိုင်မည် ဖြစ်ပါ၏။

အမှန်အားဖြင့် စာ၌ပါဝင်သော အကြောင်းအရာများသည် ဖြစ်ချင်သလို ဖြစ်နိုင်ပါ၏။ ကောင်းသော အကြောင်းအရာလည်း ဖြစ်နိုင်၏။ မကောင်းသော အကြောင်းအရာလည်း ဖြစ်နိုင်၏။ သို့ရာတွင် ယထာဘူတဉာဏ် အနေဖြင့် အကောင်းကို အကောင်းအဖြစ် သိဖို့လို၏။ မကောင်းကို မကောင်းအဖြစ် သိဖို့ လို၏။ ဤသို့သိရန်အတွက်သာ အရေးကြီး၏။ ဤသို့ သိလျှင်ပင် စာဖတ်ခြင်း၏ အကျိုးကိုရသည် မည်၏။ အမှန်အားဖြင့် စာဖတ်ခြင်း၏ အကျိုးဟူသည် ယထာ ဘူတဉာဏ်ကို ရခြင်းပင် မဟုတ်ပါလား။ ယထာဘူတဉာဏ်ကို ရလျှင်ပင် ဉာဏ် စဉ်များအရ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်တို့သည် နောက်က လိုက်လာဖို့ အကြောင်း ရှိပါ၏။ ထိုတွင် နိဗ္ဗိဒါဉာဏ် ဟူသည်မှာ ရင့်သော ဝိပဿနာဉာဏ် ဖြစ်၏။ ဝိရာဂဉာဏ် ဟူသည်မှာ မဂ်ဉာဏ် ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးကို သိရေး အတွက် အခြေခံအနေဖြင့် ယထာဘူတ ဉာဏ်သည် များစွာ အရေးကြီးသည် ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။

လောကတွင် ဆရာကောင်းတစ်ယောက်အတွက် အဆိပ်ဖြစ်လည်း ကိစ္စ မရှိ၊ ဆေးဖြစ်လည်း ကိစ္စမရှိ။ ဆရာကောင်းသည် ဇီဝကလို တော်သောဆရာ ဖြစ်ရိုးမှန်လျှင် အဆိပ်ကိုလည်း ဆေးအဖြစ် သုံးနိုင်၏။ ဆေးကိုလည်း အဆိပ်အဖြစ် သုံးနိုင်၏။ ဤသို့ သုံးနိုင်ခြင်းမှာ ဆေးဝါးနှင့် ပတ်သက်၍ ယထာဘူတဉာဏ်ကို ရထားသောကြောင့် ဖြစ်ပါ၏။ ထိုနည်းအတူပင် စာကို ဖတ်ရာ၌လည်း အကြောင်း အရာသည် ဖြစ်ချင်သလိုဖြစ်၊ ကိစ္စမရှိ။ သို့ရာတွင် စာပါ အကြောင်းအရာနှင့် ပတ်သက်၍မူ အကောင်းနှင့်အဆိုးကို ခွဲခြားပြီး သိဖို့တော့လို၏။ အမှန်အားဖြင့် သစ္စာဟူသည် မှန်ဖို့သာ အရေးကြီး၏။ ကောင်းဖို့လည်း အရေးမကြီး၊ မကောင်းဖို့ လည်း အရေးမကြီး။ သစ္စာလေးပါးတွင် လောဘကလည်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လောဘအနေဖြင့် သစ္စာထိုက်၏။ ထို့ကြောင့် လောဘကို လောဘမှန်း သိလျှင်ပင် သမုဒယသစ္စာကို သိရာရောက်၏။ ဒုက္ခကလည်း ကောင်း သည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ဒုက္ခအနေဖြင့် သစ္စာထိုက်၏။ ထို့ကြောင့် ဒုက္ခကို ဒုက္ခမှန်း သိလျှင်ပင် ဒုက္ခသစ္စာကို သိရာရောက်၏။ နိဗ္ဗာန်သည်လည်း နိဗ္ဗာန်အနေဖြင့် သစ္စာထိုက်၏။ ထို့ကြောင့် နိဗ္ဗာန်ကို နိဗ္ဗာန်မှန်း သိလျှင်ပင် နိရောဓသစ္စာကို သိရာရောက်၏။ မဂ္ဂင်များသည်လည်း မဂ္ဂင်များအနေဖြင့် သစ္စာ ထိုက်၏။ ထို့ကြောင့် မဂ္ဂင်ကို မဂ္ဂင်မှန်း သိလျှင်ပင် မဂ္ဂသစ္စာကို သိရာရောက် ၏။ ဤတွင် သစ္စာကို သိရာ၌မူ ထိုက်သင့်သလို လောကီလည်း ဖြစ်နိုင်၏။ လောကုတ္တရာလည်း ဖြစ်နိုင်၏။

သို့ဖြစ်လေရာ စာပါ အကြောင်းအရာများကို သိရာ၌ အမှန်အတိုင်း သိဖို့သာ အရေးကြီး၏။ အမှန်အတိုင်း သိပါမှ သစ္စာကို သိသည်မည်၏။ ကောင်း

နှင့် မကောင်းကား အရေးမကြီး။ လောကနယ်ပယ်တွင် သဗ္ဗေသင်္ခါရာ အရ "ကောင်း"လည်း သင်္ခါရပင် ဖြစ်၏။ "မကောင်း"လည်း သင်္ခါရပင် ဖြစ်၏။ ဘာမှ မထူး။ အားလုံး သင်္ခါရချည်းသာ ဖြစ်ကြ၏။ သို့ရာတွင် သင်္ခါရကို သင်္ခါရ မှန်းသိလျှင်ပင် လိုအပ်သောကိစ္စ ပြီးလေ၏။ သင်္ခါရကို သင်္ခါရမှန်း သိခြင်းသည် လည်း ယထာဘူတဉာဏ်ပင် ဖြစ်လေ၏။ နောက်ဆုံး အရိယသစ္စာအမြင်ဖြင့် ဆိုရလျှင် ကောင်းနှင့်မကောင်း ဟူသည် မရှိ။ သင်္ခါရနှင့် သင်္ခါရမဟုတ်သည့် သဘောမျိုးသာ ရှိ၏။ သင်္ခါရ ဟူသမျှသည် အနိစ္စချည်း၊ ဒုက္ခချည်း ဖြစ်သော ကြောင့် ကောင်းသည်ဟူ၍ ဆိုရန် ခက်၏။ ထို့ကြောင့် စာတစ်ပုဒ်ပါ အကြောင်း အရာများသည် ကောင်းလျှင်လည်း သင်္ခါရ၊ မကောင်းလျှင်လည်း သင်္ခါရ ဟူ၍ နားလည်အောင်သာ ကြိုးပမ်းအပ်ပါ၏။

အမှန်အားဖြင့် စာတစ်ပုဒ်ပါ အကြောင်းအရာများသည် သင်္ခါရ တိုင်အောင် သိနိုင်ရေးအတွက် အခြေခံအနေဖြင့် သိအပ်သော အချက်များကို ကြိုတင်သိထားဖို့ လိုပါ၏။ ယင်းအခြေခံအချက်များကို သိက္ခာသုံးပါးဟူ၍ ဆိုပါ၏။ ထို့ကြောင့် စာတစ်ပုဒ်ပါ အကြောင်းအရာများကို သိက္ခာသုံးပါး အနေဖြင့် ခွဲလိုက်လျှင်–

(၁) စာပါ အကြောင်းအရာသည် မကောင်းမှုကို ရှောင်ရန် တိုက်တွန်း တာလား၊ သို့မဟုတ် မကောင်းမှုကို ကျူးလွန်ရန် တိုက်တွန်းတာလား၊

(၂) စာပါ အကြောင်းအရာသည် ကောင်းမှုကိုပြုရန် တိုက်တွန်းတာလား၊ သို့မဟုတ် ကောင်းမှုကို မပြုဘဲ တစ်ကိုယ်ကောင်းကြည့်ဖို့ တိုက်တွန်းတာလား၊

(၃) စာပါ အကြောင်းအရာသည် ဖြူစင်ဖြောင့်မတ်ဖို့ တိုက်တွန်းတာ လား၊ သို့မဟုတ် ကောက်ကျစ်စဉ်းလဲဖို့ အားပေးတာလား၊

ဟူ၍ သုံးမျိုးသာ ရနိုင်၏။ ထိုသုံးမျိုးတွင် ပထမမျိုးသည် သီလနှင့် ဆိုင်၏။ ဒုတိယမျိုးသည် သမာဓိနှင့် ဆိုင်၏။ တတိယမျိုးသည် ပညာနှင့် ဆိုင်၏။ သီလနှင့် ဆိုင်သော အကြောင်းအရာဖြစ်လျှင် အကောင်းဘက်လည်း ဖြစ်နိုင်၏။ အဆိုးဘက်လည်း ဖြစ်နိုင်၏။ ထိုနည်းအတူပင် သမာဓိနှင့်ဆိုင်သော အကြောင်း အရာသည် လည်းကောင်း၊ ပညာနှင့်ဆိုင်သော အကြောင်းအရာသည် လည်း ကောင်း အကောင်းဘက်သို့ သွားသည်လည်း ရှိ၏။ အဆိုးဘက်သို့ သွားသည် လည်း ရှိ၏။ အကောင်းဘက်သို့ သွားသွား၊ အဆိုးဘက်သို့သွားသွား မိမိအတွက် လည်းကောင်း၊ လောကအတွက် လည်းကောင်း အသုံးကျအောင် အသုံးချ၍ ရ၏။ အသုံးချသောနည်းကို သိဖို့သာ လို၏။ အသုံးချသောနည်းနှင့် ပတ်သက်၍ စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ မြတ်စွာဘုရားက အတိအကျ ဟောကြားတော် မူထားပါ၏။ စိတ္တာနုပဿနာ သတိပဋ္ဌာန် အရ လောဘဖြစ်လည်း ကိစ္စမရှိ၊

လောဘဖြစ်မှန်း သိနေဖို့သာ ကိစ္စရှိ၏။ ဒေါသဖြစ်လည်း ကိစ္စမရှိ။ ဒေါသဖြစ်မှန်း သိနေဖို့သာ ကိစ္စရှိ၏။ ကုသိုလ်တရားများ ဖြစ်နေပါလျှင်လည်း ထိုနည်းအတူ ကုသိုလ်တရားများ ဖြစ်မှန်း သိနေဖို့သာ လိုပါ၏။ ဤသည်မှာ ယထာဘူတ ဉာဏ် ဖြစ်၏။ ယထာဘူတဉာဏ်ဖြစ်လျှင် ယင်းယထာဘူတဉာဏ် ဆိုင်ရာဆိုင်ရာ ဉာဏ်များကို ဓမ္မတာအတိုင်း ခေါ်သွားမည်ဖြစ်၏။ တွေးပူနေစရာ မလို။ အကယ်၍ တွေးပူနေလျှင် ဆိုင်ရာဆိုင်ရာ ဉာဏ်များက မလာတော့ဘဲ ကုက္ကုစ္စသာ လာပေလိမ့်မည်။ ဤသို့ ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါအား ဟောကြားတော်မူခဲ့ကြောင်း မဟာဗုဒ္ဓဝင် (တ)၊ စာမျက်နှာ ၁၆၆ ၌ လာ၏။

ဤသည်မှာ လောကုတ္တရာအတွက် အကျိုးများကို ဖော်ပြခြင်း ဖြစ်၏။ လောကအတွက် အကျိုးများနှင့် ပတ်သက်၍ ဖော်ပြရလျှင်လည်း မကောင်းများနှင့် ပတ်သက်၍ တကယ်တမ်း ယထာဘူတဉာဏ်သာ ရရှိးမှန်ပါလျှင် သံဝေဂသည် မလွဲမသွေ ဖြစ်မည်ဖြစ်၏။ သံဝေဂဖြစ်လျှင် ဩတ္တပ္ပသံဝေဂဖြစ်ဖြစ်၊ ဉာဏသံဝေဂ ဖြစ်ဖြစ် လောက၏ အစီးအပွားအတွက် လည်းကောင်း၊ မိမိ၏ အစီးအပွားအတွက် လည်းကောင်း မုချမသွေ ဆောင်မည် ဖြစ်ပါ၏။ တစ်စုံတစ်ရာ သံသယဖြစ်ဖွယ် မရှိပါချေ။ အကောင်းများနှင့် ပတ်သက်၍ အထူးဖော်ပြရန် မရှိ၊ အားလုံး အကောင်း ချည်း ဖြစ်၏။

ထို့ကြောင့် စာဖတ်သူများသည် စာကိုဖတ်သောအခါ နေတ္တိကျမ်း သောဓနာဟာရအတိုင်း "ပရိယောသိတဝါကျ"သို့ ရောက်သည်အထိ ဖတ်ရ၏။ "ပရိယောသိတ ဝါကျ" တွင် မိမိဖတ်နေသော စာ၏ အနက်အဓိပ္ပာယ်လည်း ပါဝင်၏။ ထိုစာကိုရေးသော စာရေးဆရာ၏ လောကအပေါ် ထားရှိသော စေတနာနှင့် နှလုံးသွင်းလည်း ပါဝင်၏။ ထိုနှစ်မျိုးစုံတို့၏ အပေါင်းကို "ပရိယောသိတ ဝါကျ" ဟူ၍ ခေါ်ရ၏။ မှန်ပါ၏။ သစ်ပင်တွင် မြေအောက်အပိုင်းနှင့် မြေပေါ် အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင် ပြည့်စုံပါမှ သစ်ပင်ကောင်းဖြစ်သကဲ့သို့ ထို့အတူ စာ(ဝါ) အနက်တွင်လည်း စာရွက်ပေါ်က မြင်ရသော စာများ၏ အနက်အဓိပ္ပာယ် နှင့် စာရေးဆရာ၏ နှလုံးသားပေါ်က မမြင်ရသော စာများ၏ အနက်အဓိပ္ပာယ် ဟူ၍ နှစ်မျိုးလုံး ပါဝင်ရပါ၏။ ထိုသို့ပါဝင်ပါမှလည်း "ပရိယောသိတဝါကျ" မည်ပါ၏။ "ပရိယောသိတဝါကျ" မည်ပါမှ စာဟူ၍ လည်းကောင်း၊ အနက်ဟူ၍ လည်းကောင်း အမည်ရမည် ဖြစ်ပါ၏။ သို့ဖြစ်လေရာ စာဖတ်သူများသည် စာကို ဖတ်ရာတွင် ပရိယောသိတဝါကျ တိုင်အောင် ဖတ်တတ်ရန်အတွက် စာဖတ်နည်း တစ်နည်းဖြစ်သော သောဓနာဟာရကိုလည်း စွမ်းနိုင်သလောက် လေ့လာအပ်ပါ၏။

## စာဖတ်သူများ ၂၂

*စာဖတ်သူများသည် မိမိဘဝကို သိရန်အတွက် လောကီနည်းအားဖြင့်လည်း သိ၍ ရ၏။ လောကုတ္တရာနည်းအားဖြင့်လည်း သိ၍ရ၏။ စာဖတ်ခြင်းသည် မိမိ၏ဘဝ၊ မိမိ၏ ခန္ဓာကိုယ်ကို မိမိက သိအောင်ဖတ်ခြင်း ဖြစ်၏။*

•

စာဖတ်သူများသည် စာကို ဖတ်ကြသည်။ စာကို ဖတ်သောအခါ မိမိဖတ်သော စာ၏အနက်ကို သိသည်။ အဓိပ္ပာယ်ကို သိသည်။ သို့ရာတွင် စာကို ဖတ်ခြင်း အားဖြင့် မိမိ၏ဘဝကို မသိကြ။ အမှန်အားဖြင့် စာကိုဖတ်ခြင်းသည် စာဖတ်သူ မိမိ၏ဘဝကို သိရန်ဖြစ်၏။ မိမိ၏ဘဝကို သိပါက လောကကိုလည်း သိပြီးသား ဖြစ်၏။ မိမိဖတ်သော စာ၏အနက်ကိုလည်း သိပြီးသားဖြစ်၏။ အဓိပ္ပာယ်ကိုလည်း သိပြီးသားဖြစ်၏။ စာဖတ်သူများသည် မိမိဘဝကို သိလျှင် စာဖတ်ခြင်း၏ လိုအပ် သော အကျိုးကို ရပြီးသား ဖြစ်၏။ သို့မဟုတ်ပါက စာကိုဖတ်သော်လည်း စာဖတ် ခြင်း၏ အကျိုးကို ရသည် မမည်။ စာ၌ ပါဝင်သော အလိမ္မာများသည် မိမိဆီသို့ ရောက်မလာ။ ထို့ကြောင့် စာကို ဖတ်သောအခါ မိမိ၏ ဘဝကို သိလာအောင် ဖတ်ရ၏။ မိမိ၏ ဘဝကို မိမိ သိခြင်းသည် ပန်းတိုင် ဖြစ်၏။

အသိတွင် သဘောနှစ်မျိုး ပါဝင်၏။ တစ်မျိုးသော အသိသဘောမှာ အာရုံပြုပြီး တိုက်ရိုက်သိခြင်း ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "အာရမ္မဏ ဉာဏ" ဟူ၍ ခေါ်၏။ အခြားတစ်မျိုးသော အသိသဘောမှာ မတွေ့ဝေသော အားဖြင့် သိခြင်းဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "အသမ္မောဟဉာဏ" ဟူ၍ ခေါ်၏။ ဥပမာအားဖြင့် မီးကို မြင်သောအခါ အာရုံပြုသောအားဖြင့် မီးကို သိ၏။ ယင်းအသိကို အာရမ္မဏဉာဏ ဟူ၍ ခေါ်ရ၏။ ထို့အပြင် မီးကို သိရုံသာမက မီး၏ ပူသော သဘောကိုလည်း သိ၏။ ယင်းအသိကို အသမ္မောဟဉာဏ ဟူ၍

ခေါ်၏။ ထို့ကြောင့် မည်သည့်အရာဝတ္ထုကို သိသည်ဖြစ်စေ ထိုအသိ၌ အာရုံပြု သောအားဖြင့် သိခြင်း သဘောလည်း ပါ၏။ မတွေ့ဝေသောအားဖြင့် သိခြင်း သဘောလည်း ပါ၏။

ဤသဘောအတိုင်းပင် စာကို ဖတ်သောအခါ စာ၏ အနက်အဓိပ္ပာယ်ကို သိ၏။ ထိုသို့သိရာ၌ အာရုံပြုသောအားဖြင့် သိခြင်းလည်းပါ၏။ မတွေ့ဝေသော အားဖြင့် သိခြင်းလည်း ပါ၏။ စာ၏ အနက်အဓိပ္ပာယ်ကို သိခြင်းမှာ အာရုံပြုသော အားဖြင့် သိခြင်းမျိုး ဖြစ်၏။ စာမှတစ်ဆင့် လောကကိုလည်းကောင်း၊ ဘဝကို လည်းကောင်း သိခြင်းမှာ မတွေ့ဝေသောအားဖြင့် သိခြင်းမျိုး ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများသည် စာကို ဖတ်သောအခါ အာရုံသိနှင့် မတွေ့ဝေသိ နှစ်မျိုးလုံး ပါဝင်အောင် ဖတ်ရ၏။ သို့မှသာ ပြီးပြည့်စုံသော အသိဖြစ်၏။ ပြီးပြည့်စုံသော အသိဖြစ်ပါမှလည်း မိမိအတွက် လည်းကောင်း၊ လောကအတွက် လည်းကောင်း အသုံးဝင်မည် ဖြစ်၏။

အမှန်အားဖြင့် အာရုံပြုခြင်း အာရမ္မဏနှင့် မတွေ့ဝေခြင်း အသမ္မောဟ သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းဘက်နှင့် ပန်းဘက်သဖွယ် အသိတရား၏ မျက်နှာ ပြင် တစ်ဖက်စီ၌ ရှိရ၏။ သို့မှသာ အသုံးကျသော အသိဖြစ်နိုင်၏။ လက်တွေ့အရ လည်း ခေါင်းဘက်နှင့် ပန်းဘက် အစုံ မပါဝင်သော ဒင်္ဂါးသည် လောကတွင် အသုံးမဝင်ချေ။ ထိုနည်းအတူပင် အာရုံပြုခြင်း အာရမ္မဏနှင့် မတွေ့ဝေခြင်း အသမ္မောဟ အစုံလိုက် မပါဝင်သော အသိသည် မိမိအတွက်လည်း အသုံးမဝင်။ လောကအတွက်လည်း အသုံးမဝင်။ ထို့ကြောင့် စာကို ဖတ်သောအခါ အသုံးဝင် သော အသိကို ရဖို့လို၏။ အသုံးဝင်သော အသိ ရပါမှလည်း စာကို ဖတ်ရကျိုးနပ် ၏။ သို့မဟုတ်ပါက စာကို ဖတ်ရသော်လည်း စာဖတ်ရကျိုးနပ်မည် မဟုတ်။

စာကို ဖတ်သောအခါ ရရှိသောအသိသည် လောကီအတွက်နှင့် လောကုတ္တရာ အတွက် ဟူ၍ နှစ်မျိုးရှိ၏။ ထိုသို့ နှစ်မျိုးရှိသော်လည်း နောက်ဆုံး ပန်းတိုင်ဖြစ်သော အသိကား မိမိ၏ဘဝကို မိမိက သိခြင်းပင် ဖြစ်၏။ စာဖတ်သူ များသည် မိမိ၏ဘဝကို သိရန်အတွက် လောကီနည်းဖြင့်လည်း သိ၍ ရ၏။ လောကုတ္တရာနည်းဖြင့်လည်း သိ၍ ရ၏။ ဤတွင် လောကီနည်းဟူသည်မှာ ရသစာပေနည်း ဖြစ်၏။ လောကုတ္တရာနည်း ဟူသည်မှာ ဝိပဿနာနည်း ဖြစ်၏။ နည်းနှစ်မျိုးအနက် မည်သည့်နည်းဖြင့် စာကို ဖတ်သည် ဖြစ်စေကာမူ နောက်ဆုံး ပန်းတိုင်သိကား မိမိ၏ဘဝ၊ မိမိ၏ ခန္ဓာကိုယ်ကို မိမိက သိအောင် ဖတ်ခြင်း ဖြစ်၏။ ထိုသို့ သိအောင်ဖတ်နိုင်ရန် နေတ္တိကျမ်းလာ အဓိဋ္ဌာနဟာရ က ဖော်ပြ ပါ၏။

အဓိဋ္ဌာနဟာရ က လောကီအတွက် ဖတ်နည်းကိုလည်း ဖော်ပြ၏။ လောကုတ္တရာအတွက် ဖတ်နည်းကိုလည်း ဖော်ပြ၏။ ထိုသို့ ဖော်ပြရာတွင် မိမိ၏ ဘဝ၊ မိမိ၏ ခန္ဓာကိုယ်ကို သိရေးသာလျှင် ပဓာနဖြစ်၏။ အမှန်အားဖြင့် မည်သည့် စာပေ ဖြစ်ဖြစ်၊ မည်သည့်အကြောင်းအရာ ဖြစ်ဖြစ် ထိုစာပေ၊ ထိုအကြောင်းအရာ သည် စာဖတ်သူ၏ ဘဝကို စာဖတ်သူကိုယ်တိုင်က သိအောင် ရည်ညွှန်းသည်ချည်း ဖြစ်၏။ ထိုသို့ ရည်ညွှန်းခြင်းကြောင့်သာလျှင် စာထဲ၌ ပါဝင်လာသော အလိမ္မာ သည် စာဖတ်သူဆီသို့ ရောက်သွားခြင်း ဖြစ်၏။

အဓိဋ္ဌာနဟာရက လောကီသဘောအရ စာဖတ်နည်းကို ဖော်ပြရာတွင် ရသ စာပေနည်းဖြင့် ဖော်ပြ၏။ ရသစာပေနည်းအရ စာတစ်ပုဒ်ကို ဖတ်ရာတွင် စာပေ၌ ပထမဦးစွာ သီးခြားသဘောကို မြင်ရ၏။ ထို့နောက် သီးခြားတို့၏ အပေါင်းအစု လောကသဘောကို မြင်ရ၏။ ထို့နောက် မိမိကိုယ်ကို မြင်ရ၏။ မိမိကိုယ်ကို မြင်ရခြင်း ဟူသည် မိမိ၏ဘဝကို မိမိက သိခြင်းပင် ဖြစ်၏။ ဥပမာ အားဖြင့် လယ်သမားအကြောင်း စာပေကို ဖတ်သည်ဆိုပါလျှင် ယင်းစာပေ၌ လယ်သမားတစ်ယောက်ကို ဇာတ်ကောင်ပြု၍ ဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်၏။ ဤသဘောကို ဘောဝတ္ထု၌ တွေ့ရ၏။ ရသစာပေ သဘောအရဆိုလျှင် ပထမအဆင့် အနေဖြင့် ဘောသည် ဘောသာ ဖြစ်၏။ အခြား မည်သူမျှ မဟုတ်။ ဘောတွင် အမိရှိ၏။ ဘောတွင် အဖရှိ၏။ အခြားသော ဆိုင်ရာ ဆိုင်ရာများလည်း ရှိ၏။ ယင်းတို့အားလုံးသည် ဇာတ်ကောင် ဘောနှင့်သာ ပတ်သက်၏။ အခြား မည်သူနှင့်မျှ မပတ်သက်။

ဤသည်မှာ ရသစာပေအရ ပထမဆုံး ပေါ်ထွက်လာသောအနက် ဖြစ်၏။ ဤသည်မှာ ဘော၏ သီးခြားသဘော ဖြစ်၏။ ဘော၏ သီးခြားသဘော သည် စာဖတ်သူများ မျက်စိ၌ ထင်းခနဲ ပေါ်နေသည်အထိ ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် ဧကတ္တ ဟူ၍ ခေါ်၏။ ဧကတ္တ ဟူသည် တစ်ခုတည်းသော သဘောပင် ဖြစ်၏။ ထို့နောက် တစ်ခုတည်းသော သဘောမှ အပေါင်းအစု လောက သဘောကို သိရ၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် ဝေမတ္တ ဟူ၍ ဆိုရ၏။ ဝေမတ္တ ဟူသည် သီးခြား များစွာတို့၏ အစုအပေါင်း ဖြစ်၏။

ရသစာပေသဘောအရ ရသမြောက်ပါက လယ်သမား ဘောသည် တစ်ယောက်တည်းသော လယ်သမားဘောကို လည်းကောင်း၊ အားလုံးသော လယ်သမား ဘောများကို လည်းကောင်း၊ စာဖတ်သူ မိမိကို ဘောအဖြစ် လည်း ကောင်း ဖော်ပြ၏။ ထိုသို့ ဖော်ပြရာတွင် ပထမအဆင့် အနေဖြင့် လယ်သမား ဘောသည် တစ်ယောက်တည်းသော လယ်သမားဘောကို ပြ၏။ ထို့နောက် ဒုတိယ

ဆင့် အနေဖြင့် လယ်သမားဘသည် အားလုံးသော လယ်သမား ဘတို့ကို ဖော်ပြ၏။ ယင်းသို့ ဖော်ပြခြင်းကို လယ်သမားလောကကို ဖော်ပြခြင်းဟူ၍ ဆိုရ၏။ တတိယဆင့် အနေဖြင့် လယ်သမား ဘသည် စာဖတ်သူ မိမိကို လယ်သမားဘ အဖြစ် ဖော်ပြ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် ဘသည် ပထမဆင့်အနေဖြင့် ဘသာ ဖြစ်၏။ ဒုတိယဆင့် အနေဖြင့် ဘသည် လယ်သမားအားလုံး ဖြစ်လာ၏။ တတိယဆင့် အနေဖြင့် ဘသည် စာဖတ်သူ မိမိ ဖြစ်လာ၏။ အပြင်လောက၌ ကြိုးစစ်စစ်က အလင်းရောင်၏ မပြည့်ဝမှုကြောင့် မြွေဖြစ်နေသဖြင့် လူတို့သည် လန့်၍ ခုန်ဖူးကြ၏။

ထိုနည်းအတူပင် ရသစာပေလောက၌ ရသသဘော ဝင်ရောက်လာသဖြင့် စာပေ၌ ပါဝင်နေသော ဘက စာဖတ်သူမိမိ ဖြစ်လာသည်ကို ကြုံဖူးကြမည် ဖြစ်၏။ ဤသို့ ဖြစ်ခြင်းကိုပင် မိမိ၏ဘဝကို မိမိက သိခြင်းဟူ၍ ဆိုရ၏။ မိမိ၏ဘဝကို မိမိက သိလာပါက မိမိ၏သန္တာန်၌ ဖြစ်နေသော "ကောင်း"နှင့် "မကောင်း" တို့ကို ကိုယ်တွေ့ ဆင်ခြင်မိ၏။ ထိုအခါ "မကောင်း"ကို ရှောင်၍ "ကောင်း" ကို ဆောင်မည် ဖြစ်ပါ၏။ ဤနည်းအားဖြင့် စာထဲ၌ ပါဝင်သော အလိမ္မာက စာဖတ်သူထံ ရောက် လာလေ၏။

မိမိဖတ်နေသော စာပါဇာတ်ကောင်က စာဖတ်သူမိမိ ဖြစ်သွားခြင်းမှာ အပြင်လောက၌ မရကောင်းဘဲ ရသစာပေလောက၌သာ ရကောင်းသဖြင့် ယင်းသဘောကို "အလောကိက"ဟူ၍ ဆိုရ၏။ "အလောကိက"ဟူသည်မှာ လောကလွန်သသော ဖြစ်၏။ လောကလွန်သသော ဖြစ်သောကြောင့်သာလျှင် စာဖတ်သူက မိမိဘဝ ပျောက်၍ စာအကြောင်းအရာပါ လယ်သမားဘ ဖြစ်သွားနိုင်ခြင်း ဖြစ်၏။ ဗုဒ္ဓစာပေဝေါဟာရ အရ ဆိုရလျှင် ယင်းသဘောကို အတ္တပျောက်ခြင်းဟူ၍ ဆိုရ၏။ မည်သူမဆို ဤလောက၌ မိမိ၏အတ္တကို ပယ်နိုင်ပါက နှစ်သက်ခြင်းပီတိကို ခံစားရ၏။ အရိယာများသည် မိမိတို့၏ အတ္တကို တကယ်တမ်း ပယ်သတ်နိုင်သူများ ဖြစ်ကြသဖြင့် ချမ်းသာကြသူများ ဖြစ်ကြ၏။

ထိုနည်းအတူပင် စာဖတ်နည်းကောင်းဖြင့် စာကို ဖတ်သောကြောင့် စာပါ ဇာတ်ကောင်က စာဖတ်သူမိမိ ဖြစ်သွားပြီး မိမိ၏ဘဝ၊ မိမိ၏အတ္တ၊ မိမိ၏ ခန္ဓာကို အခိုက်အတန့် ပယ်နိုင်ကာမျှဖြင့်ပင် နှစ်သက်ခြင်းပီတိကို ခံစားရပါ၏။ ဤသို့ နှစ်သက်ခြင်း ပီတိကို ခံစားရခြင်းမှာ အတ္တကို ပယ်သတ်နိုင်သောကြောင့် ဖြစ်ပါ၏။ လက်တွေ့အားဖြင့် လယ်သမားက လယ်သမားဖြစ်နေရခြင်းမှာ နှစ်သက်ခြင်းပီတိကို ခံစားဖွယ် မရှိသော်လည်း စာဖတ်သူမိမိက စာထဲ၌ပါသော ဇာတ်ကောင်လယ်သမား ဖြစ်သွားရခြင်းကြောင့် နှစ်သက်ခြင်းပီတိကို ခံစားရ

သည်မှာ ရသစာပေ ဖတ်ကြသူတိုင်း၏ ကိုယ်တွေ့ ဖြစ်၏။ မယုံကြည်စရာ ဘာမျှမရှိ။

ဤသို့ ခံစားရခြင်းမှာလည်း မိမိ၏ အတ္တကို မိမိက ပယ်နိုင်သောကြောင့် ဖြစ်၏။ ထို့ကြောင့် လက်တွေ့အရပဲ ဖြစ်ဖြစ်၊ စာတွေ့အရပဲ ဖြစ်ဖြစ် မိမိ၏အတ္တကို မိမိက ပယ်နိုင်သည်နှင့်အမျှ မိမိသည် ချမ်းသာသုခနှင့် နှစ်သက်ခြင်း ပီတိကို အမှန်ပင် ခံစားရပါ၏။

အဝိဋ္ဌာနဟာရ၏ အဆိုအတိုင်း ရသစာပေနည်းဖြင့် စာကို ဖတ်ပါက ပထမဆင့် အနေဖြင့် စာပါ ဇာတ်ကောင်သည် သူ့ဟာသူ သီးခြားရှိနေမည် ဖြစ်၏။ ဒုတိယဆင့် အနေဖြင့် ဆိုင်ရာ ဇာတ်ကောင်လောကကို ကိုယ်စားပြုလာမည် ဖြစ်၏။ တတိယဆင့် အနေဖြင့် စာဖတ်သူ မိမိဖြစ်လာမည် ဖြစ်၏။ စာဖတ်သူမိမိ ဖြစ်လာသောအခါ မိမိ၏ ဘဝ၊ မိမိ၏ခန္ဓာ၊ မိမိ၏အတ္တသည် ပျောက်လေ၏။ အတ္တပျောက်သည်နှင့် အမျှ ချမ်းသာခြင်း သုခကို လည်းကောင်း၊ နှစ်သက်ခြင်း ပီတိကိုလည်းကောင်း လက်တွေ့အားဖြင့် ခံစားရပါ၏။

ရသစာပေကို ဖတ်လျှင် စာပေပါဇာတ်ကောင်သည် အနက်သုံးဆင့်ကို ဖော်ပြကြောင်း တွေ့ရ၏။ "သီးခြား"၊ "အများ"နှင့် "တစ်သားတည်း"တို့ဖြစ်၏။ သီးခြားသည် ပထမဆင့်အနက် ဖြစ်၏။ အများသည် ဒုတိယဆင့်အနက်ဖြစ်၏။ တစ်သားတည်းသည် တတိယဆင့်အနက် ဖြစ်၏။ ဤသို့လျှင် ရသစာပေ၌ အနက်သုံးဆင့် ပါဝင်ကြောင်း အဝိဋ္ဌာနဟာရက ဖော်ပြ၏။ အနက်သုံးဆင့်တွင် တတိယဆင့် အနက်တိုင်အောင် သိပါမှ မိမိ၏ဘဝကို မိမိက သိနိုင်မည် ဖြစ်၏။ စာဖတ်ရာတွင်လည်း စာဖတ်ရကျိုးနပ်မည် ဖြစ်၏။ စာပါ အကြောင်းအရာသည် သက်မဲ့ ဖြစ်စေကာမူ ယင်းသက်မဲ့သည် ရသသဘောအရ ပထမဆင့်၌သာ သက်မဲ့ဖြစ်၏။ ဒုတိယဆင့်နှင့် တတိယဆင့်သို့ ရောက်သောအခါ သက်ရှိ ဖြစ်သွားရ၏။

လောက အတွေ့အကြုံအရလည်း သက်မဲ့ဖြစ်သော ကြိုးသည် သက်ရှိ မြွေဖြစ်သွားနိုင်ကြောင်းကို တွေ့ရပါ၏။ သက်ရှိဖြစ်ပါမှလည်း လောကခံ၏ သဘောသည် ပို၍ ပေါ်လွင်၏။ လောကခံ၏ သဘောကို သိ၍ ဆင်ခြင်နိုင်ပါမှ လောဘ, ဒေါသ, မာန်မာနများကို ပါးအောင် လုပ်နိုင်မည် ဖြစ်၏။ လောဘ, ဒေါသနှင့် မာန်မာနများ ပါးလျှင် သောကနှင့် ပရိဒေဝများလည်း ပါးသည်ပင် ဖြစ်၏။ ဤသို့ ပါးပါမှလည်း စာဖတ်ရကျိုးနပ်မည် ဖြစ်၏။ လောကခံ၏ ရိုက်ခတ်မှုကို ခံနိုင်လာမည် ဖြစ်၏။ ဆရာဇော်ဂျီ၏ ဗေဒါပန်းကဗျာသည် သက်မဲ့မှ သက်ရှိဖြစ်သွားပြီး လောကခံကို ဆင်ခြင်နိုင်မှု၌ ပြယုဂ်ဖြစ်လေ၏။ ဤသည်မှာ အဝိဋ္ဌာနဟာရ က လောကီသဘောအရ စာဖတ်နည်းကို ဖော်ပြခြင်း ဖြစ်၏။

လောကုတ္တရာ သဘောအရ စာဖတ်နည်းကို ဖော်ပြရလျှင် စာပါ အကြောင်းအရာများကို ပရမတ္ထတိုင်အောင် သိဖို့လို၏။ အမှန်အားဖြင့် ဘဝဟူသည် မှာ ကိလေသ ဝဋ်, ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ အစုအဝေးသာ ဖြစ်၏။ ထို့ကြောင့် ဘဝရှိနေသရွေ့ ကိလေသာလည်း ရှိနေမည် ဖြစ်၏။ ကံလည်း ရှိနေမည် ဖြစ်၏။ ဝိပါက်များလည်း ရှိနေမည် ဖြစ်၏။ ထိုအခါ ဝဋ်သုံးပါး ရှိနေသရွေ့ သတ္တဝါလည်း ရှိနေမည် ဖြစ်၏။ ပုဂ္ဂိုလ်လည်း ရှိနေမည် ဖြစ်၏။ အရာဝတ္ထုများလည်း ရှိနေမည် ဖြစ်၏။ ပရမတ္ထသစ္စာအားဖြင့် ဆိုရလျှင် ပုဂ္ဂိုလ်လည်း မရှိ၊ သတ္တဝါလည်း မရှိ၊ အရာဝတ္ထုများလည်း မရှိ။ သို့ရာတွင် လက်တွေ့အားဖြင့် ပုဂ္ဂိုလ်လည်း ရှိ၏။ သတ္တဝါလည်း ရှိ၏။ အရာဝတ္ထုများလည်း ရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ, အရာဝတ္ထုဟူ၍ ရှိနေသမျှ ကာလပတ်လုံး ဘဝလည်း ရှိ၏။ ဘဝရှိနေလျှင် ဒုက္ခသည် ရှိနေမည် ဖြစ်၏။

အမှန်အားဖြင့် လူဟူသမျှသည် ဒုက္ခမှ လွတ်မြောက်လိုကြသည်ချည်း ဖြစ်၏။ ဒုက္ခမှ လွတ်မြောက်လိုလျှင် ဘဝမှ လွတ်မြောက်ဖို့လို၏။ ထိုအခါ ဘဝကို သိဖို့ လို၏။ ထို့ကြောင့် စာကိုဖတ်လျှင် မည်သည့်စာကိုဖတ်ဖတ် ဝိပဿနာ သဘောအရ မိမိ၏ဘဝကို သိအောင် ဖတ်ရ၏။ ဘဝကို သိပါမှ ဘဝလွတ်မြောက်မှုကို သိနိုင်မည် ဖြစ်၏။

ဝိပဿနာသဘောအရ စာကိုဖတ်သောအခါ စာထဲ၌ သက်ရှိသက်မဲ့ အရာဝတ္ထုများကို တွေ့ရ၏။ ယင်းတို့၏ ဝိသေသသဘောကိုလည်း တွေ့ရ၏။ ဝိသေသ သဘောသည်ကား သီးခြားသဘောပင် ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရ အားဖြင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူ၍ ဆို၏။ ထိုနောက် ယင်းတို့၏ ငြိမ်းချမ်းခြင်း သဘောကို တွေ့၏။ ယင်းကို သန္တိ ဟူ၍ ဆို၏။ အမှန်အားဖြင့် ငြိမ်းချမ်းခြင်း သန္တိသဘောကို ကိလေသဝဋ်နှင့် ကမ္မဝဋ်ကုန်မှ တွေ့ရ၏။

ထို့ကြောင့် ဘဝမှ လွတ်မြောက်လိုလျှင် ကိလေသဝဋ်မှ လွတ်မြောက် အောင် အားထုတ်ဖို့ လိုပါ၏။ ကိလေသဝဋ်တွင် တဏှာ, မာန, ဒိဋ္ဌိသည် အရေးကြီး၏။ ယင်းတို့ကုန်လျှင် ဘဝကို အပြည့်အစုံ သိ၏။ ယင်းတို့ မကုန်သေး လျှင် ဘဝကို တစ်ဝက်တစ်ပျက် သိ၏။ တဏှာ, မာန, ဒိဋ္ဌိတို့ကို မြင်ဖို့ဆိုသည်ကား လွယ်သည် မဟုတ်။ မြတ်စွာဘုရားဆိုလျှင် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် အားထုတ်ရ၏။ အလားတူပင် ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝကများလည်း သမုဒယသစ္စာကို မြင်နိုင်ဖို့အတွက် ဆိုင်ရာဆိုင်ရာ ကာလတို့ပတ်လုံး အားထုတ်ရသည်ပင် ဖြစ်၏။ သမုဒယသစ္စာကို မြင်ပါမှ ကိလေသာများကို ပယ်သတ်နိုင်အောင် အားထုတ်၍ ရ၏။ ကိလေသာများ

ကုန်ပါမှ ဇာတိသည် ကုန်၏။ ဇာတိကုန်လျှင် ဘဝသည် ကုန်လေ၏။ ဘဝကုန်လျှင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ပန်းတိုင်သို့ ရောက်ပြီ ဖြစ်လေ၏။

ဝိပဿနာ ဟူသည် ဘဝမှလွတ်မြောက် အားထုတ်နည်း ဖြစ်၏။ ထို့ကြောင့် စာဖတ်သူများသည် စာကိုဖတ်သောအခါ ဝိပဿနာနည်းအရ ဖတ်ပါက မိမိ၏ဘဝကို မိမိက သိလာမည် ဖြစ်၏။ ထိုသို့ သိရာတွင် ပထမဆင့်အနေဖြင့် စာပါ အကြောင်းအရာကို တစ်ခုချင်းအလိုက် သီးခြားစီ သီးခြားစီ သိမည်ဖြစ်၏။ ဒုတိယဆင့်အနေဖြင့် လောကကို ခြုံ၍ သိမည်ဖြစ်၏။ တတိယဆင့် အနေဖြင့် မိမိ၏ဘဝကို သိမည်ဖြစ်၏။ အမှန်အားဖြင့် တစ်ခုချင်း သီးခြားစီနှင့် အများ လောကဟူသည် သင်္ခါရတရားတို့၏ ဖြစ်ပျက်အစဉ်သာ ဖြစ်၏။ သင်္ခါရတရား တို့၏ ဖြစ်ပျက်အစဉ်ကို မိမိသန္တာန်၌ တင်၍ ဆင်ခြင်လိုက်သောအခါ မိမိ၏ ဘဝကိုပါ သိလာ၏။

ထိုအခါ တစ်ခုချင်း ဟူသည်မှာလည်း ဖြစ်ပျက်အစဉ် ဖြစ်၏။ လောက ဟူသည်မှာလည်း ဖြစ်ပျက်အစဉ်ပင် ဖြစ်၏။ မိမိ ဟူသည်မှာလည်း ဖြစ်ပျက်အစဉ် ချည်းသာ ဖြစ်လေ၏။ ဖြစ်ပျက်အစဉ် ဖြစ်ရာတွင် သီးခြား၌လည်း လောကဓံရှိ၏။ အများ၌လည်း လောကဓံရှိ၏။ တစ်သားတည်း၌လည်း လောကဓံရှိ၏။ ဤသို့ သိလာမည် ဖြစ်၏။

အမှန်အားဖြင့် မည်သည့်စာကိုဖတ်ဖတ် စာပါ အကြောင်းအရာတို့၏ ဖြစ်ပျက်အစဉ်နှင့် လောကဓံသဘောကို အများအပေါ်၌ တင်၍ ဆင်ခြင်ရ၏။ ထို့နောက် အများ၏ ဖြစ်ပျက်အစဉ်နှင့် လောကဓံကို မိမိ၏ ဘဝအပေါ်၌ တင်၍ ဆင်ခြင်ရ၏။ ထိုအခါ မိမိ၏ဘဝကို သိလာ၏။ မိမိ၏ဘဝကို သိလာလျှင် ဘဝ၌ ပါဝင်သော ကိလေသာများကို သိလာ၏။ ထိုအခါ "အနေက ဇာတိ သံသာရံ"ဟူ၍ မြတ်စွာဘုရား ကြွေးဝါးတော်မူသည့် အတိုင်းပင် စာဖတ်သူများသည် မိမိ၏ဘဝ၌ ပါဝင်သော တဏှာ ယောက်ျား လက်သမားကိုမြင်၍ သုတ်သင်နိုင်မည် ဖြစ်၏။ အမှန်အားဖြင့် ဝိပဿနာကို ဘဝနေနည်းအဖြစ် အသုံးကျအောင် အသုံးချ တတ်နိုင်ရန် အဓိဋ္ဌာနဟာရ က ဖော်ပြခြင်း ဖြစ်၏။ ထိုသို့ ဖော်ပြရာတွင် ရသနည်း သည်လည်း ဝိပဿနာ၌ ပါဝင်ပါ၏။ ထို့ကြောင့် ရသစာပေကိုလည်း ဝိပဿနာ အမြင်ဖြင့် ဖတ်၍ ရပါ၏။

အကျဉ်းအားဖြင့် မည်သည့်စာကို ဖတ်သည်ဖြစ်စေ စာပါ အကြောင်း အရာတို့၏ သင်္ခါရသဘောနှင့် လောကဓံသဘောကို စာဖတ်သူက မိမိ၏ ခန္ဓာပေါ် သို့ ရောက်အောင်တင်၍ တဏှာ, မာန, ဒိဋ္ဌိတို့ကို မြင်အောင်ကြည့်ပြီး သမုဒယ သစ္စာကို ပယ်နိုင်အောင် အားထုတ်ရ၏။ ထိုသို့ အားထုတ်နိုင်ခြင်းသည်ပင်လျှင်

အဓိဋ္ဌာနဟာရ၏ ရည်ရွယ်ချက် ဖြစ်ပါ၏။ ထို့ကြောင့် အဓိဋ္ဌာနဟာရက ညွှန်ပြသည့်အတိုင်း စာကို ဖတ်ပါလျှင် မည်သည့်စာကိုဖတ်ဖတ် စာပါ အကြောင်းအရာမှ ဆောင်ဖွယ်သဘောနှင့် ရှောင်ဖွယ်သဘောတို့သည် ခန္ဓာဉာဏ်ရောက် အဆင့်သို့ ရောက်သည်ချည်း ဖြစ်ပါ၏။ အမှန်အားဖြင့် မည်သည့်အသိမျိုးဖြစ်ဖြစ် ထိုအသိသည် မိမိ၏ ခန္ဓာဉာဏ်ရောက် အဆင့်သို့ ရောက်ပါမှ ဝိပဿနာအမည်ကို ရနိုင်၏။ ဝိပဿနာ အမည်ကို ရပါမှလည်း သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတို့ကို ထိုက်သင့်သလို ဖယ်ရှားနိုင်မည် ဖြစ်ပါ၏။ ထိုသို့ ဖယ်ရှားနိုင်ရန် အဓိဋ္ဌာနဟာရက စာပါ အကြောင်းအရာများကို တစ်ခု, အများ, တစ်သားတည်း ဟူ၍ သုံးဆင့်အဖြစ် သိနိုင်အောင် စာဖတ်သူများအား ညွှန်ပြပါ၏။

## စာဖတ်သူများ ၂၃

*ကြောင်းကျိုးဆက်နွယ်မှုအရ လောက၌ တကယ်တမ်းဖြစ်နိုင်သော အကြောင်းအရာများကို ရေးသားထားသော စာများသာ အရည်အသွေးဖြစ်၏။ ထို့ကြောင့် စာများ ဖတ်ရှုရာတွင် ကန္တိဂုဏ်၏ သဘောကို လည်းကောင်း၊ မဓုရတာဂုဏ်၏ သဘောကို လည်းကောင်း နားလည်အောင် အားထုတ်ရ၏။ မြင်အောင် ကြည့်ရ၏။*

စာဟူသည်မှာ အသံတို့၏ အစုအပေါင်းပင် ဖြစ်၏။ အမှန်အားဖြင့် အသံသည် နေရာတိုင်း၌ ရှိ၏။ ထို့ကြောင့် အသံကို သဗ္ဗဗျာပီ ဟူ၍ ဆိုရ၏။ သဗ္ဗဗျာပီ၏ အနက်မှာ နေရာတိုင်း၌ ရှိသည်ဟူ၍ ဖြစ်၏။ ထို့အပြင် အသံသည် ဖြစ်ခြင်းလည်း မရှိ၊ ပျက်ခြင်းလည်း မရှိ ဖြစ်၏။ ထို့ကြောင့် အသံကို နိစ္စဟူ၍ ဆိုရ၏။ ဤသို့ ဒဿနဆရာများက ဆိုကြ၏။ ဗုဒ္ဓဒေသနာတော်အရဆိုလျှင် အသံသည် အနိစ္စပင် ဖြစ်၏။ ဒဿနဆရာများ၏ အဆိုအရ အသံကို စူးစမ်းကြည့်နိုင်ပါ၏။ နံရံကို ခေါက်ကြည့်ပါက ဒေါက်...ဒေါက် ဟူ၍ ကြားရ၏။ ဒေါက်...ဒေါက် ဟူ၍ ကြားရခြင်းမှာ နံရံ၌ အသံရှိသောကြောင့် ဖြစ်၏။ အကယ်၍ နံရံ၌ အသံမရှိပါက မည်သို့ပင် ခေါက်စေ အသံကို ကြားရမည် မဟုတ်။ ဤသဘောကို Nothing comes out of nothing ဘာမျှမရှိသော အရာဝတ္ထုထဲက ဘာမျှမရှိသော အရာဝတ္ထုသာ ဖြစ်ပေါ်နိုင်၏။ တစ်စုံတစ်ခုရှိသော အရာဝတ္ထုသည် ဖြစ်ပေါ်နိုင်ခြင်း မရှိဟူ၍ ဆိုကြ၏။ သုညထဲက သုညသာလျှင် ထွက်ပေါ်နိုင်သည်။ အခြားအရာဝတ္ထု ဟူ၍ ဖြစ်ပေါ်နိုင်ခြင်းမရှိ ဟူ၍ ဆိုလိုရင်းဖြစ်၏။ နဂိုမူလက ဘာမျှမရှိလျှင် ဘာမျှ မရှိသော သုညသာ ဖြစ်ပေါ်ပြီး အရှိတရားဖြစ်သော အသံကတော့ ဖြစ်ပေါ်မည် မဟုတ်ချေ။ ထိုနည်းအတူ အခြား သက်ရှိသက်မဲ့ အရာဝတ္ထု ဟူသမျှမှ အသံကို ကြားရအောင် ဌာန်, ကရိုဏ်း, ပယတ်တို့ ဖြင့် လည်းကောင်း၊ အခြား အကြောင်းတို့ဖြင့် လည်းကောင်း လုပ်၍ ရသည်ချည်း ဖြစ်၏။ ထို့ကြောင့် အသံသည် နေရာတိုင်း၌ ရှိသည် ဟူ၍ ဒဿနဆရာများက ဆိုကြခြင်း ဖြစ်၏။

ထို့အပြင် အသံကို နိစ္စဟူ၍လည်း ဆိုကြပြန်၏။ နိစ္စဟူသည်မှာ ဖြစ်ခြင်းလည်း မရှိ၊ ပျက်ခြင်းလည်း မရှိသော သဘောဖြစ်၏။ မည်သည့်အရာဝတ္ထုပင် ဖြစ်စေ ဖြစ်ခြင်းရှိက ပျက်ခြင်းသည် ရှိရ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းရှိသော အရာဝတ္ထု ဟူသမျှသည် အနိစ္စဖြစ်၏။ နိစ္စ မဟုတ်။ ဖြစ်ခြင်းနှင့်ပျက်ခြင်း မရှိသော အရာဝတ္ထုမှသာ နိစ္စဖြစ်၏။ ဖြစ်ခြင်း ဟူသည်မှာလည်း အကြောင်းတရားတို့ ပေါင်းဆုံမိမှ ဖြစ်ပေါ်လာသော သဘော ဖြစ်၏။ အကြောင်းတရားတို့ ပြိုကွဲလျှင် ဖြစ်ပေါ်နေသော အရာဝတ္ထုသည်လည်း ပြိုကွဲရ၏။ ဤသည်ကိုပင် ပျက်ခြင်းဟူ၍ ဆိုရ၏။ ထို့ကြောင့် ဓမ္မတာအရ ဖြစ်လျှင် ပျက်၏ ဟူ၍ ဆိုကြခြင်းဖြစ်၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်း ရှိပါကလည်း အနိစ္စသာ ဖြစ်၏။ သို့ဖြစ်လျှင် ကြားရပြီးနောက် ပျောက်သွားသော အသံသည် မည်သို့လျှင် နိစ္စဖြစ်နိုင်ပါမည်နည်း။ ကြားရခြင်းသည် ဖြစ်ခြင်းပင်ဖြစ်၍၊ ပျောက်သွားခြင်းသည် ပျက်ခြင်း ဖြစ်လေရာ အသံသည် ဖြစ်ခြင်းနှင့် ပျက်ခြင်း ရှိသဖြင့် အနိစ္စပင် ဖြစ်၏ ဟူ၍ ဆိုရမည် မဟုတ်ပါလော။ ဤသို့ မေးမြန်းဖွယ် ရှိပါ၏။

ဒဿနဆရာတို့၏ အဆိုအရ အသံသည် ကြားရပြီးနောက် ပျောက်သွားသည် မှန်၏။ ကြားရခြင်း ဟူသည်မှာ ဖြစ်ခြင်း (ဥပ္ပါဒ)မဟုတ်။ ထင်ရှားလာခြင်း (အဘိဗျဉ္ဇန)သာ ဖြစ်၏။ အမှန်အားဖြင့် မူလနဂိုက မရှိသော အရာဝတ္ထုကို ရှိလာအောင် လုပ်၍ မရ။ မူလနဂိုက ရှိပြီးသား အရာဝတ္ထုကိုလည်း ရှိပြီးသား ဖြစ်သဖြင့် ထပ်၍ရှိလာအောင် လုပ်ဖို့ မလို၊ လုပ်၍ မရကောင်း။ လုပ်၍ ရကောင်းသည်ကား မူလရှိပြီးသား အရာဝတ္ထုကို ထင်ရှားလာအောင်သာ လုပ်၍ရနိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် အသံကို ဖြစ်ပေါ်လာအောင် လုပ်နိုင်သူ(ဥပ္ပါဒက)ဟူ၍ မရှိ။ ထင်ရှားလာအောင် လုပ်နိုင်သူ (အဘိဗျဉ္ဇက)သာ ရှိ၏။ ကြားရခြင်း၊ ရှိခြင်းနှင့် ဖြစ်ခြင်းတို့သည် အဓိပ္ပာယ်ချင်း ခြားနားကြ၏။ ကြားရခြင်းမှာ ဖြစ်ခြင်းနှင့် ပျက်ခြင်း ရှိ၏။ ရှိခြင်းမှာ ဖြစ်ခြင်းနှင့် ပျက်ခြင်း မရှိ။ ဖြစ်ခြင်းမှာ ကြားရခြင်း၏ အစိတ်အပိုင်း ဖြစ်၏။ ကြားရခြင်းနှင့် ဖြစ်ခြင်းတို့သည် အနိစ္စ ဖြစ်၍ ရှိခြင်းသည် နိစ္စ ဖြစ်၏။ နိစ္စ ဖြစ်၍လည်း နေရာတိုင်း၌ ရှိခြင်းဖြစ်၏။ နေရာတိုင်း၌ ရှိသဖြင့် လောကရှိ အရာရာတိုင်းကို "အမည်" ဖြင့် ခေါ်နိုင်ခြင်း ဖြစ်၏။ ဤနေရာ၌ အမည်ဟူသည်မှာ အသံပင် ဖြစ်၏။ ယင်းကို စကားလုံးဟူ၍ လည်းကောင်း၊ ဝေါဟာရဟူ၍ လည်းကောင်း၊ သဒ္ဒါဟူ၍ လည်းကောင်း ဆိုရ၏။

အနက်ဟူသည်မှာ စကားလုံးနှင့် အရာဝတ္ထုတို့၏ အဆက်အစပ် "သမ္ဗန္ဓ" ဖြစ်၏။ အနက်သည် ဒင်္ဂါးပြားသဖွယ် ဖြစ်၏။ ဒင်္ဂါးပြား၏ တစ်ဖက်စီ၌ ခေါင်းနှင့်ပန်း ရှိသလို အနက်၏ တစ်ဖက်စီ၌ အမည်နှင့် အရာဝတ္ထု ရှိ၏။

ခေါင်းနှင့် ပန်း နှစ်မျိုးကို သိပါမှ ဒင်္ဂါးပြား၏ တန်ဖိုးကို သိသလို အမည်နှင့် ယင်းက ဟောသော အရာဝတ္ထု နှစ်မျိုးလုံးကို သိပါမှ အနက်ကို မှန်မှန်ကန်ကန် သိ၏။ တစ်ဖက်တည်းကို သိရုံနှင့်တော့ အနက်ကို မှန်ကန်စွာ သိရာ မရောက်။ အမှန်အားဖြင့် အသံသည် နေရာတိုင်း၌ ရှိလျှင် အမည် သို့မဟုတ် စကားလုံး သို့မဟုတ် ဝေါဟာရသည်လည်း နေရာတိုင်း၌ ရှိရာ ရောက်၏။ ထို့အပြင် ယင်းက ဟောသော အရာဝတ္ထုသည်လည်း နေရာတိုင်း၌ ရှိရာရောက်၏။ ထို့အပြင် "စာ" သည်လည်း နေရာတိုင်း၌ ရှိရာရောက်၏။ ထို့ကြောင့် စာဖတ်သူများသည်လည်း စာကို ဖတ်နိုင်ကြခြင်း ဖြစ်ပါ၏။ အဘိညာဉ်ရ ပုဂ္ဂိုလ်များသည်လည်း စာကို ဖတ်နိုင်ကြခြင်း ဖြစ်ပါ၏။ သို့ရာတွင် အနက်ကို သိရာ၌မူ အချင်းချင်း မတူကြ။ ရိုးရိုးစာဖတ်သူ များသိသော အနက်ကား လူတို့က မှတ်တမ်းတင်ထားသော အနက်ဖြစ်၏။ အဘိညာဉ်ရ ပုဂ္ဂိုလ်တို့သိသော အနက်ကား သဘာဝက မှတ်တမ်း တင်ထားသော အနက်ဖြစ်၏။ အသံတို့၏ အစုအပေါင်းဖြစ်သော စာကတော့ မကွဲပြား။ စာဖတ်သူများ၏ ဉာဏ်ရည်အလိုက် သဘောအနက်ကတော့ ကွဲပြား၏။ ထိုသို့ ကွဲပြားသော်လည်း အသံသည် နိစ္စဖြစ်သလို အနက်လည်း နိစ္စပင် ဖြစ်၏။ အသံသည် နေရာတိုင်း၌ ရှိသလို စာနှင့် အနက်လည်း နေရာတိုင်း၌ ရှိ၏။ ထို့ကြောင့် အဘိညာဉ်ရ ပုဂ္ဂိုလ်များသည် ကမ္ဘာနှင့်ချီ၍ ရှေ့ကိုလည်း သိနိုင်၏။ နောက်ကိုလည်း သိနိုင်၏။ ထိုသို့ သိခြင်းမှာ သူတို့ဖတ်နည်းအရ နေရာတိုင်း၌ ရှိသော စာကို ဖတ်သောကြောင့် ဖြစ်၏။

ဖတ်စရာ စာနှင့် သိစရာ အနက်တို့က အတူတူပင် ဖြစ်သော်လည်း စာဖတ်သူများ၏ ဉာဏ်ရည်ကိုလိုက်၍ အသိချင်းကတော့ ခြားနား၏။ သာမန် သိသူများလည်း ရှိ၏။ နိဗ္ဗာန်တိုင်အောင် သိသူများလည်း ရှိ၏။ ယင်းသို့ အသိချင်း ခြားနားသွားခြင်းမှာ စာဖတ်သူများ၏ ပဋိသန္ဓေဉာဏ်ချင်း ခြားနားသွားသော ကြောင့် ဖြစ်၏။ ပဋိသန္ဓေ ဉာဏ်ချင်း ခြားနားသဖြင့် စာသိချင်း ခြားနားနိုင် သော်လည်း စာဖတ်နည်းချင်း တူလျှင်ကား ပန်းတိုင်သို့ ရောက်ရာ၌ အတူတူပင် ဖြစ်နိုင်၏။ ကာလအားဖြင့် ရှေ့ရောက်နှင့် နောက်ရောက်သာ ခြားနားချင် ခြားနား မည်၊ လောကီသဘောအရသာ ခြားနားချင် ခြားနားမည်၊ လောကုတ္တရာ သဘော အရတော့ ခြားနားခြင်း မရှိနိုင်ပါချေ။ လောကုတ္တရာ သဘောအရ ဆိုသည်မှာ သစ္စာလေးပါး သိပင် ဖြစ်၏။ သစ္စာလေးပါး သိဟူသည် အားလုံးသော ပုဂ္ဂိုလ်များ အတွက် အတူတူပင် ဖြစ်၏။ ထို့ကြောင့် စာကို ဖတ်ရာ၌ စာဖတ်နည်း မှန်ဖို့ များစွာ အရေးကြီးပါ၏။ စာဖတ်နည်း မှန်ရန်အတွက် မိမိ ဖတ်သောစာကို ၄ နှစ် တကျ စိစစ်တတ်ဖို့ လို၏။ စနစ်တကျ ပိုင်းခြားတတ်ဖို့ လို၏။

စာရေးရာ၌လည်း စာရေးသူများ၏ ပဋိသန္ဓေဉာဏ်အလိုက်ပင် အကောင်း အဆိုးသည် ရှိတတ်၏။ တစ်ခုတည်းသော အကြောင်းအရာကိုပင် စာရေးဆရာတချို့က တစ်မျိုးရေး၍၊ အခြားစာရေးဆရာတချို့က တစ်မျိုးရေး၏။ အရေးချင်း မတူ၊ တင်ပြပုံချင်း မတူ။ ထိုသို့ မတူခြင်းမှာ အကြောင်းနှင့်အကျိုး ဆက်နွယ်ပုံကို ဖော်ပြပုံချင်း မတူသောကြောင့် ဖြစ်၏။ အကြောင်းနှင့်အကျိုး ဆက်နွယ်ပုံကို ဖော်ပြရာတွင် အချို့သော စာများမှာ ဖတ်၍ အလွန်ကောင်း၏။ အချို့သော စာများမှာ ဖတ်၍ကောင်းလှသည် မဟုတ်။ အမှန်အားဖြင့် ဖတ်၍ ကောင်းတိုင်းလည်း စာကောင်းမဟုတ်။ အလင်္ကာရကျမ်းများ အဆိုအရ ဖတ်၍ ကောင်းလျှင် ကန္တိဂုဏ်ရောက်သည် မည်၏။ အချို့သော စာများသည် ဖတ်၍ ကောင်းသဖြင့် ကန္တိဂုဏ်ရောက်သော်လည်း အကြောင်းနှင့်အကျိုး ဆက်နွယ်မှုအရ လောက၌ တကယ်တမ်း မဖြစ်နိုင်ဘဲ စိတ်ကူးထဲ၌သာ ဖြစ်နိုင်၏။ ထိုစာမျိုးကို စာကောင်းဟူ၍ မဆိုရဘဲ ဩစိတျဟီနဒေါသသင့်သော စာဟူ၍ ဆိုရ၏။ ဩစိတျ ဟီနဒေါသ ဟူသည်မှာ သင့်လျော်ခြင်းမရှိသော အပြစ်ဒေါသ ဟူ၍ဖြစ်၏။ အချို့ သော စာများမှာမူ ဖတ်၍လည်း အလွန်ကောင်း၏။ အကြောင်းနှင့် အကျိုး ဆက်နွယ်မှုအရ လောက၌ တကယ်တမ်းလည်း ဖြစ်နိုင်၏။ ဖတ်၍လည်း ကောင်း သဖြင့် ကန္တိဂုဏ် ရောက်ပြီး လောက၌ တကယ်တမ်း ဖြစ်နိုင်သဖြင့် မဓုရတာ ဂုဏ် ရောက်၏။ မဓုရတာဂုဏ် ဆိုသည်မှာ ကြောင်းကျိုးဆက်နွယ်မှုအရ လောက၌ တကယ်တမ်း ဖြစ်နိုင်သော အကြောင်းအရာများကို ရေးသားထားသော စာများ၏ အရည်အသွေး ဖြစ်၏။ ထို့ကြောင့် စာများကို ဖတ်ရှုရာတွင် ကန္တိဂုဏ်၏ သဘော ကို လည်းကောင်း၊ မဓုရတာဂုဏ်၏ သဘောကိုလည်းကောင်း နားလည်အောင် အားထုတ်ရ၏။ မြင်အောင် ကြည့်ရ၏။

စာဖတ်ခြင်းသည် မိမိ၏ဘဝကို မိမိက သိလာအောင် အားထုတ်ခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် ဘဝဟူသည်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ ကြောင်းကျိုးဆက်နွယ်မှုပင် ဖြစ်၏။ သို့ဖြစ်လေရာ ကိလေသာဟူ၍ မရှိတော့လျှင် ကံဟူ၍လည်း မရှိတော့။ ကံဟူ၍ မရှိတော့လျှင် ဝိပါက်ဟူ၍လည်း မရှိတော့။ ထိုအခါ ဘဝသည် ငြိမ်းပါ၏။ ဘဝငြိမ်းခြင်းသည် ဗုဒ္ဓဒေသနာတော်အရ တကယ် တမ်း ချမ်းသာ သုခပင် ဖြစ်၏။ ထို့ကြောင့် ဘဝငြိမ်းချမ်းလိုလျှင် ကြောင်းကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပာဒ်ကို ပဋိလောမအမြင်ဖြင့် ကြည့်ဖို့လို၏။ ကြောင်းကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပာဒ်ကို အနုလောမအမြင်ဖြင့် ကြည့်လျှင် ဘဝသည် မငြိမ်း ဘဲ စည်ပင်၍သာ လာမည် ဖြစ်၏။ ထိုအခါ ချမ်းသာစစ် သန္တိသုခကို မရဘဲ ချမ်းသာတု- ဝေဒယိတသုခ၌ သာယာနေလျှင် သံသရာ၌ ကျင်လည်နေရမည်

ဖြစ်၏။ ချမ်းသာစစ် သန္တိသုခကိုရပါမှ သံသရာမှ လွတ်မြောက်ပြီး ဒုက္ခဟူသမျှ ကင်းဝေးမည် ဖြစ်၏။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ဘဝဟူ၍ မရှိတော့ပါမှ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ကို ရမည် ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ချမ်းသာ သန္တိသုခကို ရနိုင်ရေးအတွက် ဘဝမရှိအောင် လုပ်ဖို့လို၏။ ယင်းကိုပင် "ခီဏာဇာတိ=တစ်ဖန်ပဋိသန္ဓေ နေရခြင်းသည် ကုန်ပြီ"ဟူ၍ ဆိုရ၏။ ဘဝ မရှိတော့အောင် လုပ်လျှင် ဝိပါက်မရှိတော့အောင် လုပ်ဖို့လို၏။ ဝိပါက်မရှိတော့အောင် လုပ်လျှင် ကံမရှိတော့အောင် လုပ်ဖို့လို၏။ ကံမရှိတော့အောင် လုပ်လျှင် ကိလေသာ မရှိတော့အောင် လုပ်ဖို့လို၏။

ကိလေသာ မရှိတော့အောင် လုပ်ရာတွင် မိမိ၏ဘဝကို မိမိကသိအောင် အားထုတ်ခြင်းမှ အစပြုရ၏။ မိမိ၏ဘဝကို မိမိက သိအောင် အားထုတ်ခြင်းဟူသည် မိမိ၏ ခန္ဓာအပေါ် မိမိ၏ဉာဏ်က ရောက်သွားခြင်းဖြစ်၏။ မိမိ၏ ခန္ဓာအပေါ် မိမိ၏ ဉာဏ်က ရောက်သွားပါလျှင် မိမိခန္ဓာ၏ အနိစ္စသဘောကိုလည်း တွေ့မည် ဖြစ်၏။ ဒုက္ခသဘောကိုလည်း တွေ့မည် ဖြစ်၏။ အနတ္တသဘောကိုလည်း တွေ့မည် ဖြစ်၏။ ထိုအခါ မိမိ၏ဘဝကို မိမိကသိအောင် အားထုတ်ခြင်းမည်၏။ မိမိ၏ဘဝကို မိမိက သိပါမှလည်း စာဖတ်ခြင်း၏ ရည်ရွယ်ရင်း ပြီးမြောက်မည် ဖြစ်၏။ ထို့ကြောင့် စာကို ဖတ်သောအခါ စာသိမှ ခန္ဓာသိသို့ ရောက်အောင် အားထုတ်ရ၏။ အမှန်အားဖြင့် ခန္ဓာသိသို့ မရောက်သော အသိဟူသမျှသည် မိမိ၏ ဘဝအတွက် တန်ဖိုးရှိလှသည် မဟုတ်။ ခန္ဓာသိကိုပင် အမည်တစ်မျိုးဖြင့် ဝိပဿနာဟူ၍ ဆို၏။ ဝိပဿနာဟူ၍ ဆိုရသည်နှင့် တစ်ပြိုင်နက် မိမိသန္တာန်ရှိ ကိလေသာများကို ပယ်သတ်ခြင်းသဘောသည် ပါဝင်တော့၏။ ထို့ကြောင့် မိမိ၏ ဘဝကို မိမိကသိခြင်း ဟူသည်မှာ မိမိ၏သန္တာန်၌ ကိန်းနေသော ကိလေသာများကို တတ်နိုင်သမျှ ပယ်သတ်ခြင်း ဖြစ်ပါ၏။

ထို့ကြောင့် စာဖတ်သောအခါ စာ၏ရည်ရွယ်ရင်းကို ဖော်ပြနိုင်ခြင်း ရှိ မရှိကို သိအောင် စူးစမ်းရ၏။ စာ၏ ရည်ရွယ်ရင်းမှာ မိမိသန္တာန်ရှိ ကိလေသာများကို ပယ်သတ်နိုင်မှုပင် ဖြစ်၏။ သို့ဖြစ်လေရာ စာ၏ရည်ရွယ်ရင်းကို ဖော်ပြနိုင်လျှင် အတ္တဗျတ္တိဂုဏ် ရောက်သည်ဟူ၍ ဆိုရ၏။ တစ်ခါတစ်ရံ ဖြစ်တတ်သည်မှာ ရည်ရွယ်သည်က တခြား၊ ဖြစ်တတ်သည်က တခြား ဖြစ်လေ၏။ ဥပမာအားဖြင့် "စိတ်ညစ်လို့ အရက်ကို သောက်တယ်"စသည်ဖြင့် အရက်မကောင်းကြောင်းကို ပြောလိုရင်းဖြစ်သော်လည်း လက်တွေ့အားဖြင့် အရက်သောက်ခြင်းသည် ဂုဏ်

တစ်ခုသဖွယ် ဖြစ်သွားသဖြင့် အရက်သောက်ရန် အားပေးသည့်သဘောသို့ ရောက်သွားတတ်ပါသည်။ လူငယ်များလောက၌ ရည်ရွယ်ရင်းသည် ပြောင်းပြန်ဖြစ်သွားသဖြင့် အတ္တဇုတ္တိဂုဏ် မပေါ်တော့ဘဲ ဖြစ်သွားလေ၏။ အမှန်အားဖြင့် သိခြင်းနှင့် ရှိခြင်းသည် ခြားနား၏။ တရားကို သိသော်လည်း တရားရှိဖို့မှု ခက်ပါ၏။ ထို့ကြောင့် စာကိုဖတ်ရာ၌ စာဖတ်သူများ၏ အရည်အချင်းအလိုက် အနက်ကို သိကြခြင်းဖြစ်လေရာ အသိချင်း တူရလေအောင် စာဖတ်နည်းကို လေ့လာရန် လိုအပ်ခြင်း ဖြစ်၏။

လောကတွင် အရာဝတ္ထုရှိသည်။ အရာဝတ္ထုများကို ဆက်၍လေ့လာပါက အကျိုးနှင့်အကြောင်းတို့၏ ဆက်နွယ်မှုကို တွေ့ရသည်။ ထို့ကြောင့် လောကတွင် အကျိုးနှင့်အကြောင်းသည် ရှိ၏။ တစ်ဖန် အကျိုးနှင့်အကြောင်းကို ဆက်၍လေ့လာပါက ဖြစ်ခြင်း၊ ပျက်ခြင်းကို တွေ့ရသည်။ ဤအဆင့်သုံးမျိုးကို ဉာဏ်စဉ်ဝေါဟာရဖြင့် ဆိုရပါက အရာဝတ္ထုအဆင့်ကို နာမရူပပရိစ္ဆေဒ အဆင့်ဟူ၍ ဆိုရ၏။ ကျိုးကြောင်း ဆက်နွယ်မှု အဆင့်ကို ပစ္စယပရိဂ္ဂ အဆင့်ဟူ၍ ဆိုရ၏။ ဖြစ်ပျက်အဆင့်ကို ဝိပဿနာအဆင့် ဟူ၍ ဆိုရ၏။ ဤသုံးဆင့်သည် လောကဓမ္မတာ သဘောဖြစ်၏။ လောကဓမ္မကို လွန်သောအခါ လောကုတ္တရာဓမ္မကို တွေ့ရ၏။ လောကုတ္တရာဓမ္မတွင် ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ မရှိရာ နိဗ္ဗာန်သည် ပဓာနဖြစ်၏။ နိဗ္ဗာန်ကို မြင်လျှင် ဘဝဇာတ်သိမ်း၍ ဒုက္ခအားလုံး ငြိမ်းလေပြီ။ ဘဝဇာတ်သိမ်းဖို့ ဆိုသည်မှာ မိမိသန္တာန်၌ ကိန်းနေသော ကိလေသာကို ပယ်နိုင်မှ ဖြစ်၏။

မိမိတို့၏သန္တာန်၌ ကိန်းနေသော ကိလေသာကို တဖြည်းဖြည်းချင်း ပယ်နိုင်ရန်အတွက် အကြောင်းနှင့် အကျိုးတို့၏ ဆက်နွယ်မှုကို အမှန်အတိုင်း သိရန်လို၏။ ထို့ကြောင့် စာဖတ်သောအခါ အကြောင်းမှန်ကို သိအောင် အားထုတ်ရ၏။ အကြောင်းမှန်ကို သိပါမှ အကျိုးမှန်ကို သိမည်ဖြစ်၏။ နေတ္တိကျမ်း ပရိက္ခာရဟာရတွင် အကြောင်းကို ဟေတုနှင့် ပစ္စယဟူ၍ နှစ်မျိုးခွဲခြား၍ ပြထား၏။ ထိုတွင် ဟေတု ဟူသည်မှာ မုချအကြောင်း ဖြစ်၍ ပစ္စယ ဟူသည်မှာ အထောက်အပံ့ အကြောင်းဖြစ်၏။ တစ်ဖန် ပစ္စယအကြောင်းသည် ဟေတွာဘာသနှင့် ပစ္စယဟူ၍ နှစ်မျိုးကွဲပြားသွားပြန်၏။ ဟေတွာဘာသ ဟူသည်မှာ မုချအကြောင်း မဟုတ်ပါဘဲလျက် မုချအကြောင်းသဖွယ် ဖြစ်သော အကြောင်းဖြစ်၏။

လောကဖြစ်စဉ်တွင် အကုသိုလ်လုပ်ငန်းဖြင့် ကြီးပွားနေသူများကို လည်းကောင်း၊ ကုသိုလ်လုပ်ငန်းဖြင့် နွမ်းပါးနေသူများကို လည်းကောင်း တွေ့ရမည်ဖြစ်၏။ ရုံးများတွင်လည်း ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်သူများက ရာထူး မတက်ဘဲ၊ လူကြီးများ၏ ဝေယျာဝစ္စများကို လုပ်ပေးသူများက ရာထူးတက်

တတ်သည်များကိုလည်း တွေ့မြင်ရမည် ဖြစ်၏။ ထိုအခါ အကုသိုလ်များက ကောင်းကျိုးပေးသလို ယူမိတတ်၏။ အမှန်အားဖြင့် အကုသိုလ်က မကောင်းကျိုးကို ပေး၍ ကုသိုလ်ကသာ ကောင်းကျိုးကို ပေးလေ၏။ ဤသည်မှာ ကမ္မနိယာမ ဖြစ်၏။ ကမ္မနိယာမဟူသည် ဖောက်ပြန်ပြောင်းလဲရိုး မရှိ။ ကမ္မနိယာမသည် ဖောက်ပြန်ပြောင်းလဲရိုး မရှိသော်လည်း လက်တွေ့အားဖြင့်မူ ဤအတိုင်းပင် ဖြစ်၏။

အကျိုးပေးမှုနှင့် ပတ်သက်၍ အကြောင်းတရားများကို စိစစ်ကြည့်ပါလျှင် မုချအကြောင်း ဟေတုကိုလည်း တွေ့ရ၏။ မုချအကြောင်းတု ဟေတွာဘာသ ကိုလည်း တွေ့ရ၏။ အထောက်အပံ့အကြောင်း ပစ္စယကိုလည်း တွေ့ရ၏။ အကြောင်းတရားများတွင် ကံ,ဉာဏ်, ဝီရိယနှင့် ပယောဂဟူ၍ လေးမျိုးရှိလေရာ၊ ကံသည် မုချအကြောင်း ဖြစ်၍ ဉာဏ်, ဝီရိယနှင့် ပယောဂသည် အထောက်အပံ့ အကြောင်းဖြစ်၏။ ထိုတွင် ဉာဏ်နှင့် ဝီရိယသည် ဟေတွာဘာသဖြစ်၍ ပယောဂ သည် ပစ္စယဖြစ်၏။ သစ်ပင်ကို စိုက်ပျိုးရာတွင် ကံသည် မျိုးစေ့နှင့်တူ၏။ ဉာဏ် သည် မြေဩဇာနှင့် တူ၏။ ဝီရိယသည် ရေနှင့် တူ၏။ ပယောဂသည် ဥယျာဉ်မှူးနှင့် တူ၏။ သစ်ပင်ဖြစ်လာအောင် ဥယျာဉ်မှူးသည် မျိုးစေ့ကိုလည်း ပြုပြင်ရ၏။ လိုအပ်သလို ရေကိုလည်း လောင်းရ၏။ မြေဩဇာကိုလည်း လိုအပ်သလို ကျွေးရ ၏။ ပေါင်းကိုလည်း သင်ရ၏။ ပိုးမွှားများကိုလည်း ဖယ်ရှားရ၏။ ထို့ကြောင့် သစ်စေ့မှ သစ်ပင်ဖြစ်အောင် အားထုတ်ရာ၌ ဥယျာဉ်မှူး၏ အရည်အသွေးသည် များစွာ ပြဋ္ဌာန်း၏။ ဥယျာဉ်မှူး အရည်အသွေး ကောင်းလျှင် သစ်ပင်သန်၍ ဥယျာဉ်မှူး အရည်အသွေး ညံ့ဖျင်းလျှင် သစ်ပင်သည် သန်မာမည် မဟုတ်။ ဥယျာဉ်မှူးသည် မျိုးစေ့၊ ရေနှင့် မြေဩဇာတို့ကို ယှဉ်စပ်ပေးရသလို ပယောဂ သည်လည်း ကံ, ဉာဏ်နှင့် ဝီရိယတို့ကို ယှဉ်ဆက်ပေးရ၏။ အမှန်အားဖြင့် ပယောဂ ဟူသည် လှုပ်ရှားမှု ဖြစ်၏။ ထို့ကြောင့် ပယောဂကို သင့်လျော်သလို ကာယကံ ဟူ၍လည်း ဆိုနိုင်၏။ ဝစီကံ ဟူ၍လည်း ဆိုနိုင်၏။ မနောကံ ဟူ၍ လည်း ဆိုနိုင်၏။ ထို့ကြောင့် ကံ, ဉာဏ်, ဝီရိယတို့ကို "သဘောတရား"အဆင့် ဟူ၍ဆိုလျှင် ပယောဂကို လက်တွေ့အဆင့်ဟူ၍ ဆိုရ၏။ သဘောတရားကို လက်တွေ့ အကောင်အထည်ဖော် ရ၏။ သဘောတရားနှင့် လက်တွေ့သည် အစုံလိုက် ရှိရ၏။ စားပွဲလုပ်ရာ၌ သစ်သားလည်း လို၏။ စူးဆောက် ကိရိယာ လည်း လို၏။ လက်သမားလည်း လို၏။ ထိုတွင် သစ်သားသည် ဥပါဒါန ကာရဏ ဖြစ်၏။ စူးဆောက်ကိရိယာသည် ကရဏကာရဏ ဖြစ်၏။ လက်သမားသည်

နိမိတ္တကာရဏ ဖြစ်၏။ ထိုသဘောအရ ကံသည် ဥပါဒါန ကာရဏ၊ ဉာဏ်နှင့် ဝီရိယသည် ကရဏကာရဏ၊ ပယောဂသည် နိမိတ္တကာရဏ ဖြစ်လေ၏။

အကုသိုလ်လုပ်ငန်းဖြင့် လည်းကောင်း၊ လူကြီးများ၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးခြင်းအားဖြင့် လည်းကောင်း ကြီးပွားရာ၌ အကုသိုလ်ကံသည် မုချ အကြောင်း ဟေတု မဟုတ်။ အထောက်အပံ့အကြောင်း ပစ္စယ ဖြစ်၏။ ကုသိုလ်ကံက မကောင်းကျိုးပေးရာ၌လည်း ကုသိုလ်ကံသည် မုချအကြောင်း ဟေတု မဟုတ်၊ အထောက်အပံ့အကြောင်း ပစ္စယ ဖြစ်၏။ ဉာဏ်နှင့်ဝီရိယသည် မုချအကြောင်းတု ဟေတွာဘာသ ဖြစ်၏။ ဟေတွာဘာသသည် အထောက်အပံ့ အကြောင်းပစ္စယ၏ ဆင့်ပွားဖြစ်၏။ အမှန်အားဖြင့် ကမ္မနိယာမအရ ကုသိုလ်ကံ သည် ကောင်းကျိုးကိုသာ ပေး၏။ အကုသိုလ်ကံသည် မကောင်းကျိုးကိုသာ ပေး ၏။ ဤသဘောမှာ မုချ အကြောင်း ဟေတု၏ သဘောဖြစ်၏။ အထောက် အပံ့ အကြောင်း ပစ္စယအနေဖြင့် လည်းကောင်း၊ မုချအကြောင်းတု ဟေတွာဘာသ အနေဖြင့်လည်းကောင်း ဥပနိဿယ ပစ္စည်းတို့၏ သတ္တိအတိုင်း အကုသိုလ်က လည်း ကုသိုလ်အား ကျေးဇူးပြုနိုင်၏။ ကုသိုလ်ကလည်း အကုသိုလ်အား ကျေးဇူး ပြုနိုင်၏။ ထိုသို့ပင် ပြုနိုင်သော်လည်း ကောင်းကျိုးဟူသမျှသည် ကုသိုလ်၏ အကျိုးသာ ဖြစ်၏။ အကုသိုလ်၏အကျိုး မဟုတ်။ မကောင်းကျိုး ဟူသမျှသည် လည်း အကုသိုလ်၏ အကျိုးသာ ဖြစ်၏။ ကုသိုလ်၏ အကျိုး မဟုတ်။ ဤသဘော ကို နေတ္တိကျမ်း ပရိက္ခာရဟာရ က ပြ၏။ ထို့ကြောင့် ကံသာလျှင် မိမိ၏ဥစ္စာ ဖြစ်၏၊ ကံသာလျှင် အမွေဖြစ်၏ဟူသော ဒေသနာတော်အတိုင်း မိမိတို့ လက်ရှိ တွေ့ကြုံနေရသော ကောင်းကျိုး ဆိုးပြစ်များနှင့် ပတ်သက်၍ လောကဓံများကို ရင်ဆိုင်နိုင်ရန် အကြောင်းစစ်၊ အကြောင်းတု၊ အထောက်အပံ့ အကြောင်းတို့ကို နားလည်အောင် အားထုတ်အပ်၏။ ထိုသို့ အားထုတ်ရာတွင် နေတ္တိကျမ်း ပရိက္ခာရ ဟာရ၏ အကူအညီဖြင့် စာကို ဖတ်အပ်ပါ၏။ သို့မဟုတ်ပါက ကံ ကံ၏အကျိုးနှင့် ပတ်သက်၍ သုံးသပ်ရာ၌ ယောင်ချာချာ ဖြစ်နေပေလိမ့်မည်။

## စာဖတ်သူများ ၂၄

*လောကတွင် ဖန်ဆင်းရှင်ဟူ၍ မရှိဘဲ အကြောင်းနှင့်အကျိုး ဖြစ်စဉ်သာ ရှိသည်ဟူ၍ သက်ဝင်ယုံကြည်လာမည် ဖြစ်၏။ ဤသို့ သက်ဝင်ယုံကြည်လာခြင်းသည် နည်းသော အကျိုးတရား မဟုတ်၊ အလွန်မြတ်နိုးအပ်သော အကျိုးတရား ဖြစ်၏။*

စာဖတ်သူများသည် စာကို ဖတ်ကြ၏။ စာတွင် အကြောင်းအရာ အမျိုးမျိုး ပါဝင်၏။ လောကအကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ လောကုတ္တရာအကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ လောကအကြောင်းတွင်လည်း သက်ရှိအကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ သက်မဲ့အကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ လောကုတ္တရာ အကြောင်းတွင် လည်း ဝိပဿနာအကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း ဖြစ်ချင်လည်း ဖြစ်၏။ မည်သည့်အကြောင်းပင် ဖြစ်ဖြစ် ယင်းအကြောင်းအရာ များသည် စာဖတ်သူများ အနေဖြင့် ကိုယ်တိုင်တွေ့ရ၊ ကိုယ်တိုင်ကြားရ၊ ကိုယ်တိုင် မြင်ရသော အကြောင်းအရာများ ဖြစ်ကြ၏။ ထို့ကြောင့် ထိုအကြောင်းအရာများကို "ပစ္စက္ခသိဒ္ဓ"အကြောင်းအရာများ ဟူ၍ ဆိုရ၏။ ကိုယ်တိုင်တွေ့ရ၊ ကိုယ်တိုင် ကြားရ၊ ကိုယ်တိုင်မြင်ရသော အကြောင်းအရာများ၏ နောက်ကွယ်၌ ကိုယ်တိုင် မတွေ့ရ၊ ကိုယ်တိုင်မကြားရ၊ ကိုယ်တိုင်မမြင်ရသော အကြောင်းအရာများ ရှိကြ သေး၏။ ယင်းအကြောင်းအရာများကို "အနုမာနသိဒ္ဓ" အကြောင်းအရာများ ဟူ၍ ဆိုရ၏။ အနုမာနသိဒ္ဓ အကြောင်းအရာများမှာ ကိုယ်တွေ့ သဘောဖြင့် မဟုတ်ဘဲ ဆင်ခြင်သော သဘောဖြင့် သိရသော အကြောင်းအရာများ ဖြစ်ကြ၏။ တစ်ခါတစ်ရံ ဆင်ခြင်သော သဘောဖြင့်လည်း မသိနိုင်ဘဲ ယုံကြည်သော သဘော ဖြင့်သာ သိနိုင်သော အကြောင်းအရာများလည်း ရှိကြသေး၏။ ယင်း အကြောင်း အရာများကို "သဒ္ဓေယျသိဒ္ဓ" အကြောင်းအရာများ ဟူ၍ ဆိုရ၏။ သဒ္ဓေယျ သိဒ္ဓ အကြောင်းအရာများမှာ စာရေးသူများ၏ အရည်အသွေးကို ယုံကြည်သော

အားဖြင့် သိရသော အကြောင်းအရာများ ဖြစ်ကြ၏။ အမှန်အားဖြင့် အကြောင်းအရာ တစ်ရပ်ကို ကိုယ်တွေ့ဖြင့်လည်း သိ၍မရ၊ ဆင်ခြင်ဉာဏ်ဖြင့်လည်း မမှီနိုင်သောအခါ ယင်းအကြောင်းအရာကို "အမှန်"အဖြစ် လက်ခံနိုင်ရန် သဒ္ဓေယျသိဒ္ဓ သည် အသုံးကျပါ၏။ ဤအဆိုမှာ အနုဋ္ဌီကာဆရာ အရှင်ဓမ္မပါလ၏ အဆိုဖြစ်၏။ ထိုအဆိုအရ စာတစ်ပုဒ်ကို ဖတ်သောအခါ မိမိဖတ်နေသော စာ၏ မြင်ရသော အနက် အဓိပ္ပာယ်နှင့်တကွ ယင်း၏ နောက်ကွယ်၌ရှိသော စာ၏ မမြင်ရသော အနက်အဓိပ္ပာယ်များကိုပါ သိအောင် အားထုတ်အပ်ပါ၏။ ထိုသို့ အားထုတ်နိုင်ပါမှ မိမိ ဖတ်နေသော စာကို ပြည့်စုံစွာ နားလည်နိုင်မည် ဖြစ်ပါ၏။ ပြည့်စုံစွာ နားလည်ပါမှလည်း စာဖတ်ရကျိုး နပ်မည် ဖြစ်၏။

နေတ္တိကျမ်း သမာရောပနဟာရ ကလည်း အနုဋ္ဌီကာဆရာ အရှင်ဓမ္မပါလ၏ အဆိုအမိန့်အတိုင်းပင် ဆိုပါ၏။ သို့ရာတွင် စာဖတ်နည်းနှင့် ပတ်သက်၍ လိုက်နာရန် ညွှန်ပြရာ၌မူ ဝေါဟာရပြုပုံချင်းမတူ၊ အနက်ချင်းနှင့် သဘောချင်း ကတော့ အတူတူပင် ဖြစ်၏။ နေတ္တိကျမ်း သမာရောပနဟာရအရ ဆိုပါလျှင် စာတစ်ပုဒ်ကို ဖတ်တိုင်း အင်္ဂါလေးမျိုးကို သိအောင် အားထုတ်ရ၏။ အင်္ဂါလေးမျိုး တွင် ပထမအင်္ဂါမှာ မိမိဖတ် နေသောစာ ဖြစ်၏။ ယင်းကို "ဝေဝုစ်"ဟူ၍ခေါ်၏။ "ဝေဝုစ်"ဟူသည်မှာ စာဖြင့် ဖော်ပြထားသော အကြောင်းအရာပင် ဖြစ်၏။ စာပါ အကြောင်းအရာများသည် သူ့ချည်း ဖြစ်ပေါ်လာသည် မဟုတ်။ စာရေးသူက ရေးသောကြောင့်သာ ဖြစ်ပေါ်ခြင်း ဖြစ်၏။ ထို့ကြောင့် စာရေးသူသည် အင်္ဂါတစ်ရပ် ဖြစ်၏။ ယင်းကို ပဒဋ္ဌာန် ဟူ၍ ခေါ်၏။ ပဒဋ္ဌာန်၏ အနက်မှာ နီးသော အကြောင်း တရား ဖြစ်၏။ တရားကိုယ်မှာ စာရေးသူ၏ စေတနာဖြစ်၏။ ထို့ကြောင့် စာ တစ်ပုဒ်ကို ဖတ်သောအခါ စာ၏ အနက် အဓိပ္ပာယ်ကို သိအောင် အားထုတ်ရ သည့်အပြင် ယင်း၏ နီးသောအကြောင်းကိုလည်း သိအောင် အားထုတ်ရ၏။ စာ၏ နီးသောအကြောင်း ဟူသည်မှာ စာရေးသူ၏ စေတနာ ဖြစ်၏။ ထို့ကြောင့် စာကိုဖတ်တိုင်း စာ၏ အနက်အဓိပ္ပာယ်ကိုသာမက စာရေးသူများ၏ စေတနာကိုပါ မြင်အောင် အားထုတ်ရ၏။ လောကဟူသည် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ အကြောင်းနှင့် အကျိုးတို့၏ ဖြစ်စဉ်သာ ဖြစ်လေရာ အကျိုးကို မြင်လျှင် အကြောင်း ကိုပါ မြင်အောင်ကြည့်ရ၏။ သို့မှသာ လောကနှင့် ဘဝကို နားလည်နိုင်မည် ဖြစ်၏။ စာဖတ်ခြင်းသည် လောကနှင့် ဘဝကို နားလည်အောင် အားထုတ်ခြင်း ဖြစ်လေရာ စာတစ်ပုဒ်ပါ အကြောင်းအရာများသည် အကျိုးတရား ဖြစ်လျှင် စာရေး သူများ၏ စေတနာသည် အကြောင်းတရား ဖြစ်၏။ နေတ္တိကျမ်း သမာရောပန ဟာရ အရ ဆိုလျှင် စာတစ်ပုဒ်၏အကြောင်းအရာများသည် အကျိုးတရား

"ဝေဝုစ်" ဖြစ်၍၊ ယင်းစာကို ရေးသူ၏ စေတနာသည် နီးသောအကြောင်းတရား ပဒဋ္ဌာန်ဖြစ်၏။ ထို့ကြောင့် မြင်သာသော ဝေဝုစ်မှ မမြင်ရသော ပဒဋ္ဌာန်ကို သိအောင် အားထုတ်ရ၏။ လောကတွင် စေတနာသည် အရေးကြီး၏။ ထို့ကြောင့် စေတနာကို ကံဟူ၍ ဆိုခြင်းဖြစ်၏။ ကံသည် လောက၌ ချမ်းသာသုခကိုလည်း ဖြစ်စေ၏။ ဆင်းရဲဒုက္ခကိုလည်း ဖြစ်စေ၏။ သို့ဖြစ်၍သာ စာဖတ်သောအခါ စာ၏ အနက်အဓိပ္ပာယ်နှင့်တကွ စာရေးသူ၏ စေတနာကိုပါ မြင်အောင် အားထုတ်ရခြင်း ဖြစ်၏။ ထိုသို့ အားထုတ်ရာတွင် စာ၏ အနက် အဓိပ္ပာယ်သည် "ပစ္စက္ခ သိဒ္ဓ" ဖြစ်၍၊ စာရေးသူများ၏ စေတနာသည် "အနုမာန သိဒ္ဓ"ဖြစ်၏။ ပစ္စက္ခသိဒ္ဓ ဖြစ်လျှင် ကိုယ်တွေ့ဖြင့် သိ၍ရ၏။ အနုမာန သိဒ္ဓဖြစ်လျှင် ကိုယ်တွေ့ဖြင့် သိ၍ မရဘဲ ဆင်ခြင်ဉာဏ်ဖြင့်သာ သိ၍ရ၏။ ထို့ကြောင့် ပစ္စက္ခသိဒ္ဓကို အကျိုးတရား ဟူ၍ဆိုလျှင် အနုမာနသိဒ္ဓကို အကြောင်းတရား ဟူ၍ ဆိုရ၏။ သဒ္ဒေယျ သိဒ္ဓကို လည်း အကြောင်းတရား၌ပင် ထည့်သွင်း၍ ရေတွက်ရ၏။

ဧကံ သတ် ဝိပြာ ဗဟုဓာ ဝဒန္တိ။ ဧကံ၊ တစ်ခုတည်းသော။ သတ်၊ အရှိတရားကို။ ဗဟုဓာ၊ အမျိုးမျိုး။ ဝိပြာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဤအဆိုအရ လောကကိုကြည့်လျှင် အဋ္ဌကလာပ်ရုပ်သည် သဘောအားဖြင့် တစ်မျိုးတည်း ဖြစ်သော်လည်း သစ်ပင်, တော, တောင်, ရေမြေ, သမုဒ္ဒရာများ အနေဖြင့် အမျိုးမျိုးသော အသွင်များကို ဆောင်ပါ၏။ ရေမြေ, တောတောင်, သစ်ပင်, သမုဒ္ဒရာများ၏ တရားကိုယ် ရှာလိုက်လျှင် တစ်မျိုးတည်းသော အဋ္ဌ ကလာပ်ရုပ်ကိုသာ တွေ့ရ၏။ ထို့ကြောင့် တစ်ခုတည်းသော အကြောင်းတရားမှ အမျိုးမျိုးသော အကျိုးတရားများသည် ဖြစ်ပေါ်လာကြ၏ ဟူ၍ ဆိုရ၏။ ထို့ကြောင့် အကြောင်းနှင့်အကျိုး နှစ်မျိုးတို့တွင် အကြောင်းတရားသည်သာ ပဓာန ဖြစ်၏။ အကြောင်းရှိလျှင် အကျိုးသည် မုချမသွေ ရှိလာပေလိမ့်မည်။ အကြောင်းမရှိဘဲ အကြောင်း ပြတ်သွားပါမှသာ အကျိုးတရားသည် ပြတ်သွားပြီး ပဋိစ္စသမုပ္ပါဒ် အလည်ရပ်သွားမည် ဖြစ်၏။

အကြောင်းနှင့်အကျိုးတို့၏ ဆက်သွယ်မှုသဘောအရ စာရေးသူ၏ တစ်မျိုးတည်းသော စေတနာမှ အမျိုးမျိုးသော စာပေတို့သည် ပေါ်ထွက်လာ၏။ လယ်သမားအကြောင်း စာပေလည်း ထွက်လာနိုင်၏။ အလုပ်သမားအကြောင်း စာပေလည်း ထွက်လာနိုင်၏။ ဝန်ထမ်းများအကြောင်း စာပေလည်း ထွက်လာနိုင် ၏။ အခြား အမျိုးမျိုးသော စာပေများလည်း ထွက်လာနိုင်၏။ထို့ကြောင့် စာပေများ သည် အမျိုးမျိုး ဖြစ်နိုင်သော်လည်း စာရေးသူ၏ စေတနာကတော့ တစ်မျိုးတည်း သာ ဖြစ်၏။ တစ်မျိုးတည်းက အမျိုးမျိုးကို ဖန်ဆင်းခြင်းဖြစ်၏။ သို့ဖြစ်၍

နေ့တွက်ကျမ်း သမာရောပနဟာရက အမျိုးမျိုးသော အကြောင်းအရာများကို “ဝေဝုစ်”ဟူ၍ ဆိုပြီး၊ စာရေးသူ၏ စေတနာကို နီးသောအကြောင်း “ပဒဋ္ဌာန်”ဟူ၍ ဆိုခြင်း ဖြစ်၏။ ဝေဝုစ်နှင့် ပဒဋ္ဌာန် နှစ်မျိုးတွင် ဝေဝုစ်မှ ပဒဋ္ဌာန်ကို မြင်အောင် အားထုတ်ရ၏။ ပဒဋ္ဌာန်ကို မြင်ပါမှလည်း စာဖတ်ရကျိုး နပ်မည် ဖြစ်၏။ လောကတွင် ဖန်ဆင်းရှင်ဟူ၍ မရှိဘဲ အကြောင်းနှင့်အကျိုး ဖြစ်စဉ်သာ ရှိသည် ဟူ၍ သက်ဝင်ယုံကြည်လာမည် ဖြစ်၏။ ဤသို့ သက်ဝင်ယုံကြည်လာခြင်းသည် နည်းသော အကျိုးတရား မဟုတ်။ အလွန်မြတ်နိုးအပ်သော အကျိုးတရား ဖြစ်၏။ ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်ကို နားလည်မှ ရနိုင်သော အကျိုးဖြစ်၏။ စာဖတ်ပြီး စာ၏ အနက်အဓိပ္ပာယ်ကို သိရုံမျှနှင့်တော့ ဤအကျိုးကို မရနိုင်။ စာ၏ အနက်အဓိပ္ပာယ်သည် အကျိုးပိုင်းသာ ဖြစ်၏။ အကြောင်းပိုင်း သဘောအရ စာရေးသူ၏ စေတနာကို သိဖို့ လိုသေး၏။ စာရေးသူ၏ စေတနာကို မသိဘဲ စာ၏ အနက်အဓိပ္ပာယ်ကို သိရုံမျှဖြင့် အဆုံးသတ်မည် ဆိုပါလျှင် စာဖတ်သူများသည် မှားသော အသိကို ရရှိနိုင်၏။ မှားသောအသိကို ရလျှင် မှားသောအလုပ်ကို လုပ်မိတတ်၏။ ထို့ကြောင့် မှားသော အသိကို မရဘဲ ယထာဘူတကျကျ မှန်သောအသိကို ရရှိနိုင်စေရန် စာ၏ အနက် အဓိပ္ပာယ်ကိုလည်း သိအောင် အားထုတ်အပ်၏ ဟူ၍လည်းကောင်း၊ စာရေးသူ၏ စေတနာကိုလည်း သိအောင် အားထုတ်တတ်၏ ဟူ၍လည်းကောင်း ဆိုခြင်း ဖြစ်၏။

စာဖတ်သူများသည် စာကိုဖတ်ကြ၏။ ထိုသို့ ဖတ်သောအခါ မိမိဖတ်သော စာ၏ အနက်အဓိပ္ပာယ်ကို သိ၏။ ထိုအခါ အကျိုးကို သိသည်မည်၏။ စာရေးသူ၏ စေတနာကိုလည်း သိ၏။ ထိုအခါ အကြောင်းကို သိသည်မည်၏။ သို့ဖြစ်လျှင် စာဖတ်သူများသည် နေ့တွက်ကျမ်းလာ သမာရောပနဟာရအရ “ဝေဝုစ်” ကိုလည်း သိရာရောက်၏။ “ပဒဋ္ဌာန်”ကိုလည်း သိရာရောက်၏။ အမှန်အားဖြင့် ဝေဝုစ်နှင့် ပဒဋ္ဌာန်ကို သိရုံမျှနှင့်လည်း မလုံလောက်သေး။ လုံလောက်အောင် နောက်ထပ် လေ့လာစရာနှစ်မျိုး ရှိသေး၏။ လေ့လာစရာနှစ်မျိုး ဟူသည်မှာ “ဘာဝနာ”နှင့် “ပဟာန်” ဖြစ်၏။ ထိုနှစ်မျိုးတွင် ဘာဝနာဟူသည်မှာ ပွားများစရာများကို ပွားများအောင် အားထုတ်ခြင်း ဖြစ်၏။ ယင်းကို “ဆောင်”စရာ ဟူ၍လည်း ဆိုနိုင်၏။ ပဟာန်ဟူသည်မှာ ပယ်စရာများကို ပယ်နိုင်အောင် အားထုတ်ခြင်း ဖြစ်၏။ ယင်းကို “ရှောင်”စရာ ဟူ၍လည်း ဆိုနိုင်၏။ ထို့ကြောင့် စာဖတ်သောအခါ စာထဲတွင် “ဆောင်” စရာကိုလည်း တွေ့အောင် ရှာရ၏။ “ရှောင်”စရာကိုလည်း တွေ့အောင် ရှာရ၏။ အမှန်အားဖြင့် စာဖတ်ခြင်းဟူသည်မှာ စာပေကြေးမုံပြင်၌ စာဖတ်သူက လောက၏အရိပ်နှင့် မိမိ၏အရိပ်ကို မိမိက

ကြည့်ခြင်း ဖြစ်၏။ အကယ်၍ စာဖတ်ခြင်းဖြင့် စာပေကြေးမုံပြင်၌ စာဖတ်သူက လောက၏ အရိပ်နှင့် မိမိ၏အရိပ်ကို မိမိက မတွေ့ဘူးဆိုပါလျှင် မိမိဖတ်သော စာပေသည် ကြည်လင်သင့်သလောက် မကြည်လင်သေးသောကြောင့် ဖြစ်၏။ ထို့ကြောင့် စာပေဟူသည် စာပေပါ အကြောင်းအရာနှင့်လည်း ဆိုင်၏။ လောကနှင့်လည်း ဆိုင်၏။ စာဖတ်သူ မိမိနှင့်လည်း ဆိုင်၏။ ထိုသို့ ဆိုင်ပါမှလည်း စာကောင်းမည် ဖြစ်၏။ ဒေသနာတော်အရဆိုလျှင် ဘာကိုပဲသိသိ အသိဟူသမျှသည် မိမိဘဝ၊ မိမိခန္ဓာကို ဆိုက်အောင် သိပါမှသာ ပြည့်စုံသောအသိ မည်ပါ၏။

ပါဠိဝေါဟာရဖြင့် ဆိုရလျှင် စာပေသည် စာပေပါ အကြောင်းအရာနှင့် ဆိုင်ခြင်းကို "ပစ္စက္ခ"ဟူ၍ ဆိုရ၏။ လောကနှင့်ဆိုင်ခြင်းကို "အနွယ"ဟူ၍ ဆိုရ၏။ စာဖတ်သူ မိမိနှင့်ဆိုင်ခြင်းကို "သစ္ဆိကရဏ"ဟူ၍ ဆိုရ၏။ ထို့ကြောင့် စာပေ၌ ပါဝင်သော "ဆောင်"စရာ "ဘာဝနာ"နှင့် "ရှောင်"စရာ "ပဟာန်"တို့ သည် စာဖတ်သူများအပေါ် ဩဇာသက်ရောက်နိုင်ခြင်း ဖြစ်၏။ လောကကို ပြုပြင်နိုင်ခြင်း ဖြစ်၏။ အမှန်အားဖြင့်လည်း စာဖတ်ခြင်းသည် မိမိကိုယ်ကို မိမိက ပြုပြင်နိုင်ရန် အားထုတ်ခြင်းတစ်မျိုး ဖြစ်၏။ ထိုသို့ အားထုတ်ပြီး မိမိကိုယ်ကို မိမိက ပြုပြင်ခြင်းသည် လောကကို ပြုပြင်ခြင်းလည်း မည်ပါ၏။

စာပေ၌ ပါဝင်သော "ဆောင်"စရာကို ကောင်းမှုဟူ၍ လည်းကောင်း၊ သုစရိုက်ဟူ၍ လည်းကောင်း ဆိုရ၏။ "ရှောင်"စရာကို "မကောင်းမှု"ဟူ၍ လည်းကောင်း၊ ဒုစရိုက်ဟူ၍လည်းကောင်း ဆိုရ၏။ လက်တွေ့သဘောအားဖြင့် ဆိုရလျှင် မိမိအပေါ် ကျရောက်သော တာဝန်ကို မိမိက ကျေပွန်အောင် ဆောင်ရွက်ခြင်းသည် ကောင်းမှုသဘောကို ဆောင်သည် မည်ပါ၏။ သုစရိုက်သဘောကိုလည်း ဆောင်သည် မည်ပါ၏။ မိမိအပေါ် ကျရောက်သောတာဝန်ကို မိမိက ကျေပွန်အောင် မဆောင်ရွက်ခြင်းသည် မကောင်းမှုသဘောကိုလည်း ဆောင်သည် မည်ပါ၏။ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဟူ၍ ဆိုခြင်းသည်လည်း မိမိအပေါ် ကျရောက်သော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရန် တိုက်တွန်းခြင်းပင် ဖြစ်၏။ ဘဂဝါဂီတ၌လည်း-

သေယျော သဓမ္မော ဝိဂုဏော ပရဓမ္မာ သုနုဋ္ဌိတာ။

သဓမ္မော၊ မိမိ၏ တာဝန်သည်။ ဝိဂုဏော၊ ဂုဏ်မဲ့စေကာမူ။ သုနုဋ္ဌိတာ၊ ဂုဏ်ရှိသော။ ပရဓမ္မာ၊ သူတစ်ပါးတာဝန်ထက်။ သေယျော၊ မြတ်ပါ၏ဟူ၍ ဆိုထားသည်ကို တွေ့ရ၏။

ညံ့သော ပုထုဇဉ်များ အနေဖြင့် တာဝန်ကျေခြင်း၏ တန်ဖိုးကို သဘော မပေါက်။ သူတို့သည် ဂုဏ်ရှိသော အလုပ်ကိုမှ လုပ်ချင်ကြ၏။ ဂုဏ်နိမ့်သောအလုပ်

ကို မလုပ်ချင်ကြ။ အမှန်အားဖြင့် တာဝန်ဟူသည် ကိုယ်စီ ရှိကြသည်ချည်း ဖြစ်၏။ ထို့ကြောင့် မိမိ၏တာဝန်ကို မိမိက ကျေပွန်အောင် ဆောင်ရွက်ဖို့ လို၏။ လယ်သမားသည်လည်း လယ်သမားတာဝန် ရှိ၏။ အလုပ်သမားသည်လည်း အလုပ်သမား တာဝန် ရှိ၏။ ကုန်သည်များသည်လည်း ကုန်သည်တာဝန် ရှိ၏။ ဝန်ထမ်းများသည်လည်း ဝန်ထမ်းတာဝန် ရှိ၏။ လောကသည် မြင့်မြတ်မှုနှင့် ယုတ်နိမ့်မှုဟူသည် မိမိအပေါ် ကျရောက်သော တာဝန်ကို ကျေပွန်အောင် ရွက်ဆောင်မှုနှင့် မဆောင်ရွက်မှု အပေါ်၌သာ တည်၏။ လုပ်ငန်းများ အပေါ်၌ မတည်။ ရှင်ဘုရင် လုပ်ရမှ မြတ် သည် မဟုတ်။ ထီးတော်မိုးသည်လည်း သူ၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက် ပါက မြတ်သည်ပင် ဖြစ်၏။ အကယ်၍ ထီးတော်မိုးက ထီးတော်မိုးတာဝန်ကို ဂုဏ်မဲ့သည်ဟု ယူဆပြီး ရှင်ဘုရင် တက်လုပ်ပါက မြင့်မြတ်သည်ဟူ၍ မဆိုရဘဲ ယုတ်ညံ့သည် ဟူ၍သာ ဆိုရ၏။ အမှန်အားဖြင့် ကိုယ်စီတာဝန်ကို နိုင်ငံတော်က ပေးထားပြီး ဖြစ်၏။ ထိုသို့ ပေးထားသော တာဝန်များကိုသာ ကျေပွန်အောင် ဆောင်ရွက်ဖို့ လို၏။ ထိုသို့ ဆောင်ရွက်မှသာ မြင့်မြတ်ရာ ရောက်ပါ၏။

လောကသည် ယန္တရားသဖွယ် ဖြစ်၏။ ယန္တရား၏ အစိတ်အပိုင်းများ သည် မိမိတို့၏ ဆိုင်ရာတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်မှသာ ယန္တရားသည် လည်ပတ်နိုင်သကဲ့သို့ လောကသားတို့သည်လည်း မိမိတို့၏ ဆိုင်ရာတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်မှသာ လောကသည် ငြိမ်းချမ်းမည် ဖြစ်၏။ ဤသို့ ဘဂဝါ ဂီတက ဆိုလို၏။

တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရတနသုတ် ပရိတ်တော်၌ မြတ်စွာဘုရားက ဟောကြားတော်မူထားသည်ကိုလည်း တွေ့ရ၏။ မြတ်စွာဘုရား၏ ဟောကြားတော်မူချက်အရ ဆိုပါလျှင် လူ၌ တာဝန်သုံးမျိုး ရှိ၏။ ထို့ကြောင့် လူသည် လောကအတွက်လည်း ဆောင်ရွက်ရ၏။ လောက အတွက် ဆောင်ရွက်ခြင်းကို လောကတ္ထစရိယာဟူ၍ ဆိုရ၏။ ထို့နောက် မိမိ၏ နိုင်ငံတော် အတွက်လည်း ဆောင်ရွက်ရ၏။ နိုင်ငံတော်အတွက် ဆောင်ရွက်ခြင်းကို ဉာတတ္ထစရိယာ ဟူ၍ ဆိုရ၏။ မိမိ၏ အတွက်လည်း ဆောင်ရွက်ရ၏။ မိမိအတွက် ဆောင်ရွက်ခြင်းကို အတ္တတ္ထစရိယာဟု ဆိုရ၏။ ဤသို့ ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်မှသာ မိမိ၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရာ ရောက်၏။ သမာရောပနဟာရအရ "ဘာဝနာ"သဘောလည်း သက်ဝင်၏။ "ပဟာနာ" သဘောလည်း သက်ဝင်၏။

ညံ့သော ပုထုဇဉ်များအနေဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရာတွင် မိမိ၏ကိုယ်ကျိုးကို ပထမ ထား၏။ နိုင်ငံတော်အကျိုးကို

ဒုတိယ ထား၏။ လောက၏အကျိုးကို နောက်ဆုံး ထား၏။ ထိုသို့ ထားပြီး တာဝန်ကို ဆောင်ရွက်သောအခါ ဘာဝနာသဘောလည်း မပေါ်တော့။ ဘာဝနာသဘော မပေါ်လျှင် ပဟာန်သဘောချည်းသာ ရှိမည်ဖြစ်၏။ မိမိ၏ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ ထားခြင်းသည် အတ္တလွန်သဘော ဖြစ်၏။ အတ္တလွန်သဘော ဖြစ်ပါက မကောင်းမှု သဘောကို ဆောင်ရာ ရောက်၏။ ဓမ္မသဘောအရ မကောင်းမှုဖြင့် ကောင်းမှုကို ပယ်ရိုး မရှိ။ ကောင်းမှုဖြင့်သာ မကောင်းမှုကို ပယ်ရိုး ရှိပါ၏။ ထို့ကြောင့် ညံ့သော ပုထုဇဉ်များအနေဖြင့် မိမိတို့၏ တာဝန်ကို ဆောင်ရွက်ရာတွင် အတ္တသဘော လွှမ်းမိုးနေသမျှ ကာလပတ်လုံး မည်သည့်အခါမှ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်မည် မဟုတ်။ အကယ်၍ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါသည်ဟူ၍ ဆိုလျှင်လည်း ထိုအဆိုသည် ဓမ္မဓိဋ္ဌာန်အဆို မဟုတ်။ ပုဂ္ဂလဓိဋ္ဌာန် အဆိုသာ ဖြစ်လေ၏။ အမှန်အားဖြင့် အတ္တကို မဏ္ဍိုင်ပြု၍ ဆောင်ရွက်သမျှသည် မည်သည့်အခါမျှ ဘာဝနာသဘောသို့ မသက်ရောက်နိုင်ချေ။

ထို့ကြောင့် စာဖတ်သူများသည် မိမိဖတ်သော စာပေကြေးမုံ၌ လောက၏ အရိပ်နှင့် စာဖတ်သူ မိမိ၏အရိပ်ကို မြင်နိုင် မမြင်နိုင် ကြည့်ရာတွင် နေတ္တိကျမ်းလာ သမာရောပနဟာရအရ စာ၏ အနက်အဓိပ္ပာယ်ကိုလည်း သိအောင် အားထုတ်ရ၏။ စာရေးဆရာ၏ စေတနာကိုလည်း မြင်အောင် အားထုတ်ရ၏။ "ငါ" "ငါ"ဟူသော အတ္တသဘော ပြဋ္ဌာန်းခြင်း ရှိ မရှိကိုလည်း မြင်အောင် အားထုတ်ရ၏။ အတ္တသဘော မပြဋ္ဌာန်းလျှင် ဘာဝနာ၌ အတွင်းဝင်၏။ အတ္တသဘော ပြဋ္ဌာန်းလျှင် ပဟာန်၌ အတွင်း ဝင်၏။

စာဖတ်သူများသည် စာပေကို ဖတ်ကြရာတွင် စာပေသိမှ လောကသိသို့လည်းကောင်း၊ လောကသိမှ ဘဝသိ (ဝါ) ခန္ဓာသိသို့ လည်းကောင်း အဆင့်ဆင့် ရောက်အောင် အားထုတ်ရ၏။ ထိုသို့ အားထုတ်ရာတွင် နေတ္တိကျမ်းလာ သမာရောပနဟာရ စာဖတ်နည်းသည်လည်း စာဖတ်သူများအတွက် အသုံးဝင်သော စာဖတ်နည်းတစ်နည်း ဖြစ်ပါ၏။ ထို့ကြောင့် နေတ္တိကျမ်းလာ သမာရောပနဟာရ စာဖတ်နည်းကို စာဖတ်သူများသည် လေ့လာအပ်ပါ၏။

## စာဖတ်သူများ ၂၅

*စာကို ပိဋကတ်တော်လာ စာဖတ်နည်းများဖြင့် ဖတ်ဖို့ လိုပါ၏။ ထို့ကြောင့် ရှေးဆရာမြတ်များသည် ပိဋကတ်စာပေကို သင်ကြားပေးသောအခါ ကျမ်းတက်နည်းကို အရေးတကြီးထား၍ သင်ကြားပေးခြင်း ဖြစ်၏။*

စာဖတ်သူများသည် စာကို ဖတ်ကြ၏။ စာဖတ်သောအခါ မိမိ ဖတ်သောစာမှ အသိကို ရ၏။ ထို့ကြောင့် စာဖတ်ရာတွင် အသိရရှိမှုနှင့် ပတ်သက်၍ စာနှင့်အသိ ဟူ၍ နှစ်မျိုးကွဲလျက် ရှိ၏။ ထိုနှစ်မျိုးကိုပင် အဘိဓမ္မာ ဝေါဟာရဖြင့် အာရုံနှင့် အာရမ္မဏိက ဟူ၍လည်း ဆိုရ၏။ ဒဿနဝေါဟာရဖြင့် "အရှိ"နှင့် "အသိ" ဟူ၍လည်း ဆိုရ၏။

အခြားဒဿနစာပေများ၌ "အရှိ"နှင့် "အသိ"ကို သူ့နည်း သူ့ဟန်အရ ဖွင့်ဆိုကြ၏။

ဗုဒ္ဓပိဋကတ်တော်၌လည်း "အရှိ"နှင့် "အသိ"ကို မဂ္ဂသစ္စာအမြင်ဖြင့် ဖွင့်ဆိုသည်ပင် ဖြစ်၏။ ဤနေရာ၌ မဂ္ဂသစ္စာဟူသည်မှာ တရားကိုယ်အားဖြင့် မဂ္ဂင်ရှစ်ပါးပင် ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီကလည်း မဂ္ဂင်ရှစ်ပါး၏ တရားကိုယ်များသည် ရှိသည်ပင် ဖြစ်၏။ သို့ရာတွင် ယင်းတရားကိုယ်များသည် မဂ္ဂသစ္စာ မထိုက်ကြချေ။ မဂ္ဂသစ္စာထိုက်ခြင်း ဟူသည်မှာ နိရောဓသစ္စာသို့ ဦးတည်သော သဘောကို ဆောင်ရ၏။ ထိုသို့ ဆောင်ပါမှ မဂ္ဂသစ္စာထိုက်ခြင်း ဟူ၍ ဖြစ်၏။ အဘိဓမ္မာ တရားကိုယ် တူတိုင်း မဂ္ဂသစ္စာထိုက်သည် မဟုတ်။ မြတ်စွာဘုရား ပွင့်တော်မမူမီက ဆိုလျှင် မဂ္ဂင်ရှစ်ပါး၏ တရားကိုယ်များသည် နိရောဓသစ္စာသို့ ဦးမတည်ဘဲ ဒုက္ခသစ္စာသို့သာ ဦးတည်ကြသည် ချည်း ဖြစ်၏။

ဒုက္ခသစ္စာသို့ ဦးတည်လျှင် ကုသိုလ်ဖြစ်စေကာမူ မဂ္ဂသစ္စာထိုက်သော ကုသိုလ် မဖြစ်၊ သာမန်ကုသိုလ်သာ ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မမူမီက လူတို့သည်လည်း ကုသိုလ်ကို ပြုကြပါကုန်၏။ ထိုကုသိုလ်တွင် သီလကုသိုလ်လည်း ပါ၏။ ဒါနကုသိုလ်လည်း ပါ၏။ ဘာဝနာကုသိုလ်လည်း ပါ၏။ သို့ရာတွင် ထိုကုသိုလ်များသည် သံသရာချမ်းသာသို့ ဦးတည်၍ လုပ်သော ကုသိုလ်များသာ ဖြစ်ကြ၏။ သံသရာလွတ် ချမ်းသာသို့ ဦးတည်၍ လုပ်သော ကုသိုလ်များ မဟုတ်ကြ။ မြတ်စွာဘုရား ပွင့်တော်မူပြီးမှ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်များကို နာကြားရသဖြင့် သံသရာလွတ်ချမ်းသာကို နားလည်လာသဖြင့် သံသရာလွတ် ချမ်းသာသို့ ဦးတည်သော ကုသိုလ်ကို ပြုတတ်လာကြ၏။

အမှန်အားဖြင့် သာသနာပ ကာလ၌ သူတို့ယူသော အရိုတရားကား ပရမတ္ထ တရားများ မဟုတ်ကြ။ ပရမတ္ထတရားများကို သူတို့သည် သိလည်း မသိကြ။ ပရမတ္ထ တရားများ၏ သဘာဝကို သိဖို့ မဆိုထားနှင့်ဦး၊ ပရမတ္ထတရားများ၏ အမည်နာမမျှကိုပင် သူတို့သည် မကြားဖူးကြ။ ထို့ကြောင့် ကျမ်းဂန်များ၌ "တေသံ သဘာဂဓမ္မာနံ နာမမတ္တံ န နာယတိ"ထိုထို ပရမတ္ထတရားတို့၏ အမည်နာမမျှကိုပင် မသိနိုင်ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။ အရိုတရားများနှင့် ပတ်သက်၍ ပရမတ္ထတရားများ၏ အမည်မျှကိုပင် မကြားဖူးလျှင် အသိတရားများနှင့် ပတ်သက်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်သည် လုံးဝ မဖြစ်နိုင်ချေ။ ဗုဒ္ဓပိဋကတ်တော်အရ ရှိမှုနှင့် ပတ်သက်လျှင် ပရမတ္ထတရားလေးပါးကို ဆိုရ၏။ သိမှုနှင့် ပတ်သက်လျှင် မဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ်ကို ဆိုရ၏။ ရှိမှုအရ ပရမတ္ထတရား လေးပါးကို မဆိုဘဲ သိမှုအရ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဆို၍ မဖြစ်။ ထို့ကြောင့် သာသနပ ကာလနှင့် သာသနာတွင်း ကာလတို့၌ ရှိမှုနှင့် သိမှုတို့သည် သဘောချင်း မတူကြ။ တစ်မျိုးက သံသရာအတွင်း၌ အဆုံးသတ်၏။ အခြားတစ်မျိုးက သံသရာအလွန်၌ အဆုံးသတ်၏။ အဆုံးသတ်ပုံချင်း မတူ၊ ထူးခြား၏။ သုခ သတ်မှတ်ပုံချင်းလည်း မတူ၊ ထူးခြား၏။ ထို့ကြောင့် စာပေများကို ဖတ်ရာမှ ရှိမှုနှင့် သိမှုတို့နှင့် ပတ်သက်၍ အရိယာသစ္စာတိုင်အောင် သိလိုပါလျှင် စာကို ပိဋကတ်တော်လာ စာဖတ်နည်းများဖြင့် ဖတ်ဖို့ လိုပါ၏။ ပိဋကတ်တော်လာ စာဖတ်နည်းများကို ဓမ္မာစရိယ စာချတန်း၌ စတင် သင်ကြားပေးပါ၏။

ပိဋကတ်တော်လာ အနက်များကို မူရင်းဆိုလိုချက်အတိုင်း သိဖို့ဆိုသည်မှာ လွယ်သည် မဟုတ်။ ထို့ကြောင့် စာဖတ်နည်းများဖြင့် ခြံရံ၍ သင်ကြားပေးရခြင်း ဖြစ်၏။ လေ့လာရခြင်း ဖြစ်၏။ အမှန်အားဖြင့် မည်သည့်စာပေကို ဖတ်ဖတ် သိမှုနှင့် ပတ်သက်လျှင် ပိဋကတ်တော်၌ အသိကို သုံးဆင့်ထား၏။ ထိုသုံးဆင့် အနက် ပထမဆုံး အသိမှာ "ပစ္စက္ခသိ"ဖြစ်၏။ ယင်းကို ပဥ္စာရုံသိ ဟူ၍လည်း

ဆိုရ၏။ စာကို ဖတ်သောအခါ မျက်စိ, နား စသော ဒွါရတို့ဖြင့် တိုက်ရိုက်ရသော အသိ ဖြစ်၏။ ထို့နောက် ပစ္စက္ခသိကို ကျော်၍ ဒုတိယအသိကို ရ၏။ ယင်းကို "အနွယသိ"ဟူ၍ ခေါ်၏။ အနွယ၏ အနက်မှာ အလျော်ဟူ၍ ဖြစ်၏။ ပစ္စက္ခသိသည် အချက်အလက်များနှင့် ပတ်သက်၏။ အနွယသိသည် အချက်အလက်တို့၏ အဆက်အစပ်နှင့် ပတ်သက်၏။ ပစ္စက္ခသိသည် အရာဝတ္ထုများ သို့မဟုတ် အချက်အလက်များကို သိသောအသိ ဖြစ်၏။ အနွယ အသိသည် ထိုအရာဝတ္ထုများ သို့မဟုတ် အချက်အလက်များမှတစ်ဆင့် လောက ကို သိသော အသိဖြစ်၏။ ပစ္စက္ခသိအရ အရာဝတ္ထုများကို တစ်ခုချင်းအလိုက် သိ၏။ အနွယသိအရ အရာဝတ္ထုများကို အပေါင်းလိုက် သိ၏။ ယင်းကိုပင် ကျိုးကြောင်းသိ ဟူ၍လည်း ဆိုရ၏။ အမှန်အားဖြင့် အပေါင်းလိုက်သိခြင်း ဟူသည်မှာ တစ်ခုချင်းစီ၏ အဆက်အစပ်ကို သိခြင်းဖြစ်၏။ ထိုအသိ နှစ်မျိုးလုံးသည် ပြင်ပ ဗဟိဒ္ဓနှင့် ဆိုင်၏။ နောက်ဆုံးအသိကို "သစ္ဆိကရဏသိ"ဟူ၍ ဆို၏။ သစ္ဆိကရဏ၏ အနက်မှာ မျက်မှောက်ပြုခြင်း ဟူ၍ ဖြစ်၏။ သစ္ဆိကရဏသိသည် အရာဝတ္ထုများကို လည်းကောင်း၊ လောကကိုလည်းကောင်း ဖောက်ထွင်း၍ မိမိ၏ဘဝ၊ မိမိ၏ခန္ဓာကို သိသော အသိမှ စတင်၏။ ထိုအသိသည် အဇ္ဈတ္တနှင့် စပ်၏။

လောက၌ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းမှာ မိမိ၏ဘဝကို သိဖို့အတွက်၊ မိမိ၏ခန္ဓာကို သိဖို့အတွက် ညွှန်ပြရန် ဖြစ်၏။ မိမိ၏ဘဝကို သိသောအခါ၊ မိမိ၏ခန္ဓာကို သိသောအခါ သင်္ခါရကို သိလာမည် ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တကို သိလာမည် ဖြစ်၏။ လောကခံကို သိလာမည်ဖြစ်၏။ လှုပ်ရှားမှုကို သိလာမည်ဖြစ်၏။ လှုပ်ရှားမှု ကို "ကံ"ဟူ၍ ခေါ်၏။ "ကံ"ဟူသည်မှာ အဘိဓမ္မာတရားကိုယ်အားဖြင့် စေတနာပင် ဖြစ်၏။ စေတနာသည် ရည်ရွယ်ချက်ကို လိုက်၍ အမျိုးမျိုးဖြစ်နိုင်၏။ မိမိ ချမ်းသာရေး အတွက်လည်း ဖြစ်နိုင်၏။ လောက ချမ်းသာရေး အတွက်လည်း ဖြစ်နိုင်၏။ လောကမှ လွတ်မြောက်မှု ချမ်းသာအတွက်လည်း ဖြစ်နိုင်၏။ အမှန်အားဖြင့် ဘဝနှင့်ခန္ဓာကိုသာ သိလာလျှင် လောကမှ လွတ်မြောက်မှု ချမ်းသာကို တစ်ခုသောနေ့တွင် ရမည်ကား မလွဲကေန် အမှန်ဖြစ်ပါ၏။ တစ်ခုသော နေ့ကား ယခုဘဝလည်း ဖြစ်နိုင်၏။ နောက်ဘဝလည်း ဖြစ်နိုင်၏။ သံသရာ၌ တစ်ခုသော ဘဝလည်း ဖြစ်နိုင်၏။ ဘဝနှင့်ခန္ဓာကို သိပါမှလည်း ဝိပဿနာသိ အဆင့်သို့ ရောက်၏။ ဝိပဿနာသိ ဟူသည်မှာ မြတ်စွာဘုရား ပွင့်တော်မူမှသာ ရကောင်းသောအသိ ဖြစ်၏။ ဝိပဿနာသိကို ရခြင်းသည် သစ္ဆိကရဏသိ နယ်မြေသို့ ဝင်ခြင်းပင် ဖြစ်၏။

အခြား စာဖတ်နည်းများဖြင့် စာကိုဖတ်လျှင် ပစ္စက္ခသိနှင့် အနွယသိ

နှစ်မျိုးကိုသာ ရနိုင်၏။ သစ္စိကရဏာသိကိုမူ မရနိုင်ချေ။ သစ္စိကရဏာသိကို မရလျှင် ဘဝနှင့်ခန္ဓာကို သိဖို့မရှိ။ ပစ္စက္ခသိနှင့် အနွယသိသည် ပြင်ပဗဟိဒ္ဓ၌ အဆုံးသတ်၏။ ထို့ကြောင့် ပစ္စက္ခသိနှင့် အနွယသိဖြင့် လောကရှိ အရာဝတ္ထုများကို ပိုမိုကောင်းအောင် ပြင်နိုင်ချင် ပြင်နိုင်မည်။ မိမိ၏ဘဝနှင့် မိမိ၏ခန္ဓာကိုမူ ပိုမိုကောင်းအောင် ပြင်နိုင်ဖို့ မရှိ။ မိမိ၏ ဘဝနှင့် မိမိ၏ ခန္ဓာကို ပိုမိုကောင်းအောင်ပြင်ခြင်း ဟူသည်မှာ မိမိ၏သန္တာန်၌ ကိန်းနေသော ကိလေသာများကို ပယ်သတ်ခြင်း ဖြစ်၏။

ထို့ကြောင့် မိမိ၏ဘဝနှင့် မိမိ၏ခန္ဓာကို ကောင်းအောင် ပြုပြင်ချင်ပါသည် ဆိုလျှင် သစ္စိကရဏာသိကို ရအောင် ပိဋကတ်တော်လာ စာဖတ်နည်းများဖြင့် စာကို ဖတ်အပ်၏။ သို့မှသာ မိမိဘဝနှင့် မိမိခန္ဓာကို ကောင်းအောင် ပြင်နိုင်မည် ဖြစ်၏။ အမှန်အားဖြင့် သစ္စိကရဏာသိအရ မိမိ၏သန္တာန်၌ ကိန်းနေသော လောဘ, ဒေါသနှင့် မာန်မာနများကို ပယ်သတ်ခြင်းအားဖြင့် မိမိ၏ဘဝနှင့် မိမိ၏ခန္ဓာကို ကောင်းအောင် ပြုပြင်နိုင်ခြင်း မရှိဘဲ လောကရှိ အရာဝတ္ထုများကို လည်းကောင်း၊ လောကကို လည်းကောင်း ကောင်းအောင် ပြုပြင်ခြင်းသည် များစွာ အန္တရာယ်ကြီးမားသော လုပ်ငန်းဖြစ် ၏။ လက်တွေ့အားဖြင့်လည်း ဤအန္တရာယ်ကို ကမ္ဘာ၌ တွေ့ကြုံနေရသည်ပင် ဖြစ်၏။

ပိဋကတ်တော်လာ စာဖတ်နည်းများတွင် "ကျမ်းတက်နည်း" သည်လည်း တစ်ခုအပါအဝင် ဖြစ်၏။ ကျမ်းတက်နည်းသည် ရှေးခေတ် မဇ္ဈိမဒေသ စာသင်နည်းဖြစ်၏။ အိန္ဒိယဒသနကျမ်းတွင် ဤကျမ်းတက်နည်းကို အရေးကြီးသော နေရာတိုင်း၌ အသုံးပြု၏။ ပါဠိ ပိဋကတ် စာပေများ၌လည်း ဤကျမ်းတက်နည်းကိုပင် အသုံးပြု၏။ ကျမ်းတက်နည်းကို အသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ရန် ဖြစ်၏။ ဒိဋ္ဌိကို ပယ်လိုက်လျှင် အမြင်မှားမှုသည် ပျောက်၏။ ဝိစိကိစ္ဆာကို ပယ်လိုက်လျှင် ယုံမှားမှုသည် ပျောက်၏။ တကယ်တမ်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မြစ်ပြတ်ပယ်နိုင်လျှင် သောတာပန်ဖြစ်၏။ ထို့ကြောင့် ရှေးဆရာမြတ်များသည် ပိဋကတ်စာပေကို သင်ကြားပေးသောအခါ ကျမ်းတက်နည်းကို အရေးတကြီးထား၍ သင်ကြားပေးခြင်း ဖြစ်၏။ ကျမ်းတက်နည်းဖြင့် စာကို ဖတ်မှသာ "သကသမယ"နှင့် "သမယန္တရ"ကို ခွဲခြား သိမည် ဖြစ်၏။

သကသမယ ဟူသည်မှာ မိမိဂိုဏ်း၏ အယူဖြစ်၏။ သမယန္တရ ဟူသည်မှာ အခြားဂိုဏ်းများ၏ အယူဖြစ်၏။

ရှေးခေတ်ဆရာများသည် ကျမ်းစာများကို ရေးသားပြုစုတိုင်း အခြားဂိုဏ်းများ၏အယူ သမယန္တရကို မျက်စောင်းထိုး၍ ရေးသားစမြဲ ဖြစ်၏။ မိမိ၏ အယူကိုချည်း ရေးသားဖော်ပြသည် မဟုတ်။ ထို့ကြောင့် ကျမ်းစာတစ်ခုကို လေ့လာ

ဖတ်ရှုသောအခါ ထိုကျမ်းစာထဲ၌ မိမိ၏အယူ "သကသမယ"ကိုလည်း တွေ့ရ၏။ အခြားသူများ၏ အယူ "သမယန္တရ"ကို တွေ့ရ၏။ စပါးစေ့နှင့် ဆန်စေ့ကို ရောထားသလိုပင် အရောရော အနှောနှော ပါဝင်နေသည်ကို တွေ့ရ၏။ စပါးစေ့နှင့် ဆန်စေ့ကို ခွဲခြားသလိုပင် ကျမ်းဂန်များ၌ သကသမယနှင့် သမယန္တရကို ခွဲခြားတတ်ဖို့ လို၏။ ထိုသို့ ခွဲခြားတတ်ရန် ကျမ်းတက်နည်းကို သင်ကြားပေးခြင်း ဖြစ်၏။ အချိန်ကုန်ခံပြီး အဓိပ္ပာယ်မဲ့ သင်ကြားခြင်း မဟုတ်။ ထို့ကြောင့် ကျမ်းတက်နည်း၏ မူရင်းရည်ရွယ်ချက်ကို နားလည်ဖို့ လို၏။ နားမလည်လျှင် တန်ဖိုးကို မသိ။ လောကအတွေ့အကြုံအရလည်း စပါးလုံးနှင့် ဆန်စေ့ကို ခွဲခြားရစမြဲ ဖြစ်၏။

ကျမ်းတက်နည်းတွင် မူရင်းအကြောင်းအရာ ပါ၏။ ယင်းကို "ဝိသယ" ဟူ၍ ခေါ်၏။ ယုံမှားစရာလည်း ပါ၏။ ယင်းကို "သံသယ"ဟူ၍ ခေါ်၏။ သမယန္တရ၏ အဆိုအမိန့်လည်း ပါ၏။ ယင်းကို "ပုဗ္ဗပက္ခ"ဟူ၍ ခေါ်၏။ သကသမယ၏ အဆိုအမိန့်လည်း ပါ၏။ ယင်းကို "ဉတ္တရပက္ခ"ဟူ၍ ခေါ်၏။ နောက်ဆုံး လိုအပ်သော ဆုံးဖြတ်ချက် ပါ၏။ ယင်းကို "နိဏ္ဏယ"ဟူ၍ ခေါ်၏။ ထို့ကြောင့် အကြောင်းအရာ တစ်ခုကို ဖတ်သောအခါ စပါးလုံးနှင့် ဆန်စေ့ကို ရွေးသလို ဖော်ပြပါ အချက်ငါးခုကို တစ်ခုချင်းအလိုက် ရွေးရ၏။ ထို့နောက်မှ ပယ်သင့်သည်ကို ပယ်၍ ယူသင့်သည်ကို ယူရ၏။ ဤသို့ ရွေးတတ်ရန် ကျမ်းတက်နည်းကို အသုံးပြုရ၏။ ဤသည်မှာ ကျမ်းတက်နည်း၏ အနှစ်သာရ ဖြစ်၏။ အနှစ်သာရကို သိလျှင် နှစ်လိုဖွယ်ကို တွေ့ရ၏။ အနှစ်သာရကို မသိလျှင် စက်ဆုပ်ဖွယ်ကို တွေ့ရ၏။ အကုသိုလ်သည်လည်း သခ်ါရပင် ဖြစ်၏။ ထို့ကြောင့် ဖြစ်ပျက်ကို ရှု၍ ရ၏။ ဤလောက၌ အသုံးမကျခြင်း ဟူသည် မရှိ၊ အသုံးမချတတ်ခြင်းသာ ရှိ၏။

နောက်စာဖတ်နည်း တစ်မျိုးကား "ဉာဏ်ကောက်နည်း"ဖြစ်၏။ ဉာဏ်ကောက်နည်း ဟူသည်မှာ အကြောင်းအရာများကို ပရမတ္ထရောက်အောင် ကြည့်နည်း ဖြစ်၏။ အမှန်အားဖြင့် ပရမတ္ထကို မမြင်ဘဲ သဏ္ဌာနပညတ်ကို မရကောင်း။ ထို့ကြောင့် အကြောင်းအရာတစ်ခုကို လေ့လာတိုင်း ပရမတ္ထဆိုက်အောင် လေ့လာရ၏။ ဤလောက၌ တကယ်တမ်းအားဖြင့် ပုဂ္ဂိုလ်လည်း မရှိ။ သတ္တဝါလည်း မရှိ။ အရာဝတ္ထုလည်း မရှိ။ သဘောတရားမျှသာ ရှိကြ၏။ ပုဂ္ဂိုလ်ရှိခြင်းသည် လည်းကောင်း၊ သတ္တဝါရှိခြင်းသည် လည်းကောင်း၊ အရာဝတ္ထုရှိခြင်းသည် လည်းကောင်း သမ္မုတိသစ္စာ အရသာ ရှိခြင်းဖြစ်၏။ ပရမတ္ထသစ္စာအရ ရှိခြင်း မဟုတ်။ စာဖတ်သောအခါ ဤသဘောကို သိအောင် ဉာဏ်ကောက်နည်းဖြင့် ဖတ်မှသိ၏။ လောက၌ ပုဂ္ဂိုလ်, သတ္တဝါ, အရာဝတ္ထု ဟူ၍ တကယ်တမ်း မရှိခြင်းကို သိသော

အခါ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရခြင်းသဘော သက်ရောက်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရခြင်းသဘော သက်ရောက်လျှင် သက္ကာယ ဒိဋ္ဌိကို ပယ်ရာရောက်၏။ နာမရူပ ပရိစ္ဆေဒဉာဏ် ဟူသည်မှာ လောက၌ ရုပ်နှင့်နာမ်သာ တကယ်တမ်းရှိသည်ဟူ၍ သိသောအသိ ဖြစ်၏။ ထို့ကြောင့် စာကို ဖတ်ခြင်းအားဖြင့် ဤအသိမျိုးကို ရအောင် ဉာဏ်ကောက်နည်းဖြင့် ဖတ်ရခြင်းဖြစ်၏။ သို့ဖြစ်၍ ဉာဏ်ကောက်နည်းသည်လည်း တန်ဖိုးကြီးမားသော စာဖတ်နည်း ဖြစ်၏။ ဉာဏ် ကောက်နည်းဖြင့် စာကိုဖတ်လျှင် သိမှုအရ နာမ်ရုပ်ကို ခွဲခြားသိနိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရသဖြင့် ဒိဋ္ဌိကို ပယ်နိုင်၏။ သိမှုအရ ပယ်နိုင်လျှင် ကျင့်မှုအရ ပယ်နိုင်ဖို့ အလှမ်းဝေးလှသည်တော့ မဟုတ်။

နောက်စာဖတ်နည်းမှာ ရသစာဖတ်နည်း ဖြစ်၏။ ယင်းကို ဘာဝလင်္ကာရ စာဖတ်နည်း ဟူ၍လည်း ဆို၏။ အိန္ဒိယဒဿနကျမ်းများအရ လောကတွင် ဓာတ်နှင့် ဒြပ်ဟူ၍ ရှိ၏။ "ဓာတ်"ဟူသည်မှာ အပိုင်းအခြားမဲ့သောဖြစ်၏။ "ဒြပ်"ဟူသည်မှာ အပိုင်းအခြားရှိသော ဖြစ်၏။ ဓာတ်သဘောအရလူဟူသည် အားလုံးတစ်ခုတည်း ဖြစ်၏။ အပိုင်းအခြားဟူ၍ မရှိ။ သို့ရာတွင်အပိုင်းအခြားမဲ့ "ဓာတ်"သဘောကိုပင် အပိုင်းအခြားရှိ "ဒြပ်"သဘောအရ ကြည့်လိုက်သောအခါ အင်္ဂလိပ်, တရုတ်, မြန်မာ ဟူ၍လည်းကောင်း၊ တစ်ဖန် သူ, ငါ ဟူ၍လည်းကောင်း ခွဲခြားသိလေ၏။ ခွဲခြား၍ သိလိုက်သည်နှင့် တစ်ပြိုင်နက် ကြိုက်ခြင်းနှင့် မကြိုက်ခြင်းသည် ဖြစ်ပေါ်လာ၏။ ကြိုက်ခြင်းသည် လောဘဖြစ်၏။ မကြိုက်ခြင်းသည် ဒေါသဖြစ်၏။ လောဘလည်း ကိလေသာ၊ ဒေါသလည်း ကိလေသာ၊ နှစ်မျိုးလုံး ကိလေသာများ ဖြစ်ကြ၏။ ကိလေသာဖြစ်လျှင် ပူလောင်၏။ မငြိမ်းချမ်း။ အကယ်၍ လောကကို ငြိမ်းချမ်းစေလိုပါလျှင် ကြိုက်ခြင်းနှင့် မကြိုက်ခြင်း ကိလေသာများကို မဖြစ်ပေါ်စေရလေအောင် အားထုတ်ဖို့ လို၏။ ကြိုက်ခြင်းနှင့် မကြိုက်ခြင်း ကိလေသာများကို လောက၌ ဖြစ်ပေါ် မလာစေရလေအောင် အားထုတ်မည်ဆိုပါက သူသူငါငါ ဟူသော ခွဲခြားမှု "ဘေဒ" အသိကိုမသိဘဲ အားလုံး တစ်ခုတည်းဟူသော "အဘေဒ"အသိမျိုးဖြင့်သာ လောကကိုသိအောင် အားထုတ်ရ၏။ ဤသို့ အားထုတ်မှသာ လောကသည် ငြိမ်းချမ်းမည်ဖြစ်၏။ ဤသို့ အားထုတ်ခြင်းကို "ရသ"စာဖတ်နည်းဖြင့် စာဖတ်ခြင်းဟူ၍ဆိုရ၏။ အမှန်အားဖြင့် ရသစာဖတ်နည်းကား အများသူငါ တွေ့ကြုံရသောသဘောဖြစ်၍ ပြောရလွယ်၏။ အခြား စာဖတ်နည်းများလောက် မခက်။

ရသစာဖတ်နည်းဖြင့် စာကိုဖတ်သောအခါ စာဖတ်သူများသည် ငါနှင့်သူဟူသော နယ်နိမိတ်ကို ကျော်လွန်၍ တစ်သားတည်း ဖြစ်သွား၏။ ပိတောက်ပန်းကို

ဖတ်လျှင် စာဖတ်သူနှင့် ပိတောက်ပန်းသည် နှစ်ခုမပြား၊ တစ်သားတည်း ဖြစ်သွား၏။ ဇေဒါပန်းကို ဖတ်လျှင်လည်း စာဖတ်သူနှင့် ဇေဒါပန်းတို့သည် နှစ်ခုမပြား၊ တစ်သားတည်း ဖြစ်သွားရ၏။ ရသသဘော မှန်သမျှ ဤအတိုင်းချည်းသာ ဖြစ်၏။ ဤသည်ကိုပင် အပိုင်းအခြားရှိ သဘောမှ အပိုင်းအခြားမဲ့ သဘောကို ဆောင်ခြင်းဟူ၍ လည်းကောင်း၊ ကွဲပြားခြင်း "ဘေဒ"သဘောမှ မကွဲပြားခြင်း "အဘေဒ" သဘောကို ဆောင်ခြင်းဟူ၍ လည်းကောင်း ဆိုရ၏။ အမှန်အားဖြင့် ဤလောက၌ သူသူငါငါ မကွဲပြားဘဲ အားလုံး တစ်သားတည်းဖြစ်သွားလျှင် ကြိုက်ခြင်းနှင့် မကြိုက်ခြင်းတို့ ဖြစ်ပေါ်မလာတော့ဘဲ ငြိမ်းချမ်းခြင်းသာ ဖြစ်ပေါ်လာတော့မည် ဖြစ်၏။ ငြိမ်းချမ်းခြင်း ဖြစ်လျှင် ချမ်းသာခြင်းသည်လည်း ဖြစ်ပေါ်လာမည်ပင် ဖြစ်၏။ ထို့ကြောင့် ရသစာဖတ် နည်းသည်လည်း လောက၌ ငြိမ်းချမ်းမှု ထွန်းကားရေးအတွက် အထောက်အကူပြုသော စာဖတ်နည်း ဖြစ်သဖြင့် ရသစာဖတ်နည်းကိုလည်း လေ့လာအပ်သည်သာ ဖြစ်၏။ အမှန်အားဖြင့် ရသစာပေ ကျမ်းဂန်များ၌ ရသကို လောကလွန်သဘော လောကုတ္တရာ ဟူ၍ပင် ဆိုကြ၏။ လောကလွန်သဘော လောကုတ္တရာဖြစ်လျှင် ယင်း၏နောက်၌ ဆင်ခြင်ခြင်း "ပစ္စဝေက္ခဏာ" သဘောသည် မလွဲမသွေ ပါရလေ၏။ ထိုအခါ အကောင်းနှင့် အဆိုးကို မလွဲမသွေ ဆင်ခြင်မည် ဖြစ်ပါ၏။

ထို့အပြင် ပိဋကတ်တော်လာ စာဖတ်နည်းများတွင် နည်းလေးဆယ်လည်း ပါ၏။ ဥပစာရ ဆယ်ပါးလည်း ပါ၏။ နေတ္တိဟာရ ၁၆ ပါးလည်း ပါ၏။ ယင်းတို့ကိုလည်း သိအောင် အားထုတ်ရသည်ပင် ဖြစ်ပါ၏။ သို့မှသာ မိမိဖတ်သော စာပေ၏ အနက်မှန်ကို သိမည် ဖြစ်၏။ သို့မဟုတ်ပါက မျက်မမြင် ပုဏ္ဏားခြောက်ယောက်တို့ "ဆင်"ကို စမ်းသပ်ပြီး "ဆင်"ဟူသည်ကား "ဤသို့ ဤသို့သာတည်း"ဟု မိမိ စမ်းသပ်မိရာကို အခိုင်အမာပြု၍ တစ်ယူသန် ဆိုမိကြသလို ဆိုမိကြပေလိမ့်မည်။ ထို့ကြောင့် စာဖတ်သူများသည် မျက်မမြင် ပုဏ္ဏားခြောက်ယောက်တို့လို မဖြစ်နိုင်ကြစေရန် ပိဋကတ်တော်လာ စာဖတ်နည်းများကို လေ့လာအပ်ပါသည်။

စာဖတ်သူများကို စာကို နောက်ကလိုက်၍ ဖတ်သူ၊ စာကို
ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့က ကြိုဖတ်သူ ဟူ၍
သုံးမျိုး ခွဲနိုင်သည်။

စာ၏ သဒ္ဒါအနက်ကိုသာ သိပြီး သဒ္ဒါနက်အတိုင်း
ခံယူ ကျင့်သုံးသူသည် စာကို
နောက်ကလိုက်၍ ဖတ်သူ ဖြစ်ပါသည်။

စာရေးသူ၏ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းကို သိပြီး
ယင်းအတိုင်း ခံယူ ကျင့်သုံးသူသည် စာကို
ရင်ပေါင်တန်း၍ ဖတ်သူ ဖြစ်ပါသည်။

စာရေးသူ၏ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းတို့ကို
ထွင်းဖောက်၍ စာ၏ အနတ္တအနက် တိုင်အောင် သိပြီး
ယင်းအတိုင်း ခံယူကျင့်သုံးသူသည် စာကို
ရှေ့ကကြို၍ ဖတ်သူ ဖြစ်ပါသည်။

စာကို နောက်ကလိုက်၍ ဖတ်သူများနှင့် စာကို ရင်ပေါင်တန်း၍
ဖတ်သူများသည်လည်း လောက၏ အစီးအပွားအတွက်
သူ့နည်းသူ့ဟန်ဖြင့် ဆောင်ရွက်ကြသူများ ဖြစ်ကြသည်။
သို့ရာတွင် ယင်းသို့ ဆောင်ရွက်ရင်း ဆောင်ရွက်ကြသူများ၏
သန္တာန်၌ တပ်မက်မှုများ၊ မောက်မာမှုများ၊ ငါ တကော
ကောမှုများ ပွား၍ ပွား၍ လာတတ်ပါသည်။
ထိုကြောင့် ယင်းတို့ကို ပယ်သတ်နိုင်ရန် အလို့ငှာ စာကို
ဖတ်သောအခါ စာ၏ အနတ္တအနက်တိုင်း သိဖို့ လိုအပ်ပါသည်။